www.burmeseclassic.com

မဟာဒိဗ္ဗစာပေ

# ပြစ်မှု

မဂ္ဂဇင်း

ဂျပန်ခေတ်
နိုင်ငံတော်လုပ်ကြံမှု(စာ - ၃၃)



ဥပဒေ အမေးအဖြေ(စာ - ၈၉)
ခါးပိုက်နှိုက်အန္တရာယ်(စာ - ၁၇၃)
တိုင်တန်းတိုင်စာ ခိုင်မာလိုလျှင်(စာ - ၁၇၅)
ဆရာကျော်မင်းနိုင်၊ ဆရာကျော်မြသန်း၊
ဆရာမောင်ရွှေစွန်၊ ဆရာမမြမြလှိုင်၊ ဆရာမြဝင်း
ဆရာဖိုးကျော့ တို့၏ ဝတ္ထုများ

www.burmeseclassic.com

www.burmeseclassic.com

၁၉၆၁ ခုနှစ်မှ စတင်၍ စာရေးဆရာ ပုလိပ်အရာရှိတစ်ဦး တည်ထောင်ခဲ့သည်။

မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

# ပုံရိပ်

မဂ္ဂဇင်း

အယ်ဒီတာအဖွဲ့

ဦးသန့်(လာဘ်မိုးစွေ)၊ နန္ဒာမိုးကြယ်၊ စိုးစိုး။

ဒေါ်ပြုံး(၀၀၉၅၅)မှ ထုတ်ဝေ၍ စန္ဒာညွှန့် ပုံနှိပ်တိုက်(၀၀၀၁၃)၊ အမှတ်-၁၇၁၊ မြေညီထပ်၊ လမ်း(၄၀)၊ အထက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။

(အုပ်ရေ - ၁၀၀၀ ၊ တန်ဖိုး - ၁၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်)

အယ်ဒီတာအဖွဲ့ နှင့် ကြော်ငြာ ဖြန့်ချိရေး

လာဘ်မိုးစွေစာပေ

တိုက်-၂၇၊ အခန်း-၁၂၊ မြေညီထပ်၊ ၅၂-လမ်း(အောက်)၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

၀၉-၄၂၀၀၁၉၂၅၊ ၀၉-၁၀၉၂၄၇၇

www.burmeseclassic.com

www.burmeseclassic.com

ကောင်း၍ တရားသူကြီး ပုလိပ်အရာရှိတစ်ဦး ကြည့်ရှုသင့်သည်

# ပြစ်မှု

မဂ္ဂဇင်း

BURMESE CLASSIC

မာတိကာ

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ၊ အမှတ်(၂၄၅)

## ကဗျာ ပြစ်မှု

နိုင်လွင်ကောင်းဇံ၊ မင်းထက်သားညီ(တောင်ငူ)၊ သွေးရည်၊ ချစ်မုန်းငြိမ်း၊ ဘုန်းမြင့်ချို(သာယာဝတီ)၊ မိုးပန်းမွှန်(ရာမည)၊ ဆောင်မိုးလှိုင်(သစ္စာမြေ)၊ မောင်စစ်ကြည်(ပန်းတနော်)။

## ကာတွန်း ပြစ်မှု

ရန်ကြီးအောင်၊ အောက်တိုဘာအောင်ကြီး၊ မြေရှိုင်း၊ မြင့်သန်း(မင်္ဂလာဒုံ)၊ ပေါက်ကျိုင်း၊ မိမန်းလေး(တောင်ငူ)၊ စောဟန်၊ သူရိန်။

## ဗေဒင် ပြစ်မှု

သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာ ဓာတ်ယူနွယ် ---------- ၃၂


## ရယ်စရာ ပြစ်မှု

ပြစ်မှုဆိုင်ရာ ရယ်စရာ

ကိုရွှေတောသား ---------- ၂


www.burmeseclassic.com

www.burmeseclassic.com

## ရသ ပြစ်မှု


နတ်စုန်းဘီလူး နယ်ကျူးလို့မရ

ကျော်မင်းနိုင် ———— ၅၂

တစ်ပတ်လည်လာတဲ့ လေျှာ်ကြေး

ဇော်တင်သိန်းဇော် ———— ၆၂

ထွန်းဆိုင်ကို ဘယ်သူသတ်လဲ

ဝင်းအောင်(ရမည်းသင်း) ———— ၁၀၆

မစ္ဆေရှလေ့ကားမှုသည်

မြမြလှိုင် ———— ၁၁၆

ကျွတ်တစ္ဆေမြို့တော်

တက္ကသိုလ်အေးမြစန္ဒာ ———— ၁၂၂

စိုင်ကော်လို့ ချုပေါ်ရောက်

မကွေးညိုစိမ့် ———— ၁၂၆

မုဆိုးနှင့် တောလုည့်စားခြင်း

မြဝင် ———— ၁၆၀

ဘဝတူကို ကူညီလိုက်ခြင်း

ဖိုးကျော ———— ၁၆၆

ရှေ့ကြိုတဲ့သူ မသဲအေ့

သန်လျင်မောင်ကျော့ကဲ ———— ၁၈၈

မုဆိုးဦးကျော်နှင့် ရဲဘက်ပြေးသုံးယောက်

မြသိန်း ———— ၁၉၆

အင်းစောင့်ကြီး

ညွန့်မောင်ဦး ———— ၂၀၀

ဗေဒင်ယတြာ

မောင်မောင်(ပီတောက်မြိုင်) ———— ၂၀၆

ရုန်းပျိုမလေး ကေရှန်း

ခင်ငြိမ်းဦး ———— ၂၁၄

နတ်ဝရုသောစူး

ညောင်ဦး(အိမ်မဲ) ———— ၂၂၂


## အခန်းဆက် ရသပြစ်မှု


ကန်နန်န(၄)

ဦးတိုး(တက္ကသိုလ်) ———— ၃၃

မိန်းမထောင်မှုသည်(၂)

ကျော်မြသန်း ———— ၆၆

အာဠာဝကမင်းမောင်နှင့် မှော်ဝင်ယက္ခညီနောင်(၂)

စကြာမင်းနိုင် ———— ၇၈

ထောင်မှူးများ အလိုရှိသည်(၁၀၅)

ပဟိုဇော ———— ၉၂

ဂေါ်လီမလေး တစ်ပွဲထဲ(၆)

မောင်ရွှေစွန် ———— ၉၆

ခရီးကြမ်းက အသည်းတစ်ခြမ်း(၂)

ဇော်မော်လင်း ———— ၁၃၄

မရထပွဲတင်သံ(၆)

ဂမ္ဘီရမိုးဟိန်း ———— ၁၄၈

မိဘကျေးဇူး ဆပ်ဖူးပါသည်(၁)

လေးမောင် ———— ၁၇၈


## တစ်မျက်နှာ ပြစ်မှု


ချစ်သူ

မောင်စိတ္တ ———— ၇၇

အလှည့်ကျမနွဲ့စတမ်း

မင်းတည့်တုံ ———— ၉၃

တရားရှာတဲ့နေရာ

ပန်းတနော်-နောင်လတ် ———— ၁၂၃

ပညတ်သွားရာ

ဝင်းမြအောင်(မြိတ်) ———— ၁၃၃

ရန်ကုန်က ကားစပယ်ယာများ

နောင်းဟောမာန်(တောင်ငူ) ———— ၁၇၇

www.burmeseclassic.com

နိုင်ငံခြားကို ရောက်နေတယ်
သီရိဝင်း(လျှော်ကပ်ပန်းတောင်း) —————— ၁၈၇
အထင်
အောင်နှင်းနွဲ့(ကျိုက်လတ်) —————— ၁၉၅

## ဥပဒေ ပြစ်မှု

အမှုတွေ ပြေအေးစေမယ့် ဥပဒေအမေးအဖြေ
ဦးစောလှိုင် —————— ၇၉
ကျွန်တော်နှင့် မော်တော်ယာဉ်
ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ) —————— ၁၄၅
တိုင်စာ ခိုင်မာဖို့လိုသည်
နတ်တာလင်းချစ်လွင် —————— ၁၇၅
မှားမှန်ရောထွေး အမှန်ရွေးနိုင်ပါစေ
စလင်း-ဦးအောင်သိန်း —————— ၂၂၇

## စာပေသုခမ သတင်းလွှာ

သုခမသတင်းလွှာ
အမ်ကော —————— ၂၅
ပြစ်မှုစာအုပ်စင်
ထသန်နီ —————— ၂၇

## ဆောင်းပါးပြစ်မှု

ဂျပန်ခေတ် နိုင်ငံတော်လုပ်ကြံမှုကြီး
လှမိုး(ပညာရေး) —————— ၃၃
ခါးပိုက်နှိုက်အန္တရာယ် သတိထား
ဝင်းဇော်(သုံးဆယ်) —————— ၁၃၃
ချစ်ရာမရောက် နှစ်ရာရောက်
ဟန်သီဇင် —————— ၂၃၀

## နိုင်ငံရပ်ခြား သတင်းဆောင်းပါးပြစ်မှု

၂၀၃၀ ရောက်လျှင် ဆေးလိပ်ကြောင့်သေဆုံးသူဦးရေ
မြသိန်း —————— ၁၉၉
အရေပြားမဗွန်းအောင် ပြုလုပ်ပေးသည့် စက်အတုများ
ဦးဦးသိန်း၊ —————— ၂၀၅
လူတို့ကို ကူညီစောင့်ရှောက်မည့် စက်ရုပ်များ
မြသိန်း —————— ၂၀၃

မျက်နှာဖုံးဂရပ်ဖစ် - စိုးဝင်းထွဏ်း
အတွင်းပလင် - မျိုးဝင်းကျော်
ကွန်ပျူတာစာစီ - တင်မိုးနိုင်
စာအုပ်ချုပ် - ရှကီး(၁၁၄) လမ်း။
အတွင်းပန်းချီ - ကျော်ဦး၊ စံစံ(ဟာသိဂုတ)၊
စံလွင်မောင်၊ ပညတ်၊ ဖိုးအောင်၊
ကျော်ဝင်းမောင်၊ ချမ်းအေးဟန်၊
အောင်နိုင်လတ်၊ KSN

အယ်ဒီတာအဖွဲ့နှင့်ကြော်ငြာဖြန့်ချိရေး
**လာဘ်မိုးရွှေ စာပေ**
တိုက်-၂၇၊ အခန်း-၁၂၊ မြေညီထပ်၊
၅၂-လမ်း(အောက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
၀၉-၄၂၁၀၀၅၉၂၅၊ ၀၉-၅၀၉၂၄၇၇
အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၁၅၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com



"ဝေါဟာရ အသုံးအနှုန်းအရ
အကျယ်ထောင်ဟူ၍ မရှိ၊
အကျဉ်းထောင်ဟူ၍သာ ရှိသည်၊
အကျဉ်းထောင်ဆိုသည့်အတိုင်း..."

ကျော်မြသန်း-------၆၆



"မင်းရဲ့အမေ
မရှိတော့ဘူး၊
တိုက်ပွဲတစ်ခုမှာ
နယ်ချဲ့တွေကို..."

စကြာမင်းနိုင်---------၇၈



"ငါ့တူမကို
ဒီလမ်းမှာ
သူတို့ တွေ့ဖူးတာ မဟုတ်တော့
ဘာမှမပြောကြမှာ..."

မောင်ရွှေစွန်---------၉၆

www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ချီ
ဘယ်ကံထူးရှင်
အချုပ်ထဲ ဝင်ရဦးမလဲ
မသိဘူး"
ဝင်းအောင်(ရဖည်းသင်း)------၁၀၆



"ဘုရားသခင်က
ဘာရန်ငြိုးနဲ့
တွေ့ဆုံခွင့်ပေးတာ
ဒုစရိုက်လောကထဲက..."
ဇော်ဇော်လင်း-------------၁၃၄



"တရားခံက
ဘယ်မြို့ဒေသမှာ
ပုလိပ်ဘဝက နေပူးသလဲ
မင်းကြီး"
ဂမ္ဘီရမိုးဟိန်း--------------၁၄၀

www.burmeseclassic.com

www.burmeseclassic.com

"အောက်သို့ မဆင်းနိုင်သော
ကျွန်ုပ်၏
အမဲလိုက်ဘဝ
အဆင်းရဲဆုံးအချိန်..."
မြဝဒီ------------၁၆၀





"မြစ်ရေကလည်း
အတက်ကောင်း
ရုပ်ဆေးရဲ့လား
အိမ်မှာ ရှင်မရှိရင်..."
မိုးကျော်----------၁၆၆

"ဒီလိုဆိုရင်
အထီးကောင်လေးတွေ
သနားစရာပဲနော်
အသတ်ခံနေရတာ"
လေးအောင်---------၁၇၈



www.burmeseclassic.com

www.burmeseclassic.com



"လူ့ဘဝဆိုတာ
သတိထားရမယ်
မစွဲလမ်းဖို့
စွဲလမ်းမှုက…"

သန်းလျှင်မောင်ကျော်ခိုင်------၁၈၈

"ဒီကောင်စတွေ
နယ်မကျွံပါဘူး
ဒင်းတို့
ခရီးမတွင်ပါဘူး…"

မြသိန်း------------၁၉၆





"သူခိုးက
ဒီတံခါးကမှန်ကို
ရိုက်ခွဲပြီး
အိမ်ထဲကိုဝင်တာဖြစ်မယ်"

ဗညားဦး(ဘီဗီမဲ)----------၂၂၂

www.burmeseclassic.com

www.burmeseclassic.com

ပွင့်စရာကုန်လို့ ကြွေမြဲရတာ
သဘာဝတဲ့လား
မကြွေသေးခင်
မသေသေးဘဲ နေနေကြတဲ့ တို့ကမ္ဘာ
ထိပ်တွေ တည့်လဲသုံးလို့
မုသာတွေ စီးဆင်းနေလိုက်တာ
ခုများတော့လေ
ဟိုး ... အပင်မြင့်မှာ
ကျီးတွေတောင် မျိုးလို့ ဆွတ်ဆွတ်ဖြူခဲ့ပြီး

**အကွေး**

# ခိုလှုံကြောင်းခံ





www.burmeseclassic.com

www.burmeseclassic.com

- နှင်းစက်တွေ အကြွေခန်းတော့
  နွေခြေလှမ်းတို့ ချီလာပြီ။

- အချမ်းပို
  အရမ်းပျို့မျှစ်တဲ့ ဆောင်းအလှ
  အသစ်ဘဝက ဟောင်းလာလို့
  ပြောင်းရပေမည်။

- နွေဦးရာသီရဲ့ တိမ်ပန်းချီ
  စိန်စီသလို အလှဆန်း။

- ဆောင်းနှိုက်ပုံးမှာ
  ပြုံးရွှင်စွာ ငါပြောလိုက်ပုံက
  "ချမ်းနိုက်တုန်တာတွေ ဖယ်ခွာဝေးလို့
  အနွေးထည်ထူတွေ ဝတ်ထားသမျှ
  ချွတ်ချလိုက်စမ်း . . . "။ ■

# ဆောင်းနှိုဂုံး

## မင်းသဝဏ်ကြာညို (တောင်ငူ)





www.burmeseclassic.com

www.burmeseclassic.com



# ဘဝကျားပွဲ

ငွေစရည်

■ ကျားတက်စစ်ထိုး
အပြစ်မျိုးလို
ရှေ့တိုးတစ်ကွက်
ကစားတက်ရင်း
တစ်ချက်လစ်သွား
မေ့လျော့မှားတတ်။

■ အသွားမတော် တစ်လမ်း
စကားမလျော် တစ်ခွန်း
အစားမတော် တစ်ဇွန်း

[redacted] ၁၁

www.burmeseclassic.com

www.burmeseclassic.com



ပျိုး တက်

# ချစ်ရုန်းပြီးခ

- 'ပန်း'ဆိုလျှင်လည်း 'မွှေး'ပါမှ
  'ခင်း'ဆိုလျှင်လည်း 'အေး'ပါမှ
  မမွှေးတဲ့ပန်း ဘယ်သူနမ်းမှာလဲ···
  မအေးတဲ့ 'ခင်း'ဘယ်သူလွမ်းမှာလဲ···။

- အမှားတွေ ဗရုန်
  မလှပတဲ့ စရိုက်ဆိုးကို
  ရှေ့ရှည်စိမ်ဖို့ ကြိုးစားတုန်း။

၀၂ မြမိုး

www.burmeseclassic.com

www.burmeseclassic.com

- မျက်လုံးက မြင်
  မကြည့်လင်း။
  နားက ကြား
  ဟန့်တားချင်း။
- မျက်လုံးနဲ့ နားအကြား
  ဆန့်ကျင်များ ကွဲလွဲမြင်း။
  ဘယ်လိုပြင်ပြောကြားလည်း
  ခေါက်ချိုးရာထင်။
- ပြောမြန်လျှင်
  အမှန်ဝင်ထွန်ရာကျ။
- အတိတ်ကအရေး
  ရေးသမ ပြောလက်တွေနဲ့
  ကိုယ်ကျိုးလေးဖျက်ကာရှင်းပစ်ပါမှ
  လျှောက်လှမ်းရာ လမ်းသစ်ခင်း
  ပြောင့်စင်းမယ်ပ။ ။

# ဝင်္ကပါ ခေါက်ချိုး

ကိုမြင့်ချို (သာယာဝတီ)





www.burmeseclassic.com

www.burmeseclassic.com



# တာဝန်အတွက် လျှောက်လဲချက်

## မိုးပန်းမွှန် (ကမာရွတ်)

■ အလုပ်ရှင်သခင်သော…
လုပ်သားပြောတော့
မနေ့ညစ်သူ၊ လုပ်အားယူပြီး
မြှုပ်စီးနိုင်၊ အတ္တစိတ်နှင့်
ငွေအိတ်ကြီးထုတ်၊ ရင်းနှီးမြှုပ်နှံ
စည်းစိမ်ခံနေသူများဟု၊

■ အလုပ်ရှင်ခြင်းဆို
သည်လိုပါလေ…
အသပြာငွေထုတ်၊ ရင်းနှီးလုပ်သည့်
အလုပ်ရုံ,စက်ရုံ၊ ကုမ္ပဏီအစ
မြှုပ်နှံကြလည်း၊ ဘဝတွေထွေ
စားဝတ်နေမှု၊ လုံလပြုလျက်
လူမှုမဏ္ဍိုင်၊ "တည်တံ့နိုင်ရေး
အစဉ်တွေးသည့်၊ ချွေးနှင့်ရင်းထား
ပြည့်လုပ်သားကို၊ အားထားကြည်ဖြူ
ပေးမကျ၍၊ အတူတကွ
မျှတစေတနာ၊ ဝေဒနာပါ၏
မသမာစိတ်ဓာတ်၊ လောဘထပ်၍
အမြတ်ရည်ရွယ်၊ ကိုယ့်အတွက် "လည်ညှစ်"
"အရှင်းရှင်" စနစ်သို့…
သွေးညစ်သူများမဟုတ်ပါ…တဲ့။

■ တကာယ်ဆိုကြား
လုပ်သားများနှင့်၊ လုပ်အားငှားသူ
စိတ်ထားဖြူလျက်၊ ညီတူပူးပေါင်း
စနစ်ကောင်းချိန်၊ ခေတ်ပြောင်းချိန်တွင်
အရှိန်မပျက်၊ ပြည်ကျိုးတွက်ဟု
အားတက်ရွှေချို "ကိုင်းကျွန်းမှီ" ၍
ဉာဏ်ရည်လည်းစွမ်း၊ ကာယစွမ်းဖြင့်
ခြေလှမ်းမနေး၊ ကြိုးပမ်းရေးသော
"ကိုယ်စီတာဝန်" ဖြစ်ပါကြောင်း…။ ။



www.burmeseclassic.com

www.burmeseclassic.com

- မပြောခင်တုန်းက
  စကားလုံးများရဲ့ 'သခင်'ဟာ
  ကျွန်ုပ်တို့ဖြစ်တယ်…။
- ပြောလိုက်ပြီးတဲ့နောက်
  စကားလုံးများဟာ
  ကျွန်ုပ်တို့ရဲ့ 'သခင်'ဖြစ်ခဲ့ပေပြီ…။
- ဟုတ်တယ်…ဟုတ်
  ကိုယ်ပြောလိုက်တဲ့ စကား
  ကိုယ်တိုင်လိုက်နာရမယ်…။
- ကိုယ်ပြောလိုက်တဲ့စကား
  အနိုင်အမာဖြစ်ရမယ်…။
- ကိုယ်ပြောလိုက်တဲ့အတိုင်း
  ဖြစ်ချင်ရာဖြစ်ဖို့မဟုတ်ဘူး
  အကောင်အထည်ဖော်နိုင်ရမယ်…။ ။

# စကားလုံးပြဿနာ

မောင်မိုးကျိုင် (သစ္စာနီမြ)



www.burmeseclassic.com

www.burmeseclassic.com



# အဆိုးညီ ပ္ဘာ

## ပြောင်းစစ်ကြည့်(ပုန်းဝရှက်)

■ အပေါင်း...
အနုတ်..
အမြှောက်...
အစား...
ကိန်းဂဏန်းများနဲ့
ပတ်လည်ရိုက်
ဆေးဆိုးပန်းရိုက်မျက်နှာ
ဟိုမှာ...
ဒီမှာ...။

■ 'ဈေးကွက်'တဲ့
ဈေးမထွက်ဘဲ ကြီးစား
သွေးမထွက်ဘဲ တိုးပွား
'ရာ'လား
'လူ'လား
'လု'လား
ခွဲခြားလို့တွက်
အဖြေမထွက်ရင်
အနေခက်မယ် သူငယ်ချင်း။ ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## မြန်မာရုပ်ရှင်အများပိုင် Info-9 မှ ဇာတ်ကားသုံးကား ဖြန့်ချီ

မြန်မာအများပိုင် ရုပ်ရှင် Info-9 မှတစ်ဆင့် ပရိုဂနစ်ဖြင့် ဇာတ်ကားသုံးကားအား အောက်တိုဘာလ ၁၆၊ ၂၂ နှင့် နိုဝင်ဘာ ၃ ရက်တို့၌ ဖြန့်ချီလိုက်ပြီဟု သိရသည်။

အဆိုပါ ဇာတ်ကားသုံးကားမှာ ဒါရိုက်တာ အကယ်ဒမီကြည်စိုးထွန်း ရိုက်ကူးသည့် "ပန်းပိတောက်တခွေ"၊ ဒါရိုက်တာသီတာလင်း ရိုက်ကူးသည့် "ဗိညာဉ်တို့၏ အိပ်မက်များ" နှင့် ဒါရိုက်တာစောယုနန္ဒာ ရိုက်ကူးသည့် "ညရထား" ဇာတ်ကားတို့ဖြစ်ပြီး Laurel Art Academy က ရိုက်ကူးထုတ်လုပ်ခြင်း ဖြစ်သည်။ ထိုသို့ဖြန့်ချီရာ၌ ဗီဒီယိုဆိုင်များ၊ ကုန်တိုက်များ၊ စီးတီးမတ်များသို့လည်း ဖြန့်ချီပေးသွားမည့်အကြောင်း သိရှိရပါသည်။

---

## 'အလီဘာဘာနှင့် ခိုးသားငါးယောက်' ရုပ်ရှင်ကန်တော့ပွဲပေး

မည်သည့် ရုပါ မင်းသား၊ မင်းသမီးမျှ မပါဝင်ဘဲ ဟာသသရုပ်ဆောင်များချည်းသက်သက်သာ ပါဝင်သော "အလီဘာဘာနှင့် ခိုးသားငါးယောက်"အမည်ရှိ ရုပ်ရှင်ဇာတ်ကားကြီးအတွက် ကန်တော့ပွဲပေးအခမ်းအနားကို (၁၀-၁၀-၂၀၁၅) နံနက် ၉း၀၀ နာရီက ရန်ကုန်မြို့ရှိ စီးတီးစတားဟိုတယ်၌ ကျင်းပခဲ့သည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ညွှန်းမှာ စွမ်းပိုင်ဖြစ်ပြီး ဇာတ်လမ်းနှင့် ဒါရိုက်တာမှာ ပြည်ဟိန်းသီဟ ဖြစ်သည်။ အောက်တိုဘာလ ၁၈ ရက်နေ့က ပုပ္ပားသို့ သွားရောက်ကာ ဝေးလံသီခေါင်သည့် ကျေးလက်ဒေသအတိုင်း ဆံပင်ပုံစံကိုလည်း ရှေးကျသည့် ဖက်ရှင်အဖြစ် ပြုပြင်လျက် စတင်ရိုက်ကူးနေပြီဖြစ်သည်။ ၎င်းရုပ်ရှင်ဇာတ်ကားတွင် ဗေလုဝ၊ အောင်သော်၊ မျောက်ရှုံး၊ ကြာစီ၊ ကျင်ဝုက်၊ အောင်မော်(5 Stars)၊ နိုင်မြတ်သင်း၊ မြူးမြူးသွယ်၊ တက္ကသိုလ်ဖွမ်းပုံ၊ ကျော်ထူး၊ ရော၊ ကင်းကောင်၊ ငှက်ပျောကြော်နှင့် အခြားအနုပညာရှင်များ ပါဝင်ကြောင်း သိရှိရပါသည်။

---

## ပန်းသီးဖောင်ဒေးရှင်း ငါးနှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကျင်းပ

ပန်းသီးဖောင်ဒေးရှင်း ငါးနှစ်ပြည့် နှစ်ပတ်လည်အခမ်းအနား "ကြယ်ကလေးများပျော်သောနေ့" အနုပညာဖျော်ဖြေပွဲကို အောက်တိုဘာလ ၉ ရက်၊ သောကြာနေ့ ညနေ ၆ နာရီက ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဂန္ဓမာလမ်းနှင့် ဝေဠုဝန်လမ်းထောင့်ရှိ Gandamar Grand Ballroom တွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနား၌ အဆိုတော် ဗိုင်းလေ၊ မာယ်လင်မျိုးကို၊ အမွန်၊ ထားထက်ထက်နှင့် သံစဉ်မောင်တို့က သီဆိုဖျော်ဖြေကြပြီး ပန်းသီး၊ ငြိမ်းချမ်း၊ ရောနှင့် ကင်းကောင်တို့ကလည်း အငြိမ့်များဖြင့် ဖျော်ဖြေကြကာ ကလေးငယ်စုစုပေါင်း ၃၉၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

---

## မြန်မာအလှမယ် ခြူးစစ်ဟန် အကောင်းဆုံးစွမ်းရည်ပြဆု ရရှိ

တရုတ်(တိုင်ပေ)တွင် ကျင်းပနေသည့် Miss Face of Beauty International ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင်အလှမယ် ခြူးစစ်ဟန်က Best in Talent Winner Award အကောင်းဆုံးစွမ်းရည်ပြဆုကို ရရှိခဲ့သည်



www.burmeseclassic.com

www.burmeseclassic.com



အဆိုပါပြိုင်ပွဲတွင် မြန်မာအလှမယ် ခြူးစစ်ဟန်က မြန်မာ့ရိုးရာ တစ်ပင်တိုင်အကဖြင့် နိုင်ငံတကာအလှမယ်များအား ယှဉ်ပြိုင်သည့်ပွဲ၌ ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါ နိုင်ငံသို့ ပထမဆုံး အလှမယ်အဖြစ် မြန်မာအလှမယ် ဟယ်လ်မျိုးကိုလည်း သွားရောက်ယှဉ်ပြိုင်ခဲ့ဖူးကြောင်း သိရသည်။

## ပရိသတ်အတွက် ဆိုတေး၏ မင်္ဂလာပါ ဆိုတေး

ပရိသတ်အား ကောင်းခြင်းမင်္ဂလာများ ပေးဆက်ချင်သည့် အဆိုတော် ဆိုတေး၏ "မင်္ဂလာပါ ဆိုတေး" အမည်ရှိ ဒုတိယတစ်ကိုယ်တော် ဒီဗီဒီကို အမှတ်တရအနေဖြင့် နေပြည်တော်အမြန်လမ်းတွင် ရိုက်ကူးခဲ့ပြီး သီချင်းခွေအား နိုဝင်ဘာလ (၁)ရက်နေ့၌ Crazy Creation က ဖြန့်ချိခဲ့သည်။

ဖြန့်ချိသည့်နေ့က Happy World ပလိုင်ရှင်းရိုယာဉ် မွန်းလွဲ ၁ နာရီတွင် စတင်၍ အနုပညာမောင်နှမများနှင့်အတူ လက်မှတ်ရေးထိုး သီဆိုဖျော်ဖြေခဲ့သည်။

"မင်္ဂလာပါ ဆိုတေး" တေးသီချင်းခွေတွင် သီချင်းအပုဒ်ပေါင်း ၁၃ ပုဒ် ပါဝင်ပြီး Feating အနေဖြင့် ဖြိုးအာကာက သီဆိုပေးကာ Lazy Club တီးဝိုင်းက တီးခတ်ပေးထားကြောင်း သိရှိရပါသည်။ ,

## ထိုင်းသရုပ်ဆောင်များပါဝင်မည့် နှလုံးသားအမှတ်တရရုပ်ရှင်

"နှလုံးသားအမှတ်တရ"မှာ အမည်ပေးထားသည့် ရုပ်ရှင်ဇာတ်ကားကြီးမှာ ၁၉၆၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ်ကို ယှဉ်ပြိုရိုက်ကူးထားခြင်းဖြစ်သည်။ ပုဂံနှင့် မန္တလေးမြို့များတွင် ရိုက်ကူးမည်ဖြစ်ပြီး အဆိုပါ ရုပ်ရှင်ဇာတ်ကားကြီး၌ ထိုင်းနိုင်ငံ အနုပညာရှင်သရုပ်ဆောင်များနှင့် မြန်မာနိုင်ငံက နာမည်ကြီးသရုပ်ဆောင်များဖြစ်ကြသည့် နေတိုး၊ စိုင်းစိုင်းခမ်းလှိုင်၊ ဝတ်မှုံရွှေရည်နှင့် အခြားအနုပညာရှင်များ ပါဝင်ကြမည်ဖြစ်သည်

နှလုံးသားအမှတ်တရ ဇာတ်ကားကြီးမှာ လွန်ခဲ့သောနှစ်ပေါင်း ၆၀ ခန့်က ရှိခဲ့သော မြန်မာလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု ချစ်စရာ ဓလေ့စရိုက်များနှင့် မြန်မာ့ရေမြေသဘာဝအလှအပ ၂းကို ဖော်ကျူးထားသည့် ဇာတ်ကားဖြစ်ကာ ထိုင်း-မြန်မာ ပူပေါင်းရိုက်ကူးသည့် ချစ်ကြည်ရေးဇာတ်ကားတစ်ကားဖြစ်ကြောင်းလည်း သိရှိရပါသည်။

## စုတ်ချက်သစ် ပန်းချီလက်ရာ ခင်းကျင်းပြသ

New Brush (စုတ်ချက်သစ်) ပန်းချီပြပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ်၊ နဝဒေးလမ်းရှိ Think Art Gallery ၌ အောက်တိုဘာ ၁၇ ရက်၊ နံနက် ၉ နာရီက စတင် ခင်းကျင်းပြသခဲ့သည်။

စုတ်ချက်သစ် ပန်းချီပြပွဲ၌ ရှစ်နှစ်အရွယ် ပန်းချီသင်တန်းသူအပါအဝင် ပန်းချီဆရာ လေးဦး၏ ပန်းချီကားများကို ပြသထားသည်။ သဘာဝ၊ မော်ဒန်၊ သရုပ်မှန်နှင့် သရုပ်မှန်ပေါင်းစပ် ပန်းချီများ ပါဝင်သည်။ အဆိုပါပြပွဲတွင် ပန်းချီနည်းပြ ဒေါ်နိုင်သင်ဇာစိုးက (၁၁)ကား၊ ပန်းချီကျော်ဝင်းမောင်က (၁၁)ကား၊ ပန်းချီသက်လင်းထွန်းက (၇)ကားနှင့် ပန်းချီသင်တန်းသူ မြသက်ချယ်ဘာ ပန်းချီကား (၂၅)ကားတို့ကို ခင်းကျင်းပြသခဲ့သည်ဟု သိရှိရပါသည်။

**အမ်ကေ** (စုစည်းတင်ပြသည်)

www.burmeseclassic.com

## ကော့မှူးဖိုးကျော်၏ ကျည်ပွေ့ကာတွန်းများ

ကာတွန်းကော့မှူးဖိုးကျော်သည် သန်လျင်ဇာတိဖွားဖြစ်သော်လည်း ကော့မှူးတွင် နှစ်ကာလပေါင်းများစွာ နေထိုင်ခဲ့သည့်အတွက် ကာတွန်းရေးဆွဲသည့်အခါ "ကော့မှူးဖိုးကျော်"ဟူသော အမည်ကို ခံယူခဲ့သည်။ ငယ်စဉ် ကျောင်းသားဘဝကပင် ကာတွန်းရေးဆွဲခြင်း ဝါသနာကြီးသူဖြစ်၍ ဂျာနယ်၊ မဂ္ဂဇင်းများမှ ကာတွန်းပုံများကို ကူးယူရေးဆွဲလေ့ကျင့်ရင်း ကာတွန်းဆရာဘဝသို့ ရောက်ခဲ့သူဖြစ်၏။

ဤစာအုပ်နှင့် စပ်လျဉ်း၍ ဆရာဖိုးရာဇာက ကာတွန်းဆရာတို့အား -

"စားစရာမရှိရင်သာနေမည်၊ ထားစရာမရှိသူများကို လက်အောက်ခံမည့်သူမျိုးမဟုတ်။ အမှန်တရားအတွက် ဘဝနှင့်ရင်းပြီး ပေးဆပ်နေကြသူများလည်း ဖြစ်သည်၊ စာနယ်ဇင်းတိုင်း ခေတ်သမိုင်းဟု ဆိုသဖြင့် သမိုင်းကို ပုံဖော်ရေးသားနေကြသူများလည်း ဖြစ်သည်။ ပြည်သူကို နား၊ မျက်စိဖွင့်ပေးနေကြသူများလည်း ဖြစ်သည်၊ စတုတ္ထမဏ္ဍိုင်အဖြစ် ပြည်သူ့ဘက်မှ ရပ်တည်ပြီး ပြည်သူ့တာဝန်၊ နိုင်ငံတာဝန်ကို ထ[illegible]နေကြသူများလည်း ဖြစ်ကြသည်"

ဟူ၍ မှတ်တမ်းစကား ဆိုထားပေသည်။ ဤစာအုပ်တွင် တစ်ကွက်စာ ကာတွန်းပုံပေါင်း (၁၁၁) ပုံ ပါဝင်ပြီး စာနယ်ဇင်းအသီးသီး၌ ဖော်ပြထားပြီးဖြစ်သော ခေတ်ကို ထင်ဟပ်သရော်ထားသော ကာတွန်းကောင်းများဖြစ်ကြ၏။ တင်မြင့်ဦး၏ စီစဉ်မှုဖြင့် အောင်ဆည်နေမျိုး စာအုပ်တိုက်မှ တန်ဖိုး ၂၀၀ိ/-ကျပ်ဖြင့် ဖြန့်ချိလိုက်ပြီဖြစ်၏။

## တင်မိခိုင်၏ ရွှေဝင်လူပျိုကြီးနှင့် မော်ဒယ်ဂဲလ်ပြဿနာ

မြတ်ပန်းရုံ ဝတ္ထုတိုစာပေဆုရှင် စာရေးဆရာမ တင်မိခိုင်၏ ဟာသဝတ္ထုကလေးများကို စုစည်းထုတ်ဝေထားခြင်းဖြစ်ရာ အမျိုးသမီးစာရေးဆရာမတစ်ယောက်၏ ဟာသဖန်တီးနိုင်မှုအပေါ် အကဲခတ်သုံးသပ်ရင်း ၎င်းဖန်တီးထားရာ ဝတ္ထုတိုများကို ပေါ့ပါးသွက်လက်စွာ ခံစားဖတ်ရှု ပြုံးရယ်နိုင်ကြပေလိမ့်မည်။

ဤစာအုပ်တွင် ချမ်းမြေ့ဝင်းနှင့် စကားပြောခြင်း၊ ချစ်မြတ်နိုး၏ ဝေဒနာ၊ ကိုဘမောင် ကံကောင်းတယ်၊ ဖုန်းဆက်လိုက်ရမလား၊ ဂျွိရကောက်ကြောင်း၊ မောင့်မေပုလဲ၊ အဲလစ်ဇဘက်တို့ ညီအစ်မ၊ နှစ်ချောင်းထိုးနှင့် နတ်သုဓာ၊ အဘွားရေ အသက်ရေ၊ ချမ်းမြေ့မောင်နှင့် ရွှေးဟောင်းပစ္စည်း၊ ချမ်းမြေ့မောင်နှင့် ရင်အုပ်များ၊ သခင့်ဆံစ နှုတ်ဖူနှမ်း၊ ရွှေဝင်လူပျိုကြီးနှင့် မော်ဒယ်ဂဲလ်ပြဿနာ၊ ကိုယ်ရယ် မင်းရယ် ကျန်ကျောင်းရယ်၊ ငွေသော်တာရောင်ခြည်…စသော ဟာသဝတ္ထုတိုပေါင်း ၁၅ ပုဒ် ပါဝင်ပြီး သောကြာစာစောင်၌ ပုံနှိပ်ဖော်ပြခဲ့ပြီးသော ဝတ္ထုတိုများ ဖြစ်သည်။ ကာတွန်းနောက်နောက်၏ မျက်နှာဖုံးလက်ရာဖြင့် မဟာစာပေက တန်ဖိုး ၁၅၀ိ/-ကျပ် သတ်မှတ်လျက် ထုတ်ဝေဖြန့်ချိလိုက်သည်။

## စိတ်အတွေး စိတ်အရေး သုတ-ရသ စာစုများ

ကလောင်အင်အား ကောင်းကောင်းဖြင့် စာရေးဆရာ၊ စာရေးဆရာမတို့၏ စိတ်အတွေး၊ စိတ်အရေးများကို သုတ-ရသ စုံလင်စွာဖြင့် စုစည်းဖော်ပြ ထုတ်ဝေလိုက်ခြင်း ဖြစ်သည်။

ဤစာအုပ်တွင် နာမည်ရ ကလောင်ရှင်များဖြစ်ကြသည့် ကိုမြင့်ထွန်း(Quality)၊ ဟန်သီဇင်၊ မော်ဝန်းကြည်မြတ်၊ နန်းမိုခမ်း၊ မောင်ခေတ်ထွန်း၊ ဒီပင်္ကာမွန်၊ သူရဇော်၊ ယဉ်ယဉ်နု(မန္တလေး)၊ ကိုရိုးကွန်း၊ နန်းအိအိဇာ၊ ညီအောင်ညီ၊ သျှို(အင်ကြင်း)၊ နန္ဒာမိုးကြယ်၊ ရွှေသဇွာ၊ ယဉ်မြင့်သူ၊ ဟိန်းလတ်၊ သန့်ခြင့်အောင်၊ ကြူကြူသင်းနှင့် တိုးထက်တို့၏ စာပေလက်ရာများကို ဖတ်ရှုကြရမည် ဖြစ်သည်၊ ဤစာအုပ်သည် စာရေးဆရာမ နန်းမိုခမ်း၏ ဒုတိယအကြိမ် စီစဉ်အားထုတ်ကြိုးပမ်းမှုဖြစ်ပြီး ရန်အောင်စာပေက တန်ဖိုး ၁၅၀ိ/-ကျပ် သတ်မှတ်လျက် ထုတ်ဝေဖြန့်ချိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

## လှုဝင်စားတာစွေနှင့် ဂမ္ဘီရရောင်စဉ် ရင်သိမ့်ဖိုဂမ္ဘီရဝတ္ထုများ

ဆရာမိုင်လှမြင့်(အိမ်မဲ) အားထုတ်စီစဉ်ထားသည့် ဂမ္ဘီရရောင်စဉ်အမှတ်(၂) ဖြစ်သည်။

ဤစာအုပ်တွင် နာနာဘာဝကောင်နှင့် သားစွယ်များ (ကိုမောင်သန်းဝင်း)၊ နောက်ဆုံးဆုတောင်း (ဘသက်ဆွေ)၊ ကြောင်သရဲ (ညီညီနိုင်)၊ ဝန္နာရီခရီးသည် (မြိုင်နှင်း)၊ လှုဝင်စားတာစွေ (ဇင်ယော်ရီ)၊ ရှိမထဲက ဘွမ်းတစ်နပ် (နန္ဒာမိုးကြယ်)၊ တစ္ဆေခေါ်တဲ့ည (ဗညားဦး-အိမ်မဲ)၊ ကြောက်စိတ် (နေမိုးသော်)၊ မှဆိုးနှင့် မာယာများသောတော (မောင်မြင့်မား-ဘိုကလေး) တို့၏ ရင်သိမ့်ဖိုဂမ္ဘီရဝတ္ထုများကို ခံစားဖတ်ရှုကြရမည် ဖြစ်၏။ ပန်းချီမင်းထက်နိုင်၏ အဖုံးအတွင်း အပြင်ဒီဇိုင်းနှင့်အတူ တန်ဖိုး ၁၅၀ဝိ/ကျပ် သတ်မှတ်လျက် ထုတ်ဝေလိုက်ရာ ဂမ္ဘီရအမျိုးအစား ရင်သိမ့်ဖို အမျိုးအစား ရသစာပေကို ဖတ်ရှုလိုသူတို့ မလွဲမသွေ ဖတ်ရှုသင့်ပေသည်။

---

## မောင်ညီဦး(က.စ.လ)၏ ချွေးမတစ်ယောက် အလိုရှိသည်

ဝတ္ထုတိုကလေးများကို ခံစားမှုပါပါ၊ စေတနာသန့်သန့်ဖြင့် ရေးအားကောင်းရုံမက တစ်အုပ်ပြီးတစ်အုပ် ရေးသားထုတ်ဝေလျက်ရှိသော ဆရာမောင်ညီဦး (က-စ-လ)၏ ဆဋ္ဌမမြောက် ဝတ္ထုတိုပေါင်းချုပ် စာအုပ်ဖြစ်သည်။ ဤစာအုပ်တွင် စာရေးသူ၏ ရင်တွင်းစကားကို ဖော်ပြလျက် ဝတ္ထုတိုပေါင်း (၁၃)ပုဒ်တိတိကို ဖတ်ရှု မှီနိုင်အောင် စီကာစဉ်ကာ တင်ပြထားပေသည်။

အသင်မှားသော လက်ဦးဆရာ၊ ဇရာနှင့် ဘဝ၏အတိတ်ရာဇဝင်ချက်များ။ သုသာန်သို့ ပြန်ပို့ပေးပါ၊ ဦးနှောင်းလွန်မှ ရှာတဲ့မိုး။ ပန်းတင်ပွဲ၏ လောင်းရိပ်တစ်ခု၊ ဘဝယောင်းက မောင်နှမ၊ အမေရယ် အမွေရယ် မိမိုးမလာရယ်၊ ချွေးမတစ်ယောက် အလိုရှိသည်၊ ချစ်တော့ချစ်တယ် ဒါပေမဲ့၊ အမေက သမီးကို ပြန်၍ တောင်းပန်လိုက်ရသည့် နှလုံးသားထဲက သွေး၊ အပေါင်းမေတ္တာ၏ သန့်ကျင်ဘက်၊ စေတနာအရင်းခံ မေတ္တာမှန် စသည့် ဝတ္ထုတို ၁၃ ပုဒ်တိတိ ဖော်ပြထားပြီး ရသစာပေ၊ ဘဝသရုပ်ဖော် စာပေလက်ရာသန့်သန့်များ ဖတ်ရှုစေလိုသူတို့ အာလျှပြေစေနိုင်လိမ့်မည်။ ဤစာအုပ်ကို အရှေ့ဘက်ကောင်းကင် စာပေမှ တန်ဖိုး ၁၅၀ဝိ/ကျပ် သတ်မှတ်၍ ဖြန့်ချိလျက်ရှိသည်။

---

## စွမ်းထက်အောင်၏ သူဌေးကြီးဖြစ်နည်း

ဘဝတိုးတက်အောင်မြင်ရေးအတွက် နည်းပေးလမ်းပြသည့် တက်ကျမ်းစာပေအမျိုးအစားဖြစ်ပြီး နိုင်ငံတကာက လက်ခံထားသော ကြီးပွားချမ်းသာရေးကျမ်းဖြစ်၏။ အဆိုပါ စာအုပ်တစ်အုပ်တည်းကိုပင် အကြိမ်ပေါင်း တစ်ဒါဇင်ထက်မနည်း ပြန်လည်ထုတ်ဝေဖြန့်ချိခဲ့ရာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၅၀၀ ကျော်အထိ အမြတ်ငွေရရှိခဲ့ပြီးပြီဟု သိရသည်။ ထိုစာအုပ်ကို ဆရာစွမ်းထက်အောင်က ဘာသာပြန်ဆိုပေးထားရာ လွန်စွာမှ တန်ဖိုးရှိလှပေသည်။

ဤစာအုပ်တွင် အခန်းပေါင်း ၁၂ ခန်းပါဝင်၏။ တစ်ခန်းစီတိုင်း သိုပင် အလေးအနက်ထား ဆောင်ရွက်လိုက်နာသင့်သည့် အချက်များ ပါဝင်သည်။ ချမ်းသာကြွယ်ဝခြင်း၏ မြေဩဇာခံရာ၊ ချမ်းသာကြွယ်ဝခြင်းအတွက် နည်းလမ်း(၁၂)ချက်၊ အပြုစိတ် ရှင်သန်စေရန် လေ့ကျင့်နည်း၊ အနှစ်နာခံပြီး ဆောင်ရွက်ပါ၊ အောင်မြင်မှုများကို လက်တွေ့ကွင်းဆင်းလေ့လာခြင်း၊ ယုံကြည်မှုစွမ်းအင်၊ ခွဲငင်မှု၊ အတ္တစိတ်ကို ထိန်းချုပ်ခြင်း၊ စနစ်တကျ ဖြစ်ပေါ်လေ့ရှိတဲ့စွမ်းအင်၊ သောကဆိုတာ၊ ချမ်းသာခြင်းသည် သင့်ခန္ဓာကိုယ်ထဲမှာ ရှိသည်။ မိမိစိတ်ကို ဝေဖန်သုံးသပ်ခြင်း . . . စသည့် အခန်းကဏ္ဍများဖြစ်ပေသည်။ ဤစာအုပ်ကို ရင်ငြိမ်းစာပေက ဖြန့်ချိလျက်ရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com




### သူ့အတွေးနှင့်သူ

အစိုးရအသိအမှတ်ပြု ဆေး၊ ဝမ်း၊ သွေး၊ သလိပ်တို့ [illegible]ပေးရာ ဆေးခန်းတစ်ခုတွင် ဖြစ်၏။

သည်ကနေ့ကျခါမှ အစစ်ဆေးခံဖို့ရာ ရောက်ရှာသည့် [illegible] အလှည့်မကျသေးသူတို့မှာ ဆေးခန်းအပြင်ဘက်ရှိ [illegible]ရှည်ပေါ်တွင် ထိုင်ကာ ကိုယ့်အလှည့်ကျမည့် [illegible]ကို စောင့်ဆိုင်းနေကြလေ၏။

ဤတွင် ထိပ်ဆုံးမှ အမျိုးသမီးကြီးသည် ကလေး [illegible] လက်ဆွဲကာ အခန်းတွင်းသို့ ဝင်သွားလေ၏။ သိပ် [illegible] အခန်းတွင်းမှ ကလေးငိုသံက ပွက်လောရိုက် [illegible] တစ်အောင့်အကြာ လိုက်ကာကို ဖယ်လျက် [illegible] ကလေးငယ်တို့ ပြန်ထွက်လာ၏။ ထိုအခါ [illegible]စောင့်သူက ကလေးငယ်အား ချစ်စနိုးဖြင့် [illegible]

[illegible]

"သားသားကလည်းကွာ . . . ယောက်ျားဖြစ်ပြီး ဘာဖြစ်လို့ အော်ငိုရသလဲ"

"နာတာကိုးဗျ။ သွေးစစ်တဲ့ဥစ္စာ လက်ချောင်းထိပ်ကို အပ်နဲ့ ဆတ်ခနဲ ထိုးဖောက်တာ မနာဘဲနေမလား။ ဒီတော့ ငိုမိတာပေါ့"

သည်စကားကြားရတော့ မိမိအလှည့်ကျရန် အတော်လိုသေးသော လူရွယ်မှာ မျက်စိမျက်နှာပျက်ကာ ထပြန်တော့မည်ပြု၏။ ထိုအခြေအနေကို အကဲခတ်မိသော ကောင်တာထိုင်သူက

"ခင်ဗျားက ဘာဖြစ်လို့ ပြန်လစ်မှာတဲ့လဲ"

"ပြန်လစ်မှာဆို . . . ကျွန်တော်က ဆီးစစ်ခံမယ့်သူ။ အနာခံရမှာကြောက်လို့ပါ"

"ဟောဗျာ . . ."



www.burmeseclassic.com

www.burmeseclassic.com

## ကြုံခဲ့ရသည့် ဆလိမ်များ

လွန်လေပြီးသော ၁၀ နှစ်ခန့်က ရန်ကုန်မြို့နှင့် ခရီးမိုင်အတန်ငယ်ကွာသည့် မြို့နယ်ကလေးတစ်မြို့မှ ဖိတ်ကြားသည့်အတွက် ဟာသစာရေးဆရာကြီးတစ်ဦးသည် မိမိ၏ အစီအစဉ်ဖြင့် ရထားစီးကာ ထွက်လာခဲ့လေ၏။

ထိုမြို့နယ်ကား "စာပေဟောပြောပွဲ"ကို ယခုနှစ်မှ စတင်ကျင်းပခြင်းဖြစ်သော်ငြား စာပေဝါသနာရှင်အပေါင်းဖြင့် သောင်းသောင်းဖျဖျ စည်ကားလှပါချေ၏။ စာပေဟောပြောပွဲ ကော်မတီသည် ဗွေဆော်ဦး စတင်ကျင်းပသော စာပေဟောပြောပွဲ ဖြစ်လေရကား၊ စာရေးဆရာတို့၏ အထာကို သိပ်မနပ်ကြပေ။ စာရေးဆရာနှစ်ဦး ရှေ့ခင်းနောက်ဆင့် ဟောပြောကြပြီးသည့်နောက် နောက်ဆုံးပိတ် အိတ်နှင့်လွယ်ရမည့် ဟာသစာရေးဆရာကြီးလည်း စင်ပေါ်တက်တက်ချင်း အောက်ပါအတိုင်း ဟာသဉာဏ်ရွှင်ရွှင်ဖြင့် စကားအစပျိုးလေရာ ပရိသတ်အပေါင်းမှာ တဝါးဝါးတဟားဟားဖြင့် ပတ်တုပ်၍ မရလောက်အောင် ဖြစ်သွားပါလေ၏။

"...ကျွန်တော်စီးလာတဲ့ ရထားဆိုက်တဲ့အခါ နာရီကိုကြည့်လိုက်တော့ 'ဆယ့်'တစ်နာရီတိတိ၊ အံမယ်... တော်ပါသေးရဲ့ ကော်မတီဝင်တစ်ယောက်က ကျွန်တော့်နာမည် 'ဆက်နောင်'ပါဆိုပြီး ဘာနဲ့လာကြိုတယ်မှတ်သလဲ၊ 'ဆိုက်ကား'နဲ့ခင်ဗျ။

ပြီးတော့ 'ဆုံစည်းရာ'ဆိုတဲ့ စားသောက်ဆိုင်ခေါ်သွားပြီး ဧည့်ခံပါတယ်။ ဘာနဲ့မှတ်သလဲ၊ အဲဒါ'ဆန်ပြုတ်'နဲ့၊ နောက် ဆိုင်ထဲကပြန်အထွက် ဆိုင်ရှေ့မှာ မိန်းမနှစ်ယောက် အော်ကြီးဟစ်ကျယ်ဗျာ..တစ်ယောက်နဲ့တစ်ယောက် ဆဲနေကြတာ နားကိုကွဲရော့ပဲ။

ဒါကြောင့် ကျွန်တော့်အဖို့ သည့်ကနေ့ဟာ 'ဆလိမ်'အကျွရာရဲ့ သားကောင်ဖြစ်မှန်းမသိ ဖြစ်သွားရပါတယ်ခင်ဗျ"

□□□

## ဇီဇာကြောင်တဲ့ လင်

ခုတလော ခင်ပွန်းသည် ဖဲသမားညွန့်တင်စာစ်ယောက် ဖနီးသည် ခင်နှင်းက ဘာပဲလုပ်ပေး၊ 'လုပ်ပေးစိတ်ဘဝင်အလိုကျခြင်း မရှိဘဲ အမျိုးမျိုးအဖုံဖုံ ပြဿနာမရှိ ပြဿနာရှာနေတတ်သည်။

တစ်နေ့က အဖြစ်ကိုပဲ ကြည့်။

ဖဲသမားညွန့်တင် မပန်းလှိုင်တို့ ငါးဈေးကန်ထဲမှ ငါးနီများ၍ရလာသော ငါးနှစ်ကောင်ကို ခင်နှင်းက မန်ကျည်းနှစ်ကလေးဖြင့် ချက်ပေးသည်။ ဒါကို သကောင့်သားက -

"ဟဲ့...မိုင်းတာမ၊ ငါက ကြော်ပေးတာကို စားချင်တာဟဲ့။ ချက်တာကို မစားချင်ဘူး"

ဟု ပြဿနာရှာခဲ့သည်။

အဲ...နောက်တစ်နေ့မှာလည်း ငါးရံ့နှစ်ကောင် ခိုးများ၍ ရလာခဲ့သည်။ သည်တစ်ခါမတော့ အပြောမခံရအောင် ဆီနိုင်နိုင်ဖြင့် ကြော်ပေးလိုက်သည်။ ဒါလည်း ခင်နှင်းအဖို့ မျက်နှာသာမရ။

"ဟဲ့...မိုင်းတာမ၊ ငါက ချက်ထားတာကို စားချင်နေတာ။ ဘာဖြစ်လို့ ကြော်လိုက်ရတာတုံးလဲ"

သည်တော့ ခင်နှင်းအဖို့ လင်တော်မောင် ဖဲသမားညွန့်တင်ကို စိတ်ပျက်မည်ဆိုလည်း စိတ်ပျက်လောက်စရာ

ဟော...သည်ကနေ့လည်း ငါးနှစ်ကောင် ရလာခဲ့ပါပြီ။

သည်တော့ ခင်နှင်းလည်း အပြောအဆိုလွတ်အောင် တစ်ကောင်ကို ကြော်သည်၊ တစ်ကောင်ကို ချက်သည်၊ ကိုင်း...ဘာပြောချင်သေးတုံး။ သို့ဖြင့် ထမင်းပွဲ၌ ထိုင်နေသော လင်တော်မောင်ရှေ့ကို ချလိုက်တော့...

"တောက်...မိုင်းတာမ၊ ကြည့်စမ်း...ကြော်ရမယ့်ငါးကို ချက်ထားပြီ။ ချက်ရမယ့်ငါးကိုကျ ကြော်ထားပြန်ပြီ"...တဲ့။

ကဲ...ဘယ်လိုလုပ်ကြမှာတဲ့တုံး။

□□□

## မှတ်သားလောက်ပါတယ်

ကုမ္ပဏီပေါင်း မြောက်မြားစွာ ပိုင်ဆိုင်သော သူဌေးကြီးတစ်ဦးအား စားနယ်ထင်ရှင်းလင်းပွဲတစ်ခု၌ တွေ့ရလေရာ စီးပွားရေးဆိုင်ရာ ဂျာနယ်သတင်းထောက်တစ်ဦးက လာ မြင်လှစွာဖြင့် သွားရောက်တွေ့ဆုံမေးမြန်းလေ၏။

"လူကြီးမင်းခင်ဗျာ...လူကြီးမင်းဟာ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံမှာဆိုရင် တကယ့်ထိပ်တန်း ကုမ္ပဏီပေါင်းများစွာကို ပိုင်ဆိုင်ထားတဲ့သူပါပဲ။ အဲသလို ကုမ္ပဏီလုပ်ငန်းနဲ့ ပတ်သက်ပြီး ဘာကြောင့်များ ထူးထူးကဲကဲ အောင်မြင်ရတာပါလဲ"

"ဘာကြောင့် အောင်မြင်ရသလဲဆိုတော့ ပြိုင်ဘက်ကုမ္ပဏီတွေ မရှိကြတော့လို့ဖြစ်မယ် ထင်ပါရဲ့"

"ဟုတ်ကဲ့၊ အဲသည်ပြိုင်ဘက်ကုမ္ပဏီတွေ ဘာကြောင့်မရှိကြတော့တာလဲခင်ဗျာ"

"ဘာကြောင့်ဆို အဲသည် ပြိုင်ဘက်ကုမ္ပဏီတွေအားလုံးကို ကျုပ် သိမ်းကြုံးပြီး ဝယ်ပစ်လိုက်လို့ပေါ့"

"အယ်..."

□□□

## ကိုယ့်အတတ်နှင့်ကိုယ်

ကိုပိန်တစ်ယောက် ဒေါက်တာဝင်းမောင်၏ အထွေထွေရောဂါကုဆေးခန်းသို့ ရောက်သွားခဲ့သည်။

"ဘာများဖြစ်လို့ပါလဲ"

"ဖြစ်ပုံကတော့ ဒေါက်တာရယ်...တစ်နေ့လုံး နေထိုင်ကာ အကောင်းပါပဲ။ အဲ...ညဘက်တွေရောက်ပလားဆိုရင် ကျွန်တော့်ခြေထောက်တွေဟာ ဒူးဆစ်ကနေ ခြေဖျားထိဆိုပါတော့...ရေခဲတုံးလို အေးစက်နေလို့ အိပ်မပျော်ဘဲ ဖြစ်ဖြစ်နေတယ် ဒေါက်တာရယ်"

ကိုပိန့်စကားကြောင့် ဒေါက်တာဝင်းမောင်မှာ နှစ်နှစ်ခြိုက်ခြိုက် ပြုံးမိလေ၏။ သည့်နောက် ဖော်ရွေနှစ်လိုဖွယ်ဖြင့် ရှင်းပြပေးပါလေတော့၏။

"အင်း...ဒါလည်း သဘာဝပဲ။ ဖြစ်လေ့ဖြစ်ထရှိတတ်ပါတယ်လေ။ ဒါမျိုး ကျွန်တော်လည်း ကြုံဖူးပါတယ်"

"ဟင်...ဟုတ်လား။ ဒါဆို ဒေါက်တာ့အနေနဲ့ ပျောက်ကင်းအောင် ဘယ်လိုကုလဲဟင်။ ကျွန်တော့်အတွက် ကူညီပါနော်"

"မပူပါနဲ့ဗျာ။ ကျွန်တော်နဲ့တွေ့ရင် ဝေဒနာပျောက်ပြီသဘောထားလိုက်ပါ။ အဲ...ကျွန်တော်ပေးတဲ့ နည်းအတိုင်းသာ လုပ်ဖို့လိုပါတယ်"

"အားကိုးပါတယ်ဆရာရယ်။ ကိုင်း...အကြံပေးပါ"

"ဒီလိုလေ။ အဲသလို ညရောက်လို့ အေးလာပြီဆိုရင် အမျိုးသမီးရဲ့ စောင်ထဲကို ခြေထောက်တွေ ထည့်လိုက်ပါ။ နွေးလာပါလိမ့်မယ်"

"ကျေးဇူးပါပဲ ဆရာရယ်။ ဒါထက် ဆရာ့အမျိုးသမီး အိမ်မှာ ညဘက်ရှိမယ်မဟုတ်လားဟင်။ တစ်မျိုး မထင်ပါနဲ့။ ကျွန်တော်က လူပျိုကြီးဖြစ်နေလို့ပါ"

□□□

## တကယ်ဆိုးတာပါ

အထူးကုဆေးခန်းတစ်ခန်းသို့ လူနာတစ်ဦးရောက်လာကာ ဆရာဝန်ကြီးနှင့် ဝင်တွေ့လေ၏။ ဆရာဝန်ကြီးလည်း ဆေးစာအုပ်ပေါ်မှ အမည်နှင့် အသက်တို့ကိုကြည့်ပြီးနောက် လိုအပ်သည်များကို မေးမြန်းပါလေ၏။

"ကိုင်း...ဘယ်လိုဖြစ်လို့ လာရသလဲ။ ပွင့်ပွင့်လင်းလင်းသာ ဖြေပါ"

"ဟုတ်ကဲ့ပါ ဒေါက်တာ။ ကျွန်တော့်ရဲ့ အိပ်မရတဲ့ရောဂါဟာ ခုတလော တော်တော်လေးကို ဆိုးရွားလာလို့ပါ"

"ဟာ...အိပ်မရတဲ့ရောဂါဆိုတာ တော်တော်ဆိုးတဲ့ရောဂါပဲ။ ရောဂါဝေဒနာ ရင့်လာလေ လူကို ဒုက္ခပေးလေပဲ။

ကဲ...ဆိုစမ်းပါဦး။ ဘယ်လိုများ ဆိုးဆိုးရွားရွား ခံစားနေရသလဲဆိုတာ"

"ဘယ်လို ဆိုးဆိုးရွားရွား ဖြစ်လာသလဲဆိုတော့ မနက် မနက် အိပ်ရာထပြီဆိုတာနဲ့ ပြန်အိပ်လို့မရအောင် ဆိုးရွားနေလို့ပါ ဒေါက်တာရယ်"

ဆရာဝန်ကြီးခမျာ ခေါင်းကုတ်သွားရလေသတတ်။

□□□

## ကိုင်း...ဘာတတ်နိုင်သေးတုံး

ဖန်ခွက်တစ်ခွက်ထဲမှာတော့ အရက်တချို့ ရှိနေ၏။ ထိုမြင်ကွင်းကို လူသုံးယောက်သည် ဇေကြည့်နေမိ၏။

ထိုလူသုံးယောက်ကား အကောင်းမြင်သမား၊ အဆိုးမြင်သမားနှင့် လက်တွေ့ကျကျ အရက်သမားတို့ဖြစ်ကြပြီး ထိုမြင်ကွင်းအား တစ်ဦးစီမှတ်ချက်ပြုကြရာ ပရိသတ်အပေါင်း



www.burmeseclassic.com

www.burmeseclassic.com

လည်း စိတ်ဝင်စားစွာ ကြည့်ရှုနားထောင်နေကြလေ၏။ ဦးစွာ အကောင်းမြင်သမားက ခပ်ပြုံးပြုံးကလေးနှင့် -

"အလို့…ဖန်ခွက်ထဲမှာ အရက်တစ်ဝက်ကြီးတောင် ရှိနေပါကလား"

ဟု ဆိုလိုက်၏။ ဤတွင် အဆိုးမြင်သမားကလည်း မဲ့ကာရွဲ့ကာဖြင့် -

"ဘယ်ကလာ…ဖန်ခွက်ထဲမှာ အရက်အပြည့်ရှိနေရမှာ။ ခုတော့ မရှိဘဲ တစ်ဝက်ပဲ ကျန်တော့တယ်"

ဟု ပြန်ကောက်ချက်ချလေ၏။ ဤတွင် လက်တွေ့ကျကျအရက်သမားလည်း ဘာမျှ ရှုံ့မဲ့ပြောင်းကဲ့ရဲ့ခြင်းမပြုဘဲ အဆိုပါ ဖန်ခွက်ကို ဂွပ်ခနဲကောက်မော့ကာ နေရာမှ ထွက်သွားလေသတတ်။

□□□

## နည်းများခြင်း ပြဿနာ

လွန်စွာ ခင်မင်ရင်းနှီးသည့် တရားသူကြီးနှစ်ဦးသည် မမျှော်လင့်ပါဘဲနှင့် ရေဆင့်နောက်ဆင့်ဆိုသလို ကွယ်လွန်သွားကြသည်။ ဤတွင် ၎င်းတို့ လူ့ဘဝကပြုမှုခဲ့သည့် ကုသိုလ်ကံ၊ အကုသိုလ်ကံတို့အပေါ် မူတည်၍ တစ်ဦးမှာ နတ်ပြည်သို့ ရောက်သွားပြီး၊ ကျန်တရားသူကြီးမှာမူ ငရဲပြည်သို့ ကျသွားခဲ့လေ၏။ ထူးခြန်းသည်မှာ နတ်ပြည်နှင့် ငရဲပြည်၊ ငရဲပြည်နှင့် နတ်ပြည်တို့ အပြန်အလှန် ဖုန်းဆက်သွယ်၍ ရနေခြင်းပဲ ဖြစ်၏။

သို့ဖြင့် လူ့ဘဝတုန်းဆီက ခင်မင်ရင်းနှီးခဲ့ကြလေသော တရားသူကြီးနှစ်ဦးမှာ ဟန်းဖုန်းကိုယ်စီဖြင့် ဆက်သွယ်မိကြလေသည်။

**နတ်ပြည်ပုဂ္ဂိုလ်။** ။ ဘယ်လိုတုံး မိတ်ဆွေ၊ ခင်ဗျားရောက်နေတဲ့ ငရဲပြည်မှာ နေထိုင်လုပ်ရှားရတာ အဆင်ပြေရဲ့လား။

**ငရဲပြည်ပုဂ္ဂိုလ်** ။ ။ အကြံအဖန် မရှိတာကလွဲလို့ အဆင်ပြေလိုက်တာမှ အတိုင်းထက်ကို လွန်ပါရောလားဗျား။ ကျုပ်ကို တာဝန်ပေးထားတာ တရားသူကြီး အဖြစ် ရုံးထိုင်ဖို့ပဲ။ ခင်ဗျားရော…။

**နတ်ပြည်ပုဂ္ဂိုလ်။** ။ ကျုပ်လည်း ခင်ဗျားလိုပါပဲ။ တရားသူကြီးအဖြစ် ရုံးထိုင်ရတာပါပဲ။ ကဲ ဆက်ပါဦး။

**ငရဲပြည်ပုဂ္ဂိုလ်** ။ ။ အေးဗျာ…သူတို့ဝတ်ခိုင်းတဲ့ ဝတ်ရုံကြီးတော့ ဝတ်ရတာပဲပေ့ါ။ မနက် ၁၀ နာရီလောက် ရုံးထိုင်ရင် ၁၀း၃၀ နာရီလောက်ဆို ပြီးပြီ။ အမှုကလည်း သိပ်တက်လာတာမှမဟုတ်ဘဲ။ တစ်နေ့ နာရီဝက်လောက် ရုံးထိုင်ပြီးရင် ပြီးပြီ။ ခင်ဗျားရုံးထိုင်တဲ့ နတ်ပြည်မှာရော ကျုပ်တို့ဆီလိုပဲလား။

**နတ်ပြည်ပုဂ္ဂိုလ်။** ။ တခြားစီပါပဲလားဗျာ။ နတ်ပြည်သာဆိုတယ်။ အမှုတွေက များမှများပဲ။ ၉ နာရီ ခေါင်းဆိုတာနဲ့ ရုံးစထိုင်ရတယ်။ စားသောက်ချိန်ကလေးပဲ ခဏနားရတာပါဗျာ။ ပိတ်ရက်ဆိုတာလည်း မရှိဘူး။ ဆက်တိုက်ကြားနာစစ်ဆေးတာ ညသန်းခေါင်လောက်မှပဲ ရုံးဆင်းနိုင်တော့တယ်။ သည်ကြားထဲ တချို့အမှုတွေဆိုရင် ရုံးချိန်းပေးရတာကို ထပ်လို့။ ရှေ့နေတွေဆိုရင်လည်း ရလိုက်တဲ့ အမှုတွေဆိုတာ တင်းကြမ်းပဲ၊ သူတို့မလည်း အားတယ်ကို မရှိဘူး။ တစ်ယောက်ဆို ကိုင်ထားတဲ့အမှုက ရာဂဏန်းအောက်ကို မကျဘူး။

**ငရဲပြည်ပုဂ္ဂိုလ်** ။ ။ နားရှိလို့သာ ကြားရတယ်။ ယုံတောင် ယုံရက်စရာ မရှိဘူး။ ကျုပ်တို့ ငရဲပြည်မှာ ရှေ့နေတွေ၊ တရားသူကြီးတွေဆိုတာ ရိုက်သတ်လို့ မကုန်ဘူး။ များမှများဗျာ။ အမှုပွဲစားတွေလည်းမြင်လို့တောင် မကောင်းဘူး။ အမှုသည်ခမျာ "ဘဲအုပ်က တစ်ရာနှစ်ရာ မဇေဒါက တစ်ပင်တည်း" ဖြစ်နေပြီ၊ ဒါထက်နေပါဦး။ ခင်ဗျားတို့ နတ်ပြည်မှာ ရှေ့နေတွေ၊ တရားသူကြီးတွေ ဘာ့ကြောင့် နည်းနေရတာလဲ။

**နတ်ပြည်ပုဂ္ဂိုလ်။** ။ ဘာ့ကြောင့်ဆို လူ့ပြည်ကနေ ဇိဝိန်ချုပ်တဲ့အခါ ကျုပ်တို့နတ်ပြည်ကို တက်လာတဲ့သူ နည်းလွန်းလွန်းလို့ပေါ့ဗျာ။ ခင်ဗျားတို့ ငရဲပြည်မှာသာ များချင်တိုင်း များနေတာ။

**ငရဲပြည်ပုဂ္ဂိုလ်** ။ ။ အယ်…

မြို့မေတ္တာခံယူမည့်
ကိုရွှေရှေးသား



www.burmeseclassic.com

www.burmeseclassic.com

# ဂျပန်ခေတ် နိုင်ငံတော်လုပ်ကြံမှုကြီး

## လှမိုး(ပညာရေး)

ယခုရေးသားဖော်ပြမည့် "ဂျပန်ခေတ် နိုင်ငံတော်လုပ်ကြံမှုကြီး"သည် ကျွန်တော်တို့ မြန်မာနိုင်ငံ လွတ်လပ်ရေးတိုက်ပွဲနှင့် ဆက်နွယ်နေသော သမိုင်းဖြစ်စဉ်တစ်ခု ဖြစ်ပါသည်။ သို့သော် ထိုဖြစ်ရပ်ဖြစ်ပွားစဉ်က အကြောင်းကြောင်းကြောင့် ထိုဖြစ်ရပ်မှန်အား မြန်မာနိုင်ငံလူထု သိရှိခြင်းမရှိအောင် ထိုဖြစ်ရပ်သတင်းအား တာဝန်ရှိသူများက မှောင်ချထားခဲ့ကြပါသည်။

ထိုစဉ်ကာလက ယင်းဖြစ်ရပ်ကို တိတိကျကျ သိရှိကြသူများကလည်း ရေငုံနှုတ်ပိတ်နေခဲ့ကြသဖြင့် မြန်မာလူထုအဖို့ သိခွင့်မရခဲ့။ ဤဖြစ်ရပ် ဖြစ်ပွားသည့်အချိန်တွင် ကျွန်တော်သည် အလယ်တန်းကျောင်းသားတစ်ဦး ဖြစ်နေပြီး စာစုံဖတ်နေသည်သာမက အရှေ့အာရှလူငယ်သင်တန်းနှင့် ကျွန်တော်တို့ မြို့စောင့်ဂျပန်ဘုရင့်တပ်ဖွဲ့ တာဝန်ခံ ဂျပန်စစ်ဗိုလ် အေတာမိုတိုဆန်တို့ ဦးစီးဖွင့်သော ဂျပန်ဘာသာစာသင်ကျောင်းတွင် အထက်တန်းကျောင်းသားတစ်ဦး ဖြစ်နေပြီဖြစ်ပါသည်။

ကျွန်တော်သည် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ပွားမီမွေးဖွားခဲ့သူတစ်ဦးဖြစ်ပြီး အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း ဘုမသိ ဘမသိနှင့် ဒုတိယကမ္ဘာစစ်ကြီး ရုတ်တရက် မြန်မာနိုင်ငံကို ကူးစက်လာသည်ကို ကြုံခဲ့ရပါသည်။ စစ်ကာလသုံးနှစ်အတွင်း ကျွန်တော်တို့မြို့အပါအဝင် ခရိုင်အတွင်းရှိ မြို့များအားလုံးတွင် ဗုံးတွေ တဝုန်းဝုန်းပေါက်ကွဲပြီး စက်သေနတ်ပစ်ခတ်သံတွေ နေ့တိုင်းကြားခဲ့ရပါသည်။ သူငယ်တန်းကျောင်းသားဘဝက လက်တွဲ၍ကျောင်း


Greater Asia
RANGOON : MONDAY, AUGUST 2, 1943
Burma Declares Her Independence To The World
War on Britain & America Declared
TREATY OF ALLIANCE BETWEEN NIPPON AND BURMA SIGNED
PREMIER BA MAW BECOMES HEAD OF STATE
WITHDRAWAL OF MILITARY ADMINISTRATION
SIGNING OF THE TREATY OF ALLIANCE
THE TREATY OF ALLIANCE



www.burmeseclassic.com

www.burmeseclassic.com

တက်ခဲ့သူ၊ စိန်ပြေးတမ်း၊ တူတူပုန်းတမ်း၊ ကျည်းသားရိုက်တမ်း၊ ကျောက်ဒိုးပစ်တမ်း ကစားဖော်ဖြစ်သော မောင်သန်းလေးနှင့် သန်းမြင့်တို့မိသားစုတို့ ခိုအောင်းနေသော ဗုံးခိုကျင်းပေါ်သို့ ဗုံးကျသဖြင့် မိသားစုအားလုံး ကွယ်လွန်ခဲ့ရသည်။ စိတ်မချမ်းမြေ့ဖွယ်ရာအဖြစ်များ စသော စစ်ကြီး၏နိမိတ်ပုံများသည် ယနေ့ထိ မျက်စိထဲမှ ပျောက်မရဖြစ်ခဲ့ရ၏။

ကျွန်တော်သည် ကျွန်တော်အလယ်တန်းကျောင်းသားဘဝက ကိုယ်တွေ့ကြုံခဲ့ရသော စစ်ကြီးအတွင်း ဖြစ်ပွားခဲ့သော ဖြစ်စဉ်အများကို ယနေ့မျိုးဆက်သစ်လူငယ်များကို သိစေလိုသည်။ သို့ဖြစ်၍ အလျဉ်းသင့်သည့်အခါတိုင်း ဒုတိယကမ္ဘာစစ်ကြီးနှင့် ပတ်သက်သော ဆောင်းပါးများ ရေးသားခဲ့ပါသည်။

ယခုရေးသားဖော်ပြမည့် ဖြစ်ရပ်ကိုမူ ကျွန်တော်တို့ သိခွင့်မရခဲ့။ မှတ်မှတ်ရရ ထိုစဉ်က ကျွန်တော့်ဇာတိမြို့ အရှေ့အရပ် လူငယ်အသင်းဥက္ကဋ္ဌ ကျွန်တော့်ဦးလေး အလယ်တန်းကျောင်းအုပ်ဆရာကြီး ဦးကိုလေး ဖြစ်ပါသည်။ ဥက္ကဌလတာဝန်ခံမှာ ကျွန်တော်တို့ကျောင်းမှ သံမဏိတပ်ဖွဲ့ခေါင်းဆောင် ကိုထွန်းကြွယ်(နောင်အခါ အလံနီ၊ တောတွင်းကျဆုံး) ဖြစ်ပါသည်။ သူတို့သည် ထိုဖြစ်ရပ်ကို သိကြဟန်မတူ။

ထို့အတူ ကျွန်တော်နှင့်ခင်မင်သူ ဝန်ထမ်းတပ်မှူးဦးသော်(မင်းအူ၊ ကွယ်လွန်)တို့လည်း ရေငုံနှုတ်ပိတ်နေကြရာ ကျွန်တော်တို့ ကျောင်းသားလူငယ်များအဖို့ သိခွင့်မရခဲ့သော ဖြစ်စဉ်ဖြစ်မည်ဟု ကျွန်တော်ထင်ပါသည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံး၍ ၁၉၄၆ ခုနှစ်တွင် ကျွန်တော်တို့ အကြိုတက္ကသိုလ်ဝင်တန်းသို့ တက်ရောက်စာသင်ကြားနေစဉ် မြန်မာ့အလင်းသတင်းစာတိုက်မှ ထုတ်ဝေသော သခင်နုရေးသားသည့် "ငါးနှစ်ရာသီ ဗမာပြည်"ကို ကျွန်တော်တို့ ဖတ်ရှုခဲ့ရသောအခါ တအံ့တသြဖြစ်သွားသည်။ ထိုစာအုပ်ထဲတွင် ကျွန်တော်တို့ ဂျပန်ခေတ်က သိခွင့်မရခဲ့သော နိုင်ငံတော်လုပ်ကြံမှုကြီးအကြောင်းကို အသေးစိတ်ရေးသားဖော်ပြခဲ့ပါသည်။ ထိုစဉ်က သခင်နုမှာ အဓိပတိဒေါက်တာဘမော်၏အစိုးရအဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ယူဆောင်ရွက်နေချိန် ဖြစ်သည်။ ဤ"နိုင်ငံတော်လုပ်ကြံမှု"နှင့် ဆက်နွယ်နေသော ဖြစ်စဉ်များကို ဖော်ပြရမည် ဖြစ်ပါသည်။ ၁၉၄၂ ခု၊ ဩဂုတ်လ ၁ ရက်နေ့တွင် မြန်မာနိုင်ငံ ဂျပန်ဘုရင့်တပ်မတော် စစ်သေနာပတိ ဗိုလ်ချုပ်ကြီးအီဒါးက ဂျပန်စစ်အုပ်ချုပ်ရေးလက်အောက်ခံ ဒေါက်တာဘမော်ခေါင်းဆောင်သော ရုပ်သေးအစိုးရအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းပေးခဲ့သည်။

အစိုးရအဖွဲ့တွင် ဒေါက်တာဘမော်၏ ဆင်းရဲသားဝံသာနုအဖွဲ့နှင့် တို့ဗမာအစည်းအရုံးတို့ ပူးပေါင်းဖွဲ့စည်းထားသော အဖွဲ့ဖြစ်၏။ သို့ဖြစ်၍ ထိုအဖွဲ့နှစ်ဖွဲ့မှ ခေါင်းဆောင်များ ပါဝင်ကြ၏။

(၁) ဒေါက်တာဘမော် [ဝန်ကြီးချုပ်၊ ပြည်ထဲရေးဝန်ကြီး] (၂) သခင်မြ [ဌာနလက်ကိုင်မရှိ ဝန်ကြီး] (၃) ဒေါက်တာသိမ်းမောင် [ဘဏ္ဍာရေးဌာနဝန်ကြီး] (၄) သခင်ထွန်းအုပ် [သစ်တောရေးရာဌာနဝန်ကြီး] (၅) သခင်ဗစိန် [လမ်းပန်းဆက်သွယ်ရေးဌာနဝန်ကြီး] (၆) သခင်သန်းထွန်း [မြေနှင့် လယ်ယာစိုက်ပျိုးရေးဌာနဝန်ကြီး] (၇) ဦးဘဝင်း





www.burmeseclassic.com

www.burmeseclassic.com

[ပညာရေးနှင့် ကျန်းမာရေးဌာနဝန်ကြီး] (၈) ဦးထွန်းအောင် [တရားရေးဌာနဝန်ကြီး] (၉) ဗန္ဓုလဦးစိန် [လမ်းပန်းနှင့် အဆောက်အအုံဌာနဝန်ကြီး] (၁၀) ဦးလှဖေ [ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုဌာနဝန်ကြီး]။

ဒေါက်တာဘမော်အစိုးရ၏ ဝါဒမှာ တစ်သွေး၊ တစ်သံ၊ တစ်မိန့် ဖြစ်၏။ အုပ်ချုပ်ရေးစနစ်မှာ အာဏာရှင်အုပ်ချုပ်ရေးစနစ်ဖြစ်သဖြင့် ဝန်ကြီးချုပ် ဒေါက်တာဘမော်မှာ အာဏာရှင်ဖြစ်လာသည်။ ထို့နောက် ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင်မူ ထိုစဉ်က ဂျပန်စစ်ဗိုလ်ချုပ် ကဝါဘီက စစ်အုပ်ချုပ်ရေးအစိုးရ ရုပ်သိမ်းကြောင်းကြေညာပြီး မြန်မာနိုင်ငံအား ဂျပန်ဘုရင်အစိုးရက လွတ်လပ်ရေးပေးကြောင်း ကြေညာခဲ့၏။ ဂျပန်စစ်သေနာပတိ ကဝါဘီက ဒေါက်တာဘမော်ခေါင်းဆောင်သော အဖွဲ့ဝင် ၂၂ ဦးပါသည့် လွတ်လပ်ရေးစီစဉ်မှုကော်မတီကို ဖွဲ့စည်းကာ အစိုးရအဖွဲ့သစ်ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းခဲ့၏။

(၁) ဒေါက်တာဘမော် - နိုင်ငံတော်အဓိပတိ၊ (၂) သခင်မြ - ဒုတိယဝန်ကြီးချုပ်၊ (၃) ဒေါက်တာသိမ်းမောင်-ဘဏ္ဍာရေးဌာန၊ (၄) ဦးထွန်းအောင် - ပူးပေါင်းဆောင်ရွက်ရေးဌာန၊ (၅) ဦးဘဝင်း - ပြည်ထဲရေးဌာန၊ (၆) ဗန္ဓုလဦးစိန် - ကြီးပွားရေးနှင့် ဝါဒဖြန့်ချိရေး (၇) ဦးလှဖေ - သစ်တောဌာန၊ (၈) သခင်သန်းထွန်း - မြေနှင့်စိုက်ပျိုးရေးဌာန၊ (၉) ဦးသိန်းမောင် - တရားရေးဌာန၊ (၁၀) ပျော်ဘွယ်ဦးမြ - ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုဌာန၊ (၁၁) ဦးလှမင်း - ပညာရေးနှင့် ကျန်းမာရေးဌာန၊ (၁၂) ဦးအေး-အခွန်တော်ဌာနနှင့် သယ်ယူပို့ဆောင်ရေး (၁၃) သခင်လေးမောင် - ဆည်မြောင်းဌာန၊ (၁၄) သခင်နု - နိုင်ငံခြားရေးဌာန၊ (၁၅) ဗိုလ်ချုပ်အောင်ဆန်း - ကာကွယ်ရေးဌာန၊ (၁၆) သခင်လွန်းဘော် - လမ်းပန်းအဆက်အသွယ်နှင့် ပြန်လည်ထူထောင်ရေးတို့ ဖြစ်ကြသည်။

ထိုစဉ်က ဖက်ဆစ်ဂျပန်တို့သည် သူတို့ပေးသော လွတ်လပ်ရေးကို အထင်ကြီးစေရန် ထိုနေ့ကို မြန်မာနိုင်ငံတစ်နိုင်ငံလုံး ခမ်းနားစွာ ကျင်းပစေပြီး ကျယ်ကျယ်ပြန့်ပြန့် ဝါဒဖြန့်သည်။ သို့သော် မြန်မာလူထုကမူ ဂျပန်တို့ပေးသော လွတ်လပ်ရေးကို ရွှေရည်စိမ်လွတ်လပ်ရေးဟု သရော်လှောင်ပြောင်ကြ၏။ အဓိပတိအာဏာရှင် ဒေါက်တာဘမော်ကိုလည်း ခွာနာရှင်ဟု ကင်ပွန်းတပ်ခဲ့ကြ၏။

လွတ်လပ်သော မြန်မာနိုင်ငံ အဓိပတိအာဏာရှင် ဒေါက်တာဘမော်၏ စံအိမ်တော်ကို ထိုစဉ်က ဂျပန်ဘုရင့်တပ်မတော် စစ်ဦးစီးဌာနချုပ်ပြုလုပ်ထားသော ဗြိတိသျှဘုရင်ခံ၏အိမ်တော် (ထိုအိမ်တော်ဟောင်းအား လွန်ခဲ့သော နှစ် ၃၀ ခန့်က ဖျက်ဆီးခဲ့ပြီး ဖြစ်ပါသည်။) ကြီး တစ်စိတ်တစ်ပိုင်းအား ပေးထားခဲ့သည်။ ထို့နောက် ဂျပန်ဘုရင့်တပ်မတော်စစ်ဌာနချုပ်အား ပြည်လမ်းရှိ ဆရာဖြစ်သင်ကောလိပ်သို့ ပြောင်းရွှေ့ခဲ့သည်။ အဓိပတိအာဏာရှင်မိသားစုများသာ နေထိုင်ခဲ့ကြ၏။

အဓိပတိ၏ စံအိမ်တော်ကို ကာကွယ်စောင့်ရှောက်ရန် ဗမာ့ကာကွယ်ရေးတပ်မတော် တပ်ရင်းတစ်ရင်း၏ တပ်ခွဲတစ်ခွဲက တာဝန်ယူစောင့်ရှောက်ရသည်။ တပ်ခွဲမှူးမှာ ဗိုလ်ကြီးအောင်စိန်(ရုပ်ရှင်ဒါရိုက်တာ၊ စာရေးဆရာ ဦးညာဏ၏ သမက်ဖြစ်သည်ဟု သိရသည်) ဖြစ်သည်။

ဤဆောင်းပါးအထက်တစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း အဓိပတိဒေါက်တာဘမော်အား လုပ်ကြံရန်ကြံစည်မှုအကြောင်းကို ထိုစဉ်က နိုင်ငံခြားရေးဝန်ကြီးသခင်နုက သူ၏ "ငါးနှစ်ရာသီ ဗမာပြည်"စာအုပ်တွင် ရေးသားဖော်ပြခဲ့ပါသည်။ ထိုလုပ်ကြံမှုကြီး ဖြစ်ပွားခဲ့သောညက အခြေအနေအသေးစိတ်ကို သခင်နုအား ဗိုလ်လက်ျာက ပြောပြခဲ့သည်ဟု ဆိုသည်။ သို့သော် ကံကောင်းထောက်မသဖြင့် အဓိပတိအာဏာရှင် ဒေါက်တာဘမော်မှာ အသက်ဘေးမှ လွတ်ခဲ့သည်။ အဓိပတိကြီးအား လုပ်ကြံရန် စံအိမ်တော်အတွင်း ဝင်လာသူမှာ ဂျပန်ဘုရင့်တပ်မတော်သား အဆာဟီ ဆိုသူဖြစ်သည်။ သူနှင့်အတူပါလာသူမှာ ဗြိတိသျှကိုလိုနီခေတ်က နာမည်ကျော်လူဆိုး လမ်းမတော်ဖိုးတုတ်၏ တပည့်တစ်ယောက်ဖြစ်သည်ဟု ဆိုသည်။ ထိုဂျပန်နှင့်ပါလာသူ မြန်မာအမျိုးသားအား သက်ဆိုင်ရာ ဂျပန်ကင်ပေတိုင်အဖွဲ့မှ စစ်ဆေးအရေးယူရန် ခေါ်ယူသွားခဲ့သည်ဟု သိရသည်။

ထိုမအောင်မြင်ခဲ့သော လုပ်ကြံမှုကြီးအကြောင်းအား နောင်အခါ မြန်မာစာရေးဆရာကြီးအချို့က ဂျာနယ်အချို့တွင်လည်းကောင်း၊ သတင်းမဂ္ဂဇင်းများတွင်လည်းကောင်း ရေးသားဖော်ပြခဲ့ကြ၏။ သို့သော် တိတိကျကျ ဖော်ပြခဲ့ခြင်းမရှိခဲ့ကြပေ။ ဤနိုင်ငံတော်လုပ်ကြံမှုကြီး၏ ဖြစ်စဉ်မှာ အောက်ပါ



www.burmeseclassic.com

www.burmeseclassic.com

ပါအတိုင်းဖြစ်၏။

၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးအောင်ပွဲသဘင် ကျင်းပပြီး လေးငါးလကြာမြင့်သည့် ခန့်မှန်းခြေအားဖြင့် ဒီဇင်ဘာလ၏ မှောင်မိုက်သော ညတစ်ညဖြစ်သည်။ အစိုးရလေကြောင်းရန်ကာကွယ်ရေးဌာနမှ ရန်သူလေယာဉ်ပျံများ ရန်ကုန်မြို့သို့ ပျံသန်းလာနေသည့် သတိပေးသည့် ဥသြဆွဲသံများ ထွက်ပေါ်လာသည်။ ထိုစဉ်ကာလ လေယာဉ်ပျံများမှာ ယခုခေတ် လေယာဉ်ပျံများကဲ့သို့ ပျံသန်းနှုန်းမြန်ဆန်ခြင်းမရှိရကား လေယာဉ်ပျံများ ဖြတ်သန်းပျံသန်းလာသည့် မြို့ရွာများရှိ လေကြောင်းရန်ကာကွယ်ရေးအဖွဲ့များက တယ်လီဖုန်း၊ ဝါယာလက်တို့ဖြင့် ရန်ကုန်သို့ ကြိုတင်သတိပေးနိုင်သည်။ ၁၉၄၂ ခုနှစ်၊ မတ်လအတွင်းက မြန်မာ့လေကြောင်းပိုင်နက်မှ ပျောက်ခြင်းမလှ ပျောက်သွားရသော ဗြိတိသျှဘုရင့်လေတပ်မတော်သည် မဟာမိတ်၊ အမေရိကန်ပြည်ထောင်စု၏ အကူအညီပေးမှုကြောင့် နာလန်ထူလာသည်။ သို့ဖြစ်၍ ၁၉၄၃ ခုနှစ် ဆန်းကစ၍ ဗြိတိသျှဘုရင့်လေတပ်မတော်မှ ဗုံးကြဲတိုက်လေယာဉ်ပျံများသည် ရန်ကုန်မြို့တော်အပါအဝင် မြန်မာနိုင်ငံရှိ မြို့ကြီးများအား ဗုံးကြဲတိုက်ခိုက်ခဲ့နိုင်သည်။ အမေရိကန်ပြည်ထောင်စု၊ လေတပ်မတော်မှ လေယာဉ်ပျံကလည်း ဗြိတိသျှဘုရင့်လေတပ်မတော် လေယာဉ်ပျံများနှင့် ပူးတွဲ၍ ထိုးစစ်ဆင်ခဲ့ကြရာ ဂျပန်ဘုရင့်လေတပ်မတော်မှာ အထိနာခဲ့ရသည်။

မြန်မာ့လေပိုင်နက်အား မဟာမိတ်လေတပ်မတော်မှ လေယာဉ်များက စိုးမိုးထားခဲ့ပြီး ရန်ကုန်မြို့တော်ရှိ ပစ်မှတ်များကို ရက်ခြားဗုံးကြဲတိုက်ခိုက်တော့သည်။ အထက်တွင် ဖော်ပြခဲ့သော လေကြောင်းရန် အချက်ပေးဥသြသံ ထွက်လာသည်နှင့် ဂျပန်ဘုရင်လေယာဉ်ပျံအမြောက်တပ်မှ မီးမောင်းကြီးများသည် ထက်ကောင်းကင်ရှိ ရန်သူလေယာဉ်တို ရှာတော့၏။ ထိုနေ့က ရန်ကုန်လူထုက စိန်ပေဒါကြီးဟု တင်ပွန်းတပ်ထားသော လေယာဉ်ပစ်အမြောက်ကြီးများသည် တရုန်းရုန်း တဒိုင်းဒိုင်းပစ်ခတ်နေ ရှိသည်။ သို့သော် ထိုလုပ်ကြံမှုကြီးဖြစ်ပွားခဲ့သော နေ့ကမူ လေကြောင်းရန်အချက်ပေးဥသြမှုတ်နေသော်လည်း ခါတိုင်းကဲ့သို့ လေယာဉ်ပျံရှာဖွေသော မီးမောင်းကြီးများလည်း ကောင်းကင်သို့ တိုးထွက်လာခြင်းမရှိ၊ တဝီဝီမြည်လာသော လေယာဉ်ပျံသံလည်း မကြားရ။ စိန်ပေဒါကြီးများကလည်း တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

သို့ဖြစ်၍ နိုင်ငံတော်အဓိပတိနှင့်မိသားစု လုံခြုံရေးကိုတာဝန်ယူထားရသော ဗမာ့တပ်မတော်မှ အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများအဖို့ တအံ့တဩဖြစ်ကြရတော့၏။ ပို၍ထူးဆန်းနေသည်မှာ ခါတိုင်းဆိုလျှင် လေကြောင်းရန်အချက်ပေးဥသြသံ ကြားရသည်နှင့် အဓိပတိကြီး၏ မိသားစုသည် ဗုံးခိုကျင်းရှိရာသို့ ချဉ်းကပ်လာခြင်းမရှိသည့်အတွက် ဖြစ်သည်။ အဘယ်ကြောင့် အဓိပတိကြီး၏မိသားစု ဗုံးခိုကျင်းရှိရာသို့ ဆင်းမလာကြသနည်း။

အမှောင်ချထားသဖြင့် အိမ်တော်ကြီးနှင့် အိမ်တော်ပရဝုဏ်တစ်ခုလုံးမှာ မှောင်နဲ့မည်းမည်း ဖြစ်နေသည်။ ပုရစ်မြည်သံများမှတစ်ပါး အခြားတစ်စုံတစ်ရာအသံ မကြားရသဖြင့် အိမ်တော်ပရိဝုဏ်တစ်ခုလုံးမှာ ကျောချမ်းစဖွယ် တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ သို့သော် လှရိပ်များကို တွေ့ရသဖြင့် အစောင့်တာဝန်ကျ ရဲဘော်များက ဗုံးခိုကျင်းရှိရာသို့ ချဉ်းကပ်သွားကြရာ လက်နက်များကို ကိုင်ဆောင်ထားသော အရပ်သားနှစ်ဦးအား တွေ့ရတော့၏။ ဤတွင် လုံခြုံရေးထားေ ဘ ဗမာတပ်မတော်သားများကလည်း ထိုသူနှစ်ဦးအား ဖ ဲ ဒီးထားကြပြီး အော်ဟစ်မေးမြန်းနေသော အသံများကို ကြားရသဖြင့် တပ်ခွဲမှူး ဗိုလ်ကြီးအောင်စိန်သည် အဓိပတိကြီးအား လုပ်ကြံရန် အကြံအစည်မှန်း သိသွားခဲ့၏။ ထိုဖမ်းဆီးရမိခဲ့သော ပုဂ္ဂိုလ်နှစ်ဦးမှာ တစ်ဦးမှာ ဂျပန်အမျိုးသား ဖြစ်ပြီး၊ တစ်ဦးမှာ ထိုစဉ်ကာလက လူသိများသော ဦးကျော်မြင့်ကလေး ဖြစ်နေသည်။

ဦးကျော်မြင့်ကလေးမှာ နယ်နယ်ရရ ပုဂ္ဂိုလ်တစ်ဦး မဟုတ်ပေ။ ဂျပန်ဘုရင်စစ်အုပ်ချုပ်ရေးအဖွဲ့၏ သဘောတူညီချက်ဖြင့်လည်းကောင်း၊ ဂျပန်ဘုရင်အစိုးရ ကြိုးကိုင်ဖွဲ့စည်းခဲ့သော အာရှလူငယ်အသင်း ဒုတိယဥက္ကဋ္ဌဖြစ်နေသည်။ သူတို့နှစ်ဦးသည် အဘယ်ကြောင့် အဓိပတိကြီးအား လုပ်ကြံရန် ကြံစည်ခဲ့ကြသနည်း။ သူတို့နောက်ကွယ်မှ အာဏာရှိသူ၊ တာဝန်ရှိသူနှင့် မြန်မာနိုင်ငံ ဂျပန်ဘုရင့်တပ်မတော်ဌာနချုပ်မှ တာဝန်ရှိသူများပါဝင်ခဲ့သလော။ လေကြောင်းရန်အချက်ပေး ဥသြသံကို ကြားရသော အဓိပတိနှင့် မိသားစုများ ဗုံး

www.burmeseclassic.com

နီကျွင်းရှိရာသို့ ဆင်းမလာခဲ့ကြသနည်း။ ဤလုပ်ကြံမှုကို အဓိပတိ ဒေါက်တာဘမော် ကြိုတင်သိရှိထားသလော။ ဤကဲ့သို့ လုပ်ကြံမှုကြံစည်သူ တရားခံနှစ်ဦးအား ဗမာ့တပ်မတော်တပ်ခွဲမှ တာဝန်ရှိသူများက ဖမ်းဆီးထားစဉ် ထိုတရားခံနှစ်ဦးအား ဂျပန်စစ်ထောက်လှမ်းရေးအဖွဲ့မှ သက်ဆိုင်ရာသို့ ခေါ်ဆောင်သွားသည်ဟု သိရ၏။

ထိုစဉ်က ထွက်ပေါ်လာသော ထိပ်တန်းလျှို့ဝှက်သတင်းများအရ အဓိပတိ အာဏာရှင် ဒေါက်တာဘမော်သည် သူ့အားလုပ်ကြံမည့်အစီအစဉ်ကို ကြိုသိရှိထားသည်ဟု သိရ၏။ လေကြောင်းရန်အချက်ပေးမှုမှာ ဤလုပ်ကြံမှုတွင် ပူးပေါင်းပါဝင်သော ဂျပန်စစ်ဌာနချုပ်မှ အရာရှိကြီးများ၏ တမင်ဖန်တီးသော ,လေကြောင်းရန်အချက်ပေးဥပဒေမျှသာ ဖြစ်၏။

မှတ်တမ်းများအရ အာရှလူငယ်အသင်း ဖွဲ့စည်းတည်ထောင်ရာတွင် နောက်ကွယ်မှ ကြိုးကိုင်သူမှာ ဂျပန်ဘုရင့်အစိုးရအား လိုလားသူ၊ ဂျပန်နဂါးနက်အသင်းမှ တာဝန်ရှိသူ မစ္စတာကိုမိုဒါး ဆိုသူဖြစ်၏။ အတိတ်သမိုင်းမှတ်တမ်းအရ "နဂါးနက်" Black Dragon အသင်းကြီးကို ၁၉၀၁ ခုနှစ်က ဂျပန်မျိုးချစ်လူငယ်များက တည်ထောင်ခဲ့ခြင်းဖြစ်၏။ "နဂါးနက်"အမည်မှာ ဒဏ္ဍာရီပုံပြင်များထဲက အာခံတွင်းမှ မီးလျှံတဝင်းဝင်းတောက်သော နဂါးတစ်ကောင်၏ အမည်ကို အသုံးပြုထားခြင်း မဟုတ်ပါ။ မန်ချူးရီးယားနှင့် ရုရှားနိုင်ငံအကြားရှိ "အမူယား"နဂါးနက်ဟူသော မြစ်၏ အမည်ကို ခံယူထားခြင်း ဖြစ်ပါသည်။ ထိုစဉ်က ဂျပန်တို့၏ ဝါဒမှာ ရုရှားနယ်ချဲ့သမားအား အရှေ့အာရှသို့ နယ်ချဲ့လာခြင်းကို တားဆီးရန်ဖြစ်သည်။ နောင်အခါ "နဂါးနက်"အသင်းသည် "အာရှတိုက်သည် အာရှတိုက်သားများအတွက် ဖြစ်သည်"ဟူသော ဝါဒကို စွဲကိုင်ထား၏။

ထိုအသင်းသားအများမှာ စစ်ဘက်၊ နယ်ဘက်မှ ထိပ်တန်းပုဂ္ဂိုလ်ကြီးများဖြစ်ရာ ဒုတိယကမ္ဘာစစ်ကြီး အရှေ့တောင်အာရှသို့ ကူးစက်လာခဲ့ပြီး အနောက်တိုင်း နယ်ချဲ့နိုင်ငံများ၏ ကိုလိုနီနိုင်ငံများကို ဂျပန်ဘုရင့်တပ်မတော်မှ သိမ်းပိုက်နိုင်သောအခါ နဂါးနက်အသင်းမှ တာဝန်ရှိသူအများသည် ထိုနိုင်ငံများ၏ နိုင်ငံရေးလှုပ်ရှားမှုများတွင် ထိပ်တန်းမှ ပါဝင်လာခဲ့၏။ သို့ဖြစ်၍ မစ္စတာကိုမိုဒါသည် ဒေါက်တာဘမော်အား လုပ်ကြံရန် ကြံစည်မှုတွင် နောက်ကွယ်မှ ပါဝင်သူဖြစ်လာသည်။

ဂျပန်စစ်ဘက်နှင့် နယ်ဘက် အာဏာပိုင်အများအနက် အချို့ပုဂ္ဂိုလ်များကမူ ဒေါက်တာဘမော်သည် ဥရောပတိုက်တွင် ပညာဆည်းပူးခဲ့သူဖြစ်သည်။ သို့ဖြစ်၍ ဗြိတိသျှနယ်ချဲ့သမားနှင့် အနောက်ဥရောပ နယ်ချဲ့သမားများကို သံယောဇဉ်ရှိသူတစ်ဦးဟု မှတ်ယူထားကြ၏။

ဒေါက်တာဘမော်သည် ဂျပန်အစိုးရအကြိုက် မည်မျှလိုက်လျောစေကာမူ ဂျပန်ဘုရင့်တပ်မတော်အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူအချို့ကမူ သူ့အား သံသယရှိခဲ့သည်သာမက အဓိပတိအာဏာရှင်တာဝန်မှ ဖယ်ရှားလိုက်သည်။ ဒေါက်တာဘမော်သည် ဗြိတိသျှတို့၏ သူလျှိုတစ်ဦးဖြစ်ပြီး ရန်ကုန်တွင် ဗုံးကြဲချရန် ပစ်မှတ်များကို ညွှန်ပြပေးနေသူဟု ယုံကြည်ထား၏။ သို့ဖြစ်၍ ဒေါက်တာဘမော်အား လုပ်ကြံရန် ကြံစည်ခဲ့ကြခြင်းဖြစ်၏။

မြန်မာလူမျိုးခေါင်းဆောင်အချို့ကလည်း ဒေါက်တာဘမော်ကို မလိုလား။ တရုတ်နိုင်ငံ နောက်ဆုံးဧကရာဇ် ပူရီဘုရင်အား မန်ချူးရီးယားနိုင်ငံတွင် ရုပ်သေးဘုရင်တင်မြှောက်သကဲ့သို့ မြန်မာနိုင်ငံတွင်လည်း သီပေါဘုရင်အနွယ်တော်တစ်ဦးအား ရုပ်သေးဘုရင်အဖြစ် တင်မြှောက်ရန် လိုလားကြ၏။ သို့ဖြစ်၍ ဤလုပ်ကြံမှုကို နဂါးနက်အသင်းနှင့် ဂျပန်စစ်ဘက်အရာအချို့က ကြိုးကိုင်ကာ ဆောင်ရွက်ခဲ့သည်။

ဤမအောင်မြင်သော လုပ်ကြံမှုတရားခံများဖြစ်သော ဦးကျော်မြင့်ကလေးနှင့် ဂျပန်အမျိုးသား မစ္စတာအဆိုင်တို့အား ဂျပန်ဘုရင့်တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကို စစ်ဆေးအရေးယူခဲ့သည်။ ဦးကျော်မြင့်ကလေးကိုမူ ဂျပန်နိုင်ငံသို့ ပို့ဆောင်ခဲ့ပြီး မစ္စတာအဆိုင်ကိုမူ ထောင်ဒဏ်ချမှတ်ခဲ့သည်ဟု ဆိုကြပါကြောင်း။

■ လှမိုး(ပညာရေး)

<u>ကျမ်းကိုး</u>

(၁) ငါးနှစ်ရာသီ ဗမာပြည်၊ သခင်နု။
(၂) **The Black Dragon Society**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ကန်နန်န

## Stories From History; The Lance of Kanana

By Harry W. French

■ ဦးတိုး(တက္ကသိုလ်)

( ယခင်လမှအဆက် )

### အခန်း(၄)

### အလျှာဟ်နှင့် အာရေးဗီးယားအတွက်

"ကန်နန်န ငါတို့ရဲ့ကန်နန်န" ကုလားအုတ်၏လည်ပင်းအား ရိုက်နှက်၍ အော်ပြော၏။ ညစ်ပတ်ပေရေနေသော ကုလားအုတ်ဖြူသည် ရိုက်, နှက်ခံရသည့်အတွက် နိုးကြားလှုပ်ရှားတာ မကျေနပ်သော အမူအရာဖြင့် မထွက်ခွာခင် ဝက်ကဲ့သို့အသံကို ဆက်တိုက် အော်လိုက်လေသည်။

"ကန်နန်န ကန်နန်န"သူ့အစ်ကိုက ခေါ်ပြန်၏။ တစ်ဘို့ကုလားအုတ်သည် အမှောင်ထုအတွင်း ချင်းနင်းဝင်ရောက်သွားသည်ကို မြင်တွေ့လိုက်ရသည်။ သို့ရာတွင် သူ၏တုံ့ပြန်ချက်အဖြစ် သိုးထိန်း၏တုတ်ရှည်ဖြင့် မြောက်ဘက်သို့ လက်ကိုဆန့်တန်းပြသွားလေတော့သည်။

"ငါ့ညီတော်မောင်က ဒီလိုနည်းနဲ့ ငါ့ကိုထားမသွားပါနဲ့ကွာ။ သူ့မှာ တာကွယ်ဖို့ လက်နက်လည်းမရှိဘူး။ နောက်ပြီး သီးနှံလည်း နည်းနည်းပဲရှိတော့တယ်"

တစ်ဖန် ကုလားအုတ်ကို ခပ်ဆတ်ဆတ်ရိုက်လိုက်ပြန်ရာ တိရစ္ဆာန်သည် ရှေ့သို့သွားရန် အနည်းငယ်သာ စတင်ရွေ့လျားလိုက်၏။ တစ်ဘို့ကုလားအုတ်သည် ညအချိန် သူ့ကိုနှင်ရန် ခဲယဉ်းလှပေ၏။ ထို့နောက် ကုလားအုတ်သည် လမ်းပေါ်သို့ လုံးလုံးလျားလျားမရောက်မီ မှောင်မိုက်သော အရိပ်အတွင်း လျင်မြန်စွာ နစ်မြုပ်သွားတော့သည်။

"သွားစမ်း" စီးသူက ကြမ်းတမ်းစွာပြော၍ သူ့အား ရိုက်ပြန်၏။ တစ်ဖန် ကုလားအုတ်သည် အနည်းငယ်သာ မြန်သည်ဆိုရုံလေး သွားပြန်၏။ သို့ရာတွင် သူသည် နှေးကွေးလေးလံစွာ အလုပ်လုပ်လေ၏။ အကြောင်းမှာ သူ့အား အလုံးစုံသော ဆက်ဆံပုံကို မနှစ်မြို့က်၍ဖြစ်၏။

စီးသူ၏ မျက်လုံးများသည် သူနှင့်ဝေးရာနေရာ၌ မှုန်ဝါးစွာ ငုံ့လျှိုးပျောက်ကွယ်နေသော ကောက်ကြောင်းအရိပ်ပုံကို သေချာစွာ စူးစိုက်ထားသည်။ သူနောက်ဆုံး မြင်လိုက်သော အရာမှာ သိုးထိန်းတုတ်ရှည်ကို ကိုင်ထားသောလက်နှင့် လက်မောင်းသည် မြောက်ဖက်သို့ ညွှန်ပြသွားသည်ကို မြင်လိုက်ရလေ၏။ ထို့နောက် အားလုံး ပျောက်ကွယ်သွားတော့သည်။

သူသည် ထိုလမ်းကြောင်းအတိုင်း တစ်နာရီခန့်အထိ လိုက်သွားသော်လည်း ကုလားအုတ်နှင့် သူ့ခရီးကို စကတည်းက လမ်းမှားသို့လိုက်သွားခဲ့ကြောင်း ထင်ရှားနေလေ၏။ မနေ့ညကလောက် သွားနှုန်းမြန်အောင် တွန်းအားမပေးနိုင်ကြောင်းတွေ့ရှိရလေသည်။

တစ်ဘို့ကုလားအုတ်အား ကျော်ဖြတ်သွားရန် အင်အားမသုံးနိုင်သည့်ပြင် နှစ်ဆခန့် စိတ်ဆိုးမာန်ဆိုးနှင့် ပြိုင်ဆိုင်ခြင်းကို လက်လျှော့လိုက်၍ မြောက်ဘက်သို့လှည့်လိုက်တော့သည်။

ကန်နန်နသွားနေသော ရှေ့မှလမ်းသည် ပါရှားနှင့် မက္ကာသွား လမ်းမကြီးအကြား ဖြစ်၏။ အချို့ ရာသီဥတု၌ နာရီအတော်ကြာသည်အထိ ကန့်လန့်ဖြတ် သွားကြရသော်လည်း နွေဥတုအလယ်တွင်မူ အာရပ်မြေကို သွားရန် သဲကန္တာရ၏ အလယ်တည့်တည့်သို့ ဖြတ်သန်းသွားကြရပေသည်။

မိုးရာသီသို့ လုံးဝကျရောက်သည့်အချိန်၌ ချိုင့်ကြီးများအတွင်း မကြာခဏ ရေကန်များကို ဟိုနေရာသည်နေရာ အနှံ့အပြား၌ တွေ့ရတတ်သည်။ နောက်ပိုင်း၌ ရှိုင်း၍သန့်မာသော မြက်များသည် တစ်ခါတည်းရှိ

www.burmeseclassic.com

လမ်းတစ်လျှောက် မိုင်ပေါင်းများစွာ အထိ ပေါက်ရောက်နေတတ်ကြသည်။

သို့ရာတွင် နည်းနည်းချင်း သူတို့ ပျောက်ကွယ်သွားတတ်၏။ တစ်ဖန် အစိမ်းရောင်သန်း ဒိုအေစစ်တို့သည် အလယ်၌ ကွဲ၍သွားပြီး စမ်းရေနှင့် ရေတွင်းတို့သည် နွေဥတုအလယ် မရောက်မီ သူတို့သည်လည်း ခန်းခြောက်ကုန်ကြသည်။

သို့ရာတွင် တစ်ကိုယ်တည်းနေရသော မျှော်မှန်းချက်သည် တကယ်တော့ ကန်နန်နအတွက် စိတ်ဓာတ်ကျဆင်းစရာ မဟုတ်ချေ။ ဤရာသီ၌ သဲကန္တာရကို လူရလူဝေးများ ဖြတ်သန်းသွားကြသည်ကိုပင် မကသေး မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့လိုချေ။

အကယ်၍ ခပ်ဝေးဝေးတွင် လှုပ်ရှားနေသော အရိပ်ပေါ်လာလျှင် သူတစ်ဖက်သို့ လှည့်လိုက်မည်ဖြစ်ပြီး သူတို့ဖြတ်သွားကြသည်အထိ သဲပြင်ပေါ်၌ တစ်ဘို့ကုလားအုတ်အား လဲလျောင်းစေမည်ဖြစ်၏။

တစ်ဘို့ကုလားအုတ်မည်း သည် လန်းဆန်းနေပြီး ဘီဒိုအင်သူငယ်သည် သူ၌ အင်အားကျန်ရှိနေသည်နှင့်အညီ သူ၏အင်အားရှိသမျှကို မည်သို့ အသုံးချရမည်ကို သိရှိ၏။ သို့ရာတွင် ယင်းသည် အလွှာဟ်နှင့် အာရေးဗီးယားအတွက် သဲကန္တာရကို ဖြတ်သန်းနေခြင်းဖြစ်ပြီး နှိုင်းယှဉ်ရလျှင် ကန်နန်နသည် သူ၏အသက်ကို သော်လည်းကောင်း၊ တစ်ဘို့ကုလားအုတ်၏ အသက်ကိုသော်လည်းကောင်း အရင်စလိုပြုရန် မမှုတော့ချေ။

သူသည် လှည်းတန်းများ နားနေကျနေရာကို ဂရုမစိုက်ဘဲ နှစ်ဦးလောက်ကို ညစဉ်ဖြတ်ကျော်ရန် မျှော်လင့်ခဲ့ရာ တစ်ဘို့ကုလားအုတ်၏ ခံနိုင်ရည်အင်အား ကျဆင်းလာသည်အထိ ဖြစ်၏။

မနက်ပိုင်းလိုပင် နေသည် သူ့လမ်းကြောင်းပေါ်၌ သူမရပ်နားမီ အထိ ကောင်းစွာရှိနေလေ၏။ နောက်မကြာမီ နေဝင်သွားလေရာ သူ၏အရိပ်ကို သဲပြင်ပေါ်၌ လိုက်နေရလေ၏။

တစ်ဘို့ကုလားအုတ်သည် ပိုမို၍ ရှန်းကန်နေရလေ၏။ တစ်ဆယ့်နှစ်ညလွန်သော် ကာလစ်၏ ဂုဏ်ကျက်သရေအလျောက် ဆွဲဆောင်မှုရှိသော ဆုဖြစ်သည်။ နောက်ပြီး ကန်နန်နသည် ဓားပြဖွဲ့ဖြစ်လိမ့်မည်ဟု ယူဆရသည့်တိုင် မြင်းလှည်းတစ်စီးအတွက် နမြောတသလျှင် ဒုက္ခခံစားနေရမည် မဟုတ်ချေ။

ဘီဒိုအင် လူငယ်သည်လည်း လုံးဝညစ်ပတ်နေပြီး မောပန်းနွမ်းနယ်လျက်ရှိသည်။ ရေမရှိဘဲ ဖြစ်နေသည်မှာ နေ့များစွာ လွန်ခဲ့ပေပြီ။ အာသာပြေစေရန် နွယ်ပင်၏ စူးရှသော အရွက်များကို ဝါးနေရသဖြင့် ခြောက်ကပ်နေသည့်သဲပေါ်၌ နောက်ဆုံး အသက်ရှင်နေခြင်းပင် ဖြစ်ပေသည်။ ဤရာသီတွင် နှင်းကျရောက်ခြင်းမရှိချေ။ ကန်နန်န သိရှိနေသည်မှာ သူတို့ နာရီပေါင်း မည်မျှကြာအောင် တင်းထားနိုင်မည်ကိုစွပင် ဖြစ်သည်။

သူတို့ မျက်စိတစ်ဆုံး မြင်နိုင်သည်အထိ မိုးလင်းလာပြီဖြစ်သော်လည်း အသက်ရှင်နေသည့် သတ္တဝါကို၊ သို့မဟုတ် ရေ၏လက္ခဏာကို မတွေ့ရှိရသေးချေ။

နေသည် ပိုမို၍ မြင့်တက်လာပြီး အရင် သူပထမဦးဆုံး ကြောက်ရွံ့ခဲ့သလို မဟုတ်တော့ဘဲ ကန်နန်နသည် လူသားတစ်ဦးတစ်ယောက် အရိပ်အယောင်ကို ရှိုလိုရှိပြား တောင့်တနေမိတော့သည်။

တစ်ခွေကွဲသို့ လူနှင့်တိရစ္ဆာန် အရိုးစုများသည် သဲပုံ၏အပေါ် ပေါက်ရောက်နေသော အပင်ပုကလေးများ၏အကြား၌ ဆွတ်ဆွတ်ဖြူနေခြင်းသည် သူ့အား ဘာစရာလမ်းမကြီးပေါ်၌ပင် ရှိနေသေးကြောင်း ပြသနေလေ၏။

ပြာလဲ့လဲ့ ငွေရောင်တောက်ပနေသည့်အထဲမှ ကြောက်စရာကောင်းလှသောနေသည် ခြောက်သွေ့ပူပြင်းသော အပြာရောင်မိုန် ကောင်းကင်မှ ထွက်ပေါ်လာခဲ့သည်။ အမြဲလိုလိုပင် ခဲသားရောင် မိုးတိမ်ခါးပတ်နှစ်ခု ဖြစ်ပေါ်စေခဲ့သော်လည်း သဲကန္တာရ၏ မိုးကုတ်စက်ဝိုင်းသို့ တက်ရောက်လာခြင်း မရှိသည့်အပြင် မိုးရွာသွန်းခြင်းလည်း မရှိခဲ့ဖူးချေ။

ကန်နန်နသည် မနက်ပိုင်း ဝတ်ပြုရန် ရပ်နားပြီးနောက် ထိုက်စွပြီးဆုံးသော် သူက ဖြည့်စွက်ဆုတောင်းရာ၌ ရိုးရိုးလေးပင် ဖြစ်၏။

"ရေ . . ရေ . . အိုး အာလ္လာဟ် ကျွန်ုပ်ကို ရေပေးပါ"

နေ့စဉ်နေ့တိုင်း အပူရှိန်သည် ပိုမို၍ လွန်ကဲလာလေ၏။ ထို့နောက် ယနေ့သဲပြင်ကို လောင်ကျွမ်းတော့မည်ဟု ထင်ရသည်။ ကန်နန်နသည် သူ့ကိုစီး၍ ခရီးဆက်သည့်အခါ သူ၏ နွမ်းလျနေသော မျက်လုံးများသည် စိုးရိမ်စွာနှင့် တောက်ပလွန်းသော လှိုင်း

www.burmeseclassic.com

တံပိုးများအတွင်း အသက်ရှင်နေသည့် လက္ခဏာအချို့ကို ရှာနေမိ၏။ သို့ရာတွင် အသက်ရှင်နေသည့် တစ်ခုခုကိုသော်လည်းကောင်း၊ အရိပ်တစ်ခုကိုပင် မတွေ့ရှိနိုင်၍ သူ၏ပူပန်နေမှုကို ပျောက်ဖျက်ပစ်နိုင်ခြင်း မရှိချေ။

မျှော်လင့်ချက် အလင်းရောင်များ ကြီးမားစွာနေသော်လည်း သဲပေါ်၌ မကြာခဏ မြင်နေရသည်။ သူ၏မျက်လုံးများအား လှည့်စားနိုင်ခြင်း မရှိချေ။ ခပ်ဝေးဝေး မိုးကုပ်စက်ဝိုင်း၌ ကြီးမားသော မြို့ကြီးများ ထွက်ပေါ်လာနေ၏။ ဘယ်အခါမျှ အာရေးဗီးယား တစ်နံတစ်လျားတွင် မရှိဖူးသေးသော ခမ်းနားသည့် အဆောက်အအုံကြီးများနှင့် တင့်တယ်လှပသည့် စကျင်ကျောက်မျှော်စင်ကြီးများ ထွက်ပေါ်လာလေ၏။

ထို့နောက် ကန်နန်န၏ နားထဲ၌ ခေါင်းလောင်းထိုးသံများ ရပ်ဆိုင်းသွားသော ဗလီကျောင်းမျှော်စင်မှ မူအစ်ဇင်ခေါ် နိဗ္ဗာန်ခေါ်၏ ရှိခိုးရွတ်ဆိုသံကို ကြားနိုင်လေတော့သည်။ ထို့နောက် ခေါင်းလောင်းထပ်ထိုးလျှင် သူညည်းတွား၍ ပြော၏။ "ရေ ... ရေ ... အိုး ... အာလ္လာဟ် ကျွန့်ပ်ကို ရေပေးပါ"

မောပန်းနေသော တစ်ဘို့ကုလားအုတ်အား အတင်းအကျပ် နောက်ထပ်သွားခိုင်းရန် သူ၌ ဆန္ဒပြင်းပြမှု မရှိတော့ချေ။ မကြာခင် သဲပြင်ပေါ် ထိုးကျသွားတော့မည်ကိုသာ သူသိနေလေ၏။ မောပန်းနေသော တိရစ္ဆာန်သည် မြေကြီးကြီးကို ထိနေသည့်အထိ သူ၏ဦးခေါင်းကို စိုက်ချ၍ ဖြည်းညင်းစွာသွားနေလေတော့သည်။ နေသည် မြင့်တက်လာခဲ့သည်။ သူတို့ အမြဲတစေ ရပ်လိုက်သည်နှင့် တစ်နာရီကျော် ကြာသွားတတ်၏။ သို့ရာတွင် သူတို့ ဘယ်သောအခါမှ ရပ်ပစ်လိုက်ရန် စိတ်မကူးချေ။ စောင့်နေခြင်းသည် သူတို့ဆီသို့ရေအလိုအလျောက် ရောက်လာမည်မဟုတ်ချေ။ ထို့နောက် ဘီဗိုအင် လူငယ်သည် သဲကန္တာရပေါ် လှဲချလိုက်သည်နှင့် ထာဝရ လဲလျောင်းလိုက်ရမည့် သဘောကို သိရှိနေလေ၏။

တစ်ဘို့ ကုလားအုတ်ကလည်း သူ့သခင် သိရှိနေသကဲ့သို့ပင် ဖြစ်နေသည်။ ထို့နောက် သူ့အားတိုက်တွန်းသည့် စကားတစ်လုံးမျှပင် မပြောတော့ဘဲ သူ့ခြေထောက်မှာလည်း ဖြည်းညင်းစွာ အလိုအလျောက် ရှေ့သို့လှမ်းနေလေတော့သည်။ သူ၏နှာခေါင်းအား သဲပေါ်၌ ရှေ့သို့ထိုးကာ သူသည်လည်း တောင့်ခံနေဟန်ရှိသည်။ "ရေ ... ရေ ... အိုး ... အာလ္လာဟ် ကျွန်တော့်ကို ရေပေးပါ"

သူ၏မျက်လုံးများ ပိတ်သွားသည်။ သူ့ခြေထောက်များ သဲပေါ်၌ ဒရွတ်တိုက် ဆွဲသွားသည်။ ကန်နန်နက သူ့အား လမ်းညွှန်မပေးနိုင်တော့။ သို့ရာတွင် သူသည် တစ်ဖက်တစ်ချက်ဆီသို့ ယိုင်ထိုးနေသည်။ တစ်ခါတစ်ရံ မူးဝေ၍ ယိမ်းယိုင်သွား၏။ တောင်နိမ့်ကလေးပေါ် လိမ့်ကျတော့မလောက်ဖြစ်၍ ရှောင်ကွင်းရန် အားမထုတ်နိုင်တော့ချေ။

ကန်နန်နသည် သူ့မျက်လုံးများကို အနည်းငယ်မျှလောက်ကိုပင် ဖွင့်ထားရန် မတတ်နိုင်တော့ချေ။ သဲကန္တာရ၏ တောက်ပသော အပူရှိန်က မျက်စိကို မမြင်အောင် ကျိန်းစေ၏။ သို့သော်လည်း သူတို့၏ နောက်ဆုံးမျှော်လင့်ချက်သည် သူ၏ သတိရှိမှုအပေါ် မူတည်နေလေသည်။

သည်သည် ငိုက်မျဉ်းလိုသော စိတ်ကိုပြေပျောက်သွားအောင် အစွမ်းကုန် ကြိုးစားအားထုတ်သော်လည်း သူ၏ဦးခေါင်းသည် တစ်ဖက်သို့ ထိုးစိုက်ကျဆင်းသွားခဲ့သည်။ တစ်ဖန် အခြားတစ်ဖက်သို့ ရောက်ရှိသွားပြန်လေ၏။ သူသည် ကုန်းနှီးပေါ်မှ လိမ့်ကျသွားနိုင်သည်။ လုံးဝ အားထုတ်ခြင်းမပြုတော့ဘဲ ဆန့်ဆန့်ကြီး သေဆုံး၊ တစ်ကြိမ်ပြီး တစ်ကြိမ် သူ၏လက်နှင့် ထိုစာကိုဆုပ်ကိုင်လျက် သူ့ကိုယ်သူ နှိုးဆွပေးနေလေသည်။ ထို့နောက် ညည်းညူ၍ ပြောသည်။

"အာလ္လာဟ်အသျှင် စောင်မတော်မူခြင်းကြောင့် စာကို အရောက်ပို့နိုင်ပါစေ"

သူ့ကိုယ်သူ နှိုးဆွပြီးသွားသည့်အချိန်တိုင်း သူ၏မျက်လုံးများကိုနေရောင်မှကာ၍ သူ့ရှေ့မှ သဲပြင်ကို ရှာဖွေနေပြန်သည်။ သို့ရာတွင် တောက်ပလွန်း၍ ပြာလဲ့လဲ့ဖြစ်နေပြန်သဖြင့် သူ့မျက်လုံးကို မိုးကုပ်စက်ဝိုင်းဆီသို့ ဆန့်ထုတ်လိုက်ပြန်သည်။ သစ်တောမှနိမ့်၍ ကြွပ်ဆတ်ဆတ် သဲကန္တာရ အပင်ပုကလေးများကိုပင် အရိပ်တစ်ခုအဖြစ် မတွေ့ရှိရချေ။

မီးတောက်လောင်နေသော ကောင်းကင်ပြင်သည် သူ့အပေါ် မည်းနက်လာပြီး သဲကန္တာရသည် ကြောက်မက်ဖွယ် နီရဲ၍ လာလေ၏။ တစ်ဘို့ကုလားအုတ်သည် အသက်ရှင်နေသော အကောင်တစ်ကောင်ဟုပင်

www.burmeseclassic.com

မထင်ရတော့ချေ။ သူ့ကိုယ်သူ့ သိးနှံ ရိတ်ခင်း၌ ဆင့်ပေါ်ထိုင်နေသည်ဟု ထင်နေမိသည်။ နေသည် သူ၏ရှောင် မြည်မြင့် ရိတ်ခတ်လိုက်သည်ကို အေး နေသည်ဟု ထင်မြင်မိလိုက်၏။ သူ သည် တုန်လှုပ်ပြီး သတိမေ့မြောသွား ဆဲ့ ခေါင်းတုပ်၏ ထောင့်စွန်းနှစ်ခုကို ဆွဲ၍ မျက်နှာပေါ်အုပ်လိုက်လေသည်။ အေးနေသည်မှာ အုံ့ဆြဲစရာပတော့ပေ။ မောင့်ဟိုးတောင်ခြေ၏ နံနက် ခင်းသွမ်ပြီးနေသည်။ ဟုတ်ပါပြီး ဆိုနေ ရာ၌ ကြယ်ကြာပန်းပင်များအားလုံး ရှိနေကြသည်။ ပုတိုးအကြော၌ ချောင်း ငယ်သည် လိုင်းထ၍ ပွက်ပွက်သံမြည် နေလေသည်။

သူ့အား နိုးကြားလာအောင်ပြု သော အထိတ်တလန့်သည့် ဘာများ ပါလိမ့်။ သူ့အပေါ် ဓားပြများရောက် လာလေသလော။ သူသည် စိတ်မာန် ကြီးစွာ လှုပ်လိုက်သည်။ သူအိပ်ပျော် နေတာလား။ သူကြိုးစားအားထုတ် လျှက် ခုန်ထရပ်ကြည့်စေလိုသော် လည်း သူ၏ခြေထောက်များသည် တစ်ရှုရှုနှင့် ငြိနေကြသည်။

နောက်ဆုံး၌ သွေးချင်းနီရဲနေ သော မျက်လုံးများသည် တဖြည်း ဖြည်းဖွင့်လာပြီး သိတိပြန်လည်လာ တော့သည်။ တစ်ဘို့ကုလားအုတ် သည် ရေမရှိသော တွင်းနှုတ်ခမ်း၌ မြေ ကြီးပေါ် လဲကျနေလေသည်။

ကန်နန်နသည် သူ့ခြေထောက် ပေါ်၌ ကြိုးစားရပ်လိုက်ပြီး ကျောက် ဆောင်များအတွင်း ငုံ့ကြည့်လိုက်၏။ သူရပ်နေသော အောက်ခြေနေရာ သည် သဲများများနေသကဲ့သို့ ဖြစ်နေ၏။

သူသည် တစ်ဘို့ကုလားအုတ် အား နောက်ပြန်လှည့်ကြည့်လိုက်၏။ သူ၏မျက်လုံးများ ဝိတ်နေကြ၏။ သူ ၏လည်ပင်းသည် သဲပေါ်တွင် ရှေ့ တည့်တည့်ထိုးထွက်လျှက် သူ့ခေါင်း သည် တွင်းနှုတ်ခမ်းကျောက်တုံးပေါ် တင်ထားသည်။

"သင့်အသက်ကို အလ္လာဟ်နဲ့ အာရေဗီးယားအတွက် ပေးလိုက်ပြီ" ကန်နန်နကပြောသည်။ "နောက်ပြီး ပရောဖက်ကြီး အောင်နိုင်လို့ ပြန်လာ တဲ့အခါ သူမင်းကို သတိရပါလိမ့်မယ်"

သူသည် ကုန်းနှီးမှ ကုလား အုတ်အစာထည့်ထားသော အိတ်ကို ယူပြီး တစ်ဘို့ကုလားအုတ် မှိန်နိုင်သည့် နေရာ၌ အားလုံးကို သွန်ချလိုက် သည်။ တစ်ဖန် ကုန်းနှီးကြီးကို ဖြတ် တောက်ကာ အခြားတစ်ဖက်မှ ဆွဲယူ လိုက်သည်။ သူ့အား ပုံပိုးဆောင်ရွက် ပေးသည့် ထုံထိုင်းသော တိရစ္ဆာန်ကို ဤကဲ့သို့ သူလုပ်ပေးနိုင်သလောက် လုပ်ပေးခဲ့သည်။

နေဝင်သွားသည်ကို ရှစ် ၅ ရက် သူသတိထားမိလိုက်သည်။ တစ် နေ့တာပတ်လုံး သူအိပ်နေခဲ့ပေလိမ့် မည်။ ထိုအချိန်၌ သနားစရာကောင်း သော ကုလားအုတ်သည် ရေတွင်းဆီ သို့ ဖဝ်တွားသွားခဲ့လိမ့်မည်။ သူသည် ကျုန်းမာစွာ အိပ်ပျော်နေခြင်းမဟုတ် ပေ။ သို့ရာတွင် သူ့အတွက် ပြန်လည် လန်းဆန်းလာခဲ့သည်။ စိုးရိမ်ကြီးစွာ နှင့် တစ်ဘို့ကုလားအုတ်အား နှိုးရပေး မည်ဖြစ်သည်။ သူ့အတွက် လုပ်ပေး ရမည့် ကိစ္စနှစ်မျိုးပေါင်းကို စဉ်းစားမိ စဉ်မှာပင် သူ၏လျှာသည် သွေ့ ခြောက်မှု အရင်ကထက် လျော့ပါး လာခဲ့လေသည်။ အလျှင်အမြန် ဂျုံ တစ်ဆုပ်ကို စတင်၍ အားရပါးရ ဝါး စားလိုက်သည်။ ဘီဒိုအင်အများ အပြားအား သဲပင်လယ်ပြင်ကြီးအပေါ် ၌ အသက်ကယ်သော လျှို့ဝှက်ချက် တစ်ရပ်ဖြစ်၏။

တစ်ခဏတာ ဘာမျှမရှိသော ကုန်းနှီးကိုမှီ၍ ဂျုံကိုဝါးနေရင်း နေ အား သဲပြင်၌ ဝင်ရောက်ပျောက် ကွယ်သွားသည်ကို စောင့်ကြည့်၍ စဉ်း စားနေလေ၏။

"၁၃ ရက်" သူတိုးတိုးပြော၏။ "ငါ ခရီးစတင်ခဲ့တုန်းက ၁၄ ရက် ပဲလို့ ငါပြောခဲ့တယ်။ ငါတို့ သုံးရက် အနက် နှစ်ရက်ပဲ အကောင်းဆုံး ဆောင်ရွက်နိုင်ခဲ့တယ်။ တကယ်လို့ ဒီနေ့ ငါတို့ လမ်းကမလျှည့်ခဲ့ရင် ဒီရေ တွင်းကနေ ဘာစရာကို တစ်ညခရီးပဲ ရှိတော့မယ်။ အို အာလ္လာဟ်မိုဟာမက် ရှေ့ဆို ... အီး ... အာလ္လာဟ် အသျှင်၏ တပည့်အား တစ်ညတာ အသက်ရှင်ခွင့် ပေးတော်မူပါ"

ကုလားအုတ်သည် သူ့ဘေး၌ရှိ နေသောအစာကို ရွှေလျား၍ပင် မထိ နိုင်တော့ခဲ့ပေ။ နောက်ပြီး ကျိုးနွံသော တိရစ္ဆာန်ထံမှ နောက်ထပ် အကူအညီ ရရန် မမျှော်လင့်နိုင်တော့။ ကန်နန်န သည် သူ့ဘေး၌ ခဏမျှရပ်၍ ကျေး ဇူးတင်စွာ သူ့လက်ကို လှုပ်ရှားမှုမဲ့နေ သော ခေါင်းပေါ်သို့ တင်ထားလိုက် သည်။ တစ်ဖန် သူ၏သိုးထိန်းတုတ် ရှည်ကို ကိုင်၍ ခရီးစတင်လိုက်သည်။

တစ်ခါတစ်ရံ နိုးလျက် တစ်ခါ တစ်ရံ သွားရင်းအိပ်လျက်၊ တစ်ခါ တစ်ရံ ဘာစရာ၏သဲပြင်မှ အလွန်ဝေး သည့်နေရာ၌သာ ရှိသေးသည်ဟု ထွေး ရင်း။ တစ်ခါတစ်ရံ သူ၏ခုနဆုံးသို့

www.burmeseclassic.com

နီးကပ်နေပြီဖြစ်ကြောင်း သိနေသည်ဟု တိုက်တွန်းရင်း သူသည် မှန်မှန်သွားမြဲတိုင်း သွားနေလေ၏။ တစ်နာရီပြီးတစ်နာရီ သွားသည်။

တစ်ခါတစ်ရံ သူသည် လန်းဆန်းနေမိသည့်အလျောက် စတင်၍ပြေးသည်။ တစ်ခါတစ်ရံ သူ၌ ခြေကြွနိုင်လောက်အောင် အင်အားရှိနေသေးလျှင် တစ်ခါတစ်ရံ ရှေ့သို့ လှမ်းချင်သေးသည်။ တစ်ခါတစ်ရံ သူသည် လှည်းတစ်စီးထက်ပင် မြန်အောင်သွားနေသည်ဟု သေချာစွာ ခံစားမိပြန်၏။ ထို့နောက် သူသည်နံနက်ခင်းမတိုင်မီ ဘာစရာသို့ ရောက်သင့်သည်။

တစ်ဖန် သူသည် ထိုစာကို ကိုယ်နှင့်ဖိကပ်ထားပြီး ထပ်ခါထပ်ခါ ပြော၏။ "အာလ္လာဟ်ရဲ့ အကူအညီနဲ့ ငါ ဒီစာကို ရောက်အောင်ပို့မယ်" နောက်ပြီး တစ်ချိန်လုံး သူမသိရှိဘဲ သူသည် လျင်မြန်စွာနှင့် ခြေလှမ်းမှန်းမှန် ရှေ့သို့ရွေ့လျားနေလေရာ သူ၌ ဓာန်ခိုးရှင်၏ အင်အားသည် လုံးဝကပ်ငြိနေသကဲ့သို့ဖြစ်၍နေလေသည်။

အရှေ့ဘက် အဝေးတစ်နေရာ၌ မီးရှောင်သေးကလေးတစ်ခု လက်ခနဲ ဖြစ်ပေါ်လာ၏။ ယင်းသည် ကြီးမားလာကာ အပေါ်မြင့်တက်လာပြီး တိမ်ပေါ်သို့တိုင်အောင် ပါးပါးလှပ်လှပ် ဖြူဖွေးနေသော လခြမ်းချိတ်ဆွဲနေလေသည်။ လရောင်၏ အကျဉ်းဆုံးမျဉ်းကြောင်းဖြစ်သည်။

ကန်နန်နသည် ဝမ်းသာ၍အော်လိုက်၏။ အကြောင်းမှာ ဘယ်ကဲ့သို့သော အာရပ်တစ်ဦးမှ နားလည်ရန် ပျက်ကွက်မည်မဟုတ်သော နိမိတ်ဖြစ်နေသောကြောင့်ပင်တည်း။

တစ်ဖန် လေသည် အေးလာသည်။ အရုဏ်မတက်မီ အမှောင်ဆုံးအချိန် ချဉ်းကပ်လာ၏။ ထို့နောက် လခြမ်းကျဉ်းကျဉ်းကလေးသည် ကြေြကြီးကို ကွယ်ပျောက်သွားအောင်သာ ဆောင်ရွက်ပေးပေလိမ့်မည်။

ကန်နန်န၏စိတ်တွင် ရှိနေသော လူတစ်ဦးဦးအား တွေ့ရန် မျှော်လင့်နေမှုသည် ပျောက်ကွယ်သွားသည်မှာ ကြာပေပြီ။ တစ်ဖန် ထိုအခြင်းအရာကို မျှော်လင့်နေမိပြန်၏။ ယခု သူသည် လုံးဝပြောင်းလဲသွားခဲ့ပြီဖြစ်၏။

သူသည် ကောင်းကင်ပေါ်သို့ မော်ကြည့်လိုက်ပြီး ခရီးလမ်းကြောင်းကို ထိန်းလိုက်၏။ သူ့ခြေထောက်အောက်မှ သဲကိုကြည့်လိုက်သည်။ သို့ရာတွင် သူရှေ့၌ သဲကန္တာရကို နောက်တစ်ကြိမ်ရှာနေခြင်းမဟုတ်ချေ။

ရုတ်တရက် ဖင့်နွဲ့နေခြင်းမှ နိုးကြားထကြွလာ၏ ...နားတွင် အရိပ်များကိုတွေ့ရှိရ၏။ သူရပ်လိုက်သည်။ ကောင်းကင်မှ အလင်းရောင်ကိုကာလိုက်ပြီး ရှေ့သို့ မျှော်ခေါ်၍ စိတ်အားထက်သန်စွာ ကြည့်လိုက်သည်။

"သဲကန္တာရ အပင်ပုကလေးတွေ မဟုတ်ဘူး" သူတိုးတိုးလေးပြော၏။ "အဲဒါ သိပ်မြင့်လွန်းနေတယ်။ ဘာစရာ မဟုတ်နိုင်ဘူး။ သိမ့်နိမ့်နေပြန်တယ်။ လှည်းတစ်စီးလည်း မဟုတ်ဘူး။ မရွေ့လျားဘူး။ သူမှာ အစလည်းမရှိ အဆုံးလည်းမရှိ" သူသည် ဝဲနှင့်ယာကိုကြည့်၍ ဖြည့်စွက်လိုက်သည်။

"ဒါထဲတွေပဲ" သူ ခထာကြာမှ ပြော၏။ ထို့နောက် စိုးရိမ်မှုများစွာကို စုစည်း၍ သူ့နဖူးပေါ်၌ မျက်မှောင်ကြုတ်လိုက်သည်။ "ငါ လမ်းလွဲနေပြီလား။ ဒီလောက်များလှတဲ့ မျှော်မှန်းယုံဟာ ဘာစရာမြို့နားမှ ခန်းမချသင့်ဘူး။ ငါ နောက်လှည့်လိုက်ရင် သေရုံပဲရှိတော့မယ်။ ငါဆက်သွားရင်လည်း လာအီလာဟာ အိလ်အာလ္လာဟ်" သူတို့ တိုးတိုးပြော၏။ ထို့နောက် မနှစ်မြို့ဖွယ်ကောင်းကောင်းနှင့် ရှေ့တက်သွားလေတော့သည်။

သူနီးကပ်လာလေလျှင် ကျယ်ပြန့်သော ခန်းကြီး၌ ညအချိန် အသံမဲ့များသည် ရှင်းလင်းပြတ်သားစွာ ကြားနိုင်သည်။ သို့ရာတွင် သူသည် တုံ့ဆိုင်းမနေတော့ချေ။

အိမ်အင်စခန်း တစ်ခုသို့ ချဉ်းကပ်လာရာတွင် လူစိမ်းသည့်သည့်တိုင်းသည် အာရပ်တို့၏ထုံးစံအတိုင်း သူ့အနေဖြင့် ပထမဆုံး တဲရှေ့ရောက်လျှင် ရပ်လိုက်ရပြီး ရှေ့ဘက်အပေါက်မှ မှစ်စုလေမန်တို့၏ အလေ့အကျင့်အတိုင်း ခွန်းဆက်စကား ထပ်ခါထပ်ခါ ပြောလိုက်၏။

တစ်စုံတစ်ယောက်သည် အထဲမှ လျင်မြန်စွာ နိုးကြားသွား အမှောင်တွင်းမှ လေးနက်သောအသံ တစ်ခုဖြင့် စကားပြန်သည်။

"သင်သည် အာလ္လာဟ်နှင့် အာရေဗီယာအတွက် လုံ့လိုနိုင်ရင်တိုယ်ပျောက်ခါလစ်ရဲ့ ခန်းအတွင်းသို့ သင့်အား ဖိတ်ခေါ်ပါတယ်"

"လာအီလ်ဟာအိလ် အာလ္လာဟ်" ကန်နန်နက အော်ပြော၏။ "ခါလစ်ရဲ့ တဲကို ကျုပ်ကို အမြန်ခေါ်သွားပါ။ ကျုပ်ဟာ မဟာကာလစ်အိုမာရဲ့ စေတမန်တစ်ဦးဖြစ်ပါတယ်" ကန်နန်န၏ ခြေထောက်အောက်၌ရှိသော မြေကြီးသည် ဖိုစစ်သည်လမ်းပြခေါ်ဆောင်

၌ တုန်ခါသွားတော့သည်။

စစ်ဗိုလ်ချုပ်သည် ခေတ်မီတပ်မတော်၏ ထုံးစံမဟုတ်ဘဲ သို့မဟုတ် မိုဟာမေဒင်တို့၏ ဂါရဝပြုခြင်းမျိုး မဟုတ်ဘဲ အိပ်ရာမှထလာလေ၏။ မီးတုတ်ကို ချက်ချင်းညှိလိုက်သည်။ ကန်နန်နသည် ပင်ပန်းလွန်း၍ မှောက်လျက် လဲကျသွား၏။ တစ်ဖန် ထလာပြီး အလွန်အဖိုးထိုက်တန်သော အထုပ်ကို မိုဟာမက်၏အိပ်ရှင်များကို ဦးဆောင်သော အလွန်ထင်ရှားသော ဗိုလ်ချုပ်ကြီးအား ပေးအပ်လိုက်တော့သည်။

ကိုယ်ပျောက်ခါလစ်က ချိပ်ထံဆိပ်ကို ခွာလိုက်သော်သည်း စာလုံးတစ်လုံးမျှ မဖတ်ရသေးမီ ဘိုဒီအင်လူငယ်လေးသည် တဲ၏ကော်ဇောပေါ်၌ လဲကျသတိလစ် မေ့မြောသွားလေ၏။ ေ ာသားများက သူ့အား ထူမပေးလိုက်ရာ ကန်နန်န ချက်ချင်းနိုးလာပြီး ထိုးညင်းစွာ ပြော၏။

"ခြောက်ခန်းနေတဲ့ ရေတွင်းဘေးနားက အနောက်တောင်ဘက်သွားတဲ့ တစ်ညခရီးမှာ ကျွန်တော့်ရဲ့ တစ်ဘို့ကုလားအုတ်မည်းဟာ ရေငတ်လို့ သေပါတော့မယ်။ အာလ္လာဟ်ရဲ့ နာမတော်အရ ရေသွားတိုက်ပေးစေလိုပါတယ်။ သူဟာ ဒီသတင်းကို ၁၃ ရက်ထဲ၌ ယူဆောင်ပေး ခဲ့ပါတယ်" တစ်ဖန် သူ့မျက်လုံးများသည် မီးတုတ်မှ အလင်းရောင်ကို မမြင်ရတော့ဘဲ မှိန်၍ ပျောက်ကွယ်သွားကာ ကန်နန်န၏ နှုတ်ခမ်းများသည်လည်း သတိလစ်လျက်ပိတ်သွားလေတော့၏။

□

## အခန်း(၁၀)

## ကန်နန်န၏ တတိယမစ်ရှင်ခရီး

အလွန်ကြီးမားသော မိုဟာမက်ဒင်စစ်တပ်ကြီးသည် သူ၏မရေမတွက်နိုင်သော စစ်သည်နောက်လိုက်များနှင့်အတူ ဆီးရီးယားသို့ အင်ပါယာဘုရင်ကြီး ဟေရာဇ်ဟာရက်ကလီးယပ်စ်၏ ရဲမက်ဗိုလ်ပါတို့နှင့် တွေ့ဆုံရန် ချီတက်သွားကြလေ၏။

ဖုန်မှုန့်တို့သည် တိမ်တိုက်ဆိုင်ကြီးများသဖွယ် အင်အားကြီးမားသော လူစုလူဝေးအပေါ်သို့ ထိုးတက်သွားသည်။

လက်နက် အပြည့်အစုံပါသော သန်စွမ်းသည့် မြင်းသည်တော် တစ်သောင်းက ရှေ့မှချီတက်သွားကြသည်။

ဒုတိယ ချီတက်လာသူများမှာ မြင်ရုံနှင့်ပင် ကြောက်စရာကောင်းလှ၍ ကြမ်းကြုတ်သော စစ်သည်လုပ်သက်ရင့် ကိုယ်ရံတော်တပ်ဖြစ်ပြီး ကုလားအုတ်ကြီးများပေါ်၌ စီးနင်းလိုက်ပါလာစဉ် ကိုယ်ပျောက်ခါလစ်နှင့် သူ၏အကြီးအကဲ အရာရှိကြီးများအား ခြံရံလျက် သူတို့သည် အသန်မာဆုံးနှင့် အလွန်လှပသော မြင်းများကို စီးနင်းလိုက်ပါလာကြသည်။

သူတို့နှင့် တော်တော်ဝေးဝေး နောက်ပိုင်းမှ ထောင်ပေါင်းများစွာသော ကြောက်ရွံ့ဖွယ်စစ်သည်တော်များသည် ကုလားအုတ်များနှင့် တစ်ဘို့ကုလားအုတ်များအား စီးနင်းလာကြသည်။

တစ်ဖန် နောက်ထပ်ကြီးမားသော တပ်ကြီးတစ်တပ်မှာ တဲများ၊ ပရိဘောဂများနှင့် တပ်အသုံးအဆောင်များကို သယ်ဆောင်လာကြသော ကုလားအုတ်များ ဖြစ်ကြသည်။ ယင်းတို့အား မျိုးနွယ်စုပေါင်းစုံပါဝင်သော အိမ်ထောင်စုများသည် လူစုလူဝေးကြီးရှေ့မှ ပေါ်လွင်စွာ သွားရာ၌ သူတို့၏နောက်၌ နောက်ထပ်အားကောင်းသော အစောင့်တပ်ဖွဲ့သည် နောက်ဆုံးမှ ပါလာကြလေ၏။

ခါလက်၏ သက်တော်စောင့်တပ်၏နောက်နှင့် ရှေ့မှ စစ်တိုက်ကုလားအုတ်များတွင် အစောင့်တပ်ငယ်တစ်ဖွဲ့ရှိပြီး အလယ်တည့်တည့်၌ ထမ်းစင်အိပ်ရာတစ်ခုကို ကုလားအုတ်နှစ်ကောင်၏ အကြား၌ထား၍ သယ်ဆောင်လာခဲ့ကြသည်။

ယင်းထမ်းစင်ပေါ်၌ ကန်နန်နသည် လဲလျောင်း၍ပါလာပြီး ဆိတ်မွေးကျိုးအက် နေရောင်ကာနှင့် ကာကွယ်ပေးထား၏။ အကြောင်းမှာ နေ့ခင်းပိုင်း စစ်တပ်သွားလာရာတွင် အလိုအပ်ဆုံးဖြစ်သောကြောင့်ပင်။ နေထွက်ပြီး တစ်နာရီကြာလျှင် စတင်၍ နေမွန်းတည့်နှစ်နာရီခန့် နားနေကာ နေမဝင်မီ တစ်နာရီရပ်သည်။ လှည်းတန်းတစ်ခုထက် ပိုမိုမြန်ဆန်သော်ငြားလည်း တစ်နေ့ပတ်လုံး ပျမ်းမျှ ၂၅ မိုင်သာ ခရီးပေါက်နိုင်၏။

ကန်နန်န၏ ထမ်းစင်နောက်ဘက်၌ ကပ်လျက် စီးနင်းသူမပါသော တစ်ဘို့ကုလားအုတ်များ လမ်းလျှောက်၍ လိုက်ပါလာခဲ့ကြ၏။ ခရီးစတင်စဉ် သူတို့သည် ပိန်ချုံး၍ စုတ်ပြတ်ပွန်းပဲ့နေကြလေ၏။ သူတို့၏ အမွေးသည် သဲကန္တာရ၏ ကြောက်စရာအပူရှိန်ကြောင့် နေလောင်၍ အညိုရောင် သန်းနေလေ၏။ ဤမျှလောက် ဖြစ်နေသည်ကိုပင် ခါလစ်က ဂရုစိုက်မှု

www.burmeseclassic.com

နည်းပြီး နောက်ပိုင်း၌ နေစဉ် ယင်းတို့သည် အင်အားတိုးပွား၍ ခေါင်းအနည်းငယ်စီ ထောင်လာကြလေသည်။

တစ်ဘို့ကုလားအုတ် အနက်အား ဝန်သယ်ဆောင်ခွင့်မပြုဘဲ ပြာလဲ့ရောင်ပိတ်စဖြင့် ကျကျနနလွှမ်းခြုံပေးထားသည်။ သူသည် မက္ကာမှ ဘာစရာသို့ သတင်းများကို ၁၃ ရက်ထက်နည်း၍ ယူဆောင်နိုင်သဖြင့် ယင်းပိတ်စအပေါ် မဟာမိုအာ၏ ဂုဏ်ယံများကို ခြယ်မှုန်းပေးထားလေသည်။

ရဲရင့်သော ခါလက်အား ခြံရံလျက်ရှိသည့် ကြောက်ဖွယ် အတွေ့အကြုံရင့် စစ်သည်တစ်ဖွဲ့အား ကြားသိစေလိုသည်မှာ မြောက်ပိုင်းမှ စုဆောင်းနိုင်သမျှသော အင်အားအကောင်းဆုံး ကေရာဇ်ဟာရက်ကလီးယား၏ စစ်သည်ဗိုလ်ပါများအား ရင်ဆိုင်တိုက်ခိုက်ရမည့် ဤမျှကောင်းမွန်သောအခွင့်အရေးလောက် ဘယ်ဟာမျှ မရှိခဲ့သေးချေ။

အာလ္လာဟ်နှင့် ပရော်ဖက်တို့၏ နာမတော်အရ ဥပမာအားဖြင့် ခါလက်သည် တစ်ကမ္ဘာလုံးကို သူစိတ်ကြိုက်ရွေးချယ် တိုက်ခိုက်အောင်မြင်နိုင်သည်ကို ပရိသတ်ထဲမှ တစ်ဦးတစ်ယောက်တမျှ သံသယဝင်မည် မဟုတ်ချေ။

စစ်သည် အများအပြားသည် ပါရှားသို့ ပထမဆုံး အကြီးမားဆုံး အတင်းဝင်ရောက် ထိုးစစ်ဆင် တိုက်ခိုက်ခဲ့စဉ် မတိုင်မီကတည်းက သူ့နောက်သို့ လိုက်ခဲ့ကြသည်။ ဘယ်ဘီလိုးနီးယား၌ အမြင့်မြတ်ဆုံး သက်ဦးဆံပိုင် ဘုရင်အဖြစ် ခံယူခဲ့သည်ကို သူတို့၏ မျက်မြင်ကိုယ်တွေ့ပင် ဖြစ်သည်။ ပါရှားနိုင်ငံ၏ မဟာပြည့်ရှင်မင်းထံသို့ မှတ်သားဖွယ်ရာ စာချွန်တော် ပို့လိုက်သည်ကိုလည်း သူတို့၏ မျက်မြင်ကိုယ်တွေ့ပင် ဖြစ်၏။

"အာလ္လာဟ်နှင့် ပရော်ဖက်အား ယုံကြည်စွာ ကိုးကွယ်မည်။ သို့မဟုတ် သူတို့၏ တပည့်တို့အား အရိအသေပေး၍ လက်ဆောင်ပဏ္ဏာ ဆက်သမည်။ အကယ်၍ ငြင်းဆိုခဲ့လျှင် သင်အသက်ရှင်ခြင်းကို နှစ်သက်သလို သေခြင်းကို နှစ်မြို့က်သူ ရဲမက်ဗိုလ်ပါတို့နှင့်အတူ ကျူပ်လာခဲ့မည်"

သူသည် ပါရှား၌ အောင်ပွဲခံခဲ့၍ တစ်ကြိမ်ဆင်ခဲ့သည့် သမ္မာန်စာပို့သည်ကို သူတို့မျက်မြင်ပင် ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် ပါရှား၊ ရှီမိုဟာမေဒင်ဗိုလ်ချုပ်ကြီးများ အားလုံးနှင့် စစ်သည်များအား ဟာရက်ကလီးယပ်စ်၏ အာဏာနှင့် ကြိုးပမ်းဆောင်ရွက်သော်လည်းမရနိုင်ခဲ့သောကြောင့် ဖြစ်၏။ သူတို့သည် အိုမာ၏ အရင်ဆက်ခံသူ ကာလက်အဘူဘက်၏ အချုပ်အခြာအာဏာကို ကျယ်ပြန့်လာအောင် လုပ်သည်ကို စောင့်ကြည့်စဉ် သူတစ်ဦးတည်း တိုက်ခိုက်၍ မဟာစစ်သည်တော်ကြီး ရှိမနုပ်စ်ကို အောင်မြင်ခဲ့သည်ကို သူတို့၏ မျက်မြင်ပင် ဖြစ်၏။

သူတို့အားလုံးသည် သူနှင့်အတူ ဒမားစကပ်စ်၏ အုတ်တံတိုင်းရှေ့သို့ ရောက်ခဲ့ဖူးကြပြီး သူသည် ခမ်းနားကြီးကျယ်စွာ အုတ်တံတိုင်းခတ်ထားသော မြို့တော်ကြီးအား တစ်ဖက်မှ ဝိုင်းရံထားစဉ် အခြားတစ်ဖက်မှ စစ်သည်တစ်သိန်းအင်အားကို တိုက်ခိုက်အောင်မြင်ခဲ့သည်။ ယင်းသည် ဟာရီကလီးယပ်စ်က အန္တိထရီမှ မဟာမြို့တော်အားကယ်တင်ရန် စေလွှတ်ခြင်းခံရသော စစ်သည်များဖြစ်ကြ၏။ တစ်ဖန် ဒမားစကပ်စ် ကျဆုံးသည်ကို သူတို့၏ မျက်မြင်သက်သေပင်ဖြစ်၏။ ထို့နောက် သူတို့သည် ခါလက်၏ နောက်တော်ပါ၍ သူ့ထက်နှစ်ဆများသော စစ်သည်များကို တိုက်ခိုက်ထွက်ပြေးစေခဲ့ရာ ရောမစစ်ခင်းကျင်းသည့် ခေတ်အမီဆုံး စစ်ပညာနှင့် အကောင်းဆုံးလက်နက်များ တပ်ဆင်ထားသည်။

သူတို့သည် သူနှင့်ကြောက်မက်ဖွယ်ရာ အကောင်းဆုံး စစ်ပွဲအဖြစ် သဲကန္တာရမြေပေါ်၌ မှတ်တမ်းတင်ခံရသည်။ နောက်ပြီး သူတို့က သူ့အား ကိုယ်ပျောက်ခါလက်ဟုသာ သိရှိခဲ့ကြသည်။

အဘူဘက် ကွယ်လွန်၍ မဟာအိုမာက သူ့နေရာကိုယူခဲ့သည်။ ဂုဏ်ဝင့်နေသော စစ်သည်များသည် သူတို့၏ ဗိုလ်ချုပ်များ တရားမျှတမှုမရှိစွာ ရာထူးချခံရပြီး သာမန်အလုပ်အဖြစ် မြို့တော်အား ဝိုင်းရံထားရန် တဲထိုးနေစေစဉ် အခြားသူများက ဆီးရီးယားမှ စက်ဆုတ်ရွံရှာစွာ ထွက်ခွာသွားသည့်တိုင် သူ့အား တိုက်ခိုက်ခဲ့ကြလေသည်။

သူ့အား မူလရာထူးပြန်ပေး၍ သူတို့ ဝမ်းမြောက်ကြည်နူးနေသည်ကို မြင်ရသည်မှာ အံ့ဩစရာမဟုတ်ချေ။

သူတို့သည် ကြောက်လန့်၍ သူရဲဘောကြောင်သူများအား နောက်၍ မသုံးတော့ချေ။ အကြောင်း

www.burmeseclassic.com

မှာ ဟာရီကာလီးယပ်စ်က မူစလေမာန်များအား အပြီးတိုင် သုတ်သင်ချေမှုန်းပစ်မည်ဟု ခြိမ်းခြောက်ခဲ့သောကြောင့် ဖြစ်၏။ ထို့နောက် ချိတက်ရပုံသည် အခက်အခဲများနှင့် အပူရှိန်မှုတစ်ပါး ခမ်းနားသော အားလပ်ရက်တစ်နေ့ ဖြစ်ပေသည်။

ကန်နန်နသည် ထမ်းစဉ်၌ လှဲနေရစဉ် သူတို့၏ဗိုလ်ချုပ်ကို ဤကဲ့သို့ ချီးကျူးသံ ထွက်ပေါ်လာသည်ကို နားစွင့်လိုက်ပါလာလေ၏။ သူသည် မကြာမကြာ မျိုးချစ်စိတ်ဓာတ် ထက်သန်ပြင်းပြလာ၍ သူ၏ဘဝကို စစ်သည်များအတွင်း မြှုပ်နှံလိုက်ရန် လုံးဝနီးပါး ဆွဲဆောင်မှုကို ခံနေရလေသည်။ သို့ရာတွင် ရှိရင်းစွဲ သိဝရီအရလှုံ့တန်ကို ကိုင်စွဲရန် ဟန့်တားထားဆဲပင် ဖြစ်သည်။

စတုတ္ထမြောက်နေ့တွင် စင်ပေါ်မှဆင်းခဲ့ပြီး တစ်ဘို့ကုလားအုတ်မည်းပေါ်ထိုင်သည်။ ခါလက်က သူ့အား အဖိုးအတန်ဆုံး ဝတ်စားတန်ဆာများနှင့် တားတစ်လက်နှင့် လှံတစ်ချောင်း ပေးရန် ညွှန်ကြားထားသော်လည်း ကန်နန်နက ဗိုလ်ချုပ်ရှေ့တွင် တား၍ တောင်းပန်၏။ "ဖခင် ကျွန်တော် ဘယ်တော့မှ လှံမကိုင်ခဲ့ပါ။ နောက်ပြီး ဒီသိုးသားရေကုတ်အင်္ကျီနဲ့ ကျွန်တော့်ကို အာလ္လာဟ်အသိဆုံး ဖြစ်ပါတယ်"

ခါလက်သည် မျက်မှောင်ကြုတ်သွားသော်လည်း ခြယ်မှုန်းထားသော တစ်ဘို့ကုလားအုတ်ပေါ်သို့ သီးနှံစိုက်ခင်းမှ ထွက်လာခဲ့သည့် အနေအထားအတိုင်း တီတီကျကျ ထိုင်နေလေ၏။ သူသည် စခန်းမှ နောက်လိုက်များနှင့် နောက်ဘက်၌ နေရာယူရန် မျှော်လင့်ခဲ့သော်လည်း သူသည် အတွေ့အကြုံရင့်ကျက်သည့် အစောင့်တပ်များ ဝိုင်းရံလျက် သူ့ကိုယ်သူ ခမ်းခမ်းနားနားနှင့်ပင်ရှိနေသေးသည်ကို တွေ့ရလေသည်။ အမှန်တကယ်ပင် ချီးမွမ်းထောမနာပြုခြင်းနှင့် ထင်ရှားပေါ်လွင်သော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာပြီး ဖြတ်သွားသောစစ်သည်များက ဗိုလ်ချုပ်ရှေ့၌ ဖျပ်ဝပ်စွာ အရိုအသေပြုပြီးနောက် ကန်နန်နနှင့် ကုလားအုတ်မည်းရှေ့တွင် နရူးနှင့် မြေကြီးကို ထိလိုက်ကြသည်။

သီးနှံစိုက်ခင်း၏အဆင့်၌ ထိုင်နေစဉ် သူ့အတွက် ဤဟာသည် ကောင်းမွန်သော အိပ်မက်ဖြစ်နိုင်သော်လည်း တကယ်တန်း၌ သူ့အား အနှောင့်အယှက်ပေးသကဲ့သို့ ဖြစ်၍ နေလေရာ နောက်ထပ်တစ်ဖန် လွတ်လမ်းရရန် စတင်ကြံစည်နေပြန်သည်။

ဘင်နီဆတ်တို့၏ စခန်းချရာနေရာကို သူသေချာစွာ ချင့်ချိန်ကြည့်သည်။ နောက်ပြီး စစ်တပ်ဖြတ်သွားမည့်နေ့နှင့် နေရာမှာ မိုင်အနည်းငယ်သာရှိမည်ဟု မှန်းဆကြည့်၏။

တစ်ဦးတစ်ယောက်သည် သဲကန္တာရပေါ်၌ မနေဖူးလျှင် ထပ်ကာထပ်ကာ မြင်နေကျပုံရိပ်အား အနည်းငယ်မျှသာ မှန်အောင်ပြောနိုင်မည်ဖြစ်သော်လည်း လှည့်သွားလှည့်လာနေသော ဘီဒိုအင်အဖို့ လမ်းကြောင်းနှင့် အကွာအဝေးကို မည်သည့်နေရာကိုမဆို သာမညအနေဖြင့် သိရှိနိုင်သည်။

သို့ရာတွင် ကန်နန်နသည် ရည်မှန်းချက်အောင်မြင်အောင် မည် သို့ဆောင်ရွက်ရမည်ကို လက်လျှော့ရမလိုပင် ဖြစ်နေ၏။ အလုံးစုံသောကိစ္စရပ်များကို ပြင်ဆင်စီမံထားပြီးသည့်အခါ သူ့အား အာလ္လာဟ်နှင့် အာရေးဗီးယားအတွက် သူတတ်နိုင်သော အလုပ်ကို ပေးလာပြန်၏။ သူသည် သိုးထိန်းတုတ်နှင့် သိုးသားရေ ကုတ်အင်္ကျီကို ဝတ်ဆင်နေရဆဲပင်ရှိသည်။

ဘင်နီဆတ်တို့၏ စခန်းချရာနေရာကို စစ်တပ်မှ ဖြတ်သန်းသွားမည့်နေ့မတိုင်မီ ညကိုရပ်နားလိုက်သည်။ ကန်နန်နနေသော တဲကို ခါလက်၏နေရာနှင့်ကပ်လျက် မြေစိုက်ထားပေးလိုက်သည်။

သူသည် မြေကြီးပေါ်ထိုင်၍ ညစာကို စားနေလေသည်။ စစ်သည်ဗိုလ်ပါတို့ ညအတွက် ပြင်ဆင်နေလေရာ ပန်းကန်ပြားသံများနှင့် စိတ်လှုပ်ရှားနေကြစဉ် အရာရှိတစ်ယောက်သည် ဗိုလ်ချုပ်ထံရောက်လာပြီး နောက်သုံးရက်ကြာလျှင် သီးနှံပြတ်လပ်တော့မည်ဖြစ်ကြောင်း သတင်းပို့နေလေ၏။

"ကျွန်တော့်ရဲ့အဖေ" သူသည် ဗိုလ်ချုပ်ရှေ့၌ ပျပ်ဝပ်၍ပြောသည်။ "အသျှင့်ရဲ့လူများဖြစ်တဲ့ ဘင်နီဆတ်မျိုးနွယ်စုတို့ဟာ အနောက်မြောက်ဘက် တစ်ညဥ့်အိပ်ခရီးထက်လျော့တဲ့ နေရာမှာ ရှိနေကြပါတယ်။ သူတို့ဟာ လွန်ခဲ့တဲ့ ခြောက်ပတ်လောက်က ရိတ်သိမ်းပြီး၍ သူတို့ဆီမှာ ကုလားအုတ် ၅၀၀ ဝန်တင်နိုင်တဲ့ သီးနှံများ ရောင်းချဖို့ရှိနေပါတယ်။ ဒီနေ့ည ကျွန်တော့်ကို သွားခွင့်ပြုပါ။ အာလ္လာဟ်ရဲ့ အကူအညီနဲ့ သန်ဘက်ခါ နေထွက်ပြီး

www.burmeseclassic.com

နောက်ပိုင်းမှာ အသျှင့်လက်ဝယ်ကို အပ်ပါ့မယ်"

ဒါလက်စ်သည် ဘီဒိုအင်လူငယ်လေးအပေါ် အလွန်ကောင်းမွန်သော ထင်မြင်ချက်ကို ပုံဖော်ထားပေးပြီး ဖြစ်၏။ သူ၏ မသက်မသာဖြစ်နေမှုကို သတိပြုမိသည်။ နောက်ပြီး သူထွက်ပြေးဖို့ ကြိုးစားကြံစည်နေသည်ကိုလည်း သံသယဝင်နေမိ၏။ အလုပ်တစ်ခုခုပေးရန် ရှာဖွေနေလေရာ တာဝန်ပေးအပ်ခြင်းအားဖြင့် သူ့အား တားဆီးပြီးသားဖြစ်၍ ဆက်လက်နေထိုင်ရန် နှစ်သိမ့်သွားစေမည်ဖြစ်၏။ ကန်နန်နသည် တစ်ချိန်ချိန်တွင် သူ၏ သိုးသားရေ ကုတ်အင်္ကျီနှင့် သိုးထိန်းတုတ်ရှည်တို့သည် တန်ဖိုးကြီးသော ဝတ်ရုံနှင့် တောက်ပနေသော ဓားများကိုင်စွဲသော ဝါရင့်စစ်သည်ကြီးများထက် ပိုမို တန်ဖိုးရှိလာလိမ့်မည်ဟု သူသိမြင်ခံစားရသည်။

အကျိုးသက်ရောက်မှု အဖြစ်တန်နန်နသည် နေဝင်ပြီးတစ်နာရီအကြာ၌ မြင်းစီးသူတစ်ရာ၏ ရှေ့ဦးဆောင်လျက် စတင်ထွက်ခွာရန် ကုလားအုတ် ၁၀ ကောင်အား သီးနှံတင်ရန် ရတာများနှင့်အတူ ကုလားအုတ်အကောင် ၂၀ တွင် သီးနှံအိတ်များနှင့် ကုလားအုတ်တစ်ကောင်၌ သဲအန္တာရမှ ကြောက်ရွံ့ဖွယ်သို့ ဒါလက်၏ လက်ဆောင်အဖြစ် သူ့သား၏ ဆောင်ရွက်ခဲ့သော အမှုတော်အတွက် အသိအမှတ်ပြုသည့်သဘောဖြင့် ပေးအပ်လိုက်သည်။

ဘင်နီဆတ်တို့ထံမှ မည်သည့်သီးနှံဝင်ဟိုဖြစ်စေ ရောင်းလိုက်သည်ကို ဝယ်ယူပြီးနောက် တပ်မတော်၏ရှေ့သို့ ကြိုတင်၍ ခရီးဆက်သွားပြီး လုံခြုံစွာနှင့် ဆီးရီးယားနယ်ခြားထိ ရောက်အောင် တာဝန်ယူစေသည်။

ကန်နန်နအား ဆွဲဆောင်၍မရသည်မှာ အံ့ဩဘွယ်ရာ မဟုတ်ချေ။ ဤကဲ့သို့သော ဝိသေသဂုဏ်ပုဒ်တို့ကိုလည်း နှစ်မြို့က်ခြင်း မရှိချေ။ မာနကြီးသော လူငယ်တစ်ယောက်အဖို့ အနောက်တိုင်း၊ သို့မဟုတ် အရှေ့တိုင်းတို့ထက် ဘီဒိုအင်သိုးထိန်းသည် ကုလားအုတ်မည်းပေါ်ထိုင်၍ လူအများရှေ့၌ ဗိုလ်ချုပ်၏ ချီးမြှောက်ခြင်းခံရပြီး လှည်းတန်းကို ဦးဆောင်ဦးရွက် အုပ်ချုပ်နေရလေသည်။ အခြားမြေမှာဆိုလျှင် ဝါရင့် မြင်းစီးစစ်သည်တစ်ရာတွင် သူတို့အတွင်း၌ ပုန်ကန်သူများ ရှိနေတတ်ကြသည်။ သူတို့အား သိုးသားရေ ကုတ်အင်္ကျီဝတ် လူငယ်လေး၏ အုပ်ချုပ်မှုအောက်တွင်ထားရှိကာ သူကိုယ်တိုင်၌ သိုးထိန်းတုတ်ရှည် လက်နက်ကိုသာ ကိုင်ဆောင်ထားပြီး အံ့ဩစရာပုံပြင်အဖြစ် ကန်နန်နသတ္တိကို ဘယ်သူတစ်ဦးမျှ ကြားဖူးခဲ့ကြ မည်မဟုတ်ချေ။ ထို့နောက် သိုးထိန်းသည် သီးနှံစိုက်ခင်းမှ ခြောက်ပတ်မတိုင်မီ ထွက်ခွာခဲ့၍ ဘင်နီဆတ်မျိုးနွယ်စု၏ သူရဲဘောကြောင်သူအဖြစ် ကျော်ကြားခဲ့သူသည် ထိုနေ့ည သူ့အိမ်သို့ မျက်နှာကို တည့်မတ်စွာထားသည်။ သူ၏နောက်လိုက် ကြမ်းကြုတ်သော စစ်သည်တစ်ရာတို့သည် သူ့အား ဘီဒိုအင်များအနက် အရဲရင့်ဆုံးသူ့တစ်ဦးအဖြစ် အမိန့်နာခံနေကြလေ၏။

လှည်းတန်းသည် မြန်ဆန်စွာ လွင်ပြင်၌ သွားနေစဉ် အလွန်အဖိုးတန်သောဝန်ထုပ်ကြီးကို သယ်ဆောင်လျက် မှတ်ဆိတ်မွေးမရှိသော အကြီးအကဲသည် အနည်းငယ်မျှ အံ့ဩစရာ မဟုတ်ချေ။ နောက်ဆုံး သူနှင့် သူ၏ စိတ်ဆိုးနေသည့် အဖေတို့ တွေ့ဆုံစဉ်ကအကြောင်း ပြန်လည်သတိရနေသည်။ သူ့အား ဝါရင့်ရှိတ်သည် မစ်ရှင်ခရီးအား တစ်ယောက်တည်းလွှတ်လိုက်ရမည်ကို ယုံကြည်ရန် ငြင်းဆိုပေမည်။ သူဘာပဲဖြစ်နေနေ သူ့အဖေ၏တဲသို့ ရောက်ရန် စိတ်ဆန္ဒစောလျက်ရှိပြီးနောက် သူ့အဖေ၏ကောင်းချီးပေးခြင်းကို ခံယူမည်ဖြစ်ပေသည်။

□

## အခန်း(၁၁)
## ဒါလက်၏ ဒါးပတ်

ညသန်းခေါင် ကျော်လွန်သော ခဏတွင် မြင်းစီးစစ်သည်ငါးဦးသည် ရှေ့သို့ ကြိုတင်သွားသူများ ပြန်လာကြပြီး ဝေးကွာသောနေရာ၏ ဝဲဘက်၌ အလွန်ကြီးမားသော စခန်းကြီးတစ်ခုရှိနေကြောင်း ပြန်လည်သတင်းပို့ကြသည်။ တစ်ဖန် ကန်နန်နသည် ရဲရင့်သော ဘီဒိုအင်ခေါင်းဆောင်တို့ လုပ်လေ့ရှိသည့်အတိုင်း ဦးဆောင်၍ သူ့နောက်မှ လှည်းတန်းကို လိုက်ပါလာစေသည်။ တငွေ့ငွေ့လောင်ကျွမ်းနေသော မီးနားသို့ ချဉ်းကပ်လာရာ စခန်းချရာနေရာကို မှန်းဆရန် ခက်ခဲနေလေ၏။

သူသည် ရှိတ်၏တဲသို့ တိုက်



www.burmeseclassic.com

www.burmeseclassic.com

ရိုက်သွားသည်။ ယင်းတဲသည် အများအားဖြင့် လှိုင်း၏အပြင်ဘက်၌ ရှိတတ်ပြီး မြစ်နှင့် အဝေးဆုံးနေရာ၌ ရှိသည်။ သို့မဟုတ် မျိုးနွယ်စုတို့၏ ညေ့သည်များအနီး ကပ်လာလေ့ရှိသော ကမ်းဖက်၌ ရှိတတ်၏။ သူချဉ်းကပ်သွားစဉ် အမှောင်ထဲမှ အရိပ်တစ်ခုသည် ငြိမ်သက်စွာ ထလာသည်။ ယင်းက လေကိုရှူလိုက်သည်။ တစ်ဖန် အလွန်တိုးစွာ ဝက်အော်သံပေါ်လာပြီးနောက် ကျေနပ်သည့်သဘောနှင့် အရိပ်သည် အမှောင်ထုအတွင်း နစ်မြုပ်သွားပြန်တော့သည်။

ကန်နန်နသည် ကုလားအုတ်လှဲချလိုက်သည်ကို မစောင့်တော့ဘဲ နောက်ဘက်မှ လျှောဆင်းလိုက်ပြီး ကုလားအုတ်ဖြူသို့ တန်းတန်းမတ်မတ် ပြေးသွားကာ တိုးတိုးလေး ပြောလိုက်သည်။ "မင်း ငါ့ကို မှတ်မိလိမ့်မယ်ဆိုတာ ငါသိနေတယ်လေ"

သဲကန္တာရမှ ကြောက်ရွံ့ဖွယ်သည် တံခါးမှပေါ်လာပြီး လက်တစ်ဖက်မြှောက်၍ ကောင်းချီးပေးလိုက်သည်။

ကန်နန်နသည် ဝမ်းမြောက်ဝမ်းသာအော်၍ သူ့အဖေဆီ ပြေးသွားသည်။ ထို့နောက် ဆံပင်ဖြူနေသော ရှိတ်ကြီးသည် သူ့သား၏လည်ပင်းအား သိုင်းဖက်လိုက်ပြီး နမ်း၍ ပြောသည်။

"ငါ့ကို ခွင့်လွှတ်ပါ ကန်နန်န။ ငါ့ရဲ့ သတ္တိကောင်းသော ကန်နန်န။ မင်းရဲ့ သူရဲဘောကြောင်မှုနဲ့ ငါ့ကို ကျိန်စာတိုက်ခဲ့တယ်လို့ ငါပြောခဲ့မိတယ်။ အခုကြည့် မင်းဟာ ခမ်းနားကြီးကျယ်စွာ လုပ်ခဲ့တယ်။ ငါ့ရဲ့သက်တမ်းတစ်လျှောက်လုံး နှစ်တွေမှာ ငါ့ရဲ့ သတ္တိ ပိုကောင်းခဲ့တာ အမှန်ပါပဲ။ တကယ်ပဲ ငါ့ကို အရှက်ရအောင် လုပ်ခဲ့တာပဲ။ ဒါပေမယ့်လည်း အခု မင်းက ရဲရဲရင့်ရင့်လုပ်ပြနိုင်ခဲ့ပြီ။ သူရဲဘောမကြောင်ဘူးဆိုတာ ငါယုံကြည်သွားပါပြီ"

ကန်နန်န ကြိုးစား၍ စကားပြောမည်ပြုသော်လည်း သူ၏မျက်ရည်များက သူ့အား ဆို့နင့်သွားစေခဲ့၏။ သူတစ်ဦးတည်း ကြမ်းကြုတ်သော စားပြများရန်မှ တည်ငြိမ်စွာ လုံးဝပြီးမြောက် အောင်မြင်သည်အထိ ရင်ဆိုင်နိုင်ခဲ့သည်။ သို့ရာတွင် သူသည် နောက်ဆုံး၌ ကလေးငယ်တစ်ဦးသာ ဖြစ်ကြောင်း ရုတ်တရက် သိရှိလိုက်သည်။ ထို့နောက် သူဘာမျှ မတတ်နိုင်တော့သဖြင့် ငြိမ်သက်စွာဖြင့် သူ့ဖခင်၏ လည်ပင်းကို တွယ်ကပ်ထားလိုက်လေတော့သည်။

ရှိတ်အိုကြီးသည် သူ့ကိုယ် သူ နိုးကြားလာလေ၏။

"ကန်နန်န"သူက ကျယ်လောင်စွာ ပြော၏။ ငါ ဘာဖြစ်လို့ငြိမ်နေရမှာလဲ။ မျိုးနွယ်စုအားလုံး မင်းကို ကြိုဆိုနေကြတယ်။ "ဟေ့ ... အိပ်နေတဲ့သူတွေအားလုံး"သူက အကျယ်ကြီး အော်ခေါ်လိုက်သည်။ "ထကြ ထကြ ကန်နန်န ငါတို့ဆီပြန်လာပြီ"

အနီးအဝေးသို့ အော်သံများ ထပ်ကာထပ်ကာ ကြားနေရ၏။ ထို့နောက် တစ်ခဏကြာလျှင် လူတို့သည် ဘင်နီဆတ်တို့၏ သူရဲကောင်းဆီသို့ ပြေးလာလျက် နှုတ်ခွန်းဆက်သကြသည်။

အစ်ကိုသည် ကုလားအုတ်ဖြူနှင့် ပြန်လာရုံမျှသာမကသေး ခါလက်၏ မျက်နှာပဝါဖုံး စေတမန် ရဲရဲတောက် ကယ်တင်ခြင်းကြောင့်လည်း ဖြစ်၏။ လှည်းတစ်စီး ဖြတ်သန်းသွား၍ အရာရှိတစ်ယောက် ရောက်ရှိလာပြီး သဲကန္တာရ၏ ကြောက်ရွံ့ဖွယ်အား မဟာအိမာက ထိုကဲ့သို့ သားတစ်ဦး၏ဖခင်အား ချီးကျူးဂုဏ်ပြုသည့် အနေဖြင့် ရွှေတစ်အိတ်ကို ပေးသည်။

အခု ကိုယ်ပျောက်ခါလက်၏ လက်ဆောင်မွန်များ ရောက်ရှိလာ၏။ ထို့နောက် တစ်ရာသော မြင်းစီးစစ်သည်များ ကန်နန်န၏အသံကို နာခံကြလေ၏။ ဘင်နီဆတ်မျိုးနွယ်စုတို့သည် သူတို့၏ မျက်စိများနှင့်နားများကိုပင် ယုံကြည်ရန် ခက်ခဲနေလေ၏။

မီးရှူးမီးတိုင်များ ထွန်းညှိလိုက်ကြ၏။ မီးများ ပြန်မွှေးကြသည်။ ထို့နောက် နေမထွက်မီ အခမ်းနားဆုံးထဲမှာ ဘီဒိုအင်တို့၏ စားသောက်ပွဲကို ဝမ်းမြောက်ရွှင်မြူးခြင်းအပြည့်ဖြင့် ဆင်နွှဲကြပေမည်။

ရှိတ်အိုကြီးသည် သူ့အား ဝတ်ဆင်ပေးရန် အကောင်းဆုံးဝတ်ရုံကို ဆွဲထုတ်ယူလာခဲ့သည်။ သူ့လက်၌ ဝတ်ရန် လက်စွပ်တစ်ကွင်း။ နောက်ပြီး သူ့ခြေထောက်အတွက် ရှူးဖိနပ်တို့ကို ရှေးရိုးထုံးစံအတိုင်း သားပြန်ရောက်လာသည်ကို အခမ်းအနားကျင်းပပေးခြင်းဖြစ်ရာ အသုံးဖွာသော ပုံပြင်သည် အိုဟောင်းနေပေပြီ။

ကန်နန်နသည် ခေါင်းခါရုံသာ လှုပ်ရှားလိုက်ပြီး ဖြေသည်။ "ကျွန်တော့်ရဲ့အဖေ အာလ္လာဟ်က ကျွန်

www.burmeseclassic.com

တော့်ကို ခြေထောက်မဆသာနဲ့ သိုး သားရေကုတ်အင်္ကျီ ဝတ်ထားတာကို ကောင်းစွာ သိနေတော်မူပါပြီ"

ဘီဒိုအင် လှူငယ်သည် အခြား အစားအစာများကို ရုံဖန်ရံခါ စား သည်မှအပ အသားကို မြည်းရုံသာ မြည်းကြည့်လေ၏။

သာမန်ဧည့်သည်များ ရောက် လာလျှင် တဆေးနှင့်ဖောက်ထား သော ပေါင်မုန့်ဖုတ်၍ ဧရစ်ချိုခေါ် ကုလားအုတ်နို့ချဉ်နှင့် ဂျုံမှုန့်ဖျော်ထား သော ဒိန်ချဉ်ရည်ကို ဧည့်ခံကြသည်။ သို့ရာတွင် ကန်နန်နသည် သာမန် ဧည့်သည်တစ်ယောက် မဟုတ်ပေ တကား။

အဆင့်မြင့် ရာထူးရှိသူတစ်ဦး အတွက် ကော်ဖီနှင့် ထောပတ်ဖျော် ရည်အား ပြင်ဆင်ပေးသော်လည်း ဤအရာများဖြင့် ကန်နန်နအား ကြို ဆိုရန် မလုံလောက်တော့ချေ။

ထို့ထက် အဆင့်မြင့်နေသူ တစ် ဦးအတွက် သိုးကောင်ကလေးအား ကုလားအုတ်နို့နှင့်ပြုတ်ပြီး သစ်သား ပန်းကန်ကြီး၌ထည့်ကာ အဆီခဲဖျော် ၍အုပ်လျက် ဂျုံကို ပြုတ်ပြန်သည်။ နောက်ထပ် အခြောက်ခံထောပတ်နှင့် ထပ်ပြုတ်ထားသည်ကို ဘေး၌ ရံ ထားပေးသည်။

ထိုကဲ့သို့ သိုးနှင့် သိုးငယ် အကောင်နှစ်ဆယ် ပြုလုပ်ပြင်ဆင် ပေးထားသော်လည်း လူတွေက ကျေ နပ်မှုမရှိကြသေးချေ။ ဘာမျှမကျန် တော့သော်လည်း အကြီးမားဆုံး၊ အခမ်းနားဆုံး စားသောက်ပွဲကို ဘီဒို အင်မျိုးနွယ်တို့က အံ့စွမ်းရှိသမျှ သူ ၏မြင့်မြတ်သော ဧည့်သည်အား ဂုဏ် ပြုရန် ထပ်ပေါင်းထည့်နိုင်သည် ...။ ကုလားအုတ်မနှစ်ကောင်အား သတ်၍ အသားကို ပြုတ်ကြော်ကင်ရန် အမြန် ဆုံး ဝေငှလိုက်သည်။ လွန်ခဲ့သော ၁၆ ပတ်လောက်က သူ့အား နှုတ်ဆက် စကား တစ်လုံးမျှမပြောခဲ့ဘဲ အထင် သေး အမြင်သေးစွာ ကဲ့ရဲ့ပြစ်တင်ခဲ့ သော ကြက်ဖင်းသမားတစ်ဦးနှင့် သူ့ အား စွန့်ခွာသူ ကလေးများအားလုံး အတွက် ဖြစ်သည်။ ယောကျ်ားများ သည် အသားများစား၍ ကုလားအုတ် နို့နှင့် ကော်ဖီများ သောက်နေကြစဉ် မိန်းမများက မျိုးချစ်သီချင်းကို သီဆို နေကြသည်။ သီချင်းထဲတွင် အချို့သူ ရဲကောင်းများအနက် မကြာခဏ ကန်နန်န၏အမည်ကိုပါ ထည့်သွင်းသီ ဆိုပေးကြသည်။ ထို့နောက် ယောကျ်ား များ စားသုံးပြီးလျှင် မိန်းမများသည် မဟာချမ်စ်(အမျိုးသမီး သီးသန့်အခန်း) တွင် ကျန်တာများစားသောက်ရန် စုရုံး ကြသည်။ သဲကန္တာရ၏ ကြောက်မက် ဖွယ်သည် မျိုးချစ်စိတ်ဓာတ် နိုးကြား စွာ အထွတ်အထိပ်သို့ ရောက်ရှိ၍ ခါ လက်၏ တပ်မတော်ကြီးနှင့် ပေါင်း စည်းရန်ကြံရွယ်ကြောင်း ကြေညာ လိုက်တော့သည်။ ထို့နောက် နှစ်ရာ ခန့်ရှိသော ဘင်နီဆတ်မျိုးနွယ်စုတို့ သည် သူ့နောက်သို့လိုက်ရန် သန္နိဋ္ဌာန် ချလိုက်ကြတော့သည်။

ကန်နန်နသည် သူနှင့်အတူ ရှိ နေကြသူများသည် ဆိတ်မွေးမြူသည့် တဲများအတွင်း မွန်းတည့်ချိန်နီးမှ အိပ် ရာဝင်သွားကြစဉ် အားလုံးသော မျိုး နွယ်စုများသည် သီးနှံအိတ်များကို ထုပ်ပိုးခြင်း၊ ကုလားအုတ်များပေါ် တင်ဆောင်ခြင်းနှင့် စစ်တိုက်ရန် သူ တို့၏ လက်နက်များကို တိုက်ချွတ် လျက် အလုပ်ရှုပ်နေကြကုန်လေ၏။

ကန်နန်နသည် သူ့အားပေး ထားသော တာဝန်ကို သစ္စာရှိစွာ ဆောင်ရွက်သည်။ ခါလက်က စစ်မှု ထမ်းခြင်း၏ လွန်စွာကြီးမားသော အရေးပါမှုကြောင့် သူ့လက်ထဲအပ်နှံ ပြီး ပုံစံတစ်ခု ရိုက်သွင်းခြင်းဖြစ်၏။

ဗိုလ်ချုပ် ကြိုတင်တွက်ဆခဲ့ သည့်အတိုင်း အချိန်ဆိုက်ရောက်ခဲ့ပြီး ခါလက်၏ စစ်မက်ဗိုလ်ပါများအား ဆီးရိုးယားနှင့် အာရေးဗီးယားမှ မိုဟာမေဒင်စစ်တပ်များက လာ ရောက်ပူးပေါင်းကာ ပါလက်စတိုင်း၏ နယ်ခြားယာထောင့်၌ နောက်ဆုံးတွင် စခန်းချခဲ့ကြသည်။

ကန်နန်နအား ဗိုလ်ချုပ်တဲနန်း သို့ ဆင့်ခေါ်လိုက်ရာ ကမ္ဘာပေါ်မှာရှိ သမျှ သူရဲဘောကြောင်သူများကဲ့သို့ တုန်လှုပ်နေလေ၏။ သူ့ရှေ့၌ မျက်နှာ မှောက်၍နေသည်။ သူ့အား အာရေး ဗီးယားကို ကယ်တင်ရန် အပ်နှံခြင်းခံ ရသော်လည်း လုံးဝ မျှော်လင့်စရာ မကောင်းသည့် ကိစ္စဖြစ်ပေ၏။ ခါ လက်၏ဆီသို့ သူ၏မျက်လုံးများအား လုံး ရောက်ရှိသွားအောင် လှည့်လိုက် ၏။ ထို့နောက် ကန်နန်နသည် တုန် လှုပ်နေရသည့်အကြောင်းမှာ ကြောက် ၍မဟုတ်သော်လည်း၊ သူနှင့် နှစ် ယောက်တည်း တဲနန်းအတွင်း၌ရှိနေ သောကြောင့်ဖြစ်ပြီး သူ့အတွက် ဘုရား သခင်ထက် အနည်းငယ်လျော့သူ တစ်ဦးဟုသာ အထင်ရှိနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ခါလက်၏စကားများသည် အမြဲတမ်းနည်းရှိ မြန်ဆန်စွာ ပြောဆိုတတ်၏။

"ကန္တာရရဲ့ ကြောက်ရွံ့ဖွယ်ရဲ့ သား"သူပြော၏။ "ချဉ်းကပ်လာတဲ့ ရန်သူနဲ့ ပတ်သက်ပြီး ဆန့်ကျင်ဘက် ကောဇ္ဇာဟာလများကြီး ငါ့ဆီရောက်ရှိလာတယ်။ ငါ အမှန်ကို သိချင်တယ်။ အမြန်ဆုံး လိုချင်တယ်။ ဒီတာဝန်ကို ထမ်းဆောင်နိုင်ဖို့ မင်းကို ဘာတွေ ထောက်ပံ့ပေးရမလဲ"

ကန်နန်န၏နဖူးသည် မြေကြီးကို ထိထားဆဲဖြစ်၏။ ရှုတ်တရက်ပေးလိုက်သောအမိန့်ကို တအံ့တသြဖြစ်သွား၏။ လျှောက်လဲချက်တစ်ရာတွင် လွှတ်မြောက်ရေးအခွင့်ထူးတစ်ခု မရနိုင်။ သေမိန့်မှတစ်ပါး ခွင့်လွှတ်ခြင်းမဲ့၍ လိုက်နာရန်သ၂ ရှိတော့သဖြင့် ထရပ်ရန် မေ့လျော့နေလေ၏။

ခါလက်သည် သူ၏သဘာဝကို အထူးနားလည်၍ ကောင်လေးအား အနှောင့်အယှက်မပေးလိုသဖြင့် ငြိမ်သက်စွာ ထိုင်နေလေ၏။ နောက်ထပ် ငါးမိနစ်ကြာအောင် ဘယ်သူမှ မလှုပ်ရှားချေ။ တစ်ဖန် ကန်နန်နသည် ဖြည်းညင်းစွာထ၍ သူပြန်ဖြေသည့်အခါ သူ၏အသံသည် အနည်းငယ် တုန်နေလေသည်။ "ကျွန်ုပ်ရဲ့ဖခင် အသျှင်ရဲ့ အပြေးမြန်တဲ့မြင်း၊ အသျှင်ရဲ့ ကောင်းချီးပေးမှုနဲ့ အသျှင်ရဲ့ ခါးပတ်ကြိုးကိုသာ ယူဆောင်သွားလိုပါတယ်"

ကိုယ်ပျောက် ခါလက်သည် ခါးပတ်တစ်ခု ပတ်ထားကြောင်း တပ်မတော်မှ စစ်သားတိုင်းနှင့် စခန်းနောက်လိုက်များအားလုံး သိရှိကြသည်။ ယင်းသည် ကုလားအုတ်သားရေကို ကျပ်တိုက်၍ညှိနေပြီး တောက်ပသော ပါရှန်ဆိုးဆေးများဖြင့် ခြယ်ထားသဖြင့် ဘယ်သူ၏ မျက်စိမှ မမှောက်နိုင်ဘဲ အလေးကာပင် မြင်သာလှသည်။

ယင်းသည် သောဘီလုံနန်းတော်၌ ချိတ်ဆွဲထားသည့် လိုက်ကာအစိမ်းပိုင်းတစ်ခုဖြစ်၏။ ယင်းကို ထိတ်လန့်စရာကောင်းသော စစ်သည်များက နှစ်မြိုက်ကြည်နူး၍ သူ့ခါးပတ်ကို ပတ်ခဲ့ရာ သူ၏အဆောင်အယောင်အဖြစ် ထင်ရှားခဲ့၏။ မိုင်တစ်ရာခန့်အတွင်း သူ့လိုအရောင်မျိုး မရှိ၍ လူတွေမြင်သည့်အခါ ခါလက်မှန်း တန်း၍သိကြ၏။

"မင်းကြိုက်တဲ့ မြင်းကိုယူ" ဗိုလ်ချုပ်ကဖြေ၏။ "ငါအခု မင်းကို ငါ့ရဲ့ ကောင်းချီးပေးတယ်"ထို့နောက် တစ်ခဏခန့် တုံ့ဆိုင်းနေ၏။ ကန်မှန်န ကုလားအုတ်တစ်ရာ၊ မြင်းသ[illegible] တစ်ထောင် တောင်းလျှင်လည်း သူဖြည့်စွက်မည်။ "သူတို့ကိုယူ"အရင်အတိုင်း ဖြစ်နေသေး၍ သံသယ အနည်းငယ်ရှိ၍ ပြောသည်။ "ငါ့ခါးပတ်နဲ့ မင်း ဘာလုပ်မှာလဲ"

အခြား အရာမှတစ်ပါး သူ့၌ စွဲကပ်သော တိုက်ရိုက်ရိုးသားမှုဖြင့် ကန်နန်နက ဖြေကြားသည်။ "ကျွန်တော့်ရဲ့ ကုတ်အင်္ကျီအောက်မှာ ဖွက်ထားမှာပါ။ လူတစ်ဦးက ဘာသာရေးနဲ့ ဆက်စပ်နေတဲ့ ခါးပတ်ခိုးယူပြီး ရန်သူဆီ ထွက်ပြေးသွားကြောင်း၊ ခါးပတ်ရဲ့ ဘယ်အပိုင်းအစကိုမဆို ပြန်ပေးနိုင်သူအား ဆုလာဘ်အများအပြားပေးသနားမည်ဖြစ်တဲ့အကြောင်း စစ်တပ်တစ်ခုလုံးအား ကြေညာပေးစေလိုပါတယ်"

နောက်ထပ် စကားတစ်လုံးမျှ မပြောတော့ဘဲ ဗိုလ်ချုပ်သည် ဘာသာရေးဆိုင်ရာ ခါးပတ်ကိုဖြုတ်၍ ကန်နန်နအားပေးလိုက်ရာ သူက ရိုသေစွာ သူ့နဖူးနှင့်ထိလိုက်ရင်း သူ၏ သိုးသားရေ ကုတ်အင်္ကျီအောက်၌ ပတ်ထားလိုက်သည်။

ဒူးထောက်လျက် သူ့ထံမှ ကောင်းချီးပေးမှုကို ခံယူကာ တဲနန်းမှ ထွက်ခွာသွားသည်။ သူသည် ခါလက်၏ အကောင်းဆုံးမြင်းကို ရွေးချယ်ပြီး တစ်ဦးတည်း အမှောင်အတွင်း ဝင်ရောက်ပျောက်ကွယ်သွားလေ၏။

ဌာနချုပ်တစ်ခုလုံးတွင် နောက်တစ်နေ့မနက်တွင် မလုပ်ချင် မကိုင်ချင်သည့်စိတ်များ ဖိစီးလျက် ဖြစ်ပေါ်နေလေ၏။

စစ်သည်တော်တိုင်း ယင်းကို စောင့်ကြည့်ရန်နှင့် ဖမ်းရန် အမိန့်ပေးသည်။ သေးနုပ်သော အစကလေး တစ်စကိုပင် တွေ့ရှိပါက ခါလက်ထံ ချက်ချင်းပြန်လည်ပေးအပ်ရန် ဖြစ်သည်။ တွေ့ရှိ၍ ကံကောင်းသူအား ရွှေဒင်္ဂါး အများအပြားပေးမည်၊ သူ့အား လဲလျောင်းထိကိုင်ခွင့်ပြုမည်။

*(ရှေ့လဆက်ရန်)*

ဦးတိုး(တက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

# ခုနစ်ရက်သားသမီးများအတွက်
# ဆရာမ ဒေါက်တာစောယုနွယ်က ဆောင်ရွက်ပေးနေပြီ

၁။ အမိအဘတွေက ကိုယ့်သားသမီးတွေကို ဆင်းစီးမြင်းရံပြီး ဘဝခရီးတစ်လျှောက် ပန်းခင်းတဲ့လမ်းကို လျှောက်လှမ်းစေချင်တာ ဓမ္မတာပါပဲ၊ ဒါကြောင့် ကိုယ့်သားသမီးလေးတွေကို ကံဇာတာမြင့်မားစေတဲ့ ရက်တွေ၊ နေ့တွေမှာ မွေးစေချင်ကြပါတယ်၊ အဲဒီလိုကိစ္စတွေဖြစ်ခဲ့ရင် ဆရာမဒေါက်တာစောယုနွယ်ထံမှာ သင့်လျော်တဲ့ မွေးရက်ကို တွက်ချက်လိုက်ပါ။

**မွေးရက်ရွေးခြင်း**

၂။ မွေးလာတဲ့ကလေးအတွက် မွေးသည့်အချိန်မှစလို့ လူမှုရေးပညာရေးတွေ ကောင်းစေဖို့ ဆောင်ရွက်ပေးပြီး မျက်နှာမြင်ချစ်ခင်စေ၊ နာမည်ကြီးရုံနှင့် လူတိုင်းက ဖြူစေမယ့် နာမည်ကောင်းတွေကို ရွေးလိုက်ပါ။

**ကလေးအမည်ပေးလျှာ**

၃။ မင်္ဂလာဆောင်မယ်တို့အတွက် နေ့ကောင်းနဲ့ရက်သာကိုရွေးပြီး တစ်သက်မခွဲ ရွှေလက်တွဲရမယ့်အဆောင်။

**မင်္ဂလာရက်မြတ်လက်ထပ်ရက်ရွေး**

၄။ အလုပ်ကြီးအကိုင်ကြီး ဆိုင်ကြီးကန္နားကြီးတွေအတွက်

**လုပ်ငန်းအမည်ပေး**

၅။ ငွေကြေးအဆင်ပြေလို့ အိုးအိမ် အသစ်ဆောက်မယ့်အခါ။

**အိမ်ဆောက်ပန္နက်တင်မင်္ဂလာ**

၆။ နာမည်ကျော်ကြား လူသိများပြီး ဝင်ငွေကောင်းစေမယ့်

**အနုပညာရှင်တို့၏ အမည်ပေးလျှာ**

စသည့်အကြောင်းအရာတို့ကို စနစ်တကျ တွက်ချက်ဆောင်ရွက်ပေးနေပါပြီ၊ နယ်မှ ဆောင်ရွက်လိုသူများ တယ်လီဖုန်းဖြင့် ဆက်သွယ်ခဲ့ပါလျှင် စာတိုက်၊ မော်တော်ကား စသည့်ရောက်ရှိမည့် လမ်းကြောင်းများနှင့် ပြန်လည်ပေးပို့နေပါပြီ။

ချမ်းသာကိုယ်စိတ်မြဲပါစေ • • •

**ဆရာမဒေါက်တာစောယုနွယ်**
အမှတ်-၂၀၅(က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)
ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com



# နတ်ခုန်းဘီလူး

## နယ်ကျူးလို့မရ

ကျော်မင်းနိုင်

(တစ်)

ထားဝယ်သား မောင်စံမြ စက်လှေ စလိုက်စဉ်ကဖြစ်သည်။

အဲဒီတုန်းက သူ့အသက်ရှိလှမှ ၁၇ နှစ်သာသာ။

အိမ်မှာ စီးပွားရေးမပြေလည်တော့ စက်လှေလိုက်ပြီး ပင်လယ်ထွက်ခဲ့ရသည်သာ။

ပင်လယ်ကလည်း အဝေးကမ်းလွန်မဟုတ်။ ကမ်းနီး မုတ္တမကွေ့တစ်ဝိုက်မှာပါ။ ကမ်းနီး ငါးဖမ်းစက်လှေဆိုပါတော့။

သူတို့စက်လှေ မုတ္တမပင်လယ်ကွေ့ထဲမှာ ပိုက်ချငါးဖမ်းနေတဲ့ ညအချိန် သန်းခေါင်ယံ။

ပင်လယ်ရေပြင်မှာ လင်းလင်းလက်လက်အရောင်တွေ ပြိုးပြက်လာတာကို တွေ့လိုက်ရသည်။

ထိုလင်းလင်း ပြိုးပြိုးပြက်ပြက်အရာတွေက လူဦးခေါင်းခန့်ရှိသည့် ပင်လယ်မီးစုန်းတွေ။

သည့်ပြင်အခေါ်အဝေါ် တစ်ခုလည်း ရှိပါသေးသည်။

"ရေစုန်းဘီလူး"

အဲဒီမီးစုန်းတွေ လှေနားကပ်လာသည်။

ဟော・・・လှေပေါ်တက်ပြီ။

စက်လှေပဲ့နှင်းကြီးက ညသန်းခေါင်ယံဆိုတော့ အရက်မူးမူးနှင့် အိပ်မောကျနေသည်။

ကျန်စက်လှေသားတွေလည်း အပျော်သောက်ပြီး ယစ်ဝေနေကြသည်။ မောင်စံမြကတော့ စက်လှေသားအသစ်ကလေး။ လူကလည်းငယ်သေးတော့ သူတို့လို အရက်မသောက်တတ်၍ ထိုရေစုန်းဘီလူး မီးလုံးတွေကို သတိထားမိသည်။

သူ သတိထားနေဆဲမှာ လှေပေါ်တက်လာသည့် မီးစုန်းဘီလူးတွေ လှေပေါ်ကနေ ရွက်တိုင်ထိပ်ဖျားပေါ် တက်သွားကြသည်။

အဲဒီမီးစုန်းဘီလူးတွေလည်း ရွက်တိုင်ထိပ်ဖျားပေါ်အရောက်・・・

"ဟေး・・・ဘာလုပ်နေတာလဲ စားခွဲပြီး ခုတ်ပါတော့လား"

"လုံးခွဲပြီး ထိုးပါတော့လား"

"စားခွဲပြီးခုတ်"

"လုံးခွဲပြီးထိုး"

အသံနက်ကြီးတွေ ဘယ်ကဘယ်လို ပေါ်လာသလဲ။

လှေသားတွေဆီကပဲ ပေါ်လာလေသလား။

ပင်လယ်ပြင်ထဲကပဲ ဟစ်အော်အမိန့်ပေးလေသလား။

အဲဒီ အသံဆိုးအသံနက်ကြီးတွေ ကြားရပြီးနောက်・・・

"ခုတ်"

"အား"

"ခွေးမသား မင်းက စားနဲ့လိုက်ခုတ်တယ်ပေါ့လေ"

"ဂုစ်"

တစ်ယောက်က လုံနဲ့ပြန်ထိုးသည်။

"အမယ်လေး"

"တစ်ကောင်မှ အရှင်မထားနဲ့။ အသေခုတ်၊ အသေသတ်ကြ"

အဲဒီလို အသံဆိုးအသံနက်ကြီးတွေနဲ့ လှေတစ်စင်းလုံး ရုတ်ရုတ်သဲသဲ ဆူဆူညံညံ ခုတ်ကြထစ်ကြဖြင့် စောစောက မူးပြီးအိပ်မောကျနေတဲ့ ပဲ့နင်းကြီးနိုးလာပြီး စိုးရိမ်ထိတ်လန့်စွာနဲ့ စက်လှေရွက်တိုင်ထိပ်ဖျားက ပင်လယ်

www.burmeseclassic.com

မီးစုန်းဘီလူးတွေသိ လုပ်ကြည့်ပြီး ရွက်တိုင်ဆီကို အမြန်ခုံးပြေးလာသည်။

ရွက်တိုင်ခြေရင်း ရောက်သည်နှင့် သူ့လုံချည်ကိုလှန်ပြီး သေးနှင့်ပန်းတော့သည်။

သည်တော့မှ ရွက်တိုင်ထိပ်များက ပင်လယ်မီးစုန်းဘီလူးကောင်တွေ ထွက်ပြေးပြတ် ပင်လယ်ထဲ ခုန်ဆင်းပြေးကုန်သည်။

ပုံနှင်းကြီးသည် သူတစ်ယောက်တည်း သေးပန်းရသည်ကို ထုံးတော်ပုံမရ၍ ရွက်တိုင်အနီး ရွက်ခုံမှာ ပုန်းအောင်းကပ်ရှိနေသော စံမြကို -

"ဟဲ့ ကောင်လေး မကြောက်နဲ့။ ခင်တည်း ငါ့လိုလုပ်။ ဒီကောင်တွေကို ပင်လယ်ထဲမှာနိုင်တာ ဒီနည်းပဲရှိတယ်ကွာ...ကွာ့"

ထားဝယ်သားမောင်စံမြ ကြောက်ကြောက်နှင့် ပုံနှင်းကြီးလုပ်သလို လုပ်ခဲ့ရသည်။

အဲဒီလို ကြောက်စရာ အတွေ့အကြုံ မြစ်ရပ်ဆိုးကြောင့် စံမြ နောက်ကို ဘယ်တော့မှ ပင်လယ်စက်လှေ မလိုက်ရဲတော့။

ဆင်းရဲသည့် မိဘတွေကလည်း နောက်ထပ်ပြီး မခိုင်းရက်တော့။

မောင်စံမြကို ဘကြီးဘုန်းကြီးရှိရာ ရွှေကျင်မြို့ရှိ ထားဝယ်စု ဘုန်းကြီးကျောင်းသို့ ပို့လိုက်ကြသည်။

ထားဝယ်စုဘုန်းကြီးမှာ ပ[illegible]းချီးပန်းပု မတောက်တခေါက် ဝါသနာပါသော ကပ္ပိယကြီးတစ်ယောက်ရှိနေ၍ ထားဝယ်သားလေး မောင်စံမြမှာ ကပ္ပိယကြီးထံမှ ပန်းပုပညာကို ထိုဘုန်းကြီးကျောင်းမှာနေသည့်အခိုက် အကြိုက်တွေ့ စွဲလမ်းစွာ သင်ယူလေတော့သည်။

* * *

(နှစ်)

တောင်ငူ၊ ရွှေကျင်၊ မဒေါက်၊ ကျောက်ကြီး ညောင်လေးပင်နယ်မြေများကို ဖြတ်သန်းစီးဆင်းနေသော စစ်တောင်းမြစ်ကြီးသည် ဧရာဝတီမြစ်လောက် အကျယ်အဝန်းကြီးမား သော မြစ်တစ်စင်းဟု ပြောယူရလောက်အောင် အပြောင်းအလဲ မြန်ဆန်သော မြစ်ကြီးဖြစ်၏။

စစ်တောင်းမြစ်ထဲ စီးဝင်လေ့ရှိသော မြစ်လက်တက်များမှာ အရှေ့ဘက်တွင် ကရင်ပြည်နယ်တောင်တန်းများ၊ ရှမ်းရိုးမတောင်တန်းများတွင် မြစ်များခံပြီး အနောက်ဘက်တွင် ပဲခူးရိုးမကြီးနှင့် အလယ်ရိုးမတောင်တန်း[illegible]နှင့် မြစ်ဝယ် မြစ်လက်တက်များက [illegible]များခံ၍ စီးဝင်ကြပြန်သည်။

ထိုတောတောင်များတွင် မြစ်ဖျားခံ၍ မုတ္တမကွေ့ပင်လယ်ထဲသို့ စီးဝင်ပြန်သဖြင့် ကန်တော့ပုံ အဝကျယ်ကာ ပင်လယ်မရောက်ခင်ကတည်းက မွန်ပြည်နယ်အစပ်၌ပင် ပင်လယ်ကြီးဖြစ်နေပြီး ရေစီး၊ ရေတက်၊ ဒီရေအထိုး ကြမ်းသော မြစ်ဆိုးကြီးတစ်စင်း ဖြစ်၍နေချေပြီ။

ထိုသို့ တောင်ပေါ်တွင် ချောင်းများခံကာ အရှေ့ အနောက်ဘက်တို့မှ မြစ်ပမာဏရှိသော ချောင်းကြီးအချို့ စီးဝင်ရာဖြစ်၍ မိုးကာလတွင် ရေက နောက်ကျိပြီး ရေစီးမှာလည်း အင်မတန်ကြမ်းတမ်းသော မြစ်ကြီးတစ်စင်းဖြစ်၏။

ပဲခူးတိုင်းနှင့် မွန်ပြည်နယ် ထိစပ်ရာနေရာကာစ၍ မြစ်အောက်ဘက်ကျယ်လာကာ မြစ်သည် ခေါင်းလောင်းပုံကားသွားပြီး ပင်လယ်ဒီရေ အတက်ကြမ်းပြန်သဖြင့် မြစ်ရိုင်းကြီးတစ်ခုအဖြစ်နှင့်လည်း ကျော်ကြားပြန်သည်။

သို့သော်...

ထိုမြစ်ကြမ်း မြစ်ရိုင်းကြီးသည် စစ်တောင်းမြစ်ဝှမ်းနေ လူတို့ကိုလည်း အကျိုးပြုသည့်အခါ ပြုပါသေးသည်။

တောင်ကျရေများ တို့နေးခုတ်ဆိုင်းကာလတွင် မြစ်ယဉ်ကျေးကြီးပမာ ကမ်းခြေတစ်ဖက်တစ်ချက် ရွှကွင်းရွှကွက် ပသာဒအလှကောင်းကောင်းဖြင့် စစ်တောင်းသည် ဘီလူးရုပ်ကိုခွာချလျက် အပျိုမအံ လှယဉ်ကျေးကချေသည်လေးပမာ ဟန်ပန်နွဲ့နှောင်း ပျော့ပျောင်းနေတတ်ပြန်၏။

မာန်မာနကြီး၍ ခက်ထန်သော၊ သိမ်မွေ့နူးညံ့၍ ယဉ်ကျေးသော ထိုစစ်တောင်းမြစ်ကြီးကို နွေနွေ မိုးမိုး ဆောင်းဆောင်း နဖားကြိုးထိုး၍ ထမ်းပိုးတပ်စေခိုင်းနိုင်သော လူစွမ်းကောင်းများက စစ်တောင်းကမ်းပါးနေ စိတ်ကြမ်းလူကြမ်းသမားကြီးများဖြစ်ကြသော "အဘဦးပန်းမြ"တို့လို လူစားကြီးတွေပင်ဖြစ်၏။ အဘဦးပန်းမြတို့သည် စစ်တောင်းမြစ်ရေကို နိုင်နင်းစွာ စေခိုင်းကြသည့် ရွှေကျင်၊ မဒေါက်သားများ ဖြစ်ကြ၏။

စစ်တောင်းမြစ်ကို အလှဆင်ရာတွင်လည်း မြစ်ရေပြင်၌ မီးပင်လေးဖြစ်



www.burmeseclassic.com

www.burmeseclassic.com

အောင့် သီတင်းကျွတ် မီးကြာပွင့်များဖြင့် ပူဇော်ပသမှုပြုသည်မှာ မြန်မာနိုင်ငံတစ်ဝန်း အကျော်ကြားဆုံး အရပ်များဖြစ်၏။

ထိုစစ်တောင်းမြစ်ရေ၊ ရွှေကျင်၊ မဒေါက်မြစ်ရေမှာ ဝါးဖောင်၊ သစ်ဖောင်ကြီးတွေ မျှောချခြင်း၊ လှေသမ္ဗန်များဖြင့် ကုန်စည်ကူးသန်းခြင်းတို့ကို မြစ်ကြမ်းကြီးနှင့် အားကောင်းမောင်းသန် လှုပ်ရှား၍ အရှိန်အဟုန် သွားလာနေလေ့ရှိတတ်ကြသည်။

အထယ်ရှိမဟာက ဘယ်တောင်ထိပ်၊ ဘယ်အရပ်တွင် မိုးတွေညှို့နေလျှင် အနောက်ဘက် ဘယ်ချောင်းကတောင်ကျရေများ စစ်တောင်းမြစ်မကြီးရင်ခွင်ကို ရေလုံးရေရှင်းဖြင့် ဆောင့်၍ဝင်လာမည်၊ အရှေ့ရိုးမဆီမှ ဘယ်တောင်ကြောတွင် မိုးသက်လေဆင်လျှင် ဘယ်အချိန် အရှေ့ဘက်ချောင်းမှ ရေလုံးကြီးဝင်လာမည်ကို အတပ်သိ၍ စစ်တောင်းမြစ်ကြီး၏ ဘယ်တောင်ဘယ်ကွေ့မှာ ရပ်နားခိုကပ်ရမည့် အတွေ့အကြုံကပေးသော ပညာတွေကြွယ်ဝနေသူများဖြစ်၏။

တောင်သူများပီပီ ကွမ်းသီးလုံးကို ကွမ်းညှပ်မသုံးဘဲ ပါးစပ်ထဲပစ်သွင်းထောက်ကနဲကိုက်ဝါးရင်းက စစ်တောင်းမြစ်ကြီး၏ မာယာများကို အလွယ်တကူအတပ်ပြောနိုင်သော မြစ်ဝှမ်းနေသားကြီးတွေဖြစ်၏။

ယင်းကြောင့် အဘဦးပန်းမြတို့ ရွှေကျင်၊ မဒေါက် လှေသမ္ဗန်တွေ မြစ်ရိုးတစ်လျှောက် အန္တရာယ်ကင်းဘေးရှင်းစွာ ကူးသန်းသွားလာ နေနိုင်ကြသည်မှာ အဆန်းတကြယ်တော့ မဟုတ်ပါချေ။

မြစ်ကြမ်းကြီးမှာ အားမာန်အပြည့်ဖွဲ့တင်းတင်းဖြင့် ကူးသန်းသွားလာသူတွေဖြစ်၍ စိတ်ဓာတ်မှာလည်း ပျော့ညံ့ညံ့တွေတော့ မဟုတ်ပြီ။

သဘာဝကိုက စိတ်ဓာတ်အင်အားကြီးမားအောင် မွေးပေးထားသူများဖြစ်ကြလေသည်။

"ဟိုတလောက・・・အရှေ့ဘက်ချောင်းဝက ချောင်းအော်သံကြီးကြားရတယ်။ စစ်တောင်းထဲသွားရင် သတိထားသွားကြနော်။ အဲဒီနေရာက လှုနဲ့လှေတွေ မကြာခဏ စားစားပစ်တဲ့နေရာ။ ခုတလော အပုပ်နံ့တွေလည်း ပေးပေးနေတယ်ကွ။ ပေါ့ဆရင် စစ်တောင်းဘီလူးက စားမှာပဲ"

* * *

(သုံး)

အရှေ့ဘက်ချောင်းမှာ ရွှေကျင်မြို့ မြောက်ဘက် ကျောက်ကြီးဘက်မှ စီးဝင်လာသော ကျောက်ကြီးချောင်းကို အလွယ်တကူခေါ်ကြခြင်း ဖြစ်၏။

ကျောက်ကြီးချောင်းသည် အရှေ့ရိုးမတွင် ချောင်းများခံပြီး မြောက်မှတောင်သို့ စီးဆင်းကာ ရွှေကျင်အထက်တွင် စစ်တောင်းမြစ်မကြီးနှင့် ပေါင်းစပ်သွားလေသည်။

ကမ်းစပ်ရွာတွေမှ ကြားရသော သတင်းအရဆိုပါက လူနှင့်လှေ သမ္ဗန်တွေကိုစားမည့် ချောင်းအော်သံကြားရပြီဆိုလျှင် ပေါ့ပေါ့တန်တန်မနေဘဲ သတိထားလှုပ်ရှားကြရန်ဖြစ်၏။

"ချောင်းအထက် တောင်ပေါ်မှာ မိုးတွေကြီးလို့ ချောင်းအောက်ဘက် စစ်တောင်းမြစ်ကြီးထဲ ရေလုံး[illegible] တာပဲ၊ အဲဒီမှာ တိရစ္ဆာန်[illegible] ကြီးတွေ၊ သစ်ပင်ကြီးတွေ [illegible] ကျိုးပဲ့ပြီး ရေစီးနဲ့အတူ မျောလာတာဖြစ်မယ်။ ဒါကြောင့် ချောင်းဝတစ်လျှောက်မှာ ပုပ်စော်နံနေတာပဲ။ တချို့သစ်ပင် သစ်တုံးကြီးတွေ မျောလာတဲ့အပေါ်မှာ တောတိရစ္ဆာန်ကောင်ကြီးတွေ မသေမရှင် ကုပ်တွယ်တတ်ပါလာရာက အော်ကြဟစ်ကြလို့ ချောင်းအော်သံလို့ပြောကြတာပါ။ ဒါပေမယ့် အရှေ့ဘက်တောင်ပေါ်မှာ မိုးကြီးရင် တို့လှေသမ္ဗန်တွေ အနောက်ဘက်ကမ်းရေကြောင်းက သတိထားပြီး လှော်ခတ်ကြတာပ"

အဘဦးပန်းမြမှာ လှေသူကြီးပီပီ အတွေ့အကြုံရှိသူတစ်ဦးမို့ စစ်တောင်းမြစ်ကြမ်းကြီး၏ အန္တရာယ်တွေကို ဆောင်ရန်ရှောင်ရန် နားကျေနေသူဖြစ်၏။ သည်ခရီးလည်း ဦးပန်းမြတို့ သမ္ဗန်လှေသားအစုံအလင်၊ ပစ္စည်းအပြည့်တင်၍ ရွှေကျင်မှနေ၍ "မုန်း"ဘက်သို့ ဆန်တက်လာစဉ် အရှေ့ရိုးမဆီမှ မိုးမှောင်ကြီးကျနေသည်ကို လှမ်းမြင်နေရသည်။

စစ်တောင်းအနောက်ဘက် ရေကြောင်းမှ ခက်တတ်အစုံ ရွက်အစုံမြင်၍ တက်လာစဉ် ပဲခူးရိုးမကြီးဘက်ကလည်း မိုးလေဝသ အခြေအနေမှာ

www.burmeseclassic.com

[illegible] ပြာလာသည်ကို [illegible]

“[illegible] အရှေ့အနောက် [illegible]ရောက်ရာပဲပေါ့။ စီအတိုင်းဆိုရင် [illegible]ကြ ကွန်းချောင်းရေကျနဲ့ [illegible] တောင်လေပင့်တုန်း နတ် [illegible]ကိုအရောက် အမြန်ဆန်တက် [illegible]မယ်”

အဘဦးပန်းမြ သူ့လှေသားတွေကို သတိပေးသည်။

ကွန်းချောင်းသည် ပဲခူးရိုးမတွင် မြစ်ဖျားခံ၍ ကညွတ်ကွင်းနှင့် တောကျွဲအင်းဘက်မှဖြတ်၍ စီးဆင်းကာ နာမည်ဆိုးနှင့် ရေစီးကြမ်းသောလှိုသတ်ချောင်းတစ်ချောင်း ဖြစ်၏။

သမ္ဗန်သမားများကို လှေထိုးသား၊ သမ္ဗန်တက်မကိုင်၊ အကြီးအကဲကို လှေသူကြီးဟုခေါ်လေ့ရှိသည့်အတိုင်း သမ္ဗန်ကို ခက်တက်နှင့်ခတ်ကြသည်ကို လှော်တက်ဟု လွယ်လွယ်နှင့်ပြောသူတွေ ပြောကြသည်။ ခက်တက်ဟု ခေါ်သူတွေ ခေါ်ကြသည်။

လှေသူကြီးဦးပန်းမြက တောင်ကျရေလွတ်အောင် လှော်ခတ်ရာတွင် အင်အားနှစ်ဆတိုးမှ ဖြစ်မည်ကို တွက်ချက်ပြီး ကိုယ့်အလှည့်မဟုတ်၍ အားနေသော သမ္ဗန်သမားများကို လှမ်း၍ကြည့်လိုက်သည်။

ဝင်းစစ် ဝေါ်တင်းတောင်ကျော်တင်နိုင်သည့် သမ္ဗန်ကြီးများတွင် လှေသားလေးယောက်၊ လှေသူကြီးတစ်ဦး တက်မကိုင်ရန် လိုအပ်၍ ဦးပန်းမြတို့ သမ္ဗန်မှာလည်း လူငါးယောက်ပါလာခဲ့သည်။ ထိုအထဲမှာ ထားဝယ်သားစံမြသည် သူ့အလှည့်ပြီးလျှင် သူဝါသနာပါသော အလုပ်တစ်ခုကိုသာ တကုပ်ကုပ်လုပ်နေလေ့ရှိသူဖြစ်၏။

လက်တစ်မိုက်၊ လက်တစ်တောင်ခန့်အရှည်ရှိ သစ်မြစ်၊ သစ်ကိုင်း၊ ကျိုးပေါင်းတစ်ခုခုရလျှင် သူဆောင်ထားသော ဓားထက်ထက်တစ်ချောင်းဖြင့် ပန်းပုရုပ်များ ထွင်းနေတတ်ခြင်းပင်။

သူသုံးသောဓားမှာ ဓားသွားခပ်သေးသေး၊ ဓားရိုးရှည်ရှည်နှင့် ဓားမောက်ဦးကော့ ဖြစ်၏။ ထွင်း၍ ကော်၍ ဖဲ့၍ရသော ဓားအမျိုးအစား။

ထိုဓားမောက်ဦးကော့ဖြင့် သမ္ဗန်ဖမ်းခင်းတော်တွင်ထိုင်ပြီး သစ်သားရုပ်တစ်ခုခု ထွင်းနေတတ်သဖြင့် ထိုထားဝယ်သားစံမြကို အခြားလှေထိုးသားများလို သူ့အလှည့်ပြီးပါက သမ္ဗန်ပေါ်မှ ဗာဟိရအလုပ်များလုပ်ဖို့ အခိုင်းရခက်နေတတ်သည်။

သို့သော် အန္တရာယ်နှင့် ယှဉ်လာပြီဖြစ်၍ -

“ဟေ့ စံမြ”

“ခင်ဗျာ လှေသူကြီး”

“မင်းပါ ခတ်တက်ယူပြီး တက်စုံဝင်ခတ်မှ ကျွန်းချောင်းတောင်ကျရေနဲ့ လွတ်မှာကွ”

“ဟုတ်ကဲ့ သူကြီး”

ဟုတ်ကဲ့ သူကြီးသာ ပြောနေသည်။ ထိုင်ရာမှ ချက်ချင်းမထသေးဘဲ သူ့အရုပ်ကို သူစိတ်ဝင်စားစွာ ထွင်းလျက်ရှိသေးသည်။

အလယ်ရိုးမကြီးတွင် မိုးရိပ်မိုးခြည်က ဝို၍မှောင်လာခဲ့ပေပြီ။

“ဟေ့ကောင် စံမြ မင်းကွာ… အလိုက်ကမ်းဆိုးမသိဘူး။ သမ္ဗန်သမား လှေသမား မပီသလိုက်တာ။ သမ္ဗန်တစ်စင်းလုံး အန္တရာယ်ကျတော့မယ့်ဟာ တက်စုံခတ်ရမယ်ဆိုကာမှ မင်းအရုပ်အစုတ်ပလုတ်ကို ခဏချထားစမ်း။ ဟိုမှာ ဦးတက်ခတ်တိုင်ကနေ ကြားခန်းအမြန်ရောက်အောင် ဝင်ခတ်စမ်း”

“ဟုတ်ကဲ့ သူကြီး”

ထားဝယ်သားစံမြ သည်တော့မှ သူ၏ ထွင်းထုလက်စ ပုံမကျပန်းမကျ အရုပ်ကိုချထားပြီး ဦးဘက်သို့ထသွားကာ ခတ်တိုင်တွင် ခတ်ကွင်းစွပ်၍ ခတ်တက်ကို ကျုံး၍ကျုံး၍ခတ်လေတော့၏။

× × ×

(လေး)

လူလေးယောက် ခတ်အားဖြင့် စစ်တောင်းကို ဆန်တက်လာသော သမ္ဗန်ကြီးမှာ စစ်တောင်းမြစ်ရေကြမ်းတွင် ရိုပ်ခနဲ ရိုပ်ခနဲ ထိုး၍တက်၍ လာလေတော့သည်။

လှေသူကြီးဦးပန်းမြက မိုးရိပ်လေအဆင်ကိုကြည့်၍ တင်ထားသောရွက်ကို ချထားလိုက်ရသည်။

ဒါတောင်မှ တောင်ကျရေမလွတ်ဘဲ စစ်တောင်းဘက်ရေစီးကြောင်းထဲ တောင်ကျရေထိုးဝင်လာသည်။ သို့သော် အရှိန်လျော့နေ၍ တော်တော့သည်။

သစ်ကိုင်း၊ သစ်ခက်၊ သစ်လုံး အမှိုက်တွေ၊ ဒိုက်သရောတွေ မျောပါလာရာမှ ပုပ်စော်စူးစူးဝါးဝါးမျောင်



www.burmeseclassic.com

www.burmeseclassic.com

လာသဖြင့် ဦးပန်းမြ မျက်လုံးလျှင်လျှင်ဖြင့် လှမ်းကြည့်လိုက်မိသည်။

မှောက်ခုံကြီးပါလာသော လူသေအလောင်းကြီးတစ်လောင်း။

"သမ္ဗန်ကို မထိစေနဲ့ဟေ့။ ဝေးဝေးရောက်အောင် ထိုးဝါးနဲ့ထိုးလွှတ်စမ်း"

သမ္ဗန်သမား တစ်ယောက်က ထိုးဝါးနှင့် ထိုးလွှတ်လိုက်စဉ် ဦးပန်းမြက အလောင်းကြီးကို လှမ်းကြည့်လိုက်တော့ ခြေတွေ၊ လက်တွေပြတ်နေသော အလောင်းဖြစ်နေသည်ကို တွေ့ရသည်။

"ကျားပဲအစားခံရသလား။ တောင်ကျရေနဲ့မျောလာတုန်း တိုက်မိ၊ ခိုက်မိပြီး ခြေလက်အင်္ဂါတွေ ပြတ်ကျန်ခဲ့သလားမသိဘူး"

ဦးပန်းမြ ပြောလက်စ စကားမဆုံးသေး・・・

"ဟာ・・・လေ့သူကြီး။ ကျားကျားဗျ၊ ဒီအလောင်းဟာ ကျားစားခံရတဲ့အလောင်း။ ဟောဟိုမှာ မျောလာတဲ့ သစ်ပင်ကြီးပေါ်မှာ ကျားပါလာတယ်"

သမ္ဗန်သမားတစ်ယောက်က လှမ်းအော်ပြောလိုက်သဖြင့် မြစ်ရေစီးကြောင်းမှာ ကြည့်လိုက်တော့ တောင်ကျရေကြောင့် အမြစ်ကျွတ်ထွက်ပြီး မျောလာသော သစ်ပင်ကြီးတစ်ပင်ပေါ်မှာနံဖီ၍ပါသွားသော ကျားတစ်ကောင်ကို တွေ့လိုက်ရသည်။

"သူကိုက်သတ်ထားတဲ့ အစာကိုလာစားတုန်း ကံဆိုးတဲ့ကျား တောင်ကျရေနဲ့မိပြီး မျောလာတာဖြစ်မယ်။ တို့လည်း ကံသီသွားတယ်"

ကျားကြီးသည် သစ်ပင်ကြီးလဲ၍မျောနေသည့်အပေါ်တွင် ငြိမ်ငြိမ်မနေဘဲ ဦးပန်းမြတို့သမ္ဗန်ပေါ်မှ လူတွေကိုမြင်တော့ လှမ်းပြီးမာန်ဖီကာ -

"ဝေါင်း ဝေါင်း"

သစ်ပင်ကြီးအပေါ်မှာပင် ဟိုလျှောက်ဒီလျှောက်လုပ်ရင်း သမ္ဗန်ကြီးပေါ် လှမ်းခုန်တက်ရန် လှုပ်ရှားနေစဉ် သစ်ပင်ကြီးမှာ ဟိုဘက်သည်ဘက် လည်ထွက်သွားပြီး -

"ဝေါင်း"

"ဝုန်း"

မြစ်ရေစီးကြမ်းထဲ ပြုတ်ကျသွားပြီး အောက်ဘက်သို့ မျောပါသွားလေတော့သည်။

ဦးပန်းမြလည်း မြစ်ရေစီးမှာ ရေမကူးနိုင်တော့ဘဲ မြုပ်ချည် ပေါ်ချည်ပါသွားသော ကျားကြီးကိုလှမ်းကြည့်ရင်း တရားသံဝေဂ ပွားမိသည်။

"ရေထဲမိုးထဲ ဒုက္ခနဲ့ ကြုံတွေ့ရတာတောင်မှ… အစားမက်တဲ့တိရစ္ဆာန်၊ သူကိုယ်တိုင်တောင်မှ အင်အားချည့်နဲ့ပြီးနေတာတောင် ရန်မူချင်သေးတယ်။ သူ့ဒေါသက သူ့ကိုသတ်သွားတာပဲ"

ဟူ၍ ဦးပန်းမြ တရားနှင့်ဆင်ခြင်နေစဉ် ထားဝယ်သား စံမြကတော့မှ-

"အား・・・ကြည့်စမ်း ကြည့်စမ်း။ ကျုပ် အခုထုနေတဲ့ နတ်ရုပ်ရဲ့အစွမ်းပဲဗျ။ ကျားက ကျုပ်တို့သမ္ဗန်ကိုတွေ့ပြီး သမ္ဗန်ပေါ်ခုန်တက်မလို့အလုပ်မှာ နတ်ရုပ်အစွမ်းကြောင့် ပြုတ်ကျသွားတာ။ ဒါတောင်မှ ကျုပ်နတ်ရုပ်ကို အပီအပြင် မထွင်းရသေးဘူး"

"ဟော့ကောင် စံမြ နတ်ရုပ်အစွမ်းတွေဘာတွေ လုပ်မနေနဲ့။ ငါက ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးပဲ ယုံကြည်အားထားတယ်။ ငါ့သမ္ဗန်ပေါ်မှာ နတ်တွေ၊ ဘီလူးတွေ၊ နဂါးတွေ အကြောင်း မပြောမနေနဲ့ကွ။ ကျားပြုတ်ကျတာ တောင်ကျရေအထဲနဲ့မျောပါလာရလို့ ကျားက အင်အားကုန်ခန်းပြီး ရှည်နေလို့ သစ်ပင်ကြီးပေါ် တွယ်တက်လာရတာ။ အင်အားမကုန်ရင် ရေကူးနိုင်တဲ့ သတ္တဝါပဲကွ။ ခုတို့ကိုမြင်တော့ သူ့အစာဆိုပြီး သမ္ဗန်ပေါ်ခုန်တက်ဖို့လုပ်ရာက သစ်ပင်ကြီးပေါ်က ပြုတ်ကျသွားတဲ့ဟာ။ သူ့အကုသိုလ် သူ့ကိုအကျိုးပေးသွားတာပဲ။ မင်းနတ်ရုပ်ကြီးက ပြီးတောင်မပြီးသေးဘူး။ ဘယ်လိုကဘယ်လို ဘယ်သိဒ္ဓိနဲ့ အစွမ်းပြရတာတုံးကွ"

လေ့သူကြီးဦးပန်းမြ လှမ်းပြောလိုက်သဖြင့် စံမြပါးစပ်ပိတ်သွားကာ သဗ္ဗန်ခတ်တက်ကို ဆောင့်၍ဆောင့်၍ ခတ်နေတော့သည်။

× × ×

(ငါး)

ကြားစခန်းသို့ရောက်၍ နားကြပြန်တော့ ထမင်းစားပြီးသည်နှင့် သမ္ဗန်သမားများမှာ အေးအေးသက်သာ အနားယူမှေးစက်နေသော်လည်း ထားဝယ်သားစံမြမှာ မနားနိုင်ဘဲ သူ့နတ်ရုပ်ကို သူဆက်၍ ထွင်းနေပြသည်။

ထားဝယ်သားစံမြမှာ ဝါသနာပါ၍သာ နတ်ရုပ်ထွင်းရသည်။ အခြေခံနည်းမကျတကျဖြစ်နေ၍ ဘာရုပ်မှန်း

www.burmeseclassic.com

မင်း မပေါ်တွင်သေး။ လူရုပ်လည်းမဟီး ဘီလူးရုပ်လည်းမပေါ်၊ နတ်ရုပ်လည်း မကျ ဖြစ်နေသည်။

"မင်းနတ်ရုပ်ကကွာ ကြည့်ရင်း ကြည့်ရင်း လှမလာဘဲ ကြောက်စရာ ကောင်းလာသော်ပြီး နတ်ရုပ်မပေါ်ဘဲ ဘီလူးရုပ်ထွက်နေတော့ နတ်ဘီလူးကြီး ပေါ်လာ…ဟားဟားဟား"

"အပြီးသတ် အချောမကိုင်ရသေး လို့ပါ သူကြီးရာ"

ဈေးသူကြီးဦးဟန်မြ ညဘက် ဘုရားရှိခိုးပြီး အိပ်သည့်အချိန်လောက်မှ စံမြမှာ မအိပ်သေးဘဲ သူ့နတ်ရုပ်ကိုသူ ငွဲနပ်ကြည့်ရှုပြီး ဆက်၍ထွင်းနေသည် မှာ ဘယ်အချိန်မှာ အိပ်စက်လေသည် မသိ။

မနက် ကြားခန်းမှ သမ္ဗန်ထွက် တော့ အခြားသမ္ဗန်သမားတွေ နိုးနေပေ မယ့် စံမြကို အတင်းနိုးမှ ထနိုင်တော့ သည်။

"နတ်ဘီလူးရုပ် ထွင်းနေရလို့ အိပ်ရေးပျက်တယ်ပေါ့ကွာ ဟုတ်လား"

ဦးဟန်မြ အပြစ်တင်သလိုပြော လိုက်သည်ကိုပင် အလိုက်ကမ်းဆိုးမသိ သော စံမြ -

"နောက် တစ်ရက်နှစ်ရက်ထွင်း လိုက်ရင် ရုပ်လုံးပေါ်တော့မှာပါ သူကြီး ရဲ့"

"ရုပ်လုံးပေါ်တာတွေ မပေါ်တာ တွေ နောက်မှထား။ တို့သွားရမှာ ထန်း တပင်အထိ သွားရမှာ။ သမ္ဗန်ခတ်ဖို့ လုပ်ပေတော့"

"ဟုတ်ကဲ့ သူကြီး"

စံမြ သူ့ထုံနတ်ရုပ်ကို ချထား၍ သမ္ဗန်ခတ်တက်ကိုကိုင်ကာ ကြားခန်း ဆိပ်မှ သမ္ဗန်ကြီးကို လှေသားများနှင့် အတူ အလှည့်ကျခတ်လာရတော့သည်။

* * *

(ခြောက်)

သို့နှင့် နတ်သံကွင်းသို့မရောက်မီ ခရီးတစ်ဝက်တွင် သမ္ဗန်ဆိုက်ပြီး ထမင်း စားဖို့ ပြင်ဆင်ကြသည်။

ထမင်းဟင်းများကိုမူ လှေသမ္ဗန် သမားတို့ အလှည့်ကျချက်ကြရာတွင် စံမြမှာ ထမင်းဟင်းချက်အလှည့်တွင် တက်သုတ်ရိုက်ချက်ပြီး တာဝန်ကျေ သဖြင့် ဦးဟန်မြမှာ ဘာမှမပြောသာဘဲ ရှိရသည်။

"မင်းက ဘာမဟုတ်တဲ့ ဒီနတ် ဘီလူးအရုပ်တွေထွင်းပြီး အချိန်ဖြုန်းပေ မယ့် ထမင်းဟင်းချက်တော့ ကောင်း သားကွ စံမြရဲ့"

"ကျွန်တော်က သူကြီးရဲ့သမ္ဗန်ကို မလိုက်ခင် ရွှေကျင်ထားဝယ်စုဘုန်းကြီး ကျောင်းမှာ ကပ္ပိယလုပ်လာတော့ ဟင်း ထမင်းချက်ရတာလောက် အကောင်းပဲရှိ ပါသေးတယ် သူကြီးရဲ့"

"အင်း…ထားဝယ်စုဘုန်းကြီးက ငါ့လက်ထဲ မင်းကို ထည့်လိုက်လို့ မင်း ငါ့သမ္ဗန်ပေါ်ရောက်လာတာကို ငါမစဉ်း စားတတ်အောင် ဖြစ်နေတာပဲ စံမြရဲ့ ပြီးတော့ မင်းနဲ့ ထားဝယ်စုဘုန်းကြီးနဲ့ ဆွေမျိုးသားချင်းတွေဆို"

လှေသူကြီးဦးဟန်မြက ထားဝယ် သားစံမြနှင့် စကားစပ်မိ၍ ပြောဆိုနေ

စဉ် လှေသမားတစ်ဦးဖြစ်သော ကျော် သိန်းက အကြောင်းသိဖို့ ဝင်၍ပြော သည်။

, "ဒီကောင်က မကြာခင် ဒိန်းမယူ တော့မယ်ဆိုတော့ ဘုန်းကြီးက အလုပ် တစ်လုပ်ရှိမှ သင့်တော်မယ်ထင်ပြီး သူ့ အကာရင်းဖြစ်တဲ့ သူကြီးဆီကို အလုပ်ရ အောင် ပို့လိုက်တာပဲ သူကြီးရဲ့ ဝင်ငွေ မရှိဘဲ ဘယ်လို ဒိန်းမယူမလဲဗျ။ ပန်းမှ ရှုပြီးတော့ ကျွေးရအောင်ကလည်း သူ့ လက်ရာက ဗိုမကျွေးမကျ တောင် မည်း မြောက်မည်"

"ဩော်…ဒီလိုလား။ စံမြလက် ရာက တောင်မည် မြောက်မည်ဆို ပေမယ့် မျောက်တော့ဖြစ်ပါတယ်ကွ။ ကြည့်လေကွာ။ သူ့နတ်ရုပ်လို့ပြောတာ ကြီးက ဘီလူးရုပ်ထွက်နေတာပဲ ဟား ဟားဟား"

သူတို့သမ္ဗန် ကြိုးချည်ထားရာမှာ အနောက်ဘက်ကမ်းတွင်ဖြစ်၍ အရိပ် အာဝါသကောင်းသော ညောင်ပင်ကြီး ကလည်းရှိနေ၍ အေးချမ်းလှ၏။

ညောင်ပင်ကြီး၏ မြစ်ကမ်းနဖူးပေါ် မေးတင်၍ ပေါက်နေပြီး နှစ်ပရိစ္ဆေဒ ကြာမြင့်လှပြီဖြစ်ရကား မြစ်ပျဉ်းကြီးများ လည်း အကြောပြိုင်းကြီးတွေပမာ မြစ် ပြင်ဆင်း၍ ရေသောက်နေဟန်ရှိသည်။

သမ္ဗန်သမားတွေ ထမင်းစားပြီး နောက် တောင်ကျချောင်းစဉ်က လော့ ခတ်ခဲ့ရ၍ ခတ်ကြိုးပြတ်သည်များကို ပြန်လည်၍ ခတ်ကြိုးကျစ်ကြ၊ ခတ် တက်ပဲ့သည်များကို ပါလာသော သစ် သားနှင့် ခတ်တက်ပြင်ကြနှင့် အေးအေးရ



www.burmeseclassic.com

www.burmeseclassic.com

နိုင်အောင် ရှိကြသည်။

သမ္ဗန်ပေါ်တွင် အရေးပေါ်ပြင်ဆင်ရန် ဆောက်တွေ၊ ရွှေဘော်တွေကအစ လက်သမားကိရိယာ အစုံအလင်ပါသည်။ သစ်သားအပိုနှင့် သမ္ဗန်ပေါက်လျှင် အရေးပေါ်ဖာထေးရန် ပွဲလျက်ပင် ဆောင်ထားရသည်။ ထိုအလုပ်များသည် သမ္ဗန်သမားတို့၏ တာဝန်များဖြစ်၏။

လှေသူကြီးဖြစ်သော ဦးပန်းမြက ထမင်းစားပြီးနောက် ကွမ်းတမြုံ့မြုံ့ဝါးလျက် လူကြီးပီပီ တစ်ရေးတစ်မောမှေးသည်။

ထားဝယ်သားစံမြသည် ထမင်းကို ကသုတ်ကရက်စားပြီး သူ့နတ်ရုပ်အား စားဆောက်ဖြင့် ထွင်းနေပြန်သည်။ ထိုမျှအထိ ဝါသနာကြီးသည်ဖြစ်၏။

သမ္ဗန်ထွက်မည့် အချိန်တွင်ပင် သမ္ဗန်ခတ်တက်ကိုကိုင်ရမည့် အလှည့် မသိဘာမသိ ဖြစ်နေ၍ ဦးပန်းမြလည်း မခံနိုင်အောင် ဖြစ်လာသည်။

"ဟေ့ကောင် စံမြ"

"ဗျာ သူကြီး"

"မင်း သမ္ဗန်ခတ်ဖို့ လိုက်လာတာလား။ နတ်ရုပ်ထွင်းဖို့ လိုက်လာတာလား"

"သမ္ဗန်ခတ်ဖို့ လိုက်လာတာပါ သူကြီး"

"ဒါဆို သမ္ဗန်ထခတ်လေကွာ။ မင်းရဲ့အသုံးမကျတဲ့ လက်စွမ်းနဲ့ အဲဒီ နတ်လိုလို၊ ဘီလူးလိုလိုအရုပ်ကို ခုချက်ချင်း ရေထဲလွှင့်ပစ်လိုက်စမ်း"

"ဟာ…သူကြီး ဒီလိုတော့ ရေထဲမလွှင့်ပစ်ပါရစေနဲ့ဗျာ"

"ရေထဲမပစ်ချင်ရင် ငါ့ကိုပေးစမ်း အဲဒီအရုပ်"

ဦးပန်းမြ ဆွဲ၍လုပြီး ရေထဲသို့ ထိုးထွက်နေသော လက်လှမ်းမီရာ အောက်မြစ်ခွကြားပေါ် ပစ်တင်ထားလိုက်သည်။

"အဲဒီမှာပဲထားခဲ့။ ငါ့သမ္ဗန်ပေါ် လိုက်ရင် ဒီလို မဟုတ်မဟပ်တွေမလုပ်နဲ့ကွ။ မင်းဟာက လွန်လွန်းတယ်။ မင်းကို ငါကြည့်နေတာကြာပြီ"

ထားဝယ်သားစံမြမှာ လှေသူကြီး ဦးပန်းမြကို မပြောရဲ၍သာ ငြိမ်နေရသည်။

သူတို့သမ္ဗန် စစ်တောင်းမြစ်ထဲ ရောက်သည့်တိုင် ညောင်ပင်ကြီး၏ အမြစ်ကြားမှာ ကျန်ရစ်ခဲ့သော တောင်မည်၊ မြောက်မည် ကျန်ရစ်ခဲ့ရသော သူ့အရုပ်ကလေးအား နမြောသည့် အကြည့်ဖြင့် လှမ်း၍ကြည့်မိနေတုန်းဖြစ်၏။

× × ×

(ခုနစ်)

ထန်းတပင်ဆိုသော မြို့တွေက မြန်မာပြည်မှာ များလှသည်။

ရန်ကုန်တိုင်း အင်းစိန်မြို့နယ်နှင့် ကပ်လျက်ရှိသော ထန်းတပင်၊ စစ်ကိုင်းတိုင်းမှ ထန်းတပင်၊ ပဲခူးတိုင်း စစ်တောင်းမြစ်ဝှမ်းမှ ထန်းတပင်…။

ဒါက အထင်အရှား ထန်းတပင်မြို့တွေဖြစ်သည်။ မထင်မရှား ထန်းတပင်တွေ ဘယ်လောက်ရှိနေဦးမည်မသိ။

ဦးပန်းမြတို့သမ္ဗန်ကြီး ထန်းတပင် ဆိပ်သို့ရောက်ပြီး ပါလာသည့်ကုန်ချကြသည်။ ပြီးတော့ ပြန်တင်သွားရမည့် ကုန်တွေ စောင့်တင်ကြရပြန်သည်။

တောင်ငူ ထန်းတပင်မှာ စစ်တောင်းမြစ်အရှေ့ခြမ်းမှ မြို့ကြီးတစ်မြို့ဖြစ်၍ စည်ကားလှသည်။

ဦးပန်းမြတို့သမ္ဗန်ကြီး ကုန်ရ၍ ပြန်ထွက်လာကြတော့ ကုန်စောင့်တင်ရင်း ခုနစ်ရက်ကြာခရီး ဖြစ်သွားသည်။

ရေပ်ကြီး မုန်းကို လွန်လာပြီး ထမင်းစားနားနေကျ နတ်သံကွင်းညောင်ပင်ကြီးရှိရာသို့အရောက်မှာ ဦးပန်းမြ အဖို့ မျက်စိမှားစရာဖြစ်သွားသည်။

ထိုညောင်ပင်ကြီးမှ မြစ်အတွင်း ရေသောက်ဆင်းနေကြသော နိုင်ခဲ့သည့် ညောင်မြစ်ပျဉ်းကြီးများတွင် လှေသမ္ဗန် အချို့ ကြိုးချည်၍ အေးအေးလူလူ ထမင်းစားသည့်အခါ စားကြသည်။ ဒါကလည်း ယခင်က တစ်စင်းတလေ မျှသာ။ နတ်သံကွင်းရွာကလေးနှင့် အနည်းငယ်လှမ်းသဖြင့် သမ္ဗန်တွေ ရပ်ယှက်ခတ်မနေသဖြင့် ဦးပန်းမြ ထိုနေရာကလေးကို အကြိုက်တွေ့၍ စတည်းချခြင်းလည်းဖြစ်သည်။

ယခုတော့မှ…

ယခင်ကနှင့် လုံးဝမတူ။ မတူဆို လွန်ခဲ့သည့် ခုနစ်ရက်ခန့်လောက်နှင့်ပင် ကွဲပြားခြားနားသွားသည်။

ထိုညောင်ပင်ကြီး ဝန်းကျင်မှာ လှေသမ္ဗန်များ အစင်းနှစ်ဆယ်သုံးဆယ်ခန့် စုဝေးရောက်ရှိနေကြသည်။

ပြီးတော့ ထူးထူးခြားခြား နတ်ကွန်းငယ်တစ်ခုကို တွေ့နေရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးပန်းမြတို့သမ္ဗန်ကြီး ကပ်သွားတော့ ရောက်နှင့်နေသော လှေသမ္ဗန်များမှလူတွေက လှမ်းပြောကြသည်။

"ကျုပ်တို့အဖို့ အားထားကိုးကွယ်စရာ အရှင်ကြီးတစ်ပါး တိုးတာပဲဗျား။ ဒီညောင်ပင်ကြီးမှာ နတ်ရုပ်တစ်ရုပ်ကို ကျုပ်တို့ လှေသမ္ဗန်သမားတွေ၊ သစ်ဖောင်တွေ အားထားကိုးကွယ်ရအောင် ဘယ်သူ့စွန့်ကြဲပေးသွားသလဲ မသိဘူး။ တော်တော်တန်ခိုးကြီးတဲ့ နတ်ရုပ်ဗျား။ ဖောင်သမားတွေက သူတို့ဖောင်ပေါ်ပါလာတဲ့သစ်တွေနဲ့ နတ်ကွန်းတစ်ခု ဆောက်ပေးသွားတာ။ နေ့ချင်းညချင်း ရေမီးအစုံနဲ့ ပေါ်လာတာပဲ"

"ဒီနေရာက စစ်တောင်းမြစ်ခရီးတစ်ဝက်အခုံးဗျား။ အထက်ကိုတက်တက် အောက်ကိုဆင်းဆင်း ဒီနတ်ကွန်းကို လှေတွေ၊ သမ္ဗန်တွေ၊ သစ်ဖောင်တွေ ဦးတိုက်ပူဇော်ကန်တော့ပြီးသွားမှ အန္တရာယ်ရှင်း ဘေးကင်းမှာဗျ"

ထိုစကားများ ကြားလိုက်တော့ ဦးပန်းမြရယ်ချင်သည်။ သူ့ပါးစပ်မှ ထွက်ခါနီးထွက်သွားတော့မည့် စကားကိုထိန်း၍ ထားဝယ်သား စံမြကို လှမ်းကြည့်လိုက်မိသည်။ ထားဝယ်သားစံမြမှာ ဂုဏ်ယူဝင့်ကြွားသော အပြုံးကြီးနှင့် မာန်တက်လျက်ရှိ၏။

ဦးပန်းမြသည် သူ၏လက်ရင်းသမ္ဗန်သမားတို့အား ထိုလူတွေမကြားအောင် တိုးတိုးတိတ်တိတ် ပြောရသည်။

"ဒီပြင်လှေတွေ သမ္ဗန်တွေ ဒီနတ်ရုပ်နဲ့ နတ်ကွန်းကို ဦးတိုက်ရှိခိုးကြပေမယ့် ငါကတော့ ဘုရား၊ တရား၊ သံဃာကလွဲပြီး ရှိမခိုး၊ ဦးမတိုက်နိုင်ဘူး။ အောက်ဘက်ကိုဆက်စုန်မယ်။ အောက်ဘက်ရောက်မှ ထမင်းစားသင့်တဲ့ တစ်နေရာရွေးပြီး ထမင်းစားကြမယ်ကွာ"

ဦးပန်းမြ သမ္ဗန်သမားတွေကိုပြောပြီး သမ္ဗန်ကို ထိုညောင်ပင်ကြီးရှိရာမှ နေ၍ အောက်ဘက်သို့ ဆက်ကာ စုန်ခတ်လာစေခဲ့သည်။

ဒါကိုပင် ထားဝယ်သား စံမြက သမ္ဗန်ခတ်နေရင်း မချင့်မရဲဖြစ်ကာ တဖျစ်တောက်တောက် ပြောဆိုလာပြန်သည်။

"နတ်တာပဲ သူကြီးရာ။ ဒီလိုမှန်းသိရင် နတ်ရုပ်ထက်ရာရှင်ဟာ ဘယ်သူဆိုတာသိအောင် ကျွန်နတ်ရုပ်အောက်မှာ ကျွန်နာမည်ကို ကမ္ပည်းလေးထွင်းပါတယ်။ ခုတော့ ကျုပ်နတ်ရုပ်ဟာ ကမ္ပည်းမဲ့ဗျား။ ကမ္ပည်းမရှိတဲ့နတ်ရုပ်ချကြီးကြောင့် အဂါမစုံဖြစ်ရတယ်ဗျာ တောက်"

"တောက်"

"တောက်"ဟူသောအသံ သည် သမ္ဗန်ကြီးပေါ်မှာ နှစ်ချက်ဆင့်သွားသည်တော့ အမှန်ပင်ဖြစ်သည်။

နောက်ထပ် "တောက်"တစ်ချက်မှာ လှေသူကြီးဦးပန်းမြ ကွမ်းသီးလုံးကို ပါးစောင်ထဲပစ်ထည့်၍ အံသွားနှင့်ကိုက်ခြမ်းလိုက်ရာမှ အသံထွက်သွားခြင်းသာ ဖြစ်ပါ၏။

"ဘယ့်နယ်ကွာ။ ငါမကျေနပ်လို့ လွှင့်ပစ်ခဲ့တဲ့ ဘာရုပ်မှမပေါ်တဲ့အရုပ်ကို သူတို့ရှိခိုးဦးတိုက်တိုင်း ငါက ဦးတိုက်ရှိခိုးရမှာလား။ ရာဇဝင်ရိုင်းလိုက်လေကွာ။ ငါကွာ ရယ်တောင်ရယ်ချင်သေးတယ် လူတွေကလည်း တကယ်ရတာပဲ ဟားဟားဟား"

ဦးပန်းမြပြောရင်း သဘောကျစွာ အော်ဟာစ်၍ပင် ရယ်မောလိုက်ပါသေးသည်။

× × ×

## (ရှစ်)

ဦးပန်းမြသမ္ဗန်ပေါ်မှ သမ္ဗန်သမားတွေမှာလည်း ထားဝယ်သားစံမြကလွဲပြီး ကျန်သမ္ဗန်သမားတွေက အဖြစ်မှန်ကို အစင်းသိတွေမို့ ဝိုင်းရယ်ကြသည်။

သို့နှင့် နတ်သံကွင်းအောက်ဘက်သို့ ရောက်လာခဲ့ကြသည်။

စစ်တောင်းမြစ်ကမ်းပါး သစ်ပင်ထူထပ်ရာ အရိပ်ကောင်းတစ်ခုကိုရွေးပြီး မြစ်ဘက်သို့ ကိုင်းကျနေသော ကျီးပင်ကြီး၏ သစ်ကိုင်းကြီးတွင် သဗ္ဗန်ကို ကြိုးချည်ကာ အေးအေးဆေးဆေး ထမင်းစားသောက်ကြသည်။

ထိုစဉ် မမျှော်လင့်ဘဲ မိုးကြီးလေကြီး ရုတ်တရက် ကျလာသည်။

"ဝေါ ဝေါ"

"ဂျိန်း ဂျိန်း"

"ဝုန်း ဒုန်း"

"ဝေါ ဝရော ဝရော"

စစ်တောင်းမြစ်ကြီး တစ်ခုလုံး မှောင်မည်း၍ လှိုင်းလုံးကြီးတွေ ကြွတက်လာသည်။ လေပြင်းမုန်တိုင်းထန်လာသည်။ မိုးကြီးသည်းထန်စွာရွာချ၍ တစ်ယောက်ကိုတစ်ယောက် မမြင်နိုင်အောင် ဖြစ်သွားသည်။ မြစ်စုန်ကြီးက သူ၏ဘီလူးရုပ်ဇာတိကို ပြချေပြီ။

"ဖြောက် ဖြောင်း"

လှိုင်းလုံးအကြွ လေပြင်းဆောင့်

www.burmeseclassic.com

တိုက်မှုကြောင့် သမ္ဗန်ချည်ထားသော ကြိုးပြတ်ကာ မြစ်ဘက်သို့ သမ္ဗန်ကြီး ရေစီးအရှိန်နှင့် မျောထွက်သွားသည်။

"ဝုန်း ဂျိန်း ဂျလိန်း"

မိုးကြိုးတွေကလည်း နေရာအနှံ့ ပစ်ချနေလေသည်။

လျှပ်စီးတွေ လင်းခနဲ လင်းခနဲ အလက်မှာ လှေသူကြီးဦးပန်းမြ အန္တရာယ်ကိုခန့်မှန်းပြီး ပဲ့ကိုင်နေရသည်။

"ဘုရား။ တရား။ သံဃာ ရတနာသုံးပါး အောက်မေ့ထားကြပေ့။ လှေက တောင်ဘက်က ဆန်တက်သလို မြစ်ရေကလည်း ဒီရေအတိုးနဲ့ အပေါ်ဘက်ပြန်ဆန်တက်နေတယ်။ အလိုက်သင့် ငါပဲ့နဲ့ခံပေးထားမယ်။ မင်းတို့သာ ခတ်တိုင်တွေကို မြဲမြဲကိုင်ထားကြ"

သဗ္ဗန်သမားတွေကို သတိပေးရင်း လှေသူကြီးဦးပန်းမြသည် သူ၏ကျွမ်းကျင်မှုပညာတွေကို အစွမ်းကုန် ထုတ်သုံးရသည်။

သမ္ဗန်ကြီးတစ်စင်းလုံး၏ အခရာမှာ ခုလို မုန်တိုင်းကျ၍ မိုးထဲရေထဲဆိုလျှင် တက်မကိုင်ပဲ့နင်း လှေသူကြီး၏ ပညာက အရေးအပါဆုံးဖြစ်၏။

"ဝုန်း ဝုန်း"

လှိုင်းလုံးကြီးတွေက သမ္ဗန်ကြီးပဲ့ပိုင်းကို ပြေးပြေးဆောင့်ရာ ဦးပန်းမြသာ မကျွမ်းကျင်ပါက မှောက်ပြီး စစ်တောင်းမြစ်အတွင်း တစ်စစီဖြစ်သွားမှာ ကျိန်းသေနေလေပြီ။

တစ်မိုးလုံး မည်းမှောင်နေသည့်ကြားမှ လျှပ်စီးတွေလက်၊ မိုးကြိုးတွေ ပစ်နေရာတွင် ကမ်းဘေးသစ်ပင်ကြီးတွေ ကျိုးပြတ်လဲပြိုကာ မြစ်ထဲကို တဝုန်းဝုန်း ပြုတ်ကျလျက်ရှိသဖြင့် ကမ်းကို အလွယ်တကူကပ်၍ မဖြစ်ပြန်။

လေကလည်း ပြင်းထန်လွန်းသဖြင့် ဦးပန်းမြတို့သမ္ဗန်ကြီးမှာ စစ်တောင်းမြစ်ဘီလူးတွင် သစ်ရွက်ကလေးတစ်ရွက်လို လူးကာ မှောက်မသွားစေရန် မနည်းထိန်းနေရသည်။

သမ္ဗန်သမားတွေအားလုံးက သေလူတွေအဖြစ် အောက်မေ့ထားလိုက်ကြရသည်အထိ စိတ်ဓာတ်ကျကုန်သည်။ အောက်ဘက်မှာ သူတို့မြို့ရွာ ရွှေကျင်ရှိနေ၍ သမ္ဗန်မှောက်၍ သူတို့သေလျှင် သူတို့အလောင်းတွေ ရွှေကျင်ဘက်သို့ ရောက်သွားပါစေဟုသာ စိတ်နှလုံးဒုန်းဒုန်းချ ဆုတောင်းနေမိသည်အထိ ဖြစ်ကြရသည်။

ထိုစဉ် သေ…ကြုံသေးလို့လားမသိ။ တစ်စတစ်စ လေအားလျော့လာသည်။ လှိုင်းလုံးကြီးတွေ လျော့လာ၏။

သို့သော် စိတ်မချရသေး။ နောက်ထပ် မုန်တိုင်းထပ်မကျပါစေနဲ့ဟုတောင်းနေမိကြသည်။

သို့နှင့် တဖြည်းဖြည်း တိမ်များကင်းပါးသွား၏။ ထိုမှ နေရောင်ခြည်ကို မြင်လာရသည်။

ကြည်လင်လာသော မိုးကောင်းကင်မှာ ပုစွန်ဆီသွေးရောင်လွှမ်းလျက် ညနေချမ်းသို့ ရောက်လာပြီဖြစ်ကြောင်း သိလိုက်ရသည်။

သူတို့ မုန်တိုင်းဒဏ်ခံရသည်မှာ နေ့လယ်ထမင်းစားချိန်မှ စ၍ ညနေဘက်သို့တိုင် ရောက်နေပါပကောလား။

သူတို့ ကြောက်လန့်တကြားတွေးနေစဉ် အံ့ဩဖွယ်မြင်ကွင်းက သူတို့ သမ္ဗန်ကြီးကို ဆီးကြိုနေပြန်သည်။

ဦးပန်းမြတို့သမ္ဗန်ကြီးမှာ နေ့လယ်က ဦးပန်းမြတို့ ရောင်ကွင်းထွက်ခဲ့သော ထားဝယ်သားစုံမြ နတ်ဘီလူးရုပ်စွန့်ပစ်ခဲ့ရာ နတ်သင်္ကြင်းညောင်ပင် နတ်ကွန်းသို့ ပြန်လည်ရောက်ရှိနေခြင်းပင်။

သို့သော်...

ညောင်ပင်ကြီးနှင့် နတ်ကွန်းမှာ ကမ်းပါးပေါ်တွင် ရှိမနေတော့ဘဲ မုန်တိုင်းကြောင့် အမြစ်မှကျွတ်၍ စစ်တောင်းမြစ်ရေထဲ ထိုးကျပြိုလဲကာ ရေ သောက်ဆင်းနေလေပြီ။

ထိုနေရာတွင် နေ့လယ်ကရှိနေသော လှေသမ္ဗန်တွေကို တစ်စီးမှမတွေ့ရတော့ချေ။ ထိုနေရာတစ်ဝိုက် လှေသူကြီးဦးပန်းမြ၏အသံ လွှမ်းသွား၏။

"တို့သမ္ဗန်ကြီးက ရေဆန်ပေမယ့် လှိုင်းကာမှတ်၊ လေကာပင့်လို့ ဒီကိုပြန်လွင့်တက်လာနိုင်ခဲ့တာ။ စုံမြရဲ့ နတ်ဘီလူးရုပ်ကြီးနဲ့ အကျုံးအနှံဖြစ်နေတဲ့ နတ်ကွန်းနဲ့ ညောင်ပင်ကြီးလည်း မရှိတော့ဘူး။ နတ်ဘီလူးကြီးက သူနေတဲ့ ညောင်ပင်ကြီးကိုတောင် ကယ်မသွားနိုင်ဘူး။ ညောင်ပင်ကြီးခမျာလည်း နတ်ဘီလူးနဲ့ပေါင်းမိလို့ လေပြင်းမုန်တိုင်းရဲ့ အတောင်းကို ခံသွားရတယ်နဲ့ တူပါရဲ့"

**ကျော်မင်းနိုင်**

၁၉–၇၈၄၃၂၆၉၀၀

www.burmeseclassic.com

# တစ်ပတ်လည်လာတဲ့ လျော်ကြေး

မော်တင်သိန်းဇော်



ပန်းချီ ဝိဝိ (ဟာသိဘုရာ)



www.burmeseclassic.com

www.burmeseclassic.com

# တစ်ပတ်လည်လာတဲ့ လျှော်ကြေး

■ မော်တင်သိန်းဇော်ဖ

"တရားနတ်စောင့်သည်"၊ "ဝဋ်နှင့်ကြွေးမှာမလွတ်သာ"၊ "ဆိတ်ကွယ်ရာမရှိ"၊ "ကံ ကံ၏အကျိုး"၊ "လူမစွမ်းနတ်မ"ဟူသော ဓမ္မနှင့် လောကနီတိ အဆုံးအမ ဩဝါဒများ အနေနှင့် အနန္တ အထင်ကရပင်ရှိပါသည်။ မစွမ်းမသန်၊ မိဘမဲ့ကလေး၊ စိတ္တဇ၏ ဥစ္စာကို မတရားမှုလုပ်၊ အပိုင်ကြံသော သူတစ်ဦးသည် မကြာမီပင် မစင်အစရှိ အညစ်အကြေးများကို ရှာစားတတ်သော စိတ္တဇဝေဒနာရှင်တစ်ဦးအဖြစ်သို့ အကောင်းပကတိကြီးမှ ကပ်ငြိခံစား ကူးပြောင်းရကာ ရုပ်ဆိုးအကျည်းတန် ကံခေလှစွာ၊ စောစွာ သေဆုံးသွား ဇာတ်သိမ်းသွားရသော ရွံရှာထိတ်လန့်ကြောက်မက်ဖွယ်ရာ အံ့ဩတမောနှင့် သံဝေဂရယူစရာ ဖြစ်အင်ဖြစ်ရပ်ဆိုးတစ်ရပ်ကို ကြားခဲ့ဖူးပါသည်။ ထိုနည်းတူ မတရားမှု လုပ်ကိုင်ကြံစည်၍ ဝဋ်နှင့်ကြွေးမှာတို့ ပြန်လည်ရကာ ကိုယ်ကျိုးနည်းပြီး အသက်တိုရသော ဖြစ်ရပ်မှန်တစ်ရပ်ကလည်း ကိုယ်တွေ့ကလည်း တရားကျစရာကောင်းလှတော့သည်။ မိသားစုတစ်စု၌ မရီနှင့်မကြည်ဟူ၍ ညီမနှစ်ဦးရှိခဲ့လေသည်။ မရီကအကြီး အစ်မဖြစ်၍ မကြည်ကအငယ်ညီမ ဖြစ်သည်။ မရီက အရာရှိကတော် မုဆိုးမဖြစ်သည်။ စိတ်ရင်းဆိုး၍ လောဘနှင့်အတ္တလွန် အခွင့်အရေးသမားဖြစ်သည်။ မိဘရင်းချာများကိုပင် ချမ်းသာမပေး။ အတန်းပညာမရှိသော်လည်း ဥာဏ်များသည်။ ကွက်ကျော်မြင်သည်။ အတ္တကြီးကာ မိဘမောင်နှမများအပေါ်တွင် အနိုင်ကျင့် ဗိုလ်ကျ၍ အမြဲအသာစီးယူ အခွင့်အရေးယူတတ်သည်။ ခင်ပွန်းကျန် နေအိမ်ခြံမြေ၊ ရွှေငွေရတနာ အဆောင်အယောင်များကိုလည်း တခမ်းတနားမျှ ထည်ဝါစွာပိုင်သူ ဖြစ်လေသည်။ အငယ်ညီမဖြစ်သော မကြည်ခမျာ အစ်မကြီးနည်းတူပင် မုဆိုးမပင်ဖြစ်ရကား စိတ်ရင်းကောင်းလှသည်။ တရားရှိကာ လောဘနည်းသည်။ အခွင့်အရေး မယူတတ်။ မိဘနှစ်ပါးနှင့်မောင်နှမများကိုလည်း ကြင်နာပြုစုတတ်၊ ငဲ့ညာတတ်သူဖြစ်သည်။ တစ်ခု ကံခေအကြောင်းမလှရှာတာကတော့ မကြည်မှာ ဘဝတူမုဆိုးမဖြစ်သော အစ်မကြီးဖြစ်သူ မရီထက် နိမ့်ပါးဆိုးဝါးတာကတော့ စိတ္တဇဝေဒနာရှင်တစ်ဦးအဖြစ် စိတ်ရောဂါဝေဒနာဆိုးကို စွဲကပ်ခံစားနေရခြင်းပင် ဖြစ်လေသည်။ မြေကွက်ကလေးတစ်ကွက် ပိုင်ဆိုင်ရှာ သော်လည်း မုဆိုးမဖြစ်ပြီး ကျန်သားသမီးသုံးဦးတို့ကို ပင်ပန်းဆင်းရဲလှစွာ ထိုင်ကာ ဈေးရောင်းကျွေးနေရရှာ၍ ထိုမြေကွက်ကလေးကို အိမ်အဖြစ် မဆောက်နိုင်ရှာသေးပေ။ တစ်မိပေါက်ချင်းဖြစ်၊ မုဆိုးမချင်းဖြစ်၊ အတူနေချင်းဖြစ်သော်လည်း အကြီးဖြစ်သူ မရီက အငယ်မ မကြည်ထက် အစစအရာရာ နှာတစ်ဖျားသာလွန် ပြည့်စုံအေးချမ်းနေသူ ဖြစ်လေသည်။

ထိုကြားထဲ အစ်မကြီးမရီက သူ့ကိုယ်ကျိုးစီးပွားအတွက် လူမွေးအလွန်ကောင်းကာ ခွေမျိုးတော်သူဖြစ်သော လူလည်လူငယ်လေးတစ်ဦးကို အပိုင်ပေါင်းထားပြီး လက်သပ်မွေးထား၍ ခိုင်းစေလေ့ရှိခဲ့သည်။ ထိုလူလည်လူငယ်လေး ဖြစ်သူကလည်း ပါးနပ်၍ နှံ့စပ်၊ လက်ယဉ်ပြီး ဘနုဖူးသိုက်တူး၊ အမြီးကျက် အမြီးစား၊ ခေါင်းကျက်ခေါင်းစား၊ ပြောင်လိမ်ပြောင်စား အေးမားပြလေးတစ်ဦးဖြစ်လေသည်။ မရီခိုင်းသမျှ လူယုံကလေးဒုစရိုက်အကုသိုလ် တမန်တော်ကလေးအဖြစ် အကုန်ကို တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ ပူးပေါင်း၍ လုပ်ကိုင်ပေးသည်။ ကပ်စားရပ်စားလုပ်ခဲ့သည်။ ပွင့်လင်း၊ သစ်ဆန်း၊ သာယာသော တစ်ခုသော မိုးရာသီကုန်၍ ဆောင်းရာသီအကြို သီတင်းကျွတ်လတစ်လ၏ တစ်နေ့၌ အငယ်မ မကြည်နှင့် သူတို့သားသမီးသုံးဦးတို့ မရှိခိုက် အရက်ကလေးအနည်းငယ်မှီဝဲကာ ထွေလာသော ထိုလူပေလည်ကလေးဖြစ်သူက မရီထံသို့ အပြေးကလေး ကပျာကယာ ချဉ်းကပ်လာကာ မရီအား "အမေရီ ... စကားမစပ် အမေရီ့ညီမဆီမှာ မြေကွက်ကလေးတစ်ကွက် ရှိတယ်ဆို။ အဲဒါထုလိုက်၊ လှုပ်ရှားလိုက်ကြရင် ပွမှာ



www.burmeseclassic.com

www.burmeseclassic.com

ပဲ။ သူက အရှုးပဲဗျာ။ ဘာသိမှာလဲ။ သူ့ဆီက မြေကွက်ရဲ့ ဆိုင်ရာစာရွက်စာတမ်းကို ရအောင်ယူပေး။ ကျွန်တော် အပိုင်လွှပ်ရှားပေးမယ်။ ထုတ်လိုက်မယ်။ အချိန်မဆွဲနေနဲ့။ ခုချိန်က အိမ်မြေဈေးကွက်က ကောင်းနေတာ။ အမေရိ ပုံးကောင်းကောင်းကြီးတွေကို ဆွဲနိုင်အောင်ပေါ့"ဟု အလျှင်စလို အမောတကောနှင့် စည်းရုံးနားသွင်းလာလေသည်။ သူ့ခိုသားရေပေါ်ညှိလေသည်။ "ကိုယ်တိုင်တိုက်တွန်း။ ချီးမွမ်းအထူထူ မသမာသူ"ဟူသောစကားအတိုင်း နဂိုမူလကတည်းကပင် ထိုအကြံမျိုးကို ရှိထားမွေးထားခဲ့သူ မရိုက ထိုလူလည်ကလေးအား ...

"အေးပါတဲ့ ငါသိပါတယ်။ စဉ်းလည်းစဉ်းစားထားပါတယ်။ မချောင်မလစ်သေးလို့ပါ။ ဒီမှာ ဒီကောင်မက လူသာရှုးတာ။ ပစ္စည်းဥစ္စာသိပ်သိလို့ သူ့သေတ္တာကြီးထဲမှာ အိတ်အထပ်ထပ်နဲ့ အသေအချာပဲ စာရွက်စာတမ်းတွေဆိုရင် အပိုင်သိမ်းတာ သိလား။ ငါလည်းချောင်းနေတာ လစ်ရင်ယူပြီး နင့်ကိုပေးမယ်။ စိတ်ချ။ နင်သာ ဈေးကောင်းရအောင် လှုပ်ရှားပေး။ ကြားကနေ တိုလည်းမတိုနဲ့ဦး။ နင့်အတွက်လည်း တစ်ပုံပေါ့"ဟု အကြိုက်ပေးကာ သိမ်းသွင်းစည်းရုံးထားခဲ့သည်။

နောင်သုံးလခန့်အကြာ၌ အကြံကြီးသမား မရိနှင့် လူလည်ကလေးတို့အတွက် ကံကောင်းအကွက်ဆိုက်မှတ်ဆိတ် ပျားစွဲလာစေချင်တော့ မကြည်မှာ စိတ္တဇရောဂါပြန်ထကာ သောင်းကျန်းဆိုးဝါးလာ၍ စိတ္တဇဆေးရုံကြီးသို့ တက်ရောက်ရလေရာ မရိနှင့် လူလည်ကလေးတို့က မကြည်၏သေတ္တာကြီးကိုဖျက်ကာ မကြည်၏ မြေကွက်ကလေးနှင့် ဆိုင်ရာဂရန်အစစာရွက်စာတမ်းများကို ရှာဖွေယူငင်ပြီး ဆိုင်ရာပွဲစားများနှင့် အမြန်အဆန် အပူတပြင်း ဆက်သွယ်အပ်နှံကာ ရောင်းချလိုက်ကြလေသည်။ အစားသမားများဖြစ်ကြသော မရိနှင့် လူလည်ကလေးတို့က မကြည်၏ မြေကွက်လွတ်ကလေး ရောင်းရငွေတွေနှင့် ဒံပေါက်တွေ၊ ဘဲကင်တွေ၊ အသားကင်တွေ၊ ပူတင်း၊ အိုက်စကရင်ဘူးတွေ၊ မလိုင်ခဲ၊ နို့ဆီ၊ အဖိုးတန်ကော်ဖီ၊ လက်ဖက်ရည်တွေ၊ မုန့်ဘူးမုန့်သေတ္တာတွေ၊ ပန်းသီးတွေ၊ အအေးရည် အစားအသောက်တွေကို စားပို့မနင့်ရုံတစ်မည် ပျော်မဆုံးမော်မဆုံးနှင့် တဝတပျော်ကြီးစားရင်း စားရင်းအာသာခံရင်းနှင့် အောင်ပွဲခံခဲ့ကြလေသည်။ စိတ္တဇဆေးရုံကို တက်နေရသော မကြည်ကတော့ ဘာကိုမျှမသိရှာချေ။ စိတ်ဝေဒနာတက်လို့ကောင်းဆဲ ရှိနေရှာသည်။ ကြမ္မာရဟာတ် တစ်ပတ်လည်တတ်သည်။ ပဲ့တင်လာတတ်သည်။ ဝဋ်လည်တတ်သည်ဟူသော စကားနိတိလာများအတိုင်း ညီမကလေး စိတ္တဇဝေဒနာရှင်ဖြစ်သူ၏ မြေကွက်ရောင်းရငွေတွေကို တဝကြီး စိမ်ပြေနပြေမျှ စားသောက်ဖိမ်ယူ၍ ကောင်းနေတုန်း တစ်နေ့၌ အစားအသောက်တွေလွန်ကဲပြီး အဆီပိတ်ကာ နေတုန်းမှာပင် မရီမှာ နှလုံးရောဂါနှင့် ရုတ်တရက် ဖြုန်းစားကြီး အကောင်းပကတိမှ ကွယ်လွန်ရလေသည်။ မရီဆုံးသွားတော့ ညီမဖြစ်သူ မကြည်က အလိုအလျောက်ပင် မိသားစု၏ အကြီးအကဲနေရာ ဝါစဉ်အရကို ဆက်ခံရလေသည်။ အုပ်ချုပ်အပိုင်စားရလေသည်။

တရားကျစရာ ကောင်းလှပါဘိ။ ကံကြမ္မာအလှည့်အပြောင်းတွေ ကသိမ်မွေ့မြန်ဆန် ထက်မြက်လှပါဘိ။ မကြည်မှာ အစ်မဖြစ်သူ၏ နေအိမ်မှာ တက်နေရကာ သူမလက် လွတ်ဆုံးရှုံးခဲ့ရသော မြေကွက်လွတ် လျော်ကြေးအဖြစ် မရီ၏နေအိမ်ခြံမြေ အဆောင်အယောင်တွေကို လက်မလှုပ်၊ ခြေမလှုပ် အစားထိုးတရားဝင် ထိုင်နေရင်းနှင့်ပင်ရ၊ ချွေးမထွက်ရဘဲနှင့် အလွယ်တကူကလေးနှင့် လွှဲပြောင်းဆက်ခံရလေတော့သည်။ ထို့မျှသာမက အစ်မဖြစ်သူ၏ ကျန်ရစ်သော သားသမီးတို့၏ လုပ်ခလစာများကိုပင်ရရှိကာ အမြန့်သားနှင့် ထိုင်စားရလေသည်။ ကံကြမ္မာတရား၏ သိမ်မွေ့မြန်ဆန်စွာ စီရင်ဖွဲ့နှောင် ဖန်တီးလာမှုတို့နှင့် လောကကြီး၏ နက်ရှိုင်းထက်မြက်မှုတို့အရ နောက်ထပ်တစ်မျိုး ထပ်တိုးထပ်ထူးလာတာတော့ မကြည်မှာ နောက်ပိုင်းတွင် စိတ္တဇရောဂါများ လျော့ပါးကင်းပျောက်စပြုလာကာ နဂိုမူလအတိုင်း လူကောင်းပြန်ဖြစ်ပြီး သားသမီးအရင်းတွေ၊ ကွယ်လွန်သူ အစ်မဖြစ်သူ၏ သားသမီးဖြစ်ကြသော တူ၊ တူမကလေးတို့နှင့် ဘုရားရှိခိုးလိုက်၊ တီဗီကြည့်လိုက်၊ ဥပုသ်စောင့်လိုက်၊ အလှူအတန်းလေးတွေလုပ်လိုက်၊ အိမ်သားတစ်တွေ ပျော်ပျော်ပါးပါး ချက်စားကြ၊ ပျော်မွှင်မြူးထူးလိုက်ကြနှင့် ကောင်းစားနေတော့သည်။ လောက၌ ဘာမျှမလိုချင်တာ အကောင်းဆုံးဆိုသော တရားမွေချီးလာ ဩဝါဒနိတိ ဆောင်ပုဒ်က အထူးတလည်မျှ မှန်ကန်ခဲ့ပေပြီ။

**မော်တင်သိန်းဒေဝ**

www.burmeseclassic.com


# လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

## လိပ်ခေါင်းရောဂါမှန်လျှင် ဒီဌပျောက်ကင်းရမည်။

- ဆရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ မစပ်၊ မနာ၊ မကျွံ၊ မလိုးမဖြတ်၊ မြန်မာ့နည်း၊ မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့် ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့ လာရောက်လေ့လာနိုင်ပါသည်။(နိုင်ငံခြားမှ ခွဲစိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိပ်ခေါင်းရောဂါသည် အနှားယူမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

မှတ်ချက် ။ ။ လိပ်ခေါင်းရောဂါသည် ဓားဆေးသက်သက်ဖြင့် သုံးဝမပျောက်ကင်းပါ။

နိုင်ငံကျော် မန္တလေးမြို့ အတိမ္မာတောင်သာဆရာကြီးဦးလှမောင်၏ ဆရာမကြီးဒေါ်သန်းဟန်(လိပ်ခေါင်းအထူးကုဝိဇ္ဇာ)

**ရန်ကုန်ဆေးခန်းဌာနခွဲ**

အမှတ်(၅၀)၊ (၅)လွှာ၊ (၁၂)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀၉၃၃၉၁၊ ၀၉-၂၅၀၃၃၄၇၂၇၊ ၀၉-၉၇၂၅၂၉၄၂၂

၁၃-၁၄လမ်းကြား။ ၈၀-၈၁လမ်းကြား။ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၃၂၈၀၊ ၀၉-၉၁၀၄၄၄၀၂၅



ထောက်ခံချက် - ၈၁/ ၀၉၃၄၈/ထလ

®

Vital

ဗိုက်တယ် သောက်ရေသန့်

Purified drinking water

20 Litre

Product of Myanmar

အမှတ် (၁၄)၊ အင်းဝ (၇)လမ်း၊ (၆)ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း-၀၉ ၇၀၃ ၂၄၅


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မိန်းမလောင်မှသည်

ကျော်မြသန်း

(ယခင်လမှအဆက်)

(လေး)

ဖော်ဖော်ရွှေရွှေ နေရာပေးခဲ့သူ အစ်မကြီးက ဓာတ်ဘူးဖွင့်ပြီး ရေနွေးကြမ်းတစ်ခွက်ငှဲပေးရင်း သူမ၏နာမည်ကို ပြောပြသည်။ တင်လေးကြူ (ဝါ) ဒေါ်တင်လေးကြူ။

"ကျေးဇူးတင်ပါတယ် မမရယ်။ ကျွန်မနာမည်က မော်မော် (ခေါ်) ခင်ထားနွယ်ပါ။ မမကြိုက်သလို ခေါ်နိုင်ပါတယ်"

"ခုလိုခေါ်ကြတာပဲ ကောင်းပါတယ်လေ။ မမနဲ့ ညီမပေါ့"

"ကျွန်မ မမကို ကျေးဇူးတင်စကားပြောတာ ပြောရိုးပြောစဉ်ပြောတာ မဟုတ်ပါဘူး မမ။ တကယ့်ကို ကျွန်မရင်ထဲက လိုက်လိုက်လှဲလှဲကျေးဇူးတင်လို့ ပြောတာပါ။ မမကျေးဇူးကို ကျွန်မတစ်သက် မမေ့ပါဘူး။ တစ်သက်လုံး ကျွန်မရင်ထဲမှာ စွဲနေမှာပါ။ မမနဲ့သာမတွေ့ရင် ကျွန်မ အတော်လေး ဒုက္ခတွေ့မှာပါ"

"ဒီလိုလည်းမဟုတ်ပါဘူး ညီမရယ်။ မမလည်း ရောက်စတုန်းက ဒီလိုပါပဲ။ မမတို့က မိန်းမသားချင်းပဲဟာ။ ခုလို အကျဉ်းအကျပ်ထဲရောက်နေတဲ့အခါ ကိုယ်ချင်းစာစိတ်ထားပြီး ကူညီရမှာပေါ့"

လူအမျိုးမျိုး စိတ်အထွေထွေဆိုသည့်အတိုင်း ဒေါ်တင်လေးကြူ စိတ်ထားမျိုးရှိသူရှိသလို မရှိသူတွေလည်း ရှိကြသည်။ ဒါကလည်း လူ့သဘာဝ။

ခုပဲကြည့်...။ သူတို့နှစ်ယောက် တိုးတိုးတိုးတိုးပြောနေကြသည်ကို မဲ့ကာရွဲ့ကာ အမူအရာအမျိုးမျိုးလုပ်ပြီး မထီမဲ့မြင်ပြုနေကြသူတွေလည်းရှိသည်။

အဲသည်အထဲမှာ နေရာရွှေ့ပေးလိုက်ရသူ မချောက အဆိုးဆုံး။ မကျေနပ်ချက်ခံစားမှုက ယဉ်သူကို ရိုင်းသွားစေ၏။ သဘောသဘာဝ ပြည့်ဝကောင်းမွန်သူကို မနောဆိုးသူအဖြစ်သို့ ရောက်သွားစေ၏။

လူ့သဘာဝသဘောအရ ယာယီဖြစ်တတ်သည်မျိုး။ နောက်ပိုင်း တစ်ယောက်နှင့်တစ်ယောက် ပြွန်းပြွန်းတီးတီး ဆက်ဆံလာသောအခါ ပြေလည်သွားကြသည်။

မညိုအေးက ရောက်ရောက်ချင်း ဖြစ်ရသည့်ကိစ္စအတွက် အနူးအညွတ်တောင်းပန်ရှာသည်။ မညိုအေးဆိုသည့်အတိုင်းပင် အသားလည်း ညိုသည်၊ အေးလည်း အေးသည်။

မခံချင်စိတ်ကြောင့် ဖြစ်ရသည့် သူ၏ စရိုက်မှာမူ ကြမ်းတမ်းခက်မာသည့်အသွင်ရှိသွားသည်။ တစ်ယောက်သဘော တစ်ယောက်မသိခင်က ခကခက်ရချည်လို့ပင် မှတ်ထင်လိုက်ရ၏။

ဒေါ်တင်လေးကြူ ထည့်ပေးသည့် ရေနွေးတစ်ခွက်ကို သောက်လိုက်ရသဖြင့် ရင်ထဲမှာ နွေးထွေးသလိုရှိသွား၏။ ပါးစပ်ထဲမှာလည်း ရှင်းသွားသည်။

မနက်က ရုံးမထွက်ခင် ရဲစခန်းမှာ လက်ဖက်ရည်တစ်ခွက်နှင့် ပေါင်မုန့် ထောပတ်သုတ်တစ်ချပ် သောက်စားခဲ့ရသည်ကလွဲလို့ ဘာမှမစားရသေး။ ရေသောက်ချင်သည်ကိုပင် အောင့်အည်းခဲ့ရသည်။ ဆီးသွားရမည့် အခက်အခဲကိုတွေးပြီး ရေမသောက်ရဲ။

တရားရုံးသို့ သွားရာတွင် ဘောမှ အနီးကပ်အစောင့်အရှောက်အဖြစ် အမျိုးသမီးရဲတစ်ယောက် ပါလာသည်။ ထဘီအပြာဝတ်ထားသော အမျိုးသမီးရဲမေအပြင် ယူနီဖောင်းဝတ် ဒုရဲအုပ်တစ်ယောက်နှင့် ရဲသားတစ်ယောက် ပါလာသည်။

ယူနီဖောင်းဝတ်နှစ်ယောက်က အနီးကပ် မလိုက်။ ခပ်လှမ်းလှမ်းမှပင် လိုက်ခဲ့ကြသည်။ အနီးကပ်လိုက်လာသူ အမျိုးသမီးရဲမေမှာ သဘောကောင်းသည်။

အပေါ့အလေးသွားဖို့ ပြောရန် အခက်အခဲမရှိသော်လည်း လူရှေ့



www.burmeseclassic.com

www.burmeseclassic.com

အများကြီးကြားထဲ ဖြတ်သန်းသွားရမည်ကို ဝန်လေးသောကြောင့် ရေမသောက်ဘဲ အောင့်အည်းနေခဲ့၏။

အမျိုးသမီးရဲမေက ဘေးက ကပ်လိုက်ရုံဆို အကြောင်းမဟုတ်။ ကလေးတစ်ယောက်ကို လက်ဆွဲပြီး လိုက်သလို လိုက်တာမို့ လူပုံအလယ်မှာ ကျွန်မတရားခံပါလို့ ထုတ်ဖော်ကြေညာပြီးသို့ ရှိနေသည်။

လက်ကို မဆွဲပါနှင့်လို့ ပြောလို့မဖြစ်။ သူက တာဝန်အရ ဆောင်ရွက်နေရတာ။ ရဲစခန်းမှာကတည်းက တာဝန်အရ သည်သို့လုပ်ရမည်ဟု ပြောထားပြီးသား။

ကိုယ်က တရားခံ။ သည်လို မလုပ်ပါနဲ့၊ သည်လိုလုပ်ပါလို့ ပြောပိုင်ခွင့်မရှိ။

တစ်နေ့လုံးမှ ရေနှစ်ခါပဲသောက်သည်။ အာစွတ်ရုံ နည်းနည်းစီသာ သောက်ခဲ့၏။ ခုမှပဲ ဒေါ်တင်လေးကြူ ပေးသည့် ရေနွေးကြမ်းကို တစ်ခွက်လုံး ပြည့် သောက်လိုက်ရ၏။

ထိုစဉ်မှာပင် "ထမင်းဆွဲ ထွက်ကြမယ်ဟေ့"ဟု နှစ်ခါပြန်အော်သည့် အော်သံကို ကြားလိုက်ရသည်။ နားမလည်သေးသည်မို့ ဘာအတွက်အော်မှန်း နားမလည်လိုက်။

အဆောင်တွင် ရှိနေကြသူများမှာ ဒန်ပန်းကန်လေးတွေ ကိုယ်စီဆွဲ၍ ထွက်သွားကြသည်။

"ညနေအတွက် ထမင်းယူဖို့ခေါ်တာလေ။ ကဲလာ…မမနဲ့လိုက်ခဲ့"

ဒေါ်တင်လေးကြူနှင့် လိုက်သွားရသည်။ တစ်ဝက်ပြတ် သံစည်ပိုင်းရှေ့သို့ နှစ်ယောက်တစ်တွဲ တန်းစီ စီသွားရသည်။

အချုပ်ဆောင်တန်းစီ (အဆောင်လူကြီး) မတုတ်က ထမင်းနှင့်ဟင်းများ ထည့်ပေးနေသည်။ ထမင်းရပြီးသူ ပြန်ထွက်။ နောက်လူကရှေ့တိုး။ ကိုယ့်အလှည့်ရောက်ရင် ပန်းကန်ပြားထိုးခံ။

သူတို့အလှည့်သို့ ရောက်လာသည်။ အနီးကပ် မြင်တွေ့လိုက်ရသော သံစည်ပိုင်းပြတ်မှာ အရောင်အဆင်းမရှိသလို စည်ပိုင်းပြတ်ထဲမှ နီကျင်ကျင်လုံးတီးထမင်းမှာလည်း ဩော်…ဒါလား ထမင်းလို့ပြောရမည်သို့ ရှိနေ၏။

နောက်စည်ပိုင်းပြတ် တစ်လုံးထဲက ဟင်းအရောင်မှာ သံစည်ပိုင်းအရောင်နှင့် ခွဲမရအောင် တစ်သားတည်း ရှိနေသည်။ နီထွေး နောက်ကျိနေသောဟင်း။ "ဩော်…ဒါလားဟင်း" လို့ ပြောရမည်သို့။

ပန်းကန်ပြားတစ်ချပ်ထဲမှ မည်းမည်းပျောပျော ငါးပိစိမ်းစားမှာ မြင်ရုံနှင့် ရင်တုန်စရာသို့နယ်ဟု ဆိုရမည်သို့။

တူတံဆိပ် ထောပတ်ခွက်တစ်ခွက်နှင့် တစ်ဝက်မျှသော လုံးတီးထမင်းကို ပန်းကန်ထဲသို့ ထည့်ပြီးနောက် သစ်သားရိုးတပ် သံခွက်ကလေးနှင့် ဟင်းကို ထမင်းပေါ်မှာ လောင်းထည့်ပေးလိုက်၏။ ပြီးတော့မှ အညိုတက်၍ အရောင်အဆင်းမပေါ်တော့သော ငွန်းပုံလေးနှင့် ငါးပိတစ်ကော်။

တစ်နပ်စာ ထမင်းနှင့် ဟင်းအတွက် ပန်းကန်ပြားတစ်ချပ်နှင့် ကိစ္စပြီးသည်။ ဟင်းထည့်ဖို့ ပန်းကန်တို့ ဘာတို့ မလိုသလို ဟင်းခတ်ဖို့ ဇွန်းတို့ဘာတို့လည်း မလို။ ထမင်းစားပြီးလျှင် စားပြီးပန်းကန်ကို ဆေးလိုက်ရုံသာ။ ဗာဟီရနည်းလေစွ။

အပြင်မှာ ထမင်းတစ်နပ်စားဖို့ ဗာဟီရအထွေထွေ များပြားပေမယ့် ထောင်ထဲမှာတော့ ဗာဟီရအထွေထွေ မရှိ။ ထမင်းဆွဲ အော်သံကြားလျှင် မိမိအတွက်ပေးထားသော ပန်းကန်ပြားလေးကိုယူ၊ ထမင်းပေးသည့်နေရာသို့သွား။ ရလာသည့် ထမင်းဟင်းကို ကြိုက်ရာနေရာတွင် ထိုင်စား။ ပြီးလျှင် ပန်းကန်ဆေးပြီး ပြန်သိမ်းထားလိုက်ပြီးရော။ ကဲ…မဟန်လား။

သူတို့နှစ်ယောက် အတွက်ကိုတော့ ဒေါ်တင်လေးကြူက ဟင်းမယူဘဲ မတုတ်ဆီက ပန်းကန်ပြားအပိုတောင်းပြီး ထမင်းသာထည့်ယူခဲ့သည်။

ခင်ထားနွယ်မှာ လူသစ်ဖြစ်သည့်အလျောက် ဘာပြောရမှန်းမသိသဖြင့် ဒေါ်တင်လေးကြူ လှုပ်ရှားသလိုသာ လိုက်၍ လှုပ်ရှားနေရသည်။

ထမင်းထည့်လာသည့် ထမင်းပုံး ဟင်းပုံးများနှင့် ထမင်းဟင်းများကို တွေ့လိုက်ကတည်းကပင် စိတ်ထဲမှာ မသိုးမသန့်ဖြစ်ရသည်။ အော်ဂလီဆန်လာသည်။ ဒါပေမယ့် ဘယ်သို့ဘယ်ညာ ဆိုသည်ကိုတော့ မပြောရဲ။

ဒေါ်တင်လေးကြူထံမှ ထမင်းပန်းကန်နှင့် ပန်းကန်ပြားအပိုကို သူယူခဲ့ပါမည်ဟုလှမ်းယူသော်လည်း ဒေါ်တင်လေးကြူက နေပါစေဟုပြောပြီး သူကပဲ ယူလာသည်။

"ကျေးဇူးတင်လိုက်တာ မမရယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟု တိုးတိုးလေး နှုတ်ပွင့်ထွက်သွားသော်လည်း ဒေါ်တင်လေးကြူက ကြားသွားသည်။

"ဩော်…ညီမကလည်း ကြံဖန်ပြီး ကျေးရွာတင်နေပြန်ပြီကိုး။ မမတို့က ဘဝကံအကြောင်းမလှလို့ ဒီအထဲရောက်နေကြတာ မဟုတ်လား။ တစ်ယောက်နဲ့တစ်ယောက် ကူညီလှည့်ကြံလို့ ကူညီရတာလည်း ဒါနတစ်မျိုးပေါ့ ညီမရယ်"

အဆောင်အဝင်သို့ ရောက်လာသဖြင့် စကားပြတ်သွားသည်။ ထမင်းဆွဲလာသူတွေ ထမင်းစားနေကြပြီ။

တချို့က အဆောင်အပြင်ဘက် အဆောင်းဘေးမှာပင် ထမင်းထိုင်စားနေကြသည်။ တချို့ကတော့ အဆောင်ထဲမှာ။

တစ်ဦးချင်း၊ တစ်ယောက်ချင်း ထိုင်စားနေသူများရှိသလို နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ ဝိုင်းဖွဲ့စားနေသူများလည်း ရှိသည်။

သူတို့ ထမင်းစားနေပုံမှာ မြိန်ရေရှက်ရေမဟုတ်ပေမယ့် ဘာမှမထူးခြားသလို အေးအေးလူလူပင် ထိုင်စားနေကြသည်။ တချို့ ရယ်လားမောလားဖြင့် စကားတပြောပြော ပြောရင်း စားရင်း စားနေကြသည်။

သူတို့ကိုကြည့်ပြီး ကိုယ့်ကိုကိုယ် ဖြေသိမ့်စရာ ဖြစ်ရသည်။ အဆင့်အတန်းဆိုသည်ကို ဖယ်ထား။ သူတို့လည်း ကိုယ့်လိုလူသား မိန်းမသားတွေ။ ထောင်ထဲသို့ ရောက်ရပုံအကြောင်းချင်း မတူစေကာမူ သူတို့လည်း ဖြစ်မှုကြောင့် ရောက်ရသည်၊ ကိုယ်လည်း ဖြစ်မှုကြောင့် ရောက်ရသည်။

ကိုယ်က ကိုယ့်ကိုကိုယ် တစ်လေးတင်ပြီး ခေါင်းတစ်လုံးပိုမြင့်သလို လုပ်ချင်လို့ ဘယ်ဖြစ်လိမ့်မှာပ။ သူတို့လိုပင် နေထိုင်စားသောက်ရမည်။ သင့်အောင်နေ၊ တည့်အောင်ပေါင်း။ အများနည်းတူ နေစားရုံမှအပ အခြားရွေးစရာမရှိ။

အမှုအခြေအနေ ဘယ်သို့ရှိလာမည်ကို မပြောနိုင်သလို၊ ဘယ်လောက်ကြာအောင် နေရမည်ကိုလည်း တွက်လို့မရ။

သည်တော့လည်း…။

❖ ❖ ❖

"ညီမ‥ထမင်းဆာရင် စားနော်။ မမမှာ အကြော်အလော်တွေ ရှိတယ်။ ဒါကြောင့် ဟင်းမယူလာတာ။ အကြော်အလော်မရှိတော့လည်း ခင်ရာဆွေမျိုး မြိန်ရာဟင်းကောင်း ဆိုသလို စားရတာပဲ ညီမရေ။ မမကတော့ အဆောင်ပိတ်ပြီးမှပဲ စားတော့မယ်"

"ကျွန်မလည်း မစားချင်သေးပါဘူး မမ၊ ရင်ခံနေသလိုပဲ။ ရေမချိုးရတာလည်း နှစ်ရက်ဆိုတော့ ငြီးစီစီကြီး ဖြစ်နေတယ်"

"အဲ…ဟုတ်ပါရဲ့။ အိပ်ဆောင်မပိတ်ခင် ကပျာကယာ သွားချိုးလိုက်ပါလား။ ဝါဒါဒေါ်မြနဲ့ တန်းစီးမတုတ်ကို မမပြောပေးမယ်"

"နေပါစေတော့ မမရယ်၊ ကျွန်မမှာက အဝတ်အစားပို…"

"ဒါအတွက်များ ပြောစရာလား ညီမရယ်၊ မမမှာ အပိုသုံးလေးစုံ ရှိပါတယ်"

ဝါဒါဒေါ်မြနှင့် တန်းစီးမတုတ်ကို ပြောပြီး ဒေါ်တင်လေးကြူကိုယ်တိုင် ရေကန်သို့ လိုက်ပို့ရှာသည်။

ရေချိုးရမည့် ရေကန်က ရှည်လမျောမျော။ ရေတစ်ဝက်သောက်ရှိပေမယ့် အကာအရံမရှိ။ လေဟာပြင်မှာ ချိုးရမည်။

မွေးကတည်းက သည်အသက်အရွယ်အထိ အကာအရံမရှိသော နေရာတွင် တစ်ခါမှ ရေမချိုးစဖူးခဲ့။ ခုတော့ မနေသာ၊ ချိုးရတော့မည်။

ဝက်ဖြစ်မှတော့ ချေးကြောက်နေလို့ ဘယ်ဖြစ်မှာပ။ ခုမချိုးလည်း နောက်ကို ချိုးရတော့မှာပဲလို့ စိတ်တင်းပြီး ချိုးလိုက်ရ၏။

ဒါပေသိ မိန်းမဘာဝ ရေချိုးသလို ဖယ်ပယ်နယ်နယ်မချိုးရဲ၊ အကာအရံမရှိသမို့ စိတ်မရဲ၊ ကပျာကသီ ရေလောင်း၊ ဆပ်ပြာသော်ာလောက်တိုက်၊ ရေပြန်လောင်းပြီး ပြီးလိုက်ရသည်။

မည်သို့ပင်ရှိစေ လန်းလန်းဆန်းဆန်းတော့ ရှိအသွားသား။ ချွေးစေးချွေးနံ့များလည်း ပျောက်သွားသည်။

ဒါလောက်နှင့် ပြီးရမည့်နေရာမှာ ဒါလောက်နှင့် ပြီးရမည်ပါ။ တစ်သက်လုံးက ဆိုသည်မျိုး။ ဒီမှာလုပ်လို့မှ မရတာ၊ လုပ်လို့ရသလိုပဲ လုပ်လိုက်ရ၏။

ရေချိုးပြီး အဆောင်ထဲသို့ ကမန်းကတန်း ပြန်ဝင်လိုက်ရသည်။ အဆောင်ပိတ်ချိန် နီးကပ်နေပြီ။ အဆောင်ပိတ်

www.burmeseclassic.com

ချိန်ရောက်ရင် အချုပ်ထူတွေရော ထောင်ကျသူတွေပါ ဖိုးလ်နေရာမှာကိုယ် ရှိနေရသည်။

ဖိုးနေရာတိုင်း၊ သည်နေရာတိုင် ထိုင်လို့မရ။ အပြင်ကိုထွက်ဖို့တော့ ဝေလာဝေး။ အဆောင်ထဲမှာပင် ဟိုရှောက် သည်ရှောက် လမ်းသလား ... အဆောင်ပိတ်ချိန် နီးလာလို့ ... သွားလုပ်လေနဲ့

ဝါဒီဒေါ်မြ ဖါးခပ်နှင့်တွေ့သွားသည်။ ကြမ်းသလား ဆေးနဲ့ ထွေရာပါ ...သူတွေ အတုန်လုံး ရာရာမရိုးဖြစ်သွားသည်။

ဒေါ်မြက အသောသလားလော ကောင်းသည်။ မိန်းမသားချင်း စာနာစိတ်ရှိသည်။ ရိုးသည်။ ထောင်မှူးလေး ထောင်မှူးကြီး တသည့် အကြီးအကဲများ မလာသည့်အခါ မရှိသည့်အခါမျိုးတွင်တော့ စည်းကမ်းဝိုင်းကို ပေါ့ပေါ့လျော့လျော့ ...ထွက်တတ်သည်။

သိသည်ကို မသိယောင် မြင်သည်ကို မမြင်ယောင် မျက်နှာလွှဲတတ်တတ်သည်။ ထောင်မှူးလေးများ လာချိန်နီးလျှင်မူ စည်းကမ်းကို တင်းပြီး သားမှ မလျော့။ အခိုင်အမာ တတ်သည်။

... ပြောလို့ရရင်ရ ရရင် ပယ်ပယ်နယ်နယ် တွေ့ပြီးသားမှတ်။ မတွေ့လို့လည်း မဖြစ်။

အပြောအဆို မခံတဲ့ စည်းကမ်းအတိုင်းလိုက်နာနေတိုင်းသူတွေ ရှိသလို ပြောချင်သလိုပြော နာရကောင်းမှန်းမသိ ပိုးမှုနှိုက်ရာတွေလည်း ရှိသည်။ ...

ခါးကြောင့်လည်း ဖါးခပ်အသနခံပြီး ခပ်ကြမ်းကြမ်းလေး တွယ်ရသည်။ တာဝန်ရှိသူတွေလာလို့ အနေအထိုင် ဖရိုဖရဲရှိနေလျှင် ပထမ ခေါင်းကိုင်နံရမည့်သူမှာ ဝါဒီဒေါ်မြ ဒုတိယခေါင်းပုံရည့်သူမှာ တန်းစီးမဟုတ်။ ဝါဒီဒေါ်မြ ... ကြိမ်းမောင်းသံထွက်လာသည်နှင့် မဟုတ်ဒ် ဆော်သံဖင်သံလည်း ထွက်လာ၍ ရှိရသည်။

ထောင်ထဲမှာ တိတ်ဆိတ်ငြိမ်သက်နေရမည့်အချိန် လေးချိန်ရှိ၏။ ထောင်မှူးလေးရှိနေချိန်နှင့် ထောင်မှူးကြီးများ လာသည့်အချိန်။ မနက်အဆောင် ဖွင့်ချိန်။ ညနေ အဆောင်ပိတ်ချိန်။ ည ၈ နာရီထိုးပြီးနောက် အိပ်ချိန်ဟု သတ်မှတ်ထားသည့် အချိန်။

ထိုလေးချိန်မှာတော့ ပိပိပြားပြား သေသေဝပ်ဝပ် ရှိရမည်။ မရှိလို့ စည်းကမ်းဖောက်ဖျက်သူအဖြစ် သပ်မှ ... ရလျှင် အဆောင်အပြင်ထွက်ခွင့်အပိတ် ခံရမည်။

နေ့ဘက်ပါ အပြင်မထွက်ရ။ ပိပိနေရာတွင်သာ ငြိမ်သက်စွာ ထိုင်နေရမည်။ အဆောင်ထဲမှာပင် ဟိုနေရာထသွား၊ သည်နေရာထသွား မလုပ်ရ။

အဆောင်ဖွင့်ချိန်၊ ပိတ်ချိန် လူစစ်လာလျှင် ပိပိနေရာတွင် ပိပိပြားပြား မိန်းမထိုင် ထိုင်နေရမည်။ ဟိုလှမ်းစကားပြော၊ သည်လှမ်းစကားပြော မလုပ်ရ။ သောချင်းသာဉ်လျှက် ရှိနေသူချင်းပင် တိုးတိုးတိတ်တိတ် ပြောဆိုတာမျိုး မလုပ်ရ။

မျက်နှာကို ရှေ့တူရူသို့သာ တည့်တည့်မတ်မတ် ထားရမည်။ ဟိုစောင်းသည်လှည့် မလုပ်ရ။ တန်းစီးမဟုတ်က အနီးကပ် ကြီးကြပ်ကြည့်နေမည်။

"ကျွန်မကတော့ ဘာကိုမှ ဂရုမစိုက်ချင်တော့ဘူး မမ။ ဖြစ်ချင်တာ ဖြစ်ဆိုပြီး ဖြစ်သလိုပဲ နေပစ်လိုက်ချင်တယ်။ ဒီအဖြစ်မျိုး နပ္ပူးစည်းအတာခံရပြီးမှ အသက်ရှင်နေဖို့ကို တော့..."

ထောင်မှူးလေးဝင်မလာခင် တစ်မောင်း(ခေယ်ဝါးမီနစ်)လောက်ကတည်းက သတ်မှတ်ပုံစံအတိုင်း ထိုင်နေရသည်။ ထောင်မှူးလေးနှင့် ဝါဒါတစ်ယောက် ဝင်လာပြီး ဒေါ်မြနှင့်အတူ လူအရေအတွက်ကိုစစ်ဆေးပြီး စာရွက်ထဲမှာ မှတ်မည်။

ရှိရမည့် ဦးရေနှင့် ရှိနေသည့်ဦးရေ မှန်သည့်တိုင် ထောင်မှူးလေးက နှစ်ခါပြန် ရေတွက်ပြီးမှ ကိစ္စပြီးသည်။ ထောင်မှူးလေးပြန်ထွက်လျှင် အဆောင်

www.burmeseclassic.com

တံခါးမကြီးကို သော့ခတ်မည်။ လေး
ငါးဆယ်ချက် ဆွဲလွှပ်မည်။

ဒါက လုပ်ရိုးလုပ်စဉ်။ အဆောင်
တံခါးပိတ်ချိန်ရောက်တိုင်း ကြားရမည့်
အသံ။ သော့ခလောက်ကြီး လှုပ်ခါခွဲ
ယမ်းသံကြားရင် ထောင်ထဲရောက်နေ
သူတိုင်း ရင်တုန်ရစမြဲ။

နေ့ဘက်မှာက အပြင်လေးဘာ
လေး ထွက်ရသည်မို့ အနည်းငယ် စိတ်
ဖြေသိမ့်စရာဖြစ်ရသည်။ ညဘက်ကျ
တော့ အကျဉ်းကြီးထဲမှ အကျဉ်းလေး
ကျခံရဘိသို့ ရှိချေရာ အနေရအထိုင်ရ
ကျဉ်းကျပ်သလို စိတ်လည်းကျဉ်းကျပ်
ရသည်။

ထောင်ထဲမှာ အိပ်ချင်မှ အိပ်ရာ
ထဲသို့ ဝင်ရသည် မဟုတ်။ မအိပ်ချင်
ပေမယ့်လည်း အချိန်ရောက်ရင် အိပ်
ရန် သတ်မှတ်ပေးထားသည့် နေရာမှာ
လဲလျောင်းပြီး ဖြစ်နေရမည်။

မအိပ်ချင်သေးလို့ ထထိုင်နေ
မည်။ ဒါမှမဟုတ် လမ်းလျှောက်နေမည်
လို့ လုပ်လို့မရ။ ကိုယ့်စိတ်နှင့်ကိုယ်
နေရသော နေရာမဟုတ်။ ထားရာမှာ
နေရမည်၊ ကျွေးတာကို စားရမည်၊
ခိုင်းတာကို လုပ်ရမည်။

သတ်မှတ်ထားသော ဘောင်နှင့်
စည်းကမ်းကို နည်းနည်းလေးသော်မှ
ကျော်လို့မရ၊ ဖောက်လို့မရ။

ထောင်ထဲသို့ ရောက်လာသူများ
မှာ ဥပဒေကိုကျော်ခိုင်းလာသူတွေ၊ လူ့
ကျင့်ဝတ်ကို ဖောက်ဖျက်လာသူတွေ၊
အများသူငါတို့အား စိတ်အနှောင့်
အယှက်ဖြစ်အောင်၊ စိတ်ညစ်ညူး
အောင် လုပ်ခဲ့သူတွေ။

သူတို့ကို လူ့ဘောင် လွတ်လပ်ခွင့်
ပေးလို့မရ၊ လူ့ဘောင် ထောက်ချက်သူများ
ကို အချုပ်အနှောင်၊ အကန့်အသတ်၊
စည်းဘောင်ခတ်ပေးရသည်မှာ ဥပဒေ
ကို လေးစားလိုက်နာသူများအတွက်
အကာအကွယ် ပေးခြင်းဖြစ်၏။

ဥပဒေကို ကျူးလွန်ရန် ရည်
ရွယ်ချက်မရှိသော်လည်း အကြောင်း
ကြောင်းသော အကြောင်းကြောင်းများ
ကြောင့် ကျူးလွန်မိခြင်း ဖြစ်ပါသည်
ဟု ဆင်ခြေပေးလို့မရ။

တရားဥပဒေက သတ်မှတ်ထား
သည့် ဥပဒေပုဒ်မများ ရှိသည်။ ထိုဥပ
ဒေပုဒ်မ တစ်ခုတစ်ရာကို ကျူးလွန်
လျှင် ကျူးလွန်မှုအတိုင်းအတာအပေါ်
တည်၍အရေးယူခံရမည်။ ထို့မှ ရှောင်လွှဲ
လို့ မရ။

တမင်းရေးမှုသော လျှာမထွဲနှင့်
ပမာကားသည်း အမှိုက်ပဲဟာ…။
ခင်ထားမွှေးရဲ့အဖြစ်အပျက် ဆင်ခြေ
ပေးမည်ဆို ပေးနိုင်ရသည်ပါ။ ဒါပေမဲ့
ဖြစ်မှုကျူးလွန်ရသည်မှာ အမှန်မို့ ဆင်
ခြေထဲလို့မရ။

ခုပဲ အချုပ်အနှောင်ခံဘဝသို့
ရောက်နေပြီ။ အချုပ်အနှောင်ခံဘဝ
ဖြင့် နောက်ထပ် မည်မျှကြာအောင် နေ
ထိုင်ရမည်ကိုမူ မည်သို့မှ မခန့်မှန်းနိုင်။

တရားဥပဒေကြောင်းအရ အမှု
ကို ရင်ဆိုင်ရတော့မည်။ မှုခင်းဖြစ်
ကြောင်း နှစ်မျိုးနှင့် တရားခံနှစ်မျိုးရှိ
သည်။

မှုခင်းဖြစ်ကြောင်းကို ကိုယ်က
ဖန်တီး၍ ထိုးထိုးထောင်ထောင် တရား
ခံဖြစ်ရသူ။ မှုခင်းဖြစ်ကြောင်းကို ကိုယ်
က ဖန်တီးသူ မဟုတ်ပါဘဲလျက်
ကိုယ်က တရားခံအဖြစ် ရောက်ရသူ။

ကိုယ်က ဖန်တီးသူဖြစ်၍ တရား
ခံဖြစ်ရသူပဲဖြစ်ဖြစ်၊ ကိုယ်က ဖန်တီးသူ
မဟုတ်ဘဲ တရားခံအဖြစ် ရောက်ရသူ
ပဲဖြစ်ဖြစ် အချုပ်အနှောင်ခံ ဘဝသို့
ရောက်ရသည်မှာမူ အတူတူပင်ဖြစ်၏။

ခင်ထားမွှေးက အမှုဖြစ်ကြောင်း
ဖန်တီးသူမဟုတ်ဘဲ တရားခံဘဝသို့
ရောက်သူ။ တရားခံအဖြစ်သို့ ရောက်
ပြီဆိုလျှင် တရားဥပဒေ၏အကြောင်း
ပေါ်တွင်ဆုံးဖြတ်ရသည်အထိ အချုပ်
အနှောင်ခံရသည့်အခါ။

ဝေါဟာရ အသုံးအနှုန်းအရ
အကျယ်ထောင်ဟူ၍မရှိ။ အကျဉ်း
ထောင်ဟူ၍သာရှိသည်။ အကျဉ်းထောင်
ဆိုသည့်အတိုင်း "အကျယ်အပြန့်" နေ
ထိုင်လှုပ်ရှားခွင့်မရှိ "အကျဉ်းအကျပ်"
နေထိုင်လှုပ်ရှားရသည်သာတည်း။

* * *

(၃)

လူ့အဝေးရောက် ထောင်ဆောင်ကြီး
အဆောက်အအုံကြီး ဝိတ်ချထား၍ ဒါမှ
မဟုတ် သူတို့မှာ ပိုင်ဆိုင်နေရာ နေရာတွင်
ပင် ကြိုးဝင်ဆိုင်းဆိုင်းတွဲ၍ ထိုင်ချ၍
အတိုင်း နေရသည်။ ထထ သွားလာ
လှုပ်လှုပ်ရှားရှား လုပ်လို့ရသေး။

တစ်ဆောင်လုံး လူအပြည့်အကျပ်
ထည့်ထားပြီး အလေ့အကျင့်မရှိ အောင်
ထိုးကာအချက်ပေး သံချောင်းခေါက်သွင်း



www.burmeseclassic.com

www.burmeseclassic.com

လာပြီးမှ အသွားအလာ လုပ်ခွင့်ရသည်။

စာရင်းမကိုက်ဘဲ အလျော့အပို ရှိနေလျှင် တစ်ထောင်လုံးကို ပြန်လည် စစ်ဆေး ရေတွက်ရသည်။ လိုတိုး ပို လျော့ လုပ်လို့မရ။

တစ်ခါတစ်ရံ နှစ်ကြောပြန်၊ သုံးကြောပြန်အထိ စစ်ဆေးရသည်မျိုး လည်းရှိသည်။ ထောင်မှာ နေ့စဉ် အဝင် အထွက် ရှိသည်။

အာမခံရ၍ ထွက်သူရှိသလို၊ လွတ်ရက်စေ့၍ ထွက်သူနှင့် ထောင်ပြောင်းများ ရှိသည်။ ပြစ်ချက်ကြောင့် တိုက်ပိတ်ခံရသူရှိရင် အဆောင်စာရင်းမှာ အလျော့ပြ၍ တိုက်စာရင်းမှာ အပိုပြ။ အဲသည်လို အဝင်အထွက်စာရင်းနှင့် အပြောင်းအရွှေ့စာရင်း ကွက်တိ မကိုက်ရင် ထောင်ပိတ်ခြင်းကိစ္စမပြီး။ ကွက်တိစာရင်းကိုက်မှ ထောင်ပိတ်ခြင်း ကိစ္စ ပြီးသည်။

သူတို့လည်း ထသွားထလာ လှုပ်ရှားခွင့်ရကြသည်။ သို့စေကာမူ . . . အဆောင်ပိတ်ပြီးစတွင် ထသွားထလာ လုပ်သူနည်းသည်။

ငြိမ်သက်တိတ်ဆိတ်စွာ ထိုင်နေရစဉ် အကြောင်းအထွေထွေနှင့် ပတ်သက်ရာကို အတွေးစဉ် အမျှင်တတန်းတန်း ရှိနေသူများက အတွေးစဉ်ကို အနှောင့်အယှက်ပေးသတ်လို့မရ။

ထောင်ထဲရောက်နေသူများ၏ အတွေးစဉ်မှာ ရောက်တက်ရာ၈ဆို သည့်အတိုင်း ဦးတည်ချက်မရှိ။

သောင်းပြောင်းထွေလာ အတွေးများဖြင့် ရစ်ထွေးနေသူများ ဖြစ်သည့် အတိုင်း အနှောင့်သတ်ရန် ခဲကပ်သူများ ဖြစ်၏။

ငြိမ်သက်မှုနှင့် ဆုံစည်းရလေ အတွေးစဉ်က ကပ်ငြိလေ။

အဆောင်တံခါး ပိတ်ပြီဆိုရင် အချုပ်ခံ၊ အကျဉ်းခံနေသူများ၏ တစ်နေ့တာ ကုန်ဆုံးသွားခြင်းဖြစ်ရာ ညိုးငယ်စိတ်များ တစ်ဖန်ပြန်လည် ထင်ဟပ်ခြင်းခံရ၏ ·

အတွေးရေယာဉ်ကြောတွင် မျော သူကမျော၊ ခံစားမှုကြောင့် ငြိမ်သူက ငြိမ် ရှိနေသမို့ အဆောင်ပိတ်ပြီးစတွင် လှုပ်လှုပ်ရွရွ မရှိတတ်။

"ကဲ . . . ညီမ၊ ထမင်းစားကြရအောင်"

"မမပဲ စားနှင့်ပါ။ ကျွန်မ ဆာမှပဲ စားပါရစေ"

• "ဘာမှလုပ်မနေနဲ့။ ဝင်သလောက်သာ စားလိုက်။ ဂ နာရီထိုးပြီးရင် ဘာမှ လုပ်လို့မရတော့ဘူး။ အိပ်ရာ ထဲမှာ ငြိမ်နေရတယ်"

ဒေါ်တင်လေးကြူက ငါးပိကြော်နည်းနည်း၊ သရက်သီးသနပ်နည်းနည်းနှင့် ကြက်သားကြော်လေး တစ်တုံး ထည့်ပေးသည်။

ခင်ထားနွယ်က ကြက်သားကြော်ကို ဒေါ်တင်လေးကြူ ပန်းကန်ထဲသို့ ပြန်ထည့်ပေးလိုက်၏။

"စားမှာသာစား ညီမ၊ မရှိတော့လည်း မရှိသလိုပေါ့"

ဒေါ်တင်လေးကြူက တန်းစီးမတုတ်ကိုပါ သူတို့ဝိုင်းမှာ အတူဝင်စားစေသည်။ သဒ္ဓါသက်သက်တော့ ပုတ်ဟန်မတူ။ ဘယာဖက်သည်ဟု ပြောနိုင်ရာ၏။

လုံးတီးထမင်းနှင့် ခံတွင်းမယဉ်ပါးသေးသမို့ ခြောက်လုတ်၊ ခုနစ်လုတ်လောက်ပဲ စားနိုင်သည်။ ဒါတောင် ထမင်းတစ်လုတ် လည်ချောင်းထဲဝင်သွားအောင် မျိုချရသည်မှာ မလွယ်။ တစ်လုတ်မျိုချတိုင်း လျှောခနဲမဝင်။ တစ်ဆို့ တစ်ဆို့ ဖြစ်နေသည်။

ထောင်ထဲသို့ မျက်စိလည် လမ်းမှားပြီး တစ်ခေါက်တစ်ခါ ရောက်လာရသူတိုင်း ထိုသို့ပင် ဖြစ်တတ်ပါလေ၏။ နောက်ပိုင်း လျှာနှင့်လုံးတီး အစပ်တည့်သွားပြီဆိုရင်တော့ ထမင်း တစ်ပုံစံမှာ လျှောခနဲ။

အစားအသောက် ကောင်းသူများအတွက် ထမင်းတစ်ပုံနှင့် မဝ။ မစားနိုင်သူများထံမှ ထမင်းပိုကို တောင်းရသည်။ ထောင်က ထမင်းနှင့် ဟင်းကို ပုံမှန်အတိုင်းပဲ ပေးသည်။

အပိုအလျှံရှိရင် ထမင်းဝေသူ တန်းစီးဒေါ်တုတ် သဘော။ သူပေးချင်သူကို ပေးပိုင်ခွင့်ရှိသည်။ ဘယ်သူ့ကို ပေးတာပဲ၊ ဘယ်ဝါကိုပေးတာပဲလို့ ပြောပိုင်ခွင့်မရှိ။

အပိုအလျှံလိုချင်သူက ဒေါ်တုတ်ကို တည့်အောင်ပေါင်း။ မျက်နှာလို၊ မျက်နှာရလုပ်။ ဆေးလိပ်တို့၊ မုန့်ပဲသရေစာတို့နှင့် အပေးအယူလုပ်ထား။

ထောင်ထဲမှာက သူနေရာနှင့်သူ အရေးပါသူတွေချည်း။ အပြင်မှာတုန်းက ကိုယ်ကဘာပဲ၊ သူကဘာပဲလို့ ခွန်းသွားမနှိုင်းနှင့်။ အထဲမှာ ကိုယ်ကဘာ

www.burmeseclassic.com

ယ်။ သူကဘာလဲ ဒါကို သဘောပေါက်။

ထောင်တံခါးမကြီးနှင့် တစ်သားတည်း ဖောက်ထ...သည့် ခေါင်းငုံ့၊ ခါးကုန်းဝင်ရသော တံခါးပေါက်လေးကို ကျော်လွှားလိုက်သည်နှင့် အပြင်မှာ တုန်းကဆိုသည်များကို အားလုံးမေ့ပစ်လိုက်။ အုတ်ရိုးတစ်ချပ် ခြားသွားသည်နှင့် အစစအရာရာ အားလုံးခြားနားသွားပြီကို သတိမူ။ သတိမမူတဲ သွားပြီး မထောင်နဲ့၊ ဝေါင်သွားမည်။

ထမင်းစားပြီးနောက် ဒေါ်တင်လေးကြူက ထောင်၏အထာသဘောများကို ပြောပြသည်။ အစားအသောက် အနေအထိုင်နှင့်ပတ်သက်၍ မည်သို့မည်ပုံ နေထိုင်လှုပ်ရှားသွားရမည့်အကြောင်း။

နေ့စဉ် မပြုမဖြစ်သည့် အပေါ့အလေး စွန့်သည့်ကိစ္စ၊ ရေချိုးအဝတ်လျှော် ကိစ္စနှင့် မိန်းမတို့၏ မွေ့တာကိစ္စများအတွက် မည်သို့ ပြုလုပ်ရမည့်အကြောင်း။

ဝါဒါ ထောင်မှူးလေး၊ ထောင်မှူးကြီးများကို မည်သို့မည်ပုံ ဆက်ဆံရမည့်အကြောင်း။ ထောင်ဝင်စာနှင့် ရုံးထွက်သွားရသည့်အခါ မည်သို့မည်ပုံ သွားလာရမည့်အကြောင်း။ အဆောင်စည်းကမ်းများ အကြောင်း။

အဆောင်တွင် အတူနေသူများနှင့် ပတ်သက်၍ ဆက်ဆံရာတွင် ဘယ်လိုသဘောမျှရမည့်အကြောင်း။ အိမ်ကထောင်ဝင်စာလာရင် မည်သည့်ပစ္စည်းများကို အဓိကထားရမည့်အကြောင်း။

ထောင်ဝင်စာနှင့် ရုံးထွက်အပြန် ပစ္စည်းပါလာရင် တန်းစီနှင့် ဝါဒါများအတွက် ပေးကမ်းရသည့် "အပေးအကမ်းကိစ္စအကြောင်း" စသည် စသည် သိသင့်သိထိုက်သည်များကို အသေးစိတ်ပြောပြသည်။

ခင်ထားနွယ်က ဂရုတစိုက် နားထောင်ပြီး မေးစရာရှိသည်များကို မေးရသည်။ ကိုယ်ကလက်ရှိ ရောက်နေသောနေရာမှာ နေရမည့်ကာလ အပိုင်းအခြားကိုမသိ။

လပိုင်းလား။ နှစ်ပိုင်းလား။ ဘယ်လောက်ကြာအောင် နေရမည် မသိသမို့ ဒေါ်တင်လေးကြူ ပြောပြသည်များမှာ ကိုယ့်အတွက် တကယ်ကို သိထားရန် လိုအပ်သောကြောင့် နားထောင်ရုံမဟုတ်၊ မှတ်သားရသည်။ မေးစရာရှိသည်များကို မေးမြန်းရသည်။

ကိုယ်နေထိုင်သွားလာ ဆက်ဆံလှုပ်ရှားခဲ့ရဖူးသော အသိုက်အဝန်းနယ်ပယ် အနေအထားနှင့် ယခုရောက်ရှိနေသော နယ်ပယ်အသိုက်အဝန်း၊ ဆက်ဆံလှုပ်ရှားရမည့်အနေအထားမှာ ဘယ်လိုမှ နီးစပ်မှုမရှိအောင် ခြားနားနေပြီကိုမူ ထဲထဲဝင်ဝင်ကြီး သဘောပေါက်လိုက်ရ၏။

တော်ရုံမဟုတ်၊ အတော်ကြီးကို အပြောအဆို အနေအထိုင် တတ်ပါမှ တန်ကာကျမည့် နေရာ။ နေရမည့်နေရာက ကျဉ်းကျဉ်းကလေး။ ခြေဆန့်လှုပ်ရှားခွင့်ရှိသည့်နေရာမှာ ပတ်လည် ပေနှစ်ရာပင် မပြည့်တတ်။

အတူနေရမည့် လူတွေကအလွှာပေါင်းစုံ။ သူလိုကိုယ်လို အဆင့်အနေမျိုးရှိသူက လေးငါးယောက်ထက် မပို။ လက်ချိုးရေတွက်လို့ ရသည်။

ကျန်သူတွေက အဆင့်အနေ နိမ့်ကျသလို၊ အနေအထိုင်၊ အပြောအဆို ပရမ်းပတာသမားတွေ။ သို့ရှိစေကာမူ သူတို့နှင့် အပြောအဆို ကင်းလို့မရ။

ကျဉ်းကျဉ်းမြောင်းမြောင်း နေရာလေးမှာ ကြွမ်းတစ်ပြေးတည်း နေရသမို့ အဆက်အဆံ အပြောအဆို မလုပ်ဘဲ နေလို့မရ။

သူတို့လည်း ပြစ်မှုကြောင့်ထောင်ထဲရောက်သည်၊ /ကိုယ်လည်း ပြစ်မှုကြောင့် ထောင်ထဲရောက်နေသည်။ ယခင်အနေအထား ဘယ်သို့ပင်ရှိရှိ လက်ရှိအနေအထားမှာ အတူတူနှင့်အခုနှု။

အလိုက်သင့်၊ အလျားသင့် လိုက်လျောညီထွေ နေထိုင်ဆက်ဆံရမည်။ စိတ်ရောကိုယ်ပါ ပေါင်းသင်းဆက်ဆံရမည့်သူက ဘယ်သူတွေ၊ စိတ်ပေါင်းကိုယ်ခွာလုပ်ရမည့်သူက ဘယ်သူတွေ၊ စိတ်ရောကိုယ်ပါ မပေါင်းရမည့်သူက ဘယ်သူတွေ ဆိုသည်ကိုတော့ ကိုယ့်ဟာကိုယ်ပဲ ဆုံးဖြတ်ရမည်။

ဒေါ်တင်လေးကြူက အမှုဖြစ်ကြောင်းကို မေးလာသည်။

"မမက စပ်စုချင်လို့ မေးတာမဟုတ်ဘူးနော်။ အတူနေရမယ့်လူချင်း တစ်ယောက်အကြောင်း တစ်ယောက် သိထားဖို့ သဘောလောက်ပဲ မေးတာ။ ကူညီနိုင်မယ့် အကြောင်းရှိရင်လည်း ကူညီရအောင်ပေါ့။ မမအကြောင်းလည်းပြောပြမယ်"

ခင်ထားနွယ်က သူမ၏ [illegible]

www.burmeseclassic.com

ဖြစ်ကြောင်းကို အကြမ်းဖျင်းပြောပြသည်။

ဦးမျိုးလွင်နှင့် အကြောင်းဖက်ပေါင်းဖက်ခဲ့ရသော ဇာစ်မြစ်အကြောင်းမှန်ကိုမူ အပြည့်မပြောပြပါ။ ပြောလို့လည်း မဖြစ်။ မိသားစု၏ ဂုဏ်သိက္ခာ၊ အထူးသဖြင့် ဖခင်ကြီး၏ဂုဏ်သိက္ခာကို ထိခိုက်မည်မို့ ထိုအကြောင်းကို ဘယ်လိုအခြေအနေရှိရှိ လုံးဝမပြောရန် ဆုံးဖြတ်ထားပြီးသား။

ယုတ်စွအဆုံး ထိုအကြောင်းကို ပြောရင် ကိုယ့်အတွက် အမှုခွင်ကောင်းမည်၊ သက်သာခွင့်ရမည် ဆိုသော်မှ မပြောရန် ဆုံးဖြတ်ထားသည်။

ဦးမျိုးလွင်နှင့် အိမ်ထောင်ဖက်ဖြစ်ခဲ့ရသည်ကို ဖခင်ကြီးမှလွဲ၍ မိသားစုတစ်စုလုံး၊ ဆွေမျိုးအသိုက်အဝန်းအားလုံးက လက်မခံခဲ့ကြ။ ပစ်ပစ်ခါခါ ပြောဆို၍ မိသားစုနှင့် ဆွေမျိုးအသိုက်အဝန်းမှ ဖယ်ကြဉ်ခြင်းကို ခံခဲ့ရသည်။

နယုံသားကို စတေးပြီး ချစ်ဦးသူကို စွန့်ခဲ့ရ၏။ လူတကာ၏ ပြစ်တင်ရှုတ်ချခြင်းကို ခံခဲ့ရ၏။ တံတွေးခွက်မှာ ပက်လက်မျောရသည့်အဖြစ်မျိုးကို ရင်ဆိုင်ခဲ့ရ၏။

ဘာကြောင့် ထိုသို့ဆိုသည်ကို တုံ့ပြန်ဖြေရှင်းရန် ခိုင်လုံသောအကြောင်းပြစရာ မရှိ၍မဟုတ်။ သိပ်ရှိ အလွန်ရှိ၊ တုံ့ပြန်ဖြေရှင်းချက်သာလုပ်ခဲ့ရင် ဂုဏ်တင်ခံရမည်၊ ချီးကျူးခံရမည်၊ လက်မထောင်၍ ခေါင်းမော့နိုင်မည်။

ဒါပေသိ မိသားစုဂုဏ် နိမ့်ဆင်းသွားမည်။ မျက်နှာငယ်ခံဘဝ ရောက်မည်။ ပါးစပ်စည်းမစောင့်သူတို့၏ ပစ်ပစ်ခါခါ အပြောအဆို ခံရမည်။

ခံစရာရှိသည်ကို တစ်ယောက်တည်းသာ ခံမည်ဟု ဆုံးဖြတ်ပြီး ဘာကြောင့် ထိုသို့ဆိုသည်ကို လုံးဝမပြောဘဲ နှုတ်ပိတ်ရေငုံနေခဲ့သည်။

ခု ဒေါ်တင်လေးကြူက အမှုဖြစ်ကြောင်း အမေးရှိလာသည်ကို ပြောပြရာတွင်လည်း . . . မပြောမဖြစ်သည့် အကြောင်းကိုချန်ပြီး ပြော၍ဖြစ်သည့် အကြောင်းလောက်ကိုသာ ပြောပြရသည်။

"ဒီလိုပဲပေါ့ ညီမရယ်၊ ဖြစ်ဖို့အကြောင်းရှိလို့ ဖြစ်ရတာပဲလို့ သဘောထားပြီး ဖြစ်လာသမျှကို ရင်ဆိုင်ဖို့သတ္တိမွေးရုံပေါ့။ အရေးကြီးတာကတော့ ရှေ့နေကောင်းကောင်း ငှားဖို့နဲ့ ကိုယ့်ကျန်းမာရေးကို ဂရုစိုက်ဖို့ပဲ"

"ကျွန်မကတော့ ဘာကိုမှ ဂရုမစိုက်ချင်တော့ဘူး မမ။ ဖြစ်ချင်တာဖြစ်ဆိုပြီး ဖြစ်သလိုပဲ နေပစ်လိုက်ချင်တယ်၊ ဒီအဖြစ်မျိုး နဖူးစည်းအတပ်ခံရပြီးမှ အသက်ရှင်နေဖို့ကိုတော့ . ."

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ ညီမရယ်၊ သွေးပူနေတုန်းတော့ ဒီလို စိတ်မျိုး ဖြစ်တတ်တာပါပဲ။ နောက်တော့လည်း ပြေလည်သွားမှာပါ။ စိတ်ကိုငြိမ်အောင်ထိန်း၊ ဘာဆက်လုပ်ရမယ်ဆိုတာကို ခေါင်းအေးအေးနဲ့ စဉ်းစား။ မမလည်း ဖြစ်စတုန်းက ဒီလိုပဲ၊ စိတ်တွေခဲ့တာပေါ့။ ကဲ . . . ကဲ . . . ခါးလေးဘာလေး အညောင်းဆန့်သွားအောင် လှဲနေလိုက်ဦး"

ဒေါ်တင်လေးကြူက သူမှာရှိသည့် အခင်းစောင်ပိုလေးကို ချပေးသည်။ ခြုံစောင်ကတော့ သူမှာလည်း တစ်ထည်တည်း ရှိသမို့ ချမပေးနိုင်၊ ခေါင်းခုအိပ်ဖို့အတွက် ဝတ်စုံပိုထည့်ထားသည့် လွယ်အိတ်လေးကို ပေးရာသည်။ ဖျာကြမ်းပေါ်မှာ စောင်ပါးလေးခင်းပြီး လှဲလိုက်ရသည်။

မွေးကတည်းက သည့်နေ့အထိ သည်သို့သော အဖြစ်မျိုး၊ အနေအထိုင်မျိုးနှင့် တစ်ခါမှမကြုံခဲ့ရ။

ရွှေလင်ပန်းနှင့် အချင်းဆေးပြီး ရွှေမင်းသမီးလေးလိုမနေခဲ့ရသော်လည်း ထိုက်ထိုက်တန်တန် အဆင့်အတန်းမြင့်မြင့် နေထိုင်ခဲ့ရ၏။

မေတ္တာတရား ကြီးမားလွန်းလှသော မိဘတို့၏အေးမြသော အရိပ်ကို ခိုလှုံခဲ့ရ၏။ အခြေအရံတို့၏ ယုယုယယ အလိုလိုက် ပိုက်ထွေးမှုကို ခံခဲ့ရ၏။ ညီမတစ်တွေနှင့် ပျော်ပျော်ပါးပါး နေခဲ့ရ၏။ ဘွဲ့ရသည်အထိ အေးအေးချမ်းချမ်း ပညာသင်ခဲ့ရ၏။

ဘဝကြင်ဖော်အဖြစ် သတ်မှတ်ရာသော ချစ်ဦးသူနှင့် စိတ်ရည်တူမျှ ပျော်ပျော်ရွှင်ရွှင် နေခဲ့ရ၏။ ခုလို အနေအထိုင်မျိုးနှင့် ဆုံစည်းတွေ့ကြုံရလိမ့်မည်ဟု စိုးစဉ်းမျှ မထင်မှတ်ခဲ့။

ရုတ်တရက် တွေ့ကြုံလိုက်ရတော့ ခံနိုင်ရည်အားမှာ ထိန်းမရအောင်လူး လိမ့်ပြိုကျသွားရသည်။

အရင်အရင်က တိုယ်ကျင်လည်ခဲ့ရာ ဝန်းကျင်တွင် အချုပ်တို့ ထောင်တို့အကြောင်းကို တစိုးတစိသော်မှ

www.burmeseclassic.com

ကြားဖူးနားဝ မရှိခဲ့။

ခု မှုဖြစ်ကြောင်းနှင့် ပတ်သက်လာတော့မှပဲ အချုပ်ဆိုသည်မှာ ဤသို့ပါတကား။ တရားရုံးဆိုသည်မှာ ဤသို့ပါတကား။ ထောင်ဆိုသည်မှာ ဤသို့ပါတကားဟု သိလိုက်ရ၏။

ရဲစခန်း အချုပ်ခန်းထဲ ရောက်စဉ်က ကိုယ့်ရင်ခုန်သံကို ကိုယ့်နားနှင့် ပြန်ကြားရသလို တရားရုံးအရောက်နှင့် ထောင်သို့အဝင်မှာလည်း ထိုသို့ပင် ခံစားလိုက်ရပြန်၏။

အဆိုးထဲမှ အကောင်းဟု ဆိုရမည်သောနှင့် ဆုံစည်းလိုက်ရလို့သာ ပေါ့။ နို့မဟုတ်ရင် ဘယ်လွယ်လိမ့်မှာပါ။ မထင်မှတ်တဲ့ အကူအညီပေးခဲ့သော ထောင်မှူးလေးနှင့် စိတ်သဘောထားပြည့်ဝသော ဒေါ်တင်လေးကြူကြောင့်သာ ယခုလို အနေအထိုင်မျိုးရ၏။

သူတို့၏အကူအညီမပါရင် ဘယ်နေရာမှာ ဘယ်လိုအနေမျိုး နေထိုင်အိပ်စားရမည်ကိုပင် မသိ။ အခက်တွေ့မှာ သေချာသည်။

အခု နေရာကောင်းလေးရသည့်တိုင် အအိပ်အနေ ဆင်းရဲသေးသည်ဟု ဆိုရမည်သို့ ရှိချေရာ နေရာကောင်းလေးသာ မရရင်၊ ကူညီမည့်သူသာ မတွေ့ရင် ဘယ်လောက်များ အခက်အခဲ တွေ့ရမှာပါလိမ့်။ ကိုယ်တွေ့ကြုံနေချိပြီပဲဟာ။ အတွေးစဉ်စရာအကြောင်း ဘိုရှိတော့။

ထောင်ဆိုသည်မှာ ဆင်းရဲခြင်းနှတွေပေါင်းစုံ စုဝေးရာ နေရာပါတကားဟု ဆိုရန်မှတစ်ပါး အခြားမရှိ။

သို့စေကာမူ ခင်ထားနွယ်တို့လို လူမျိုးတွေချည်းလား ဆိုတော့မဟုတ်။ အဲဒီလိုသာဆို တစ်ဆောင်လုံး တိတ်ဆိတ်ပြီး ခြောက်ကပ်နေပြီပေါ့။

သီချင်းတအေးအေးနှင့် အပြုံးအရယ်မပျက် ရှိနေသူတွေ ၊လေးငါးယောက် ဝိုင်းဖွဲ့ပြီး တဝါးဝါး၊ တဟားဟား ရှိနေသူတွေလည်း ရှိကြသည်။

ဘာကိုမှ တို့မမှု ဆိုသူတွေက အများစုမို့ အဆောင်လေးမှာ တိတ်ဆိတ်မနေ။ အိပ်ချိန်မတိုင်မီအထိ ရယ်သံမောသံ၊ ပြောသံဆိုသံများဖြင့် စည်စည်ဝေဝေ ရှိနေသည်။ ထိုစဉ်မှာပင် ညလည့်ဝါဒါ ဒေါ်စိန်ကျော့၏ အော်သံထွက်လာပါသည်။

“ကဲ . . . မရွှေမိတို့၊ ”အသံတွေ တိတ်ကြ။ ဘုရားရှိခိုးမယ်”

အားလုံးပင် အဆောင်၏မျက်နှာစာ အရှေ့ဘက်သို့ မျက်နှာမူပြီး ကိုယ့်နေရာမှာ ကိုယ်ထိုင်ကြရသည်။

ဒေါ်စိန်ကျော့ ရှေ့မှကြောင်းပေးသည့်အတိုင်း လိုက်ဆိုကြရ၏။ ဒေါ်စိန်ကျော့၏အသံမှာ သာယာနာပျော်ဖွယ်ရှိသလို အာလည်းရှင်းသည်။

မေတ္တာပို့ အမျှပေးဝေပြီးသည်အထိ နာရီဝက်နီးပါးကြာသည်။ မရောက်အပ်သော နေရာသို့ ရောက်ခဲ့ပေမယ့် ကြားရဲလိမ့်မည်မထင်သော အသံကြောင့် ပီတိဖြစ်သလို ရင်ဝယ်သိမ့်မျှကြည်နူးမိရသည်။

ဘုရားရှိခိုးပြီးနောက် ငယ်စဉ်ကတည်းက ဝတ်မပျက်ခဲ့သည့် ပုတီးစိပ်ဖို့ သတိရသော်လည်း ပုတီးပါမလာသောကြောင့် ပုတီးမစိပ်ရ။

ပုတီးစိပ် ဝတ်ပျက်သွားသည်မှာ နှစ်ရက်ရှိပြီ။ စိပ်နေကျ ဂုဏ်တော်ကိုးပါးကို လက်ချိုးရေတွက်၍ နှုတ်မှရွတ်ဖတ်သရဇ္ဈာယ်မှု ပြုရသည်။ ဒါပေသိ အပြင်မှာတုန်းကလို စိတ်အာရုံတည်၍မရ။

ထိုစဉ်မှာပင် ဒေါ်စိန်ကျော့၏ အားလုံးကို ရည်ညွှန်း၍ အော်လိုက်သော အိပ်ချိန်သတိပေးသံ ထွက်လာသည်။ တစ်ချိန်တည်းလိုလိုပင် ထောင်ဘူးမကြီးမှ သံချောင်းခေါက်သံ ထွက်လာသည်။ အုတ်ရိုးပတ်လည်မှလည်း သံချောင်းခေါက်သံများ ဆက်တိုက်ထွက်လာသည်။

အထိုင်ကိုဖျက်၍ ကျောတစ်ခင်းစာနေရာမှာ လှဲအိပ်လိုက်ရ၏။ ကျောတစ်ခင်းစာရထားသည့် နေရာမှာ ကျပ်ကျပ်တည်းတည်းဟု မဆိုသာသော်လည်း ကျယ်ကျယ်ပြန့်ပြန့်မရှိ။ လှည့်သာပဲ့သာပဲ ရှိသည်။

ပက်လက်နေကျင့် မရှိဘာကြောင့် တစောင်းလှည့်နေရ၏။ တစ်ဖက် မရွှေချောဘက်သို့ မလှည့်ရဲ၊ ဒေါ်တင်လေးကြူဘက်သို့ပဲ လှည့်နေရသည်။

ဒေါ်တင်လေးကြူက အုတ်နံရံဘက်သို့ လှည့်နေသည်။ ငယ်ငယ်ကတည်းက ပက်လက်မအိပ်ရ။ ပက်လက်အိပ်နေသည်ကို တွေ့လျှင် မိခင်ကြီးက ဒူးခေါင်းကို ခပ်ဆတ်ဆတ်လေး ရိုက်တတ်သည်။

မိန်းကလေးများ ပက်လက်အိပ်ကျင့်မလုပ်ဖို့ သတိပေး ဆုံးမနေ့ရှိ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ကိုယ့်အိမ်ကိုယ့်ယာ၌ ပက်လက်အိပ်သည်မှာ အကြောင်းမဟုတ်သော်လည်း တခြားသောနေရာမှာ အိပ်ရသော အခါမျိုးတွင် ဖူးပေါ် ပေါင်ပေါ် အမြင်မတော် ဖြစ်တတ်ကြောင်းပြော၍ အိပ်ကျင့်မလုပ်ရန် အမြဲတမ်းသတိပေးသည်။ ကိုယ့်အိမ်ကိုယ့်ယာနှင့် နေစဉ်က အကြောင်းမဟုတ်သော်လည်း ခုတော့ အကြောင်းဖြစ်လာပြီ။

သီးသန့် အကာအရံမရှိသော အခန်းကြီးထဲမှာအိပ်ရသည့်အခါ အမြင်မတော် ဆင်တော်နှင့်ခလောက် ဖြစ်မှာကို ကြောင့်ကြစရာပါ မရှိရတော့။

မိန်းမသားချည်း နေရစေကာမူ အအိပ်ပက်စက်လိုက်တာ ဆိုသည့် အပြောတင်ရှိလာမည်။ ဒေါ်တင်လေးကြူကလည်း သတိပေးထားသည်။

ညဥ့်နက်သန်းခေါင် ထောင်မှူးလေးများ အစစ်ဆေး ဝင်တတ်သည်မို့ အအိပ်အနေသတိထားဖို့ ပြောထား၏။

အပြောကိုသာ မဟုတ်၊ ကိုယ်တိုင်လည်း သိလိုက်ရသည်။ ထောင်ထဲရောက်ခါစ အိပ်စက်ခြင်းကို စွန့်လွှတ်ထားရစမြဲ ရှိသည့်အတိုင်း ခင်ထားနွယ်မှာလည်း တစ်မှေးတစ်စက်သော်မှ အိပ်လို့မရ။

ခွေခွေလေးလှဲပြီး မျက်လုံးကို ဖွတ်မှိတ်ထားရပေမယ့် သိမှု ကြားမှု အားလုံးကို သိကြားနေသည်။ ထောင်မှူးလေးများ ဝင်လာသည်ကိုလည်း သိလိုက်သည်။ ဝါဒါဒေါ်စိန်ကျော့နှင့် ပြောသံဆိုသံများကိုလည်း ကြားရသည်။

ဝါဒါဒေါ်စိန်ကျော့က လက်ဆွဲမီးအိမ်လေးမြှောက်ပြီး မကြာခဏ အဆောင်ကို လှည့်ပတ်ပြီးကြည့်နေသည်ကိုလည်း သိနေသည်။

နာရီသံချောင်းခေါက်သံများကိုလည်း အတိုင်းသား ကြားနေရသည်။ ညဥ့်လှည့်ဝင်လာသူ ထောင်မှူးလေး ပြန်ထွက်သွားပြီးနောက် ထွက်ပေါ်လာသည့် သံချောင်းခေါက်သံမှာ ခြောက်ချက်။

ထောင်အထာကို မသိသေးသူ ခင်ထားနွယ်မှာ ဝေဝေဝါးဝါးဖြစ်သွားသည်။

ခြောက်ချက်ခေါက်သံကြောင့် ခြောက်နာရီများ ထိုးသလားဟု ထင်လိုက်မိသောကြောင့် အသာခေါင်းထောင်ပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်မိ၏။ အဆောင်တွင် ရှိနေသူအားလုံး လှုပ်လှုပ်ရှားရှား မရှိ၊ အိပ်မောကျနေကြသည်။

တကယ်တော့ ညဥ့်နှစ်ချက်တီးပဲ ရှိသေးသည်။ ထောင်မှာက တစ်ဆယ့်ငါးမိနစ်ကိုတစ်ကြိမ် သံချောင်းခေါက်သည်။

ထောင်အသုံးအနှုန်းအရ တစ်ဆယ့်ငါးမိနစ်ကို တစ်မောင်း။ မိနစ်သုံးဆယ်ကို နှစ်မောင်း။ လေးဆယ့်ငါးမိနစ်ကို သုံးမောင်း။ လေးမောင်းခေါက်လျှင် တစ်နာရီ။

၂ နာရီဆိုလျှင် နှစ်ချက်တည်း မခေါက်။ လေးမောင်းပြည့်သည်ကို ညွှန်ပြသည့် လေးချက်ခေါက်ပြီးမှ နာရီကို ဆက်ခေါက်သည်။ ၃ နာရီဆိုလျှင် ခုနစ်ချက်၊ ၄ နာရီဆိုလျှင် ရှစ်ချက်၊ မနက် ၆ နာရီဆိုလျှင် ဆယ်ချက်။

ထောင်နာရီ သံချောင်းခေါက်သံကို နားမယဉ်သေးသူများမှာ ခင်ထားနွယ်လိုပင် ဝေဝေဝါဝါ ဖြစ်ရစမြဲရှိ၏။

ထောင်ထဲရောက်စ နာရီသံချောင်းခေါက်သံ မကြားအောင် ခေါင်းနှင့်ကြမ်းပြင် ထိလိုက်သည်နှင့် သိုးနေအောင် အိပ်ပျော်သူများလည်း ရှိသည်။

သူတို့က အာတ်ရိုးနှင့် ပလူးပလဲလုပ်နေသည့် ဝင်္ကစွပ်တွေ။ ခေါင်းအုံးမရှိသည့် ထောင်ထဲမှာ ခေါင်းအုံးနှင့်ခေါင်းလို့ သုံးနှုန်းလို့မဖြစ်၊ ခေါင်းနှင့်ကြမ်းပြင် ဟူ၍သာ။ တစ်ခေါက်တစ်ခါဆိုသလို ရောက်လာသူများမှာမူ ခေါင်းနှင့်ကြမ်းပြင်အထိအတွေ့မှာ မာကျောလှ၏။

သူတို့က အတွေးစဉ် ပင်လယ်ဝေနေသူများဖြစ်ရာ ဘယ်သို့လျှင် စားဝင်အိပ်ပျော် ရှိနိုင်ပါအံ့နည်း။ စားမဝင် အိပ်မပျော်သူများထဲမှာ ခင်ထားနွယ်လည်း ပါသည်။

ခေါင်းနှင့်ကြမ်းပြင် အထိမှာ သည်းသည်းလှုပ်လာသည့် အတွေးစဉ်များမှာ ပင့်ကူအိမ် နွယ်ယှက်သည့်သို့နယ် အသွယ်အယှက် အတွေးအရစ်များလွန်းဘိ၏။

အိပ်မပျော်သောညများ၏ အတွေးစဉ်မှ ရိုက်ခတ်လာသော ခင်ထားနွယ်၏ အတွေးစဉ်များမှာလည်း• • •။

*(ရှေ့လဆက်ရန်)*

**ကျော်မြသန်း**



www.burmeseclassic.com

www.burmeseclassic.com



# ပွင့်သူ

မောင်စိတ္တ

(၁)

"မောင်ရယ် . . .ဝေ့ကိုတော့ အထင်မလွဲပါနဲ့ကွယ်။ ဟိုတစ်ယောက်က ပိုက်ဆံရှိလို့ အသိုက်အဝန်းကောင်းလို့ ဝေ လက်ခံခဲ့တာမဟုတ်ပါဘူး။ မေမေတို့ကို သနားလို့ပါ"

"အခု ဝေပြောတာတွေကို မောင် မယုံဘူးဆိုရင် အခု ဝေ အိမ်မပြန်တော့ဘူး။ မောင့်နောက်လိုက်ခဲ့တော့မယ်"

"ဟာ. . .မလုပ်ပါနဲ့ဝေ၊ မလုပ်ပါနဲ့။ မောင် ဝေ့ကိုယုံပါတယ်။ ဝေ့အချစ်ကိုလည်း ယုံပါတယ်။ ပြီးတော့ ဝေ့ကိုလည်း အရမ်းချစ်ပါတယ်"

"ဒါပေမယ့် ဝေရယ် မောင်သိပ်ချစ်တဲ့ချစ်သူကို မောင့်ဘဝဆိုးထဲ မခေါ်ရက်ပါဘူးဝေရယ်။ မခေါ်ရက်ပါဘူး။ မောင့်နောက်လိုက်ရင် ဝေ သမီးမိုက်လို့နာမည်တွင်မယ့်အပြင် အရမ်းဒုက္ခရောက်မှာကိုတော့ မောင် မမြင်ရက်ပါဘူးဝေ"

"အဲဒီတော့ ဝေ့မိဘစကားကိုသာ နားထောင်လိုက်ပါဝေ။ မောင် ခွင့်လွှတ်ပါတယ်"

ပြောရင်းကပင် အသံတို့က တိမ်ဝင်သွားသည်။

ဝေ့မျက်လုံးတွင်လည်း မျက်ရည်စတွေနှင့်။

(၂)

"ဘယ်ခေါ်လို့ ဖြစ်မလဲကွာ။ မင်းစဉ်းစားကြည့်လေ၊ ငါ ဒုက္ခရောက်သွားမှာပေါ့။ ဒါပေမယ့် သူယုံအောင်လို့ ငိုပြရတာပေါ့။ တော်ပါသေးရဲ့ သူယုံသွားလို့။ သနားတော့သနားစရာပါကွာ။ မျက်ရည်တွေကျလို့။ ငါ့ကို အတော်ချစ်ပုံရတယ်. . .ဟင်းဟင်း"

(၃)

"ငါဖြင့်ဟယ် ရင်ကိုတုန်နေတာပဲ။ သူ့နောက်ကို လိုက်မယ်ပြောပြီးမှ သူများလက်ခံပြီး တကယ်ခေါ်သွားရင်ဖြင့် ဒုက္ခဆိုပြီးလေ"

"နင်ပဲ စဉ်းစားကြည့်လေ။ ဟိုတစ်ယောက်က အသိုက်အဝန်းကအစ အတောင့်အတင်း လက်ထပ်ပြီးရင်လည်း သူနဲ့အတူ ဂျပန်ကိုခေါ်သွားမှာလေ။ သူ့ကိုတော့ သနားပါရဲ့။ ငါ့ကို အတော်ချစ်ရှာတာ။ ငါ ဒုက္ခရောက်အောင်လို့တဲ့လေ ဟူး. . .ဘုရားမလုပ်ပါ"

မောင်စိတ္တ

www.burmeseclassic.com



www.burmeseclassic.com

# ဘာဗြာဝကမင်းမောင် နှင့် မှော်ဝင်ယက္ခသီနှောင်

(ယခင်လမှအဆက်)

■ စကြာမင်းနိုင်

## အခန်း (၇)

### ကပ္ပိယကြီး၏ ပဟေဠိ

"ဇင်မင်းမောင် အိပ်တော့မလို့ သားကွဲ့"

အိပ်ခန်းအတွင်းဝင်ရန် ဟန်ပြင်နေသော ဇင်မင်းမောင်အား ကပ္ပိယကြီးက လှမ်း၍မေးလိုက်၏။

"မအိပ်သေးပါဘူး ကပ္ပိယကြီးရဲ့။ ကျွန်တော့်ကို ခိုင်းစရာရှိလို့လား"

ဇင်မင်းမောင်က ကပ္ပိယကြီးရှိရာ စားပွဲအနီးသို့လျှောက်လာရင်း မေးလိုက်၏။

"ခိုင်းစရာမရှိပါဘူးကွာ။ မင်းမအိပ်သေးရင် စကားပြောရင်း ထန်းလျက်ဖြူဆုပ်နဲ့ အဖန်ရည်လေးရအောင် ခေါ်မလို့ပါ"

ကပ္ပိယကြီးက ထန်းလျက်ဖြူဆုပ်ပန်းကန်အား မြှောက်ပြကာပြော၏။ ဇင်မင်းမောင်က ခုံလွတ်တွင်ဝင်ထိုင်ရင်း

"အတော်ပဲ၊ ကျွန်တော်က ထန်းလျက်ဖြူဆုပ်ဆို ဘယ်အချိန်ပဲကျွေးကျွေး မငြင်းတမ်းပဲဗျို့"

ဟုပြောကာ ထန်းလျက်ဖြူဆုပ်တစ်ခဲအား ကောက်စားလိုက်၏။

"စားစား...စားပြီးရင်တော့ ငါမေးတဲ့မေးခွန်းကို မင်းပြန်ဖြေရမယ်နော်"

"ဟင်...ဒါဆို ကပ္ပိယကြီးက ထန်းလျက်ဖြူဆုပ်ကို အလကားကျွေးတာ မဟုတ်ဘူးပေါ့"

"အေး...ဟုတ်တယ်။ ထန်းလျက်ဖြူဆုပ်ကို မင်းကြိုက်သလောက်စား။ စားပြီးရင် ငါမေးတဲ့ ပဟေဠိကို မင်းဖြေရမယ်။ မှန်ခြင်း၊ မမှန်ခြင်းက အရေးမကြီးဘူး။ ဖြေဖို့သာ အဓိကကျတယ်. ကဲ...ဘယ်လိုတုံးကွ"

"ဖြေရုံဆိုရင်တော့ ရတယ်ဗျာ။ ဒါပေမယ့် ထန်းလျက်ဖြူဆုပ်နှစ်ခဲလောက်တော့ စားလိုက်ဦးမယ် ကပ္ပိယကြီးရေ"

ဇင်မင်းမောင်က ပြောင်ပျက်ပျက်မျက်နှာဖြင့် ပြုံးကာပြောရင်း ထန်းလျက်ဖြူဆုပ်နှစ်ခဲအား ကုန်အောင်စားလေ၏။ ထန်းလျက်ဖြူဆုပ်နှစ်ခု ကုန်သောအခါ ဇင်မင်းမောင်က အဖန်ရည် ကိုင်ခွက်ကာ နှစ်ခွက်ခန့်သောက်ပြန်၏။ ပြီးမှ လက်သုတ်ဝတ်နှင့် ပါးစပ်နှင့် လက်များအား သုတ်ကာ...

"ကဲ...မေးလို့ရပြီ ကပ္ပိယကြီးရေ။ မေးဗျို့"

ဟု ပြောလိုက်၏။

"ဒါဆို ငါပြောမယ်။ သေသေချာချာနားထောင်။ လူနှစ်ယောက်ဟာ အိမ်တစ်လုံးစီ ဆောက်ကြသတဲ့။ တစ်ဦးက ကျောက်ပြင်ကြီးပေါ်မှာ ဆောက်ပြီး၊ တစ်ဦးက သဲသောင်ပြင်ပေါ်မှာ အိမ်ဆောက်သတဲ့။ အဲဒီလိုဆောက်ပြီး မကြာခင် မိုးတွေသည်းထန်စွာရွာပြီး လေတွေပြင်းထန်စွာ တိုက်လာခဲ့တယ်။ အဲဒီအချိန်မှာ အိမ်တစ်လုံးဟာ ပြိုကျပျက်စီးသွားခဲ့သတဲ့။ မင်းဖြေရမှာက ပြိုကျတဲ့အိမ်ဟာ ကျောက်ပြင်ပေါ်ကအိမ်လား။ သဲသောင်ပြင်ပေါ်ကအိမ်လား။ ကဲ...ဖြေပေတော့"

ဇင်မင်းမောင်က ကပ္ပိယကြီးအမေးကို သေသေချာချာ စဉ်းစားနေ၏။ တစ်ခဏအကြာ -

"ပြိုကျတဲ့အိမ်က ကျောက်ပြင်ပေါ်ကအိမ်ပဲဖြစ်မယ်။ ဟုတ်တယ် မဟုတ်လား ကပ္ပိယကြီး"

"ဘယ်လိုကြောင့် ကျောက်ပြင်ပေါ်ကအိမ်က အရင်ပြိုရတာလဲ ရှင်းစမ်းပါဦး"

"ကျောက်ပြင်ပေါ်မှာ လူတစ်ယောက်အားနဲ့ ကျင်းတူးပြီး တိုင်စိုက်နိုင်ပါ့မလား"

"ဘယ်ရမလဲကွ"

"ဒါဆို တိုင်ကိုတင်ပြီး ဆောက်ရ

www.burmeseclassic.com

မှာ မဟုတ်ဘူးလား။ ဒီတော့ အောက်ခြေမှိုင်ဘဲ လဲတော့တာပေါ့"

"ထားပါတော့။ ကဲ...သဲအိမ်က ဘာ့ကြောင့်မလဲသလဲ"

"သဲကျတော့ ကျင်းတူးနိုင်တယ်လေ။ ဒီတော့ တိုင်ကို သဲထဲမြှုပ်ပြီး အိမ်ဆောက်မယ်၊ သဲဆိုတဲ့အရာက ခြောက်နေရင် ပွတဲ့သဘောရှိပြီး ရေစိုလေ ကျစ်လေသဘောရှိတယ်မဟုတ်လား။ ဒီတော့ မိုးသည်းလာလေ သဲက ကျစ်လေ၊ တိုင်ကိုညှစ်လေဆိုတော့ ဒီအိမ်က လေပြင်းဒဏ်ကို ပိခံနိုင်ရည်ရှိပြီး မလဲနိုင်ဘူးလေ။ အင်း...လေအရမ်းပြင်းလို့ လဲပြိုရင်တောင် သဲပြင်ပေါ်မှာဆောက်တဲ့အိမ်က နောက်မှလဲမှာ မဟုတ်ဘူးလား ကပ္ပိယကြီးရ"

ဖင်မင်းမောင်၏ အဖြေဆိုသော် ကပ္ပိယကြီးက သဘောကျစွာ ရယ်လိုက်ရင်း -

"မဆိုးဘူး။ မင်းအတွေးမှန်တယ်။ မင်းဟာ ဦးနှောက်နဲ့ဖြတ်ထိုးဉာဏ်အလွန်တော်တဲ့ကလေးပဲ"

ဟု ချီးကျူးလေ၏။

"ဒါဆို ကျွန်တော်အိပ်တော့မယ်"

"နေဦး၊ မင်းကို တစ်ခုမေးစရာကျန်သေးတယ်။ အခု ငါမေးတဲ့ပဟေဠိနဲ့ပတ်သက်ပြီး သင်ခန်းစာဘာရသလဲ၊ ဘာသင်ခန်းစာပေးသလဲ"

"ဟာ...ကပ္ပိယကြီးက ထန်းလျက်မြှုပ်စားရတာနဲ့ မတန်အောင် မေးနေတယ်ဗျာ။ နေဦး ကျွန်တော်စဉ်းစားဦးမယ်"

ဖင်မင်းမောင်က ပြောပြီး တစ်ခဏစဉ်းစား၏။ ခဏကြာမှ -

"အလုပ်တစ်ခု လုပ်ကိုလုပ်ရရင် အောက်ခြေကစပြီး ခိုင်အောင်လုပ်ရမယ်ဆိုတဲ့ သင်ခန်းစာပေးတာပေါ့ ဟုတ်တယ်မဟုတ်လား"

ဟုဖြေ၏။ ကပ္ပိယကြီးက ပြုံးလိုက်ကာ -

"အေး...ဟုတ်တယ်။ ဒီတော့ ဒီကနေ့ကစပြီး မင်းဘဝကို သဲသောင်ပြင်ပေါ်မှာဆောက်တဲ့အိမ်ကလေးလို ကျင့်ပေတော့"

ဟု ပြောလိုက်လေတော့၏။

x x x

## အခန်း (၈)

## လွယ်အိတ်ကြီးနှင့် ဦးရေခဲ

ဖင်မင်းမောင်သည် မနက်ဆွမ်းစားပြီးချိန်၌ ကျောင်းသားများနှင့်အတူ ကျောင်း၏ဝေယျာဝစ္စများကို လုပ်ကိုင်လျက်ရှိ၏။ ထိုသို့လုပ်ကိုင်နေစဉ် အနီးသို့ ကပ္ပိယကြီးရောက်လာကာ

"မင်းတို့ကို ဆရာတော်ခေါ်နေတယ်"

ဟုပြောကာ နှစ်ထပ်ကျောင်းအပေါ်ထပ်သို့ တက်သွားလေ၏။ ထိုအခါ ဖင်မင်းမောင်နှင့် ကျောင်းသားများမှာ ကပ္ပိယကြီးနောက်မှ လိုက်သွားကြ၏။ ဆရာတော်၏ အခန်းတွင်းသို့ အားလုံးရောက်ကြသော် ဆရာတော်က

"ဒီဒကာကြီးနာမည်က ဦးရေခဲတဲ့။ ဆရာတော်ရဲ့မိတ်ဆွေ ဒကာတစ်ဦးပေါ့။ သူက ဒီကျောင်းမှာ တစ်လလောက်တည်းခိုဖို့ ဆရာတော်ဆီမှာ ခွင့်တောင်းထားတယ်။ ဒီတော့ သူဒီမှာ တစ်လလောက်နေမယ်။ ဒီလိုနေတဲ့ကာလမှာ မင်းတို့အားလုံး ရှိရှိသေသေဆက်ဆံကြ...ကြားလား"

"မှန်ပါ့ ဘုရား"

ဆရာတော်က ကျောင်းသားများကို မိန့်ပြီးသော် ဦးရေခဲဘက်သို့လှည့်ကာ ကျောင်းသားများနှင့် မိတ်ဆက်ပေးပြန်၏။

"ဒကာကြီးရေခဲ...ဟိုဘက်က ထိုင်နေတဲ့ ကျောင်းသားနှစ်ယောက်က ဇော်ကြီးနဲ့ ဇော်လေး၊ ဟိုဘေးက ကျော်ကျော်နဲ့ တင်မြင့်၊ ဟိုးနောက်ဆုံးက ဖင်မင်းမောင်၊ သူနားက ကပ္ပိယကြီးက ဦးရိုး။ ဒါ ဆရာတော်ရဲ့ကျောင်းသားလူရှိအကုန်ပဲ။ ဒကာကြီး ခိုင်းစရာရှိရင် ဘာမှအားမနာနဲ့ ခေါ်သာခိုင်းကွဲ့"

ဆရာတော် မိတ်ဆက်ပြီးသောအခါ ဦးရေခဲက -

"ကပ္ပိယကြီးနဲ့ ကလေးတို့ကို ခုလိုသိခွင့်ရတာ ဝမ်းသာပါတယ်။ ဦးကို ဧည့်သည်လို သဘောမထားဘဲ မိသားစုလို သဘောထားဆက်ဆံကြပါ။ ဦးက ဒီကျောင်းမှာ တစ်လလောက်တည်းခိုမှာဆိုတော့ ကလေးတို့နဲ့ ရက်တော်တော်ကြာ နေရမှာကွဲ့။ ဒီတော့ တစ်ဦးနဲ့တစ်ဦး ရင်းရင်းနှီးနှီး ပျော်ပျော်ရွှင်ရွှင်ပဲ ဦးက ဖြစ်စေချင်တယ်။ ဖြစ်နိုင်ရင် ဦးကို မင်းတို့နဲ့ဘဝတူ ဘုန်းကြီးကျောင်းသားလို့ပဲ သဘောထားဆက်ဆံကြပါ"

ဟု ပြုံးရွှင်စွာ ရင်းရင်းနှီးနှီးပြောလေ၏။ ဦးရေခဲစကားဆုံးသော် ဆရာတော်က ဖင်မင်းမောင်အား -

"လူကလေး...ဦးရေခဲကို မင်းရဲ့အခန်းထဲက ခုတင်လွတ်မှာနေဖို့ စီစဉ်ပေးလိုက်ပါ"

ဟု မိန့်ပြီးနောက် ကပ္ပိယကြီးအား ဆက်၍ -



www.burmeseclassic.com

www.burmeseclassic.com

"ကပ္ပိယကြီး • • •ဒကာဦးရေခဲ အတွက် ထမင်းစီစဉ်ပေးလိုက်ပါ"

ဟု မိန့်လေ၏။ ထိုအခါ ကပ္ပိယကြီးက ဦးရေခဲအတွက် ထမင်းပြင်ရန် ထွက်သွားသလို ဇင်မင်းမောင်က ဦးရေခဲပါလာသော လွယ်အိတ်ကြီးကို သယ်မ,ကာ ဦးရေခဲအား ၎င်းနေထိုင်ရာ အခန်းဆီသို့ ခေါ်သွားလေတော့၏။

× × ×

ထိုညနေ့ ဦးရေခဲမှာ စောစီးစွာ မအိပ်ဘဲ ကပ္ပိယကြီး၊ ဇင်မင်းမောင်ကို နှင့် ထန်းလျက်ဖြူဆုပ်စားပြီး အဖန်ရည်သောက်ကာ စကားပြောနေ၏။ ဦးရေခဲမှာ ကပ္ပိယကြီးနှင့် အသက်ရွယ်တူဖြစ်ပုံရ၏။ သို့သော် ကပ္ပိယကြီးကဲ့သို့ အဝတ်အစားကို ပြီးသလိုမဝတ်။ သန့်သန့်ပြန့်ပြန့်နှင့် သေသပ်စွာဝတ်စား၏။ သူ၏ကိုယ်မှလည်း တစ်ခါတစ်ခါ လေအလာ၌ မွှေးပျံ့သော ရေမွှေးနံ့ ပါလာတတ်၏။ ဇင်မင်းမောင်မှာ အဖန်ရည်သောက်ရင်း မကြာမကြာ ဦးရေခဲကို အကဲခတ်လေရာ ဦးရေခဲက ရိပ်မိသွားပြီး -

"ချာတိတ်က ဦးကို လေ့လာနေတယ်နဲ့တူတယ်"

ဟုပြော၏။ ဇင်မင်းမောင်က အမှန်အတိုင်းပင် -

"ဟုတ်ပါတယ်ခင်ဗျာ"

ဟု အမှန်အတိုင်း ဝန်ခံလေ၏။ ဦးရေခဲက တစ်ချက်ရယ်လိုက်ပြီး -

"ကြိုက်သကွာ။ ပွင့်ပွင့်လင်းလင်း သတ္တိရှိရှိဝန်ခံရဲတယ်။ ဒါမှ ယောက်ျားကွ ချာတိတ်ရ။ ဒါနဲ့နေပါဦး ချာတိတ် အကဲခတ်တော့ ဦးကို ဘယ်လိုမြင်လဲ"

ဟု မေး၏။

ဇင်မင်းမောင်က သောက်လက်စအဖန်ရည်ကို ကုန်စင်အောင်သောက်လိုက်ပြီး ခွက်ကိုပြန်ချကာ -

"ဦးဟာ အသန့်အပြန့်ကြိုက်သူဖြစ်မယ်။ ပြီးတော့ ဦးရေခဲဆိုတဲ့နာမည်နဲ့ လိုက်ဖက်သူမဟုတ်ဘဲ ထက်ထက်မြက်မြက်ရှိတဲ့ လူတစ်ယောက်ဖြစ်မယ်လို့ထင်တယ်"

ဟု ပြန်ပြော၏။ ဦးရေခဲက သဘောကျစွာပြုံးပြီး -

"ကဲ• • •ဆက်စမ်းပါဦး။ နောက်ဘယ်လိုမြင်သေးလဲ"

"ဟင့်အင်း။ ကျွန်တော်ဒီလောက်ပဲ အကဲခတ်မိပါတယ်"

"အင်း• • •ချာတိတ်မြင်တာ မဆိုးပါဘူး။ ဒါပေမယ့် ဦးက အသန့်အပြန့်ကြိုက်တယ်ဆိုတာတော့ မမှန်ဘူး။ တကယ်ဆိုတော့ဦးက အသန့်အပြန့်ကြိုက်သူမဟုတ်ဘူး။ ဖြစ်နိုင်ရင် ဖြစ်သလိုနေချင်တဲ့သူကွ။ ခုလို သပ်သပ်ရပ်ရပ် မွှေးမွှေးကြိုင်ကြိုင်နေတာက ဘေးကလူတွေအကြိုက် နေပေးနေရတာ။ လူတွေက ဒီလိုဝတ်မှ အထင်ကြီးကြတာလေ။ စုတ်စုတ်ပြတ်ပြတ်ဝတ်ထားလို့တော့ ဘယ်လောက်ပဲ ကိုယ်က သန့်အောင်နေနေ အနားကပ်တာနဲ့ နှာခေါင်းပိတ်ပြီး နံတယ်လို့ အပြစ်တင်ကြတာကွ။ ဒါကြောင့် သူတို့နှာခေါင်းမရှုံ့ရအောင် ရေမွှေးစွတ်ထားရတာ ချာတိတ်ရေ"

ဟု ပြောလေသည်။ ထိုအခါမှ ဇင်မင်းမောင်မှာ ဦးရေခဲသပ်သပ်ရပ်ရပ်ဝတ်ခြင်း၊ ရေမွှေးစွတ်ခြင်းကိစ္စကို သိသွားလေ၏။

ထို့နောက် ဦးရေခဲနှင့် ကပ္ပိယကြီးတို့မှာ တရားဓမ္မအကြောင်းများ ဆက်လက်ဆွေးနွေးကြရာ ဇင်မင်းမောင်မှာ အိပ်ချင်လာသဖြင့် သူ၏အခန်းရှိရာသို့ ထွက်ခဲ့လေတော့၏။

× × ×

## အခန်း (၉)
## ဦးရေခဲ၏ မျက်လှည့်ပညာ

ဦးရေခဲမှာ သူပြောခဲ့သလိုပင် ကျောင်းသားလေးများနှင့် ပိုင်ကူလုပ်ရင်း ကျောင်းသားတစ်ယောက်ကဲ့သို့ နေထိုင်ခဲ့၏။ ထို့ကြောင့် ဦးရေခဲအား ကျောင်းသားအားလုံးက ခင်မင်ကြ၏။

တစ်နေ့ ဦးရေခဲက ကျောင်းသားများနှင့်ထိုင်နေရင်း• • •

"ကျော်ကျော် • • •ဦးဆေးလိပ်သောက်ချင်လို့ စက္ကူတစ်ရွက်လောက် သွားယူစမ်းပါ"

ဟု ပြောလေ၏။ ကျော်ကျော်က လည်း ဘုမသိဘမသိ စက္ကူတစ်ရွက်ကို သွားယူလာကာ ဦးရေခဲကို ပေးလိုက်၏။ ထိုအခါ ဦးရေခဲက ထိုစက္ကူကိုကိုင်ပြီး မီးခြစ်ခြစ်ရှို့လေ၏။ အားလုံးက ဦးရေခဲလုပ်နေသည်ကို ကြည့်နေကြ၏။ မကြာမီ စက္ကူမှာ မီးလောင်ပြီး ဦးရေခဲက မီးကို ပါးစပ်ဖြင့်• • •

"ကျပ်တန်တစ်ရွက်ဖြစ်စမ်း"

ဟု ပြောကာ မှုတ်လိုက်သော် ထိုစက္ကူမှ ကျပ်တန်တစ်ရွက် ဖြစ်သွားသည်ကို အံ့ဩစွာတွေ့လိုက်ရလေ၏။

"ဟင်• • •"

"ဟာ• • •"

"ဟယ်• • •"



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းသားများ အုံ့ညြနေစဉ် ဦးရေခဲက ခပ်တည်တည်ဖြင့် . . .

"ကဲ . . . တင်မြင့်၊ ဒီပိုက်ဆံနဲ့ ဦးအတွက် ဖက်ကြမ်းတစ်ထုပ် သွားဝယ်ပေးပါ"

ဟု ခိုင်းသည်။ တင်မြင့် ပိုက်ဆံအား ဖင့်ပြန့် ခေါင်းပြန့်ကြည့်ပြီး မဝင်ံရဲ ဘဲဖြစ်လေရာ ဦးရေခဲက . . .

"ပိုက်ဆံက အစစ်ပါ။ သွားဝယ် မှာသာ ဝယ်စမ်းပါ။ ပြဿနာဖြစ်ရင် ဦးရှင်းပါ့မယ်"

ဟုပြောပြီး တင်မြင့်အား အတင်း ဝယ်ခိုင်း၏။ တင်မြင့်ထွက်သွားသော်

"ဘာမှ အုံ့ညြမနေကြနဲ့၊ တင်မြင့်ကိုပေးလိုက်တာ တကယ့်ပိုက်ဆံ အစစ်ပါ။ ဦးက မင်းတို့ကို မျက်လှည့်ပြတာကွ။ မင်းတို့ မျက်လှည့်၊ လက်လှည့်၊ ပဉ္စလက်ဆိုတာ ကြားဖူးကြတယ်မဟုတ်လား"

ဟု မေး၏။

"ဟုတ်ကဲ့ ကြားဖူးပါတယ်။ ဒါပေမယ့် ခုမှ မြင်ဖူးတာပါ"

ဇင်မင်းမောင်က ဝင်ဖြေလိုက်၏။

"တကယ်တော့ ဦးက မျက်လှည့်ဆရာကွ။ မင်းတို့ကို တင်မြင့်ဆေးလိပ် ဝယ်ပြီး ပြန်လာရင် နောက်ထပ်တစ်မျိုး ထပ်ပြမယ်။ ဇင်မင်းမောင် ဦးလွယ်အိတ်ထဲက အပ်ချည်လုံးနဲ့ပလွေ သွားယူခဲ့ကွာ"

"ဟုတ်ကဲ့ ဦး"

ဇင်မင်းမောင်က ပြောပြော ၌ဆို သူ၏အခန်းထဲသို့ပြန်ကာ ဦးရေခဲ၏ လွယ်အိတ်ထဲ၌ အပ်ချည်လုံးနှင့်ပလွေ အားရှာလေ၏။ ထိုအခါ အပ်ချည်လုံးမှာ အလွယ်တကူနှိုက်ရှာ၍ မတွေ့သဖြင့် လွယ်အိတ်တွင်းမှ အကျီ၊ လုံချည်များကို အပြင်သို့ ခေတ္တထုတ်ကာ ရှာရ၏။ ထိုသို့ရှာစဉ် အကျီ၊ လုံချည်များအောက်၌ အင်္ဂလိပ်စာအုပ် ငါးအုပ်နှင့် မျက်လှည့်ပြရာတွင်သုံးသော ဖဲချပ်များကို တွေ့ရ၏။ ထို့နောက် လွယ်အိတ်၏အောက်ဆုံး၌ အပ်ချည်လုံးကို တွေ့ရ၏။ ဇင်မင်းမောင်က အပ်ချည်လုံးနှင့် ပလွေကို ဘေးသို့ဖယ်ကာ အပြင်သို့ ခေတ္တထုတ်ထားသော ပစ္စည်းများအား နဂိုအတိုင်း လွယ်အိတ်ကြီးအတွင်းသို့ စနစ်တကျပြန်စီကာ ထည့်လိုက်ပြီး အပ်ချည်လုံးနှင့် ပလွေကိုယူကာ ဦးရေခဲတို့ရှိရာသို့ ပြန်ခဲ့လေ၏။

ဦးရေခဲထံသို့ သူပြန်ရောက်သော် ဈေးဆိုင်တွင် ဆေးလိပ်သွားဝယ်သော တင်မြင့်ပင် ပြန်ရောက်နေပြီဖြစ်၏။

"အပ်ချည်လုံးက လွယ်အိတ် အောက်ဆုံးရောက်နေလို့ မနည်းရှာရတယ် ဦးရေ"

ဇင်မင်းမောင်က ဦးရေခဲအား ပြောရင်း အပ်ချည်လုံးနှင့်ပလွေအား လှမ်းပေးလိုက်၏။ အပ်ချည်လုံးနှင့် ပလွေကို ရသော် ဦးရေခဲက အပ်ချည်လုံးကို ဒေါင်လိုက်ထောင်ပြီး ကြိုးစကို အနည်းငယ် အပြင်သို့ထုတ်ကာ . . .

"ကဲ . . . အားလုံး သေသေချာချာ ကြည့်ကြ။ ဒီအပ်ချည်စကို ဦးအသက်သွင်းပြီး အပေါ်ကိုတက်ခိုင်းမယ်ကြည့်"

ဟုပြောပြီး . . .

"ကဲ . . . မေ့သားကြီး မောင်အပ်ချည် မရှေးမနှောင်း ဘိန်းမောင်းနဲ့ ကောင်းကင်ကိုတက်ပြစမ်း"

ဟုပြောကာ ပလွေအား မှုတ်လေ၏။ ထိုသို့မှုတ်ပြီး မကြာခင် အပ်ချည်ခမျှာ လူးလွန့်၍ တဖြည်းဖြည်း အပေါ်သို့တက်သွား၏။ ကျောင်းသားအားလုံးမှာ မျက်လှည့်ကို တစ်ခါမျှ မကြည့်ဖူးလေရာ လန့်ကာအုံ့ညြကြလေ၏။ ထိုပြကွက်ပြီးသော် ဖော်ကြီးက -

"ဒီမှာ ဦးရေခဲ။ ဒါ မျက်လှည့် မဖြစ်နိုင်ဘူး။ ဦးရေခဲမှော်အောင်လို့ မှော်အတတ်တွေပြနေတာမဟုတ်လား"

ဟု မေး၏။ ဦးရေခဲက သဘောကျစွာရယ်ပြီး -

"မျက်လှည့်ပါကွ။ မှော်မဟုတ်ပါဘူး။ ဦးလည်း မှော်မအောင်ပါဘူး။ နေစမ်းပါဦး။ မင်းက မှော်အောင်တဲ့လူကို မြင်ဖူးလို့လား"

ဟု မေး၏။

"မြင်ဖူးတာပေါ့။ ကျုပ်ငယ်ငယ်က ကျုပ်တို့ရွာမှာ ရက္ခစိုးမှော်အောင်တဲ့ ဦးတင်ဦးဆိုတဲ့ လူတစ်ယောက် ရှိတယ်။ သူက ဦးရေခဲလိုပဲ လူတွေကို အထူးအဆန်းတွေပြတယ်"

"ဟုတ်လား။ သူက ဦးလိုပဲ စက္ကူ မီးရှို့ပြီး ပိုက်ဆံလုပ်ပြတာတို့၊ အခုလို အပ်ချည်ကို အသက်သွင်းပြတာတို့ လုပ်ပြခဲ့သလား"

"ဟင့်အင်း။ အဲဒီလိုတော့ မပြဘူး။ သူက ခေါက်ဆွဲထုပ်တွေ လက်ပေါ်ရောက်လာအောင် လုပ်ပြတယ်။ သစ်သီးတွေရောက်လာအောင် လုပ်ပြတယ်ဗျ။ လူကြီးတွေ ပြောသံကြားတာက သူမွေးထားတဲ့သရဲတွေကို ခိုင်းစေပြီး ဆိုင်တွေက ခေါက်ဆွဲထုပ်တို့ သစ်သီးတို့ကို ယူခိုင်းတာတဲ့ဗျ"

"အင်း . . . မင်းပြောတာ ဟုတ်တော့ ဟုတ်တယ်။ ဒါပေမယ့် မှော်တော့ မဟုတ်ဘူးကွ။ ဟုတ်တယ်ဆိုတာက ဦးတင်ဦး

www.burmeseclassic.com

ရုက္ခစိုးမှော်အောင်တယ်ဆိုတာ ဟုတ်တယ်။ မဟုတ်ဘူးဆိုတာက ဦးက မင်းထင်သလို ရုက္ခစိုးမှော်အောင်တဲ့သူ မဟုတ်ဘူးလို့ ပြောတာ။ ဦးက ဘာမှော်မှ မအောင်သလို၊ ဘာသရဲ့မှုလည်း မွေးမထားပါဘူး။ ဦးပြတာ မျက်လှည့်ပညာ စစ်စစ်ပါ။ မင်းတို့က မျက်လှည့်ပိုင်းတွေ မကြည့်ဖူးကြလို့ပါ"

ဦးရေခဲက သေသေချာချာ ရှင်းပြနေသော်လည်း ဇော်ကြီးက လက်ခံပုံမရ။ ကျေနပ်ပုံမပြ။

"ဒါဆို . . . ပိုက်ဆံ ဘယ်လိုဖြစ်သွားတယ်၊ အပ်ချည်က မိုးပေါ်ကို ဘယ်လိုပျံတက်သွားတယ်ဆိုတာ ရှင်းပြလေ"

"ဒီလိုရှင်းပြလို့ ဘယ်ဖြစ်မလဲ။ မျက်လှည့်ဆိုတာ ရှင်းပြလို့ လျှို့ဝှက်ချက်ကို သိသွားရင် တန်ဖိုးမရှိတော့ဘူးကွ"

"ဒီလို မရှင်းပြနိုင်တာကိုက ဦးမရိုးသားတာဘဲ။ ကျုပ်ကတော့ ဦးဟာ မှော်အောင်ပြီး သရဲတွေကို ခိုင်းစေပြီး ပြတယ်ထင်တာပဲ"

ဇော်ကြီးက ဦးရေခဲအား ငွတ်ပင်စွပ်စွဲနေ၏။

"အေးကွာ . . . ဇော်ကြီးက ထင်ချင်သပဆိုလည်း ထင်ပေါ့။ ကဲ . . . မင်းတို့ကို နောက်နေ့တွေကျမှ တခြားနည်းတွေကို ထပ်ပြမယ်။ သွားသော့ကြတော့"

ဦးရေခဲက လိမ္မာပါးနပ်စွာဖြင့် ကျောင်းသားများအား သူ၏အနီးမှ မောင်းထုတ်လိုက်၏။ ဦးရေခဲ စကားဆုံးသည်နှင့် ဇင်မင်းမောင်မှအပ အားလုံး ကျောင်းရှေ့ သစ်ပင်အောက်သို့ ထဆောရှုန် ထွက်သွားကြလေ၏။

ဇင်မင်းမောင် တစ်ယောက်သာ ထိုင်ရာမှမထ၊ ဦးရေခဲအနီး၌ ကျန်ရစ်ခဲ့၏။ ဦးရေခဲက ဖက်ကြမ်းတစ်လိပ်ကို မီးညှိပြီး တစ်ရှိုက်ဖွာကာ ဇင်မင်းမောင်အား -

"ချာတိတ် . . . မင်း သွားမဆော့ဘူးလား"

ဟု လှမ်းမေး၏။ ဇင်မင်းမောင်က ခေါင်းကိုခါပြပြီး -

"ဦးကို မေးစရာရှိလို့၊ ပြီးတော့ ဦးနဲ့ စကားပြောချင်လို့"

ဟု ပြန်ပြော၏။ ဦးရေခဲက ပြုံးလိုက်ရင်း -

"ဆိုစမ်းပါဦး။ ချာတိတ်က ဘာများ မေးချင်လို့လဲ"

ဟု မေးကာ ဆေးလိပ်ကို ဆက်ဖွာလေ၏။ ထိုအခါ ဇင်မင်းမောင်က-

"ဦးလွယ်အိတ်ထဲက အင်္ဂလိပ်စာအုပ်တွေက ဦးဖတ်တာလား"

"အေးပေါ့ . . . ဦးဖတ်တာမို့ ဦးအလေးခံပြီး သယ်နေတာပေါ့ကွ"

"ဦး အဲဒီစာတွေ အကုန်ဖတ်တတ်တယ် . . ."

"ဦးက ဘီအေအောင်ပြီးသားပဲ ချာတိတ်ရ၊ မဖတ်တတ်ဘဲ ရှိမလား"

"ဟင် . . . ဦးက ဘီအေအောင်ပြီးသား ဟုတ်လား။ ကျွန်တော် ကြားဖူးတာက ဘီအေအောင်ပြီးတဲ့သူဟာ ရာထူးကြီးကြီးရတယ်တဲ့။ ဦးက ဘာလို့ အဲဒီလို အလုပ်ကို မလုပ်တာလဲ"

ဦးရေခဲက ထိုအမေးကို ချက်ချင်းမဖြေ၊ ဆေးလိပ်ကိုသာ ဆက်၍ဖွာနေ၏။ တစ်ခဏကြာမှ -

"ဒီမှာ ချာတိတ် . . . လူဆိုတာဟာ မွေးပြီးတာနဲ့ သေဖို့ကို စောင့်ရတဲ့သူတွေဘဲ။ တစ်ခါမွေးပြီးရင် တစ်ခါသေရမှာပဲ။ ဒီလိုမသေခင်စပ်ကြားမှာ အသက်ရှင်ဖို့ စားသောက်နေထိုင်ရင်း လှုပ်ရှားနေကြတာ မဟုတ်လား။ ဒီလို တိုတောင်းတဲ့ လူ့ဘဝရေတွက်မှာ ကိုယ်လုပ်ချင်တာ ကိုယ်မလုပ်ဘဲ သူများတွေအတွက် ရှုပ်ခပ်နေရမယ်ဆိုရင် ဒီလူ လူဖြစ်ရကျိုး ဘယ်နပ်တော့မှာလဲ။ ဦးကတော့ ဒီလိုပဲ ခံယူတယ်။ ဒါကြောင့် သူတစ်ပါး လက်အောက်မှာ အခစားမလုပ်ဘဲ ကိုယ့်လုပ်ချင်တဲ့၊ ကိုယ်ဝါသနာပါတဲ့ မျက်လှည့်လုပ်ငန်းနဲ့ ရှာစားနေတာပေါ့။ ခု . . . ဦးကိုကြည့်စမ်း။ ဘယ်လောက် လွတ်လပ်သလဲ။ မျက်လှည့်ပြပြီး ငွေရှာတယ်၊ ရတဲ့ပိုက်ဆံကို သုံးလစာလောက် စားဖို့စုတယ်။ ဟော . . . သုံးလစာလောက်ရပြီဆို မျက်လှည့်ပြမစားဘဲ နားနားနေနေနဲ့ ဖတ်ချင်တဲ့စာအုပ်ကို ဖတ်တယ်။ သွားချင်တဲ့နေရာကို သွားတယ်။ ဦးမှာ ပူပင်ကြောင့်ကြမှု မရှိဘူး။ ကဲ . . . ဘယ်လောက် လွတ်လပ်သလဲ၊ ချာတိတ် တွေးကြည့်စမ်း"

ဟု ပြောကာ ခဏနားပြီး ဆေးလိပ်ကို ဖွာလိုက်ပြန်၏။ နောက် ဆေးလိပ်သောက်ခြင်းမှရပ်၍ စကားဆက်ပြန်၏။

"ဒီမှာ ချာတိတ်၊ ဦးဟာ သူဌေးဖြစ်ဖို့ကို မစဉ်းစားသလို ဆင်းရဲမှာကိုလည်း မတွေးဘူး။ ဦးဟာ သူဌေးဖြစ်မယ့်သူ မဟုတ်သလို၊ ဆင်းရဲမယ့်သူလည်း မဟုတ်ဘူး။ တကယ်တော့ ဆင်းရဲတယ်ဆိုတာ လိုချင်တဲ့သူတွေမှာပဲ ဖြစ်တာပါ။ လိုချင်ရင် ဆင်းရဲသာမှတ်"



www.burmeseclassic.com

www.burmeseclassic.com

"နေပါဦး ဦးရဲ့ ဦးပြောတာတွေ အားလုံး ကျွန်တော် နားလည်ပါတယ်။ ဒါပေမယ့် ဦးနောက်ဆုံးပြောတဲ့ လိုချင်ရင် ဆင်းရဲပြီသာမှတ်ဆိုတဲ့ အဓိပ္ပာယ်ကိုတော့ ကျွန်တော် နားမလည်ဘူး ခင်ဗျာ့"

ဇင်မင်းမောင် အမေးကို ကြားသော် ဦးရေခဲကပြုံးပြီး -

"ဒီစကားက ချာတိတ်လို အရွယ်တင် မဟုတ်ပါဘူး။ အသက်ကြီးပြီး လူ့ဘဝမှာကျင်လည်နေတဲ့ လူတော်တော်များများ မသိတဲ့စကားပါ။ တကယ်တော့ ဒီစကားက ဗုဒ္ဓမြတ်ရှင် ဟောကြားခဲ့တဲ့ တရားတွေထဲက စကားစုလေးတစ်ခုကွ။ ချာတိတ် နားလည်အောင်ပြောရရင် ဥပမာ- ချာတိတ်က ဆွဲကြိုးဝတ်ချင်လို့ ဆွဲကြိုးလိုချင်ပြီကွာ။ အဲဒီဆွဲကြိုးကို မရဘူးဆိုပါတော့ ချာတိတ် ဘာဖြစ်မလဲ"

"စိတ်ဆင်းရဲမှာပေါ့"

"ဒါပဲပေါ့။ အဲဒါ ချာတိတ်က လိုချင်မိလို့လေ။ တကယ်လို့ ချာတိတ်က မလိုချင်ဘူးဆိုရင် စိတ်ဆင်းရဲမှု ဖြစ်ပါဦးမလား"

"ဘယ်ဖြစ်မလဲ"

"အေး...ဒါကြောင့်၊ စိတ်မဆင်းရဲချင်ရင် ဘာမှမလိုချင်နဲ့ ချာတိတ်ရေ။ ကဲ...မင်းမေးတာတွေ ဖြေနေရတာနဲ့ ဆေးလိပ်ကောင်းကောင်း မသောက်ရတော့ဘူး။ မင်းလည်း ကစားချေတော့"

ဇင်မင်းမောင်မှာ သူ့အား အနားတွင် မရှိစေချင်သော ဦးရေခဲစကားကြောင့် ထိုင်ရာမှထကာ ထွက်ခဲ့လေတော့၏။

× × ×

## အခန်း(၁၀)

## ဇင်မင်းမောင် အင်္ဂလိပ်စာသင်ပြီ

တစ်နေ့သ၌ ဇင်မင်းမောင်မှာ ဦးရေခဲအား ကျောင်းပေါ်တွင် မတွေ့သဖြင့် ကျောင်းအောက်သို့ ဆင်းရှာရာ၊ သရက်ပင်အောက်၌ ပက်လက်ကုလားထိုင်တစ်လုံးနှင့် စာဖတ်နေသော ဦးရေခဲကို တွေ့လေ၏။

"ဦးက ဒီမှာ လာစာဖတ်နေတာကိုး"

ဦးရေခဲက စာဖတ်နေရာမှ ဇင်မင်းမောင်ကို လှမ်းကြည့်ရင်း -

"ဘာကိစ္စ ရှိလို့လဲ၊ ဆရာတော် အခေါ်ခိုင်းလို့လား"

ဟုမေး၏။

"မဟုတ်ပါဘူး။ ကျွန်တော်ဖျင်းလို့ ဦးရေခဲနဲ့ စကားပြောရအောင် ရှာတာပါ"

ဇင်မင်းမောင် စကားကြားသော် ဦးရေခဲက မျက်မှောင်ကုတ်၍ကြည့်ပြီး-

"ချာတိတ်က အထူးအဆန်းပဲ။ ချာတိတ်ကို သတိထားမိတာ ကြာပြီ။ ချာတိတ်က တခြားကလေးတွေလို မဆော့ဘဲ ကပ္ပိယကြီးနဲ့ စကားပြောချင်ပြော၊ မပြောရင် ဦးနဲ့ပြောနဲ့။ ချာတိတ်ကိုကြည့်ရတာ လူကြီးလေးလိုပဲ"

ဟု ပြောလေသည်။

ဇင်မင်းမောင်က ဦးရေခဲပြောသည်ကို ပြန်လည်တုံ့ပြန်ခြင်း မပြုဘဲ ဦးရေခဲ၏ ဘေး၌ချထားသော စာအုပ်တစ်အုပ်အား ယူ၍ကြည့်နေ၏။ ခဏအကြာ -

"ဦး ဒီစာအုပ်က ဘာအကြောင်း ရေးထားတဲ့ စာအုပ်လဲဟင်"

"အဲဒါ နိုင်ငံခြားပုံပြင်စာအုပ်ကွ"

"ပုံပြင်ဟုတ်လား။ ဘယ်လိုပုံပြင်လဲဟင်"

"ဒီတစ်ခါတော့ မင်းအမေးကို ဦး မပြောနိုင်ဘူး။ သိချင်ရင် ဖတ်ကြည့်"

"ဟာ...ဦးကလည်း ကျွန်တော်မှ အင်္ဂလိပ်စာ မဖတ်တတ်တာ"

"ဟ...မဖတ်တတ်ရင် တတ်အောင်သင်ပေါ့"

"ဟင့်အင်း...ကျွန်တော် မသင်ချင်ပါဘူး"

"ဘာလို့"

"မုန်းလို့ ပြီးတော့ စိတ်နာလို့"

"ဘာရယ်...ဘာကြောင့် မင်းက မုန်းရ၊ စိတ်နာရတာလဲ"

ဦးရေခဲက ဇင်မင်းမောင်ကို နားမလည်စွာကြည့်ရင်း မေးလိုက်၏။ ထိုအခါ ဇင်မင်းမောင်က -

"ကျွန်တော့်အမေကို သတ်သွားတဲ့လူမျိုးတွေရဲ့ စကားဖြစ်လို့"

ဟု အစချီကာ သူ့၏မိခင်အား စကားပြန်အလိုတော်ရိ ထွန်းလှနှင့် မျက်နှာဖြူပုလိပ်များ ရက်ရက်စက်စက် သတ်သွားပုံတို့ကို ပြန်ပြောပြလေ၏။

"ဩော်...ဒါကြောင့်ကိုး။ ဒါပေမယ့် ချာတိတ် အယူလွဲနေတယ်။ ချာတိတ်ကို ဦးမေးမယ်။ သေသေချာချာ စဉ်းစားပြီးဖြေနော်။ ချာတိတ်ရဲ့ အမေကိုသတ်တာ အင်္ဂလိပ်စာက သတ်တာလား။ အင်္ဂလိပ်လူမျိုးကသတ်တာလား"

"အင်္ဂလိပ်လူမျိုးက သတ်တာပါ"

"ဒါဆို ချာတိတ်က အပြစ်မရှိတဲ့ စာအပေါ် ဘာကြောင့် စိတ်နာမုန်းတီးရတာလဲ။ ဒီမှာချာတိတ် စာဆိုတာ ဘယ်စာပဲဖြစ်ဖြစ် အလင်းပွင့်ပေးတဲ့

www.burmeseclassic.com

စာချည်းပါပဲ။ ဘယ်စာပဲဖြစ်ဖြစ် တတ်ထားရင် တစ်နေရာရာမှာ အသုံးဝင်တာချည်းပဲ။ အထူးသဖြင့် . . .မင်းလို အင်္ဂလိပ်ကို လက်စားချေချင်တဲ့သူအတွက် ပိုပြီး သင်သင့်၊ တတ်သင့်တယ်။ သူတို့ ဘာသာစကားနဲ့ စာကို တတ်မှ ချာတိတ် သူတို့အနားကို ပိုချဉ်းကပ်လွယ်ပြီး လက်စားချေလို့ရမှာပေါ့။ မဟုတ်ဘူးလား"

ဇင်မင်းမောင်မှာ တစ်ခဏမျှ တွေသွားပြီး ဦးရေခဲပြောသောစကားများကို သေသေချာချာ သုံးသပ်စဉ်းစားနေ၏။

ထိုသို့ စဉ်းစားပြီး ငါးမိနစ်ခန့်အကြာ -

"ဟုတ်တယ်၊ ကျွန်တော် အစက ဒီလို မတွေးမိဘူး။ ဦး ပြောမှ ကျွန်တော် အင်္ဂလိပ်စာ သင်ချင်စိတ်ပေါက်လာပြီ"

ဟုပြောပြီး မျက်နှာငယ်ဖြင့် -

"ဒါပေမယ့် သင်ချင်လည်း သင်ချင်တာပဲ ရှိတာပါ။ ကျွန်တော့်ကို သင်ပေးမယ့်သူမှ မရှိတာ"

ဟု စိတ်ပျက်စကား ပြောလေသည်။

"ချာတိတ် တကယ်သင်ချင်ရင် ဦး သင်ပေးမယ်။ ဦးမပြန်ခင်ဆို ချာတိတ် အခြေခံတတ်သွားမှာပါ"

ဟု ပြောလိုက်၏။ ဦးရေခဲစကားဆို ကြားသော် ဇင်မင်းမောင်မှာ လွန်စွာဝမ်းသာသွားပြီး -

"ကျွန်တော် တကယ်သင်မှာပါ။ ဦး သင်ပေးနော်"

ဟု ပြောလိုက်လေတော့၏။

× × ×

နောက်တစ်နေ့မှစ၍ ဦးရေခဲက ဇင်မင်းမောင်အား အင်္ဂလိပ်စာစ၍ သင်ပေးလေ၏။ ထိုသို့သင်ပေးစဉ် ဦးရေခဲက ကျန်သော ကျောင်းသားများကိုပါ သင်ယူလိုက သင်ရန်ခေါ်ခဲ့သေး၏။ သို့သော် အားလုံးက စာသင်ရမှာပျင်းရိသူများ ဖြစ်သဖြင့် ဦးရေခဲ၏ ခေါ်ယူခြင်းကို ငြင်းဆိုပြီး ဆော့ကစားခြင်းဖြင့်သာ အချိန်ကို ကုန်ဆုံးစေကြ၏။

ဇင်မင်းမောင်မှာ ဦးရေခဲ၏ သင်ပြမှုကို စိတ်ဝင်စားစွာ သင်ယူသည့်အပြင် အလုပ်လုပ်ရင်လည်း စာကျက်၊ အိမ်သာတက်ရင်းလည်း စာကျက်နှင့် အပတ်တကုတ် ကြိုးစားခဲ့ရာ ဦးရေခဲမှ ကျောင်းမှမပြန်မီပင် အင်္ဂလိပ်စာ အခြေခံကို သဘောပေါက်ပြီး အင်္ဂလိပ်စကားတချို့ကိုပင် ပြောတတ်ခဲ့၏။

"ချာတိတ် . . .မင်းအရမ်းဉာဏ်ကောင်းတယ်။ ဒီရက်ပိုင်းနဲ့ အင်္ဂလိပ်စာကို ရေးတတ်၊ ဖတ်တတ်တဲ့အပြင် စကားတောင် တော်တော်ပြောတတ်နေပြီပဲ"

"ဒါက ကျွန်တော် ဉာဏ်ကောင်းလို့ မဟုတ်ပါဘူး။ ဦး အသင်အပြကောင်းလို့ပါ။ ဒါပေမယ့် ကျွန်တော် တစ်ခု စဉ်းစားမိတယ်။ ဦးပြန်သွားရင် ကျွန်တော် အင်္ဂလိပ်စာကို ဘယ်လိုဆက်သင်ရမှာလဲဟင်"

"ဒီအတွက် ဘာမှမပူနဲ့။ ဦးပြန်သွားရင် မြို့ကနေ အင်္ဂလိပ်စာအုပ်တွေ ဝယ်ပို့လိုက်မယ်။ ချာတိတ် ဆက်လေ့လာပေါ့"

ဦးရေခဲ၏စကားကြောင့် ဇင်မင်းမောင်မှာ လွန်စွာအားတက်သွားပြီး ဦးရေခဲကိုလည်း လွန်စွာ ကျေးဇူးတင်မိသေသေတော့၏။

× × ×

## အခန်း(၁၁)

## ဆရာသစ်ရပြီ

ဦးရေခဲတစ်ယောက် ကျောင်းမှ ပြန်သွားပြီး နှစ်ပတ်ခန့်အကြာ ဦးရေခဲထံမှ ပို့လိုက်သော အင်္ဂလိပ်စာအုပ်သုံးအုပ်အား ဇင်မင်းမောင်ရရှိ၏။ ထိုစာအုပ်များမှာ အလယ်တန်းအဆင့်အထိ စာအုပ်များဖြစ်၏။

ဇင်မင်းမောင်မှာ ချက်ချင်းပင် စာအုပ်များကို ဖွင့်၍ဖတ်၏။ သို့သော် တကယ်တမ်း ဖတ်သောအခါ သူမသိသော စာလုံးများ ပါနေသဖြင့် ဖတ်မရဘဲ အခက်တွေ့ကာ စိတ်ဓာတ်ကျသွားပြီး ပြင်းပြင်းထန်ထန် ဓောက်တစ်ချက် ခေါက်မိ၏။

"ဓောက်"

"ဟ . . .ဇင်မင်းမောင်၊ အင်္ဂလိပ်စာအုပ်တွေကိုင်ပြီး ဘာတွေ မကျေမနပ် ဖြစ်နေတာလဲကွ"

"ဒီမှာဗျာ . . .ဦးရေခဲ ပို့လိုက်တဲ့ စာအုပ်ကြည့်ပြီး နားမလည်ဘဲ မဖတ်တတ်လို့ စိတ်ညစ်နေတာ"

"နေစမ်းပါဦး။ မင်းက အင်္ဂလိပ်စာကို ဘာလို့ ဒီလောက် တတ်ချင်နေတာလဲ။ မင်းက အရာရှိကြီး ဖြစ်ချင်လို့လား"

"မဟုတ်တာဗျာ၊ ဒီမျက်နှာဖြူတွေဆီမှာ အလုပ်လုပ်ဖို့ လုံးဝစိတ်ကူးမရှိပါဘူး။ ကျွန်တော် အခုလို အင်္ဂလိပ်စာတတ်ချင်တာ ကျွန်တော့်ဘဝ တိုးတက်မှုအတွက်ပါ။ ကျွန်တော် ခုလို



www.burmeseclassic.com

www.burmeseclassic.com

ဘဝမျိုးနဲ့ တစ်သက်လုံး မနေနိုင်ဘူး ကပ္ပိယကြီး။ ဒီလိုပြောလို့ ကျေးဇူးကန်းတယ် မထင်ပါနဲ့။ ကျွန်တော်က အားလုံးနဲ့ယှဉ်ရင် ထိပ်ပဲဖြစ်ချင်တာ ကပ္ပိယကြီးရေ"

ဝင်မင်းမောင်၏ အဖြေစကားကို ကြားသော် ကပ္ပိယကြီး ပြုံးနေရာမှ တည်သွား၏။ ဝင်မင်းမောင်၌ ဤသို့ ရည်ရွယ်ချက်ကြီးကြီးရှိနေမှန်း ကပ္ပိယကြီး မသိခဲ့။

"မင်း တကယ်ပြောနေတာလား"

"ဩော်...ကပ္ပိယကြီးကို ကျွန်တော် လိမ်စရာလားဗျား။ ကပ္ပိယကြီးပဲ ကျွန်တော့်ကို သဲသောင်ပြင်ပေါ်မှာ ဆောက်ခဲ့တဲ့အိမ်ကလေးလို့ ကျင့်ဆို။ ကျွန်တော် အခု အင်္ဂလိပ်စာသင်တာ ကျွန်တော့်ဘဝအောက်ခြေခိုင်ဖို့အတွက် ပထမကြိုးစားခြင်းပဲဗျ"

"ဝမ်းသာတယ်ကွာ၊ မင်းကိုငါက အဲဒီလို စိတ်ဓာတ်မျိုးပဲ ရှိနေစေချင်တာ။ မင်းကို ငါကူညီမယ်။ ဒီကနေ့က စပြီး မင်းမသိတာတွေ ငါ့ကိုမေး။ ငါမင်းကို အင်္ဂလိပ်စာ ဆက်သင်ပေးမယ်"

"ဗျာ...ကပ္ပိယကြီးက ကျွန်တော့်ကို သင်ပေးမယ်ဟုတ်လား။ မနောက်ပါနဲ့ ကပ္ပိကြီးရာ၊ ကပ္ပိယကြီးက အင်္ဂလိပ်စာမှ မတတ်ဘဲ။ ကျွန်တော့်ကို ဘယ်လိုသင်ပေးမှာလဲ"

ဝင်မင်းမောင်က ကပ္ပိယကြီးကို မယုံကြည်စွာဖြင့် မေးလိုက်၏။ ကပ္ပိယကြီးကပြုံးရင်း -

"ငါက ကပ္ပိယအဖြစ် ဒီကျောင်းကို မရောက်ခင်ကတည်းက အင်္ဂလိပ်ကျောင်းမှာ ခုနစ်တန်းအထိ ပညာသင်ခဲ့ပြီးသားကွ"

"တကယ်"

"မင်းကို သင်ပြတော့ သိမှာပေါ့ကွာ"

"ဒီလောက် ပညာတတ်ရက်နဲ့ ဘာလို့ရန်ကုန်မှာ အလုပ်သွားမလုပ်တာလဲဟင်"

"နယ်ချဲ့တွေရဲ့အောက်မှာ ကျွန်မလုပ်ချင်လို့ကွ။ ကဲ...ဒါတွေထားလိုက်၊ ခုမင်းဘာတွေ သိချင်နေတာလဲ။ စာအုပ်ဖွင့်ပြီး ငါ့ကိုမေး"

ကပ္ပိယကြီးက စကားလမ်းလွှဲပြီး စာအုပ်ကို ဖွင့်ခိုင်းနေသဖြင့် ဝင်မင်းမောင်က စာအုပ်ထဲမှ မသိသောစာများကို မေးလေ၏။ ကပ္ပိယကြီးက ရှင်းလင်းပြ၏။ ထိုအခါမှ ဝင်မင်းမောင်မှာ ကပ္ပိယကြီး အမှန်အင်္ဂလိပ်စာတတ်မှန်း သိပြီး ဆရာတင်လိုက်လေတော့၏။

x x x

## အခန်း(၁၂)

## ဝင်မင်းမောင် ဖခင်မဲ့ပြန်ပြီ

တစ်နေ့သော် ဝင်မင်းမောင် တစ်ယောက် ကျက်သရေအခန်းအတွင်း၌ ကျော်ကျော်နှင့်အတူ သန့်ရှင်းရေးလုပ်လျက်ရှိ၏။ ထိုအချိန် ကျက်သရေအခန်းအတွင်းသို့ ဝင်လာသောခြေသံကို ကြားသဖြင့် လှည့်ကြည့်လိုက်ရာ တင်မြင့်အား တွေ့ရ၏။

"ဝင်မင်းမောင်...ဆရာတော်က အခေါ်ခိုင်းလိုက်တယ်။ မင်းလုပ်ရမယ့် အလုပ်တွေထားခဲ့ပြီး လာခဲ့တဲ့"

ဝင်မင်းမောင်က ဆရာတော်ဘာများ အရေးတကြီး ခိုင်းစရာရှိပါလိမ့်မလဲဟု တွေးရင်း ညစ်ပေနေသော လက်ကို ဆေးကာ ဆရာတော်ထံသို့ ထွက်ခဲ့၏။

ဆရာတော်၏ အခန်းတွင်းသို့ ရောက်သော် ဆရာတော်နှင့် ဧည့်သည် လူရွယ်တစ်ဦး စကားပြောဆိုနေသည်ကို တွေ့ရ၏။ ဆရာတော်က ဝင်မင်းမောင်ကို မြင်သည်နှင့် ဝင်မင်းမောင်အား ဧည့်သည်အနီးတွင် ထိုင်ခိုင်းပြီး မိတ်ဆက်ပေး၏။

"လူလေး...ဒီဒကာကြီးက တော်လှန်ရေးသမားကြီး မြခင်တဲ့။ ဒကာကြီး ဒီကလေးက ကောင်းမြတ်ရဲ့သား ဝင်မင်းမောင်ပဲ"

ဧည့်သည်မြခင်ဆိုသူက ဝင်မင်းမောင်ကို သေချာစွာကြည့်ပြီး -

"အစ်ကိုကောင်းမြတ်နဲ့ အတော်လေးကို တူတာပဲ"

ဟုပြော၏။ ထိုအခါ ဝင်မင်းမောင်က -

"ဦး အဖေ့ကို သိတယ်ဟုတ်လား"

"သိတာပေါ့ကွ၊ မင်းရဲ့အဖေနဲ့ ဦးက တစ်ဖွဲ့တည်းပဲဟာ"

"ဒါဆို အခု အဖေဘယ်မှာလဲဟင်။ အဖေ့ကို ကျွန်တော် အရမ်းတွေ့ချင်တယ်ဗျာ"

ဝင်မင်းမောင် စကားကိုကြားသော် မြခင်မျက်နှာပျက်သွား၏။ သူ ပြောရန် ဝန်လေးနေ၏။ ခဏကြာမှ မြခင်က -

"မင်းရဲ့အဖေ မရှိတော့ဘူး။ တိုက်ပွဲတစ်ခုမှာ နယ်ချဲ့တွေကို တော်လှန်ရင်း ကျသွားပြီကွယ်"

ဟု စိတ်မကောင်းစွာ ပြောလေ



www.burmeseclassic.com

www.burmeseclassic.com

၏။ ဇင်မင်းမောင်မှာ ဖခင်မရှိတော့ပြီ ဟု သိလိုက်သည်နှင့် ကြေကွဲမှုဝေဒနာ ရှိုက်ကြီးတင် ငိုကြွေးလေ၏။

မြခင်က ဇင်မင်းမောင်အား နှစ်သိမ့်ကာ ကောင်းမြတ်၏ ရှုပ်ရှုပ်ချုံချုံ တိုက်ခဲ့သော တိုက်ပွဲပေါင်းများစွာမှ အကြောင်းအားပြောပြပြီး ဇင်မင်းမောင်အား ဖခင်အတွက် ဂုဏ်ယူစေခဲ့၏။

ဖခင်၏အဖြစ်စုံကိုသိသော ဇင်မင်းမောင်မှာ ဖခင်အတွက် ဂုဏ်ယူရင်း မိမိသည်လည်း တစ်နေ့ ဖခင်ကဲ့သို့ တိုင်းပြည်အတွက် အကျိုးရှိသူတစ်ယောက် ဖြစ်စေရမည်ဟု သန္နိဋ္ဌာန် ချလိုက်လေတော့၏။

× × ×

## အခန်း(၁၃)

## မပျော်တော့ပြီ

ဒီကနေ့ ကျောင်း၌ ဆရာတော်မရှိ။ တောင်ဘက်ရွာမှ ဆွမ်းစားပင့်သည့်အတွက် တင်မြင့်၊ ကျော်ကျော်တို့နှင့်အတူ ဆွမ်းစားကြွသွား၏။

ထိုအချိန် ဇင်မင်းမောင်မှာ ကျောင်းထဲရှိ သရက်ပင်အောက် ခုံတန်းပေါ်၌ ထိုင်ရင်း အင်္ဂလိပ်စာအား ကျက်မှတ်လျက်ရှိ၏။ ထိုစဉ် ဇော်ကြီးနှင့် ဇော်လေးတို့ ညီအစ်ကိုမှာ ဇင်မင်းမောင် အနီးသို့ရောက်လာပြီး ဇော်လေးက -

“အစ်ကိုရေ…လူဆိုတာ မျိုးရိုး ဆောင်ကြတာဘူးဗျ ကြည့်ပါလား။ ဇင်မင်းမောင်က သူ့အဖေ အင်္ဂလိပ်ဆိုတော့ အင်္ဂလိပ်စာကို အရမ်းဝါသနာပါတာ”

ဟု စောင်းပြော၏။ ဇော်ကြီးကလည်း -

“ဒါကြောင့် မျိုးမချစ်တဲ့ သူ့အမေကို ဦးထွန်းလူက သတ်ပစ်တာ”

ဟု ပေါ်ပေါ်ထင်ထင် ဇင်မင်းမောင်၏ မိခင်အားစော်ကားသောစကားကို ပြောပြန်သည်။ ထိုအခါ ဇင်မင်းမောင်မှာ လွန်စွာဒေါသထွက်ပြီး စာအုပ်ကိုချကာ ဇော်ကြီး၏မျက်နှာအား ထိုးလိုက်လေ၏။

“ခွပ်”

မမျှော်လင့်သောအချိန် ဇင်မင်းမောင်၏ လျှပ်တစ်ပြက် ထိုးနက်မှုကြောင့် ဇော်ကြီးမှာ ရှောင်ချိန်မရဘဲ ပက်လက်လဲကျသွား၏။ ဇော်လေးမှာ အစ်ကိုဖြစ်သူ ခံရသည်ကို တွေ့သော် ဇင်မင်းမောင်အား အတင်းဝင်လုံးလိုက်၏။ ဇင်မင်းမောင်နှင့် ဇော်လေးမှာ ဗလချင်းမမျှသဖြင့် ခဏအကြာ ဇင်မင်းမောင်က ဇော်လေး၏ အောက်သို့ ရောက်သွားလေ၏။ ထိုအချိန် လဲနေရာမှ ပြန်ထလာသော ဇော်ကြီးက ဇော်လေးအောက်၌ ရောက်နေသော ဇင်မင်းမောင်အား ခြေဖြင့်ကန်သည်။ ဇော်လေးက ဇင်မင်းမောင်၏ အပေါ်မှခွထိုင်ကာ ထိုး၏။ ဇင်မင်းမောင်မှာ ဇော်လေး၏အောက်မှ ပြန်မထနိုင်ဘဲ၊ ဇော်ကြီး ဇော်လေးတို့ လုပ်သမျှကို ခါးစီးခံနေရ၏။

“ဟေ့ကောင်တွေ…ရပ်ကြစမ်း”

ရုတ်တရက် ထွက်လာသော ကပ္ပိယကြီး၏အသံကြောင့် ဇော်ကြီးနှင့် ဇော်လေးမှာ အထိုးရပ်ပြီး ဇင်မင်းမောင်အနီးမှ ခွာလိုက်ကြ၏။ ကပ္ပိယကြီးက အနီးသို့ရောက်သော် ရုတ်တရက် မထနိုင်သေးသော ဇင်မင်းမောင်အား ပွေ့ထူလိုက်၏။

“ဟင်…ဒဏ်ရာတွေက မနည်းပါလား”

“ဇော်ကြီး ဇော်လေး အချင်းချင်း ဒီလောက်” လုပ်ရသလား။ အခု ငါ့အနားက မြန်မြန်ထွက်သွားကြစမ်း။ ကြာရင် မင်းတို့ကို ငါရိုက်ပစ်လိမ့်မယ်”

ဇော်ကြီးနှင့် ဇော်လေးတို့မှာ ကပ္ပိယကြီး၏ စကားဆုံးသည်နှင့် ချာခနဲ လှည့်ကာထွက်သွားကြ၏။

“ဇင်မင်းမောင်…ဘယ်လိုဖြစ်ကြတာလဲကွယ်”

ကပ္ပိယကြီးက ဇင်မင်းမောင်အား သူ၏အခန်းသို့ ခေါ်သွားရင်း မေးလိုက်၏။ ဇင်မင်းမောင်က ဖြစ်ကြောင်းကုန်စင်တို့အား ကပ္ပိယကြီးအား ရှင်းပြလိုက်၏။

“တောက်…တော်တော်အောက်တန်းကျပြီး ယုတ်မာတဲ့ ကောင်တွေ ဆရာတော်ပြန်လာမှ ပြန်တိုင်ပြီး…အသေရိုက်ခိုင်းမယ်”

ကပ္ပိယကြီးက ညနေ ဆရာတော် ပြန်ကြွလာသောအခါ အဖြစ်မှန်ကို လျှောက်တင်တိုင်လိုက်၏။ ဆရာတော်က ဇော်ကြီးနှင့် ဇော်လေးတို့အား ဆုံးမစကားမိန့်၍ တိုင်တွင်ဖက်ခိုင်းကာ တစ်ဦးလျှင်ငါးချက် ကြိမ်ဖြင့်ရိုက်လေ၏။

ထိုအခါ ဇော်ကြီးနှင့် ဇော်လေးတို့က မိမိတို့ အရိုက်ခံရသည်မှာ ဇင်မင်းမောင်ကြောင့်ဟု အငြိုးထားကာ ဆရာတော်လစ်သည်နှင့် အမြဲရန်ရှာတော့၏။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ဇင်မင်းမောင်မှာ တပြည်းပြည်းနှင့် နှစ်ထပ်ကျောင်းကြီး၌ နေရသည်မှာ မပျော်ဘဲ စိတ်ပျက်လာလေတော့၏။

× × ×

## အခန်း(၁၄)

## ဦးသီလရောက်လာခြင်း

တစ်နေ့သ၌ ဇင်မင်းမောင်သည် ဖခင်နှင့် မိခင်တို့အား အမှတ်ရကာ စိတ်မှာ မရွှင်မပြဘဲ ရှိနေ၏။ ထို့ကြောင့် ဇင်မင်းမောင်မှာ ကျောင်းဝင်းအတွင်းရှိ သရက်ပင်ကြီးအောက်၌ ထိုင်ကာ ဖခင်နှင့် မိခင်တို့ရှိစဉ်က ဖခင်နှင့် မိခင်တို့နှင့်အတူ ကလေးဘဝမှာ ပျော်ရွှင်ခဲ့ပုံများအား ပြန်လည်တွေးထင် မြင်ယောင်ရင်း ဖခင်နှင့်မိခင်တို့အား လွမ်းဆွတ်သတိရလျက်ရှိနေ၏။

ထိုသို့ လွမ်းဆွတ်သတိရနေစဉ် ယောဂီရောင်ခေါင်းပေါင်း၊ ယောဂီရောင်ဝတ်စုံ၊ ယောဂီလွယ်အိတ်ကို လွယ်ပြီး၊ နဂါးပုံတောင်ဝှေး တစ်ချောင်းနှင့် ဝင်လာသော အသက် ၆၀ ခန့် သူတော်စင်တစ်ဦးအား ဇင်မင်းမောင် မြင်တွေ့လိုက်ရ၏။

ထိုသူတော်စင်မှာ ကျောင်းဝင်းအတွင်းသို့ ဝင်လာပြီး ဇင်မင်းမောင်ရှိရာသို့ တန်းတန်းမတ်မတ် လျှောက်လာလေ၏။ အနီးသို့ရောက်သော ဇင်မင်းမောင်အား -

"ဒီကျောင်းမှာ ဦးပဥ္စင်း အာဒိစ္စဆိုတာများ ရှိသလား လူလေး"

ဟုမေး၏။ ဇင်မင်းမောင်က ထိုင်နေရာမှထကာ -

"ဦးပဥ္စင်းအာဒိစ္စတော့ မရှိပါဘူး ခင်ဗျ၊ အဲ···ဆရာတော်ကြီး ဦးအာဒိစ္စတော့ရှိတယ် အဘ"

ဟု ရိုသေစွာ ပြန်ဖြေလိုက်၏။

ထိုအခါ သူတော်စင်ကြီးက -

"အေးလေ···နှစ်တွေကြာခဲ့ပြီဆိုတော့ ခုအချိန် ဦးပဥ္စင်းက ဆရာတော်ဖြစ်လောက်ပြီပေါ့လေ။ အဘကို လူကလေးပြောတဲ့ ဆရာတော်ဆီပဲ ပို့ပေးပါကွယ်။ အဘက ဦးပဥ္စင်းအာဒိစ္စရဲ့ နောင်တော်ပါ"

ဟု ပြောပြန်၏။ ဇင်မင်းမောင်က သူတော်စင်ကြီး၏ စကားကို ကြားသော် သူတော်စင်ကြီးနှင့် ဆရာတော် ညီအစ်ကို ဖြစ်နိုင်၊ မဖြစ်နိုင် အကဲခတ်ကြည့်၏။

သူတော်စင်ကြီး၏ မျက်နှာကျပုံမှာ ဆရာတော်၏ မျက်နှာကျပုံနှင့် ချွတ်စွပ်မတူသော်လည်း အတော်လေးနီးစပ်စွာ တူနေသည်ကို တွေ့ရ၏။ ထို့ကြောင့် သူတော်စင်ကြီးပြောသော ဦးပဥ္စင်းအာဒိစ္စမှာ ဆရာတော်ဦးအာဒိစ္စသာလျှင် ဖြစ်ရပေမည်ဟု တွက်ပြီး -

"အဘ ကျွန်တော်နဲ့ လိုက်ခဲ့ပါ။ ဆရာတော့်ဆီကို ကျွန်တော် ပို့ပေးပါ့မယ်"

ဟု ပြောကာ သူတော်စင်ကြီးအား ဆရာတော်ရှိရာ နှစ်ထပ်ကျောင်းဆောင်ပေါ်သို့ ခေါ်ခဲ့လေ၏။

ဇင်မင်းမောင်နှင့် သူတော်စင်ကြီးတို့ ဆရာတော်၏ အခန်းတွင်းသို့ ဝင်လာသည်ကို ဆရာတော်တွေ့သော် ဆရာတော်က ဝမ်းသာအားရဖြင့် -

"ဟာ···အကိုကြီး သီလပါလား။ လာလာ"

ဟုခေါ်ရင်း သူတော်စင်ကြီးအား နေရာထိုင်ခင်း ပေးလေ၏။ ဇင်မင်းမောင်မှာ သူတော်စင်ကြီး တွေ့ချင်သော ဦးပဥ္စင်းအာဒိစ္စမှာ ဆရာတော်ဦးအာဒိစ္စ ဖြစ်နေမှန်းသိရသော် ဆရာတော်နှင့် သူတော်စင်ကြီးတို့ လွတ်လပ်စွာ ပြောဆိုနိုင်ရန်အတွက် ဆရာတော်၏အခန်းမှ ပြန်ထွက်ခဲ့လေ၏။

"ဟော့···ဇင်မင်းမောင်၊ ခုနက မင်းခေါ်လာတဲ့ ဧည့်သည်က ဘယ်သူတုံးကွ"

ဆရာတော် အခန်းအတွင်းမှ ထွက်လာသော ဇင်မင်းမောင်အား ကပ္ပိယကြီးက လှမ်းမေးလိုက်၏။

"ဆရာတော်ရဲ့ နောင်တော်တဲ့ ကပ္ပိယကြီးရ"

"ဟုတ်လား။ ဖြစ်နိုင်တယ်ကွ။ ဆရာတော်မှာ ဝိဇ္ဇာအစ်ကိုတစ်ယောက်ရှိတယ်လို့ ငါ့ကို ဆရာတော်က တစ်ခါ ပြောဖူးတယ်"

"ဗျာ···ဝိဇ္ဇာ၊ ဒါဆို···ခုနက သူတော်စင်က ဝိဇ္ဇာကြီးပေါ့။ ဟုတ်လား ကပ္ပိယကြီး"

"ဒါတော့ ဘယ်သိမလဲ။ အို··ဒါတွေ တို့နဲ့မဆိုင်ပါဘူး။ တို့နဲ့ဆိုင်တဲ့ တို့အလုပ်ကို တို့သွားလုပ်ကြမယ် လာ"

ထိုသို့ ကပ္ပိယကြီးပြောမှ ဇင်မင်းမောင်မှာ ဆရာတော်၏ သင်္ကန်းများအား လျှော်ရန်သတိရပြီး ရေကန်ရှိရာ ကျောင်းအောက်သို့ ဆင်းခဲ့လေတော့၏။

(ရှေ့လာအက်ရန်)

**စကြာမင်းနိုင်**



www.burmeseclassic.com

www.burmeseclassic.com

# အပ္ပလွတွေပြ္ပအားစေမယ့် ဥပဒေအသေးအငြေ

ဦးစောလှိုင် [ B.A (HIST:) H.G.P., R.L ]

**လက်ထပ်စာချုပ်လုပ်မထားခဲ့ရင် တရားဝင်လင်မယားမဟုတ်ဘူးလား**

ဆရာရှင့်…

ကျွန်မတို့ မင်္ဂလာဆောင်တုန်းက ရွာဓလေ့ထုံးစံအရ မိန်းကလေးဘက်က မိဘဘိုးဘွားတွေကို ငှက်ပျောပွဲ၊ အုန်းပွဲပေးပြီး ကန်တော့အပ်တင်ရပါတယ်။ အဲဒီလို ကန်တော့အပ်တင်ပွဲမှာ လာသမျှ ဧည့်သည်တွေကို လက်ဖက်ရည် အချို ကိတ်မုန့် စတာတွေနဲ့ ဧည့်ခံကျွေးမွေးပြီး မင်္ဂလာဆောင်ခဲ့ရတာပါ။

အခုဆိုရင် အိမ်ထောင်သက် ငါးနှစ်ထဲရောက်ပြီး သားသမီးနှစ်ယောက် ရနေပါပြီ။ မကြာခင်ကမှ ကျွန်မခင်ပွန်း ရဲ့လုပ်ငန်းအရ မြို့ပေါ်ပြောင်းနေခဲ့ရပါတယ်။

အခုမှ မကြာခဏဆိုသလို လူတွေပြောဆိုသံ ကြားလာရပါတယ်။ မင်္ဂလာဆောင်တဲ့အခါ လက်ထပ်စာချုပ် လုပ်မထားရင် အဲဒီမင်္ဂလာပွဲက တရားမဝင်ဘူးတဲ့ရှင့်။ ကျွန်မ မြို့ပေါ်က သူများမင်္ဂလာဆောင်တွေကို လေ့လာကြည့်တော့လည်း အားလုံးမှာ လက်ထပ်စာချုပ် ရှိကြတာချည်းပဲဆရာ။

ဒါကြောင့်မို့ ကျွန်မတို့ ရွာမှာ မင်္ဂလာဆောင်တုန်းက လက်ထပ်စာချုပ် မလုပ်ခဲ့မိတာ သွားသတိရတယ်။ ဒါဆို သူများတွေပြောသလို ကျွန်မတို့ မင်္ဂလာဆောင်ဟာ တကယ် တရားမဝင်ဘူးလား ဆရာ။

ဒီအတိုင်းဆို ကျွန်မယောကျ်ားက နောက်ထပ်မိန်းမ တစ်ယောက်ကို လက်ထပ်စာချုပ်ချုပ်ပြီး ယူခဲ့ရင် ကျွန်မဟာ တရားမဝင်ဇနီး ဖြစ်သွားမှာလား။ အဲဒါတွေ တွေးပူပြီး အိပ်မပျော် စားမဝင်ဖြစ်နေတာ အတော်ကြာခဲ့ပါပြီ။

ဒါကြောင့် လက်ထပ်စာချုပ်မရှိရင် တကယ်ပဲ တရားဝင်လင်မယားဖြစ်၊ မဖြစ် အဖြေခိုင်းခြေကြားပေးဖို့ မေတ္တာရပ်ခံပါတယ်ရှင့်။

ကျေးဇူးအထူးဖြင့်

မအေးခင်

ကန်သာယာရွာ၊ ညောင်ဦးမြို့

မအေးခင်ခင်ဗျား…

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ လွတ်လပ်တဲ့ ယောကျ်ားနဲ့မိန်းမ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လိုတဲ့ ရည်ရွယ်ချက်ရှိဖို့ပဲ လိုပါတယ်။ အဲဒီလိုရည်ရွယ်ချက်ရှိပြီး နှစ်ဖက်မိဘတွေကို အုန်းပွဲ၊ ငှက်ပျောပွဲနဲ့ ကန်တော့လို့ အသိအမှတ်ပြုပေးလိုက်တာနဲ့ သူတို့နှစ်ယောက်ဟာ ချက်ချင်းလက်ငင်း အကြင်လင်မယားဘဝကို တရားဝင် ရောက်ရှိသွားပါပြီ။

အမှန်ကတော့ အဲဒီလို လင်မယားတရားဝင်ဖြစ်ဖို့ အတွက် မင်္ဂလာဆွမ်းကျွေးတို့၊ မင်္ဂလာဧည့်ခံပွဲတို့ ဘာတို့ လုပ်ဖို့မလိုသလို လက်ထပ်စာချုပ်လည်း ချုပ်ဆိုထားဖို့ မလိုပါဘူး။ စောစောကပြောသလို နှစ်ယောက်သား ပေါင်းသင်းနေထိုင်လိုတဲ့ ဆန္ဒနဲ့ လူကြီးတွေကိုကန်တော့လို့ ခွင့်ပြုလိုက်တာနဲ့ တရားဝင်အကြင်လင်မယား ဖြစ်သွားပါပြီ။

ဒါဟာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဆောင်ရွက်ပိုင်ခွင့်ပါပဲ။

တကယ်ဆို မင်္ဂလာဧည့်ခံပွဲလုပ်တာတို့၊ ရုံးတက် လက်မှတ်ထိုးတာတို့ဆိုတာ ဥပဒေအရ မလိုအပ်ဘဲ လူလောကမှာ စိတ်ကျေနပ်အောင် ပကာသနလုပ်ကြတာ တွေပါ။

တကယ်လို့ မအေးခင်တွေးပူသလို ခင်ပွန်းဖြစ်သူက နောက်မိန်းမတစ်ယောက်ကို လက်ထပ်စာချုပ်နဲ့ ယူခဲ့ရင် လည်း မအေးခင်ဟာ ဥပဒေအရ တရားဝင် ဇနီးဖြစ်လို့ တရားဥပဒေအရ ခံစားပိုင်ခွင့်တွေ အများကြီးရှိတယ်ဆိုတာ ဖြေကြားလိုက်ပါရစေ။

www.burmeseclassic.com

## သူ့အသာသာ အိမ်အောက်လာနေတဲ့ခွေး သူများထွက်ကိုက်ရင်

ဆရာရှင့်…

ကျွန်မအိမ်မှာ ခွေးမွေးလေ့မရှိပါဘူး။ ဒါပေမယ့် အပြင်က ခွေးမတစ်ကောင် သားပေါက်ခါနီးမှာ ကျွန်မတို့ အိမ်အောက်ထဲ အတင်းဝင်လာပြီး မောင်းထုတ်လို့မရအောင် ပေကပ်ပြီးနေပါတယ်။ နောက်တော့ အမေက "သူ့မှာ နေစရာမရှိလို့ လာနေတာ၊ နှင်မနေပါနဲ့တော့၊ တနယ်သန် ခွေးတို့ ကြောင်တို့ဆိုတာ လာဘ်ကောင်တတ်တယ်"ဆိုတာနဲ့ ဒီအတိုင်းထားလိုက်မိပါတယ်။

ခွေးမကြီးသားမပေါက်ခင်တော့ သူ့အသာသာ အစာရှာစားနိုင်ပေမယ့် ခွေးလေးတွေ မွေးတဲ့နေ့ကစပြီး အစာထွက်မရှာနိုင်တော့ပါဘူး။ ခွေးပေါက်စလေး ငါးကောင်ကလည်း တအားနို့ဆွဲကြတယ်ဆိုတော့ ခွေးမကြီးဟာ နေ့ချင်းညချင်း ပိန်ကျသွားပါတယ်။

နောက်ဆုံးတော့ ကြည့်မနေနိုင်တော့တဲ့ အမေနဲ့ ကျွန်မတို့ ထမင်းကျွေးရတော့တာပေါ့ရှင်။ ခုတော့ ခွေးကလေးတွေဟာ လမ်းကောင်းကောင်းလျှောက်နိုင်နေပြီး ခွေးမကြီးမှာလည်း နဂိုရုပ်ရည်ပြန်ရပြီး တစ်သွေးတစ်မွေး ဖြစ်လာပါတယ်။

အဲဒီအချိန်ကျမှပဲ ကျွန်မတို့သားအမိ စိတ်ညစ်ရပါတော့တယ်ဆရာ။ ဘာဖြစ်လို့လဲဆိုတော့ ခွေးမကြီးက ခြံပေါက်ဝနားရောက်လာတဲ့ သူစိမ်းမှန်သမျှကို ထွက်ဆွဲတော့တာကိုရှင့်။ အခုဆို ကလေးနှစ်ယောက် ခြေသလုံးတွေ အကိုက်ခံရပြီး လူကြီးတစ်ယောက်ကိုလည်း တင်ပါးတွေ ပေါင်တွေအထိ ထွက်ကိုက်ခဲ့ပါပြီ။

ကျွန်မတို့ကတော့ လူမှုရေးအရ ခွေးကိုက်ခံရတဲ့သူတွေကို သွားတွေ့ပြီး ဆေးဖိုးဝါးခကူညီခဲ့ပါတယ်။ ဒါပေမယ့် ရပ်ကွက်မှာ ဖြစ်နေတာက နောက်တစ်ခါအကိုက်ခံရရင် ကျွန်မတို့ကို ရုံးခန်းတိုင်ပြီး အမှုဖွင့်မယ်တဲ့ဆရာ။

တကယ်ဆို ဒီခွေးမကြီးဟာ ကျွန်မတို့မွေးထားတာမှ မဟုတ်တာပဲဟာ။ သူ့အသာသာ အိမ်အောက်ဝင်လာပြီး သားမွေးတာပဲမဟုတ်လား။ အဲဒါ သူများကိုကိုက်တဲ့ကိစ္စ ကျွန်မတို့ကို အရေးယူလို့ ရမရဆိုတာ အမြန်ဆုံး ဖြေကြားပေးဖို့ မေတ္တာရပ်ခံပါတယ်ဆရာ။

ကျေးဇူးတင်စွာဖြင့်
မတင်တင်အေး
သီရိမင်္ဂလာလမ်း။ အင်းစိန်။

မတင်တင်အေးခင်ဗျား…

မတင်တင်အေးတို့ သားအမိကတော့ ဘယ်ကမှန်းမသိတဲ့ သူ့အလိုအလျောက်ရောက်လာပြီး အိမ်အောက်မှာ သားလာပေါက်တဲ့ ခွေးမကြီးကို မိခင်စိတ်နဲ့ရော၊ တိရစ္ဆာန်တွေကို သနားကြင်နာတဲ့စိတ်နဲ့ပါ ကျွေးမွေးထားခဲ့မိကြတယ်။

အခုကျတော့ ဒီခွေးမကြီးကပဲ လူတကာကို ထွက်ကိုက်နေလို့ မတင်တင်အေးတို့ တရားစွဲဆိုခံရမယ့် အခြေအနေမျိုး ရောက်နေတယ်။ မတင်တင်အေးတို့အနေနဲ့တော့ ဒီခွေးကို ကိုယ်တိုင်မွေးတာမဟုတ်ပေမယ့် သနားသဖြင့် ကျွေးမွေးထားရတာပါ။ ဒါကြောင့်လည်း ဒီခွေးကိုက်တဲ့ကိစ္စက မတင်တင်အေးတို့မှာ တာဝန်မရှိဘူးလို့ ယူဆနေကြတာ တွေ့ရပါတယ်။

ဒီနေရာမှာ တစ်ခုစဉ်းစားကြည့်ရမှာက ဒီခွေးမကြီး လမ်းဘေးမှာ မွေးပြီး လူတွေကိုကိုက်နေမယ်ဆိုရင်တော့ ပိုင်ရှင်မရှိတဲ့ခွေးဆိုပြီး အလွယ်တကူ ရိုက်သတ်လိုက်ကြမှာပါ။

ဒါပေမယ့် ဒီခွေးမကြီးက မတင်တင်အေးတို့ အိမ်ထဲက ထွက်ထွက်ကိုက်နေတာရယ်၊ မတင်တင်အေးတို့ကလည်း ခွေးကိုက်ခံရသူတွေကို စေတနာနဲ့ ဆေးဖိုးဝါးခ သွားကူညီနေတာရယ်ကြောင့် အိမ်ခွေးအမှတ်နဲ့ မသတ်ကြသေးတာပါ။

ဒါ့ကြောင့် ခုချိန်ကျမှ ကျွန်မတို့ခွေးမဟုတ်ဘူးလို့ ငြင်းလို့ရမှာ မဟုတ်တော့ပါဘူး။ ဒီတစ်ခါထပ်ကိုက်ရင်တော့ ရုံးခန်းမှာ ဒဏ်ခံရတော့မှာပါ။

ဖြစ်မှုဆိုင်ရာဥပဒေပုဒ်မ(၂၈၉)မှာ -

"တိရစ္ဆာန်ကြောင့် လူ့အသက်ကို အန္တရာယ်ဖြစ်စေမယ်၊ အပြင်းအထန်နာကျင်စေမယ်ဆိုရင် တိရစ္ဆာန်လက်ဝယ်ရှိသူကို ဒီလိုမဖြစ်ပေါ်အောင် ကြိုတင်မကာကွယ်ထားနိုင်တဲ့အတွက် ထောင်ဒဏ်(၆)လအထိဖြစ်စေ၊ ဒဏ်ငွေ တစ်ထောင်ထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်"လို့ ပြဋ္ဌာန်းထားတာရှိပါတယ်။

အဲဒါကြောင့် မတင်တင်အေးတို့အနေနဲ့ ခွေးမကြီး ထပ်မကိုက်နိုင်အောင် သံကြိုးနဲ့ချည်နှောင်ထားတာဖြစ်ဖြစ်၊ အဝေးတစ်နေရာကို ပို့ထားတာပဲဖြစ်ဖြစ် တစ်ခုခုတော့ အမြန်လုပ်ဖို့ လိုအပ်နေပြီလို့ အကြံပြုလိုက်ပါရစေ…။

အောင်မြင်ပါစေ…

ဦးစောလှိုင် [B.A(Hist:) H.G.P.,R.L]



www.burmeseclassic.com

www.burmeseclassic.com



# အလှည့်ကျ မနွဲ့စတမ်း

■ မင်းတည်တုံ

မီနီဘတ်စ် လိုင်းကားတစ်စီး၊ မှတ်တိုင်တစ်ခုတွင် ရပ်၍ စပယ်ယာမှ ခရီးသည်များကို အော်ခေါ်ကာ တင်နေသည်။ ကားမှာ လူများဖြင့် ပြည့်နေသော်လည်း ဆက်၍ ခေါ်ကာ တင်နေဆဲဖြစ်သည်။

"––ကို နှစ်ရာ၊ ––ကို နှစ်ရာ"

"ဟိုအစ်မကြီး ... ဟိုဘက်ကို နည်းနည်းတိုးဗျာ။ ဟို .. ဦးထုပ်နဲ့လူ ဒီဘက်ကို နည်းနည်းရွှေ့ပေး ...။ အထဲမှာ အချောင်ကြီး ရှိသေးတယ်။ အနောက်ဘက်ကို ဝင်ပေး။ အနောက်အထဲမှာ အချောင်ကြီး။ အပေါက်မှာ ပိတ်မရပ်နဲ့ ဒီအပေါက်နဲ့ လုပ်စားနေတာ ခင်ဗျားတို့ နားမလည်ဘူးလား။"

ထိုသို့ အော်ကာ၊ ဟစ်ကာ၊ ဟိန်းကာ၊ ဟောက်ကာဖြင့် သူစိတ်ကြိုက် လူများကို တင်နေသည်။ ကိုယ့် ပိုက်ဆံနှင့်ကိုယ်၊ စပယ်ယာ၏ အဟောက်ကို ခံနေရ၍ မည်သို့မှ ပြန်လည်မပြောသည့်တိုင် ခရီးသည်များ၏ မျက်နှာပေါ်တွင် မကျေနပ်ချက်များ ကိုယ်စီရှိနေကြသည်။

ကားစထွက်ပြီး၊ သိပ်မကြာ။ ကားမောင်းနေသူမှ စပယ်ယာအား ကားနောက်ဘက်ရှိ ဂက်စ်ဘူးအား ဖွင့်ခိုင်းလိုက်သည်။ စပယ်ယာမှ –

"ဆရာ၊ ရှေ့မှတ်တိုင်ရောက်မှ ဖွင့်မယ်ဆရာ။ အနောက်ဘက်မှာ လူကျပ်နေလို့ ဝင်မရဘူး"

ထိုအချိန်တွင် ခရီးသည်များထဲမှ တစ်ယောက်က –

"မင်းစောစောက ပြောတော့ အချောင်ကြီးဆိုကွ။ အလှည့်ကျ မနွဲ့စမ်းပါနဲ့"

ဟု ပြောလိုက်လေသတည်း။

■ မင်းတည်တုံ



www.burmeseclassic.com

www.burmeseclassic.com



# တောင်ဝှူးများ အကျိုးသည်

မဟိုဇော

www.burmeseclassic.com

www.burmeseclassic.com

# ထောင်မှူးများ အလိုရှိသည်

## အပိုင်း(၁၀၅)

## တမလွန်မှ ပြန်ခေါ်ကြသူများ

■ ဉဟိုဇော

တူးတူးတို့ရေ . . .

ကိုယ်ဒီတစ်ခေါက် ငှက်ဖျားဖြစ်ကာက ဒီထောင်က ကျော်လွှားနိုင်ပါ့မလားလို့ သံသယဖြစ်လောက်အောင်ကို ဝေဒနာက ပြင်းထန်လှသဗျ။

ကိုယ် ဆေးရုံသီးသန့်ခန်းထဲကို ရောက်လာတဲ့အခါမှာတော့ စကားတောင် မပြောနိုင်တော့။ သူနာပြုဆရာမ ရိုင်ဗန်းက ကြိုဆိုနေရာချပြီး အဖျားတိုင်းနေတုန်း ဆေးရုံအုပ်ကြီး ဒေါက်တာရှိအုပ်နဲ့ သူငယ်နီး သူနာပြုဆရာမ (Blue Staff) ဒေါ်ခင်မာလွင်တို့ ရောက်လာကြတယ်။ ဒေါက်တာက ကိုယ့်တင်ပါးနှစ်ဖက်ပေါ် အသားဆေးနှစ်လုံးထိုးပေးပြီး ဆရာမကြီးက ညာဘက်လက်ဖျံကြောမှာ အပ်တပ်ပြီး ဒရစ်(ပ်)ပုလင်းချိတ်တော့တယ်။ ပြီးတော့ ပါးစပ်ဟနိုင်ပြီး ရေနဲ့ ဆေးပြားလုံးတိုက်တယ်။

နေ့လယ်ဘက်မှာ တစ်ကြိမ်ဒရစ်(ပ်)ပုလင်း ထပ်လဲပေးပြီး ဆေးပြားတွေ ထပ်တိုက်ပြန်တယ်။ ညဦးပိုင်းမှာနဲ့ ည ၁၁ နာရီမှာလည်း ဒရစ်(ပ်)ပုလင်းတွေ ထပ်လဲပေးပြီး ဆေးတိုက်ပေးပါတယ်။ ကိုယ်ညဉ့်ပိုင်းမှာ အိပ်ပျော်သွားလိုက်၊ ပြန်နိုးလာလိုက်နဲ့ ဝေဒနာက ငှက်ဖျားပိုးကြောင့် အတော့်ကို မချိတင်ကဲ ခံစားနေရတယ်။

နောက်တစ်နေ့ မနက်စောစော ဒေါက်တာရှိအုပ် ရောက်လာပြီး အဖျားမကျတာနဲ့ မနေ့ကအတိုင်း ထပ်ပြီး ဆေးထိုး၊ ဆေးစားရပြန်တယ်။ တတိယနေ့မှာလည်း အဖျားက မကျလို့ အရင်နေ့ကအတိုင်း ဆက်ကုသပါတယ်။ ဒါပေမယ့် ဒရစ်(ပ်)သွင်းနှုန်းကိုတော့ လျှော့ချလာတာ သတိထားမိတယ်။

ကိုယ်တစ်နေ့ပြီးတစ်နေ့ အဖျားမကျနိုင်သေးဘဲ ဖြစ်နေတယ်။ အဖျားဒီဂရီကလည်း ၁၀၄/၁၀၅ က မလျော့ဘူး။ ဗိုက်ထဲမှာလည်း ရေနဲ့ဆေးကလွဲလို့ ဘာမှမရှိလေတော့ တဖြည်းဖြည်း ပိန်ချုံးလာပါတော့တယ်။

ကိုယ့်ရောဂါကို ဓာတ်ခွဲခန်းမှာ စမ်းသပ်ချက်အရ မြန်မာပြည်မှာ ဂ၅% ဖြစ်လေ့ရှိတဲ့ Plasmodium Falciparum အတိုကောက် PF ခေါ်တဲ့ ငှက်ဖျားရောဂါပိုးကြောင့် ဖြစ်ရတာတဲ့။ နားအူ၊ အော့အန်၊ မျက်စိဝေဝါး၊ နားမကြား၊ စိတ်မအီမသာ စတဲ့ ဝေဒနာတွေ ဖြစ်ပေါ်လာတယ်။ တစ်ခါတစ်ရံ ဗိုက်နာ၊ ဝမ်းလျှော၊ သွေးပေါင်ကျ၊ နှလုံးခုန်မမှန်၊ ခပ်ကြောင်ကြောင်တွေလည်း ဖြစ်တတ်သေးသတဲ့။

ဒီလိုနဲ့ ရှစ်ရက်မြောက်နေ့မှာ ဒရစ်(ပ်) ၂၁ လုံးသွင်းပြီးတဲ့အထိ အဖျားက မကျနိုင်သေးဘဲ ရှိနေတော့ ဆရာဝန်ကြီးနဲ့ ဆရာမကြီးတို့ရဲ့ မျက်နှာအမူအရာ ပြောင်းလဲမှုမရှိပေမယ့် ရိုင်ဗန်း စတဲ့ သူနာပြုဆရာမလေးတွေရဲ့ မျက်နှာပေါ်မှာတော့ စိုးရိမ်စိတ်ကို မဖုံးကွယ်နိုင်လောက်အောင် အထင်းသား ပေါ်လွင်နေကြတယ်။

ဆရာမကြီး ထယ်ဟီးဆိုရင် ကိုယ့်ကို မရတော့ဘူးယူဆပြီး ဆေးရုံရှေ့က နှစ်ခြင်းဘုရားကျောင်းမှာတောင် ဆုတောင်းပေးနေခဲ့သေးတယ်တဲ့။ ဒါတကယ်တော့ စိုးရိမ်မယ်ဆိုရင်လည်း

www.burmeseclassic.com

စိုးရိမ်လာပါတယ်။ အဲဒီအချိန်မှာ ကိုယ်နဲ့အတူ ဆေးရုံတက်နေရတဲ့ ကျိုက်စကော ဝက်မွေးမြူရေးစခန်းက ဝန်ထမ်းတစ်ဦး ဆုံးသွားခဲ့တယ်လေ။ ပြီးတော့ ကိုယ်တို့စခန်း လုံခြုံရေးမှာ တာဝန်ကျပြီး ငှက်ဖျားဖြစ်လို့ ဆေးရုံလာတက်နေရတဲ့ ဒုရဲအုပ်တစ်ယောက်ပါ ရုတ်တရက်ဆုံးသွားတာ ကြားရပြန်ပါတယ်။ နောက်ပြီး ကျေးရွာတွေက ဆေးရုံလာတက်နေတဲ့ ကလေးတွေ ဆုံးပါးတဲ့သတင်းကလည်း နေ့စဉ်လို ကြားနေရတယ်လေ။

အဲဒီနေ့ ညနေပိုင်းမှာ ကိုယ် အဖျားပိုကြီးလာပြီး သတိမရတစ်ချက် ရတစ်ချက် ဖြစ်လာပါတော့တယ်။ ကိုယ့်စိတ်ထဲမှာလည်း ဆရာမတွေ စိုးရိမ်နေသလို ဒီတစ်ခါ ငါ့အလှည့်များ ဖြစ်နေမလားလို့ သံသယဝင်လာမိတယ်။ အားငယ်စိတ်လည်း ဝင်လာပြီး ကယ်သူမဲ့ဘဝ ရောက်လာနေသလို ခံစားမိတယ်။ လူကလည်း တဖြည်းဖြည်း မောသထက် မောလာပြီး တစ်ခုခု ဖြစ်တော့မလို ထင်နေမိတယ်။ ကိုယ့်ရင်ထဲလည်း အောင့်ပြီး နာကျင်လာတယ်။

ထိုနေ့ည သန်းခေါင်ကျော်ခန့် အိပ်မောကျတုန်း ကိုယ့်တစ်ကိုယ်လုံးမှာ လေပေါ်ကို တဖြည်းဖြည်းမြောက်တက်လာပြီး အခန်းမျက်နှာကြက်အထိ ရောက်လာတယ်။ အောက်က ခုတင်ပေါ်မှာ ငြိမ်သက်စွာ အိပ်မောကျနေတဲ့ ကိုယ့်ခန္ဓာကိုယ်ကို ပြန်လှမ်းမြင်နေရတယ်။ ခဏနေတော့ တစ်ကိုယ်လုံး ပေါ့ပါးလာပြီး အခန်းပြတင်းပေါက်ကနေ ပျံထွက်သွားနေတာ တွေ့ရတယ်။

ပြီးတော့ ကောင်းကင်ပေါ်က အလွန်အားပြင်းတဲ့ သံလိုက်ကြီးနဲ့ ဆွဲစုပ်လိုက်သလို တစ်ကိုယ်လုံး မိုးပေါ်ဆီ အလွန်လျင်မြန်တဲ့ အရှိန်အဟုန်နဲ့ ဝဲပျံပြီး တစ်ရှိန်ထိုးတက်သွားပါတော့တယ်။

မတ္တပီဆေးရုံကြီးဟာ မျက်စိအောက်မှာတင် တရိပ်ရိပ်သေးငယ်သွားရာက မတ္တပီမြို့နဲ့ အနီးပတ်ဝန်းကျင်က တောင်တန်းကြီးတွေပါ သေးငယ်ပျောက်ကွယ်သွားပါတော့တယ်။

ကိုယ့်တစ်ကိုယ်လုံး တိမ်စိုင်တိမ်တိုက်တွေကို ထိုးဖောက်ပြီး လေအလျင်နဲ့ ကောင်းကင်ပေါ်တည့်မတ်စွာ ပျံသန်းနေပါတော့တယ်။ ဘယ်လောက်ကြာအောင် ပျံသန်းနေမိတယ် မသိဘူး။ နန်းတော်လိုလို အချွန်အတက်တွေနဲ့ ဘုံဗိမာန်တစ်ခုရှေ့ ရောက်သွားပါတော့တယ်။

ဘုံဗိမာန်ရှေ့ မုခ်ဦးမှာ ရွှေရောင်ဝင်းဝင်းတောက်နေတဲ့ တံခါးကြီးနှစ်ချပ် ရှိနေပြီး တံခါးကြီးရှေ့မှာ လက်နက်၊ အဝတ်တန်ဆာပလာ အပြည့်အစုံ ဆောင်ထားတဲ့ အစောင့်အရှောက်တွေ တွေ့ရတယ်။

ကိုယ့်ခြေထောက်တွေက အဲဒီ ရွှေရောင်တံခါးကြီးဆီကို တစ်လှမ်းချင်း တိုးပြီး သွားနေလေရာ အဝင်မုခ်ဝရှေ့ ခြေတစ်လှမ်းအကွာအထိ ရောက်နေပါတယ်။ အံ့ဩစရာကောင်းတာက အစောင့်အရှောက်တွေက ကိုယ့်ကို မဟန့်တားတဲ့အပြင် ရွှေရောင်တံခါးကြီး နှစ်ချပ်မှာ အလိုအလျောက်ပွင့်လာပါတယ်။

ကိုယ်တံခါးကြီးက တရွေ့ရွေ့ ဝင်သွားမိတော့ အလွန်တရာလှပခန်းကြယ်တဲ့ အဆောက်အအုံတစ်ခု တွေ့ရတယ်။ အဲဒီအချိန်မှာ ခန်းမကျယ်ကြီး ထိပ်မှာ သလွန်ညောင်စောင်းတွေပေါ်မှာ ရုပ်ရည်သန့်ပြန့်တဲ့ လူကြီးတစ်ဦးနဲ့ အလွန်မြန်မာဆန်တဲ့ အမျိုးသမီးကြီး တစ်ယောက်တို့ လဲလျောင်းနေတာကို တွေ့လိုက်ရတယ်။

ကိုယ်က တဖြည်းဖြည်း ရှေ့တိုးသွားမိပြီး အဲဒီလူကြီးနှစ်ယောက်ကို သေချာကြည့်လိုက်မိတော့ အလွန်အမင်း အံ့အားသင့်သွားမိတယ်။

"ဟင်…ဘိုးဘိုးနဲ့ ဘွားဘွားတို့ ပါလား"

လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားခဲ့ကြတဲ့ ကိုယ့်အဘိုးနဲ့ အဘွား ဖြစ်နေပါတော့တယ်။ ဘိုးဘိုးက ကိုယ့်အသံကြားလို့ လဲလျောင်းနေရာက ထလိုက်ပြီး -

"အလို ငါ့မြေးကြီးပါလား။ ဟ… မင်းဒီကို ဘာလာလုပ်တာလဲကွယော"

ဘိုးဘိုးက မကျေနပ်သံနဲ့ မေးတယ်။ ဘွားဘွားကလည်း -

"အေးဟယ်…မင်းဒီလောက်မြန်မြန် မလာသင့်သေးဘူးလေကွယ်"

အဲဒီအချိန်မှာ ဘိုးဘိုးက နေရာကထပြီး -

"မင်း ငါ့နောက်က လိုက်ခဲ့ လာ"

အဲလိုပြောပြီး…ခန်းမကြီးရဲ့ အနောက်ဘက်ဆီ ခြေလှမ်းကျဲကြီးတွေနဲ့ ခပ်သွက်သွက် ထွက်သွားတယ်။ ကိုယ်က သူ့ကိုမီအောင် ကမန်းကတန်း



www.burmeseclassic.com

www.burmeseclassic.com

ပြေးလိုက်သွားရတယ်။

ဘိုးဘိုးကို ကြာပေါင်းစုံ ဖူးပွင့်ဝေဆာနေတဲ့ ရေကန်ကြီးတစ်ခုရဲ့ ကန်စပ်မှာ လိုက်မိတယ်။ ဘိုးဘိုးက -

"မင်း ကန်အလယ်တည့်တည့်က ပဒုမ္မာကြာဖြူကို တွေ့ရဲ့မဟုတ်လားကွ"

ဘိုးဘိုးက ကန်အလယ်ဆီ လက်ညှိုးထိုးပြရင်း မေးတယ်။ ကိုယ်က ပဒုမ္မာကြာဖြူဆိုတာ ဘယ်ဟာပါလိမ့်လို့ လိုက်ရှာဖွေကြည့်နေမိတယ်။ ကြာပွင့်များကလည်း အရောင်မျိုးစုံဖြစ်နေသည်။

"ဗွမ်း"

ကိုယ့်ရေ့ရေကန်ထဲ ရုတ်တရက် ထိုးကျသွားတယ်။ ဘိုးဘိုး နောက်ကနေ တွန်းချလိုက်တာပါပဲ။ ကိုယ်အတော်အတန်ကူးတတ်ပေမယ့် အခုလို မမျှော်လင့်ဘဲ ဖြုန်းခနဲ တွန်းချခံလိုက်ရတော့ ရေအောက်ထဲ အတော်နက်အောင် နစ်မြုပ်သွားတဲ့အထိ ရေကူးဖို့ သတိမရနိုင်သေး။ ခဏကြာလို့ ရေမွန်းကျပ်ပြီး အသက်ရှူခက်လာတော့မှ သတိဝင်လာပြီး စကူးခပ်မိတယ်။

ဒါပေမယ့် ခန္ဓာကိုယ်က ရေပေါ်ကို တက်မလာဘဲ ရေအောက်ဆီသာ ထိုးဆင်းနေလို့ အသက်ရှူမရတော့ဘဲ အသက်ထွက်တော့မလို ထင်လာမိတယ်။

အဲဒီတုန်း ရန်ကုန်မှာ စောင့်မျှော်ကျန်ရစ်ခဲ့ကြတဲ့ ချစ်ဇနီးအေးနဲ့ သားသမီးသုံးယောက်ရဲ့ မျက်နှာတွေ တဖျတ်ဖျတ် တရိပ်ရိပ် ပေါ်လာကြတယ်။ အားလုံး ကျောင်းနေတုန်းဖြစ်ပြီး လူလားမမြောက်ကြရှာသေးဘူးလေ။ ကိုယ်မရှိရင် ချစ်ဇနီးအေးတစ်ယောက်တည်း ဘဝကို ဘယ်လိုများ ပင်ပင်ပန်းပန်း ရုန်းကန်နေရမှာပါလိမ့်။ တွေးရင်း ရင်ထဲ၊ အသည်းထဲက နက်ရှိုင်းစွာ နာနာကျင်ကျင် အောင့်လာတယ်။

"ဒီ သေလို့မဖြစ်ဘူး။ ငါသေလို့မဖြစ်သေးဘူး"

ဗလုံးဗထွေးနဲ့ အော်ဟစ်မိရင်း ရေပေါ်မရောက်ရောက်အောင် အတင်း ရုန်းကန်ပြီး အားသွန်ကူးခပ်မိတော့တယ်။ အဲဒီတုန်း ကိုယ်ရေပေါ်ပြန်မရောက်နိုင်ဘဲ နစ်ချည်၊ မြုပ်ချည်ဖြစ်နေတာတွေ ရုတ်ခြည်းရပ်တန့်သွားပြီး ပါးစပ်ကနေ ရေတွေ ပလုံစီထွက်လာတယ်။ ပြီးတော့ တစ်ကိုယ်လုံး တဖြည်းဖြည်း မြင့်တက်လာပြီး နားထဲမှာ ထူးခြားတဲ့ သီချင်းသံစဉ်တစ်ခုကို ခပ်သဲ့သဲ့ကြားလာတယ်။ သံစဉ်က ကိုယ်နဲ့ သိပ်မရင်းနှီးလှပေမယ့် အလွန်သာယာနာပျော်ဖွယ်ရှိပြီး နားဝင်ချိုလှတယ်လေ။

ကိုယ့်ပါးစပ်က ရေတွေပလုံစီပြီး ရေပေါ် မြင့်တက်လာလေလေ အဲဒီသာယာဖွယ်သံစဉ်ကလည်း ပိုပြီးနီးလာပြီး ပိုကျယ်လာလေလေ ဖြစ်တယ်။ နောက်ဆုံးတော့ ကိုယ်ရေမျက်နှာပြင်ပေါ် ပြန်ရောက်လာပြီး ပါးစပ်ကလည်း "ရေ···ရေ"လို့ အော်လိုက်မိတယ်။

"ဟော··ထောင်ပိုင်ကြီး သတိရလာပြီ"

အမျိုးသမီးတစ်ယောက်ရဲ့ အသံကြားလို့ ကိုယ်မျက်စိဖွင့်ကြည့်လိုက်မိတော့ ခုတင်ဘေးမှာ စိုးရိမ်တကြီး ရပ်ကြည့်နေကြတဲ့ ဒေါက်တာရီအုပ် ဇနီးမောင်နှံနဲ့အတူ သူနာပြုဆရာမတစ်တွေကို တွေ့လိုက်ရတယ်။ တစ်ချိန်တည်းမှာ ခရစ်ယာန်ဓမ္မသီချင်းကို မတူပီ ချင်းဘာသာနဲ့ သံပြိုင်ရွတ်ဆိုဆုတောင်းပေးနေကြတဲ့ သူနာပြုဆရာမကြီးနဲ့အဖွဲ့ကို လှမ်းမြင်လိုက်ရတယ်။

ဆရာမကြီးက ကိုယ့်ခုတင်ဘေးကို ရောက်လာပြီး ကိုယ့်လက်ကို ဆုပ်ကိုင်ထားရင်း -

"အဖဘုရားသခင်ရဲ့ အလိုတော်အရ ထောင်ပိုင်ကြီး မသေနိုင်တော့ပါဘူးကွယ်"

ကိုယ့်စိတ်ထဲမှာတော့ အဖဘုရားသခင်ရဲ့ အလိုတော်အရ အသက်ပြန်ရှင်လာတာလား၊ ဘိုးဘိုးက လက်မခံနိုင်ဘဲ ပြန်ပို့လိုက်တာကြောင့် တမလွန်က ပြန်ရောက်လာတာလား ဆိုတာကိုတော့ ဒီနေ့ထိ အဖြေရှာမရသေးပါဘူး။

ဒါပေမယ့် လက်တွေ့ကျကျ နားလည်မိတာကတော့ ကိုယ့်ကို ဒီငှက်ဖျားရောဂါနဲ့ မသေလွန်စေဖို့ စေတနာအပြည့်နဲ့ အစွမ်းကုန် ကုသပြုစုပေးလိုက်ကြတဲ့ ဆရာဝန်ကြီးနဲ့ သူနာပြုဆရာမများကြောင့်သာ ဖြစ်ပါလေတယ်ဟူ၍သာ···။

■ ဗဟိုစော

(မှတ်ချက် ။ ကိုယ့်ရဲ့အသက်သခင်ကျေးဇူးရှင်တွေဖြစ်ကြတဲ့ မတူပီ ဆေးရုံအုပ်ကြီး ဒေါက်တာရီအုပ်၊ ဇနီး သူနာပြုဆရာမကြီး ဒေါ်ခင်မာလွင်နှင့် သူနာပြုဆရာမအဖွဲ့ (၁၉၉၅-၉၆)တို့အား ဤဆောင်းပါးနဲ့ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါတယ်။)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဂေါ်လီမလေး တစ်မွေ့ထဲ

မောင်ရွှေစွန်

(ယခင်လမှအဆက်)

မိုးစင်စင်လင်းမှ ဥဒွေး အိပ်ရာမှလန့်နိုးလာသည်။ ညက အိပ်မက်တွေလည်း ဂယောက်ဂယက်မက်သည်။

သူအိပ်ရာမှ နိုးသောအခါတွင် ဒေါ်ဖွားတင်နှင့် ဒေါ်မိမိတို့မှာ ဈေးဝယ်သွားရန် အဝတ်အစားများ လဲလှယ်ပြင်ဆင်ပြီးနေပြီဖြစ်သည်။

"ငါ့တူမကြီး ဈေးထဲကို လိုက်မယ်မဟုတ်လား"

ဒေါ်ဖွားတင်က ပြောလာ၏။ ဥဒွေး ဘာပြန်ပြောရမှန်းမသိ။

"ကျွန်မ မလိုက်တော့ပါဘူး··· အဒေါ်ရယ်"

"ငါ့တူမ စိတ်လန်းသွားအောင် လိုက်ခဲ့ပါလား။ တွေ့ဖူး ကြုံဖူးတာပေါ့"

ဒေါ်မိက ဝင်၍ပြောလာပြန်သည်။

ဥဒွေး မငြင်းချင်တော့။ ဥဒွေး ဗဟုသုတအဖြစ် လိုက်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

ဒေါ်ဖွားတင်၊ ဒေါ်မိမိတို့နှင့်အတူ လိုက်လာခဲ့သည်။ ဒေါ်မိတို့ ဒေါ်ဖွားတင်တို့ ပြောစကားအရဆိုလျှင် မောင်ခိုပစ္စည်းများကို သင်္ဘောနှင့် ယူလာကြသည်။ သင်္ဘောဆိုက်သည်နှင့် ရန်ကုန်မှအစ အနယ်နယ်အရပ်ရပ်က လာရောက်ဝယ်သူများ အလုအယက်ဝယ်ကြသည်ဟု သိရသလိုပင် လူတွေ ကြိတ်ကြိတ်တိုး လှုပ်ရှားနေကြသည်။

ငွေစက္ကူများ အထပ်လိုက်နှင့် ပစ္စည်းတွေ အမျိုးမျိုးနှင့် အလုအယက် လဲလှယ်ယူကြသည်။ လူတွေ၏စိတ်ကို ဥဒွေး ဆန်းစစ်ကြည့်လာသည်။

လူတွေ၏စိတ်သည် အတော့်ကို ဆန်းကြယ်လှပေသည်။ အရောင်အဆင်း အလှအပတို့ကိုမြင်လျှင် စိတ်ကို ချုပ်တီးထားကြခြင်းမရှိ။ သူမရမီ ကိုယ်အရင်ရလိုစိတ်ဖြင့် တိုးခွေ့ပြီး ဈေးမျှပင် မပြောရသေး အထုပ်ကို ဆွဲသူဂ၁ ဆွဲသွားကြသည်။

ဩော်···စီးပွားရေးကို ဤသို့ အလုအယက် ရှာဖွေနေကြသူတွေသာ ချမ်းသာကြမည်ဆိုလျှင် ဆင်းရဲသူ ဆင်းရဲသားဟူသည် ရှိမှုပင် ရှိတော့မည်မဟုတ်။ ယခုတော့ အလုပ်ကိုလည်း အလုအယက်လုပ်နေကြသည်။ မပြည့်မစုံကြသူတွေလည်း များလှသည်။ ဥဒွေး စဉ်းစား၍မရ။

နောက်တော့ ဥဒွေး ကိုကိုရန်ပိုင်ကို သတိရလာမိသည်။ ဤအလုအယက်ကြားထဲတွင် ကိုကိုရန်ပိုင်များ ရှိနေမလား။

ဥဒွေး မျက်လုံးကိုဝင့်၍ ရှာဖွေကြည့်နေမိပြန်သည်။ ကိုကိုရန်ပိုင်ကိုသာ ဥဒွေးတွေ့လိုက်ရလျှင် သူ့အဖို့ သည်ကမ္ဘာပေါ်တွင် အပျော်ဆုံးသောသူတစ်ယောက် ဖြစ်လာမှာပဲလိမ့်မည်။

"ဟဲ့···တူမ ဘာတွေငေးနေတာလဲ။ ဒီပစ္စည်းတွေ ကြည့်ထားဦးနော်"

ဘယ်အချိန်၊ ဘယ်လိုရောက်လာမှန်းမသိ။ ဒေါ်မိ သူ့အနားသို့ရောက်လာသည်။ ပစ္စည်းတွေ တစ်ပုံကြီးကို ဥဒွေးအနီးသို့ ပုံချပေးလာသည်။

ဥဒွေး ပစ္စည်းတွေကိုရပ်ကြည့်ရင်း စောင့်နေသည်။ ဖြတ်သွားဖြတ်လာနေကြသော လူတွေကိုလည်း မျက်ခြည်မပြတ်အောင် ကြည့်နေသည်။ လူတွေအတော်များများကလည်း ဥဒွေးကို ကြည့်ကြည့်သွားကြသည်။

ပစ္စည်းများ ဝယ်ချမ်းပြီးသောအခါတွင် ဒေါ်မိ၊ ဒေါ်ဖွားတင်တို့နှင့် တည်းခိုအိမ်သို့ ပြန်လာခဲ့ကြ၏။

ပစ္စည်းများ ရပြီဖြစ်သောကြောင့် ရန်ကုန်သို့ပြန်ရန် စီစဉ်ပြီးကြောင်း ဒေါ်မိက ပြောပြလာသည်။

ဥဒွေး ရင်ထိတ်သွားရပြန်၏။ ရန်ကုန်သို့ပြန်လာသောအခါ မိမိ၏ ရှေ့ရေးအခြေအနေမှာ ဘယ်လိုဖန်တီးလာလိမ့်ဦးမလဲဟု တွေးမိလာရ၏။ သည်။ တကယ်ဆိုတော့ တွေးသာပေ့ရသည်။ သူ့အတွေးမှာ မရေမရာ မသေချာလှပါချေ။

www.burmeseclassic.com

ထည်းခိုအိမ်ရောက်ပြီး ပစ္စည်းများ ထုပ်ပိုးပြင်ဆင်ကြသည်။ ဦးထွေးမှာ ထိုပစ္စည်းများကို ဘယ်လိုများလုပ်၍ သယ်ယူကြမည်ကို မသိမသိုင် တွေးမိလာသည်။

ရထား ဆင်းခဲ့ကြ၏။ ရထားပေါ်သို့ ရောက်သည်နှင့် ဒေါ်မိမှာ ပစ္စည်းများကို ဟိုတစ်နေရာနည်းနည်း၊ ဒီတစ်နေရာနည်းနည်း ဖြန့်၍ထားသည်။ ဦးထွေးထိုင်ခုံအောက်တွင်လည်း တချို့တစ်ဝက် ထားလိုက်သေး၏။

ဦးထွေးအား လက်ဆွဲသားရေအိတ်တစ်လုံးကို ကိုင်ထားရန် ပေးလာသည်။ ဦးထွေး လက်ဆွဲအိတ်ကို [illegible] ယူရင်း ဆကြည့်လိုက်၏။ အတော့်[illegible] လေးသည်။ အထဲတွင် ဘာတွေများ [illegible] လိမ့်မလဲမသိ၊ သိတော့သိချင်နေသည်။ သို့သော် ဦးထွေးမမေးရဲချေ။

ရထား ထွက်လာသောအခါတွင် ရထားပေါ်မှလူများကို ကြည့်[illegible]သည်မှာ ကျီးကန်းတောင်းမှောက် ဟိုဟိုသည်သည်သို့ မျက်လုံး[illegible]။ မျက်[illegible]ပြူးနှင့် ကြည့်နေကြပြန်သည်။ ရထား [illegible] နေသွားတိုင်း ပြူတင်းပေါက်မှ ခေါင်းများ ပြူ၍ကြည့်ကြလေ၏။

ရထားကား လူပြေးနှုန်းသာသာမျှသော အရှိန်နှင့် ခုတ်မောင်းနေ၏။

ထိုအချိန်တွင် "ရှီ"ခနဲ လေချွန်သံတစ်သံကို ကျယ်ကျယ်လောင်လောင် ကြားလိုက်ရ၏။ ၎င်းလေချွန်သံနှင့် မရှေးမနှောင်းခင်မှာပင် လေချွန်သံဝ ရှီ ရှီနှင့် ကြားလာရတော့သည်။ အခြေအနေကို ဘာမှနားမလည်သော ဦးထွေးမှာ လူတွေ တလှုပ်လှုပ်တရွရွ ဖြစ်သည်ကို ကြည့်ပြီး ဘာမှန်းမသိဘဲ ငေးကြည့်နေမိသည်။

"ဟဲ့...တူမ၊ ညည်းအောက်က ပစ္စည်းတွေ ပေးပေး"

ဒေါ်မိက အရေးတကြီး လှမ်းပြောလာသည်။ ဦးထွေး ဘာမှပြန်မပြောအား၊ သူ့ခုံအောက်ဘက်တွင်ရှိသော သားရေအိတ်ကိုဆွဲပြီး ဒေါ်မိကိုပေးလိုက်သည်။ ဒေါ်မိမှာ ကမျာကရာအိတ်ကိုဆွဲယူပြီး ထိုင်နေရာမှထသွားလေသည်။ ဒေါ်မိ ဘယ်ကိုသွားပါလိမ့်ဟု ဦးထွေး ငေးကြည့်နေမိပြန်သည်။

ဒေါ်ဖွားတင်၏ ခန္ဓာကိုယ်မှာလည်း ကြည့်ရင်းကြည့်ရင်း လေမှုတ်ပေါင်းများကဲ့သို့ တစ်ခဏအတွင်း၌ ဝတုတ်သော ခန္ဓာကိုယ်ကြီးအဖြစ်သို့ ရောက်လာ၏။ ထိုအချိန် ဒေါ်မိလည်း သူတို့အနီးသို့ ပြန်ရောက်လာသည်။ ဒေါ်မိခန္ဓာကိုယ်မှာလည်း မယုံကြည်နိုင်လောက်အောင် ဝဖြိုးလာပြန်သည်။

ဦးထွေး ဘာဆိုဘာ[illegible] နားမ[illegible]သည့်အောင် ဖြစ်နေရသည်။

"တူမရေ...ညည်းလက်ထဲက ပစ္စည်း[illegible]ကိုတော့ ညည်းနဲ့ မကွဲမကွာ ကိုင်ထားနော်"

ဒေါ်မိက သူ့နေရာတွင်ပြန်ထိုင်ရင်း ဦးထွေးကို လှမ်းပြောလိုက်သည်။ ဦးထွေးမှာ ဒေါ်မိ၏စကားကို ခေါင်းညိတ်ပြလျက် အသိအမှတ်ပြုလိုက်သည်။

ထိုခဏအတွင်းမှာပင် ရထားသည် တစ်နေရာ၌ အရှိန်သတ်လျက် တဖြည်းဖြည်းချင်း ရပ်တန့်သွားလေသည်။ ရထားရပ်သည့်ခဏလေးမှာပင် အဝီစိက ထပွက်သကဲ့သို့ ဆူဆူညံညံ အသံတွေထွက်လာသည်။ လူတွေ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

"ရှာဖွေရေးတွေတဲ့ဟေ့..."

ဘယ်သူက [illegible]သံကျယ်ကျယ်နဲ့ အော်ဟစ်လိုက်သည်မသိ၊ ရှာဖွေရေးဆိုသော အသံတစ်ခု ထွက်ပေါ်လာသည်။ ရှာဖွေရေးဆိုသည်မှာ ချိန့်လား၊ အမြီးနဲ့လား၊ အမောက်နဲ့လားဟူ၍ ဦးထွေး တစ်ခါမှ မတွေ့ဖူးပါလျက် ဦးထွေးသည် သတင်းစာများထဲတွင်လည်း ကောင်းကြားဖူးနားဝရှိသည်က တစ်ကြောင်း၊ ကြောင့် မိမိထံတွင်ရှိနေသော သားရေအိတ်ကို မလိုမလဲဖြစ်လာသည်။ ထိုပစ္စည်းတွေနှင့် လက်ပူးလက်ကြပ်မိလိုက်လျှင် မိမိ၏ဓာတ်ပုံနှင့် သတင်းစာထဲတွင် သတင်းပါလာလျှင် မိမိ၏ဖခင် ဂုဏ်သိက္ခာကျသွားတော့မည်။ မိ[illegible] ဖြစ်သူက ဗိုလ်ဗိုလ်၍ မိမိအား ပြောစရာတွေ ရ[illegible]တော့မည်။

"အဒေါ်"

ဦးထွေးမှာ ဒေါ်မိကိုလှမ်းခေါ်လိုက်၏။ ပြီးမှ ဒေါ်မိတို့၏မျက်နှာများကို ကြည့်လိုက်ပြီး မိမိအား တူမတစ်ယောက်ကဲ့သို့ စောင့်ရှောက်လာသော ဒေါ်မိတို့၏ ကျေးဇူးများကို ပြန်ငဲ့သလို တွေးမိလာပြန်သည်။ သို့ကြောင့် သူ၏လက်ထဲမှ သားရေအိတ်ကိုပြန်ပေးရန် ရည်ရွယ်ပြီးမှ ဘာစကားမှ ဆက်မပြောတော့ဘဲ အသာပင် ငြိမ်နေလိုက်၏။

"တူမကြီး ဘာပြောမလို့လဲဟင်"

"ဩော်...ဘာမှမဟုတ်ပါဘူး။ ရှာဖွေရေးတွေလာရင် ဘာပြောရမလဲလို့"

ဦးထွေးစကားကြောင့် ဒေါ်မိ စိတ်



www.burmeseclassic.com

www.burmeseclassic.com

ရှုပ်သွားဟန်တူ၏။ ခေါင်းကိုကုတ်လိုက်ပြီး -

"ငါ့တူမကို ဒီလမ်းမှာ သူတို့တွေ့ဖူးတာမဟုတ်တော့ ဘာမှပြောကြမှာမဟုတ်ပါဘူးကွယ်"

ဒေါ်မိမှာ ပြီးလွယ်စီးလွယ် ဖြေလိုက်သည်။ ဒါကို ဥတ္တေးသိပ်မကျေနပ်ပါ။ ရှာဖွေရေးဆိုသည်က သူ၏တာဝန်ကို သူကျေပွန်အောင် ရှာမည်သာဖြစ်သည်။ အကယ်၍များ ရှာတွေ့သွားခဲ့ပါလျှင် သူ့အပေါ်တွင် ဥပဒေအတိုင်းဆောင်ရွက်ကြလိမ့်မည်။ ဤအခါတွင် ဥတ္တေးဘက်က မည်သူမည်ဝါသည် ရပ်လာလိမ့်မည်နည်း။

ဒါကိုတော့ ဥတ္တေးတွက်မိသည်။ ထို့ကြောင့် သူ့ကိုပေးထားသော သားရေအိတ်ကို သူ၏ပခုံးအောက်သို့ ပြောင်းရွှေ့ထားလိုက်သည်။ ထိုအခြေအနေကို ဒေါ်ဖွားတင်က တွေ့သွားသည်။

"ဟဲ့ ဟဲ့ အဲသလိုမထားနဲ့လေ"

"အို…အဒေါ်ကလည်း ကျွန်မလက်ထဲကမိသွားရင် ကျွန်မ ဘယ်လိုလုပ်ရမလဲ"

"မမိပါဘူးအေ"

"အဒေါ်တို့က မမိပါဘူးအေလို့သာပြောတယ်။ မိသွားတော့ ခံစရာရှိရင် ကျွန်မပဲခံရမှာ"

ဥတ္တေးက မခံတော့။ ဒေါ်မိတို့ကြောင့် မိမိဘဝနစ်မွန်းခံရမည့် အခြေအနေမျိုး ဥတ္တေးမလိုလားတော့ချေ။ ဥတ္တေးအနေနှင့် ဒေါ်မိတို့ကျေးဇူးကို မသိတတ်၍တော့ မဟုတ်ချေ။ သိပါချေသည်။ ကျေးဇူးလည်းတင်ပါသည်။ သို့သော် ဥပဒေနှင့်ငြိစွန်းသော မိမိနှင့်မ ပတ်သက်သော မှောင်ခိုပစ္စည်းများအတွက် မိမိအဖမ်းမခံချင်ပါ။

ဥတ္တေးစကားကြောင့် ဒေါ်မိရော၊ ဒေါ်ဖွားတင်ပါ မျက်လုံးပြူးသွားကြသည်။ သူတို့၏ လိုက်လျောမှုများကို ဥတ္တေးသည် ပြန်နင်း၍မကြည့်တော့။ ဥတ္တေးကို သိမ်းသွင်း၍ မရတော့မှန်း သိလာကြ၏။

ထိုအချိန်မှာပင် ဥတ္တေးတို့တွဲနစ်ဖက်သို့ ရှာဖွေရေးများ တက်လာသည်။ အားလုံး ငါးယောက်၊ ခြောက်ယောက်ခန့်ရှိမည်။

ဥတ္တေးသည် ထိုလူများကိုကြည့်ပြီး အတော့်ကို ကြောက်ရွံ့နေသည်။ တစ်ယောက်ပြီး ,တစ်ယောက်ကို စစ်သွား၏။ အကျီစများ၊ ထဘီစများ၊ အချိုမှုန့်များကို ရထားတွဲပေါ်မှ သူတွေ့သိက တစ်ယောက်ပြီးတ[illegible]က် စစ်ဆေးဖြစ်[illegible]ီးကြသည်။

ဒေါ်ဖွားတင်နှင့် ဒေါ်မိတို့ကိုလည်း စစ်ဆေး၏။ အမျိုးသမီးရှာဖွေရေးသမားက ဒေါ်မိနှင့်ဒေါ်ဖွားတင်ကို အိမ်သာအတွင်းသို့ခေါ်သွားပြီး ရှာဖွေနေသည်။ ကျန်ရှာဖွေရေးသမားများက ဥတ္တေးကို လှမ်းကြည့်နေသည်။

"အဲဒီသားရေအိတ် ဘယ်သူ့ဟာလဲ"

ရှာဖွေရေးသမားတစ်ဦးက မေးလာသည်။ ဥတ္တေး ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ။ အတော်ကလေးကြာအောင် ရှာဖွေရေးသမားများအား ငေးကြည့်နေသည်။ သူ့အိတ်ပါလို့ ပြောလိုက်ရမလား။ သူ့အိတ်မဟုတ်ပါဟု ငြင်းဆန်လိုက်ရလေမလား ဝေခွဲ၍မရ။ ဥတ္တေး၏ ကြောင်တက်တက်အမူအရာကို တွေ့နေကြသော ရှာဖွေရေးသမားတို့မှာ စိတ်မရှည်နိုင်တော့။ အိတ်ကို ဆွဲယူလိုက်ကြသည်။

"ဆရာရေ…ဟောဒီမှာ"

ရှာဖွေရေးအဖွဲ့ဝင် အမျိုးသမီးနှစ်ဦးက လှမ်းခေါ်လိုက်သည်။ ထိုအသံကြားရာသို့ ဥတ္တေးပါ ရောယောင်၍ လှမ်းကြည့်လိုက်မိ၏။ ဒေါ်ဖွားတင်ရော၊ ဒေါ်မိရော မူလ မော်လမြိုင်လာစဉ်က ကဲ့သို့သော ခန္ဓာကိုယ်ဘဝမှန်သို့ တစ်မဟုတ်ချင်း ပြန်ရောက်သွားကြရုံမက ရှာဖွေရေးအမျိုးသမီး၏ လက်ထဲတွင် အဖိုးတန်ပိတ်စရည်ကြီးများကို အထပ်လိုက်၊ အလိပ်လိုက် တွေ့လိုက်ရ၏။ ရှာဖွေရေးသမားနှစ်ဦးသည် ဥတ္တေးနားမှဆွဲယူသော လက်ဆွဲအိတ်ကို ပြန်ပစ်ချပေးခဲ့ပြီး ဒေါ်မိနှင့် ဒေါ်ဖွားတင်တို့နှစ်ဦးအနီးသို့ရောက်သွားကြတော့သည်။

ဒေါ်မိနှင့် ဒေါ်ဖွားတင်မှာ ဥတ္တေးထံသို့ သားရေအိတ် ပြန်ရောက်သွားသည်ကို တွေ့လိုက်ရသောအခါ တိတ်တခိုးသက်ပြင်းရှည်ကို ချလိုက်ကြသည်။

တွဲတစ်တွဲလုံး ရုတ်ရုတ်သည်းသည်းဖြစ်သွားပြီး ငြိမ်သက်သွား၏။ ဒေါ်မိ၊ ဒေါ်ဖွားတင်အပါအဝင် လူ သုံးလေးငါးယောက်ကို ရှာဖွေရေးသမားများက သူတို့နှင့်အတူ ခေါ်ဆောင်သွားကြလေသည်။ ဥတ္တေးတစ်ယောက်တည်း ဘာလုပ်ရမည်၊ ဘယ်လိုဆက်သွားရမည်ကိုတွေး၍ မရအောင် စိတ်လှုပ်ရှားနေမိလေသည်။

ရထားကား ဥသြရှည်ဆွဲ၍ ဆက်လက်ထွက်ခွာခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်တွင်မှ ဦးထွေးသည် သားရေအိတ်ကလေးဆီသို့ မျက်စိရောက်သွားတော့၏။ အိတ်ကလေးကို ဆွဲယူလိုက်ပြီးမှ ယူရကောင်းနိုးနိုး၊ မကိုင်ဘဲ လွှတ်ထားရကောင်းနိုးနိုးနှင့် စိတ်ဝေခွဲ၍မရလောက်အောင် လှုပ်လှုပ်ရှားရှား ဖြစ်နေလေသည်။

"ငါ့တူမနဲ့ပါလာတဲ့ အဒေါ်ကြီး နှစ်ယောက်တော့ ဒုက္ခပဲနော်"

အနားတွင် ထိုင်လျက်ပါလာသော အမျိုးသမီးတစ်ယောက်က ဦးထွေးကို လှမ်းပြောလိုက်သည်။ ဦးထွေးခမျာ ဘာမှပြန်မပြောဘဲ မပွင့်တစ်ပွင့် အားနည်းလှစွာသော အပြုံးမျိုးနှင့် ခေါင်းညိတ်ပြလိုက်လေသည်။

ရထားကား တရွေ့ရွေ့နှင့် ခုတ်လာခဲ့သည်မှာ ၁၂ ဘာပေါင်းများစွာကို ပင် ဖြတ်သန်းကျော်လွန်လာခဲ့လေပြီ။ ရန်ကုန်သို့တစ်ခေါက် ချောချောမောမော ပြန်လည်ရောက်ရှိလာခဲ့လေပြီ။

ဦးထွေးလည်း အခြားသောလူများ ကဲ့သို့ပင် ဘူတာရုံအတွင်းမှ အပြင်ဘက်သို့ ထွက်လာခဲ့သည်။ ဘူတာ အပြင်ဘက်သို့ ရောက်လာသောအခါ အငှားကားသမားများ၊ သုံးဘီးသမားများက ရထားပေါ်မှဆင်းလာသော ခရီးသည်များကို ဘယ်သို့သွားမလဲဟု မေးသူတွေက မေးကြသလို တောင်ဥက္ကလာ၊ မြောက်ဥက္ကလာသို့ ရောက်မည်ဟု ခေါ်သည့်သူက ခေါ်နေကြသည်။ ဦးထွေးကို မေးကြလေသည်။

ဦးထွေး ဘယ်ကိုသွား၍ ဘယ်သူ့ဆီသို့ သွားရမည်မှန်းမသိ။ ပြီးတော့ ဘယ်နေရာသည် ဘယ်မှာရှိ၍ ဘယ်ကိုသွားလျှင် ဘယ်သို့ရောက်မည်ကိုလည်း မသိ။ တွေးလေလေ သွားစရာမရှိလေလေ ဖြစ်လာသည်။

နောက်ဆုံး ဦးထွေး ရန်ကုန်ဘူတာကြီးအပြင်ဘက်ရှိ မြက်ခင်းပြင် အုတ်ခုံကလေးများဆီသို့ လျှောက်လာခဲ့သည်။ ဘာလုပ်ရရင် ကောင်းမလဲဟု စဉ်းစားနေမိသည်။

ထိုအချိန် သူ့လက်ထဲမှ မှတ်ပုံတင်ကလေးကို အသာဖြန့်ကြည့်လိုက်သည်။ ထိုမှတ်ပုံတင်ကလေးထဲတွင်ပါလာသော လိပ်စာကလေးကို သူဖတ်ကြည့်လိုက်သည်။

"အမှတ်(၂၅၃၀) အင်းဝလမ်း၊ ၆ ရပ်ကွက်၊ တောင်ဥက္ကလာပ"

ဦးထွေး ဆုံးဖြတ်ချက်ချလိုက်သည်။ ထိုလိပ်စာအတိုင်း သူသွားမည်။ ဒေါ်မိနှင့် ဒေါ်ဖွားတင်တို့ အကျိုးအကြောင်းကို ပြောပြမည်။ သူ့လက်ထဲတွင်ပါလာသော ပစ္စည်းများကို ပေးခဲ့မည်။ ပြီးတော့ အဲဒီအိမ်မှာပဲ တစ်ည အိပ်ရလျှင် အဆင်ပြေနိုင်ပေသည်။ သို့သော် သူ့လက်ထဲ၌ရှိသော ပစ္စည်းများမှာ မည်သည့်ပစ္စည်းတွေဖြစ်ကြောင်း ဦးထွေး သိချင်လာသည်။ သားရေအိတ်ဇစ်ကို အသာဆွဲကြည့်လိုက်၏။ အတွင်း၌ အဝတ်စား တစ်ထည်၊ နှစ်ထည်ကို တွေ့ရသည်။ ၎င်းအဝတ်အစားများ အောက်ဘက်၌ အချိုမှုန့်ထုပ်များကို တွေ့ရ၏။

ဦးထွေး အပြင်ဘက်ခု အိတ်ကလေးကို အသာကြည့်လိုက်ပြန်၏။ ငွေစက္ကူငါးကျပ်တန် အသစ်ကလေးများကို လက်ကိုင်ပုဝါကလေးဖြင့် ထုပ်ထားသည်ကို တွေ့ရ၏။ ငွေစက္ကူများကို ထုတ်ယူ၍ ရေတွက်ကြည့်သည်။ အားလုံး တစ်ရာငါးဆယ်ကျော်ကျော်ရှိသည်။ ဦးထွေး ထိုငွေများကို ကိုင်ကြည့်နေရင်း တစ်စုံတစ်ခုကို စဉ်းစားမိလာသည်။

"ဒီပစ္စည်းတွေ သွားပေးတဲ့အတွက် ငါ့ကို ကျေးဇူးတင်ပါတယ်ဆိုတာကလွဲပြီး ဘာမှခံစားရမှာမဟုတ်ဘူး။ ဒီငွေတွေတော့ ငါတချို့ဖာစ်ဝက်ယူလိုက်မယ်။ ပစ္စည်းတွေတော့ ပေးလိုက်မယ်။ အိုသူများငွေကို မသိဘဲယူတာ ခိုးတာနဲ့ ဘာထူးသေးလဲ၊ ငါမယူပါဘူးလေ။ ဒါပေမယ့် လမ်းစရိတ်တော့ သူတို့ငွေထဲကပဲ သုံးရင် သုံးရမှာပဲ"

ဦးထွေးသည် တစ်ယောက်တည်း ချိတုံချတုံ အမျိုးမျိုး တွေးနေမိလေသည်။ နောက်ဆုံးတွင် တောင်ဥက္ကလာပကိုသာ သွားရန်ဆုံးဖြတ်လိုက်မိသည်။

သုံးဘီးကားများ စီတန်းရပ်ထားရာသို့ မယောင်မလည် လျှောက်လာခဲ့သည်။ သုံးဘီးကားသမားများက သူတို့သွားမည့်နေရာသို့ အော်ဟစ်ခေါ်နေကြပြန်သည်။

"တောင်ဥက္ကလာ • • •တာမွေ၊ ကျောက်မြောင်း"

"တောင်ဥက္ကလာကို ဘယ်လောက်ပေးရမလဲ"

"ဘာပစ္စည်းတွေ ပါသေးလဲ"

"ဘာမှမပါဘူး ဒီအတိုင်းပါပဲ"

"ဥက္ကလာ ဘယ်ရပ်ကွက်လဲ"

"ဥက္ကလာ ၆ ရပ်ကွက်၊ အင်းဝလမ်းပါ"

"အင်းဝလမ်းကို ရောက်မယ်လေ ရှစ်ကျပ်ပေးပါ"

www.burmeseclassic.com

"မများဘူးလား"

"ဟုတ်ပါတယ်။ ကျွန်တော်တို့ကလည်း လမ်းသင့်လို့ လိုက်ပို့ရတဲ့အတွက် ဒီလောက်တောင်းတာပါ။ တစ်ယောက်တည်းသက်သက် လိုက်ပို့ရရင် ဆယ့်ငါးကျပ်မရဘဲ မပို့နိုင်ဘူးဗျ"

ဥတွေး ငြင်းမနေတော့။ ဈေးလည်းဆစ်မနေတော့။ မှောင်လည်း မှောင်တော့မည်။ သို့နှင့် ဘာမှမပြောဘဲ ကားကလေး၏နောက်ပိုင်းတွင် ဝင်ထိုင်လိုက်သည်။ ပြီးတော့ သူ့ဘဝဘယ်လိုများဆက်၍ ဖန်တီးလာလေဦးမလဲဟု မရဲတရဲတွေးနေမိပြန်သည်။

မနေ့လေးက ဥတွေးသည် ရန်ကုန်မြို့၏ လမ်းမတစ်နေရာတွင်လည်း ညအိပ်ခဲ့ရဖူးလေပြီ။ သူစော်ကောင်းတစ်ယောက်နဲ့တွေ့၍ တစ်ည အေးအေးဆေးဆေးအိပ်ခဲ့ရသလို အမှတ်မထင် မော်လမြိုင်သို့လည်း ရောက်ခဲ့သည်။ ယခု တောင်ဥက္ကလာပဆိုသော သူမကျွမ်းကျင် မရောက်ဖူးသေးသော မြို့သစ်တစ်ခုသို့ ရောက်ရပေဦးတော့မည်။

လူများတင်ပြီးသောအခါ သုံးဘီးကားမှ ရန်ကုန်ဘူတာကြီးမှ ထွက်လာခဲ့၏။ အောင်ဆန်းကွင်းနံဘေးမှဖြတ်၍ မောင်းလာသည်။ နောက်တွင် သိမ်ဖြူဈေးရှေ့ရှိ လမ်းမကြီးအတိုင်း ချိုးကွေ့မောင်းနှင်လာခဲ့သည်။ ၎င်းမှ အတော်ကလေး မောင်းနှင်လာခဲ့ရာ ကျောက်မြောင်းဈေးအနီးတွင် လူတစ်ယောက်က ဆင်းမည်ဆိုသဖြင့် ရပ်ပေးလိုက်သည်။ ဥတွေးမှတ်ထားသည်။ ကျောက်မြောင်းဈေး။ ဆက်၍ထွက်လာခဲ့၏။ ၎င်းမှ တာမွေအဝိုင်းကြီး။ ၎င်းနောက်ခရီးအတော်များများကိုဖြတ်ကာ အတော်ကလေးမောင်းနှင်လာသောအခါတွင် တောင်ဥက္ကလာပသို့ ဝင်ရောက်ခဲ့လေပြီ။ တောင်ဥက္ကလာအတွင်းသို့ ရောက်ခဲ့ပြီး တစ်နေရာ၊ နှစ်နေရာတွင် ရပ်နားပေးပြီး လူတွေဆင်းကြသည်။ ဥတွေးတစ်ယောက်တည်းသာ ကားပေါ်တွင် ကျန်တော့၏။

ဥတွေးမှာ မိမိတစ်ယောက်တည်း ကျန်တော့မှ အမျိုးမျိုးတွေးကာ စိတ်ထဲက ကြောက်ရွံ့လာသည်။ သတင်းစာတွေထဲ၌ သူ မကြာခဏဖတ်ဖူးသည်။ သုံးဘီးကားသမားက ခရီးသည်၏ပစ္စည်းများကို ယူချင်၍ လူကို မှောင်ရိပ်သို့ခေါ်သွားပြီး ဓားနဲ့ထိုးခြင်း။ မိန်းကလေးတစ်ယောက်တည်းဆိုလျှင် မတော်မတရားကျင့်ကြံစည်ခြင်း။ ဥတွေး၏ခေါင်းထဲ၌ ထိုအကြောင်းအရာတွေက ရစ်ဝဲရစ်ဝဲ ဝေ့လယ်နေ၏။

"ညီမလေး (၆)ရပ်ကွက် ဘယ်ဘက်လောက် ရောက်သလဲ"

သုံးဘီးကားသမားက ဥတွေးကို လှမ်းမေးနေသော်လည်း ဥတွေးမကြားမိ။ သူ့ခါးကြားထဲမှ ခလုတ်နင့်ဓားကလေးကိုသာ သူ၏လက်ကလေးနှင့် တစမ်းစမ်းလုပ်နေမိသည်။

သုံးဘီးကားအရှိန်က ရပ်သွားသည်။ ဥတွေး ပတ်ဝန်းကျင်ကို မျက်လုံးပြူးမျက်ဆံပြူးနှင့် အကဲခတ်ကြည့်လိုက်သည်။ ဘတ်စ်ကားများ ဥဒဟိုဖြတ်သန်းသွားလာနေသည်ကို ဥတွေးသတိပြုလာမိသည်။ ဤကဲ့သို့ လူသွားလူလာများပြားသော နေရာမျိုး၌ ကားရပ်ပြီး မိမိအား အနိုင်ကျင့်လိမ့်မည်မဟုတ်ကြောင်း ဥတွေးတွေးမိ၏။ သို့သော် စိတ်ကိုနိုင်နိုင်ထားပြီး မိမိအပေါ်တွင် စော်ကားမော်ကား လုပ်လာလျှင်တော့ မိမိ၏အရှက်ကို အသက်ချင်းလဲ၍ ကာကွယ်ရန် ဆုံးဖြတ်ထားလိုက်ပြီးဖြစ်သည်။

"ညီမလေး အင်းဝလမ်းတော့ ရောက်ပြီ။ အထဲကို ဝင်ပေးရမှာလား"

သုံးဘီးကားသမားက ဥတွေးကို ကြည့်လျက် မေးလာသည်။ သုံးဘီးကားသမားကို ဥတွေး အကဲခတ်ကြည့်သည်။ သူ့အပေါ် ဆက်ဆံမှုမှာ ရိုးရိုးသားသား၊ တည့်တည့်ကြည့်ကြည့် ဆက်ဆံနေခြင်းဖြစ်ကြောင်း တွေ့ရလေသောအခါ သက်ပြင်းကလေးကို မသိမသာ ချလိုက်လေသည်။

"နံပါတ်က နှစ်ထောင့်ငါးရာကျော်ဆိုတော့ ဘယ်ဘက်လောက် ရောက်မလဲရှင်"

ဥတွေးသည် သုံးဘီးသမားအား ယုံယုံကြည်ကြည် စိတ်ချသွားသည်။ ဒါကြောင့်ပင် မိမိသွားလိုသော နေရာကို ပြန်၍မေးလိုက်သည်။ ထိုစကားကို ကြားရသောအခါ သုံးဘီးသမားက ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်သည်။ ပြီးတော့ ကားရှေ့ခန်းကိုပြန်ထိုင်ပြီး ကားစက်နှိုးကာ ကားကို ရှေ့ဆက်မောင်းလာခဲ့၏။ ပြီးတော့ ရပ်ကွက်လမ်းချိုးတစ်ခုထဲသို့ ချိုးကွေ့ဝင်လိုက်သည်။

"ကဲ . . . ငါ့ညီမရေ ဒီဘက်ကတော့ အိမ်နံပါတ်ကြီးကြီးတွေပဲ။ ဒီက ဆင်းပြီး မေးကြည့်ပေါ့"

သုံးဘီးကားသမား ပြောသည့်



www.burmeseclassic.com

www.burmeseclassic.com

အတိုင်း ဥဒွေး ကားပေါ်မှသွက်လက်စွာ ဆင်းလိုက်တော့၏။ သုံးဘီးကားခငွေကို ထုတ်ပေးကာ မိမိမရောက်ဖူးသောလမ်းထဲသို့ ဝင်လာခဲ့သည်။ ဆေးလိပ်ဆိုင်ကလေးတစ်ဆိုင်ကို ဥဒွေးဝင်၍ စုံစမ်းကြည့်သည်။

"အော် မိချောတို့အိမ်လား။ ဒီက တည့်တည့်သွား။ ရှေ့မှာ ဖြတ်လမ်းလေးတစ်ခု တွေ့လိမ့်မယ်။ အဲဒီလမ်းကို ကျော်လိုက်ပြီး သုံးအိမ်ကျော်ကအိမ်ပဲ ကလေးမ"

ဆေးလိပ်ဆိုင်မှ မိန်းမကြီးတစ်ဦးက ဥဒွေးကို သေသေချာချာ ကျကျနန ညွှန်ပြလိုက်၏။ ဥဒွေးရင်ထဲမှအလုံးကြီး အခုမှ "ဟင်း"ချနိုင်တော့သည်။ မိမိမျှော်လင့်လာသူ၏အိမ်မှာ သိပ်မဝေးတော့ကြောင်း ဥဒွေး နားလည်ထားလိုက်လေပြီ။

တရွေ့ရွေ့ တစ်လှမ်းချင်းလျှောက်လှမ်းလာခဲ့ရာ ဆေးလိပ်ဆိုင်မှ မိန်းမကြီး ညွှန်ပြလိုက်သော အိမ်ရှေ့သို့ ရောက်ခဲ့လေပြီ။ မှောင်ကလည်း မှောင်နေပြီဖြစ်သည်။ သို့သော် မတတ်နိုင်ချေ။ ပါးစပ်ပါလျှင် မေးရပေမည်။ မေးပါများ စကားရဆိုသော ထုံးကို နှလုံးမူရပေတော့မည်။

"ဒါ မချောတို့အိမ်လားရှင်"

ဥဒွေးမှာ အိမ်အဝင်ဝ ခြံစည်းရိုးကလေးနားတွင်ကပ်လျက် အိမ်အတွင်းဆီသို့ လှမ်းမေးလိုက်သည်။ အိမ်ထဲက ကလေးမလေးတစ်ယောက် ထွက်လာ၏။

"မချောတို့အိမ်ပါ။ ဝင်ပါရှင်"

ဥဒွေးသည် အတိုင်းမသိ ဝမ်းသာသွားသည်။ မိမိ အမျှော်လင့်ကြီး မျှော်လင့်ထားချက်များဖြင့် ပြည့်ဝရပေတော့မည်။

ဥဒွေး အိမ်အတွင်းသို့ လှမ်းဝင်လာခဲ့သည်။ အိမ်ကပြင် ဖိနပ်ချွတ်တွင် ရပ်နေလိုက်သည်။ ထိုအချိန်တွင် သူနှင့် သက်တူရွယ်တူခန့်ရှိမည်ဟု ယူဆရသော ဒေါ်ဖွားတင်၊ ဒေါ်မိတို့ပြောသည့်အတိုင်း မိမိနှင့် ခတ်ဆင်ဆင်တူသော မိန်းမရွယ်တစ်ယောက်က သူနှင့်ထွက်တွေ့သည်။

"ကျွန်မ ချောပါ"

"ဩော် . . . ဟုတ်ကဲ့၊ ကျွန်မ နာမည် ဥဒွေးပါ"

"ထိုင်ပါဦးရှင် ဘာကိစ္စရှိပါသလဲ"

မိချောက ဥဒွေးကို အိမ်တွင်းသို့ ခေါ်သည်။ ဥဒွေး အိမ်ထဲသို့ ဝင်ထိုင်လိုက်သည်။

"ဥဒွေး အဒေါ်ကြီးဒေါ်မိတို့နဲ့ မော်လမြိုင်ကို ပါသွားပါတယ်ရှင်"

"ဟုတ်ကဲ့၊ ဒါနဲ့ ဒေါ်ဒေါ်တို့ကော တစ်ခါတည်း ပါမလာခဲ့ဘူးလား"

"အဲဒီအကြောင်းလည်း ပြောရင်း ဥဒွေးအတွက်လည်း အကူအညီတောင်းရင်း မမဆီလာခဲ့တာပါ"

ဥဒွေး၏စကားကို ကြားလိုက်ရသောအခါ မိချောက ဥဒွေးကို တစ်ချက်မျှ အကဲခတ်ကြည့်လိုက်၏။

"ဒေါ်ဒေါ်တို့ နှစ်ယောက်ကတော့ ရှာဖွေရေးတွေတွေလို့ အဖမ်းခံနေရတယ်။ ဥဒွေးတော့ လွတ်လာပါတယ်"

"ဟင် . . . ဒေါ်ဒေါ်တို့ အဖမ်းခံရတယ်"

"ဟုတ်ပါတယ် မမ။ ဥဒွေးနဲ့ ဒီအိတ်တစ်လုံးတော့ လွတ်လာခဲ့ပါတယ်။ အဲဒီပစ္စည်းတွေ ဥဒွေး အခုလာပေးတာပါ။ ဒီထဲမှာ ငွေဖော့လည်း ပါပါတယ်"

ဥဒွေး၏ ရိုးသားအေးဆေးသော အသွင်အပြင်မျိုးကို မြင်ရသောအခါ ဥဒွေးလိုအပ်သော အကူအညီကို မိမိအနေနှင့် မေးမြန်းရန်သင့်ကြောင်း တွေးမိလာလေသည်။

"ဒီက ညီမပြောပြလို့ အကျိုးအကြောင်းတော့ သိရပါပြီ။ ညီမကို ချော ဘာအကူအညီပေးရမလဲ"

"ဥဒွေးကို ဒီတစ်ညလောက်တော့ ဒီအိမ်မှာ တည်းခိုခွင့်ပြုဖို့ ပြောမလို့ပါ"

"အို . . . ရပါတယ်ညီမရယ်။ တည်းရပါတယ်။ ဒါနဲ့ ညီမက မော်လမြိုင်ကလား။ ဒီကလား"

"ဥဒွေး မန္တလေးကပါရှင်"

"ဩော် . . . မန္တလေးကကိုး။ ကဲကဲ . . . နားနားနေနေ နေပါကွယ်။ ထမင်းကောစားပြီးခဲ့ပြီလား"

ဥဒွေးမှာ မိချော၏အမေးကို ခေါင်းခါပြလိုက်သည်။ မိချောသည် စောစောက ဥဒွေးကို ထွက်လာတွေ့သော ကလေးမလေးအား ထမင်းစားရန် ပြင်ဆင်ခိုင်းလိုက်လေသည်။ ဥဒွေးက သူ၏လက်ထဲမှ သားရေအိတ်ကို မိချောလက်ထဲသို့ ကမ်းပေးလိုက်လေသည်။ ဥဒွေးက အိမ်ကလေးကို မျက်လုံးကလေးကစား၍ လှည့်လည်၍ကြည့်ရှုနေသည်။

ဒီတစ်ညတော့ မိမိ၏ ဘေးလုံခြုံမှုကလေး ရခဲ့ပေပြီမို့ ဥဒွေးရင်ထဲ

www.burmeseclassic.com

ချမ်းမြေ့သွားတော့သည်။ ခဏအကြာတွင် ထမင်းစားရန် ပြင်ဆင်ပြီးကြောင်း ပြောလာသဖြင့် ဥထွေးလည်း ငြင်းဆန်မနေတော့ဘဲ ထမင်းစားပွဲဝိုင်းသို့ ဝင်ထိုင်လိုက်၏။

ကန်ဇွန်းရွက်ကို မန်ကျည်းသီးကလေးဖြင့်ပြုတ်ထား၍ ငါးပိကြော်ကို ရေတိသီးမှုးများလေးနှင့် ကြော်ထားသည့် ပန်းကန်လေးက တစ်ပန်းကန်၊ ကုလားပဲကို ဒန့်သလွန်သီး၊ အားလူး၊ ရုံးပတီသီးများနှင့် ရောနှောချက်ထားသည့် ဟင်းပန်းကန်လေးက တစ်ပန်းကန်၊ ပြီးတော့ ခပ်ကြွမ်းကြွမ်းဆန်ကို ချက်ထားသည့် ထမင်းများကို တွေ့ရသည်။

ဥထွေးကို မိချောက ထမင်းများခူးခပ်ထည့်ပေးပြီး အနားကထိုင်နေ၏။

"ဒေါ်ဒေါ်တို့က ဘာမှာလိုက်သေးလဲ"

"ဘာမှ မမှာလိုက်ပါဘူး။ ဥထွေးဘာသာဥထွေး မမရဲ့မှတ်ပုံတင်ကတ်ထဲက လိပ်စာအတိုင်းရှာပြီး မမနဲ့လာတွေ့ပြီး ပစ္စည်းတွေကို လာပေးတာပါ"

မိချောမှာ ဥထွေး၏ ဖြူစင်ရိုးသားသောစိတ်ထားကို တွေးမိလာကာ တစိမ့်စိမ့်ကြည့်နေမိသည်။

"ညီမ အားမနာနဲ့နော်။ ဘယ်သူမှမကျန်တော့ဘူး ဝအောင်စား"

မိချောက ဥထွေးကို အနားမှထိုင်ပြီး ပြောနေသည်။

ဥထွေးမှာ ဆာဆာနှင့် ထမင်းကို အတော်ကလေးကုန်အောင် စားလိုက်သည်။

"ညီမ မန္တလေးကို ပြန်မှာလား ဟင်"

မိချောအမေးကို ဥထွေးအမှန်ပင် မဖြေတတ်တော့ပါချေ။ မိမိ၏ဘဝမှာ ဘယ်သောင်ဘယ်ကမ်းသို့ ကပ်ရလိမ့်မည်ကို မတွေးတတ်အောင်ပင် ဖြစ်နေသည်။ တစ်ညတာ နားခိုပြီး နောက်တစ်နေ့မနက်တွင် ဘယ်သို့ခရီးဆက်ရမည်ကို မှန်းဆ၍ပင် မကြည့်မိသေးချေ။ ဥထွေးက ထမင်းစားခြင်းကို လက်စသတ်လိုက်သည်။ လက်ကိုဆေးပြီး လက်သုတ်ပဝါဖြင့် ကောက်သုတ်လိုက်၏။

ပြီးတော့ မိချောအား မိမိ၏ ဖြစ်ကြောင်းကုန်စင်များကို တစ်ခုပြီးတစ်ခု တွေ့ကြုံခဲ့ရသော အဖြစ်အပျက်အလုံးစုံအား ပြောပြလိုက်တော့သည်။ ဥထွေး၏အကြောင်းကို နားထောင်နေသည့် မိချောမှာ မယုံကြည်နိုင်လောက်အောင် တွေ့ကြုံလှုပ်ရှားခဲ့ရသော ဥထွေးအတွက် ညီမရင်းတစ်ယောက်သဖွယ် ကိုယ်ချင်းစာမိလာလေသည်။

"သွားစရာမရှိသေးရင် ဒီမှာပဲ ညီမ ပျော်သလောက်နေပါကွယ်။ ရပါတယ်"

"ကိစ္စမရှိပါဘူး မမရယ်။ ခုလိုကူညီတာပဲ ဥထွေး ကျေးဇူးတင်လှပါပြီ။ ဥထွေး မမတို့ကို ဒုက္ခမပေးပါရစေနဲ့။ နက်ဖြန်မနက်တော့ ဥထွေးဘဝလမ်းအတွက် ဥထွေး ရှာကြည့်ပါဦးမယ်။ တကယ် အခက်အခဲကြုံလာတဲ့အခါတော့ ဥထွေး မမဆီကို လာခဲ့ပါ့မယ်"

ဥထွေးစကားကို ကြားရတော့ မိချော မျက်ရည်ကလေးတွေ ဝိုင်းလာသည်။

မိမိဘဝမှာ တင့်တောင်းတင့်တယ်ထဲက မဟုတ်။ မော်လမြိုင်ကို ကျူးချည်တစ်လုံး၊ ပြန်ချည်တစ်ခါ လှုပ်ရှားပြီး ရပ်တည်နေရသူဖြစ်ပါသည်။ သို့သော် မိမိထက် ဥထွေးဘဝက ပို၍ဆိုးလှချေသည်။ ဥထွေးကို မိချော ငေးကြည့်နေမိသည်။

လမ်းပေါ်၌ ကလေးငယ်များ ကစားနေကြသည်မှာ တစ်ယောက်နှင့်တစ်ယောက် ငြင်းခုန်ရင်း ကြွက်ကြွက်ညံနေသည်။ ဥထွေးမှာ တစ်ခဏအတွင်း ကလေးငယ်များကဲ့သို့ ဘဝကို ပြန်၍ တောင့်တလာမိသည်။ မဖြစ်နိုင်မှန်း သိပါလျက်နှင့် ဥထွေးအတွေးက လွင့်နေခဲ့ပင်။

မိမိလာခဲ့သော ဘဝအစမှသည် သုညနှင့် အမှတ်မထင် တွေ့ကြုံခဲ့ရပုံ၊ မသမာသူများကို မိမိ၏ စိတ်အင်အားနှင့် တိုက်ခိုက်ခဲ့ရပုံများသာမက မော်လမြိုင်သို့ ကိုကိုရန်ပိုင်ကို တွေ့လိုဇောနှင့် လိုက်သွားခဲ့မိပုံ၊ ကံကောင်းထောက်မ၍သာ ရာဇဝတ်ရှေးများ၏ အဖမ်းအဆီးမှ ကင်းလွတ်ခဲ့ရပုံတွေအထိ တစ်ခုပြီးတစ်ခုစီကာစဉ်ကာ အတွေးစုံ တွေးနေမိသည်။ မိချောမှ ဥထွေးကိုသာ ငေးမောကြည့်နေရှာသည်။

ဥထွေးကမူ သူ၏စိတ်နှင့် အာရုံတို့သည် လာမည့်ဝေးလံလှသော ဘဝခရီးအထိ ရောက်နေပေသည်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

## (၄)

သုညသည် ဝိတောက်ပင်၏ ပင်စည်ကြီးကို ကျောမှီလျက် စိတ်အားငယ်စွာ ထိုင်နေသည်။

သုညကိုကြည့်လျက် စိန်ခလုတ်သည် စိတ်ပင်ပန်းလာလေသည်။ သူ၏သူငယ်ချင်းအဖြစ်ကို တွေ့မြင်ပြီး မိမိကိုယ်တိုင်လည်း ကြံရာမရ၊ တွေး၍မရ ငိုင်နေမိသည်။ သုညသည် ရွှေဘဲဆေးပေါ့လိပ်ကို မီးညှိပြီးဖွာလိုက်သည်။ သူ့အတွေးများရှိ ဆေးပေါ့လိပ်မီးခိုးများနှင့်အတူ ရောထွေးလွင့်နေဟန်တူသည်။ မီးခိုးများနှင့်အတူ လိုက်ပါ၍ ကောင်းကင်ပြင်ပေါ်မှနေကာ ဥတွေးကို ရှာဖွေကြည့်ချင်နေသည်။

ငှက်ကလေးများကဲ့သို့ အတောင်ပါခဲ့လျှင် ကောင်းကင်က ဝဲပျံလျက် ဟိုဟိုသည်သည် အနံ့ဝဲလည် လိုက်၍ ရှာကြည့်ချင်နေသည်။

"မင်း ဒီလိုချည်း ထိုင်ထိုင်ငိုင်နေလို့ မပြီးသေးဘူး သုည"

စိန်ခလုတ်မှာ သုည၏ပခုံးကို အသာအယာဖက်ရင်း သူ၏သူငယ်ချင်းအား ပြောလိုက်သည်။

"ဘာလုပ်ရမှန်းမှ မသိတာကွာ။ ပြီးတော့ ရန်ကုန်မြို့ကြီး ဆိုတာကလည်း အကျယ်ကြီး"

"ဒါတော့ဒါပေါ့ကွာ။ အင်း မင်းညီမကို ငါမမြင်ဖူးလိုက်တော့လည်း လူခွဲရှာဖို့က သိပ်ခက်နေတယ်"

"ဒါတော့ သူကသိုလ်ပေါ့ကွာ"

သုညမှာ အားလျော့စွာဖြင့် စိန်ခလုတ်ကိုပြောပြီး ငြိမ်နေသည်။

"လူမကြံ့ဘဲ ကံပုံချတာမျိုးတော့ ငါမကြိုက်ဘူး သုည။ လူဆိုတာ ကြံရင်းသေရမယ်၊ ငှက်ဆိုတာက ပျံရင်းသေရမယ်လို့ ဆိုရိုးစကားရှိတယ် မဟုတ်လား။ ခု မင်းညီမကို မတွေ့သေးဘူး။ မင်းဘာလုပ်မလဲ။ တို့နဲ့အတူတူ အလုပ်ဆက်လုပ်မလား။ မင်းဘဝကို မင်း အပြောင်းအလဲလုပ်မလား"

စိန်ခလုတ်၏ မေးခွန်းကို သုည ပြန်ဖြေရန်အတွက် စဉ်းစား၍မရချေ။ စိန်ခလုတ်၏မေးခွန်းက နက်ရှိုင်းလွန်းသည်။ သုည၏ ဘဝတစ်ခုလုံးနှင့်ပတ်သက်သည်။ ဒါကို သုည လွယ်လွယ်လေး အဖြေပေး၍မရ။ သူ့အဖို့ သေသေချာချာ စဉ်းစားရမည်။

သူ့အတွေးများထဲ၌ မာန်နတ်စိတ်တစ်ဝက်နှင့် လူကောင်းစိတ်တစ်ဝက်တို့ ပဋိပက္ခဖြစ်နေသည်။ မာန်နတ်စိတ်က သူ့လို ဏျရာဘဝမှာသာ ဖြစ်သလို ပျော်ပျော်နေလိုက်ဟု တိုက်တွန်းနေသည်။ ကျန်စိတ်တစ်ဝက်က သူ့ဘဝဆိုးမှ ရုန်းထွက်၍ လူကောင်းသူကောင်းဘဝသို့ရောက်အောင် ကြိုးစားဖို့ အကြံပေးနေသည်။

သုည သက်ပြင်းကို လေးလေးကန်ကန် ချလိုက်သည်။

"ငါ ဒီဘဝမှာတော့ ဆက်မနေချင်တော့ဘူးကွာ"

"ဒါဖြင့် မင်းဘာလုပ်မယ်လို့ စိတ်ကူးသလဲ"

"ကြီးကြီးကျယ်ကျယ် ဘာအလုပ်လုပ်မယ်၊ လခ ဘယ်လောက်ရမယ်ဆိုတဲ့အတွေးနဲ့ မတွေးချင်ပါဘူးကွာ။ ထမင်းဝဝစားရမယ်၊ လူတစ်ယောက်အဖြစ် ပတ်ဝန်းကျင်က မြင်လာမယ်ဆိုရင် ဘာအလုပ်ဖြစ်ဖြစ် ငါလုပ်မှာပဲ"

"မင်းခံနိုင်ရည်ရှိဖို့ လိုတယ်နော်။ ပြီးတော့ ကျရာဘဝမှာ ရောင့်ရဲ တင်းတိမ်နေတတ်ရမယ်။ ဇွဲရှိဖို့လည်း လိုတယ်။ သည်းခံနိုင်ဖို့လည်းလိုတယ်"

"ဒါတွေအားလုံး ငါစဉ်းစားပြီးပါပြီ သူငယ်ချင်း"

"အေးလေ . . . အဲသလို မင်းစဉ်းစားပြီးပြီဆိုရင်တော့ လောလောဆယ်မှာ အလုပ်ရှာဖို့ အရေးကြီးဆုံးပဲ။ ဘယ်အလုပ်ဖြစ်ဖြစ်ပေါ့ကွာ။ အလုပ်ဆိုရင် ပြီးတာပေါ့"

"မှန်ကန်တဲ့၊ တရားမျှတတဲ့ အသက်မွေးဝမ်းကျောင်းအလုပ်ဆိုရင် ငါလိုပြီးလိုလားတာပေါ့ သူငယ်ချင်း။ ဒါမှလည်း ငါ့ကို ဘဝဟောင်းပြန်မရောက်အောင် ထိန်းထားနိုင်မှာ"

သုညစကားကြောင့် စိန်ခလုတ်မှာ သုညအား ကရုဏာသက်စွာကြည့်နေသည်။ သုည မိမိတို့အသိုက်အဝန်းက ထွက်ခွာသွားမည်ကိုတော့ ဝမ်းနည်းမိသည်။ သို့သော် ကောင်းသောဘဝတစ်ခုသို့ ရောက်အောင်ကြိုးစားချင်နေသော သုညအား မရောက်ရောက်အောင်၊ မဖြစ်ဖြစ်အောင် မိမိတို့အားလုံးက ပို၍ တိုက်တွန်းရမည်။ ကူညီရမည်။ ဖြစ်နိုင်လျှင် မိမိတို့၏ဘဝကိုပါ သုညနှင့်အတူ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ပြောင်းလဲပစ်နိုင်လျှင် ကောင်းမည်ဟု စိတ်ကူးမိ၏။

"ကဲ . . . ဒီလိုဆိုရင် ငါတို့နှစ်ယောက် ဒီကပဲ လမ်းခွဲကြစို့ကွာ"

ရုတ်တရက် ပေါ်ထွက်လာသော



www.burmeseclassic.com

www.burmeseclassic.com

စိန်ခလုတ်၏စကားကို ကြားလိုက်ရသောကြောင့် သုည၏ရင်ထဲတွင် စိတ်မကောင်းဖြစ်သွားရသည်။ သူငယ်ချင်းအပေါင်းအသင်းတစ်ယောက်နှင့် ဆိုးအတူကောင်းအဘက် နေထိုင်ခဲ့ကြပြီးမှ ခွဲခွာရခြင်းမှာ သူ့အဖို့ လုံးဝမျှော်လင့်ထားသော အကြောင်းအရာမျိုး မဟုတ်သည့်အတွက် သုည အဝေဒ်ကို ခံစားနေရသည်။ သုည စိန်ခလုတ်ကို ငေးမောကြည့်နေမိသည်။

စိန်ခလုတ်မှာ သုည၏ရင်ထဲတွင် အဘယ်မျှ ခံစားနေရမည်ကို သူကိုယ်တိုင်သိနေ၏။ သူကိုယ်တိုင်ပင် ခံစားနေရသည် မဟုတ်ပါလား။

"တို့တွေ တစ်ခုခု သတ်မှတ်ကြရင် ကောင်းမယ်"

"ဘာသတ်မှတ်မှာလဲ သုည"

စိန်ခလုတ်က သိချင်စိတ်နှင့် ခပ်သွက်သွက်မေးလာသည်။

"တို့တွေအားလုံးပေါ့ကွာ။ ဖိုးလယ်တို့၊ ဉာဏ်ပေါ်တို့၊ မင်းတို့၊ ငါတို့တစ်တွေ တစ်နေရာရာမှာ တစ်နှစ်ပြည့်တိုင်း ပြည့်တိုင်း ပြန်ဆုံကြရအောင်"

"ဘယ်လိုသဘောလဲ သုည"

"တစ်နှစ်အတွင်းမှာ ဘယ်သူတွေ ဘာဖြစ်တယ်၊ ဘယ်သူတွေ ဘာတွေလုပ်ခဲ့တယ်။ ဘယ်ဘဝရောက်နေပြီဆိုတာကို တို့များ တစ်ယောက်နဲ့တစ်ယောက် မကွယ်မဝှက်တမ်း သတင်းပေးကြရအောင်လေ"

"ဟာ…ကောင်းတယ်။ မင်းစိတ်ကူး သိပ်ကောင်းတာပဲ။ ဒါဖြင့် တို့နေရာရွေးကြရအောင်"

စိန်ခလုတ်မှာ သုည၏အစီအစဉ်ကို အားတက်သရော သဘောတူလက်ခံလိုက်၏။

"အိုကွာ…တို့တွေအားလုံး ပျော်လွန်းလို့ ဒီဘဝရောက်နေကြတာမှ မဟုတ်ပဲ။ ဒီတော့ တို့ ဒီဘဝကလွတ်အောင် ကြိုးစားကြမှာပဲမဟုတ်လား။ အဲဒီတော့ လွတ်လပ်ချင်တဲ့ အထိမ်းအမှတ်လည်းဖြစ်အောင် 'လွတ်လပ်ရေးပန်းခြံ' ထဲမှာ အမြဲဆုံကြမယ်"

"ဒါဖြင့် ဒီနေ့ ဘာနေ့လဲ"

"၁၉၇၆ ခု၊ မတ်လ ၂၅ ရက်နေ့လေ"

"ဟုတ်ပြီ ၁၉၇၇ ခု၊ မတ်လ ၂၅ ရက်နေ့မှာ တို့တွေ ပြန်ဆုံကြရအောင်"

"ကျန်တဲ့ တို့သူငယ်ချင်းတွေကိုလည်း မင်းကပဲ ပြောပြလိုက်ပါကွာ။ ငါတော့ ဒီနေ့ကစပြီး ကိုယ့်ဘဝ တိုးတက်မှန်ကန်တဲ့ အရပ်မျက်နှာဘက်ကို ခြေလှမ်းပြင် မျက်နှာမူထားလိုက်ပြီလို့"

သုညရင်ထဲကလာသော စကားဖြစ်သောကြောင့် စကားက ပို၍လှပနေသည်။ စိန်ခလုတ်မှာ သုည၏ပခုံးကို စောစောကထက်ပို၍ တအားဖျစ်ညှစ်ရင်း ဖက်လိုက်သည်။ သုညကလည်း ပြန်၍ဖက်လိုက်သည်။

သုည စိန်ခလုတ်ကို ကျောခိုင်းလိုက်၏။ စိန်ခလုတ်တစ်ယောက်တည်းကို သာမဟုတ်၊ ကျန်သူငယ်ချင်းများကိုရော၊ သူ၏ ရွံရှာဖွယ်ကောင်းသော ဘဝဆိုးကိုပါ ကျောခိုင်းလိုက်ခြင်းဖြစ်သည်။

သုည တရွေ့ရွေ့ တစ်လှမ်းချင်းလှမ်းကာ လျှောက်လာခဲ့သည်။ သူ၏ အနားယူနေရာတစ်ခုဖြစ်သော တိုက်အိုပျက်ကြီးဆီသို့။

သုည တိုက်အိုပျက်ကြီးဆီသို့ ရောက်သောအခါ တိုက်အိုပျက်ကြီးကို မော့ကြည့်လိုက်သည်။ အိုမင်းဇရာသော တိုက်အိုပျက်ကြီးတွင် ညောင်ပင်ကြီးတစ်ပင်က ကပ်လျက်ပေါက်ရောက်နေသည်။ ညောင်မြစ်ကြီးများက တွယ်ကပ်ကုတ်တွဲထားခြင်းကြောင့် ပြိုလဲကျတော့မည့် တိုက်အိုပျက်ကြီးမှာ ကျားကန်ထားသကဲ့သို့ မပြိုမလဲ ဖြစ်နေခြင်းဖြစ်သည်။

ယခုလည်း သုည၏ ဘဝတစ်ခုလုံးအတွက် တစ်စထက်တစ်စ နစ်မွန်းသွားနိုင်သော အခြေအနေမှ မိမိ၏ စိတ်ကူးလင်းရောင်ခြည်ကြောင့် ဘဝအမှန်သို့ရောက်အောင် မျက်နှာမူခွင့်ရခဲ့လေပြီ။ သုညသည် တိုက်အိုပျက်ကြီးကိုကြည့်လျက် သံဝေဂယူလိုက်၏။ အားတင်းလိုက်၏။ မိမိ၏စိတ်ကူးရာဘဝကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်အောင် ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာ ချလိုက်၏။

သုည တိုက်အိုပျက်ကြီးအနီးမှ လှည့်ထွက်လာခဲ့သည်။ လမ်းပေါ်တွင် တရွေ့ရွေ့လျှောက်လာခဲ့သည်။

မိမိ၌ ဘဝဦးတည်ချက်ရှိသော်လည်း မိမိလုပ်ပိုင်ခွင့် ဦးတည်ချက် အရပ်ကိုမူ သုညရှာဖွေရဦးမည်၊ ကြိုးစားရပေဦးမည်။

(ရှေ့လဆက်ရန်)

မောင်ရွှေစန်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ထွန်းဆိုင်ကို ဘယ်သူသတ်လဲ

ဝင်းဩောင်(ရမည်းသင်း)

"ထွန်းဆိုင် အသတ်ခံရလို့တဲ့"

"ဟေ…တကယ်လားဟ"

"ထွန်းဆိုင်လိုကောင်ကို သတ်နိုင်တယ်ဆိုတော့ ဒီကောင် အတော်သဘာရင့်တဲ့ကောင်ပဲ"

"ဟုတ်တယ်ဗျို့…။ တော်ရုံလူ ထွန်းဆိုင်ကို မယှဉ်ဝံ့ဘူးဗျ"

"သူတို့ညီအစ်ကိုတွေထဲမှာ ထွန်းဆိုင်က ခြေမြန်၊ လက်မြန်ရှိသလို သိုင်းလေးဘာလေးတတ်တော့ ဘယ်သူကိုမှ လူထင်တာမဟုတ်ဘူးလေ"

"ဘာပဲဖြစ်ဖြစ် လူတကာအပေါ် အနိုင်ကျင့်တတ်တဲ့ကောင် တစ်နေ့တော့ သူ့ကိုနိုင်တဲ့သူ ပေါ်လာမှာဆိုတဲ့ စကား ဧက်ပြတ်အောင်မှန်တယ် ငါ့လူတို့ရေ"

"လုပ်ပြီ၊ ကိုတောကျော်တို့က သွေးထွက်အောင်မှန်တယ်လို့ပဲ ပြောကြ ဆိုကြတာ ကြားဖူးပါတယ်ဗျာ"

"မာကောင်လေး…ငါတွေ့ခဲ့တာကတော့ သွေးထွက်ရုံမကဘူး။ ဧက်ပြတ်နေတာ ခေါင်းနဲ့ကိုယ် အိုးစားကွဲ လုနီးနီးကွ"

"ထွန်းဆိုင်ကို ဘယ်သူသတ်သလဲ သိချင်လိုက်တာကွာ"

စကားဝိုင်းထဲတွင် ရှိနေသော ချက်ကြီးဆိုသူက ပြောလိုက်သည်။

"နေစမ်းပါဦး။ သိတော့ ကိုချက်ကြီးက ဘာလုပ်မလို့လဲ"

"အမှိုက်ရှင်းပေးတဲ့ ကျေးဇူးရှင်ကို ဂုဏ်ပြုချင်လို့ပေါ့ဟ"

"ဟော့…ဟော့ အပေါင်းအသင်းတို့ရေ။ ထွန်းဆိုင်အသတ်ခံရတာကို ကိုချက်ကြီးက ပျော်နေပုံရတယ်"

"ဟော့ကောင်တွေ …စကားနောက်တရေးပါမပြောကြနဲ့။ ငါ…ငါ နည်းနည်းတော့ပျော်တယ်၊ ဟီးဟီးဟီး"

"ဟား…ဟား…ဟား"

ချက်ကြီးရဲ့ ပြောစကားနဲ့ ဟန်ပန်အမူအရာကို စကားဝိုင်းအတွင်းမှ လူများ သဘောကျ၍ ဟားတိုက်ရယ်လိုက်ကြသည်။ သူတစ်ပါးသေတာ ဝမ်းသာဖို့ မသင့်ဘူးဆိုပေမယ့် ထွန်းဆိုင်အသတ်ခံရကြောင်း ကြားကြသည့် လူအများကမူ ဝမ်းသာကြသည်။

ကဲ…စဉ်းစားသာကြည့်တော့။ လူတွင်ကျယ် ပွဲစားသား လူရမ်းကား ထွန်းဆိုင်ကို ဘယ်လောက်မုန်းကြသလဲဆိုတာ။

"ဟော့…ဟော့၊ နေကြစမ်းပါဦး။ ထွန်းဆိုင်ကို ဘယ်သူသတ်သတဲ့တုံး"

"လာပြန်ပြီတစ်ယောက်"

"မသိလို့မေးတာ၊ သိရင်ပြောစမ်းပါကွ"

"သတ်တဲ့လူသိမှတော့ ရဲက ဖမ်းပြီးပြီပေါ့ ကိုဖိုးနီရေ။ ရဲက တရားခံ ဘယ်သူလဲ စုံစမ်းနေဆဲဗျ"

"ရာဇဝတ်သား ပြေးမလွတ်ဆိုတဲ့စကား ရှေးမင်္ဂလာတည်းက ရှိခဲ့တာပဲ။ ဒီကောင် ဘယ်ပြေးပြေး လွတ်မှာမဟုတ်ပါဘူး။ အနေနဲ့အမြန် မိမှာပေါ့နော။ ငါ့အထင်တော့ ဒီကောင်နဲ့ ရန်ငြိုးရန်စရှိသူ တစ်ယောက်ယောက်က အလစ်အငိုက် စောင့်ပြီး အပြတ်ရှင်းပစ်တယ်လို့ ထင်တာပဲ"

"မှန်မှန်ဟောပါ အရှင်ကြီးကိုတောကျော်။ လူတစ်ယောက်လုံး သေအောင် သတ်ပစ်တယ်ဆိုမှတော့ ဘာရန်ငြိုးရန်စမှ မရှိဘဲ အပျော်သတ်မှာလားဗျ။ မခံမရပ်နိုင်လောက်အောင်၊ သည်းမခံနိုင်လောက်အောင် အနိုင့်အထက်ပြုထားခံရသူက အကွက်ဝင်လာတဲ့အခါ လက်စားချေသတ်ဖြတ်လိုက်တာ ဖြစ်မှာပေါ့ဗျာ"

ကိုတောကျော်ဆိုသူ သယ်လာသော အမင်္ဂလာသတင်း မောင်ဖကောင်းတို့ စကားဝိုင်းရောက်လာရာက သိလို၍မေးလာကြသူများကို မောင်ကောင်းက နိုင်ခံရှင်းပြနေရသည်။

အချင်းဖြစ်နေ့ကာ၍ တစ်ပတ်ခန့်တိုင် ထွန်းဆိုင်အသတ်ခံရတဲ့အစွ

www.burmeseclassic.com

လေ့ဆိပ်၊ လှည်းဆိပ်၊ မြင်းလှည်းဂိတ်၊ ကားဂိတ်၊ ကျောင်းဈေး ဥပုသ်ဇရပ် မကျန် စီစီညံညံ ပြောကြဆိုကြ ထင်ကြေးပေးကြသည်။ အံ့ဩယ်ရာကတော့ ငြော်ပြောနေဆိုနေကြသူများသည် ထွန်းဆိုင် အသတ်ခံရမှုအပေါ် ဝမ်းနည်းသည့် အရိပ်အရောင် စိုးစိမျှမပါဘဲ ဝမ်းသာအားရ ဖြစ်နေကြသယောင် ရှိနေကြသည့်အချက်ပင် ဖြစ်ပါသည်။ အကယ်၍သာ ထွန်းဆိုင်သည် တမလွန်ဘဝက ဤအခြေအနေ၊ ဤအဖြစ်အပျက်တို့ကိုသာ မြင်တွေ့သိရှိနိုင်မယ်ဆိုလျှင် နှမ်းခြမ်းပြုံသောချွေးစိတ် ပေါက်သွားမည်ထင်ပါတယ်။

ကြာတော့လည်း ကိုယ့်လိပ်စွမှ မဟုတ်ဘဲ။ ထွန်းဆိုင်အကြောင်း မေ့သွားကြတာပါပဲလေ။

× × × × ×

ထွန်းဆိုင်တို့မိသားစုတွေက မြေလတ်ဒေသက ခရိုင်မြို့တစ်မြို့မှာ ပွဲရုံလုပ်ငန်းနဲ့ ကြီးပွားနေကြသူတွေ။ မြို့ပတ်ဝန်းကျင်ရှိ ကျေးလက်ဒေသနေ တောင်သူလယ်သမားတွေအပေါ်မှာလည်း ဩဇာတိက္ကမရှိကြတယ်။ ဒါက အဆန်းတော့မဟုတ်ပါဘူး။ သူတို့က ငွေရှင်ကြေးရှင်တွေလေ။ တောင်သူဦးကြီးတွေကို သီးနှံပေါ် သူတို့ပွဲရုံသွင်းစနစ်နဲ့ ငွေကြိုပေးနိုင်တာကိုး။ သူတို့နဲ့ဆက်ဆံရတဲ့ တောင်သူလယ်သမားဦးကြီးတွေအနေနဲ့က ငွေအားကောင်း လူအားပါ ဘက်စုံတောင့်တင်းတဲ့ သူတို့ကို မယှဉ်နိုင်ကြဘူး။ သူတို့က ချေးငွေအပေါ်မှာလည်း အတိုးကြီးယူသလို ပေါ်လာတဲ့ သီးနှံအပေါ်မှာလည်း ဈေးနှိမ်ကြတာ။ ဒါကို တောင်သူလယ်သမားကြီးတွေ မအသူး သိကြတယ်။ ဒါပေမယ့် ကြွေးသံသရာစဲထဲ ရောက်နေတဲ့ သူတို့ဘဝက ခံကိုခံရမှာမို့ ကြိတ်မှိတ်သည်းခံပြီး နေကြရတာ။

ထွန်းဆိုင်ကို လူတွေဘာကြောင့် ဒီလောက်မုန်းသလဲဆိုတာ ပြောရမယ်ဆိုရင် အရင်းစစ်တော့ ဟုတ်ကျန်က လို့ ပြောရမယ်။ ဟုတ်ကျန်ဆိုတာ အယ်သူလဲဆိုတော့ မြို့မေတ္တာခံယူထားတဲ့ ထွန်းဆိုင်ရဲ့အဖေပဲ။ ပုံကြည့်တော့ ဘိန်းစားပုံ။ ခြေကခွင်၊ ပုကွကွနဲ့ ပုံဆိုးပန်းဆိုး။ ဒါပေမယ့် ငွေတန်ခိုးနဲ့ မိန်းမတွေအများကြီး ယူထားတာ တိုးတိုးတိတ်တိတ် မဟုတ်ဘူး။ ပွဲတက်မယားချည်း ခြောက်ယောက်ရှိတယ်။ တိုးတိုးတိတ်တိတ်ကတော့ အောက်ကို တိုက်နေတာပဲ။ မယားကြီးက ပြည်ကြီးမှာရှိသတဲ့။ ထားပါတော့လေ။ ခု ပြော နေတာက အသတ်ခံရတဲ့ ထွန်းဆိုင် အကြောင်းမို့ ထွန်းဆိုင်နဲ့ပတ်သက်တာပဲ ပြောတော့မယ်။

မထွန်းမေ…။

သူက မြို့ပတ်ဝန်းကျင်ကျေးရွာတစ်ရွာက မြန်မာအမျိုးသမီး။ ရေမျောကမ်းတင်ရောက်လာတဲ့ ဟုတ်ကျန်နဲ့ မန္တလေး၊ ရွှေတံ စပ်တူအရောင်းအဝယ်လုပ်ရင်းက ညားကြတာတဲ့။ တဖြည်းဖြည်းနဲ့ အလုပ်အကိုင်ကောင်း ကြီးပွားလာတော့ မြို့မဈေးတောင်ဘက်မှာ ပွဲရုံတည်ဖြစ်ကြတာ။ အဲဒီကစလို့ ပိုကြီးပွားသည်ထက် ကြီးပွားလာတော့ ပွဲစားကြီး ဦးဟုတ်ကျန်၊ ပွဲကတော်ကြီး ဒေါ်ထွန်းမေဆိုပြီး မြို့မှာ အထင်ကရ ဖြစ်လာကြတယ်။ သူတို့ဇာစ်မြစ်ကို တကယ်တော့ ဘယ်သူမှ ဂဃနဏ မသိကြပါဘူး။ သူတို့က ရေမျောကမ်းတင်ဆိုသလို ရောက်လာကြသူတွေပါ။ သူတို့မှာ ထွန်းမြိုင်၊ ထွန်းဆိုင်၊ ထွန်းလှိုင်ရယ်လို့ အမည်ရတဲ့ သားသုံးယောက်ရှိတယ်။

တန်းတူလို့ကတော့ ဒီမောင်သုံးယောက်က သူတို့အထက်မှာ ဘယ်သူမှမရှိစေရဆိုတဲ့ လူတွေ အဲဒီညီအစ်ကိုသုံးယောက်ထဲမှာ ထွန်းဆိုင်ဆိုတဲ့ အလတ်ကောင်က အမောက်မာဆုံး။ အဆိုးဆုံး။ ကြည့်လေ၊ ဟိုတစ်လောက သူ့အမေ ပွဲကတော် ဒေါ်ထွန်းမေ ရွာသွားဖို့ မြင်းလှည်းငှားတယ်။ မြင်းလှည်းသမား ကံစိန်က သူ့မြင်းခြေတစ်ဖက် သံခွာပြုတ်နေလို့ ခရီးဝေးမလိုက်နိုင်ကြောင်း ပြောတယ်။ အဲဒါ အဆင်မပြေဖြစ်ပြီး မြင်းလှည်းသမားကံစိန်ကို မြင်းလှည်းပေါ်က ဆွဲချရိုက်နှက် ကန်ကျောက်ပစ်တာ နည်းသလား။ ကံစိန် နှုတ်ခမ်းကွဲသွားလို့ သုံးချက်ချုပ်ရတယ်။ မျက်လုံးတစ်ဖက်လည်း အညိုအမည်းစွဲဖူးရောင်သွားတာ မျက်စိဖွင့်မရလို့ မြင်းလှည်းတောင် မထွက်နိုင်ရှာဘူး။

မြင်းလှည်းဂိတ်နဲ့ ထွန်းဆိုင်တို့ပွဲရုံက နီးနီးလေးဆိုတော့ ထွန်းဆိုင်ဆိုတဲ့ကောင် ကံစိန်ကို အနိုင်ကျင့်ထိုးကြိတ်ကန်ကျောက်နေတာ ထွန်းဆိုင်ရဲ့ ညီအစ်ကိုမိဘတွေ အားလုံး မြင်ကြတွေ့ကြတာပဲ။ ဒါပေမယ့် ဘယ်သူမှ မဟန့်တားကြဘူး။ ဒီကြားထဲ ပွဲကတော်ဆိုတဲ့ ဒေါ်ထွန်းမေက ပြောလိုက်သေး

www.burmeseclassic.com

တယ်။ "ငါ့သားထွန်းဆိုင်ကို စိတ်တို အောင် မလုပ်ကြနဲ့။ နင်တို့ သေကုန် လိမ့်မယ်"တဲ့။

(ဘာလို့ ခေါင်းငုံ့ခံရမှာပဲ။ မင်းမဲ့ ဆိုင်ပြည်မှ မဟုတ်တာပဲလို့ ပြောချင် တယ် မဟုတ်လား။ ၁၉၅၂-၅၃ ခုနှစ် လောက်ကဆိုတော့ မင်းမဲ့တိုင်းပြည် မဟုတ်သော်ငြားလည်း အုပ်ချုပ်မှု ယန္တရားက ဗိုလ်ခေတ် ဒီကာလလို မပီ ပြင်သေးဘူး။ အာဏာလု၊ နေရာလု၊ ခုံလုနေကြတဲ့ အခါသမယလေး။ အဲဒီ ခေတ်ကာလကို ငွေများတရားနိုင်ခေတ် လို့တောင် ပြောကြတာ။ ခုလည်း ကြည့် ပါဦး။ မြင်းလှည်းသမား ကံစိန်ကို ဆေး ဖိုးဝါး ၂၅ (နှစ်ဆယ့်ငါးကျပ်)ပေး လိုက်တာနဲ့ ကြည်စေ၊ အေးစေ ဖြစ် သွားတယ်။ အံ့ရော၊ အံ့ရော။)

ထွန်းဆိုင်တို့ ညီအစ်ကိုတွေဟာ ဖအေပြည်ကြီးတရုတ်၊ မအေက မြန်မာ စစ်စစ်မို့ တရုတ်-မြန်မာ ကပြားတွေဆို ပေမယ့် သင်္ကြန်ဆို အလွန်ကဲတာ။ ပွဲရုံရှေ့ မန်ကျည်းသီး၊ ရေတတ်သီးလှမ်း တဲ့ ကွက်လပ်မှာ မလှုပ်ကနားဖျင်းထိုး၊ အုန်းခက်၊ အုန်းလက်တွေနဲ့ အလှဆင်၊ ရေစည်ပိုင်းအလုံး ၂၀ ကို ရေစည် လှည်းနဲ့ နေ့စဉ်အခါမလပ် အပြည့် ဖြည့်စေပြီး ခွက်ကြီး၊ ခွက်ငယ်တွေနဲ့ ခုက်ကာ ရေပက်ကစားကြတယ်။ အဲဒီ အချိန်က ရန်ကုန်-မန္တလေးမြို့ကြီးတွေ မှာလို ရေစက်တွေမောင်းပြီး ပိုက်နဲ့ ရေ ပက်ကစားတာမျိုး ထွန်းဆိုင်တို့ မြို့မှာ မရှိသေးဘူး။ ခွက်စုတ်လေးနဲ့ ပက်တာ လောက်တော့ ရယ်တာပေါ့။ ရယ်တာ

ပေါ်ဆိုတဲ့ သင်္ကြန်ပွဲတော်ရဲ့ ဟစ်တော့ သံစဉ်ကြားမှုတယ်။ မှတ်မိတယ်မဟုတ် လား။ အဲဒီအတိုင်းပဲ ကစားပြီး သင်္ကြန် ကာလကို ကျော်ဖြတ်တယ်။

သင်္ကြန်အကြိုနေ့ကနေ အတက် နေ့ နေကုန် မိုးစုပ်စုပ်ချုပ်တဲ့အထိ သောက်လိုက်၊ စားလိုက်၊ ကလိုက်ပဲ။ ရွှေရင်အေး၊ ကျောက်ကျော၊ သာကူ၊ မုန့်လုံးရေပေါ် စတဲ့ သင်္ကြန်မုန့်တွေ လုပ်ပြီး စေတနာကျွေးတယ်။ ထွန်း ဆိုင်တို့က ပိုင်းလုပ်ပေးမယ့် အလုပ် သမား အမျိုးသား၊ အမျိုးသမီးတွေရှိ တော့ အဆင်ပြေတယ်။ လာပြီး ရေ ကစားရင်း စေတနာ စားကြသူတွေနဲ့ အလွန်စည်ကားပါတယ်။

ရွှေပိုင်းမှာ စည်ကားသလိုပဲ နောက်ပိုင်းကလည်း စီစီညံညံ အသံ ဗလံနဲ့ အလွန်စည်ကားပါတယ်။ ပွင့် ပွင့်လင်းလင်းပြောရရင် အရက်ပိုင်း၊ ထန်းရည်ပိုင်းပေါ့။ သင်္ကြန်ရက်တစ် လျှောက် နေ့စဉ် ထန်းရည်မြူအိုး ၅၀ ပွဲရုံအရောက် ပို့ပေးဖို့၊ ပွဲရုံလုပ်သား ဖိုးကြည်ကို ထွန်းဆိုင်က တာဝန်ပေး ထားတယ်။ ဖိုးကြည်က မြို့အနောက် ဘက် ကန်တောင်းရွာသား။ အဲဒီရွာက ထန်းရည်အလွန်ကောင်းတယ်လို့ အများ သိပါတယ်။ အဲဒါကြောင့် ဖိုးကြည်ကို သီးသန့်တာဝန်ပေးငွေ ကြိုပေးပြီး မှာ ထားတာလို့ ပြောတယ်။

ဖိုးကြည်ကလည်း အလွန်တာဝန် ကျေတယ်။ သင်္ကြန်အကြိုနေ့ကစလို့ အတက်နေ့အထိ နံနက် ၉ နာရီဆို ဒေါ်ဂါတ်ဆိပ် လေးထောင့်သံပုံးကြီးတွေ

နဲ့ ထည့်ထားတဲ့ ထန်းရည်တွေကို ပွဲရုံ အရောက် မျှတ်မကွက်ပို့ပါတယ်။ (၁၉၅၂-၅၃, ခုနှစ်က ပေတော်စတော် ယဉ်ကျေးမှု ဖွေ့နှံထားသေးသဖြင့် ပေတော်စတော်အိတ်၊ ပေတော်စတော်ပုံးဆို တာများ တွင်တွင်ကျယ်ကျယ် ထုံး ကြသေးပါ။ ထိုစဉ်က သံပုံးများကို အသုံးပြုကြပါသည်။ ထိုသံပုံးများသည် ပင် အိန္ဒိယနိုင်ငံမှ ချန်းဆီတင်သွင်း လာသော ပုံးများဖြစ်သည်။ အဆိုပါပုံး များကို ရေသန့်စင်စွာ ဆေးကြောပြီး ရေခပ်ပုံး၊ ရေနွေးပိုးလိုအောင်သုံး သန့် ပုံးများအဖြစ် သုံးကြပါသည်။)

ထိုခေတ်က ထန်းရည် ငှက်ပျော ဖူးပုလင်းကြီး သုံးပုလင်းဝင်သည့်အိုးကို မြူအိုး (သို့မဟုတ်) တမ်မြူဟုခေါ်ပါ တယ်။ အဲဒီ သုံးပုလင်းဝင် မြူအိုးတစ် အိုးမှ တစ်မတ်သာပေးရသည်ဖြစ်၍ နေ့ စဉ် ထန်းရည်ဖိုး ကျသင့်ငွေမှာ ထွန်း ဆိုင်တို့လို ပွဲစားကြီးသား ပွဲစားငယ်များ အတွက် စမွဲလောက်ပါ။

ဖိုးကြည်က ထန်းရည်လုံလောက် စွာရဖို့ တာဝန်ခံရသလို ပွဲကတော် ဒေါ်ထွန်းမေရဲ့ ထူးလုံတော် အလုပ်သမ ကြီးဒေါ်ခင်ခုံက အရက်ပိုး ထန်းရည် ပိုင်းအတွက် အမြည်းကို နေ့စဉ်စီစဉ်ရ သည်။ အမြည်းက ထွေထွေထူးထူး မဟုတ်ပါ။ ကြက်ကြော်၊ အမဲကြော်၊ ဆိတ်သားကြော် သရက်သီးရိုးတိုး အချဉ် သုတ်နဲ့ ကြွပ်ကြွပ်ရွှရွ မင်းကုန်းပဲကြီး ကြော်များသာဖြစ်သည်။ တကယ်တမ်း ဆန်းစစ်ကြည့်တော့ စေတနာ လျှော ကနည်းနည်း ထွန်းဆိုင်၊ ထွန်းမြိုင်

www.burmeseclassic.com

ထွန်းမြိုင်တို့ ညီအစ်ကိုများနဲ့ သောက်ဖော်သောက်ဘက် အရိုက်များ ရှပ်နေကြခြင်းသာ ဖြစ်ပါတယ်။

× × × × ×

သကြိန်အကြတ်နေ့က မောင်ရွှေနဲ့ ကိုလေးတို့ အခြားသူများနဲ့ရောကာ ထွန်းဆိုင်တို့ မလှုပ်အတွင်းရောက်လာသည်။ စတုဒီသာ အလှုရေညှဲခံကျွေးမွေးနေသော မိဂျမ်းကိုတွေ့တော့ မောင်ရွှေနဲ့ ကိုလေးတို့က ပျော်ပျော်ပါးပါး နှုတ်ဆက်ပြီး ရေလောင်းသည်။ မိဂျမ်းကလည်း စိတ်မဆိုးဘဲ သူတို့နှစ်ယောက်ကို ပြန်လောင်းသည်။ သူတို့တစ်တွေက အလယ်တန်းကျောင်းမှာ အတန်းတူ စာသင်ဖော်တွေမို့ ခင်မင်ရင်းနှီးကြတယ်လေ။ သူငယ်ချင်းအချင်းချင်း ရေလောင်းတာကို မိဂျမ်းက ကျေနပ်လက်ခံပေမယ့် မကျေနပ်သူက မိဂျမ်းရဲ့ အစ်ကိုထွန်းဆိုင်ဖြစ်တယ်။

"ဟော့···နောလေးတွေ မင်းတို့ ဘယ်ကကောင်တွေလဲ။ မလှုပ်ထဲလာပြီး ငါ့ညီမကိုများ ရေသာလောင်းရဲသေးတယ်။ ဟော့···အဓလိက်မသားတွေ၊ နောက်တစ်ခါ ငါ့ညီမကို ရေလောင်းဖို့ မပြောနဲ့ ကြည့်တောင်မကြည့်နဲ့"

ဆိုပြီး ဇက်ပိုးသုံးချက်စီအုပ်ပြီး မလှုပ်အတွင်းက မောင်းထုတ်လိုက်တယ်။ ထွန်းဆိုင်ဗိုက်ထဲမှာ အရက်တော၊ ထန်းရည်ပါနေပြီဆိုတော့ မှားတယ်၊ မှန်တယ် သိပ်မတွက်တော့ဘဲ ထင်ရာပြော၊ ထင်ရာလုပ်တော့တာပေါ့။ မောင်ရွှေနဲ့ ကိုလေးတို့က ဆယ်ကျော်သက် ခုနစ်တန်းကျောင်းသားလေးတွေဆိုတော့ တော်တော်အရှက်ရသွားကြတယ်။ သို့သော် မယှဉ်သာတဲ့အတွက် အားမတန် မာန်လျှော့ကာ မလှုပ်တွင်းက ခေါင်းငုံ့ထွက်သွားကြတယ်။

မောင်ရွှေတစ်ယောက် ဘယ်မှဆက်မလည်ဖြစ်တော့ဘဲ အိမ်ပြန်လာတဲ့အတွက် အိမ်ကိုစောစောပြန်ရောက်ခဲ့တယ်။

မောင်ရွှေအိမ်ရောက်တော့ ··· အစ်ကိုဖြစ်သူ ဘရှိန်း ဒေါ်သအိုးပေါက်ကွဲနေတာနဲ့ ပက်ပင်းတိုးတော့တယ်။

"ဟော့ကောင်···မောင်ရွှေ ဘယ်ကပြန်လာတာလဲ"

"ဈေးတောင်ဘက်က"

"ဘာဈေးတောင်ဘက်ကလဲ။ မင်းတို့ ကိုလေးထွန်းဆိုင်ညီမကို ရေသွားလောင်းလို့ မင်းတို့ကို ဆဲဆိုပြီး နားရင်းရိုက်လွှတ်လိုက်တယ်ဆို"

"မနာပါဘူး"

"ဘာကွ၊ မနာပါဘူးဟုတ်လား။ ဖောင်း···"

ဘရှိန်းသည် ညီဖြစ်သူ မောင်ရွှေ၏ အပြေစကားအပေါ် ဒေါသဖြစ်လွန်းသဖြင့် သူ၏ လက်ကြမ်းကြီးဖြင့် မောင်ရွှေ၏နားရင်းကို ဖြတ်ရိုက်လိုက်ရာ တစ်ချက်တည်းနှင့် မောင်ရွှေမှောက်သွားသည်။

"ဟဲ့···ဟဲ့···သား။ ကိုယ့်ညီလေးကို ဘယ်လိုလုပ်လိုက်တာလဲ"

"အမေ···ကျွန်တော် ထွန်းဆိုင်ဆိုတဲ့ကောင်ကို သတ်ရမှ ကျေနပ်မယ်ဗျာ"

"မောင်စံရွှေ၊ မောင်ချစ်တို့ လာကြပါဦး။ မင်းတို့ ညီအစ်ကို ဘရှိန်းကို ထိန်းကြပါဦး။ ပြဿနာဖြစ်တော့မယ်၊ လာကြပါဦး၊ လာကြပါဦး"

မောင်ရွှေနဲ့ ဘရှိန်းတို့အမေသည် ဘရှိန်းကို သူတစ်ယောက်တည်း ထိန်းဖို့မလွယ်သဖြင့် တစ်ဝိုင်းတည်းအတူနေတူသားများဖြစ်သော ကိုစံရွှေ ကိုချစ်တို့အား အော်ဟစ်အသံပေး အကူအညီတောင်းလိုက်ရာ ကိုစံရွှေနဲ့ ကိုချစ်တို့ ချက်ချင်း ရောက်လာကြသည်။

"ငါ့ညီ ဘရှိန်း၊ ဘာဖြစ်တာလဲ။ ပေးစမ်း··ပေးစမ်း၊ မင့်လက်ထဲကဓား"

"ကိုကြီးစံရွှေ··ခင်ဗျားစကားကို ကျုပ်အမြဲနားထောင်ခဲ့ပါတယ်။ ဒီတစ်ခါတော့ ကျွန်တော့်ကို ခွင့်လွှတ်နားလည်ပေးပါဗျာ။ ကျုပ် ထွန်းဆိုင်ဆိုတဲ့ အမိုက်ကို အပြတ်ရှင်းပြီး ကြိုးစင်တက်မယ်"

"ဒီမှာ ငါ့ညီ၊ မင်းဘာဖြစ်တာလဲ ဆိုတာ ငါ့ကိုအရင်ပြောပြ။ လိုအပ်ရင် ငါပါ မင်းနဲ့အတူလိုက်မယ်"

ဘရှိန်းသည် မနက်က ဖြစ်ပျက်ခဲ့သည့် သူ့ညီမောင်ရွှေနဲ့ ကိုလေးတို့အား ထွန်းဆိုင် အနိုင်ကျင့်လိုက်ပုံများကို သူတစ်ဆင့်စကားကြားထားသည့်အတိုင်း အစ်ကိုဝမ်းကွဲဖြစ်သူ ကိုစံရွှေကို ပြောပြလိုက်သည်။ အမှန်တော့ ကိုစံရွှေသည် ဘရှိန်း၏ ထန်နေသော စိတ်ကျသွားစေရန် စကားလိုးလွှဲ၍ မေးမြန်းပြောဆိုနေခြင်းဖြစ်ရာ နည်းနည်းလေးကြာသွားတော့ ဘရှိန်းစိတ်



www.burmeseclassic.com

www.burmeseclassic.com

အဖော်အသင့် ပြေသွားသည်။

"ဟော့ကောင် မောင်ရွှေ၊ အဲဒီ အမျိုးယုတ် ချုံးမစစ်တွေနဲ့ ဘယ်တော့မှ မပတ်သက်နဲ့။ ကင်းကင်းနေပါ၊ ကြားလား"

ထိုနေ့က ကိုစံရွှေ၏ ပရိယာယ်ကြောင့် ပြဿနာကြီးထွားမှုမရှိဘဲ အေးအေးချမ်းချမ်း ပွဲပြီးသွားသည်။ ထွန်းဆိုင်ကတော့ ဘရိန်းပေါက်ကွဲနေတာ သိမည်မထင်ပါ။ ပုံးလေတဲ့ ငှက်ခါး နားခါမှ သိမယ်ဆိုတဲ့ အတေးအထောက် တစ်ခု ဘရိန်းရင်ထဲ ကိန်းအောင်းသွားတာကတော့သေချာပါတယ်။

× × × × ×

သင်္ကြန်ပြီးနှစ်ဆန်း ၃ ရက်နေ့ကျတော့ ကိုလေးအဖေ ကျောင်းဆရာ ဦးကံမောင်နဲ့ အမေ ဒေါ်မြမေတို့ ဇာတိမြေ ညောင်ကိုင်းရွာမှာ အခါတွင်း သီတင်းသီလ ဆောက်တည်ပြီးကြပြီမို့ ပြန်လာကြသည်။ မြေလတ်ဓလေ့က အခါကြီးရက်ကြီးဆို ကိုယ့်ဇာတိကျေးရွာသို့ ပြန်၍ ဆရာရင်း ဘုန်းတော်ကြီးကျောင်းများသို့ အရောက်သွားကာ ဇာတိမြေက မိတ်ဆောင်းဆွေဟောင်းများနဲ့ တွေ့ခြင်း၊ အတူတကွဥပုသ်သီတင်းဆောက်တည်ခြင်း၊ ရှေးကပျော်ရွှင်ဖယ်ရာ အဖြစ်သနစ်များ ပြန်လည်ပြောကြဆိုကြရင်း အလွမ်းဖြေ စိတ်ဖြေတတ်ကြသည့် ဓလေ့ရှိကြသည်။

နောက်တစ်ခုက အဲဒီလို ငယ်သောင်း သူငယ်ချင်းတွေ တွေ့တုန်းတွေ့ခိုက် သားရေး သမီးရေး သာရေး နာရေး သတင်းတွေနဲ့ စီးပွားရေးသတင်းတွေလည်း ဖလှယ်ဖြစ်ကြတယ်။ ဒါကြောင့် အခါကြီးရက်ကြီးတွေဆို ရွာနဲ့ ကင်းကွာတဲ့ မြို့ကြီးပြကြီးတွေဆီ ရောက်နေကြတဲ့သူတွေ ဇာတိမြေကို ပြန်ဖြစ်ကြပါတယ်။ အခုလည်း ဇာတိကျေးရွာကို အခါကြီးရက်ကြီး ခဏပြန်ကြတဲ့ ကျောင်းဆရာ ဦးကံမောင်တို့ ဇနီးမောင်နှံ ရွာမှ မြို့ပြန်ရောက်လာကြခြင်းဖြစ်ပါတယ်။

အိမ်ပြန်ရောက်ရောက်ချင်း ဆရာဦးကံမောင်က သားတော်မောင် ကိုလေးကိုမေးတော့တယ်။ ဘာမေးတာလဲဆိုတော့ သင်္ကြန်ရက်က ထွန်းဆိုင်နဲ့ဖြစ်တဲ့ ကိစ္စပေါ့။ အဖေလုပ်တဲ့သူကမေးတော့ ကိုလေး အဖော်အံ့အားသင့်သွားတယ်။ ထွန်းဆိုင် သူတို့အပေါ် အနိုင်ကျင့်တဲ့ကိစ္စ အဖေနဲ့အမေတို့ မသိလောက်ဟု ထင်ထားသည်။ ဒါကြောင့် အစ်မဖြစ်သူ မမြကံကိုပင် မပြောရန် နှုတ်ပိတ်ထားသည်။ ဒီကြားထဲ အဖေက သိဖြစ်အောင် သိသွားတော့လည်း အကြောင်းစုံ (က မှ အ) အထိ ပြောပြလိုက်သည်။ သားစကားကို နားထောင်နေတဲ့ အဖေ့မျက်နှာက သိသိသာသာ ညှိုးလျော်ပြီး စိတ်မကောင်းတဲ့အသွင် ပေါ်လျက်ရှိသည်။ သို့သော် ဘရိန်းလိုတော့ ဓားဆွဲတဲ့အထိ မဖြစ်ပေ။ ဦးကံမောင်က ကျောင်းဆရာတစ်ယောက်မို့လား။ ပညာရှိအမျက် အပြင်မထွက်ဆိုတဲ့ စကားတောင် ရှိသားပဲလေ။

နောက်ဆုံး ဦးကံမောင် ပြောတဲ့ စကားက "သင်္ကြန်မို့ ရေပက်ကစားတာ အဆန်းမဟုတ်ပါဘူး။ သူများသားသမီးကို ကိုယ်ထိလက်ရောက်စော်ကားတာတော့ မပြုသင့်ပါဘူး။ သားတို့ သမီးတို့က ဂါတ်တဲမှာ မင်းတို့ဦးကြီး ဦးလှဆောင် တစ်ယောက်လုံးရှိတာ သွားမတိုင်ကြဘူးလားကွာ"...ဟဲ့

"ကဲ...ကဲ...သား မင့်အမေနဲ့ အတူ ဂါတ်တဲသွားပြီး မင့်ဘကြီး ဦးလှဆောင် သွားတိုင်ကြကွာ။ နောက်နောင် မစော်ကားရဲအောင် အရေးယူပေးပါလို့ ပြောပေါ့"

ထိုနေ့က ကိုလေးတို့သားအမိ အိမ်စီကြီး ဦးလှဆောင်(ဂါတ်စာရေးကြီး)ကို ဇာတ်စုံခင်း အကြောင်းစုံရှင်းပြကာ ထွန်းဆိုင်ကို အရေးယူပေးဖို့ တိုင်ဖြစ်ကြပါသည်။

"သိပ်ကြီးကြီးကျယ်ကျယ်ဖြစ်အောင် လုပ်ပေးဖို့မဟုတ်ပါဘူး အစ်ကို။ နောင် ကလေးတွေကို မစော်ကားဝံ့အောင်လောက်သာ တိုင်တာပါလို့ အစ်ကိုညီက မှာလိုက်တယ်"

"ပြီးပြီးပျောက်ပျောက် ဘယ်ဖြစ်မလဲ ညီမရယ်။ ဒီကောင်က သူတစ်ပါးသိက္ခာကျအောင် စော်ကားတာပဲ။ ထိထိရောက်ရောက်တော့ အရေးယူရမှာပဲ။ ငါ့ညီ မောင်ကံမောင်ကို ပြောလိုက်။ အစ်ကိုက ထိထိရောက်ရောက် နောင်ကြဉ်အောင် အရေးယူပေးမယ်လို့"

"သွားတော့မယ်နော် အစ်ကို။ အားရင် အိမ်လာလည်ပါဦး"

"အေး...အေး။ လာခဲ့မယ်။ အလုပ်အလွှဲအပြောင်းကိစ္စတွေ များနေ



www.burmeseclassic.com

www.burmeseclassic.com

တာကြောင့် မြို့ထဲကိုတောင် မရောက်ဖြစ်သေးဘူး ညီမရေ”

အိပ်စီကြီး ဦးလုဆောင်အတွေးက ထွန်းဆိုင်ကို ဂါတ်တဲလာဖို့ ဆင့်ခေါ်မယ်၊ နည်းနည်းပါးပါး ပြောဆိုသတိပေးမယ်။ နောင် သူတစ်ပါးအပေါ် နိုင်ထက်ကလူ မပြုတော့ပါဘူးဆိုတဲ့ ကတိတောင်းမယ်။ ပြီးရင် ကိုလေးနဲ့ မောင်ရွှေတို့ကို ထွန်းဆိုင်က မိဘများရှေ့မှောက်မှာ တောင်းပန်နိုင်းမယ်။ အဲဒီကိစ္စကို ရဲအထွေထွေအရပ်ရပ် မှတ်ပုံတင်မှာ ရေးမှတ်ပြီး ထွန်းဆိုင်ကို လက်မှတ်ထိုးခိုင်းမယ်လို့ အစီအစဉ်ရှိပါတယ်။ ဒါကြောင့် အိပ်စီကြီးဟာ သမ္မာန်စာဆင့် ရဲတပ်သားမောင်ကြူးကို ခေါ်ပြီး ရဲစာနဲ့ ထွန်းဆိုင်ကို ဆင့်ခေါ်ခိုင်းလွှတ်လိုက်တယ်။ အိပ်စီကြီး ဦးလုဆောင်က ပျော်ဘွယ်ဂါတ်က ပြောင်းလာတာ မကြာသေးတော့ ပွဲစားသားအဖ ညီအစ်ကိုတွေအကြောင်း မသိသေးဘူး။ ဇာတိမြို့ဖြစ်တဲ့ လက်ရှိမြို့နဲ့ ကင်းကွာနေတာလည်း နှစ်ပေါင်းနှစ်ဆယ်ကျော်ပြီလေ။

ထွန်းဆိုင် ဂါတ်တဲကို လာမယ်ထင်လား။ မလာဘူးဗျို့။ အိပ်စီကြီးကိုသာ ဌာနပိုင်ကြီးက ခေါ်တွေ့တာ ခံလိုက်ရတယ်တဲ့။ နောက်မှ အိပ်စီကြီး ပြန်ပြောပြတာကတော့ ကြီးတဲ့အမှု ငယ်စေ၊ ငယ်တဲ့အမှု ပပျောက်စေ ဖြစ်ရမယ့်အစား အိပ်စီကြီးက ဘာ့ကြောင့် ချဲ့တာလဲလို့ ပြောပြီး ဆူလိုက်ကြိမ်းလိုက်မောင်းလိုက်တာ သူ့ခေါင်းကို မဖော်နိုင်ဘူးတဲ့။ နောက်ပြီး သတိပေးမှာကြားလိုက်တဲ့ စကားကလည်း မှတ်သားလောက်သတဲ့။ ဒီဂါတ်မှာ ဆက်နေချင်ရင် အေးအေးဆေး ဝင်မရှုပ်နဲ့တဲ့။

[ဂါတ်တဲ = ယခု ရဲစခန်း။ ဌာနပိုင်ရာဇဝတ်အုပ် - ယခု စခန်းမှူး။ အိပ်စီ- ယခု ရဲတပ်ကြပ်ကြီး၊စာရေး (ဂါတ်စာရေး)ဟု ခေါ်သည်။]

အေးလေ၊ အဲဒီတုန်းက ငွေများတရားနိုင်ဆိုတဲ့ ခေတ်ပါဆို။ ဒီလောက်တော့ ကမောက်ကမ ဖြစ်မှာပေါ့။ ရဲတပ်ဖွဲ့ကလည်း အာဏာရပါတီရဲ့ ထားရာနေ စေရာသွား ခါးပိုက်ထောင်အဖွဲ့အစည်းအသွင်မို့ ဝါစာစောက အိပ်စီကြီးကို ခေါ်ဆူတဲ့ ဌာနပိုင်ကြီးလို ရဲအရာရှိများလည်း လုပ်ရကိုင်ရတာ ဘေးကျပ်နံကျပ်တော့ ဖြစ်ကောင်းဖြစ်ကြမှာပါပဲ။ ဘယ်သူ့မှ အပြစ်ဖို့စရာမရှိပါဘူး။ အပြစ်ဖို့စရာရှိရင် အဲဒီခေတ်နဲ့ စနစ်ကိုသာ အပြစ်တင်သင့်ပါတယ်။

× × × × ×

“ဟော...အစ်ကိုထွန်း။ ဘယ်သွားမလို့လဲ။ အမေက အစ်ကို့အတွက် ငါးရံ့ဆီပြန်ချက်နဲ့ ဘူးသီးဟင်းခါး၊ ရှောက်သီးသုပ် ပေးလိုက်တယ်”

“အေး...အဲဒီဟင်းတွေ အစ်ကိုသိပ်ကြိုက်တယ်။ ယောက္ခမကြီးကို ကျေးဇူးတင်တယ်။ အခုတော့ အဘိုးကြီးခိုင်းလို့ အရေးတကြီးသွားစရာရှိတယ်၊ အပြန်မှစားမယ် ကြာညို”

“ဟယ်...ဒီအစ်ကိုကတော့ ဘာလို့ ဒီလောက်လောနေတာလဲ။ ကွမ်းထုပ်မယူတော့ဘူးလား၊ တာကတဲ ဟွန်း”

“ကဲ...ပေး...ပေး ကြာညို။ ရေတွက်ဈေးနှုန်းကိစ္စ အရေးကြီးနေလို့ပါဟာ။ ဒီမှာဝင်ပြီး နင်နဲ့စကားပြောနေတာတွေ့ရင် အဘိုးကြီး ငါ့ကို ဆဲလိမ့်မယ်ဟ။ သူက အမြန်သွားဆို သွားမှကြိုက်တာ”

ထွန်းဆိုင်သည် ငှက်ပျောရွက်စိမ်းလေးနှင့် သပ်ရပ်စွာထုပ်ထားသော ကွမ်းယာထုပ်လေးကို ကြာညို့လက်တွင်းကလှမ်းယူကာ စက်ဘီးကို ကတိုက်ကရိုက်စီး၍ ထွက်ခွာသွားသည်။

ကွမ်းယာသည်မလေး ကြာညိုသည် ချစ်သူထွန်းဆိုင်ကို မျက်စိတစ်ဆုံး ကြည့်ကာ ကျေနပ်သောအပြုံးနှင့် ပြုံး၍ကျန်ခဲ့သည်။ ထွန်းဆိုင်သည် တရုတ်သားဆိုပေမဲ့ အဖေတရုတ်၊ အမေ မြန်မာစစ်စစ်က မြန်မာ့မြေမှာ မွေးသူဖြစ်ရာ တရုတ်စာ၊ တရုတ်စကား စိုးစိမျှ မတတ်။ ပွဲစားသားပီပီ လူ့ရည်တော့ လည်သည်။ အထက်တန်းကျောင်းတွင် အလယ်တန်းအောင်တဲ့အထိ နေခဲ့ဖူးသူဖြစ်သည်။ သူ့အသားက နှစ်ချို့ မန်ကျည်းသီးမှည့်ရောင်၊ အရပ်ထောင်ထောင်မောင်းမောင်း၊ ကိုယ်လုံးတောင့်တောင့်မို့ သူ့အဖေ ပုကွကွ တရုတ်နဲ့ လုံးဝမတူ။ ဒါကြောင့် တချို့က တရုတ်မဲ့ပဟုခေါ်ပြီး တရုတ်ပွဲစား ဟုတ်ကျန်တော့ ကြားသဘော်ဆိုက်တာ ခံသွားရပြီလို့ ကွယ်ရာတွင် တိုးတိုးပြောကာ ဟားတိုက်ရယ်မောကြသတဲ့။

“ဟော့...ကြာညို”

“အမလေး...လန့်သွားတာပဲ”

www.burmeseclassic.com

"ဘာတွေများ တွေးနေလို့ ဒီ လောက်လန့်သွားတာလဲ"

"အစ်ကိုသာလင်းကလည်း ရုတ် တရက်မို့ လန့်သွားတာပါတော်"

"ဒီမှာ ကြာညို၊ ဒီနေ့ကစပြီး ငါ နင့်ကို ကြာညိုလို့ မခေါ်တော့ဘူး။ ယောက်ျားတကာကို ရုပ်လေးဗန်းပြ ကြာနဲ့ညို့ ဖမ်းစားတတ်လွန်းလို့ ကြာ ညို့လို့ ခေါ်မယ်၊ ထွီ…ရွံစရာ"

"အမလေး…အကြောင်းမဲ့သက် သက် ရန်ထောင်နေပါလား။ အမေထွေး ရေ…ဟောဒီမှာ အမေထွေးသား ကိုသာလင်း ဘာတွေမကျေမနပ်ဖြစ်ပြီး ကွဲမြီးတိုသလဲ မသိဘူး။ ကျွန်မကို ရန် လုပ်နေတယ်တော်ရေ…"

"ငါ့သား သောလင်းက ညည်းကို ဒီလောက်ချစ်တာ ရန်လုပ်ပါ့မလား ချွေးမရယ်။ ချစ်လွန်းလို့ သဝန်တိုတာ ဖြစ်မှာပေါ့"

"ချေးခြောက်ရေနှူး မပြောကောင်း တာတွေ မပြောပါနဲ့။ ကျွန်မနဲ့ ကိုသာ လင်းတို့က နှုတ်ခမ်းပဲ့ချင်း မီးမှုတ်လို့ ဘာဖြစ်လာမှာလဲ အမေထွေး။ ကျွန်မ မှာက အားကိုးအားထားပြုရမယ့် ချစ် သူ ကိုထွန်းဆိုင် ရှိပြီးသားလေ။ ဒီနှစ် ရေတော်ပေါ်ပြီးရင် ကျွန်မတို့ လက်ထပ် ကြမှာ။ အစ်ကိုထွန်းကြားသွားရင် မကောင်းဘူးတော်ရေ"

ကြာညို၏ ကွမ်းယာဆိုင်လေး သည် ဈေးတောင်ဘက် မြင်းလှည်းဂိတ် အနီး တမာပင်ကြီးအောက်တွင် ရှိ သဖြင့် အရိပ်ရအေးချမ်းသည်။ ကြာညို ၏ ပါးနှစ်ဖက်ပေါ်က ပါးကွက်သနပ်ခါး ကြောင့် မွှေးသလား၊ တမာပန်းရနံ့ ကြောင့် မွှေးသလား ကွဲကွဲပြားပြား ဘယ်သူမှမသိပါ။ သို့သော် ကြီးငယ် ရွယ်လတ် ယောက်ျားသားများကတော့ ကြာညို၏ ကွမ်းယာဆိုင်တွင် ဝိုင်းဝိုင်း လည်နေကြသည်။ အဲ…အဲ…အရက် သိက္ခာကြီးကြတဲ့ ယောက်ျားသားများက တော့ ကြာညို့ကွမ်းယာလေးက မွှေး နေတာပဲလို့ ပြောကြတာပဲ။

ထွန်းဆိုင်က အလွန်သဝန်တို တတ်သည်။ လက်ထပ်ပြီးရင် ကြာညို ကွမ်းယာမရောင်းရဆိုတာ ရာဇသံပေး ထားပြီဖြစ်သည်။ သာလင်းကတော့ သူ့ အမေနဲ့ ကြာညို ပြောဆိုနေတဲ့ စကား များကို အမှေ့မှန့်ဟင်းခါးဆိုင်ဘေးမှ မသိမသာ နားထောင်ကာ စိတ်တို၍ တက်ခေါက်နေမိသည်။ အဘယ့်ကြောင့် ဆိုသော် အရင်က ကြာညိုနဲ့သူသည် ရည်းစားဟူ၍ အသေအချာမဖြစ်ခဲ့ သော်လည်း တစ်နေ့တွင် နှစ်ဖက်မိဘ များက လက်ထပ်ပေးကြမည်ဟု ယုံ ကြည်ထားသောကြောင့် ဖြစ်သည်။ ခု တော့ ထွန်းဆိုင်တို့လို ငွေကြေးချမ်းသာ သော ပွဲစားသားနဲ့ လက်ထပ်မယ်ဟု ကြာညိုက တိတိလင်းလင်းပြောလာ သည့်ပြင် အမေဖြစ်သူ ဒေါ်ထွေးအား အစ်ကိုထွန်းသိရင် မကောင်းဘူးနော် ဆိုတဲ့ စကားနဲ့ မထီတထိ ခြိမ်းခြောက် ပြောဆိုခြင်းကို အတော်ပင် မကျေမနပ် ဖြစ်မိသည်။ ရည်းစားလူလု အူနုကျွဲ ခတ်ခံရသလို ဖြစ်နေတဲ့ကြားက ကြာ ညိုကပါ သူ့အပေါ် အထင်သေးစကား တွေ ပြောလာသည့်အပေါ် သဝန်တို တယ်ပြောပြော၊ မနာလိုတယ်ပြောပြော အလွန်ဒေါသဖြစ်တာကတော့အမှန်ပင်။

ကြာညိုတာ ထွန်းဆိုင်နဲ့မငြိခင်က သာလင်းရဲ့အမေ ဒေါ်ထွေးက ချွေးမ၊ ချွေးမလို့ ခေါ်လိုက်တဲ့အသံကို အတော် သဘောတွေ့ပါသည်။ ဘာကြောင့်လဲဆို တော့ ကြာညိုကိုယ်တိုင် ဒေါ်ထွေးရဲ့ သား သာလင်းကို စိတ်ဝင်စားနေ၍ ဖြစ် ပါတယ်။ သာလင်းကလည်း တစ်ဦးနဲ့ တစ်ဦး ပြတ်ပြတ်သားသား မပြောဖြစ် ကြသေးပေမယ့် တစ်နေ့ကျရင် ကြာ ညိုဟာ သူ့အတွက် နိုးတူပေါင်ဖက် လုပ်ကိုင်စားသောက်ကြမယ့် အိမ်သူ သက်ထား ဇနီးမယားဖြစ်လာလိမ့်မယ် လို့ မျှော်လင့်ထားသည်။

အခုတော့ ကြာညို စိတ်ပြောင်း သွားပြီ။ စိတ်မပြောင်းဘဲ ခံနိုင်ရိုးလား။ ထွန်းဆိုင်ပြောတဲ့စကားကို နားထောင် ကြည့်ဦးလေ။

"ဟော့…ကြာညို၊ ငါ နင့်ကိုချစ် တယ်။ နင်လက်ခံရင် ငါ့တရားဝင် လူ သိရှင်ကြား လက်ထပ်ယူမယ်။ အိမ် တစ်ဆောင် မီးတစ်ပြောင်နဲ့ ထားမယ်။ ပွဲရုံဆီးခြားခွဲထောင်ပြီး လုပ်စားကြမယ်။ နင့်ဘက်က ငါ့ကို တစ်ခုတော့ ကတိ ပေးရမယ်။ အဲဒါကတော့ နင် ငါနဲ့ယူ ပြီးရင် ကွမ်းယာမရောင်းရဘူး။ အဲဒါ စဉ်းစားထား။ သဘောတူရင် ငါနက်ဖြန် လာခဲ့မယ်။ အဖြေပေး ဟုတ်လား" တဲ့။

ကြာညိုက မဆွတ်ခင်က ခပ် ညွှတ်ညွှတ်ဖြစ်နေတဲ့ ထွန်းဆိုင်အပေါ် ဘာမှမငြင်း အမေ့ကို မေးဦးမယ်လို့ ပြောလိုက်တယ်။ အဲဒါမှန်တာပေါ့။

www.burmeseclassic.com

ကြာညီ့တို့က အမေတစ်ခု၊ သမီးတစ်ခု မဟုတ်လား။ တိုတိုပြောရရင် ကြာညီ့ အမေက ဝမ်းမြောက်ဝမ်းသာနဲ့သဘော တူလိုက်တယ်။ ဒီလိုနဲ့ ကြာညီ့နဲ့ ထွန်းဆိုင်တို့ လက်ထပ်ဖို့အထိ ဖြစ်ခဲ့ကြတယ်။ ထွန်းဆိုင်မိဘတွေကလည်း ဒီနှစ် ငရုတ်ပေါ်ပြီးရင် လက်ထပ်ပေးမယ်ဆိုတဲ့ ကတိစကားရထားတော့ ကြာညီ့တို့အတွက် ရွှေလမ်း၊ ငွေလမ်းကြီးက မြူးနေတာပဲပေါ့။

× × × × ×

"ဟော့ကောင်တွေ . . . ထွန်းဆိုင်အသတ်ခံရလို့ သေပြီဆိုတော့ ဟို . . ဟိုကိစ္စ ဘယ်လိုလုပ်ကြမလဲဟင်"

"ဘာတွေ မျှဝေခံစားလာပြန်ပြီလဲ ကိုဖိုးနီ"

"ခံစားတယ်ရယ်လို့တော့ မဟုတ်ပါဘူး ကောင်လေးရာ။ သိချင်လို့ပါကွာ။ ထွန်းဆိုင်နဲ့ မင်းတို့အချစ်တော်မလေး ဘယ်သူ . . . ဟို . . . ဟို ကွမ်းယာမလေး ဘယ်သူ"

"ကြာညီပါဗျာ၊ ကြာညီပါတဲ့။ ကိုဖိုးနီတို့ကတော့ စံပဲ။ လူတကာအကြောင်း သိလည်းသိချင်၊ စပ်စုချင်တာကလည်း ကိုတောကျော်လိုပဲ။ ကိုယ်တိုင်တော့ ဘာအကြောင်းမှ မသိတဲ့လူတွေ"

"ရပ်ဆွေရပ်မျိုးတွေ ကိစ္စဆိုတော့ သိချင်တာပေါ့ဟ ကောင်လေးရ"

"ကဲ . . . ခင်ဗျား ဘာသိချင်တာလဲ၊ တစ်ခုချင်းမေး"

"ထွန်းဆိုင်နဲ့ ကြာညီ့တို့က သန်ဘက်ခါ မင်္ဂလာဆောင်ကြမှာ။ ဖိတ်စာတွေလည်း ဝေပြီးပြီ။ သူတို့ပွဲရုံရှေ့မှာဆောက်ထားတဲ့ မဏ္ဍပ်ကြီးကလည်း ဟည်းနေတာပဲ။ အဲဒါ ဘယ်လိုလုပ်ကြမှာလဲလို့ သိချင်တာ"

"ကိုဖိုးနီတို့ကတော့ . . . ဂျာမနီဝက်အူပဲ၊ ရှည်ကိုရှည်တယ်။ တွေးပြန်တော့လည်း လွယ်တာကို ခက်အောင်တွေးတယ်။ ထွန်းဆိုင်ရဲ့ မင်္ဂလာမဏ္ဍပ်က မင်္ဂလာမှမဖြစ်တော့ဘဲ။ ထွန်းဆိုင်အတွက် မသာမဏ္ဍပ်ဖြစ်သွားတာပေါ့ဗျာ"

"ရွှေမင်းသားလေး ထွန်းဆိုင်ကို မေတ္တာထားတယ်လား"

"ဟား . . . ဟား . . . ဟား"

အနီးတွင်ရှိနေသော ကိုတောကျော်က ဇာတ်မင်းသားကြီးဟန်နဲ့ အချက်ကျကျ ဝင်ထောက်လိုက်ရာ သူငယ်ချင်းအားလုံး ဝိုင်းဆူအောင် အော်ရယ်လိုက်ကြသည်။

× × × × ×

မြို့မဂါတ်တဲက ထွန်းဆိုင်ကို သတ်မှုနဲ့ ဘရိုန်းကို ဖမ်းလိုက်ပြီတဲ့။

"ဘရိုန်းအမေနဲ့ ဘရိုန်းညီ မောင်ရွှေတို့ကိုလည်း ဂါတ်တဲက ခေါ်စစ်နေသတဲ့"

"ရီမာန်နှစ်ပတ် ကြာတဲ့အထိ ဘရိုန်းကိုစစ်တာတောင် လူသတ်မှုကျူးလွန်တဲ့ သက်သေအထောက်အထား တစ်ခုမှမရတဲ့အတွက် ဘရိုန်းကို ဂါတ်တဲက ပြန်လွှတ်လိုက်တာတဲ့"

"ဟင် . . . ဘရိုန်းမသတ်ရင် ဘယ်သူသတ်တာလဲ၊ ဘယ်သူသတ်တာလဲ"

"ကျောင်းဆရာ ဦးကံမောင်နဲ့ ကိုလေးတို့သားအဖက ထွန်းဆိုင်ကို သတ်တာတဲ့"

"ဆရာဦးကံမောင်က ကျောင်းဆရာ လူကြီးလူကောင်းတစ်ယောက်ပ[illegible] လူသတ်မှုကျူးလွန်မလားဗျာ"

"ကျူးလွန်တာ၊ မကျူးလွန်တာတော့ ငါမသိဘူး။ ငါမြင်ခဲ့တာတော့ ဆရာဦးကံမောင်နဲ့ ကိုလေးတို့ သားအဖကို မြို့မဂါတ်တဲ အချုပ်ခန်းထဲမှာ ငါတွေ့ခဲ့တယ်"

"ဆရာဦးကံမောင်လို ဂုဏ်သရေရှိလူကြီးလူကောင်းတစ်ယောက်လည်း ထွန်းဆိုင်လိုအမိုက်နဲ့ပတ်သက်မှုကြောင့် အချုပ်ခန်းထဲ ရောက်ရတော့တယ်။ ဒီခွေးကောင်တွေဟာ ဘယ်သူ့ကိုမှ ကောင်းကျိုးမပေးတဲ့ဟာတွေပဲ . . . ထွီ"

"ရီမာန်ရက်ကုန်တဲ့အထိ အချုပ်ထဲမှာထားပြီး စစ်ဆေးတာ လူသတ်မှုကျူးလွန်တဲ့ ဘာသက်သေအထောက်အထားမှ မတွေ့လို့ ဆရာဦးကံမောင်တို့သားအဖကို ဂါတ်တဲက ပြန်လွှတ်လိုက်တယ်တဲ့"

"ကဲ . . . ငါပြောသားပဲ။ ဆရာဦးကံမောင်ဟာ လူကြီးလူကောင်းပါလို့။ ဒါဆို ထွန်းဆိုင်ကို ဘယ်သူသတ်တာလဲ၊ ဘယ်သူသတ်တာလဲ၊ ဘယ်သူသတ်တာလဲ"

ထွန်းဆိုင်အသတ်ခံရပြီး တစ်လပြည့်ရန် သုံးရက်အလို။

"ထွန်းဆိုင်ကိုသတ်တဲ့ တရားခံကိုမိပြီ"

"လာပြန်ပြီ မဟုတ်က ဟုတ်က ဒီတစ်ချီ ဘယ်ကံထူးရှင် အချုပ်ထဲရောက်ဦးမလဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com

"မယုံမရှိနဲ့ ကိုယ့်လူ။ ဒီတစ်ခါ တရားခံတကယ်မိတာပဲ။ တရားခံကိုယ်တိုင် သူသတ်ကြောင်း ဖြောင့်ချက်ပေးတဲ့အပြင် အချင်းဖြစ်ချိန်က သူအသုံးပြုခဲ့တဲ့ သက်သေခံများကိုလည်း ရဲထံအပ်သတဲ့"

"ဟ…ဟ နေစမ်းပါဦး။ တရားခံက ဘယ်သူတဲ့တုံးကွ"

"ဟော…ကိုတောကျော်တို့ကတော့ အစဉ်အလာမပျက် မေးပြီ။ ကိုဖိုးနီရေ…ခင်ဗျားဆရာကို ခင်ဗျားပဲ ရှင်းပြလိုက်တော့ဗျာ"

"ဟော့ကောင် တောကျော်၊ မင့်လောက် အ,တဲ့ကောင်ကိုများ မင့်အမေက တောကျော်လို့ အမည်မှည့်ခဲ့တာ ငါတော့ အံ့သြတယ်။ တရားခံဘယ်သူလဲဆိုတာ ကလေးကအစ သိတယ်ကွ"

"ငါ တကယ်မသိလို့မေးတာ။ မင်းပြောပြမှ သိရမယ်ဆိုရင် ငါခွေးကိုက်ခံရတာထက် နာတယ်ဟေ့။ မပြောနဲ့ မသိချင်တော့ဘူး"

"ကဲ…ကဲ၊ တရားခံက ဖိုးကြည်၊ ကန်စောင်းရွာသား ဖိုးကြည်တဲ့"

"စောစောကတည်းက ပြောရင်ပြီးတာပဲ ကောင်လေးရာ"

"ကန်စောင်းရွာသား ဖိုးကြည်ဟာ ထွန်းဆိုင်ရဲ့ လူယုံတော် ပွဲရုံလုပ်သားတစ်ယောက်ပဲ၊ လူယုံသတ်ရင်သေတယ်ဆိုတဲ့စကား အားလုံးကြားဖူးအယ် မဟုတ်လား"

"အေး…ကြားဖူးတယ်၊ ဒါနဲ့အလိုသတ်တာတဲ့လဲ ကောင်လေးရ"

"သင်္ကြန်အတက်နေ့ ထန်းရည်[illegible]တော့ အလျှိုလျှို အိမ်ပြန်တယ်။ ဖိုးကြည်က ထုံးစံအတိုင်း လှည်းကောက်ပြီး ရွာပြန်ဖို့ပြင်တယ်။ ထန်းရည်ထည့်လာတဲ့ ပုံးတွေသိမ်းတော့ တစ်ပုံးပျောက်နေတယ်၊ အဲဒီကိစ္စနဲ့ ထွန်းဆိုင်နဲ့ ပြောရင်းဆိုရင်း ဘယ်လိုဖြစ်တယ်မသိဘူး။ တစ်ယောက်တစ်ခွန်း စကားများကြတယ်။ စကားများတော့ ထွန်းဆိုင်က လုပ်ငန်းရှင်ပွဲစားသားပီပီ အထက်စီးကနေ ပြောဆိုပြီး မအေ၊ နှမနဲ့ ဆဲတယ်။ ကိုယ်ထိလက်ရောက်လည်း ဖက်ပိုးကို ဖြတ်ရိုက်တဲ့အပြင် ခြေထောက်နဲ့ပါ ကန်တာခံလိုက်ရတယ်။ တကယ်တော့ ဖိုးကြည်ဟာ ထွန်းဆိုင်ထက် အသက်အများကြီး ကြီးတယ်။ အလုပ်ရှင်မို့ အလုပ်သမားကို အနိုင်ကျင့်တဲ့သဘောပေါ့။ ဒီအဖြစ်အပျက်ကို ကဗ္ဗာနောက်ဘက် ချောင်ထဲမှာ အိပ်နေတဲ့ ဒေါ်ခင်ဆုံက မြင်တယ်၊ ကြားတယ်၊ သိတယ်။ ဒါပေမယ့် ဒေါ်ခင်ဆုံက ဘယ်သူ့ကိုမှ ပြန်မပြောဘဲနေတယ်။ ဒေါ်ခင်ဆုံသိတယ်ဆိုတာလည်း ထွန်းဆိုင်နဲ့ ဖိုးကြည်က မသိဘူး"

"အငြိုးအတေးရှိထားတဲ့ ဖိုးကြည်ဟာ ဘာမှမဖြစ်သလို ပွဲရုံမှာ အလုပ်မပျက် ဆင်းတယ်၊ ကလဲ့စားချေဖို့ အမြဲအကြံရှိတယ်၊ လက်ဖက်ကောင်းစားလို ပလောင်တောင်တက်နေ့ဆိုတဲ့ စကားလိုပဲ အခါသင့်မယ့်နေ့ကို စောင့်နေခဲ့တယ်။ အချင်းဖြစ်တဲ့နေ့ကတော့ မိခင်ရဲ့ရွာက တစ်ဦးတည်းပြန်လာတဲ့ ထွန်းဆိုင်ကို လမ်းကကြိုစောင့်ပြီး မြည့်နေအောင်သွေးထားတဲ့ ဓားနဲ့ တစ်ချက်တည်း အပြတ်ရှင်းလိုက်တာပဲ"

"ဒေါ်ခင်ဆုံဆိုတဲ့ အဖွားတစ်ဝရှိထားတော့ ရာဇဝတ်အုပ်ကိုတော်ကြီးက အစကအဆုံးတိုင် ဆွဲထုတ်လိုက်တာ ဘူးပေါ်သလို ပေါ်သွားတာတဲ့၊ ဖိုးကြည်ဖြောင့်ချက်ပေးတဲ့နေ့က တရားရုံး တရားသူကြီးရှေ့မှောက်မှာ ပြောတဲ့စကားကတော့ မှတ်သားစရာပဲဗျ"

"ကျုပ်အဆဲအဆိုကိုထိတာ မနာပါဘူး။ မအေနဲ့ ဂိုင်တုတ်တာတော့ နာတယ်ဗျာတဲ့။ ဒီလို အမျိုးယုတ် အမှိုက်လိုကောင်တွေကို တစ်သက်မဟုတ်ဘူး ဆယ်သက်မကျေဘူးတဲ့"

ဝင်းဒေါင်(ရမည်းသင်း)

ဤအမှုကို ကိုယ်တိုင်စစ်ဆေးဖော်ထုတ်ခဲ့ခြင်း မဟုတ်ကြောင်း ဝန်ခံပါသည်။ စာရေးသူ ခရိုင်ရဲတပ်ဖွဲ့မှူးတာဝန်ထမ်းဆောင်စဉ် ရှေးအဆက်ဆက်က ဖြစ်ပွားခဲ့ဖူးသော မှုခင်းအစီရင်ခံစာအဟောင်းများကို အခါအားလျော်စွာ ဖတ်ရှုလေ့လာခဲ့ရာ အစီရင်ခံစာတစ်ခုတွင် သင်ခန်းစာယူဖွယ်ကောင်းသော ဖြစ်စဉ်များ ပါဝင်နေပြီး ဝတ္ထုအသွင် ရေးသားတင်ပြလျှင် စာဖတ်သူများ တစ်စိတ်တစ်ဒေသ သင်ခန်းစာရနိုင်သည်ဟု ထင်မြင်ပါသဖြင့် ဝတ္ထုအသွင် ရေးသားတင်ပြခြင်းဖြစ်ပါသည်။ အမည်နာမများ တိုက်ဆိုင်မှုရှိပါက မတော်တဆ တိုက်ဆိုင်မှုသာ ဖြစ်ပါသည်။

(စာရေးသူ)



www.burmeseclassic.com

www.burmeseclassic.com



# မဆွေရလှေကားမှသည်

## မြမြလှိုင်

ပထမလှေကားထစ်…။

ကျွန်မနာမည်က ချိုလဲ့ရီ၊ အဲဒီနာမည်ကို ကိုယ့်ဘာသာကိုယ်ပေးထားတာ။ အမေပေးတဲ့နာမည်က ခင်ချိုလဲ့တဲ့။ ရိုးလိုက်တဲ့နာမည်။ နေ့နံနဲ့ကိုက်အောင်ပေးပြီး ဘာကိုအညွှန့်တင်တယ်ဆိုလား မှည့်ထားတာလို့ပြောတယ်။ ငယ်ငယ်တုန်းကတော့ ခေါ်ချင်သလိုခေါ်ကြပေါ့။ ဆယ်တန်းကျောင်းသူဘဝမှာပဲ ကျွန်မစိတ်ကြိုက်နာမည်ကိုပြောင်းလဲလိုက်တယ်။ ချိုလဲ့ရီလို့။ ရကောက် ညသတ်နဲ့ မရည်ဘဲ ရကောက်လုံးကြီးတင် ဆံခတ်ရီလို့ မှည့်တာက ကျွန်မရဲ့ ခံယူချက်နဲ့မှည့်လိုက်တာ။ အမြဲတမ်း ချိုရွှင်ဝင်းလဲ့နေပြီး ပြုံးရွှင်ရယ်နေတဲ့အသွင်နဲ့ ကျွန်မရဲ့မျက်နှာအလှကိုတင်စားပြီး မှည့်ခေါ်လိုက်တာ၊ ကျွန်မကိုယ်ကျွန်မ ပြောရင်လည်း ချိုလဲ့ရီကလေဆိုပြီး နာမည်အပြည့်အစုံကိုတပ်ပြီးမှ ပြောတယ်။ ဒီတော့ ကျွန်မရဲ့နာမည်ကို သိချင်သူတွေအတွက် အထူးပြောစရာမလိုတော့ဘူးလေ။ အဖေရယ်၊ အမေရယ်ရှိခဲ့တဲ့ ကျွန်မရဲ့ ဘဝထဲကနေ မေမေဟာ အရင်ဆုံး ဘဝတစ်ခုလုံးကိုကျောခိုင်းပြီး ပြန်လာလို့မရတဲ့ခရီးကို အပြီးအပိုင်ထွက်သွားလေတယ်။ ရင်ထဲမှာ နင့်နင့်သီးသီး ခံစားရတယ်။ နှလုံးရောဂါဆိုတဲ့အရာက ကျွန်မဖေဖေရဲ့လက်ထဲကနေ မေမေ့ကို အတင်းလုယူသွားတာ။

"မငိုပါနဲ့သမီးရယ်။ ဖေဖေတစ်ယောက်လုံးရှိပါတယ်။ ဖေဖေပိုင်ဆိုင်သမျှ အရာအားလုံးနဲ့ ငါ့သမီးလေးကို ပျော်အောင်ထားမယ်။ ဖေဖေ့မေတ္တာတွေအားလုံး ဟောဒီကသမီးလေးကိုပဲ ပုံအောပြီး ချစ်ရမှာပေါ့"

ဖေဖေရဲ့နှစ်သိမ့်မှုဟာ ကျွန်မအတ္တက် တစ်နှစ်ႉ တချုပ်ပြုလုပ်ပေးသေားတယ်။ တစ်နှစ်ကုန်လို့ တစ်နှစ်ပြောင်းသွားတဲ့အခါမှာတော့ ဖေဖေႈက မေတ္တာစာချုပ်ကို အသစ်ချုပ်ဆိုလိုက်တယ်။

ခင်ခက်နွယ်တဲ့…။ ကျွန်မရဲ့နေရာအစား မေတ္တာစာချုပ်အသစ်မှာ ဝင်ရောက်နေရာယူတဲ့သူ။ ဖေဖေ့ထက် ဆယ်နှစ်လောက်ငယ်ပြီး သူ့အလှမှာ ယစ်မူးအောင် ဖေဖေ့ကို ဖမ်းစားနိုင်စွမ်းရှိတယ်။ ခန္ဓာကိုယ်အချိုးအစား၊ အသားအရေ၊ မျက်နှာအလှကအစ အပြစ်ဆိုစရာမရှိအောင် လှတာကိုတော့ ကျွန်မ ဝန်ခံပါတယ်။ ဒါပေမယ့် ကျွန်မနဲ့ ဖေဖေ့အကြားမှာ ပတ်သက်ဖို့ ဝင်ရောက်လာတာကိုတော့ ဘယ်လိုမှ လက်ခံလို့ကို မရနိုင်ဘူး။

"နွယ်က အေးပါတယ်သမီးရယ်။ သူတို့မှာ သားအမိနှစ်ယောက်တည်းရှိတယ်။ ဖေဖေ့ကိုလည်း သိပ်လေးစားတာ။ သမီးအတွက်လည်း အဖော်ရအောင် ဖေဖေစဉ်းစားလိုက်တာပါ"

ဖေဖေတစ်ယောက် အင်မတန်ဟန်ဆောင်ကောင်းတယ်လို့ ကျွန်မတွေးမိတယ်။ တစ်နှစ်အတွင်းမှာ ဘာတစ်ခုမှ ပုံစံမပြောင်းလဲဘဲ အိမ်ပေါ်ကိုခေါ်တင်လာတော့မှသာ ဒါဟာ ဖေဖေရဲ့နောက်မိန်းမ၊ ဒါက အဲဒီမိန်းမရဲ့အမေဆိုတာကို သိရတော့တယ်။

"သမီးလေး ဘာပဲဖြစ်ဖြစ် ပြောချင်ရင် အဘွားကိုပြောနော်။ သမီးလေးက အဘွားရဲ့မြေးပေါ့"

လာလာချေသေး။ အဘွားတဲ့။ အဲဒီတော့ သူ့သမီးက ကျွန်မရဲ့အမေပေါ့။ မေမေရဲ့နေရာအစား ဘယ်သူ့ကိုမှ နေရာမပေးနိုင်ဘူး။ ဒေါ်ခက်ခက်နွယ်ရဲ့အမေကလည်း ရုပ်ရည်ကတော့ ခံ့ခံ့ထည်ထည်။ အသက်ခြောက်ဆယ်ကျော်လောက်ရှိမယ်။ အိႉ ႉဆိုတက်လာပြီး အဝင်ကောင်းအောင် မျက်နှာချိုလာသေးတယ်။ အသက်ကြီးတဲ့ မုဆိုးဖိုဖေဖေ့ကို သူ့သမီးနဲ့ ညားကြောင့် သဘောတူရသလဲမိုတာ

www.burmeseclassic.com

အသိ သာကြီးပဲလေ။ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်တဲ့ ဖေဖေ့ရဲ့ ဓနအင်အားတွေကိုမြင်လို့ ဒီယုန်မြင်ပြီး ဒီချုံထွင်တာကို ကျွန်မ မသိဘဲ နေမှာလား။ သိလိုက်တာမှ နောက်ကျလို့။

ဒုတိယလျောကားထစ်…။

"နွယ်ရေချိုးရင် စောစောချိုးနော်။ သိပ်အအေးမခံနဲ့။ အားဆေးလည်းမှန်မှန်သောက်။ ဪ… သမီးကော ခေါင်းမူးတာ ပျောက်သွားပြီလား။ မနက်က ခေါင်းမူးလို့ဆို။ ထမင်းလည်း ကောင်းကောင်းမစားဘူးလို့ပြောတယ်။ သမီးစားချင်တာ နွယ့်ကိုပြောလိုက်လေ။ အဘွားနဲ့ မလှရီက, စီစဉ်ပေးမှာပေါ့"

ဒုတိယနေရာမှာ ရောက်နေတဲ့ ကျွန်မကို ဖေဖေက ဝတ္တရားမပျက်ပြောလာတယ်။ ကျွန်မရဲ့ ဖေဖေနဲ့ မေမေပိုင်တဲ့ ဒီအိမ်အဝန်းအဝိုင်းမှာ ဖေဖေကလွဲရင် ဘယ်သူ့ကိုမှ ခွင့်တောင်းစရာမလိုဘူးလို့ ထင်တယ်။ ကျွန်မစားချင်၊ လုပ်ချင်တာတွေကို သူတို့ကိုပြောပြပြီးမှ ကျွန်မစားခွင့်ကြုံမှာ မဟုတ်လား။ ခေါင်းမူးတယ်ဆိုတာကလည်း သူတို့နဲ့တစ် အိမ်တည်းနေပြီး မျက်နှာချင်းမဆိုင်ချင်လို့ အခန်းထဲကမထွက်ဘဲ စားချင်တာ၊ လိုချင်တာကို အိမ်မှာရှိတဲ့ မလှရီနဲ့ပဲယူ ခိုင်းပြီး အခန်းထဲမှာ ကျွန်မရဲ့လက်ကိုင်ဖုန်းနဲ့ သူငယ်ချင်းတွေကို တစ်ယောက်ပြီးတစ်ယောက်ဆက်ကာ စကားပြောနေလိုက်တယ်။

"မြေးလေးက ဘာစားချင်တာလဲ။ အဘွားကိုပြောလေ အဘွားလုပ်ပေးမယ်"

သိပ်နှုတ်ချိုလွန်းတဲ့ ဒီသားအမိကို ပိုပြီးကြည့်မရဖြစ်လာတယ်။ အဖေ့ရှေ့မှာကော၊ ကွယ်ရာမှာကော သိပ်ပြီး ဟန်ဆောင်ကောင်းနေတယ်။ မလှရီကတော့ အဖေ့ကိုပြန်ပြောမှာ ကြောက်လို့ထင်တယ်။ ကျွန်မကတော့ ခပ်တင်းတင်းပဲနေလိုက်တယ်။ ဆိုးတော့မဆိုးဘူး။ တော်တော် ဟန်ဆောင်နေနိုင်တယ်။

"သမီးကြီးအတွက် မောင်လေးလား၊ ညီမလေးလားမသိဘူး ရဦးမှာ။ ဖေဖေ့သမီးကြီးလည်း ဥတစ်လုံးတစ်ကောင်ကြွက်မ မဖြစ်တော့ဘူးပေါ့"

ဥတစ်လုံးတစ်ကောင်ကြွက် ဆိုတာ ပိုပြီးတောင်လွတ်လပ်သေးတယ်။

"မိသားစု အသိုက်အမြုံနဲ့နေရတာ သိပ်ပျော်စရာကောင်းတယ် သမီးရဲ့"

ဖေဖေကတော့ မစို့မပို့ [illegible]အစ်နေတဲ့ ဒေါ်ခင်ခက်နွယ်ရဲ့ဝမ်းဗိုက်ကို ကြည့်ပြီး အပျော်မျက်နှာ၊ အပြုံးမျက်နှာနဲ့ ရှိလေရဲ့။ ရေချိုး ထမင်းစားတာကအစ သိပ်ပြီး ဂရုစိုက်လွန်းတယ်။ ကျွန်မကိုလည်း ဝတ္တရားမပျက် ပြောရ ချော့ရသေးတယ်။ ဖေဖေပင်ပန်းတာကိုကြည့်ပြီး မေမေ့ကို ပိုသတိရမိတယ်။ ရုပ်ဗေဒအထူးပြုနဲ့ ဘွဲ့ရပြီးပေမယ့် ဖေဖေက ကျွန်မကို ဘာအလုပ်မှ မလုပ်စေဘဲ အိမ်မှာပဲ အေးအေးဆေးဆေးနေခိုင်းတယ်။

"ဘယ်မှာရှိတဲ့ငွေရော အစ်မကြီးရဲ့အတွင်းပစ္စည်း၊ ရတနာတွေကို အစ်ကိုကြီးသမီးရဲ့နာမည်နဲ့ လွှဲလိုက်ပါ။ နွယ်တို့ကို အစ်ကိုကြီး ခုလိုစောင့်ရှောက်တာနဲ့တင် လုံလောက်ပါပြီ"

တစ်ညမှာ မမျှော်လင့်ဘဲ ဖေဖေတို့အခန်းနားကနေ ဖြတ်အသွားမှာ မထင်မှတ်တဲ့စကားသံကို ကြားလိုက်ရတယ်။ ကျွန်မရဲ့မျက်နှာမှာ လှောင်ပြုံးအပြုံးတစ်ချက်ဖြစ်သွားတယ်။ အဲဒီ ဒေါ်ခင်ခက်နွယ်ကိုလည်း ချီးကျူးမိတယ်။ ဟိတ်လည်းတတ်နိုင်ပါတယ်။ နှုတ်ခမ်းလေးက ချိုလွန်းလှတယ်။ ဒီလို အပြောလေးတွေနဲ့ မေမေရဲ့ အတွင်းပစ္စည်းနဲ့ ပိုင်ဆိုင်မှုဟာ သူနဲ့ ဘာမှသက်ဆိုင်တာမှမဟုတ်တာ။ ဒါကို အခွင့်ကောင်းယူပြီး အသံကောင်းဟစ်ပြနေတယ်။ လောကမှာ မိထွေးဆိုတာ မြတ်စွာဘုရားရှင်ရဲ့ မိထွေးတော် ဂေါတမီကလွဲရင် ဘယ်မှာကောင်းရိုးရှိလို့လဲ။

"အစ်ကိုကြီးကလည်း အဲဒီလိုပဲ စဉ်းစားထားပြီးသားပါ။ သမီးကြီးစိတ်ဆင်းရဲမှာကိုလည်း မလိုလားဘူးလေ။ နွယ့်ကိုလည်းသိအောင် ဖွင့်ပြောတာပါ။ နွယ် ဘာမှစိတ်မပူပါနဲ့။ လင်သားတစ်ယောက်ရဲ့တာဝန် ကျေပွန်ရပါစေ့မယ်"

တတိယလျောကားထစ်…။

"သမီးကြီးရေ…သမီးအတွက် ညီမလေးတစ်ယောက်ရပြီ။ သမီးကြီးမှာ ညီမရှိလာပြီ။ အသက်ငါးဆယ်မှ ဖေဖေ့မှာ ကလေးနီနီထွေးထွေးကို [illegible]ဦးမယ်"

ဆေးရုံကပြန်လာ[illegible] ဖေဖေ့ရုပ်

www.burmeseclassic.com

သွင်ဟာ ပိုပြီးနုပျိုလန်းဆန်းနေတယ်။ ကျွန်မရဲ့ရင်ထဲမှာတော့ မနာလိုဝန်တိုစိတ်က ပိုပြီးကြီးမားလာသလို ခံစားရတယ်။ ကျွန်မအပြင် ဖေဖေ့အတွက် နောက်ထပ်တိုးကာ ချစ်ရမယ့်သူ၊ သံယောဇဉ်တွယ်ထားရမယ့်သူ၊ ပြုစုပျိုးထောင် တာဝန်ယူရမယ့်သူ ပေါ်လာပြီ။

"မြေးလေး ဝမ်းမသာဘူးလား။ ညီမလေးက အဖော်ရတာပေါ့"

ဒေါ်ခက်ခက်နွယ်ရဲ့ အမေက လည်း တပြုံးပြုံးနဲ့။ ကျွန်မကတော့ သူတို့ကို ပိုပိုပြီး မုန်းမုန်းလာတယ်။ တရှောင်ရှောင်နဲ့ ရောဂါဝေဒနာကို ခံစားပြီး အိပ်ရာထဲလဲနေတဲ့မေမေ့ကို ဖေဖေတာဝန်ကျေစွာနဲ့ ဂရုတစိုက်ပြုစုပြီး ကုသခဲ့တာကို ကျွန်မသိပါတယ်။ ဒါပေမယ့် ကျွန်မအနေနဲ့ အဲဒီဒေါ်ခက်ခက်နွယ်ကို မေမေ့နေရာ အစားဝင်လာတာကို လုံးဝ လက်မခံနိုင်ဘူး။ ဖေဖေနဲ့ ကျွန်မဘဝထဲ ကြားဝင်လာတဲ့ သူ့ကို အလိုလိုကို မုန်းမိတယ်။

"သမီးရဲ့ ညီမလေးကို ဆေးရုံ လိုက်ကြည့်ဦးမလား။ သမီးမြင်ရင်ချစ်မှာ၊ သမီးက ကလေးချစ်တတ်တယ် လေ၊ ငယ်ငယ်တုန်းကဆိုရင် ညီမလေးမွေးပေးပါဆိုပြီး ခဏခဏပူဆာတာ၊ သမီးမေမေရောဂါကြောင့် ကလေးမမွေးနိုင်တော့လို့ စိတ်မကောင်းတောင်ဖြစ်ရသေးတယ်၊ အခု သမီးရဲ့ဆန္ဒပြည့်ပြီ"

ဖေဖေဘယ်လိုပဲပြောပြော ကျွန်မရင်ထဲကတော့ အဲဒီကလေးကို အလိုလိုနေရင်း မုန်းချင်မုန်းမိလိမ့်မယ်။

"တော်သေးတယ်။ နွယ်က ဗိုက်ခွဲမွေးစရာမလိုဘဲ ရိုးရိုးမွေးတာ။ ဆရာဝန်ကြီးတွေက ဂရုစိုက်ကြပါတယ်။ ဆံပင်သန်တာ သမီးကြီးနဲ့တူတယ်"

ဒေါ်ခက်ခက်နွယ် ဆေးရုံမှာ ခုနစ်ရက်လောက်နေတဲ့ အချိန်အတွင်း ကျွန်မ တစ်ခါမှမသွားခဲ့ဘူး။ သူ့အမေနဲ့ ကျွန်မရဲ့ဖေဖေကတော့ တစ်နေ့ကို နှစ်ခေါက်၊ တစ်ခါတလေ တစ်နေ့လုံး ဆေးရုံမှာနေကြတယ်။

"ချိုလဲ့ရယ် စိတ်လျှော့လိုက်ပါ။ ဒါလည်း ချိုလဲ့ဖေဖေရဲ့ သွေးပဲလေ"

ကျွန်မအိမ်မှာရှိစဉ် မလှရီက ဖျောင်းဖျပြောဆိုပေမယ့် ကျွန်မရဲ့ရင်ထဲမှာ ခံစားချက်ကင်းမဲ့နေတယ်။

"မနွယ် ဆေးရုံက ဒီနေ့ဆင်းရတော့မယ်။ သမီးရဲ့ ညီမလေးကို အိမ်ရောက်မှပဲ ကြည့်တော့"

ဖေဖေ့မျက်နှာမှာ အပြုံးတွေဝေပြီး ကျွန်မရဲ့နဖူးက ဆံစလေးတွေသပ်ပေးပြီး ဝမ်းသာအားရပြောလာတယ်။

"သူ့ဘာသာဆေးရုံကဆင်းဆင်း၊ မဆင်းဆင်း ကျွန်မရဲ့ရင်ထဲမှာ ဘာခံစားမှုမှ မရှိ။ တွေးတော့ တွေးမိလိုက်ပါတယ်။ အဲဒီကလေးကိုရုပ်ပြပြီး ခပ်သဲသဲလုပ်ဖို့ ဒီမိန်းမ ဖေဖေ့ကို စွမ်းဆောင်ဦးမယ်။ စီစီညံတဲ့ ကလေးအော်ငိုသံတွေ ကြားရတယ်၊ တစ်ဖက်မှာ စုစုဝေးဝေးနဲ့ ပြုံးပျော်ရွှင်နေကြတဲ့အချိန်မှာ ကျွန်မကတော့ အထီးကျန်ဆန်ဆန်ဘဝကို ကျော်ဖြတ်ရတော့မယ်။ ဖေဖေက သူ့လုပ်ငန်းတွေကို လှေ့လာခိုင်းတယ်၊ ကျွန်မတစ်ယောက်တည်း အလုပ်ထဲမှာ မြုပ်နှံပြီး ပင်ပင်ပန်းပန်း နေရတဲ့အချိန်မှာ သူတို့မိသားစုက အိမ်ကြီးပေါ်ကနေ အခန့်သင့် သုံးကြ၊ မြန်းကြ၊ စားသောက်ကြမှာကိုလည်း မလိုလားဘူး။ ဖေဖေရဲ့လုပ်ငန်းထဲလည်း သူ့ကို ဝင်မပါစေချင်ဘူး။ ဖြစ်နိုင်လျှင် ဒီအိမ်မှာကို မရှိစေချင်တဲ့ဆန္ဒက ကျွန်မရင်ထဲမှာ ပြန့်ကျပ်နေတယ်။

စတုတ္ထလေ့ကျင့်ထစ်···။

"မနွယ်ရေ အကျီကို နွေးနွေး ထွေးထွေးဝတ်ထားနော်။ သွေးနုနု သားနုနုဆိုတာ အနွေးပေးတတ်မခံရဘူး"

"သမီးရေ··တင်းခါးကိုများများ သောက်၊ ဒါမှ ကလေးအတွက် နို့အား ကောင်းမှာ"

ဆေးရုံကဆင်းလာပြီးတဲ့ နောက်မှာ ဖေဖေ့အသံနဲ့ သူ့အမေအသံတွေက တစ်အိမ်လုံးကို ညံနေတာပေါ့။ သူတို့က ဆူညံလေ ကျွန်မရင်ထဲမှာ ထိမ်ချန်လို့မရတဲ့ အမုန်းဓာတ်က ပွားလာလေပဲ။

"သမီးရေ···အနီးတွေကို ကလေးအနှီးမှာ အများကြီးမထပ်တာနဲ့။ မတော်တဆ မျက်နှာကို အနီးအုပ်မိရင် အသက်ရှူမဝဖြစ်ပြီး ကလေး ဒုက္ခရောက်နိုင်တယ်။ နို့တိုက်ရင်လည်း သေသေချာချာဂရုစိုက်"

ဖေဖေ အလုပ်ကိစ္စနဲ့ အပြင်သွားနေတဲ့အချိန်မှာ ဒေါ်ခင်ခက်နွယ်ရဲ့အမေ သည်းသည်းလှုပ်နေတဲ့အသံကို မကြားချင်လည်း ကြားနေရတယ်။

"မြေးလေး···ထင်[illegible]ရင် မြေးလေးကြိုက်တဲ့ ငါးရံ[illegible]ကို

www.burmeseclassic.com

အဘွား ဝယ်ပြီးချက်ထားတယ်။ မြေးတို့သားအဖက အဘွားတို့သားအမိအပေါ်မှာ ကျေးဇူးကြီးပါတယ်။ အဘွားတို့ ကျေးဇူးမမေ့ပါဘူး။ ဒုက္ခဆင်းရဲကြားက မြေးလေးရဲ့အဖေက ကယ်တင်ခဲ့တာ။ အဘွားတို့ရဲ့ မေတ္တာနဲ့စေတနာ ကျေးဇူးဆပ်တာကို ငါ့မြေး ယုံပါကွယ်"

ဘာတွေ ပြောနေတာလဲ။ ဘယ်အခြေအနေကိုကြည့်ပြီး ဘာကိုယုံရမှာလဲ။

"သမီးရေ...ထမင်းစားတော့မလား။ အမေ အခန်းထဲလာပို့ပေးရမလား။ ချိုလှဲ့ရည်အဖေက ဒီမနက် ပြန်မစားဘူးတဲ့"

"ရပါတယ် အမေ။ သမီး ထမင်းစားခန်းကိုပဲ လာခဲ့မယ်။ လမ်းလျှောက်လို့ရပါတယ်"

ပိုလိုက်တဲ့သားအမိ။ ရေလျှောက်ဒီကလေးကိုဖန်းပြပြီး ဖေဖေ့ကို ဘယ်လောက်များ ချစ်လိုက်မလဲမသိဘူး။ ဒီကလေးရှိနေရင် ဖေဖေကလည်း သည်းသည်းလှုပ်နေတယ်။ ကျွန်မ တစ်ခုခုကိုစဉ်းစားမိလိုက်တယ်။ မကောင်းမှုန်းတော့သိပေမယ့် ဖေဖေနဲ့ကျွန်မတို့ကြားမှာရှိထားတဲ့ သံယောဇဉ်ကို လုယူသွားတဲ့သူတွေ။ ဒေါ်ခင်ခက်နွယ် ထမင်းစားဖို့ ထွက်သွားတဲ့အချိန်မှာ အသာလေး ခြေဖွဖွနင်းလျှောက်လာပြီး သူတို့သားအမိနေတဲ့အခန်းထဲကို ဝင်လာခဲ့တယ်။ အခန်းထဲမှာ အနီးဖြူဖြူတွေ ပတ်ထည့်ပိုင်းပြီး နူးနူးညံ့ညံ့ အခင်းအပြာကွက်ကလေးပေါ်မှာ အိပ်နေတဲ့ ကလေး။ ဆယ်ရက်သားကလေးလေး။ ခုတင်ပေါ်ထိုင်ပြီး ကျွန်မ သေသေချာချာကြည့်လိုက်တယ်။ ဆံပင်ကသန်သန်၊ ပါးမို့မို့နဲ့ နီနီထွေးထွေးလေး။

"အနီးစနဲ့ မျက်နှာအုပ်မိရင် အသက်ရှုလို့မရဖြစ်တတ်တယ်...။ ကလေးဒုက္ခရောက်လိမ့်မယ်"

ဒေါ်ခင်ခက်နွယ်ရဲ့အမေ ပြောတဲ့စကားကို နားထဲပြန်ကြားမိတယ်။ အနီးစတစ်ခုကို ကျွန်မယူလိုက်တယ်။ လက်ထဲမှာ အနီးစကို ကျစ်ကျစ်ဆုပ်ကိုင်လိုက်ပြီး ကလေးကိုကြည့်လိုက်တယ်။

"အဲ...အဲ့...အဲ့"

အဘိတွက်ရုံလေးနှင့် ခြေထောက်လေးနှစ်ဖက် လှုပ်ရှားသွားလို့ ကလေးရဲ့ကိုယ်က အနီးစကိုဖယ်ပြီး ကြည့်လိုက်မိတယ်။

"ဟောတော့ သေးပေါက်ထားတာကိုး"

ကလေးအောက်က ခံထားတဲ့ အနီးစအစိုကိုဖယ်ပြီး ကျွန်မလက်ထဲက အနီးနဲ့လဲပေးပြီး နွေးနွေးထွေးထွေးလေးဖြစ်အောင် ပြန်ထုပ်ပေးလိုက်ပြီး အနီးနဲ့လွတ်နေတဲ့ ကလေးရဲ့လက်ဖဝါးတစ်ဖက်ကို အနီးထဲထည့်ဖို့ ကျွန်မလက်နဲ့ ကိုင်လိုက်တယ်။ ကလေးရဲ့လက်ဖဝါးက လက်ချောင်းနုနုလေးတွေရဲ့ အင်အားက သံလိုက်တတ်လို ကျွန်မရဲ့လက်ညှိုးကို ဆုပ်ကိုင်လိုက်ပြီး မျက်လုံးလေးအစုံက ပွင့်လာတယ်။

သူ့မျက်နှာပေါ်ကို ကျွန်မ အနီးစနဲ့ဖုံးပြီး အံကြိတ်ကာ လက်အစုံနဲ့ဖိလိုက်တယ်။ သွားစမ်း...သွားစမ်း ဝေးဝေးကိုသွားစမ်း။

"ဟယ်...မြေးက ဒီရောက်နေတာကိုး။ အမလေး သူ့ညီမကိုချီပြီး နမ်းနေလိုက်တာ"

ဘယ်အချိန်က ရောက်နေမှန်း မသိတဲ့ အဘွားရဲ့အသံကို ကျွန်မကြားလိုက်တော့မှ အသိစိတ်ပြန်ဝင်လာတယ်။ ကျွန်မရဲ့ရင်ခွင်ထဲမှာ ဆယ်ရက်သမီး ညီမလေး နီနီထွေးထွေးလေးကို ယုယုယယပွေ့ဖက်ထားမိတယ်။ ကျွန်မရဲ့ ရင်ထဲက နှလုံးသားမှာ တစ်ခုခုစီးဝင်လာသလို ခံစားရတယ်။

"အဘွား"

"ဘာလဲမြေး"

"ဒါ...သမီးရဲ့ ညီမလေးပေါ့နော်"

"အေးလေမြေးရဲ့။ ဖေဖေရဲ့သမီး ဆိုတော့ မြေးရဲ့ ညီမပေါ့"

ဟိုး...အမြင့်ဆုံးထဲရောက်နေတဲ့ ကျွန်မရဲ့စိတ်အလျှံမီးက ဘာကြောင့်များ မြန်းခနဲ အေးမြတဲ့ ရေစင်သဖွယ် ပြောင်းသွားပါလိမ့်...။

**မြမြလှိုင်**



www.burmeseclassic.com

# တရားရှာတဲ့နေရာ

ပန်းတနော် နောင်လတ်

မခုံတာကြာပြီဖြစ်တဲ့ မိတ်ဆွေသုံးယောက် ပြန်ဆုံတယ်။ ဆုံတော့ အရင်တုန်းကလိုပဲ စကားဝိုင်းဖွဲ့ဖြစ်တယ်။

ဟိုအကြောင်း၊ သည်အကြောင်း အကြောင်းပေါင်းစုံ ပြောနေရာကနေ တရားရှာတဲ့နေရာအကြောင်း ရောက်သွားတယ်။

မင်းခန့် ။ ။ ခင်ဗျားတို့ ဘယ်နေရာတွေမှာ တရားရှာလဲ။

ဘုန်းမြင့် ။ ။ ကျွန်တော်က အိမ်မှာပဲရှာတယ်။ ဘုရားကျောင်းဆောင်ရှေ့မှာထိုင်ပြီး ဘုရားရှိခိုးတယ်။ ပြီးတော့ အဲဒီနေရာမှာပဲ တရားရှာတယ်။

နိုင်ထူး ။ ။ ကျွန်တော်ကတော့ တရားရှာနည်း ကောင်းကောင်းသိအောင် တရားစခန်းတွေဝင်ပြီး အဲဒီတရားစခန်းတွေမှာ တရားရှာတယ်။

မင်းခန့် ။ ။ ခင်ဗျားတို့ တရားတွေ့ပြီလား။

ဘုန်းမြင့် နဲ့ နိုင်ထူး ။ ။ (ပြိုင်တူ) မတွေ့သေးဘူးဗျ။ တွေ့အောင်ရှာနေတုန်း။ ခင်ဗျားရော ဘယ်နေရာမှာ တရားရှာလဲ၊ တရားတွေ့ပြီလား။

မင်းခန့် ။ ။ အရက်ဆိုင်မှာ တရားရှာတယ်။

ဘုန်းမြင့် နဲ့နိုင်ထူး ။ ။ (ပြိုင်တူ) ဗျာ...။

မင်းခန့် ။ ။ ဟုတ်တယ်ဗျ။ ကျွန်တော်က အရက်ဆိုင်မှာ တရားရှာတာ။

နိုင်ထူး ။ ။ ပြောစမ်းပါဦး။ ခင်ဗျားက အရက်ဆိုင်မှာ ဘယ်လိုတရားရှာတာလဲ၊

မင်းခန့် ။ ။ တရားရှာတယ်ဆိုတာ "ဖြစ်" "ပျက်"ကိုရှာတာ မဟုတ်လား။

နိုင်ထူး ။ ။ ဟုတ်တယ်လေ။ "ဖြစ်" "ပျက်"ကိုရှာတာပေါ့။

ဘုန်းမြင့် ။ ။ ခင်ဗျား အရက်ဆိုင်မှာ "ဖြစ်" "ပျက်"ရှာတာ တွေ့ပြီလား။

မင်းခန့် ။ ။ တွေ့ပြီ။ တွေ့တာကြာပြီ။

နိုင်ထူး ။ ။ တယ်ဟုတ်ပါလား။ ခင်ဗျားတွေ့တဲ့ "ဖြစ်" "ပျက်"ကို ရှင်းပြပါဦး။

မင်းခန့် ။ ။ အရက်ရောင်းတဲ့ အရက်ဆိုင်ပိုင်ရှင်က "ဖြစ်"၊ "ဖြစ်တယ်" သူက စီးပွားဖြစ်တယ်။ အရက်လာသောက်ကြတဲ့ အရက်သမားတွေက "ပျက်"၊ "ပျက်တယ်"။ သူတို့က စီးပွားရေးလည်းပျက်တယ်၊ သောက်ပြီး မူးယစ်နေလို့၊ မူးယစ်ရမ်းကားနေလို့ လူမှုရေးတွေပျက်တယ်၊ မိသားစုအတွက် ဆောင်ရွက်ပေးရမှာတွေလည်း မဆောင်ရွက်နိုင်ဘဲ ပျက်တယ်၊ နောက်ဆုံးသူတို့ကိုယ်တိုင် အရက်သမားတွေကိုယ်တိုင် သူတို့ရဲ့ ရုပ်ခန္ဓာတွေ ပျက်စီးဆုံးရှုံးရတယ်၊ စိတ်ဓာတ်တွေ ပျက်စီးဆုံးရှုံးရတယ်၊ အဲဒီလို အရက်ဆိုင်မှာ "ဖြစ်" "ပျက်"ကို ကျွန်တော်တွေ့တာ ကြာပြီ။

ဘုန်းမြင့် နဲ့နိုင်ထူး ။ ။ (ပြိုင်တူ) ခင်ဗျားဗျာ...။

ပန်းတနော်နောင်လတ်

www.burmeseclassic.com

တက္ကသိုလ်
အေးမြစန္ဒာ

# ကျတ်
# တစ္ဆေမြို့တော်



www.burmeseclassic.com

www.burmeseclassic.com

# ကျတ်တစ္ဆေမြို့တော်

■ တက္ကသိုလ်အေးမြစန္ဒာ

ဆည်းဆာညနေချမ်းအချိန် နေရောင်ခြည်က တဖြည်းဖြည်းပါးလျလာပြီး မှောင်ရိပ်က တရစ်ရစ်သိမ်းပိုက်လာသည်။ ညကာလ ကျလာပြီမို့ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်မှုက မင်းမူသည်။ ရွက်ခတ်သံ၊ ဘုရားဆည်းလည်းသံလေးတွေမှတစ်ပါး လူသံ၊ ငှက်သံပင် မကြားရ။

"ဆရာတော်ဘုရား ... ဆရာတော်ဘုရား"

ဆိုသောအသံနှင့်အတူ ဦးပဥ္စင်းငယ်တစ်ပါးနှင့် ကပ္ပိယမောင်သိန်းတို့ ဆရာတော်ကြီးသီတင်းသုံးရာ ကျောင်းထဲသို့ အပြေးအလွှား သုတ်သုတ်ပျာပျာ ပြေးလာသံကြောင့် ငြိမ်သက်နေသော ပတ်ဝန်းကျင်သည် ပြိုပျက်သွား၏။

ဆရာတော်က တရားထိုင်တော့မည့်အချိန် မရိုက်ပြုနေတာကို အလန့်တကြား မောကြီးပန်းကြီးဖြင့် ရောက်လာကြသဖြင့် ဆရာတော်ပင် တရားထိုင်မဖြောင့်တော့ဘဲ တံခါးမကြီးကို ဖွင့်ကြည့်ရာ ဦးပဥ္စင်းငယ်က ထိတ်လန့်သံဖြင့် တုန်တုန်ယင်ယင် ...

"ဆရာတော်ဘုရား ... တပည့်တော်ရှေ့က ကလေးချီထားတဲ့ အမျိုးသမီးနှင့် နောက်တစ်ယောက် ဒီတောင်ပေါ်ကို တက်သွားပါတယ်။ သူတို့ရုပ်သွင်က ခပ်ဆင်ဆင်ပဲ။ နှစ်ယောက်လုံး မျက်ထောင့်နီပြီး မျက်လုံးခပ်ပြူးပြူး၊ အရုပ်ပုတက်တက်၊ အသားမည်းမည်းနဲ့ မျက်တောင်လည်း မခတ်ဘူး။ တပည့်တော်ရှိတဲ့ဘက်ကိုလှည့်ပြီး ထော်က်ယပ်ခေါ်ပါတယ်။ နောက် တောင်ပေါ်ကို ဆက်တက်သွားပြီး လမ်းခုလတ်မှာ ပျောက်သွားပါတယ်။ အဲဒါ .. ဘာတွေလဲဘုရား။ ဝေမာနိကပြိတ္တာလား။ တစ္ဆေလား၊ သရဲလားဆိုတာ မသိပါဘူးဘုရား။ တပည့်တော်ဖြင့် ကြက်သီးမွေးညင်းထ၊ ဘဝင်တွေခုန်၊ ရင်တွေတုန်ပြီး ခေါင်းနပန်းကြီးသွားတာပဲဘုရား"

လို့ လျှောက်တင်ပါတယ်။

ဆရာတော်က ...

"မင်းတို့ စိတ်ထင်လို့ဖြစ်မှာပေါ့။ ဘာမှမရှိပါဘူး။ ကဲ ... ပြန်ကြတော့"

ဆိုပြီး တရားထိုင်ဖို့ ဝင်သွားခဲ့ပါတယ်။

□

ဘုရားပွဲအချိန်မို့ ဘုရားပွဲသို့ စက်လှေအစီးပေါင်းများစွာ ရခိုင်ပြည်နယ်အတွင်း မြို့အသီးသီး၊ ရွာအသီးသီးမှ ဆိုက်ရောက်လာကြပြီး မုန်စဲကျွန်းပေါ်မှာ လူတွေ ဖွေးဖွေးလှုပ် များပန်းခပ်မျှ ညလုံးပေါက် ပျော်ပါးသွားလာနေကြသည်။ ညဉ့် ၁၁ နာရီလောက်မှာ လူနှစ်ယောက် ဆရာတော်ကြီးကျောင်းတံခါးကို လာခေါက်သဖြင့် ဖွင့်ကြည့်လိုက်တော့ စစ်တွေမှလာသော ဒကာများဖြစ်သဖြင့် ...

"ဘုရားပွဲလာတာ လူများလွန်းလို့ အိပ်စရာမရှိလို့ ဆရာတော်ကြီးကျောင်း ဒီအပြင်ခန်းလေးမှာပဲ အိပ်ခွင့်ပြုပါ"

ဟု တောင်းပန်လျက် ဝင်အိပ်ကြသဖြင့် ဦးပဥ္စင်းက ခွင့်ပြုလိုက်ရသည်။ သူတို့ရော၊ ကပ္ပိယဦးပဥ္စင်းတို့လည်း အိပ်ပျော်သွားချိန် ညဉ့် ၁ နာရီလောက်မှာ ကလေးချီထားသော အမျိုးသမီးနှင့် နောက်တစ်ယောက်က သူတို့ကို လာနှိုးပြီး ...

"စတိတ်ရှိုး အရမ်းကောင်းတာပဲ။ သွားကြည့်ရအောင်"

ဟု ခေါ်ပါသည်။ သူတို့နှစ်ယောက်လည်း ကယောင်ကတမ်းနှင့် ထပြီး ...

"နင်တို့ ဘယ်ကလဲ။ ညကြီးသန်းခေါင် ဘာလို့လာနှိုးရသလဲ"

ဆိုပြီး အော်ငေါက်လွှတ်တော့ အမျိုးသမီးနှစ်ယောက် သူတို့ရှေ့မှာ ပျောက်ကွယ်သွားပါသည်။ သူတို့နှစ်ယောက်လည်း ဆန်းကြယ်တဲ့ဖြစ်ရပ်ကြောင့် ကြောက်လန့်ပြီး ဆရာတော်အိပ်ခန်းထဲ အတင်းဝင်ပြီး ဆရာတော်ကို အကြောင်းစုံ လျှောက်ထားသည်။

www.burmeseclassic.com

ဆရာတော်ကြီးက …

"တောင်ပေါ်မှာ ကျွတ်တစ္ဆေ တွေရှိတယ်။ ကျွတ်တစ္ဆေတွေလာ ခြောက်တာနေမှာပေါ့ …။ ဘာမှ မကြောက်ပါနဲ့။ သူတို့လည်း သူတို့ ဘဝနဲ့သူတို့ပါ။ ကဲ …ကဲ မင်းတို့ စိတ်ချမ်းသာသလို ဆက်အိပ်လိုက် ကြတော့"

ဆိုပြီး ဆရာတော်က ဆက်အိပ် နိုင်းပါသည်။ ဒကာနှစ်ယောက်လည်း မောမောပန်းပန်း ဆက်လက်အိပ်နေ ရာမှ တစ်ယောက်က အတွေးနှင့် သံ သယစိတ်တွေဖြစ်လာပြီး …

/ "ဘုန်းကြီးပြောတဲ့ ကျွတ်တစ္ဆေ ဆိုတာ တကယ်ပဲလား။ ငါတွေ့ချင် တယ်၊ လိုက်ကြည့်ချင်တယ်"

ဆိုပြီး သူ့ဆန္ဒအတိုင်း မှောင် မှောင်မည်းမည်းထဲမှာ ကျောင်းအပြင် ထွက်ပြီး ဟိုဟိုဒီဒီ ကြည့်နေရင်း တောင်ပေါ်တက်ချင်စိတ် ပေါက်သွား ပြီး တောင်ပေါ်တက်လိုက်သွားပါသည်။

ဆွဲဆောင်မှုပဲလားတော့ မသိ။ စိတ်ပါလက်ပါ တောင်ပေါ်တက်နေစဉ် စောစောပိုင်းကလာခေါ်သော အမျိုး သမီးနှစ်ယောက်က သူ့ကို စောင့်ခေါ် သွားပါသည်။ သူကလည်း သိသိနှင့် စူးစမ်းလိုစိတ်ဖြင့် အမျိုးသမီးနှစ် ယောက်နောက်ကလိုက်သွားခဲ့ပါသည်။

တောင်ပေါ်မှာ အိမ်တန်းကြီး တွေ၊ လူတွေ သွားလာလှုပ်ရှားနေတာ အဝေးက လှမ်းမြင်နေရသည်။ အိပ် မက်မက်နေတာလား၊ တကယ်လား။ ငါ ဘယ်ရောက်နေတာလဲလို့တွေးရင်း သေချာဆက်ပြီး စူးစမ်းကြည့်တော့ ခွေးဟောင်သံတွေ၊ ကလေးငိုသံတွေ။

"လာမျို့ …ပွဲသွားရအောင် နောက်ကျနေပြီ"

စသည်ဖြင့် အသံတွေ ကြားနေ ရသည်။ ရယ်ကြ၊ မောကြ၊ ဆူညံကြ နှင့် အသံပေါင်းစုံနှင့် မြင်ကွင်းက လင်းလင်းကျင်းကျင်း ထင်ထင်ရှားရှား ပါပဲ။

ကြောက်စိတ်မရှိဘဲ ရှေ့ဆက် သွားပြီး ကြည့်မည်အလုပ်မှာ ရှေ့က တောင်ကမ်းပါးယံချောက်ကြီးကို တစ် ချက်တွေ့လိုက်ရတော့ နောက်ဆုတ်ဖို့ သတိဝင်လာပါသည်။

သို့နှင့် နောက်တက်ပြန်လှည့်ပြီး တောင်ပေါ်က ပြေးဆင်းလာတော့ ခွေးတွေက သူ့နောက် လိုက်ဟောင် ပါသည်။ သတိရပြီး တစ်ချက်ကြည့် လိုက်တော့ ဘာမျှ မတွေ့ရတော့ပါ။ စောစောက အလွန်စည်ကားရှုပ်ထွေး နေသည့် ရွာကြီးမရှိတော့ပါ။ မီး



တထိန်ထိန်လည်းပျောက်၊ အိမ်တန်း တွေလည်းမတွေ့။ ဘာဆိုဘာမျှမရှိ။

ဒီတော့မှ ကြောက်စိတ်ဝင်လာ ပြီး အားသွန်ပြေးလာခဲ့တော့ ဆရာ တော်ကျောင်းအရောက်မှာ ညဉ့် ၂ နာရီခန့်လောက် ရှိနေပြီ။ သူ့မိတ်ဆွေ က …

"မင်း ဘယ်သွားနေတာလဲ"

လို့ လှမ်းမေးတော့မှ မောကြီး ပန်းကြီးနှင့် အကြောင်းစုံရှင်းပြမိသည်။ ဒါနဲ့ သူကူ မယုံဘူး။ ဆရာတော်ကို လျှောက်မေးကြည့်ရအောင်ဆိုပြီး မိုး အလင်း ဆရာတော် အရုဏ်ဆွမ်း ဘုဉ်းပေးအပြီးမှာ …

"တပည့်တော် လျှောက်ထား စရာရှိပါတယ် ဘုရား"

ဆိုပြီး ညက တွေ့ခဲ့ရတဲ့ အဖြစ် အပျက်စုံကို ပြန်ပြီးလျှောက်ထားတော့ သည်။ ဒီတော့ ဆရာတော်က ပြုံး ၍ ….

"ဟုတ်ချင်လည်း ဟုတ်မှာပဲ၊ မဟုတ်ချင်လည်း မဟုတ်ဘူးပေါ့"

မိန့်ပြီး ၂၀၀၁ ခုနှစ်က ခြေတော် ရာဘုရား ထီးတင်ပွဲတုန်းက အဖြစ် အပျက်လေးကို ပြန်မိန့်ကြားပါသည်။

□

ရုပ်ရှင်မင်းသား အကယ်ဒမီ- ---နှင့် နိုင်ငံကျော်အဆိုတော်အဖွဲ့ စတိတ်ရှိုးနှစ်ည ဂေါပကအဖွဲ့မှ တာ ဝန်ယူပြီး ဘုရားပွဲအတွက် ဖျော်ဖြေနေ သည့်အချိန် ညနေချမ်း ၆ နာရီ လောက်မှာ တောင်ပေါ်မှ ယောကျ်ား၊ မိန်းမ၊ ကလေးတွေအပါအဝင် လူ တန်းကြီး ပွဲကြည့်လာကြပါသည်။ ပရိ သတ်ထဲကို တိုးဝင်သွားပြီးမှာပဲ အား

www.burmeseclassic.com

လုံးပျောက်သွားကြပါသည်တဲ့။

နောက်တစ်နေ့မှာ စတိတ်ရှိုးစင်အနီး ရောက်ရှိနေရာယူကြပြီး ရုပ်ရှင်မင်းသားနဲ့ အဆိုတော်တွေ ဖျော်ဖြေကြချိန် ပရိသတ်က သီချင်းလိုက်ဆိုကြ၊ လက်ခုပ်သြဘာပေးကြဖြင့် ပျော်နေချိန်မှာ သူတို့က မရယ်မပြုံး ခပ်တည်တည် မတ်တတ်ရပ်ပြီး ပြုံးပြုံးပြံပြံ လာရောက်ပွဲကြည့်နေတာ တွေ့ရတော့ မင်းသားက ဘယ်လိုလူတွေပါလိမ့်၊ သူများလို ကလည်းမက၊ သူများလို လိုက်ဆိုလည်းမဆိုနဲ့။ မျက်ထောင့်နီကြီးတွေနှင့် စင်၏လက်ျာဘက်မှာ နေရာယူပြီး ကြည့်နေကြတာ ဘယ်လိုလူမျိုးတွေပါလိမ့်ဟု သူတို့မြင်ရတာ စိတ်ထဲမှာ တစ်မျိုးကြီးခံစားရပြီး ကြက်သီးမွေးညင်းထမိကာ ဆရာတော်ဘုရားကြီးအား လာရောက် လျှောက်ထားလာပါသည်။ တခြားအဆိုတော်များကလည်း ...

"သူတို့ ရှေ့ဆက်မဆိုရဲတော့ဘူး။ ကြောက်စရာကောင်းလိုက်တာ"

ဟု လျှောက်ကြသဖြင့် ဆရာတော်က ...

"စိုးရိမ်စရာမရှိပါဘူး။ ကျုတ်တစ္ဆေတွေဖြစ်မှာပေါ့"

ဆိုပြီး ဆရာတော်ကိုယ်တိုင် ပွဲခင်းထဲလိုက်လာကြည့်တော့ ကျုတ်တစ္ဆေထင်ရသူတွေ အဖွဲ့လိုက်၊ အဖွဲ့လိုက် ပျောက်သွားကြပြီး နေရာကွက်လပ် ကျန်နေခဲ့တာကို ပရိသတ်က အထင်အရှားတွေ့ကြရလို့ အံ့သြစရာအကြောင်း ဖြစ်ခဲ့ရကြောင်း ဆရာတော်က မိန့်ကြားခဲ့ပါသည်။

မကြာသေးမီ လွန်ခဲ့သော တစ်နှစ်ခန့်က စင်ကိုင်းရွာဘက်မှ အိုးသည်များ အိုးရောင်းထွက်စဉ် ဒီရေအတက်အကျရှိနေသဖြင့် ခြေတော်ရာဘုရားအနီး လှေခဏရပ်ပြီး နားနေချိန်မှာ ၎င်းခြေတော်ရာဘုရားရှိရာ မုန်စဲကျွန်း၏ တစ်နေရာ တောင်ပေါ်မှာ ညဖက်လျှပ်စစ်မီးတွေ တထိန်ထိန်ဖြင့် ဖာတ်ကနေသည့်အသံတွေ ကြားနေရ၍ ဝါသနာပါတဲ့ လှေသမားတစ်ယောက်က တောင်ပေါ်သို့တက်ကြည့်ရာ တဖြည်းဖြည်းအသံတွေ ပျောက်ကွယ်သွားပြီး ဘာမျှမတွေ့ခဲ့ရကြောင်း လက်တွေ့ပြောပြတာ ကြားဖူးပါသည်။

၂၀၀၆ ခုနှစ်၊ ပြာသိုလက ရန်ကုန်မြို့မှ ဦးတင့်လွင်၊ ဒေါ်မေရီ မိသားစုက အနီးအနား ပတ်ဝန်းကျင်ရွာတွေမှ ဆင်းရဲနွမ်းပါးသည့် ရွာသားများအား ဝတ်စုံ ၅၀၀ ခန့် သွားရောက်လှူဒါန်းရာ အဝတ်အစားမရှိ၊ ကိုယ်တုံးလုံးနှင့်ကလေးတွေ၊ အမျိုးသမီးတွေ၊ အမျိုးသားတွေ လူအုပ်ကြီး တိုးဝှေ့လာပြီး ...

"ကျုပ်တို့လည်း ပေးပါဦး"

လို့ တစ်ခွန်းသာပြောပြီး ...

"ဘယ်ရွာကလဲ"မေးတော့ ..

တစ်ခွန်းမှမဖြေဘဲ အဝတ်အထည်တွေယူပြီး တောင်ပေါ်သို့ ခပ်တည်တည်တက်သွားကြတာ တွေ့ကြရတဲ့ ကိုယ်တွေ့ဖြစ်ရပ်ကို ရန်ကုန်မှ ကာယကံရှင်တွေကိုယ်တိုင်ပြောလို့ သိခဲ့ရပါသည်။

ပြီးခဲ့တဲ့ ခြေတော်ရာဘုရားပွဲအချိန်မှာ စာရေးသူတို့နှင့် ရန်ကုန်မှ အတူသွားခဲ့တဲ့ ရွှေမိတို့သားအဖ ခြေတော်ရာမှာ ပုတီးသွားစိပ်နေစဉ် ရွှေမိတို့ ရှေ့ဘက်မှ အမျိုးသမီးလေးဦး ပုံပန်းသဏ္ဌာန် ခပ်ဆင်ဆင်ဖြစ်ရုံမကာ ပုတီးစိပ်နေပုံကလည်း အများဟကာလို မဟုတ်ဘဲ ပုတီးကို ညာလက်တစ်ဖက်တည်းမှာကိုင်လျှက် လက်မဖြင့်ဝိုက်ပြီး စိပ်နေကြတာ တစ်ပုံတစ်စံတည်းတွေ့ခဲ့ရသည်ဟု ရွှေမိက ပြောပြပါသည်။

သူတို့ပုံစံက သူများနှင့်မတူ၍ သူတို့လည်းပဲ ကျုတ်တစ္ဆေဖြစ်ကောင်းဖြစ်မည်ဟု ပြောပြခဲ့ပါသည်။ မုန်စဲကျွန်း ခြေတော်ရာဘုရားဝန်းကျင်မှာ ဒီအဖြစ်မျိုးတွေ မကြာခဏတွေ့ရသဖြင့် ပုံပြင်မဟုတ်တဲ့ တကယ့်အဖြစ်သက်သေသာဓကတွေ ရှိခဲ့ပါသည်။

ဝေမာနိကပြိတ္တာ၊ ကျုတ်တစ္ဆေတို့နေရာ အထင်အရှားရှိနေတာကို ကိုယ်တွေ့ဖြစ်ရပ်ဆန်းများဖြင့် သက်သေပြလိုက်ပါသည်။ တစ်ခါတလေ အမျိုးသမီးလေးယောက်၊ ငါးယောက်ခန့် ညနေချမ်းအချိန် ခြေတော်ရာဘုရားသို့ လာရောက်ပြီး ဘုရားရှိခိုး၊ ပုတီးစိပ်ကြသဖြင့် ဂေါပကများက -

"ဘယ်ကပါလဲ၊ ဘယ်ရွာကလဲ"

လို့ မေးကြည့်တော့ ဘာမျှပြန်မပြောဘဲ တောင်ပေါ်သို့ ခပ်သုတ်သုတ် ပြန်သွားတာ တွေ့တွေ့နေရသည်တဲ့။ ကျုတ်တစ္ဆေတို့စုဝေးရာ၊ ကျုတ်တစ္ဆေအသိုင်းအဝိုင်း နေတဲ့နေရာဆိုတာ ထင်ရှားစွာရှိတာကို စာရေးသူ ကြားရသမျှ၊ သိရသမျှ ကိုယ်တွေ့ဖြစ်ရပ်များ၊ သက်သေသာဓကများဖြင့် ဖော်ပြပေးလိုက်ပါသည်။ တကယ်ရှိမရှိ လေ့လာလိုသူများ ကိုယ်တွေ့သွားရောက် လေ့လာနိုင်ကြပါသည်။

တက္ကသိုလ်အေးမြင့်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# စိုင်ကော်လို့ ချုံပေါ်ရောက်

မကွေးညိုစိမ့်

**သမီးယောက်မ အမွေလု၊ ဓားခုတ်မှုဖြစ်**

"မကွေးတိုင်းဒေသကြီး၊ မင်းဘူး စကုမြို့နယ်၊ စကုရဲစခန်းပိုင် ပေါင်းရွာတွင် သမီးယောက်မနှစ်ဦး အမွေကိစ္စဖြင့်စကားများရန်ဖြစ်ရာမှ လင်ယောက်ျားများ ပါဝင်လာပြီး ဓားခုတ်မှုဖြစ်"

ဖြစ်စဉ်မှာ ၈-၈-၁၉၆၂ ရက်နေ့ ည ၆ နာရီခန့်က မင်းဘူးစကုမြို့နယ် ပေါင်းရွာနေ ဘုရားဒကာ၊ ကျောင်းဒကာ ဦးပြူး-ဒေါ်ချောတို့၏သမီး မခင်အေးနှင့် ၎င်းအစ်ကို၏ဇနီး မချောတို့ နှစ်ယောက်သည် အမွေကိစ္စဖြင့် စကားများကြရာမှ ယောက်ဖဖြစ်သူ လှမောင်နှင့် မခင်အေး၏အစ်ကို ကံထူးတို့ပါဝင်လာကြပြီး ဓားခုတ်မှုများဖြစ်၍ ဆေးရုံတွင် အတွင်းလူနာအဖြစ် ပို့ထားကြောင်း သတင်းရရှိ၏။

မင်းဘူး၊ စကုမြို့နယ်၊ စကုရဲစခန်း အမှတ်(ပ) ၈၅/၁၉၆၂ ဖြစ်မှု ပုဒ်မ (၃၂၆) အမှုဖွင့်အရေးယူပြီး နှစ်ဦးနှစ်ဖက် ရိုက်နှက်မှုများ ပြုလုပ်ကြသူကို ဖမ်းဆီး၍ ဆေးစာများ ရေးသားပေးပြီး ဆေးရုံသို့ ပို့ခဲ့ကြ၏။

ထိုကိစ္စနှင့် ပတ်သက်၍ စကုရဲစခန်းမှ အမှုလိုက်မောင်ပိုက်နှင့်အဖွဲ့သည် စခန်းနှင့် မိုင် ၂၀ ခန့်ဝေးသော ပေါင်းရွာသို့ သွားရောက်ပြီး မျက်မြင်သက်သေများကို စစ်ဆေးကာ အမှုနှင့် ပတ်သက်သော အသုံးပြုခဲ့သည့် တုတ်၊ ဓားလက်နက်တို့ကို ရှာဖွေပုံစံဖြင့် စနစ်တကျသိမ်းဆည်းခဲ့၏။

မခင်အေးနှင့် ကံထူးတို့သည် ဘုရားဒကာ၊ ကျောင်းဒကာ၊ ယာပိုင်ရှင် ဦးပြူး-ဒေါ်ချောတို့၏ သားသမီး သုံးဦးရှိသည့်အနက်မှ အကြီးနှင့်အလတ်တို့ ဖြစ်ကြ၏။

မချောနှင့် ကံထူးသည်လင်မယား ဖြစ်ပြီး၊ မခင်အေးနှင့်လှမောင်တို့မှာလည်း လင်မယားဖြစ်ကြကာ မခင်အေးနှင့် မချောတို့နှစ်ယောက်သည် သမီးယောက်မဖြစ်ပြီး ကံထူးနှင့်လှ မောင်တို့မှာ ယောက်ဖများ ဖြစ်ကြသည်။

သေဆုံးသွားကြသော ဦးပြူး-ဒေါ်ချောတို့ထားရစ်ခဲ့သည့် ရွှေငွေ၊ ကျောက်သံပတ္တမြားများကို သူဝှက်ထားသည်၊ ကိုယ်ဝှက်ထားသည်ဟု ငြင်းခုံကြရာမှ စကားများ ရန်ဖြစ်ကြကြောင်း စုံစမ်းသိရှိကြရသည်။

မြန်မာပြည်ဆရာဟိန်း...

သတင်းရှာနယ်၊ စာစောင်တွင် သတင်းထောက် စာရေးဆရာ မြန်မာပြည်ဆရာဟိန်း၏ သတင်းမှာ အကျယ်တဝင့် ဖော်ပြခြင်း ခံရတတ်သဖြင့် စကုမြို့သူ၊ မြို့သားများသာမက၊ မကွေးမြို့က စာရေးဆရာများပါစိတ်ဝင်စားကြ၏။

အထူးသဖြင့် ဤကိစ္စကို စိတ်ဝင်တစားအဖြစ်ဆုံးလူမှာ ကျွန်ုပ်ပင်ဖြစ်တော့၏။

အခင်းဖြစ်ပွားသော ကံထူး၊ မခင်အေး၊ လှမောင်၊ မချော၊ အံ့မောင်၊ ဦးပြူးနှင့်ဒေါ်ချောတို့ ငါးယောက်စလုံးနှင့် ကျွန်ုပ်မှာ ပြေးမနှာ၊ ဆိုမနှာ ခင်မင်ကြသူများဖြစ်သည်။

ဦးပြူးနှင့်ဒေါ်ချောတို့မှာ မသေဆုံးမီက ရွာတွင်အလှူအမျိုးမျိုး ပြုလုပ်ရာတွင် ကျွန်ုပ်တည်ထောင်ထားသော (စိန်သရဖူ) ဇာတ်ပွဲကိုသာ ငှားရမ်းခဲ့သကဲ့သို့ မောင်ကံထူးတို့လက်ထက်တွင်လည်း ကျွန်ုပ်၏ဇာတ်ကိုသာပင် ငှားရမ်းခဲ့ရာ ၎င်းတို့နှင့် လွန်စွာမှ ခင်မင်ခဲ့ကြ၏။

ယာပိုင်ရှင်ကြီးဦးပြူးနှင့် ဒေါ်ချောတို့ရှိစဉ်က ထိုအိမ်ထောင်စုမှာ အလွန်ညီညွတ်ကြ၏။

ချစ်ချစ်ခင်ခင်နေထိုင်ကြ၏။ လှူစရာရှိလျှင်လည်း တက်တက်ကြွကြွ ညီညီညွတ်ညွတ် လှူကြ၏။ ယာခုံးကွက်ရှိရာတွင် ကံထူးတို့ လေးယောက်မှာ တက်ညီလက်ညီ လုပ်ကိုင်သည်။ ထို့ကြောင့် စီးပွားမှာ ဒီရေအလား တိုးတက်သည်။

ရသမျှပစ္စည်းတို့ကို ဖခင်ဦးပြူး ထံအပ်၏။ ဦးပြူးကလည်း ရသမျှငွေကို ရွှေဒင်္ဂါးများ ပြုလုပ်ကာ စုဆောင်းထားလေ၏။ တခြားသော ကျောက်သံပတ္တမြားတို့ကိုလည်း ဝယ်၍စုထား၏။

www.burmeseclassic.com

ထိုသို့ ဖခင်တို့က ဝယ်ယူစု ဆောင်းထားသည်ကို ကံထူး မခင်အေး လှမောင်နှင့် မချောတို့လေးယောက်က သိရှိထားပါသော်လည်း ကံထူး မခင် အေးတို့၏ မောင်အငယ်ဆုံး အံ့မောင် ကတော့ မသိရှိပေ။

အံ့မောင်ဆိုတဲ့ ကောင်လေးက နဂါးခိုက်ထားတာဟု ပြောကြ၏။

ကျစ်မပြည့်။ ဘယ်ဘက်လက်က သိမ်မသန်။ ညာဘက်လက်က ကောက် နေ၏။ ပါးနည်းနည်းရွဲ့သည်။ စကားပြော လျှင် မပီသ။

ဆံပင်က နီကြောင်ကြောင်၊ လက် တစ်ဆစ်စာထက်ပို၍ ရှည်ထွက်မလာ။ မျက်လုံးကပြူးပြူး။ အိမ်မှာနေသည်မရှိ၊ တစ်ရွာလုံးလျှောက်သွားနေတတ်သည်။

တစ်ရွာလုံးကလည်း သူ့ကိုချစ်ကြ ခင်ကြ၏။

ကျွေးတိုင်းလည်းမစား။ သူဆာ၍ စားချင်စိတ်ရှိလျှင် သူ့အမေရဲ့အစ်ကို ရွာဦးကျောင်းဆရာတော် ဦးပညာနန္ဒထံ သွား၍ ဆွမ်းကျန်၊ ဟင်းကျန်တို့ကို တောင်း၍စား၏။

အထူးသဖြင့် ရွာ၏အရှေ့ဘက် ဘုရားကုန်းတောင်ပေါ်တွင် သူ၏မိဘ များ တည်ထားကိုးကွယ်သော (ကိုး တောင်ပြည့်) အောင်တော်မူစေတီမှာ နေ့နေ့ညညအိပ်၏။

အောင်တော်မူစေတီ၏ ရင်ပြင် တစ်ခုလုံး၏ သန့်ရှင်းရေးကို သူတာဝန် ယူ၍ ရှင်းလင်းပေး၏။

ရပ်ထဲရွာထဲမှ ဆွမ်းတော်တင် သမျှ မုန့်ပဲသရေစာများသည် သူ၏ အစားအစာများ ဖြစ်တော့၏။ ကျပ် မပြည့်ဟု ဆိုသော်လည်း ဆွမ်းတော် တင်ထားသမျှကို နေ့ ၁၂ နာရီမှ ယူ၍ စားသည်။

ပိုသော၊ လျှံသော အစားအစာ များကို ကျေးငှက်သာရကာများကို သန့် သန့်ရှင်းရှင်း ချကျွေးသည်။

အိမ်ကို ပြန်သည့်ရက်ကနည်း၏။ မှတ်မှတ်ရရ နှစ်ခေါက်သာရောက်သည်။ ထိုရောက်သည့် နေ့ရက်များကို မှတ်မှတ် ရရ ပြောရလျှင်…

အမေသေတဲ့နေ့နှင့် အဖေသေခဲ့ သော နေ့ကဖြစ်သည်။ အမွေကိစ္စ သူ ဘာမှမသိ။ ထိုပစ္စည်းများကိုလည်း သူ နှင့်မဆိုင်ဟု ထင်မှတ်ထားသူဖြစ်သည်။

အောင်တော်မူ စေတီတော်ပေါ် တွင် ဂဝံကျောက်ကို ထုဆစ်ထားသော ကျောက်သားလိပ်တစ်ကောင်ရှိသည်။

ထိုကျောက်လိပ်သည် ဗေဒင်မှန် သည်ဟု နာမည်ကြီး၏။

"ဒီနှစ် မိုးကောင်းမည်ဆိုလျှင် မ၍မရအောင် လေးပြပါ"ဟု တိုင်တည် ၍ (မ)ကြည့်လျှင် မိုးကောင်းမည်ဆို လျှင် လေးပြီး မ၍မရကြ။ မိုးမကောင်း ဘူးဆိုလျှင် ဂွမ်းလိပ်ကဲ့သို့ ပေါ့ပြ၏။

ထိုနည်းတူစွာ ဆန္ဒကျင်ဘက် ပြော၍မကြည့်ပါက ထိုပြောသည့် အတိုင်း အမှန်ကိုပြသည်ဟု လူသိများ သဖြင့် ထိုကျောက်လိပ်ကြီးသည် ပုံ သဏ္ဌာန်ပင် ယိုယွင်းကာချောမွတ်၍ နေပြီဖြစ်၏။

ထိုကျောက်လိပ်ကို ထုဆစ်နိုင်း ပြီး လှူဒါန်းခဲ့သော ယာပိုင်ရှင်ဦးပြုံး က ကျောက်လိပ်ကြီး၏ ကျောကုန်းပေါ် တွင် (စ-ခ-ဗ-ဝ)ဟု ရေးထားခဲ့လေ၏။

ထိုကျောက်လိပ်ကြီးသည် အံ့ မောင်အဖို့တော့ ခေါင်းအုံး၍အိပ်ရာဖြင့် အသုံးတည့်လေ၏။ ကလေးစကား။ သဘင်သည် စကား။ အရူးစကားဟူ၍ ရှိ၏။ ထိုသုံးဦးတို့၏ စကားသည် တဘောင်စကားများ၊ အတိတ်နိမိတ် စက်များဖြစ်သည်ဟု ဗုဒ္ဓဘာသာ မြန်မာ လူမျိုးများက ယုံကြည်ကြ၏။

အံ့မောင်ကိုလည်း လူအားလုံးက အရူးတစ်ယောက်အဖြစ် သတ်မှတ်ထား ကြ၏။ အံ့မောင်က လူထူထူတွင် -

"စ"ဆိုတာ စတေ့-အရုပ်လေး မျက်နှာပမှ၊ "ခ"ခန့် ပစ္စည်းများသည် "ဗ" ဗဟုများစွာ၊ "ဝ" ဝပြည့်ပြည့်ဝဝ ရှိကြ ကုန်၏ဟု လိပ်ကြီးကို ကိုင်ကာအော် ဟစ်၍နေတတ်၏။

"စ-ခ-ဗ-ဝ"ဆိုသည်၏ အဓိပ္ပာယ် က ဗုဒ္ဓဘာသာတို့၏ ကောက်ယူမှုတွင် ဤသို့မဟုတ်သဖြင့် အရူးစကားကို မေ့ မေ့ပျောက်ပျောက်ပဲ ထားခဲ့ကြလေ၏။

တချို့ ဗေဒင်မေးသူတို့က ဘုရား ကုန်းသို့ လာရောက်ကာ ဤကျောက် လိပ်ကြီးကို ရှာကြ၏။ ကျောက်လိပ်ကြီး က သစ်ပင်တစ်ပင်၏ အရိပ်ကောင်း ကောင်းအောက်တွင် အံ့မောင်တစ် ယောက် ခေါင်းအုံး၍ အိပ်နေတတ် သဖြင့် ရှာ၍မတွေ့ ဖြစ်နေတတ်ကြလေ ရာ နောက်ပိုင်းတွင် အံ့မောင်ပျောက်နေ လျှင် အံ့မောင်ကို တွေ့အောင်ရှာကြရ၏။

အံ့မောင်ကိုတွေ့လျှင် ကျောက် လိပ်ကြီးကိုလည်း တွေ့ပြီဖြစ်၏။

တွေ့တော့လည်း တော်တော်တန် တန် လူ့ကိုမပေး။ ဤကျောက်လိပ်ကြီး မှာ မိမိပိုင်ပစ္စည်း ဖြစ်ကြောင်း၊ မိမိ၏ ဖခင်နှင့် မိမိမိခင်တို့မှ လှူထားသော ပစ္စည်းဖြစ်၍ မိမိရရှိသည့် အမွေပစ္စည်း ဖြစ်ကြောင်းပြောဆို၍ ငြင်းနေတတ်၏။

www.burmeseclassic.com

"ဒီကျောက်လိပ်ကြီးကို ကုသိုလ်ရဖို့ ငါတို့ကလှုပ်မှာ။ ဒါမှ နင့်အမေနဲ့ နင့်အမေ နတ်ပြည်ရောက်မှာ"

ဟု ပြောဆိုနှားချမှ ဤကျောက်လိပ်ကြီးကို ပေးတတ်လေ၏။

အရူးပင်ဖြစ်သော်လည်း အမေ၊ အမေနတ်ပြည်ရောက်မည်ဆိုတော့ ထိုလိုလူမျိုးကို ပေးတတ်၏။

"ဒီလိပ်ကြီး ကျောကုန်းမှာ ကျွန်တော့်အမေက စ•ခ•ဗ•ဝလို့ ရေးထားတာတွေ့တာယ်မဟုတ်လား"

"အေး• • •တွေ့တာယ်"

"အဲဒီ အဓိပ္ပာယ်ကိုရော သိကြလား"

"သိတာပေါ့။ နင့်ဦးလေး ငါတို့ရွာဦးကျောင်းက ဆရာတော်ကြီးက ဒီကိစ္စကို ခထာခထာ ရှင်းပြနေတာပဲ"

"နင်ပြောတာတွေကို စိတ်ထဲမှာထားကြနဲ့တဲ့။ နင်က ကျပ်မပြည့်လို့ ပြောနေတာတဲ့"

"ဟားဟားဟား• • •ခင်ဗျားတို့က ကျုပ်ကို အရူးဆိုပြီး မယုံကြဘူးပေါ့။ မှတ်ထား။ ကျုပ်အမေက သူ့ပစ္စည်းတွေကို လူမသိအောင် ဒီအထဲမှာ ဝှက်ထားတာ"

"မသိသူကျော်သွား။ သိသူဖော်စားဆိုတဲ့ စကားအတိုင်းပဲ စ-ဆိုတာက စော့ အရပ်လေးမျက်နှာမှ၊ ခ-ခနံပစ္စည်းများသည်၊ ဗ-ဗဟုများစွာ၊ ဝ-များစွာ ပြည့်ပြည့်ဝဝ ရှိကြလေ၏တဲ့ဗျ။ ဟားဟားဟား• • •ခင်ဗျားတို့ အဓိပ္ပာယ်ပျောက်တဲ့မပြီးရင် ဒီကျောက်တုံးကို ချော်လက်ထဲထည့်ဖို့ မမေ့ကြနဲ့ဦး"

"ဟဲ့ကောင်လေး။ မဟုတ်မဟတ်တွေကို ပြောပြောမနေနဲ့။ ဆရာတော်ကြားရင် နင့်ကို ကပ္ပိလိမ့်မယ်"

"နင်မှတ်ထား အဲ့မောင်• • •"

စ = စကျွမာရေ မာဇီဗွေဓ္ဓာ

ခ = ခမ္မညျှခမ္မသာဝီကော

ဗ = ဗလူပေတော ဗလာရော

ဝ = ဝရဓေါ် ဒေတုမေဝရံတဲ့ပဲ့"

"စကျွမာ - လောကသုံးခွင် ဘုံအမြင်၌ ကုန်စင်ခပင်၊ မကျွန်ကြွင်းအောင်၊ လင်းလင်းထင်ပေါ် သိမြင်တော်မူပေထသော ဗုဒ္ဓအရှင်မြတ်သခင်။

စရမာဇီဗွေဓ္ဓာ - သီလသမာ၊ ပညာစသာမြတ်တရားတို့ကို မနားမနေ ပရိယေဖြင့် ဘာဝနာပွား လုံ့လထား၍ ကြိုးစားတော်မူပေထသော ဗုဒ္ဓအရှင်မြတ်သခင်။

ခမ္မညျှ - လောကုတ်၊ လောကီ နှစ်လီနှစ်ဝ မြတ်ဓမ္မကို ကျွန်ကုန်စင် သိမြင်တော် မူပေထသော ဗုဒ္ဓအရှင်မြတ်သခင်။

ခမ္မသာဝီကော - သောင်းတိုက်ဗိုလ်ခြေများ ဝေနေတို့၏ ကိုးကွယ်ရာအစစ် ဓမ္မရာဇ်သာသနာ့တရားမင်းကြီးတစ်ဆူ ဖြစ်ပေတော်မူထသော ဗုဒ္ဓအရှင်မြတ်သခင်။

ဗလူပေတော - ကာယဉာဏနှစ်မည်ရလျက် ဗလနှစ်သွယ်၊ အုံကြွဖွယ်ဟု၊ ကြီးကျယ်ခမ်းနား စွမ်းပကားဖြင့် ခယ်ပါသော အားတော်လည်း ရှိပေတော်မူထသော ဗုဒ္ဓအရှင်မြတ်သခင်။

ဝရဓေါ် လတ်တလောလောက်ငင်း၊ ခက်ချင်းစကား၊ ချမ်းသာရအောင်၊ မုချ ထင်လင်း ဆင်းရဲကင်း၍ လူမင်း နတ်မင်း ပြဟ္မာမင်းတို့ထက်၊ ထက်လွန်ကြွ၍ နိမ္မာန်တည်းဟူသော၊ ဆုရတုမြတ်ကြီးကိုလည်း ပေးသနားတော် မူပေနိုင်ထသော ဗုဒ္ဓအရှင်မြတ်သခင်။

ဗုဓ္ဓေါ - ခုက္ခသမုဒယ၊ နိရောဓနှင့် မဂ္ဂသဉ္ဇာ လေးသစ္စာကို၊ ဆရာမဂူ သယမ္ဘူဉာဏ်ဖြင့်အမှန်၊ ထိထိမိမိ အလိုကို ကိုယ်တော်တိုင်သာလျှင် သိမြင်တော်မူသော သုံးလူထွဋ်တင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။

ဓေ - ဒွါဒါသ ရှစ်နှစ်မှတည်းဟူသော အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားအဆုံးမှုသာ ဘုရားတပည့်တော်အား။

ဝရံ - အောင်ပေမိုးစာ အောင်မောင်းကျော်၍ အောင်တော်မူခဲ့ အောင်စံပွဲ၌ အောင်မြဲ၏သော အောင်ရတနာဖြင့် အောင်ချမ်းသာဟူသမျှ အောင်သုခကြီးကို။

ဒေတု - သားရောဟုလာကဲ့သို့ ပမာသို့ ကရုဏာပွား မေတ္တာထား၍ ကယ်မပေးသနားတော်မူပါ ဗုဒ္ဓသခင် အရှင်မြတ်ကြီးဘုရားလို့ အဓိပ္ပာယ်ရတာယ် အဲ့မောင်ရဲ့ အခုဟာက နင့်ဥစ္စာ သောက်တလွဲ စခဗဝဆိုတာ နင့်အမေက ပစ္စည်းတွေဒီထဲ ထည့်ဝှက်ထားတယ်လို့ဟာ နင်တော့ ငပြူးကြီးတော့မှာပဲ"

ဟု စခဗဝပါ ကျောက်လိပ်တုန်းကြီးကိုတောင်းရန်း စခဗဝ၏ အဓိပ္ပာယ်ကို ရှင်းပြ၏။

"တဲ့ မိနှင်းစာ• • •နင့်ကိုလည်း ငိုဖြင်း အဲ့ပါနဲ့အေ ကျပ်မပြည့်တဲ့ကောင်လေးကို ဒါတွေရှင်းပြနေတော့ နင့်ဥစ္စာက၊ ကျွဲပါးစောင်းတီး ဖြစ်နေပြီ၊ ကဲကဲလာ ငါတို့ကိစ္စ ငါတို့လုပ်ရအောင် သူ့ကို ရှင်းပြနေလို့ နင် ထိပ်ခေါင်းထွက်နုံပဲ ရှိတော့မပေါ့တဲ့"

ဟု ပြောကာ ကျောက်လိပ်ကို ယူ၍ စေတီရှိရာသို့ ထွက်သွားကြလေ

www.burmeseclassic.com

တော့သတည်း…။

× × × × ×

ဂ-၆ ၁၉၆၂ ခုနှစ်က ဖြစ်၏။

မိခင်ကြီး ဒေါ်ချောသေပြီး တစ်ပတ်အကြာတွင် ဦးပြူးလည်း လူကြီးရောဂါဖြင့် ဆုံးပါးသွားခဲ့၏။

ရွာမျက်နှာဖုံး ဖြစ်သဖြင့်၊ ရွာနီးချုပ်စပ်မှ လူများနှင့် ရွာခံလူများ စုံလင်စွာ အသုဘပွဲလာရောက်ကြရာ ပေ ၆၀ ပေ ၁၀၀ ရှိသော အိမ်ဝိုင်း ကြီးထဲမှာ ဝင် ပြည့်ကျပ်နေလေ၏။

မဏ္ဍပ်ကြီးကလည်း အိမ်ဝိုင်းအပြည့် ထိုးထားသည်။ ရွာပတ်ဝန်းကျင်မှ ဘုန်းကြီးများကိုလည်း သရဏဂုံတည်ရန် ပင့်ဖိတ်ထားကြ၏။

ရွာသူ ရွာသားများလည်း စုံလင်စွာ ရောက်ရှိနေကြသည်။

ဦးပြူး၏ အလောင်းစင်မှာလည်း လှလှပပကြီး ရှိလှ၏။ ဘုရားဒကာ၊ ကျောင်းဒကာ၊ သိမ်ဒကာ၊ ကျောင်းထိုင်ဘုန်းကြီး ဦးပညာနန္ဒ၏ ညီဖြစ်နေသဖြင့် ခုတင်၏ လေးဘက်လေးတန်တွင် ရွှေထီးများဆောင်းထား၏။

“အောင်မလေး အဖေရဲ့ သေမယ်ဆိုတာတောင် ကြိုမသိရဘူး။ ဖြန်းစားကြီးပါလားတော့။ အဖေလုပ်ခဲ့တဲ့ အရှုပ်တွေကို သမီးတို့ ဘယ်လိုရှင်းရမလဲတော့”

ဦးပြူး၏ချွေးမ မချောက လူပုံအလယ်မှာ အော်ကြီးဟစ်ကျယ် လာ၍ ငိုလေ၏။

လာရောက်ကြသော ဧည့်ပရိသတ်များမှာလည်း “အဖေလုပ်ခဲ့တဲ့ အရှုပ်တွေ” ဆိုသည့်စကားနှင့် ပတ်သက်ပြီး နားမလည်နိုင်ဘဲ ဖြစ်ကြရသဖြင့် သူ့ကိုကိုယ်ကကြည့်၊ ကိုယ့်ကို သူကပြူးစိစိ ဖြစ်ကုန်ကြလေ၏။

ဦးပြူးကလည်း ချွေးမ ပြောမည်ဆိုလည်း ပြောလောက်သည်။

ဦးပြူးအသက်က ၈၀ နှစ်။

ငွေရေး ကြေးရေး လူမှုရေးမှ မပင် နေရသဖြင့် ဖျားသည်၊ နာသည် မရှိ။ အိမ်မှုကိစ္စ၊ လယ်ယာချောင်းကိစ္စ အားလုံးကို မသေခင်နာရီပိုင်းအထိ သူကိုယ်တိုင် စီစဉ်ဆောင်ရွက်နေသူဖြစ်၏။

သူကြိုက်တဲ့ ဝက်သားပုန်းရည်ချက်ဟင်းဖြင့် ထမင်းစားနေခိုက် ထမင်းလုတ် အဝင်မှားပြီး လည်ပင်းတွင် နင်နေ၏။

ထိုသို့ ထမင်းလုတ်နင်နေခြင်းကို ကိစ္စမရှိဟု တွေးကာ ရေချက်ချင်း မသောက်ဘဲ စားပြီးပန်းကန်ကို ဆေးနေရာမှ အသက်ရှူလမ်းကြောင်း ပိတ်သွားပြီး ဗုန်းခနဲ လဲကျသေဆုံးသွားခဲ့ခြင်း ဖြစ်သည်။

ထိုသို့ သေဆုံးသည့်အချိန်က သားကြီးကံထူးက မရှိ။ သားကြီးကံထူးသည် မယားဖြစ်သူ မချော၏ဇာတိ လယ်ကိုင်းမြို့တွင် ရောက်နေ၏။

လယ်ကိုင်းနှင့် ပေါင်းချောက ဖြတ်လမ်းမှ စက်ဘီးဖြင့်သွားပါက တစ်နာရီသာကြာပါသော်လည်း ညီမဖြစ်သူ မခင်အေးက ချက်ချင်းအကြောင်း မကြားနိုင်ခဲ့။

မမျှော်လင့်ဘဲ သေဆုံးသွားခဲ့သော ဖခင်အတွက် မိမိအပေါ် အမှုမပတ်ရန် ကျေးရွာဥက္ကဋ္ဌနှင့် ဦးရှိတော် ဦးပညာနန္ဒတို့ကို အကြောင်းကြားခြင်း၊ သက်ဆိုင်ရာရဲစခန်းသို့ အကြောင်းကြားခြင်း၊ မြေချရန်ကိစ္စ စီမံခြင်း၊ ဧည့်သည်ကိစ္စများအပြင် လယ်ကိုင်းမြို့သို့အကြောင်းကြားရန် လူကြုံမရှိသဖြင့် ကိစ္စအဝဝ ပြီးဆုံးမှ လူတစ်ယောက်ကို စက်ဘီးဖြင့် အကြောင်းကြားရခြင်းဖြစ်ရာ တစ်ရက်နောက်ကျသွားခဲ့ရလေ၏။

“မှဲ့ကောင်မ…ညည်းဘာစကားပြောတာလဲ။ အဖေက ဘာအရှုပ်တွေ လုပ်ခဲ့လို့လဲ”

ဟု သမီးဖြစ်သူ မခင်အေးက ထ၍မေးလေ၏။

“ဘာရှုပ်ရမလဲဟဲ့။ နင်မသိဘူးလား။ သေသေချာချာ ငါတို့ကို အကြောင်းမကြားတော့ အဖေ့ပစ္စည်းတွေကို နင်တို့လုပ်ချင်တိုင်း လုပ်လို့ရနေပြီပေါ့။ ဒါ အရှုပ်ထုပ် မဟုတ်လို့ ဘာတွေလဲ”

ဟု မချောက ငိုရင်းပြောနေ၏။

“ဟဲ့ဟဲ့…တော်ကြစမ်း။ ဒီဟာမတွေ ဖအေသေတာမှ မြေကြီးထဲ မရောက်သေးဘူး။ ဘာတွေဖြစ်နေကြတာလဲ။ နင်တို့ မရှက်ကြဘူးလား”

ဆရာတော်ဦးပညာနန္ဒက ဝင်ရောက်ပြောဆိုလိုက်မှ နှစ်ယောက်သား အံတကြိတ်ကြိတ်ဖြင့် မကျေမနပ် ရပ်သွားရလေ၏။

သမီးယောက်မနှစ်ယောက် ငြိမ်သွားသောအခါ၊ ဆရာတော်ဦးပညာနန္ဒက သေခြင်းတရားနှင့် ပတ်သက်ပြီး ဟောကြားတော်မူလေ၏။

မစည်ကားအပ်တဲ့နေရာ သုံးနေရာ သတ်မှတ်ထားတယ်။ ဆေးရုံ ရဲစခန်းနဲ့ သင်္ချိုင်းတို့ဟာ မစည်ကားအပ်ဖူးလို့ လူကြီးသူမတို့ ပြောစကားအကြားဖူးခဲ့၏။

ပေါင်းချောသင်္ချိုင်းမှာ [illegible]ရားပွဲကြီး

www.burmeseclassic.com

တမျှ စည်ကားနေ၏။

ဦးပြုံး၏အလောင်း သင်္ဂြိုဟ်၊ ခုတ်ဂူသွင်းသောနေ့ ဖြစ်သဖြင့် ခွေမကာင်း၊ မျိုးမကောင်းများနှင့် မိမိကိုခင်မင်ရင်းစွဲရှိသော ပတ်ဝန်းကျင်ရွာများမှ လာရောက်ကြခြင်းကြောင့် ဖြစ်၏။

ခေါင်းတွေ၊ ခေါင်းအုံးတွေ၊ ခြင်ထောင်တွေ၊ အိပ်ရာခင်းများယူလာကြ၏။ အသင့်လုပ်ပြီးသော ခုတ်ဂူအတွင်းသို့ စောင်များခင်းပေးကြ၏။ ပန်းများပစ်၍ထည့်ကြ၏။

ဦးပြုံးသေစဥ်က ဝတ်ထားသော အင်္ကျီ လုံချည်၊ စောင်နှင့် ခေါင်းအုံးတို့ကို ပေါင်းနေပြီဖြစ်၍ လာရောက်ပို့ဆောင်သူများက ဦးပြုံးထံမှ ချွတ်ပြီး ခုတ်ဂူအနီးမှာပင် ဖယ်ရှားလိုက်သည်။

လူစုံတက်စုံ လာရောက်ပို့ဆောင်ကြပါသော်လည်း အုံ့မောင်တစ်ယောက်ကတော့ လိုက်၍မပို့ဘဲ ဦးပြုံးတည်ထားကိုးကွယ်သော ဘုရားစေတီမှာပင် ကျောက်လိပ်ကြီးကို ဖက်၍အိပ်နေလေ၏။

"ဘုန်းဘုရားနဲ့ ဥက္ကဋ္ဌကြီးတို့က အိမ်ကိုမပြန်ကြသေးဘဲ ကျွန်မတို့အမွေကိစ္စကို လိုက်ပြီးရှင်းလင်းပေးပါဦး"

ဟု ဦးပြုံး၏ချွေးမ မချောက တောင်းဆို၏။

"ဟုတ်တယ် ဘဘုန်း။ ဒီကိစ္စက ဘဘုန်းကိုယ်တိုင် ရှင်းပေးမှဖြစ်မှာ"

ဟု ဦးပြုံး၏သမီး မခင်အေးကပါ ထောက်ခံ၏။ ဤကိစ္စက ကျေးရွာဥက္ကဋ္ဌထက် ကျောင်းထိုင်ဆရာတော်ကြီးက ချွေမျိုးအရင်းခေါက်ခေါက်ဖြစ်နေ၍ ဆရာတော်ကိုယ်တိုင်က ရှင်းပေးလျှင် ပိုကောင်းမည်ဟု တွက်ဆကြ၏။

"ဟဲ့ . . . ဘာများရှုပ်နေကြလို့လဲ မိခင်အေးရဲ့ နင်တို့မှာ မောင်နှမသုံးယောက်ရှိတယ်။ နင်တို့မိဘများက ထားခဲ့တာကလည်း လက်ရှိလုပ်ကိုင်စားနေတဲ့ ယာသုံးကွက်ရှိတာ။ နင်တို့မောင်နှမသုံးယောက် တစ်ယောက်တစ်ယာ ခွဲယူလိုက်ရုံပေါ့ဟဲ့"

ဆရာတော် မိန့်မြွက်သည်မှာ ရိုးစင်းလှ၏။ အကြမ်းဖျင်းတွေးကြည့်တော့လည်း မှန်၏။ သို့သော် -

"မဟုတ်သေးဘူး ဘုရား"

"ဘာမဟုတ်သေးတာလဲ မိချော"

"အုံ့မောင်က ကျပ်မပြည့်ဘူး။ ဒီယာကို သူလုပ်ကိုင်စားလို့မရဘူး။ ကျွန်မတို့ အဲဒီယာကိုထက်ခြမ်းခြမ်းပြီး မိခင်အေးနဲ့ခွဲယူမယ်"

ဟု မိချောကပြော၏။

"ဒါကိုတော့ ကျွန်မ သဘောမတူဘူး။ ကျွန်မမောင်ကို ကျွန်မပဲ ကျွေးမွေးထားမယ်။ ယာကိုလည်း ကျွန်မပဲ လုပ်ကိုင်စားမယ်"ဟု မိခင်အေးကပြောသည်။

ဤကိစ္စကို အစ်ကိုဖြစ်သူ ကံထူးက သဘောမတူ။ မိမိပဲ အုံ့မောင်ကို ကျွေးထားမည်၊ ယာကို မိမိပဲလုပ်မည်ဟု ငြင်းခုံနေတော့၏။

"ကိုင်း . . . ကိုင်း။ တော်ကြတော့။ တော်ကြတော့။ အုံ့မောင်ရဲ့ယာကွက်ကို ကံထူးက တစ်နှစ်လုပ်စား။ အုံ့မောင်အတွက် ထွက်ရှိသီးနှံထဲက သုံးပုံပုံပြီး တစ်ပုံပေး"

"နောက်နှစ်ကျတော့ မိခင်အေးကလုပ်စား။ အထက်ကအချိုးအတိုင်း အုံ့မောင်ကိုပေး။ အုံ့မောင်ရသင့်တဲ့ ဝေစုကိုတော့ ငါ့ဆီလာအပ်ကြ။ ကိုင်း . . . ကိုင်း အိမ်ကျမှ စာချုပ်စာတမ်းနဲ့ လုပ်ကြပေ့"

ဟုပြောကာ သချိုင်းမှ ပြန်ခဲ့ကြလေတော့၏။

× × × × ×

ဆရာတော်ဘုရား၏ သမာသမတ်ကျကျ ခွဲခြမ်းစိတ်ဖြာပေးမှုအရ အမွေကိစ္စမှာ ပြီးသွား၏။

အုံ့မောင်က အိမ်တွင်နေသူမဟုတ်၍ အိမ်ဝိုင်းကို နှစ်ခြမ်းခြမ်းပြီး ခွဲယူစေ၏။ အိမ်၏တန်ဖိုးကိုဖြတ်၍ မိခင်အေးက တန်ရာတန်ဖိုး တစ်ဝက်ပေးချေလိုက်ပြီး အိမ်နှင့်အိမ်ဝိုင်းကို ယူလိုက်သည်။

နွားနှင့် ထွန်စက်များကိုတော့ အလှည့်ကျယူသုံးကြ၊ တိရစ္ဆာန်များ၏ ကျွေးစရိတ်၊ မွေးစရိတ်များကိုတော့ တစ်ဝက်ဆီခံကြဟု ဆုံးဖြတ်ပေးခဲ့၍ ကိစ္စပြီးသွားပါသော်လည်း။

မိန်း ရွှေ ကျောက်သံပတ္တမြားတို့က ပျောက်ဆုံးနေသည်။

အမှန်ပင် မခင်အေးလည်း တစ်အိမ်လုံးကို ရှာကြည့်၏။ မတွေ့။

ဒီတွင် မခင်အေးနှင့် မချောတို့ စကားများတော့သည်။

မယားထိ ဓားကြည့် ဆိုသကဲ့သို့ မခင်အေးကိုထိတော့ သူယောက်ျားတွေ့မောင်က မချောကို ဝင်ရိုက်သည်။

မချောအရိုက်ခံရတော့ ကံထူးက



www.burmeseclassic.com

www.burmeseclassic.com

မနေ။ ယောက်ဖဖြစ်သူ လှမောင်ကို နီးရာတုတ်ကိုစွဲ၍ ရိုက်တော့၏။

ဤသို့ဖြင့် လေးယောက်စလုံး အမှုဖွင့်ခံရပြီး ဆေးရုံသို့ရောက်ရှိသွားကြလေတော့၏။

ထိုသို့အိမ်တွင် ရန်ရင်းဆန်ခတ်ဖြစ်နေချိန်တွင် သင်္ချိုင်းတွင် လူရှင်းနေသဖြင့် အုံ့မောင်က အမေနှင့် အမေ့ကို နောက်ဆုံးကန်တော့ရန် ရောက်လာ၏။

ဒူးခေါက်များပေါ်တွင် တင်နေသော မေမေချုံသည့်စောင်နှင့် မေမေအုံးသည့် ခေါင်းအုံးကိုတွေ့ရှိလေရာ -

"ဒါ...ငါ့မေမေ ပစ္စည်းတွေ။ မထားခဲ့နိုင်ဘူး"

ဟု စိတ်ထဲမှ ပြောဆိုကာ ဒူးခေါက်ပေါ်တင်နေသော စောင်နှင့် ခေါင်းအုံးကိုယူ၍ ဘုန်းကြီးကျောင်းသို့ သူ့အမေ၏ပစ္စည်းများ အပ်နှံထားရန် လာခဲ့လေ၏။

ဆရာတော်ကြီးသည် ဘုရားခန်းတွင် ပုတီးစိပ်၍နေ၏။ ဆရာတော်၏ ကျောင်းကြီးပေါ်တွင် သူလှူဒါယကာတုန်းက တောလိုက်၍ရခဲ့သော ကျားသားရေ ကျားခေါင်း။ သမင်ချို ဆတ်ချို ဆိုင်ချိုများ ချိတ်ဆွဲ၍ အလှဆင်ထား၏။

အုံ့မောင်သည် ကျောက်လိပ်ကြီးကတစ်ဖက်၊ ဦးပြုး၏စောင်နှင့် ခေါင်းအုံးက တစ်ဖက်ကိုင်၍ ဆရာတော်ကြီး ပုတီးစိပ်နေသော ဘုရားခန်းသို့ တက်လာပြီး ၎င်းပစ္စည်းများကို ယူထားရန် လျှောက်ထားလေရာ ဆရာတော်က လက်မခံပေ၊

"ဟဲ့ကောင်...အုံ့မောင်၊ သေသူ မသုံးတော့တဲ့ ပစ္စည်းတွေကို သင်္ချိုင်းမှာပဲ သွားပစ်ထားချေ"

ဟုပြောရာ လက်မခံသဖြင့် ဆရာတော်က ဘုန်းကြီးကျောင်းသားကြီးတစ်ယောက်ကို အုံ့မောင်ထံမှ စောင်နှင့် ပစ္စည်းများယူပြီး သင်္ချိုင်းသို့ သွား၍ပစ်ရန်ပြောရာ...။

အုံ့မောင်က မပေးသဖြင့် စောင်နှင့်ခေါင်းအုံးကို အုံ့မောင်၏လက်ထဲမှ ကျောင်းသားကြီးက လုလေ၏။

ကျိုက်မပြည့်သော လူများသည် သာမန်လူများထက် လိုအပ်လျှင် ခွန်အားပို၍ပြည့်၏။

ကျောင်းသားကြီးနှင့် အုံ့မောင်တို့ ခေါင်းအုံးကို သူဆွဲကိုယ်ဆွဲ လုပ်ကြရာ နှစ်ကြာနေပြီဖြစ်သော ခေါင်းအုံးမှာ ဆွေးမြည့်နေသဖြင့် ထက်ခြမ်းကွဲ၍ ကွဲသွားလေတော့၏။

"ချွမ်"

"ချ...လွမ်၊ ချလွမ်"

"ဝုန်း"

"ဖြော...ဖြော"

"ဟာ..အာတွေလဲ၊ ဘာတွေဖြစ်နေကြတာလဲ"

ဘုရားဘက်လှည့်၍ ဝတ်ပြုနေသော ဆရာတော်ကြီးက နောက်သို့ လှည့်ကြည့်ရာတွင် အုံ့မောင်၏လက်ထဲမှ ခေါင်းအုံးမှာ နှစ်ခြမ်းကွဲပြသွားရာမှ ရွှေဒင်္ဂါးပြားများ ထွက်၍ကျလာသည်ကို လည်းကောင်း...။

အုံ့မောင်သည် အရှိန်ဖြင့် ကျောင်းနံရံကြီးကိုတိုက်မိရာ နံရံပေါ်တွင် အလှချိတ်ဆွဲထားသော ဆိုင်ချိုကြီးက နံရံမှ ပြုတ်ကျရာတွင် ကြမ်းပျဉ်ပေါ်သို့ တိုက်ရိုက်မကျဘဲ အုံ့မောင်ယူလာသော ကျောက်လိပ်ကြီးပေါ်သို့ ပြုတ်ကျလေရာ၊

ကျောက်လိပ်ကြီးမှာ ကျောင်းအမြင့်ပေါ်မှ ဆိုင်ချိုကြီးနှင့်အတူ ကျောင်းအောက်သို့ အရှိန်ပြင်းစွာ လေဝင်ရန် ဖောက်ထားသော ပြတင်းပေါက် တံခါးအောက်ပိုင်း လေဝင်ပေါက်မှ မြေပြင်သမန်သလင်း ခင်းထားသည့်အပေါ်သို့ ကျသွားတော့လေ၏။

ဆိုင်ချိုကြီးသည်လည်းကောင်း၊ ဆိုင်ချိုကြီး ကပ်ရိုက်ထားသော ကျွန်းပြားကြီးသည်လည်းကောင်း ကျိုးပဲ့ပျက်စီးသွားသကဲ့သို့၊ ကျောက်လိပ်ကြီးမှာလည်း အစိတ်စိတ်၊ အမြွှာမြွှာ ကျိုးပဲ့ပျက်စီးသွားလေတော့၏။

"ဟာ...အုံ့မောင်တို့ကတော့ လှူရှုးပေမယ့် ဘုန်းမရှုးဘူးဟေ့"

"အုံ့မောင်တစ်ယောက် ဆိုင်ဇော်လို့ ချုံပေါ်ရောက်ပြီကွ"

ဟု ဆရာတော်ဦးပညာနန္ဒက အားရဝမ်းသာ အော်လေတော့၏။

ဆရာတော် ဝမ်းသာအားရ ဖြစ်ရခြင်းမှာ ဆိုင်ချိုကြီးနှင့် တိုက်မိပြီး လွင့်ကျသွားသော ကျောက်လိပ်ကြီးအတွင်းမှ ဦးပြုးဖွက်ထားသော "စိန်"ပွင့်များ ထွက်ရှိလာသောကြောင့် ဖြစ်ချေ၏။

လောဘ၊ ဒေါသ၊ မောဟတွေ လွှမ်းနေပါသော်လည်း ပစ္စည်းဆိုတာ ကိုယ်နဲ့ထိုက်မှရကြကြောင်း တင်ပြရင်း သဗ္ဗေ၊ အနိစ္စ၊ သင်္ခါရ...။ *

မကျေးညိုစိမ့်



www.burmeseclassic.com

www.burmeseclassic.com

# ပညတ်သွားရာ

ဝင်းမြင့်အောင်(မြိတ်)

(က)

(What a word signifies has away of becoming fact.) "ပညတ်သွားရာ ဓာတ်သက်ပါ" ဟူသော စကားပုံတစ်ခုရှိပါသည်။ မှန်၏။ လွန်ခဲ့သောနှစ်ပေါင်းငါးဆယ်ကျော် ကျွန်တော်ဆယ်နှစ်သားလောက်က၊ နိမိတ္တပိဋကဟောတစ်ခု ဖတ်ကြည့်၍ မှတ်မိနေပါသေးသည်။ နု-တင်-ဆွေ-ငြိမ်း မဲရွေးပွဲ ကျင်းပတော့မည့်ဆဲဆဲ ဖြစ်သည်။ (နု-တင်)စနေ။ (ဆွေ-ငြိမ်း) အင်္ဂါ ရွေးမနေပါနဲ့ကွာ၊ ကျော်မကောင်း ကျားမကောင်းပါတဲ့။ ကျော်ငြိမ်းလည်း မကောင်းဘူး။ ကျားကြီးဗဆွေလည်း မကောင်းဘူး။ နု-တင်ဆိုခြင်းကြောင့် ဦးနုနဲ့ သခင်တင်မဲရပြီး၊ ဆွေ-ငြိမ်း ဆိုခြင်းကြောင့် ဦးကျော်ငြိမ်းနဲ့ ကျားကြီးဗဆွေတို့ မဲမရနိုင်ဘူးတဲ့။ ထိုအခါက နိမိတ္တပိဋကဟောတဲ့အတိုင်း နု-တင် မဲရပြီး ဆွေ-ငြိမ်းတို့ မဲမရသည်မှာ ပညတ်သွားရာ ဓာတ်သက်ပါခဲ့ပါသည်။

လမ်းစဉ်ပါတီခေတ်က ဖြစ်ပါသည်။ လယ်သမားတွေ အထွက်တိုးဆောင် အတန်းစိုက်ဖို့ ကြပ်မတ်သည့် ကော်မတီကို "စိုက်ကြပ်ကော်မတီ" ဟု အမည်တတ်ပါသည်။ "စိုက်ဆောင်ကော်မတီ"ဆိုပါက သင့်တင့်သောနာမည် ဖြစ်ပါ၏။ ယခုတော့ လမ်းစဉ်ပါတီခေတ်မှာ စိုက်ကြပ်ကော်မတီကြောင့်လားမသိ စိုက်လေ ကျပ်လေ လယ်သမားတွေ ကျပ်ခဲ့သည်။ ပညတ်သွားရာ ဓာတ်သက်ပါခဲ့ပြန်ပါသည်။

၁၉၈၈ ခုနှစ် မြိတ်မြို့ အထက (၁)တွင် တို့အရေး ‥ တို့အရေး အော်ဟစ်နေသူကလေးတွေသည် ၉ နှစ်၊ ၁၀ နှစ်အရွယ်၊ လမ်းစဉ်ပါတီခေတ်က မှည့်ခေါ်ထားသော တေဇလူငယ်တွေဖြစ်နေသည်။ တေဇလူငယ်၊ ရှေ့ဆောင်လူငယ်၊ လမ်းစဉ်လူငယ်၊ ထိုသည်ကိုစဉ်းစား၍ ကျွန်တော်ဗေဒင်ဟောခဲ့ဖူးသည်။ "ဆိုးဖို့ ပေဖို့ တေဖို့စတဲ့(တေဇ) တေစလူငယ်တွေက ရှေ့ဆောင်လိုက်ရင် လမ်းစဉ်ပါတီကြီး လွင့်စဉ်သွားလိမ့်မည်ဟု ဟောခဲ့ပါသည်။ ဟောသည့်အတိုင်း ပညတ်သွားရာ ဓာတ်သက်ပါခဲ့ပြန်ပါသည်။

(ခ)

သူ့နာမည်က အောင်ဆန်းဝင်းဟု ခေါ်သည်။ ဘောလုံးဒိုင်လုပ်သဖြင့် အဖမ်းခံရသည်။ သို့ဖြစ်၍ ၇-၉-၂၀၁၁ ရက်နေ့က မိန်းမတရားသူကြီးကို ငွေတစ်သိန်းပေးခဲ့သည်။ ၈-၉-၂၀၁၁ ရက်နေ့ရောက်တော့ ထောင်သုံးနှစ် အပြစ်ပေးခံရသည်။ ဒီတော့ အောင်ဆန်းဝင်းမိန်းမက "ထောင်သုံးနှစ်ချမှန်းသိရင် မနေ့က ငွေတစ်သိန်း မပေးပါဘူး"တဲ့။ တရားသူကြီးမ ဖြစ်ပြီး မတရားဘူးဟု ညည်းတွားနေခဲ့သည်။

၁၄-၅-၂၀၁၄ ရက်နေ့ထုတ် မှခင်းသတင်းဂျာနယ်ကိုဖတ်ပြီး နိုင်နိုင်ဦးက ပြောပါသည်။

"ဆရာ ‥‥ဒီမှာကြည့်ပါဦး ၁၃ နှစ်သမီး အရွယ်မရောက်သေးသူကို လှည့်ပတ်ပေါင်းသင်းတဲ့အမှု၊ ပဲခူးခရိုင်ဒုတိယ တရားသူကြီး(၁)က၊ ၁၄-၃-၂၀၁၄ ရက်နေ့က အလုပ်နဲ့ထောင် ဒဏ် သုံးလပဲချတယ်ဆိုတော့"

"ဘာလဲ ‥‥မင်းက တရားသူကြီးငွေစားတယ်လို့ ပြောမလို့လား"

"ကိုယ်တိုင်မမြင်ရတော့ မသိဘူးပေါ့ ဆရာရယ်။ ဒါပေမယ့် တစ်ခုခုတော့ တစ်ခုခုပဲလို့ထင်တယ်"

"အေးကွ ‥‥မင်းပြောမှ ငါသတိထားမိတယ်။ ဟိုတစ်လောက လယ်သမားတွေအရေး လိုက်ပါဆောင်ရွက်ပေးတဲ့သူကို ထောင်သုံးနှစ်တဲ့။ ဒီတစ်ခါတော့ တရားသူကြီးဆိုတဲ့နာမည်နဲ့ လိုက်ဖက်ညီအောင် ပညတ်သွားရာ ဓာတ်သက်မပါတော့ဘူး ဖြစ်နေတယ်ကွ"

ကျွန်တော်က ဒီလိုပြောတော့ အနားမှာ ရှိတဲ့ လူငယ်လေးတစ်ယောက်က ဝင်ပြောပါသည်။

"ဆရာတို့ရယ် ပညတ်သွားရာ ဓာတ်သက်ပါအောင် တရားသူကြီးဆိုတဲ့ နာမည်အစား 'မတရားသူကြီး'လို့ ပြောင်းခေါ်လိုက်ပေါ့" ‥‥တဲ့။

ဝင်းမြင့်အောင်(မြိတ်)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ခရီးကြမ်းက အသည်းတစ်ခြမ်း

(ယခင်လမှအဆက်)

ဇော်မော်လင်း

## အခန်း (၁၂)

### (၁၃) ဆမ်ဆစ်

မြင်မြင်ချင်း ချစ်မိတဲ့မောင်မောင်ရယ်။ မိန်းမတို့ ရှာဖွေကိုပယ်...မောင့်ကိုသာမမြင်ရ...မရှင်ပျပါတယ်...

တစ်ဘက်ခန်းမှ ကက်ဆက်ဖွင့်သံ။ ထိုသီချင်းသံကြောင့် အေးမွန်ထံသို့ မြခင်စိတ်က ရောက်သွားသည်။

အေးမွန်သည် မြခင်ကိုတွေ့လျှင် ထိုသီချင်းကို ဆိုနေတတ်သည်။ မြခင်ကလည်း အေးမွန်ကိုမတွေ့ရလျှင် စိတ်တိုနေတတ်သူပါ။

သူချစ်၊ ကိုယ်ချစ်တွေဆိုတော့။

မြင်မြင်ချင်းချစ်မိတဲ့ မောင်မောင်ရယ်...

မြခင်သည် တစ်ဖက်ခန်းတွင် ကက်ဆက်ဖွင့်နေသော မွန်ဖိုးချိုထံသို့ လာခဲ့သည်။ မွန်ဖိုးချိုသည် ကက်ဆက်ကိုဖွင့်လျက် နပ်နေရာမှ မြခင်ဝင်လာသည်ကိုတွေ့လျှင် ကက်ဆက်ကိုပိတ်၍ ပြောသည်။

"ဒီသီချင်းသံကြားလို့ မမွန်ကို အစ်ကိုသတိရသွားပြီနဲ့တူတယ်"

"ဟုတ်တာပေါ့။ ဒါပေမယ့် ရှိစီနန်းကို ငါစိတ်ဝင်စားနေတယ်ကွာ"

"ဗျာ..."

"ဟဲ...ဟဲ"

"ရှိစီနန်းကို စိတ်ဝင်စားနေတယ်ဟုတ်လား အစ်ကို"

"ဟဲ...ဟဲ"

"အစ်ကိုကလည်းဗျာ။ မိုင်ချင်းမှာ ပေါ်ပါတယ်ဗျ။ လိုချင်တဲ့ဆိုက်ကိုပြော ကျွန်တော်ဖန်လိုက်မယ်။ ကျွန်တော်က တက္ကစီဒရိုင်ဘာပါ။ ဒီကိစ္စက ပါးပါးလေးပါ"

"ငါသိပါတယ်။ ဒါပေမယ့် ဘာသာပြန်မှားနေတယ်"

"ဘာဖြစ်လို့လဲ အစ်ကို"

"ရှိစီနန်းကို တည်းကြက်မလေးအဖြစ် အသုံးချနေတယ်လို့ ထင်လို့ပါကွာ"

"အစ်ကို့ကို ကျွန်တော် လေးစားသွားပြီ"

"အဲဒါကြောင့် ရှိစီနန်းကို စိတ်ဝင်စားတယ်လို့ ပြောတာပါ"

"ဖြစ်နိုင်တယ် အစ်ကို"

"ရှိစီနန်းနဲ့ သွားတွေ့ရရင်ကောင်းမလားလို့"

"ကောင်းတာပေါ့ အစ်ကို။ ဘာဖြစ်လို့လဲဆိုတော့ နာရိုက်ဂိုဏ်းတွေက တစ်ဂိုဏ်းနဲ့တစ်ဂိုဏ်း အချိတ်အဆက်ရှိကြလို့"

"ဒါဆို မင်းတက္ကစီကားနဲ့ ငါ့ကို လိုက်ပို့ပေးပါလား"

"ရပါတယ် အစ်ကို။ အစ်ကိုက ရှိစီနန်းလိပ်စာကို သိလို့လား"

"(၁၃) ဆမ်ဆစ်"

"ပိုင်လှချည်လားဗျ"

"ဟား...ဟား...ဟား"

x x x

## အခန်း (၁၃)

### ကျွန်မတို့ ဇာထားခဲ့ဝါနဲ့ရှင်

"ဟောဟိုမှာ (၁၃) ဆမ်ဆစ်"

ဟု ပြောပြီး မွန်ဖိုးချိုသည် မြခင်ကို လက်ညှိုးထိုးပြသည်။ မွန်ဖိုးချို ညွှန်ပြရာသို့ မြခင်ကြည့်လိုက်သည်။

အထင်ရှောင် နှိနှိန်အောက်ရှိ တိုက်ပုလေးကို ပြောက်တိပြောက်ကျား မီးရောင်များအောက်တွင် တွေ့ရသည်။ တိုက်ပုလေးရှေ့တွင် ကားတစ်စီး ရပ်ထားသည်။

အတွင်းမီးများကို ဖွင့်ထားသော်လည်း လူရိပ်လူခြည်မတွေ့ရ။ အချို့ အနေက တစ်ချို့ပဲကွ။ ဝမ်းသားရာမှ မွန်ဖိုးချိုကို မြခင်ပြောလိုက်သည်။

"တုတ်တယ်အစ်ကို။ ကျွန်တော်လည်း သံသယရှိတယ်"

"ဒါဆို ဒီလိုလုပ်ကွာ"

"ပြောပါ အစ်ကို"

"ကားကိုယူသွားပြီး ခြံနောက်တစ်နေရာမှာ ရပ်ထိုင်ပြီး ငါ့ကိုစောင့်နေမှာတဲ့လား"

"ဟုတ်ကဲ့ပါ အစ်ကို"

မြခင်သည် မွန်ဖိုးချိုကိုပြောပြီး



www.burmeseclassic.com

www.burmeseclassic.com

သည့်နှင့် ကားပေါ်မှဆင်းလိုက်သည်။

မှန်ကိုချိုးသည့် အမှောင်လွှမ်းသော ခြံနောက်ဘက်သို့ ကားကိုမောင်းယူသွားသည်။ တိုက်ပုလေးရှိရာသို့ မြခင်သာခဲ့သည်။

အချို့အခန်းများ မီးလင်းနေသော်လည်း အချို့အခန်းများ မီးမှောင်ချထားသည်။ မီးလင်းနေသော အခန်းရှိရာသို့ မြခင်လာခဲ့သည်။

ထိုအခန်းရှေ့သို့ရောက်လျှင် မြခင်သည် ခြေသံလုံလုံဖြင့် ချဉ်းကပ်လိုက်သည်။ နောက်...

မှန်ပြတင်းကိုဖြတ်၍ အတွင်းသို့ ကြည့်လိုက်သည်။ ဟင်နစ်ပုလင်းကို ထောင်၍ လူတစ်ယောက် အရက်ထိုင်သောက်နေသည်။

စားပွဲပေါ်တွင် ပြောင်းတိုပစ္စတိုသေနတ်ကို အသင့်ချထားသည်။ သို့သော်လည်း ရေချိန်လွန်နေသည်။

မြခင်သည် အတွင်းသို့ဝင်ရန် မှန်ပြတင်းကို ချဲ့ဖွင့်လိုက်သည်။ မင်းတုပ်ချမထားသည့်အတွက် အလိုက်သင့် ပွင့်သွားသည်။ ပြတင်းပေါက် ပွင့်သွားသည့်အတွက် အတွင်းသို့ မြခင်ခုန်ဝင်လိုက်သည်။

"ဖုတ်..."

မြခင်ဝင်လာသည်ကို ထိုလူတွေ့သွားသည်။ ထိုလူသည် စားပွဲပေါ်တွင် အသင့်ရှိသော သေနတ်ကို ကောက်ကိုင်သည်။

သို့သော်လည်း.. နှေးကွေးလွန်းသည်။ ထိုလူရှိရာသို့ မြခင်ဦးတည်လိုက်သည်။

"အင့်"

ထိုလူ့ဗိုက်တွင်းသို့ ဘယ်လက်သီးကို မြခင်သွင်းလိုက်သည်။

"အား"

ညာလက်သီးကို မေးရိုးပေါ်သို့ ပင့်ထိုးလိုက်သောကြောင့် ကြမ်းခင်းပေါ်သို့ အရုပ်ကြိုးပြတ်ကျသွားသည်။ ထိုလူကို ကျော်လွှား၍ အတွင်းခန်းသို့ မြခင် ချဉ်းကပ်ခဲ့သည်။

"အဟင့်...အင့်...အင့်"

အခန်းထဲမှ ညည်းညူသံကြားရသည်။ မြခင် ဟနေသောတံခါးရွက်ကြားမှ အတွင်းသို့ ချောင်းကြည့်လိုက်သည်။ ရိုစီနန်းကို ငနဲသားတစ်ယောက် အနိုင်အထက်ကျင့်နေသည်။

ဤတွင်...မြခင်သည် ဂျာကင်အင်္ကျီအိတ်တွင်းမှ ဘာရက်တာပစ္စတိုသေနတ်ကို ဆွဲထုတ်လိုက်သည်။

နောက်..ဟနေသော တံခါးရွက်ကို အသုံးချ၍ အခန်းထဲသို့ ဝင်လိုက်သည်။

"အဟင့်...အင့်"

ငနဲသား ဖောကပ်နေသည်။

"အဟင့်...အင့်"

မြခင် ချွတ်နင်းဝင်လာသည်ကို ငနဲသားမသိ။

"အဟင့်"

"ခွပ်"

"အား"

ဘာရက်တာအနောင့်နှင့် အပိုင်ရိုက်ချလိုက်သောကြောင့် ခုတင်အောက်သို့ ခွေးကျ ကျသွားသည်။ မြခင်သည် ခုတင်ပေါ်တွင် အသင့်တွေ့ရသော မျက်နှာသုတ်ပဝါကြီးကိုစွဲယူ၍ ရိုစီနန်းထံ ပစ်ပေးလိုက်သည်။

ရိုစီနန်းသည် မလုံမလဲဖြစ်နေသော ကိုယ်အပေါ်သို့ မျက်နှာသုတ်ပဝါကြီးဖြင့် လွှမ်းခြုံရာမှ မြခင်ကို မျက်လုံးအပိုင်းသားနှင့်ကြည့်သည်။

"ငါ့ကို ရှက်စရာမလိုဘူး။ ဒီလူယုတ်မာကို အပြင်ထုတ်လိုက်ဦးမယ်"

ဟု ရိုစီနန်းကိုပြော၍ ငနဲသားအား ခြေနစ်ချောင်းဆွဲပြီး အပြင်သို့ မြခင်ထွက်ခဲ့သည်။

ဧည့်ခန်းတွင် မှောက်နေသောလူ အနီးတွင် ထိုငနဲကိုပစ်ထားခဲ့ပြီး အခန်းထဲသို့ မြခင်ပြန်ဝင်ခဲ့သည်။ ရိုစီနန်းသည် အဝတ်သစ်များနှင့် အသင့်ဖြစ်နေသည်။

"ကျွန်မ ဒီမှာနေလို့ မဖြစ်တော့ဘူး"

ဟု မြခင်လက်ကိုဆွဲ၍ ပြောသည်။ ထိုစဉ်

"ပွမ်"

"ဗွမ်း...ဝေါ"

ကားဟွန်းသံများနှင့် ကားရပ်သည့်အသံကို ကြားရသည်။

"ဟော...သူတို့လာကြပြီ"

ဟု ပြော၍ ရိုစီနန်းသည် မြခင်ကို ဖက်ထားသည်။

"သူတို့လာတာ ဘာဖြစ်လဲ။ ငါရှိတယ်၊ ဘာမှကြောက်စရာမလိုဘူး"

"ဘာရန်နီးက တစ်ယောက်တည်း"

ဟု ရိုစီနန်းကပြောသည်။

မြခင်သည် ရိုစီနန်း၏ စကားကြောင့် ပြတင်းပေါက်သို့သွား၍ ခေါင်းပြုကြည့်လိုက်သည်။ မားစီးဒီးကားဖြူကြီး ရပ်ထားသည်ကို တွေ့ရသည်။ကားပေါ်မှ သူတို့ဆင်းလာကြသည်။

အားလုံးပေါင်း သုံးယောက်။ တစ်ယောက်က အမ်ပစ်ရိုင်ဖယ် သေနတ်ကြီးကို ကိုင်ဆောင်ထားသည်။ ကျန်လူများ၏ ဘောင်းဘီအဝတ်တွေထဲတွင် ပြောင်းတိုသေနတ်များ အသင့်ပါလာနိုင်သည်ဟု မြခင်တွေးလိုက်သည်။

မြခင် ဘာလုပ်မလဲ။ ရှေ့တိုး



www.burmeseclassic.com

www.burmeseclassic.com

မလား။ နောက်ဆုတ်မလား။

"ကျွန်မကို ပစ်မသွားပါနဲ့ ဘရန်နီး"

"စိတ်ချပါကွာ။ မင်းကိုပစ်မသွားပါဘူး"

ပြောသာ ပြောလိုက်သော်လည်း မြဒင်အတွက် အချိန်သိပ်မရှိတော့ပါ။ သူတို့လျှောက်လာသည့် ခြေသံများကို ကြားနေရသည်။ တဖြည်းဖြည်း နီးကပ်လာပြီဖြစ်သည်။

"ဘရန်နီးရယ်…ကျွန်မကို မထားခဲ့ ပါနဲ့နော်"

မြဒင်သည် ရိုစီနန်းကို ပြုံးပြလိုက်သည်။

ရိုစီနန်းက ခပ်ယဲ့ယဲ့ပြန်ပြုံးပြသည်။ မြဒင်ပြုံးသည်က အကြောင်းရှိသည်။ အခြားမဟုတ်။

ခြံနောက်တွင် မွန်ဖိုးချုံကို ကားနှင့် အသင့်စောင့်ခိုင်းထားသည် မဟုတ်လား။ ဤတွင်…

မြဒင်သည် အသံမပြုရန် ရိုစီနန်းကို အချက်ပြလိုက်ပြီးသည်နှင့် သူမကို ပွေ့ချီလိုက်သည်။

ရိုစီနန်းသည် လက်ကိုင်အိတ်ကို ဆွဲလျက် မြဒင်လက်ဝယ် အသင့်ပါလာသည်။ မြဒင်သည် ပြတင်းပေါက်မှ ရိုစီနန်းကို အပြင်သို့ချပေးပြီးလျှင် ခုန်ထွက်လိုက်ပါတော့သည်။

× × ×

## အခန်း (၁၄)

### ရှင်က ဗမာ၊ ကျွန်မက ရှမ်း

မြဒင်သည် ပန်းခြံတွင်းရှိခုံတန်းလေးတွင်ထိုင်၍ ရိုစီနန်းကို မျှော်နေသည်။

ယမန်ညည့် လမ်းခွဲစဉ်က ရိုစီနန်းနှင့် ချိန်းဆိုထားသောကြောင့် ဖြစ်သည်။

"ဘရန်နီး"

ရှေ့သို့ မြဒင်မျှော်နေသော်လည်း နောက်မှခေါ်သံကြောင့် မြဒင်လှည့်ကြည့်လိုက်သည်။

ရိုစီနန်းသည် ရဲရဲလွင်သောဝတ်စုံကို ထက်အောက်ဆင်တူ ဝတ်ထားသည်။ နီနီရဲရဲ ပွယောင်းယောင်းအင်္ကျီ လက်ရှည်ကို ဝတ်ထားသည်ဆိုသော်လည်း ရဲရဲနီသော စကပ်လေးက တိုလွန်းသည်ဟု မြဒင်ခံစားရသည်။

မြဒင်သည် ဘာရယ်မသိ စကပ်တိုတိုအောက်ရှိ ရိုစီနန်း၏ ဖြူဖြူသွယ်သွယ် ပေါင်တံလေးများဆီသို့ မျက်လုံးရောက်သွားသည်။

"ဘာကြည့်တာလဲ ဘရန်နီး"

"ဟဲ…ဟဲ"

"ပြောလေ ဘာကြည့်နေတာလဲလို့"

"ဒီဝတ်စုံနဲ့မင်းက လိုက်ဖက်လို့ကြည့်နေတာပါ"

ဟုပြော၍ ရိုစီနန်းကို မြဒင် နှစ်သိမ့်လိုက်သည်။ ရိုစီနန်းသည် စကပ်တိုတိုလေးကို ဖုံးဖိ၍ ခုံတန်းလေးတွင် ဝင်ထိုင်သည်။

"ကျွန်မ နောက်ကျတာကို တောင်းပန်ပါတယ်"

"မင်းနောက်ကျတာကို လက်ခံပါတယ်။ ဒါပေမယ့် ချိန်းထားပြီးမလာရင်တော့ ငါ စိတ်တိုတတ်တယ်နော်"

"ကျွန်မလည်း ချိန်းထားရင်…မရောက်ရောက်အောင် လာတတ်ပါတယ်ရှင့်"

"မင်းအာခင်ပြောသွားပြီလား ရိုစီ"

"အခင်ပြောတယ်လို့ပဲ ပြောရမှာပေါ့ ဘရန်နီး"

"ဘာဖြစ်လို့လဲ"

"ရှိုင်းယားလိပ်မှာ ကျွန်မအမေနဲ့ ပြန်ပြီးနေလို့ပါ"

"မင်းကို စိတ်ပူနေတာ။ အခုလို အခင်ပြောသွားပြီဆိုတော့ ငါစိတ်ချမ်းသာသွားပြီ"

"ဒါတော့ဒါပေါ့။ ဒါပေမယ့် သူတို့က ကျွန်မကို ခွင့်လွှတ်မှာမဟုတ်ပါဘူး"

"ဘာကြောင့်လဲ ရိုစီ"

"သူတို့ရဲ့ လူမှောင်ခိုဂိုဏ်းထဲက ထွက်လိုက်လို့ပေါ့"

"ဒီဂိုဏ်းထဲကို ဝင်တုန်းကဝင်ခဲ့ပြီး အခုမှ မင်းက ဘာလို့ ထွက်ချင်ရတာလဲ"

"အစုန်အဆိုင်း ဝန်ခံရရင်တော့ ငွေနောက်လိုက်ရင်းနဲ့ သူတို့ဂိုဏ်းထဲကို ရောက်သွားတာပါ။ နောက်ပိုင်းကျတော့ သူတို့ရဲ့ ယုတ်မာရက်စက်တဲ့ လုပ်ရပ်တွေကြောင့် ကျွန်မထွက်လိုက်တယ်"

"ကောင်းတယ်ရိုစီ မင်းမှန်တယ်"

"သူတို့ကတော့ ကျွန်မကို သတ်ပြီးခုကွဲပေးကြမှာ အမှန်ပဲ"

"ငါရှိပါတယ်။ ဘာမှမပူနဲ့"

"အို…ဘရန်နီးရယ်"

"ရပါတယ်ရိုစီ။ မင်းကို ကူညီရန် အသင့်ပဲ"

"ရှင့်ရဲ့ ကျေးဇူးတွေကို ကျွန်မ ဘယ်လိုတုံ့ပြန်ရမလဲဆိုတာ ပြောစမ်းပါဦး"

"မင်းကြိုက်သလို တုံ့ပြန်နိုင်တယ်။ ဒါပေမယ့် မင်းရဲ့တုံ့ပြန်မှုထက် မင်းက တို့ဘွဲ့ပါနေလို့ မင်းကို ငါကူညီခဲ့တာပါ"

ထိုစကားကိုကြားလျှင် ရိုစီနန်းသည် မြဒင်လက်ကိုဆွဲ၍ ပြောသည်။

www.burmeseclassic.com

"ဘုရားသခင်က ဘရန်နီနဲ့တွေ့ ဆုံခွင့်ပေးတာ နှစ်ရှိက်လောကထဲက လွတ်မြောက်ဖို့ ထင်ပါရဲ့"

"ဟုတ်တယ် နီစီ"

"ရှင့်ကို တစ်ခုမေးဦးမယ်"

"ရပါတယ်ကွာ"

"ဒီနယ်စပ်မြို့ကို ရှင် ဘာလာလုပ်တာလဲ"

"ရှင်းရှင်းပြောရရင်တော့ကွာ လူတစ်ယောက်ကို ထက်စားချင့်"

"ရှင်"

"နားမရှင်းရင် ငါထပ်ပြီးပြောပြမယ်။ ဒီကိုငါလာတာ မြန်မာအမျိုးသမီးငယ်တွေကို အညွန့်တုံးအောင်လုပ်နေတဲ့ လူမှောင်ခိုဂိုဏ်းတွေကို သုတ်သင်ရှင်းလင်းဖို့"

နီစီနန်း ငြိမ်နေသည်။

"ဒီမြို့လေးအကြောင်းကို ငါထက် မင်းပိုကျွမ်းတို့ မင်းကိုတစ်ခုပြောရဦးမယ်"

"ပြောပါ ဘရန်နီ"

"ချန်တီဝင်ဆိုတဲ့သူကို သိလား"

ချန်တီဝင်ဆိုသည့် နာမည်ကို ကြားလျှင် နီစီနန်းသည် တီကောင်ကို ဆားနှင့်ထိလိုက်သလို တွန့်သွားသည်။

ဘာကြောင့်လဲ...

အဖြေကို မြခင်မစောင့်ပါ။

"ချန်တီဝင်ကို မင်းသိနိုင်တယ်"

ဟု နီစီနန်းကို မြခင် အပြတ်ပြောလိုက်သည်။

နီစီနန်း မျက်လုံးပြူးသွားသည်။ သူမ မျက်လုံးထဲတွင် တုန်လှုပ်ခြင်း ကြောက်ရွံ့ခြင်းတို့ ရောပြွမ်းနေသည်၊

"ချန်တီဝင်ကို ကြောက်စရာမလိုဘူး"

"ချန်တီဝင်က ကျွန်မတို့ဂိုဏ်း ခေါင်းဆောင်ပဲ"

"ဘာ...ချန်တီဝင်က မင်းတို့ ဂိုဏ်းခေါင်းဆောင် ဟုတ်လား"

သူမ ခေါင်းညိတ်ပြသည်။

"ငါမှားသွားပြီ။ မင်းကိုကယ်တင်မိတာ ငါမှားသွားပြီ"

"ကျွန်မ...ကျွန်မကိုခွင့်လွှတ်ပါ"

"ဒီကောင် ဘယ်မှာလဲ။ ဒီကောင်က ငါ့တူမလေးကို အနိုင်ကျင့်ပြီးသတ်သွားတယ်"

"ဒီအကြံ့အစည်ထဲမှာ ကျွန်မ မပါပါဘူး"

"အဲဒါတွေပြောမနေနဲ့၊ ဒီကောင် ဘယ်မှာလဲ"

"သူဘယ်မှာရှိတယ်ဆိုတာ ကျွန်မ မသိပါဘူး"

"ဘာပြောတယ်ကွ။ ဒီစကားကို ငါက လက်ခံရမှာလား"

ဟုပြောပြီး မြခင်သည် အိတ်ထဲမှ သေနတ်ကို ဆွဲထုတ်လိုက်သည်။

"ရှင်ပစ်မယ်ဆိုရင် ကျွန်မခံ ့နံ အသင့်ပါပဲ။ ဒါပေမယ့် ရှင်းပြရင်ခံစ ဘရန်နီ"

"ကဲ...ပြောစမ်း"

"ကျွန်မကို လိုက်ပြီးသုတ်သင်နေတာ ရှင်အမြင်ပဲ မဟုတ်လား။ တကယ်မသိလို့ မသိဘူးပြောတာပါ။ ရှင်လက်မခံဘူးဆိုရင် ရှင့်လက်ထဲက သေနတ်နဲ့ ပစ်လိုက်ပါ"

ဟုဆို၍ ရိုစီနန်းသည် ရင်ကို ကော့ပေးသည်။

"ဒီလိုဆိုတော့လည်း လက်ခံရ မလိုဖြစ်နေပြီ။ ဒါပေမယ့် မင်းစကားက ပဟေဠိဆန်လွန်းတယ်"

"ဒီလိုပါ ချန်တီဝင်ဆိုတဲ့လူက ၂၄ နာရီမှာ သုံးနေရာလောက် ရွှေ့ပြောင်းပြီး လှုပ်ရှားတတ်လို့ပါ"

"ဪ...ဒီလိုလား"

"ဟုတ်ပါတယ် ဘရန်နီ။ ရှင့်ကို လိမ်ညာပြောဆိုဖို့ ကျွန်မမှာ အင်အား မရှိပါဘူး။ ရှင်က ကျွန်မရဲ့ အသက် သခင် ကျေးဇူးရှင်ပါ"

"ငါကတော့ ဒီကောင်ကို မြေလှန် ရှာရမှာပဲ။ မသိတဲ့လူတွေက လူရမ်း ကားလို့စွပ်စွဲရင်လည်း ခေါင်းငုံ့ခံရန် အသင့်ပဲ"

"ကျွန်မကတော့ မစွပ်စွဲရဲပါဘူး ရှင်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်တိုင် ခံစားခဲ့ရလို့ပါ"

"တခြားလူတွေက ခေါင်းငုံ့ခံနေ ကြပေမယ့် ငါကတော့ ခေါင်းငုံ့မခံနိုင် ဘူးကွ"

"ကျွန်မ သဘောပေါက်ပါတယ်။ အဲဒါကြောင့် သူတို့ဂိုဏ်းထဲက ထွက် လိုက်တာပေါ့"

"ကောင်းတယ်"

"အခု ကျွန်မ ဘာဆက်လုပ်ရ မလဲ"

"ငါနဲ့လက်တွဲပြီး ချန်တီဝင်တို့လို လူမှောင်ခိုဂိုဏ်းတွေကို ရှင်းကြတာပေါ့"

"ဟုတ်တယ် ဟုတ်တယ်။ ဘရန် နီးပြောတာ မှန်တယ်။ လူမှောင်ခိုဂိုဏ်း တွေက ရှင်းကိုရှင်းရမယ်"

"ဘာလဲ ငါ့လက်ထဲကသေနတ် ကိုကြောက်လို့ ပြောတာလား ရိုစီ"

"ရှင့်လက်ထဲက သေနတ်ထက် ရှင့်ကို ချစ်ခင်လေးစားလို့ပါ"

"ဘယ်လို"

"ရှင်ကဗမာ ကျွန်မကရှမ်းလေ"

မြခင် ကျေနပ်သွားသည်။

မြခင်သည် သေနတ်ကို အိတ်ထဲ ပြန်သိမ်းပြီး ရိုစီနန်းကို ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို ခင့်ဘီဝပ်တို့ လူမှောင်ခို ဂိုဏ်းအကြောင်းကို ငါ့ကိုပြောပြပါလား ရှိစီ"

ဤအခါ ရှိစီနန်းသည် ချန်တီဝပ် နှင့် အပေါင်းအပါများနာမည်နှင့်တကွ မြန်မာအမျိုးသမီးငယ်များအား တစ်ဖက် နိုင်ငံသို့ လူမှောင်ခိုကူးနေသော ချန်တီ ဝပ်ကို ဂိုဏ်းအကြောင်းကို နာရီဝက် နီးပါးမျှ စိတ်ရှည်လက်ရှည်ဖြင့် မြဒင် ကို ပြောပါတော့သည်။

× × ×

## အခန်း (၁၅)

## ဆုံးဖြတ်ပြီးပါပြီ

စင်စစ်...

မြဒင်သည် မြန်မာအမျိုးသမီးငယ် များကို အညွန့်ချိုး၍ လူမှောင်ခိုကူးနေ သော ချန်တီဝပ်တို့ဂိုဏ်းကို အပြတ် ရှင်းရန် မိုင်ချင်းသို့လာခဲ့ခြင်းဖြစ်သည်။

ဤသို့ဆိုလျှင်...

မြဒင်ကို ဘာပြောကြမလဲ။ မြဒင် သည် လူမိုက်တစ်ယောက်လား။

ထိုသို့မဟုတ်...

မြဒင်သည် တရားဥပဒေအမြင်မှ လူလား။ တရားဥပဒေကို မည်သူမျှ မျက်ကွယ်ပြု၍ မရပါ။ မည်သူမဆို တရားဥပဒေကို လေးစားလိုက်နာရမည်။

သို့သော်လည်း...

မြန်မာအမျိုးသမီးငယ်များကို ဘဝဆုံးအောင် အညွန့်ချိုး၍ လူမှောင်ခို ကူးနေသောဂိုဏ်းများကို ဖြိုခွင်းရာတွင် တရားဥပဒေနှင့် မြဒင်တို့ ရည်မှန်းချက် ချင်းတူသည်ဆိုပါလျှင် လက်ခံသူများရှိ သကဲ့သို့ ငြင်းပယ်သူများလည်း ရှိပေ လိမ့်မည်။

တရားဥပဒေဆိုသည်မှာ နေရာ ဒေသတိုင်းတွင် ရှိပါသည်။ ဤနယ်စပ် မိုင်ချင်းမှာလည်း ရှိပါသည်။

သို့တစေ...

ဤနယ်စပ်မြို့လေးသည် အုပ် ချုပ်မှု အလှမ်းဝေးလွန်းသည်။ လက် လှမ်းမမီသော ဤလိုအရပ်တွင် တရား ဥပဒေဆိုသည်မှာ ဓားမတိုတစ်ချောင်း မျှလိုပင် အသုံးမဝင်ပါ။

တရားဥပဒေဆိုသည်မှာ လက် လှမ်းမီမှသာ အကျိုးသက်ရောက်မှုရှိ သည်။ မင်းမဲ့စရိုက်ဆန်သော ဤလို အရပ်ဒေသတွင် စာအုပ်ကြီးအတိုင်း ပြုကျင့်နေပါက ဒုစရိုက်သမားများကို လက်မြှောက်အရှုံးပေးရာရောက်သည်။

မြဒင်ကတော့ လက်မြှောက်အရှုံး ပေးမှာ မဟုတ်ပါ။

ချန်တီဝပ်တို့လို လူမှောင်ခိုများ ကို အပြတ်ရှင်းရန် ဆုံးဖြတ်ပြီးပါပြီ။

× × ×

## အခန်း (၁၆)

## သူတို့ငါးယောက် ကိုယ်တစ်ယောက်

သူတို့...

သူတို့ဆိုသည်ကား ချန်တီဝပ်နှင့် အပေါင်းပါလေးယောက်။

ရှိစီနန်းသည် သူတို့တစ်စုတစ် ဝေးရိုက်ကူးထားသော ဓာတ်ပုံကို မြဒင် အား ပေးထားပြီးဖြစ်သည်။

မြဒင်သည် ထိုဓာတ်ပုံကို စားပွဲ တွင်ထိုင်၍ ကြည့်နေမိသည်။

"ဟေ့...အစ်ကို၊ ရှိစီနန်းဓာတ် ပုံကို ကြည့်နေတာလား"

ဟုဆိုပြီး မွန်ဖိုးချို အခန်းထဲသို့ ဝင်လာသည်။

"မဟုတ်ပါဘူးကွ။ လူယုတ်မာ တွေဓာတ်ပုံပါ"

ဟုပြော၍ မွန်ဖိုးချိုကို ပေးလိုက် သည်။ မွန်ဖိုးချိုသည် ဓာတ်ပုံကို စူးစူး စိုက်စိုက်ကြည့်ရာမှ ပြောသည်။

"ဒီကောင်တွေ တော်တော်ယုတ် မာတယ်နော်"

"ဟုတ်တယ်။ ဒါကြောင့် ဒီကောင် တွေကိုယ်ပေါ်မှာ ကြက်ခြေခတ်တွေပြ ထားတာ မင်းမတွေ့ဘူးလား"

"တွေ့ပါတယ် အစ်ကို။ ဒီကောင် က ချန်တီဝပ်၊ ဒါက ဓားကြီးစိန်၊ ပုကွ ကွကောင်က ဂင်တို၊ ဒီလန်ဘားက အောင်မောင်း၊ ရွှေသားနဲ့ကောင်က ဘသော်၊ ဒီကောင်တွေကို လျှော့တွက် လို့တော့မရဘူး အစ်ကို"

ဟု မွန်ဖိုး ချိုက ဆိုသည်။

"ဘာဖြစ်လို့လဲကွ ပြောစမ်းပါဦး"

"ဒီကောင်တွေက ငွေကိုလမ်းခင်း ပြီး မိုင်ချင်းပုလိပ်တွေကို အိတ်ထဲထည့် ထားတာဗျ"

"ငါကတော့ အရှုံးမပေးနိုင်ဘူး"

"ဟုတ်ပါတယ် အစ်ကို။ အစ်ကို့ ကို အရှုံးပေးဖို့ပြောတာ မဟုတ်ပါဘူး။ ဒီက ဒုစရိုက်သမားတွေက ပုလိပ်တွေ နဲ့ပေါင်းပြီး လုပ်စားနေတာကို ပြောတာ ပါ။ အစ်ကို့ကို သတိပေးတာပါ"

"ငါသဘောပေါက်ပါတယ်"

"ကျွန်တော့်ကို စိတ်မဆိုးပါနဲ့ အစ်ကို"

"ငါ စိတ်မဆိုးတတ်ပါဘူး။ ငါ့ရင် ထဲကစကားကို ပြောတာပါ"

"ဟုတ်ပါတယ် အစ်ကို"

မြဒင်သည် အသင့်ပါလာသော ဗိုဒ္ဓိ ၄၄ ဘရက်တာပစ္စတိုနှင့် FLY



www.burmeseclassic.com

www.burmeseclassic.com

KNIFE ဓားပျံကိုပြပြီး မွန်ဖိုးချိုကို ပြောလိုက်သည်။

"ဒါက ပွိုင့် ၄၄ ပစ္စတိုကွ။ အနီးကပ်မိလို့ကတော့ တစ်တော်င့်တည်းနဲ့ ပွဲသိမ်းပဲ။ ဒါက ဓားပျံကွ။ ပေါက်ဓားလို့လည်းခေါ်တယ်။ အသံမဲ့တိုက်ခိုက်တဲ့နေရာမှာ အားထားလို့ရတယ်"

မွန်ဖိုးချိုသည် စားပွဲပေါ်ရှိ ပွိုင့် ၄၄ ပစ္စတိုနှင့် ဓားပျံတို့ကိုကြည့်ရာမှ မြခင်ကို လက်မထောင်ပြလိုက်ပါတော့သည်။

* * *

## အခန်း (၁၇)

## ပွဲဦးထွက်

မြခင်သည် ရိုစီနန်း၏ အစီအမံဖြင့် ကျော်ဝမ်း၏ ရုံးခန်းထဲသို့ရောက်နေသည်မှာ နာရီဝက်နီးပါးရှိပြီဖြစ်သည်။

အကြောင်းဆိုသော်...

ကျော်ဝမ်းနှင့်တွေ့လျှင် မည်သည့်အရပ်တွင် ချန်တီဝပ်ရောက်နေသည်ကို သိနိုင်သည်ဟု ရိုစီနန်းက လက်တောက်ချထားသောကြောင့် ဖြစ်သည်။

သို့သော် ကျော်ဝမ်းပေါ်မလာသေး။ လေအေးစက်များ ဖိတ်ထားနေသောကြောင့် မြခင်တစ်ကိုယ်လုံး ချွေးစီးများ ရွှဲရွှဲစိုနေသည်။

တကယ်တော့ မြခင်သည် ချန်တီဝပ်ကို တွေ့ရမည်ဆိုလျှင် ငရဲပြည်သို့လိုက်ရန် အသင့်ရှိသည်။

ဘာပဲဖြစ်ဖြစ် အခန်းထဲသို့ရောက်နေမှတော့ အပြင်သို့ပြန်ထွက်ရန် မြခင်လုံးဝစိတ်မကူးတော့။

"ဝူး..."

"ဝေါ..."

ကားဟွန်းသံနှင့် ကားရပ်သည့်အသံများကို ကြားရသည်။ ကျော်ဝမ်းလာပြီ။ မြခင်သည် အသံထိန်းကိရိယာ SILENCER သေနတ်ပြောင်းဝတွင် တပ်လိုက်ပြီး အနီးရှိ သံဗီရိုနောက်ကွယ်တွင် နေရာယူထားလိုက်သည်။

ဒေါက်...ဒေါက်...ဒေါက်

လျှောက်လာသည့် ဖိနပ်သံများကို ကြားရသည်။

ဒေါက်...ဒေါက်...ဒေါက်ဒေါက်

အနည်းဆုံး နှစ်ယောက်။

"ကျွီ"

ကျော်ဝမ်းသည် တံခါးကိုဖွင့်၍ အတွင်းသို့ ဝင်လာသည်။

"ဝုန်း..."

တံခါးကို ပြန်ပိတ်လိုက်သည်။

"ဟော့...မလှုပ်နဲ့"

မြခင်သည် ဗီရိုနောက်ကွယ်မှ ထွက်၍ ကျော်ဝမ်းကို သေနတ်ဖြင့်ချိန်ထားလိုက်သည်။

ကျော်ဝမ်း မျက်လုံးပြူးသွားသည်။

ဒေါက်...ဒေါက်...ဒေါက်

အပြင်မှ လှုပ်ရှားသံများကိုကြားရသည်။

"ဟော့...အပြင်ကလူကို ခေါ်ဖို့ စိတ်မကူးနဲ့။ မင်းအရင်သေရလိမ့်မယ်"

မြခင် ပြောလိုက်သောကြောင့် ကျော်ဝမ်း အသားတွေ တဆတ်ဆတ် တုန်သွားသည်။

"အပြင်ကလူ ဘယ်သူလဲ"

ဟု ကျော်ဝမ်းကို မြခင်မေးလိုက်သည်။

"ဓားကြီးစိန်"

မြခင်ကိုယ်တွင်းမှသွေးများ ပွက်ပွက်ဆူသွားသည်။

တူမလေးစံပယ်ဖြူက သူ့မျက်ဝန်းအိမ်တွင် ပေါ်လာသည်။ "လေးလေးတာ" ဆိုသည့် တူမလေး စံပယ်ဖြူ၏ အသံကိုလည်း မြခင်ကြားသည်။

လူယုတ်မာ၊ တူမလေးစံပယ်ဖြူကို အနိုင်ကျင့်သူတွေထဲက တစ်ယောက်။ မြခင်နှင့်တွေ့ပြီ။

ဈေးဦးပေါက်။ ပွဲဦးထွက်။

"ဟော့...ဓားကြီးစိန်ကို အခန်းထဲ ခေါ်လိုက်စမ်း"

ဟု ကျော်ဝမ်းကို သေနတ်ဖြင့်ချိန်ထားရာမှ မြခင်ပြောလိုက်သည်။ ကျော်ဝမ်းငြိမ်နေသည်။

ဓားကြီးစိန်ကို မြခင်က အပြတ်ရှင်းမှာကို ကျော်ဝမ်းသိနေရှာလား။

"ဟေ့ကောင် ငါပြောနေတာ မင်းမကြားဘူးလား"

"ကြား...ကြားပါတယ်ဆရာ"

"ဒါဆို ဓားကြီးစိန်ကို အခန်းထဲ ခေါ်လိုက်"

"ကြီးစိန်ရေ...လာပါဦးကွာ"

ဟု ကျော်ဝမ်းက အခန်းထဲမှလှမ်းခေါ်သည်။

ဓားကြီးစိန် အခန်းထဲသို့ ဝင်လာသည်။ ဓားကြီးစိန်သည် တစ်ဖက်တွင် ပြောင်းတိုသေနတ်ကိုချိတ်၍ အခြားတစ်ဖက်တွင် ဓားမြှောင်ကိုထိုးထားသည်။ ဓားရော၊ သေနတ်ပါ ကျွမ်းသည့်သဘောလား။ ဘာတွေပဲ မည်မျှကျွမ်းကျွမ်း ဓားကြီးစိန် ဆက်လက်အသက်ရှင်ရန် အခွင့်အလမ်းမရှိတော့ပါ။

ဓားကြီးစိန်သည် အခန်းထဲသို့ဝင်လာပြီး -

"ဘာကိစ္စရှိလို့လဲ"

ဟု ကျော်ဝမ်းကို မေးသည်။

ကျော်ဝမ်းသည် ဓားကြီးစိန်၏ အမေးကို မဖြေဘဲ ဗီရိုနောက်ကွယ်



www.burmeseclassic.com

www.burmeseclassic.com

တွင်နေရာယူထားသော မြဒင်ကို လှမ်းကြည့်သည်။

မြဒင်သည် သူ့ကိုမကြည့်ရန် ကျင်ဝမ်းကို အချက်ပြလိုက်သော်လည်း နောက်ကျသွားသည်။ ဓားကြီးစိန်သည် ဗီရိုနောက်ကွယ်တွင် မြဒင်ရောက်နေသည်ကို သဘောပေါက်သွားသည်။ သူသည် တစ်ဘက်တစ်ချက်တွင် ရှိသော ဓားနှင့်သေနတ်ကို ပြိုင်တူဆွဲထုတ်သည်။

"ရှော့..."

မြဒင် လက်ဦးမှုယူလိုက်သည်။

မြဒင်က ဓားကြီးစိန့်ထက် လျင်သည်မဟုတ်လား။ ပွိုင့် ၄၄ ကျည်တောင့် အနီးကပ်မိလိုက်သောကြောင့် ဓားကြီးစိန် နောက်သို့လန်ကျသွားသည်။

"မှတ်ထား"

ပြောပြီးသည်နှင့် သေနတ်ပြောင်းဝကို ကျင်ဝမ်းဘက် လှည့်လိုက်သည်။

"ကျွန်တော့်အသက်ကို ချမ်းသာပေးပါ၊ ကျွန်တော့်အသက်ကို ချမ်းသာပေးပါ"

"ဒါဆို ချန်တီဝပ် ဘယ်မှာရှိတယ်ဆိုတာ ငါ့ကိုမှန်မှန်ပြော"

"ကျွန်တော် မသိပါဘူးဆရာ"

"မင်း သေချင်လို့လား"

"အမှန်အတိုင်း ကျွန်တော်ပြောတာပါ"

"ဒါဆို ချန်တီဝပ် ဘယ်မှာရှိတယ်ဆိုတာ ဘယ်သူသိနိုင်မလဲ။ ငါ့ကို မှန်မှန်ပြော"

"ယောက်ကော်က ချန်တီဝပ်ရဲ့ လှူယံတော် မိုက်ကယ်သိပါတယ်ဆရာ"

"ကောင်းပြီ အပြင်မှာ လူဘယ်နှယောက်ရှိသေးလဲ"

"တစ်ယောက်ပဲ ကျန်ပါတယ်ဆရာ"

"သေချာလား"

"ဆရာ့ကို ကျွန်တော် မညာဝံ့ပါဘူး"

"ဘယ်သူလဲ"

"ကားဒရိုင်ဘာ ဝုလူပါ"

"မဟုတ်ရင်တော့ ဓားကြီးစိန်နောက်ကို မင်းလိုက်ရလိမ့်မယ်နော်"

"ဆရာ့ကို ကျွန်တော်ကြောက်ပါတယ်"

"ဒါဆို ယောက်ကော်က လှူယံတော် မိုက်ကယ်ဆီ သွားကြရအောင်"

ဟုပြောပြီး မြဒင်သည် ကျင်ဝမ်းကို သေနတ်ဖြင့်တော့၍ အခန်းပြင်သို့ ခေါ်ထုတ်ခဲ့ပါတော့သည်။

× × ×

## အခန်း (၁၈)

## နှုတ်ဆက်ခဲ့ပါတယ်

ကားဒရိုင်ဘာ ဝုလူသည် ကျင်ဝမ်းကို မြဒင်က သေနတ်ဖြင့်တော့၍ ခေါ်လာသည်ကိုတွေ့လျှင် မျက်လုံးပြူးသွားသည်။

"ဟေ့...မင်းလူကို အသက်မသေစေချင်ရင် နောက်ခန်းတံခါးကို ဖွင့်လိုက်"

ဟု မြဒင်ပြောလိုက်သည်။

"ဟုတ်...ဟုတ်ကဲ့ပါ"

ဟုပြောပြီး ဝုလူသည် ကားတံခါးကို ဖွင့်ပေးသည်။

"ကဲ...ကားပေါ်တက်"

ဟု ကျင်ဝမ်းကို ပြောလိုက်သည်။ ကားတွင်းသို့ မြဒင်တို့ရောက်လျှင် ကားဒရိုင်ဘာဝုလူသည် မြဒင်ကိုပြောသည်။

"ဘယ်ကိုမောင်းရမလဲ ဆရာ"

"ဟေး...ကျင်ဝမ်း။ ဘယ်ကိုမောင်းရမယ်ဆိုတာ မင်းပြောလိုက်စမ်း"

ဟု ကျင်ဝမ်းကို ခပ်မာမာ မြဒင်ပြောလိုက်သည်။

"ယောက်ကော်က လှူယံတော် မိုက်ကယ်ဆီမောင်း"

"လမ်းကြောင်း မမှားစေနဲ့နော်။ လမ်းကြောင်းချော်သွားရင်တော့ မင်းတို့နှစ်ယောက်လုံး သေရလိမ့်မယ်"

ဟု ဝုလူကို မြဒင်ပြောလိုက်သည်။

"စိတ်ချပါဆရာ။ ယောက်ကော်* ကို ချောချောမောမောရောက်အောင် ကျွန်တော့်တာဝန်ထားပါ"

"အပြောနဲ့အလုပ် ညီပါစေနော်"

"စိတ်ချပါဆရာ။ ဆရာ့ကို မြင်မြင်ချင်း လေးစားပါတယ်"

ဟုပြောပြီး ကားဒရိုင်ဘာ ဝုလူသည် ကားလက်ကိုင်ပေါ်သို့ သူ၏လက်နှစ်ဖက်တင်၍ မောင်းပြသည်။ မြဒင်ကို ရန်မလိုဘူးဆိုသည့် သဘောလား။

"အဟမ်း"

ကျင်ဝမ်းသည် ချောင်းဆိုးဟန်ပြုလျက် မြဒင်ကို အကဲခတ်သည်။

"ဟေ့ကောင် ရှုလည်းမလုပ်နဲ့"

ဟု ဆိုသည့်သဘောနှင့် မြဒင်သည် ကျင်ဝမ်းနားထင်ကို သေနတ်ဖြင့်တော့ထားရာမှ ဖူးဖူးမိုက်မိုက် နှစ်လိုက်သည်။

"ရောက်လုနီးပါပြီ"

ဟု ဝုလူက မြဒင်ကိုပြောသည်။

"ငါသိပါတယ်" ဟု ကျင်ဝမ်းက ဆရာဝင်လုပ်သည်။

"မဟုတ်ဘူးလေဗျာ။ အခုလို အချိန်မှာ လှူယံတော်မိုက်ကယ်ဆီ မသွားသင့်ဘူးဆိုတာ ပြောမလို့ပါ"

ဟု ကျင်ဝမ်းကိုပြောသလိုလို ဝုလူသည် မြဒင်ကို သတိပေးသည်။

www.burmeseclassic.com

"နေစမ်းပါဦးကွ။ မိုက်ကယ်ဆီ ဘာကြောင့်သွားသင့်ဘူးဆိုတာ ရှင်းစမ်းပါဦး"

ဟု ဝုလှကို မြခင်မေးလိုက်သည်။

"ဒီလိုပါဆရာ။ အခုလိုအချိန်မှာ မိုက်ကယ်က လူစုံတက်စုံနဲ့ လက်နက်အပြည့်အစုံရှိနေလို့ပါ"

"ဟေ့...ဝုလှ မင်းဘာလျှောက်ပြောနေတာလဲ"

ဟု ကျင်ဝမ်းက ဝင်ဖြန်သည်။

"ဒီမှာ ကျင်ဝမ်း။ နောက်တစ်ခါ မင်းဆီက အသံထွက်လာရင် မင်းပါးစပ်ကို ဟောဒီသေနတ်နဲ့ ပိတ်ပေးရမလား"

ဟု မြခင်ဆိုလိုက်သောကြောင့် ကျင်ဝမ်း ငြိမ်သွားသည်။ ထိုအခိုက် ခြံဝင်းကျယ်ကြီးအနီးသို့ ရောက်ရှိလာသည်။

"ဒီလိုဆို ကားကိုဒီမှာပဲရပ်လိုက်"

မြခင်ပြောလိုက်သောကြောင့် ဝုလှသည် ကားစက်ရှိန်ကို လျှော့ချရာမှ ကားကိုရပ်လိုက်သည်။

အဆောက်အအုံကြီးရှိရာသို့ မြခင် လှမ်းကြည့်လိုက်သည်။ မှန်လုံခန်းလေးကို အဆောက်အအုံကြီးရှေ့တွင် တွေ့ရသည်။

မှန်လုံခန်းထဲတွင် လက်နက်ကိုင်အစောင့်များ အသင့်ရှိနေကြသည်။

"စကားပြောခွင့်ပြုပါ ဆရာ"

ဟု ကျင်ဝမ်းက ဆိုလာသည်။

"ကဲ...ပြောစမ်း"

"ဝုလှပြောတာကို မယုံပါနဲ့ဆရာ။ လူယုံတော် မိုက်ကယ်က သဘောကောင်းပါတယ်"

"သြော်...ဟုတ်လား"

"ဟုတ်ပါတယ်ဆရာ။ မိုက်ကယ်က ဆရာ့ကို လှိုက်လှိုက်လှဲလှဲကြိုဆိုမှာပါ"

"ဟားဟားဟား...ဘာနဲ့ကြိုဆိုမှာလဲ။ သေနတ်နဲ့ကြိုဆိုမှာကို ပြောတာလား"

ကျင်ဝမ်းမျက်နှာ ဆီးရွက်လောက်ဖြစ်သွားသည်။

"ငါ့ကို ဒီလိုလုပ်လို့မရဘူး။ ကားအောက်ကို မင်းဆင်းလိုက်"

ကျင်ဝမ်းသည် ကားအောက်သို့ ရောက်လျှင် တုန်တုန်ယင်ယင်နှင့် မြခင်ကိုပြောသည်။

"ကျွန်တော့်ကို မပစ်ပါနဲ့ဆရာ"

"အေး...မင်းကို မပစ်စေချင်ရင် ငါခိုင်းတာကိုလုပ်"

"ဟုတ်...ဟုတ်ကဲ့ပါ"

"လူယုံတော်မိုက်ကယ်ကို သွားပြောစမ်း"

"ဘာပြောပေးရမလဲ ဆရာ"

"ချန်တီဝင်ကို ငါက အလိုရှိတယ်လို့ ပြောလိုက်"

"ဘယ်သူက အလိုရှိတယ်လို့ ပြောရမလဲဆရာ"

"ဘရန်နီးက အလိုရှိတယ်လို့ ပြောလိုက်"

"ဗျာ...ဘရန်နီးဟုတ်လား။ ယိုးဒယားရုပ်ရှင်မင်းသား ဘရန်နီးက...ဟုတ်လား"

"ယိုးဒယားရုပ်ရှင်မင်းသား ဘရန်နီးမဟုတ်ဘူးကွ။ နန်းကလိုင်ရွာသား ဗမာဘရန်နီးက အလိုရှိတယ်လို့ပြောလိုက်"

"ဟုတ်...ဟုတ်ကဲ့ပါ ဗမာဘရန်နီး" ဟုပြော၍ ကျင်ဝမ်းသည် လက်နှစ်ဖက်ကိုမြှောက်၍ အဆောက်အအုံကြီးရှိရာသို့ သွားသည်။

"မောင်း"ဟု မြခင် ပြောလိုက်သောကြောင့် ဝုလှသည် ကားကိုမောင်းထွက်သွားပါတော့သည်။

x x x

## အခန်း (၁၉)

## ခေါင်းလား၊ ပန်းလား

မြခင်သည် အသံထိန်းကိရိယာ SILENCER ကို ဖြုတ်လိုက်သည်။

"ဒိုင်း...ခွမ်း"

"ဒိုင်းခွမ်း...ဒိုင်းခွမ်း"

"ဒိုင်းခွမ်း။ ဒိုင်းခွမ်း။ ဒိုင်းခွမ်း"

မြခင်သည် အဆောက်အအုံကြီးရှေ့မှဖြတ်စဉ် လက်ထဲရှိ ဘာရက်တာသေနတ်နှင့် မိုက်ကယ်၏ လုံခြုံရေးစခန်းကို ပစ်လိုက်သည်။

"ဒိုင်း"

"ခွမ်း"

မှန်လုံခန်းထဲမှ လက်နက်ကိုင်များ ထွက်ပြေးကုန်သည်။

"ဟား...ဟား...ဟား"

မြခင်၏ ဟားတိုက်ရယ်လိုက်သောအသံကြောင့် ဝုလှသည် ကားမှန်ထဲမှ မြခင်ကိုကြည့်သည်။

မြခင်သည် ကားမှန်ထဲမှ ဝုလှကို ပြုံးပြလိုက်သည်။

"အခုမှပဲ အသက်ရှူဝတော့တယ် ဆရာ"

ဟု ဝုလှကပြောသည်။

"ငါ့ကို ကြောက်စရာမလိုပါဘူး။ တစ်ဖက်သားကိုလည်း အကြောင်းမဲ့ရန်မရှာတတ်ပါဘူး"

ဟု ပြောပြောဆိုဆို မြခင်သည်



www.burmeseclassic.com

www.burmeseclassic.com

ဘာရက်တာပစ္စတိုကို သေနတ်အိတ်တွင်း ပြန်သိမ်းလိုက်သည်။

"ဘယ်ကိုမောင်းရမလဲ ဆရာ"

"၀၀၇ ဘောင်ဒရီလမ်းကိုမောင်း"

"အဲဒီဘောင်ဒရီမှာ ကျွန်တော် နေခဲ့ဖူးပါတယ်"

ထိုစဉ်...

"ဝါး...ဝါး...ဝါး"

မိုင်ချင်းဝါယာလက် ကားသံတွေ ပေါ်လာသည်။

"ဝါး...ဝါး...ဝါး"

"ကျွန်တော် ဘာဆက်လုပ်ရမလဲ ဆရာ"

"ကားကို မိုင်နှုန်းတင်မောင်းပေါ့ကွ"

"မိုင်နှုန်းတင်မောင်းလည်း ကျွန်တော်တို့ ပြေးမလွတ်ပါဘူး"

"ဘာဖြစ်လို့လဲကွ"

"သူတို့ပုလိပ်ကားက ကျွန်တော်တို့ကားထက် အင်ဂျင်ပါဝါ ပိုကောင်းလို့ပါ။ ကျွန်တော့်ကား အင်ဂျင်ပါဝါကောင်းလိုက်တော့ ဖျင်းတောင်ဖျင်းတယ်ဆရာ"

မိုင်ချင်းပုလိပ်ကားများ မြခင်တို့ ကားကို ကျော်တက်သွားကြသည်။

"ကျွီ...ကျွီ"

ဟမ်းလယ်မှ ဗိတ်ဆွဲ၍ရပ်လိုက်သည်။

"ဟော့...ယဝင်တိုက်လိုက်"

"ဘယ်ဖြစ်မလဲဆရာ။ သူတို့ကားက ကျွန်တော်တို့ကားထက် ဘော်ဒီပိုမာတယ်"

"ဒါဆိုလည်း ရပ်ပေးလိုက်ကွာ"

"ကျွီ"

ဝုလှူသည် ကားဘရိတ်ကိုနင်းလိုက်သည်။ မြခင်တို့ကားသည် ချာလည်၍ ဝါယာလက်ကားအနီးတွင် တုံ့ခနဲရပ်သွားသည်။

ဝါယာလက်ကားပေါ်မှ ယိုးဒယား မိုင်ချင်းပုလိပ်များ ဆင်းလာကြသည်။

ပုလိပ်အင်စပက်တာသည် (၉မမ) ပစ္စတိုကိုင်၍ ရှေ့မှဦးဆောင်လာသည်။

ကျန်ပုလိပ်များ အမ်(၁၆) မောင်း ပြန်သေနတ်များနှင့် ဖြစ်သည်။ အခြေအနေကတော့ မကောင်းတော့ပါ။

ဣန္ဒြေမပျက် မြခင်ထိုင်နေသော်လည်း ဝုရှူသည် လက်နှစ်ဖက်ကို မြှောက်ထားသည်။ ပုလိပ်အင်စပက်တာက ဝုလှူကို ပြောသည်။

"ဥဩသံ မကြားဘူးလား"

"ကြားပါတယ် အင်စပက်တာ"

ဟု ယိုးဒယားလို ဝုလှူက ပြန်ပြောသည်။

"ဒါဆို ဘာလို့မောင်းပြေးတာလဲ"

"ငါမောင်းခိုင်းလို့"

ဟု ယိုးဒယားလို ဝင်၍ မြခင်ပြောလိုက်သည်။ ထိုအခါ မိုင်ချင်း အင်စပက်တာသည် မြခင်ကို သေနတ်ဖြင့် ချိန်၍ ကားပေါ်မှ အောက်သို့ ဆင်းခိုင်းသည်။ ကားအောက်သို့ရောက်လျှင် သူ့လူတွေကို အမိန့်ပေးသည်။

"ဒီကောင်ကို လက်ထိတ်ခတ်လိုက်"

"နေပါဦးကွ။ ကားကိုမောင်းခိုင်းရုံနဲ့ လက်ထိတ်ခတ်ခွင့်ရှိလို့လား"

ဟု အင်စပက်တာကို ယိုးဒယားစကားနှင့် မြခင် ပြန်မေးလိုက်သည်။

"ဘာပြောတယ်"ဟု အင်စပက်တာက မြခင်ကို ခပ်မာမာပြောသည်

"ကားကိုမောင်းခိုင်းရုံနဲ့ လက်ထိတ်ခတ်ရမယ်ဆိုတဲ့ဥပဒေ ဘယ်နိုင်ငံမှာမှ မရှိဘူးဟော့"

"ဒီဖမ ဘယ်ဆိုးလို့လဲ"

"ငါ့ကို ဖမလို့ မခေါ်နဲ့"

"ဖမနဲ့ ဗမာ တူတူပဲမဟုတ်လား"

"မတူဘူး"

"ဘာဖြစ်လို့လဲ"

"ဖမဆိုတာ မင်းတို့နိုင်ငံအခေါ်။ ငါက ဗမာ၊ မင်းတို့နိုင်ငံဖက်မဟုတ်ဘူး ရှင်းပြီလား"

"ဒီဖမ မလွယ်ပါလား"

"လာပြန်ပြီလား ဒီစကား။ ငါဗမာ"

ဟု မြခင် ပြောလိုက်သောကြောင့် ယိုးဒယားအင်စပက်တာ ငြိမ်သွားသည်။

"ငါ့ကိုဖမ်းချင်တယ်ဆိုရင် လက်ထိတ်ခတ်စရာမလိုပါဘူး။ ငါလိုက်ခဲ့မယ်။ ဒါပေမယ့် မင်းထက်အဆင့်မြင့်တဲ့ အရာရှိကြီးနဲ့ တွေ့ပေးရလိမ့်မယ်၊ ဘယ်လိုလဲ"

"OK OK ကားပေါ်တက်"

"အခုလို ငါ့ကို အခွင့်အရေးပေးလို့ ကျေးဇူးတင်ပါတယ်။ THANK YOU"

ဟုပြော၍ ပုလိပ်ဝါယာလက် ကားပေါ်သို့ မြခင်တက်လိုက်ပါတော့သည်။

x x x

## အခန်း (၂၀)

## ကိုယ်ချင်းကိုယ်ချင်း

အခန်းက မီးလင်းနေသည်။

ခါတိုင်းဆိုလျှင် ဤလိုအချိန်၌ မွန်ဖိုးချိုသည် အိပ်နေပြီဖြစ်သည်။ မြခင်သည် အခန်းတံခါးကို တွန်းဖွင့်ပြီး အတွင်းသို့ဝင်လိုက်သည်။

www.burmeseclassic.com

မွန်ဖိုးချိုသည် ညှော်ခန်းတွင်ထိုင်၍ ဗန်ကောက်ပို့(စ်)သတင်းစာကြီးကို ဖတ်နေသည်။

"ဟေ့ . . . ဖိုးချို မအိပ်သေးဘူးလားကွ"

"အစ်ကိုကို စောင့်နေတာ"

"ကိစ္စ"

"အစ်ကိုအတွက် ပုစွန်တုပ်ခေါက်ဆွဲကြော်တွေ ဝယ်ထားလို့ပါ"

"မင်းကလည်းကွာ နှုတ်ရှာလို့"

"အစ်ကိုကို ညှော်ခံချင်လို့ပါ။ ဒီနေ့ မှ အစ်ကိုက နောက်ကျတယ်နော်"

"နောက်ကျရတို့ မိုင်ချင်းပုလိပ်တွေ ငါ့ကိုဖမ်းသွားလို့ကွ"

"ဗျာ . . ."

"ဟဲ . . . ဟဲ"

"ဒီကောင်တွေက ဖမ်းသွားရင် မလွယ်ဘူး အစ်ကို။ အစ်ကိုက လူစွမ်းကောင်းပဲ"

"ဘာဖြစ်လို့လဲကွ"

"ကျွန်တော်တို့ မြန်မာတွေဆိုရင် ပစ္စည်းကိုသိမ်းပြီး လူကို ထောင်ချလို့ပါ အစ်ကို"

"ကံကောင်းတယ်လို့ပဲ ပြောရမလား။ တိုက်ဆိုင်တယ်လို့ပဲ ပြောရမလား မသိဘူး"

"ဘာဖြစ်လို့လဲ အစ်ကို"

"မိုင်ချင်းပုလိပ်မင်းကြီးက တို့မြန်မာလူမျိုးတစ်ယောက်ဖြစ်နေလို့ကွ"

"တော်သေးတာပေါ့ အစ်ကိုရယ်"

"မိုင်ချင်းပုလိပ်မင်းကြီး နာမည်က ဦးမွန်ထော်တဲ့"

"ဒါဆို ဦးမွန်ထော်က ကျွန်တော်တို့မွန်လူမျိုးဖြစ်ရမယ်"

"အရေးထဲ မင်းက ပန်းယူနေပြန်ပြီ။ ဗမာလည်းမြန်မာ၊ မြန်မာလည်းမွန်ပဲ မဟုတ်ဘူးလားကွ"

"ဟုတ် . . . ဟုတ်ပါတယ်အစ်ကို"

ဟု မချိမချဉ်မျက်နှာနှင့် ဖိုးချိုက ပြောသည်။

"ဒီလိုလုပ်စမ်းပါကွာ။ ခွဲခြား ခွဲခြား မလုပ်ပါနဲ့"

"ကျွန်တော် တောင်းပန်ပါတယ် အစ်ကို"

"ဦးမွန်ထော်က တွေ့တွေ့ချင်း အချုပ်ခန်းထဲသွင်းဖို့လုပ်တယ်ကွ။ ငါက မြန်မာလူမျိုးလို့ပြောလိုက်တော့ မချုပ်တော့ဘူးဟေ့"

"ပြောပါဦး အစ်ကို"

"ဦးမွန်ထော်က ဒီမြို့ကို ဘာလာလုပ်တာလဲလို့ ငါ့ကိုမေးတယ်ကွ"

"အစ်ကို ဘာပြန်ပြောလိုက်လဲ"

"ဘာပြောရမလဲကွ။ ချန်တီဝပ်တို့ ငါ့တူမလေးကို အနိုင်ကျင့် သတ်ဖြတ်သွားတဲ့အကြောင်း ပွင့်ပွင့်လင်းလင်းပဲ ငါပြောလိုက်တယ်"

"ဦးမွန်ထော်က ဘာပြန်ပြောသလဲ အစ်ကို"

"ချန်တီဝပ်တို့လူသိုက်ကို တရားခံပြေးတွေအဖြစ် အမိန့်ထုတ်ပြန်ထားတဲ့အကြောင်း ပြန်ပြောတယ်"

"ဦးမွန်ထော်က မဆိုးပါဘူးနော်"

"ဒါပေါ့ကွာ။ ဒါပေမယ့် တရားလိုတစ်ယောက်အနေနဲ့ မိုင်ချင်းပုလိပ်တွေနဲ့ပူးပေါင်းပြီး တရားခံကိုဖော်ထုတ်ချင်တယ်လို့ပြောတော့ သူက လက်မခံဘူးကွ"

"ဘာဖြစ်လို့လဲ အစ်ကို"

"တို့မိုင်ချင်းပုလိပ်တွေ သိက္ခာကျမှာစိုးလို့တဲ့။ ဒါပေမယ့် တရားဥပဒေလမ်းကြောင်းအရ ဖြေရှင်းကာခက်တဲ့လူမှောင်ခိုကိစ္စတွေမှာ ငါတို့လို တရားလိုတွေနဲ့ ပူးပေါင်းတာဟာ အမှုကို မြန်မြန်ဆန်ဆန် ဖော်ထုတ်နိုင်ကြောင်း ရှင်းပြတော့လည်း ဦးမွန်ထော်က လက်ခံပြန်တယ်ကွ"

"ဒါဆို . . . မိုင်ချင်းပုလိပ်တွေကို ရှောင်ရှားစရာ မလိုတော့ဘူးနော်"

"ဒီလိုလည်း မဟုတ်ဘူးကွ။ ယိုးဒယားပုလိပ်တွေ တာဝန်ထမ်းဆောင်နေတဲ့အချိန်မှာ ဝင်ရောက်မနှောင့်ယှက်ဖို့နဲ့ ဝင်ရောက်နှောင့်ယှက်ရင် လက်မခံနိုင်ဘူးလို့တော့ ငါ့ကို သတိပေးတယ်ကွ"

"ကြော် . . . ဒီလိုကိုး"

"အဆုံးစကား ပြောရင်တော့ကွာ ဦးမွန်းထော်က သူနဲ့ဆက်သွယ်ရန် သူ့ကိုယ်ရေးဖုန်းနံပါတ်ကို ငါ့ကိုပေးလိုက်တယ်ကွ"

"အစ်ကိုက သိပ်ကံကောင်းတာပဲ"

"ဒါပေါ့ကွာ။ ဘာပဲဖြစ်ဖြစ် ရှေ့ဆက်ရမယ့်ခရီးမှာ မိုင်ချင်းပုလိပ်တွေရဲ့ အနှောင့်အယှက် ကင်းသွားတာတော့ အမှန်ပဲ။ ဦးမွန်ထော်ကိုတော့ ကျေးဇူးတင်ရလိမ့်မယ်ဟေ့"

"ကဲ . . . အစ်ကိုရေ ပုစွန်တုပ်ခေါက်ဆွဲကြော်တွေ သွားပြီးနွှေးလိုက်ဦးမယ်"

ဟု ဆို၍ မွန်ဖိုးချိုသည် မီးဖိုခန်းသို့ ထွက်သွားပါတော့သည်။

(ရှေ့လဆက်ရန်)

---

**ကော်ပေါ်လင်း**

---

www.burmeseclassic.com

# ကျွန်တော် နှင့် မော်တော်ယာဉ်

■ ဦးဝင်းညွှိုင်(အရောင်းရုံးချုပ်မှူး)

တစ်လောက ကျွန်တော့်သားကြီး မော်တော်ကား ဝယ်ဖို့သည်ဟု ဆိုလာသည်။ ကျွန်တော်ကိုယ်တိုင် ကားနှစ်စီး ဝယ်ခဲ့ဖူးသည်။ သားကြီးက ကားဝယ်လိုကြောင်း ပြောလာသောအခါ "လမ်းပေါ်မှာ ကားတွေ ဒီလောက်ပေါနေတာ" ဟု ကျွန်တော် တုံ့ပြန်မိ၏။

ကျွန်တော် ကားဝယ်သည့်အချိန်က စီးလို၍ မဟုတ်။ ဆီထုတ်ရောင်းလို၍သာ ဖြစ်သည်။ ထိုအချိန် လမ်းပေါ်တွင် ယနေ့ကာလနှယ် ကားလည်း မများသေး။

တကယ်တော့ ကျွန်တော်က မော်တော်ဆိုင်ကယ် ရူးသွပ်သူဖြစ်သည်။ ကလေးဘဝကတည်းက ရူးသွပ်ခဲ့ခြင်း ဖြစ်၏။ ထို့ကြောင့်လည်း ဦးစွာ ဂျပန်-ထိုင်း ဖက်စပ်ဆိုင်ကယ် တစ်စီး ဝယ်စီး၏။ ထိုဆိုင်ကယ်လေး ကျွန်တော့်လက်ထဲတွင် နှစ်ပေါင်းတော်တော်ကြာကြာ ရှိခဲ့သည်။ စစ်အစိုးရက မော်တော်ဆိုင်ကယ်များ နယ်လွှင့်ချိန်တွင်မှ နှမြောတသစွာ စွန့်လွှတ်ခဲ့ရသည်။

တစ်မြို့လုံး ဆိုင်ကယ်ဖြင့် လှည့်ပတ်သွားလာ လုပ်ကိုင်ခဲ့၍ ဆိုင်ကယ်မရှိသောအခါ ခြေထောက်ရိုက်ချိုးထားသည့်နှယ် ဖြစ်တော့သည်။ သို့နှင့် ရန်ကုန်မြို့တွင် စီးခွင့်ရှိသော ဆိုင်ကယ်တစ်စီး ရှာဝယ်စီးပြန်၏။ သက်တမ်းကုန်သောအခါ ပြန်ရောင်းလိုက်ရပြန်သည်။ ကျွန်တော်ကသာ ရောင်းလိုက်သော်လည်း ရန်ကုန်မြို့တွင်း၌ ဆိုင်ကယ်ပျောက်မသွား။ အခြားသူများလည်း စီးနေကြသည့်အတွက် ပဲခူးလိုင်စင်ဖြင့် ဆိုင်ကယ်တစ်စီး ဝယ်စီးသည်။ အခြားသူများကဲ့သို့ပင် ရပ်တည်တည်ဖြင့် စီး၏။ ကလေးများ ကျူရှင်ပို့ကြိုလုပ်၏။ ကျွန်တော့်ကဲ့သို့ ဆိုင်ကယ်ရူးသွပ်ကြသူများ မော်တော်ကားပေါ်ရောက်သွားကြသော်လည်း ကျွန်တော်က မပြောင်းလဲ။ ယခုချစ်နှင့် အတူရှိနေမြဲ။

ကျွန်တော် ဆိုင်ကယ်စီးသော်လည်း အကြောင်းမရှိ အကြောင်းရှာ လမ်းထွက်တတ်သူမဟုတ်။ ရုံးသွားခြင်းနှင့် အကြောင်းကိစ္စရှိမှသာ သွားလာ၏။ ကျွန်တော် စဉ်းစားမှုများစွာဖြင့် ဆင်ခြင်လေ့ရှိသည်။ ဆိုင်ကယ်နှင့် ထွက်သွားသူအတွက် ဇနီးနှင့် သားသမီးများက စိတ်ပူပင်ကြောင့်ကြစွာ မျှော်နေမည်ကို အမြဲတွေး၏။

ဆိုင်ကယ်ဖြင့် သွားရင်းလာရင်း တစ်စုံတစ်ရာ ဖြစ်မည်ကိုလည်း ကြောင့်ကြ၏။ ကျွန်တော် ဒုက္ခိတဘဝရောက်ရသည်ထက် ကလေးနှင့် ဇနီးတို့၏ ရေရှည်ကို တွေးပူ၏။ ဆိုင်ကယ်နှင့်ကား ခိုက်ရန်ဖြစ်ပါက ဆိုင်ကယ်စီးသူအတွက် ခံသာက်ကချည်း မဟုတ်ပါလား။ ကျွန်တော့်မိတ်များ ပေးအပ်လိုက်သော အငါးအစုံကို ထိန်းသိမ်းရမည့် တာဝန်သည် ကျွန်တော့်တွင် လုံးလုံးလျားလျား ရှိသည်ဟု ယူဆမိမြဲဖြစ်ပေသည်။

ကျွန်တော့်အတွေးနှယ် ကျယ်ပြန့်ခြင်းသည် မော်တော်ယာဉ်မှုခင်းများတွင် တရားခံရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ရခြင်းလည်း ပါဝင်သည်။ ယာဉ်မောင်းအမျိုးမျိုး ကြုံခဲ့ရ၏။ သူတို့ မော်တော်ယာဉ်မောင်းစဉ်က မည်သို့မည်ပုံ မောင်းခဲ့ကြသည်မသိရသော်လည်း တရားခံဘဝ ရောက်ကြသောအခါ မျက်နှာငယ်စီးရှက်လောက်နှင့် တစ်လောကလုံး အမှားကင်းစင်သူပမာ စကားဆိုတတ်ကြသည်။

www.burmeseclassic.com

အချုပ်တရားခံဘဝနှင့် နောက်ပါမိသားစုတို့၏ အပူကိုလည်း တွေ့ရ၏။

မိမိယာဉ်ကြောမှန်သော်လည်း လူကြီးသားသမီးနှင့် ဖက်ပြိုင်ကြသော ယာဉ်မောင်း၏ ကျခံရန်ကိုလည်း ကြုံဖူး၏။ ထိုအဖြစ်အပျက်နှင့် ပတ်သက်၍ မည်သည့်စာနယ်ဇင်းတွင်မှ ရေးမရသည်ကြောင့် ချစ်သား၊ ချစ်သမီးတို့ကို အိတ်ဖွင့်ပေးစာတွင် ရေးခဲ့ဖူးသည်။ ပုဒ်မ-၃၃၈ ချင်းအတူတူ ပြစ်ဒဏ်ကွာခြားချက် ဖြစ်ရသည်။

ခေါင်းချင်းဆိုင်တိုက်သည့် မှုခင်းတွင် ရဲတပ်ဖွဲ့က ယာဉ်မောင်းနှစ်ဦးလုံးအား တစ်မှုတည်းတွင် တရားစွဲတင်ပို့ခဲ့မှု၌လည်း တရားခံတစ်ဦးအတွက် ဆောင်ရွက်ပေးရဖူးသည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၂၇၉ ဖြင့် သီးခြားစီ စွဲတင်ရမည်ကို မနှုံးမနှပ် အမှုစစ်အရာရှိက တစ်မှုတည်းစွဲခဲ့ခြင်း ဖြစ်ပေသည်။

ရပ်ကွက်တွင်း ဆိုင်ကယ်ပတ်စီးစဉ် စက်ဘီးကို ဝင်တိုက်မိသည်ဆိုကာ ဆိုင်ကယ်စီးသူအား ပို့ကုန်သွင်းကုန် ဥပဒေအရ တရားစွဲတင်သည်ကိုလည်း တရားခံအတွက် အကျိုးဆောင်ဖူး၏။ စက်ဘီးစီးသူက တရားရုံးရှေ့ ထွက်ဆိုစဉ် ဆိုင်ကယ်နှင့် တိုက်မိခြင်းမရှိပါ။ စက်ဘီးကို မထိန်းနိုင်၍ လဲကျသွားခြင်းဖြစ်ပါသည်ဟု ထွက်ဆိုသော်လည်း ဆိုင်ကယ်စီးခွင့်မရှိသည့် ရန်ကုန်မြို့တွင် စီးသည့်အတွက် တရားခံ ထောင်နန်းစံသွားရသည်ကို တွေ့ဖူး၏။

ညအချိန်မတော် ၂ နာရီခန့်တွင် ကားထွက်စမ်းသည့် ဝပ်ရှော့ဆရာလေးအဖြစ်ကလည်း မေ့မရနိုင်သေး။ လမ်းဘေးတွင်ရပ်ထားသည့် မော်တော်ယာဉ်ကို တိုက်မိပြီး လမ်းဖြတ်ကူးသူကို တိုက်မိကာ သေဆုံးသွားသည့်အတွက် မျက်မြင်သက်သေတစ်ဦးမျှမရှိဘဲ ထောင်ဒဏ်သုံးနှစ်ကျခံရသည်။ ဝပ်ရှော့ဆရာလေး၏ဖခင်မှာ ရုံးချိန်းလာရ၊ ထောင်ဝင်စာတွေ့ရနှင့် မိဘတို့ဝဋ္ဋရား ကျေလှသည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၀၄(က)အရ ပြစ်ဒဏ်သုံးနှစ်သည် သေဆုံးသွားသူအတွက် ကုစားမပေးနိုင်သော်လည်း တရားခံအတွက်ကား နည်းလှသည်မဟုတ်။

သားကြီးက မော်တော်ကားဝယ်လိုသည်ဆိုသောအခါ ကျွန်တော့်အတွေးစတို့ အမျှင်တန်းခဲ့သည်။ ပထမ လေးဘီးကား၊ နောက် ပီလီဂျစ်၊ မိုးလင်းသည်နှင့် ကားပေါ်တင်နေသော ဖုန်သုတ်၊ သန့်ရှင်းရေးလုပ်ရ၏။ ဆီ၊ ရေ၊ လေ၊ ပိုင် စစ်ရ၏။ စက်နှိုးရ၏။ လိုအပ်သည်များကို ပြင်ပေးရသည်။ ကားတစ်စီး၏ ဝေယျာဝစ္စကလည်း မသေးလှ။

နိုင်ငံတော်အစိုးရက ယာဉ်အိုယာဉ်ဟောင်းများ အပ်နှံခံသောအခါ ကျွန်တော်၏ ပီလီဂျစ်လေးသည် ဦးဦးဖျားဖျား စာရင်းတွင် ပါဝင်ခဲ့လေသည်။ ကျွန်တော်လည်း ယာဉ်သန့်ရှင်းရေးလုပ်သားဘဝက လွတ်မြောက်ခဲ့ရလေ၏။

ကျွန်တော်၏ တိုတောင်းလှသော မော်တော်ယာဉ်အတွေ့အကြုံတို့သည် သင်ခန်းစာများစွာရခဲ့၏။ ကျွန်တော့်အား ယာဉ်ပိုင်ရှင်ဘဝကို လုံးဝစွန့်လွှတ်စေခဲ့၏။

မည်သို့ဆိုစေ ကျွန်တော် ကျေနပ်၏။ ယနေ့ကာလတွင် မိမိသွားလိုရာသို့ ပို့ဆောင်ပေးမည့် ယာဉ်မျိုးစုံ ရှိနေသည်။ လက်ဆန့်တန်းရုံဖြင့် မိမိရှေ့သို့ ရပ်တန့်ပေး၏။ စီးလိုသည့် ယာဉ်အမျိုးအစားကိုလည်း ရွေးချယ်ခွင့်ရသေး၏။ ယာဉ်ကြောရွေးချယ်ခြင်းလည်း မလိုအပ်။ သွားလိုသည့်နေရာကိုသာ ဖွင့်ဟလိုက်ရုံပင်။ ကားစီးရင်း တွေးရာလေးပါး စိတ်ကူးတည့်ရာ ပဉ်နိုင်သေး၏။

ကျွန်‌တော် မော်တော်ကားဝယ်ခဲ့စဉ်ကလည်း စားဝတ်နေရေးအတွက် အစိုးရဆီဆိုင်မှ ဆီထုတ်ရောင်းရန်သာ ရည်ရွယ်ဦးတည်ခဲ့ကြောင်း အထက်တွင် တင်ပြခဲ့ပါသည်။ မော်တော်ကားပိုင်ကြောင်း ကြွားလို၍မဟုတ်ခဲ့။ ဘယ်သောအခါမျှလည်း ဘာကား၊ ညာကားပိုင်ရှင်အဖြစ် ကြွားလိမ့်မည်မဟုတ်ပေ။

မော်တော်ယာဉ်မောင်းအပေါင်းတို့အား ဘေးမသီရန်မခ မောင်းနှင်နိုင်ကြပါစေဟုသာ မေတ္တာပို့သတောင်းမိပါသည်။

ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ)



www.burmeseclassic.com

www.burmeseclassic.com

# ရန်ကုန်က ကားစပယ်ယာများ

**နှောင်းဟေမာန်(တောင်ငူ)**

စာစောင်တွေ၊ မဂ္ဂဇင်းတွေမှာ ဖတ်ဖတ်နေရတာ ရန်ကုန်က လိုင်းကားစပယ်ယာတွေအကြောင်း။ ဘယ်လိုရမ်းတယ် ဘယ်လိုကြမ်းတယ် စသည်ဖြင့်ပေါ့လေ ...။ အကြောင်းအရာအမျိုးမျိုးပေမယ့် စပယ်ယာတွေရဲ့ ကောင်းကွက်တော့ မတွေ့ရသလောက်ပဲ။

ကျွန်တော် ရန်ကုန်ရောက်တိုင်း လိုင်းကားစီးပါတယ်။ စာတွေထဲဖတ်ထားမှတ်ထားတော့ စပယ်ယာတွေရဲ့ အပြုအမူတွေ သတိထားကြည့်မိတယ်ပေါ့။ တစ်ရက်က ကျွန်တော် တိုက်ကြီးသွားဖို့ တိုက်ကြီးကားဂိတ်မှာ ကားမထွက်သေးလို့ စောင့်နေတယ်။

"တိုက်ကြီးကို ... တိုက်ကြီးကို ထိုင်စီးရမှာနော်။ အခုပဲထွက်တော့မယ်"

စပယ်ယာ နှစ်ယောက်ကလည်း တစာစာနဲ့ လူအော်ခေါ်ပေါ့။ အဲဒီအချိန် လူငယ်တစ်ယောက် စပယ်ယာအနား ကပ်သွားတယ်။ ချင်းဘောင်းဘီနဲ့ လူငယ်တွေ အဝတ်များတဲ့ ရုပ်အကျီနဲ့ သန့်သန့်ပြန့်ပြန့်ပါပဲ။

"အစ်ကို တိုက်ကြီးလိုက်ချင်လို့ လမ်းစရိတ်ပြတ်သွားလို့ဗျာ။ အဲဒါ"

စပယ်ယာအနားမှာပဲ ကျွန်တော်ရပ်နေတော့ လူငယ်လေးအသံအတိုင်းသား ကြားလိုက်ရတယ်။ စပယ်ယာတွေ အပေါက်ဆိုးတယ်လို့ ကျွန်တော်က သိထားတော့ ဒီငတိ အငေါက်ခံရပြီလို့ ထင်မိတယ်။ ဒါပေမယ့် ...

"ရတယ် တက်တက် ထွက်တော့မှာ"

စပယ်ယာကပြောပြီး အဲဒီလူငယ်ကို ကားပေါ်တွန်းတင်ပေးလိုက်သေးတယ်။ ကျွန်တော့်မှာ အံ့ဩမိလို့။ တစ်ရက်က ကျွန်တော် မြောက်ဒဂုံသွားဖို့ ဆူးလေအရှေ့က ကားစောင့်တုန်း BM တစ်စီးရောက်လာတယ်။ ထုံးစံအတိုင်း စပယ်ယာက ဆင်းပြီး လူခေါ်ပေါ့လေ။ ကျွန်တော်က ကိုယ်တိုင်သိမှ စာရေးချင်တဲ့ကောင်ဆိုတော့ စပယ်ယာနားကပ်ပြီး

"အစ်ကို မြောက်ဒဂုံလိုက်ချင်တယ်။ ပိုက်ဆံတော့ ကုန်သွားလို့ပါဗျာ"

လို့ ပြောလိုက်တယ်။ စပယ်ယာက ကျွန်တော့်ကို တစ်ချက်ကြည့်ပြီး ...

"ရပါတယ် မြန်မြန်တက်ပါ"

တဲ့။ ကားပေါ်ရောက်တော့ ကျသင့်ငွေ ကျွန်တော်ပေးလိုက်ပါတယ်။ ခုတစ်ခေါက် ရန်ကုန်ရောက်တော့ အဝေးပြေးကားဝင်းကနေ ကားတက်စီးလာတယ်။ မနက် ၅ နာရီလောက်ပဲ ရှိသေးတာမို့ ကားပေါ်မှာ ခရီးသည်သိပ်များများစားစား မပါဘူး။ စပယ်ယာ ငွေလာတောင်းတော့ ကျွန်တော် တစ်ထောင်တန် ပေးလိုက်တယ်။

"လာ့ပြန့်ပြီ တစ်ထောင်တန် အကြွေမပါဘူးလား"

ကျွန်တော့်လည်း မပါကြောင်း ပြောလိုက်တယ်။ စပယ်ယာ လက်ချောင်းကြားမှာလည်း တစ်ထောင်တန်တွေပဲ ညှပ်ထားတယ်။ သူက ကျွန်တော့်ဆီက တစ်ထောင်တန်ယူပြီး

"အမ်းပေးမယ်နော်" ပြောလို့ ထွက်သွားတယ်။ ဒီလိုနဲ့ ဆူးလေရောက်လာတယ် ဆိုပါတော့။ စပယ်ယာ ကျွန်တော့်ကို လာမအမ်းဘူး။ ကျွန်တော့်အထင် ဒီငတိ ရှူးချင်ဟန်ဆောင်ပြီပေါ့။ တမင် အမေ့ခံပြီပေါ့။ ဂိတ်ရောက်လို့ ကျွန်တော်ဆင်းခတော့ အပေါက်ဝကနေ အဲဒီစပယ်ယာကပဲ

"အစောကြီးဆိုတော့ အကြွေက ရှားတယ်။ ရော့ ... ခင်ဗျားတစ်ထောင်တန်။ နောက်ကြုံတော့မှ ပေးတော့" တဲ့။ ကျွန်တော်တောင် ဘာမှ မပြောရသေးဘူး။

ကဲ ... ရန်ကုန်မြို့မှာ ဒီလို စပယ်ယာတွေလည်း ရှိပါသေးတယ်လို့။

**နှောင်းဟေမာန်(တောင်ငူ)**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# မရဏပွဲတင်သံ

ဂမ္ဘီရမိုးဟိန်း

(ယခင်လမှအဆက်)

"ဆရာကြီးခင်ဗျား ... စောစောက စီအိုင်ဒီကလို့ပြောတဲ့ မျက်မှန်ထူထူနဲ့ လူတစ်ယောက် စက်ဘီးနဲ့ ရောက်လာပြီး ဒီစာကိုလာပေးသွားပါတယ်"

ထိပ်တင်မင်းခိုင်သည် ခေါင်းတစ်ချက်ဆတ်လိုက်ပြီး ထိုသူကိုကြည့်လိုက်သည်။

"လန်ဘား ဆက်ပြောဦးလေကွာ။ မင်းအိတ်ထောင်ထဲမှာ အမြဲထည့်ဆောင်ထားတဲ့ ပြားစေ့နှစ်စေ့ကို အဲဒီလူကို မင်းပေးလိုက်ရတဲ့ကိစ္စကိုလေ"

"ဟုတ် .. ဟုတ်ပါတယ် ဆရာကြီး"

"မင်းရဲ့ အင်္ကျီအိတ်ထောင်ထောင့်လေးဟာ အမြဲပဲခပ်တွဲတွဲလေးဖြစ်နေတယ်။ မနက်ကတင် ငါသတိထားမိသေးတယ်။ အခုမရှိတော့ဘူးဆိုတော့။ မင်းအနေနဲ့ကလည်း ဝယ်ခြမ်းသုံးစွဲဖို့ကိစ္စက မရှိနိုင်ဘူး။ ပျောက်တာလည်း မဖြစ်နိုင်ဘူး။ ဒီပြားစေ့လေးနှစ်စေ့ကို မင်းကမကြာခဏထုတ်ထုတ်ပြီး လက်မနဲ့ ပွတ်နေတဲ့အလေ့အကျင့်ကရှိနေတော့ မင်းက အတော့်ချစ်ရိုက်တာကလား။ ဒီတော့ သူများကိုပေးလိုက်ဖို့ပဲရှိတယ်။ ဘယ်သူ့ကိုပေးမလဲ စဉ်းစားလိုက်တော့ ဒီအိမ်မှာမင်းနဲ့ တုတ်ဖြိုးပဲရှိတာ။ တုတ်ဖြိုးကလည်း ဘာမှအသုံးလိုတဲ့လူ မဟုတ်လို့ယူမှာမဟုတ်ဘူး။ အဖြစ်နိုင်ဆုံးကတော့ စောစောကလာသွားတဲ့ စီအိုင်ဒီက မျက်မှန်နဲ့လူကို ပေးလိုက်ရတာပဲဖြစ်မှာပေါ့"

"ဟုတ်ပါတယ် ဆရာကြီး"

"ဒီလိုပေးရခြင်း အကြောင်းအရင်းကတော့ သူယူလာတဲ့စာကို ငါ့ဆီကိုအတင်းဝင်ပေးမယ် လုပ်တယ်။ ငါကလည်း လူစိမ်းဆိုဝင်ခွင့်မပြုဖို့စည်းကမ်းလုပ်ထားတယ်။ တစ်ခါ မင်းနဲ့ အိုင်ပီဦးစိန်သောင်တို့ ခိုက်ရန်ဖြစ်တဲ့ကိစ္စနဲ့ပတ်သက်ပြီး ဝန်ထမ်းတွေကို အကြမ်းမဖက်ရဘူးလို့ မှာထားတော့ မင်းက အခက်တွေ့နေမှာပေါ့။ ဒီမှာတင် မင်းရဲ့ ဘေးကျပ်နံကျပ်ဖြစ်နေတာကို ရိပ်မိတဲ့ အဲဒီလူက စာကိုထားခဲ့မယ်၊ ဆေးလိပ်ဖိုးပေးလိုက်ပါဆိုပြီး တောင်းတော့ မင်းလည်း ရွေးစရာလမ်းမရှိဘဲ ပေးလိုက်ရတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး"

"မင်းမှတ်ထား။ အဲဒီလူက စီအိုင်ဒီက စုံထောက်မင်းကြီးရဲ့ ရုံးခန်းမှာ တောက်တိုမည်ရလုပ်ရတဲ့ မင်းစေမောင်သိန်းဆိုတဲ့လူပဲ။ မင်းစေဆိုလို့ အထင်မသေးလိုက်နဲ့ စုံထောက်မင်းကြီးနဲ့အချိန်မရွေး စကားပြောနိုင်ခွင့်ရှိလို့ သူထက်အများကြီးအဆင့်မြင့်တဲ့ အရာရှိကြီးတွေကတောင် သူတို့အကြောင်းဖိုတွေကို မင်းကြီးဆီမှာ ကုန်းချောမှာစိုးတဲ့အတွက် မောင်သိန်းကို ပြေလည်အောင် ပေါင်းထားရတယ်။ မောင်သိန်းကလည်း လုပ်သက်မှာကြာလာလို့ ပုလိပ်တစ်ပိုင်းဖြစ်နေပြီလေ။ ကိုလိုနီခေတ် ပုလိပ်တွေဆိုတော့ ပိုက်ဆံမရရင် ဘာမှမလုပ်ဘူးပေါ့ကွာ"

"ဟုတ်ကဲ့"

လန်ဘား၏မျက်လုံးက စားပွဲလေးပေါ်ရှိ စာအိတ်လေးကို လှမ်း၍ကြည့်သည်။

"အင်း ... စုံထောက်မင်းကြီးက ငါ့ကိုအရေးကြီးတဲ့ကိစ္စနဲ့ တွေ့ချင်လို့ ဒီနေ့တနင်္ဂနွေနေ့ ရုံးပိတ်ရက်ဖြစ်ပေမယ့် မနက် ၁၀ နာရီမှာ စီအိုင်ဒီရုံးမှာ စောင့်နေမယ့်အကြောင်းနဲ့ ငါ့ကိုလာတွေ့ဖို့ ရေးလိုက်တာပါ"

"ဘာကိစ္စများလဲမသိဘူး ဆရာကြီး"

"မင်းသိချင်ရင် ဒီစာရောက်လာတဲ့အချိန်ရဲ့ ကာလဇာတာခွင်ကို စိတ်ကူးနဲ့ ဆွဲကြည့်လိုက်စမ်း"

"ဟုတ်ကဲ့ ဆရာကြီး"

"ပြီးပြီလား"



www.burmeseclassic.com

www.burmeseclassic.com

ဟုတကဲ့

ရှေးဆရာကြီးတွေရဲ့ အဆိုအမိန့် အရ လက်၊ စန်း၊ တနင်္ဂနွေ ဆိုတဲ့ အတိုင်း ပထမဦးဆုံးလက်ကိုကြည့်ကြရ အောင် ... ဘာလက်လဲ"

"မကာရလက်ပါ ဆရာကြီး"

"လက်ကို ဘယ်ဂြိုဟ်တွေအမြင် အယှဉ်ရှိလဲ"

"တနင်္ဂနွေကလက်ကို ပူးထားပြီး လက်သခင်လည်းဖြစ်၊ ၂တန့်သခင် လည်းဖြစ်တဲ့ စနေက ၄ တန့်ဘာဝ မိသားကနေ လက်ကိုဆယ်တန့် အထူး အမြင်နဲ့ မြင်ထားပါတယ် ဆရာကြီး"

"ဟုတ်ပြီ၊ လက်သခင်နဲ့ ၂တန့် အိမ်ရှင်စနေဟာ ၄ တန့်ဘာဝမှာရပ် ပြီး လက်ကိုမြင်ထားရုံသာမဟုတ်ဘူး။ လုပ်ငန်းနဲ့ ပတ်သက်တဲ့ ၁၀ တန့်ကို ပါမြင်ထားတယ်။ ၂ တန့်ရဲ့သဘော ပရိယယ်တွေကြောင့် ကီစွဟာ ကီစွ ပေါင်းတစ်ခုဖြစ်ပြီး ငွေကြေးအထုပ် အထည်တစ်ခုနဲ့ ပတ်သက်မယ့် စနေ ဟာ အင်္ဂါပိုင်ရာသီမှာ ရပ်တည်နေတဲ့ အတွက် အဲဒီငွေကြေးဟာ တိုက်ခိုက် လုယက်မှုနဲ့ ပတ်သက်နေရမယ်။ နောက်တစ်ခါ စန်းဆိုတဲ့ တနင်္လာ ဂြိုဟ်ကိုကြည့်လိုက်တော့ ကရကဋ် ရာသီမှာ ၁၀ တန့်သခင်သောကြာနဲ့ပူး နေရာက ကသစ်အဖြစ်ရပ်တည်ပြီး လက်ကိုပါမြင်ထားတဲ့အတွက် ဒီကီစွကို လုပ်ရင် အောင်မြင်နိုင်မယ်။ ဒါပေမယ့် တနင်္ဂနွေကို ဆက်ပြီးကြည့်လိုက်တော့ မရဏ ၈ တန့်သခင်ဖြစ်တဲ့ တနင်္ဂနွေ ဟာ လက်မှာပူးပြီး စန်းနဲ့ ၁၀ တန့် သခင် ၆ တန့်ကြာကိုပါ မြင်ထားတော့ အတော်ပဲ ခက်ခက်ခဲခဲကြီးစားရလိမ့် မယ်၊ ဟုတ်ပြီလား"

"ဟုတ်ပါတယ် ဆရာကြီး"

"ကဲ ... ငါလည်းအိမ်ထဲဝင် တော့မယ်။ မင်းငွေနှစ်ပြားကို ငါပြန်ပေးပါ့မယ် လန်ဘားရာ၊ စိတ် မကောင်း မဖြစ်ပါနဲ့"

ပြောလိုက်ရင်း ထိပ်တင်မင်းခိုင် သည် ထိုင်ရာမှ မတ်တတ်ထ၍ ရပ် လိုက်သည်။

"ကျေးဇူးတင်ပါတယ် ဆရာ ကြီး"

ပြောပြီးသည်နှင့် လန်ဘားသည် ဦးညွတ်၍ အရှိအသေပေးလိုက်ချိန် တွင်တော့ ထိပ်တင်မင်းခိုင်သည် အုတ်နီခဲရောင် နှစ်ထပ်တိုက်ကြီးဘက် သို့ ဦးတည်၍ ထွက်ခွာသွားပြီ ဖြစ် လေသည်။

နံနက် ၁၀ နာရီမထိုးမီ ၁၀ မိနစ်မျှ အလိုတွင် ထိပ်တင်မင်းခိုင် မောင်းနှင်၍လာသော ဘောက်ဝက် ဝွန်ကားလေးသည် စီအိုင်ဒီရုံးဝန်း အတွင်းသို့ ညင်သာစွာ မောင်းနှင်ဝင် ရောက်လာခဲ့ပြီး အဆောက်အအုံဝင် ပေါက်ရှေ့တွင် ရပ်တန့်လိုက်သည်ကို တွေ့မြင်လိုက်ရလေသည်။

စီအိုင်ဒီရုံး အဆောက်အအုံ အပေါ်ထပ်ရှိ စုံထောက်မင်းကြီး၏ ရုံး ခန်းထဲသို့ ထိပ်တင်မင်းခိုင် လှမ်းဝင် လိုက်သောအချိန်မှာတော့ နံနက် ၁၀ နာရီရှိပြီ ဖြစ်လေသည်။

"ကောင်းသော နံနက်ခင်းပါ လူကြီးမင်း"

"ကောင်းသောနံနက်ခင်းပါ မင်း ကြီး"

စားပွဲခုံကြီးနောက်ရှိ ကုလား ထိုင်ကြီးပေါ်တွင်ထိုင်၍ စာရွက်တစ် ရွက်ကို ဖတ်၍နေသော စုံထောက်မင်း ကြီးသည် သူ၏ရုံးခန်းအတွင်းသို့ လှမ်း ၍ဝင်လာသော ထိပ်တင်မင်းခိုင်ကို တွေ့မြင်လိုက်လျှင် လက်ထဲမှ စာရွက် ကို စားပွဲပေါ်သို့ချ၍၊ ထိုင်ရာမှထကာ နှုတ်ဆက်လိုက်ပြီး၊ သူ၏ညာလက်ကို ကမ်း၍အပေးတွင် စားပွဲရှေ့သို့ရောက် လာပြီဖြစ်သော ထိပ်တင်မင်းခိုင်က လည်း လက်ကမ်း၍ လက်ဆွဲနှုတ် ဆက်ရင်း နှုတ်ဆက်စကားဆိုလိုက် လေသည်။

(စုံထောက်မင်းကြီးနှင့် ထိပ်တင် မင်းခိုင်တို့သည် အင်္ဂလိပ်ဘာသာ စကားဖြင့် ဆက်လက်ပြောဆိုကြရာ သူတို့၏ပြောစကားများကို မြန်မာဘာ သာသို့ ဆီလျော်အောင် ပြန်ဆို၍ ဆက်လက်ဖော်ပြအပ်ပါသည်။ စာ ရေးသူ)

"ထိုင်ပါလူကြီးမင်း"

"ကျေးဇူးတင်ပါတယ် မင်းကြီး"

ပြောပြီးသည်နှင့် နှစ်ယောက် စလုံး ပြိုင်တူလိုပင် ထိုင်လိုက်ကြ သည်။ ထို့နောက် စုံထောက်ကြီးသည် သူ၏ရုံးခန်းဝတွင် မယောင်မလည် လုပ်၍နေသော မောင်သိန်းထံသို့ လှမ်း၍ကြည့်လိုက်သည်။

"လူကလေး ရုံးခန်းတံခါးကို ပိတ်ပြီး အပြင်ကစောင့်နေပါ။ ဘယ် သူလာလာ ဝင်ခွင့်မပေးပါနဲ့"

"ကောင်းပါပြီ ဘုရား"

မောင်သိန်းသည် ရုံးခန်းတံခါး ကိုပိတ်လိုက်တော့မှ စုံထောက်မင်း ကြီးသည် ထိပ်တင်မင်းခိုင်ဘက်သို့ လှည့်၍ သူ၏စကားကို စလိုက်လေ သည်။

"လွန်ခဲ့တဲ့ ခုနစ်နှစ်လောက်က ဘိုကလေးနယ် ပင်လယ်ကမ်းမှာ

www.burmeseclassic.com

အိန္ဒိယက ပင်လယ်ဓားပြတစ်ဦးကို ဖမ်းမိခဲ့တယ် လူကြီးမင်း''

''ဟုတ်ကဲ့ မင်းကြီး''

''အဲဒီပင်လယ်ဓားပြနဲ့ ဖမ်းမိတဲ့ ပစ္စည်းတွေကို ရန်ကုန်ကိုအပို့မှာတင် ရွှေဒင်္ဂါးထည့်ထားတဲ့ သံသေတ္တာလေး တစ်လုံးနဲ့ ပုလိပ်နှစ်ယောက်ဟာ ပျောက်ဆုံးသွားခဲ့တယ်''

မင်းကြီးသည် သူ၏စကားကို ရပ် လိုက်ပြီး စောစောကစာပွဲပေါ်သို့ သူပြန် ၍ချထားသော စာရွက်ကိုယူ၍ စားပွဲ ပေါ်ရှိဖိုင်တစ်ခုအတွင်းသို့ ညှပ် လိုက်သည်။ ပြီးမှ သူ၏စကားကိုဆက် လိုက်သည်။

''ဒီလိုပျောက်ဆုံးသွားပြီး နှစ် ရက်အကြာမှာ ပျောက်သွားတဲ့ ပုလိပ် နှစ်ယောက်အနက်က တစ်ယောက်ရဲ့ အလောင်းကို ဒေးဒရဲအပိုင် မိကျောင်း အိုင်ရွာနားက သောင်ပြင်ပေါ်မှာ တွေ့ ခဲ့ရတယ်။ နောက်ခြောက်လလောက် အကြာမှာ ကျန်တဲ့ပုလိပ်ကို တစ်ကိုယ် လုံး ဒဏ်ရာတွေနဲ့ တွံတေးမြို့ရဲ့တစ် ဖက်ကမ်း သောင်ပြင်ပေါ်မှာတွေ့ခဲ့ပြန် တယ်။ အဲဒီပုလိပ်ကိုဖမ်းပြီး ဆေးကု ပေးပြီးတဲ့နောက် စစ်ဆေးတော့ သူတို့ နှစ်ယောက်က ဒီရွှေဒင်္ဂါးသေတ္တာကို ခိုးယူသွားခဲ့တာဖြစ်ကြောင်းနဲ့ ဓားပြနဲ့ တွေ့လို့ ပထမတစ်ယောက်သေခဲ့ရပြီး အခုလည်း ဓားပြတွေက ရွှေဒင်္ဂါး သေတ္တာကို ယူသွားပြီး သူ့ကိုရိုက် နှက်ပြီး ရေထဲကန်ချခဲ့တယ်လို့ ထွက် ချက်ပေးတယ်''

''ဟုတ်ကဲ့ မင်းကြီး''

''အဲဒါနဲ့ သူ့ကို တရားစွဲပြီး ထောင်ငါးနှစ်ချလိုက်တယ်။ အဲဒီပုလိပ် က ထောင်ထဲမှာနေရင်း ရိုက်မှုထပ် ဖြစ်ပြန်တယ်။ တစ်ခါအရိုက်ခံရတဲ့ သူက သေသွားပြန်တော့ သူ့ကို နောက်ထပ် ထောင်ဒဏ် ဆယ်နှစ် ထပ်တိုးပြီး ချခဲ့တယ်။ အိန္ဒိယကိုပြန်ပို့ လိုက်တဲ့ ပင်လယ်ဓားပြရဲ့ ထွက်ချက် တွေနဲ့ အိန္ဒိယစုံထောက်အဖွဲ့က ဆက် ပြီးစုံစမ်းတော့ ဒီရွှေဒင်္ဂါးတွေဟာ ဩရိသပြည်နယ်မင်းကြီးက အိန္ဒိယ ဘုရင်ခံကြီးကို ဆက်သတဲ့ ရွှေဒင်္ဂါး တွေဖြစ်ပြီး ဘုရင်ခံကြီးကလည်း ဘိလပ်ကဘုရင်မကြီးကို ဆက်လက် ပြီး ဆက်သဖို့ရည်ရွယ်ထားတဲ့ ရွှေဒင်္ဂါး တွေဖြစ်နေတာကြောင့် အိန္ဒိယက ပုလိပ်အဖွဲ့နဲ့ စုံထောက်အဖွဲ့တွေ ခေါင်းမီးလောင်ကုန်ပြီး ကျုပ်တို့ကို ဆက်သွယ်ပြီး ရွှေဒင်္ဂါးတွေပြန်ရဖို့ လုပ်လာတော့တယ်။ နောက်ဆုံး ဒီ ကိစ္စက ကျုပ်တို့ဗမာပြည် ဘုရင်ခံကြီး ဆီထိ ရောက်သွားပြီး ရွှေဒင်္ဂါးတွေကို အမြန်ပြန်ရဖို့ ကျုပ်ကိုလျှို့ဝှက်တာဝန် ပေးခဲ့တယ်''

''အဲဒီတော့ မင်းကြီးက ဘယ် လိုဆက်လုပ်လဲ''

''ထောင်ကျနေတဲ့ ပုလိပ်ရဲ့ ထွက်ချက်တွေကို ပြန်ပြီး စစ်ဆေးရ တော့တာပေါ့''

''အဲဒီမှာ ဘာထူးခြားတာတွေ့ လဲ မင်းကြီး

''သူနောက်ဆုံး ဒဏ်ရာတွေနဲ့ ရေထဲရောက်ခဲ့တဲ့နေရာကို သူ့ထွက် ချက်မှာ ထွက်ဆိုမထားဘူး။ ဒါနဲ့ ထောင်ထဲမှာထပ်စစ်ဖို့ ကျုပ်စဉ်းစား မိပေမယ့် သူက ထုတ်ပြီးပြောမှာ မဟုတ်တဲ့အပြင် ရွှေဒင်္ဂါးတွေနောက် ကို ကျုပ်တို့ သွဲ့သဲမဲမဲလိုက်နေတာကို သူက ပုလိပ်ဟောင်းဖြစ်တဲ့အတွက် ရိပ်မိသွားမှာ စိုးရိမ်ရပြန်တယ်''

''ဒါနဲ့ပဲ မင်းကြီးက သူ့ကိုလွှတ် ပေးလိုက်ဖို့ စဉ်းစားမိခဲ့တယ်ပေါ့''

''ဟုတ်တာပေါ့ လူကြီးမင်း''

စုံထောက်မင်းကြီးသည် အလွန် အံ့အားသင့်သော မျက်နှာဖြင့်ပြော လိုက်ပြီးမှ သူ၏စကားကို ဆက်၍ ပြောလေသည်။

''အဲဒီတရားခံရဲ့ နာမည်က 'ရပ်ချ်ဒမား'တဲ့။ အဲ့ဒီကိုထားတဲ့ ပုလိပ် ထောင်ထဲကနေ ထွက်ပြေးဖို့ နှစ်ကြိမ် တိတိကြိုးစားခဲ့သေးတယ်။ နောက် သူဟာ ဗိုက်အောင့်တဲ့ ရောဂါကို အကြောင်းပြပြီး ဆေးရုံတက်ခွင့်လည်း တောင်းနေတဲ့ အချိန်လည်းဖြစ်တော့ သူ့ကိုဆေးရုံတက်ခွင့်ပေးပြီး ဆေးရုံမှာ ပုလိပ်ပေါက်စ စာသင်လေးတစ် ယောက်ပဲ စောင့်ခိုင်းခဲ့ရာကနေ ဆေး ရုံရောက်ပြီး နှစ်ရက်အကြာမှာပဲ သူ ဟာ ထွက်ပြေးသွားခဲ့တယ်''

''ဒီတော့ အနီးနားမှာ စောင့် ကြည့်ဖို့ခိုင်းထားတဲ့ မင်းကြီးရဲ့လူက သူ့နောက်ကို လိုက်သွားရာကနေ ခု တော့ တရားခံကို မျက်ခြည်ပြတ်သွား တယ် ဆိုပါတော့''

''မှန်လိုက်လေ လူကြီးမင်းရယ်။ ကျုပ်တို့လူက တရားခံကို မအူပင်နဲ့ ကျိုက်လတ်ကြားမှာ မျက်ခြည်ပြတ် သွားခဲ့တယ်။ ကျုပ်တို့လည်း မအူပင် ခရိုင်၊ ဖျာပုံခရိုင်ဘက်တွေကို စေ့စေ့ စပ်စပ်ရှာခဲ့ပေမယ့် သူ့ကိုမတွေ့ခဲ့ဘူး လူကြီးမင်း။ အဲဒီတော့လူကြီးမင်းဟာ အဲဒီတရားခံနဲ့ ရွှေဒင်္ဂါးတွေကို တွေ့

www.burmeseclassic.com

အောင်ရှာပေးဖို့ ကျုပ်က မေတ္တာရပ်ခံအပ်ပါတယ်။ ဒီမှာတရားခံရဲ့ ကိုယ်ရေးရာဇဝင်နဲ့ ဓာတ်ပုံပါ ထည့်ထားပါတယ်"

စုံထောက်မင်းကြီးသည် သူ၏ရှေ့စားပွဲပေါ်မှ အညိုရောင်စာအိတ်တစ်လုံးကိုကောက်ယူ၍ ထိပ်တင်မင်းနိုင်ထံသို့ လှမ်း၍ပေးလိုက်သည်။ ထိပ်တင်မင်းနိုင်သည် ထိုစာအိတ်ကိုလှမ်း၍ယူလိုက်ပြီး သူ၏ကုတ်အင်္ကျီအတွင်းဖက်အိတ်ထဲသို့ လက်နှိုက်၍ထည့်လိုက်လေသည်။

"တရားခံက ဘယ်မြို့ဒေသမှာ ပုလိပ်ဘဝက နေဖူးသလဲ မင်းကြီး"

"သူက စပြီး ပုလိပ်ထဲဝင်ကတည်းက ရန်ကုန်မှာပဲနေခဲ့တယ်။ နောက်ဆုံး ဆိပ်ကမ်းပုလိပ်လုပ်နေရာကနေ ဘိုကလေးကို ပြောင်းသွားရတာပဲ"

"သူ့မှာ အိမ်ထောင်တွေဘာတွေ မရှိဘူးလား"

"အဲဒါခက်တာပေါ့လူကြီးမင်း သူက ဘိုကလေးမှာ တာဝန်ကျပြီး ခြောက်လလောက်နေမှ တခြားတစ်နယ်က မိန်းမတစ်ယောက်ကို ခေါ်လာပြီး ပေါင်းနေခဲ့တာ။ အဲဒီမိန်းမကို ဘယ်နယ်ကမှန်း ဘယ်သူမှမသိဘူး။ နောက်ပြီး တရားခံက ပင်လယ်ဓားပြကို လိုက်မဖိခင် သုံးလေးရက်လောက်မှာ အဲဒီ မိန်းမက ရွာပြန်မယ်ဆိုပြီး ထွက်သွားတယ်လို့ပဲ ကျုပ်တို့နောက်ဆုံး သိခဲ့ရတယ်"

"ဒါနဲ့ မင်းကြီး၊ တရားခံက ဘိုကလေးမှာ ဘယ်လောက်ကြာကြာ တာဝန်ထမ်းဆောင်ပြီးမှ ခုလိုဖြစ်ရတာလဲ"

"လေးနှစ် ကျော်ကျော်လောက်ကြာမှ ခုလိုဖြစ်ရတာပဲ"

"ရွှေဒင်္ဂါးတွေနဲ့အတူ ပုလိပ်နှစ်ယောက်ပျောက်သွားတော့ လက်နက်တွေရော ပါသွားသေးသလား"

"ဒီအချက်ကို ကျုပ်ပြောဖို့မေ့သွားတယ် လူကြီးမင်း။ ဒီကောင်တွေက ပုလိပ်တွေဆိုတော့ သူတို့အမှုကြီးမှာကြောက်ပြီး ရိုင်ဖယ်နှစ်လက်ကို ထားခဲ့တယ်။ ဓားပြဆီကဖမ်းမိတဲ့ ခြောက်လုံးပြူးတစ်လက်နဲ့ ဓားမြှောင်နှစ်လက်ပဲ သူတို့နဲ့အတူပါသွားတယ်"

"ဒီလောက်ဆို ရပါပြီမင်းကြီး။ တရားခံနဲ့ ရွှေဒင်္ဂါးတွေကို ရက်ပိုင်းအတွင်း အမြန်ဆုံးဖော်ထုတ်ပေးပါ့မယ်။ ကျုပ်ကိုပြန်ခွင့်ပြုပါဦး မင်းကြီး"

"ကျေးဇူးတင်ပါတယ် လူကြီးမင်း"

နှစ်ယောက်သား ပြိုင်တူလိုပင် မတ်တတ်ထ၍ ရပ်လိုက်ပြီးသည်နှင့် စုံထောက်မင်းကြီးသည် သူ၏စားပွဲပေါ်မှ ဘဲလ်လေးကိုနှိပ်လိုက်ရာ ရုံးခန်းတံခါးသည် ပွင့်၍သွားပြီး တံခါးဝတွင် မျက်မှန်ထူထူဖြင့် မင်းစေမောင်သိန်းသည် ထွက်ပေါ်၍လာလေတော့သည်။

"လူကလေးမောင်သိန်း ... ဒီကလူကြီးမင်းကို ကားပေါ်ထိလိုက်ပို့ပေးလိုက်ပါ"

"ဟုတ်ကဲ့ပါဘုရား"

ထို့နောက် စုံထောက်မင်းကြီးနှင့် ထိပ်တင်မင်းနိုင်တို့သည် မျက်နှာချင်းဆိုင်၍ လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။

"ဘုရားသခင်က လူကြီးမင်းကို ကောင်းချီးပေးပါစေ"

"ဘုရင်ခံကြီးက မင်းကြီးကို ကောင်းချီးပေးပါစေ"

ထို့နောက် စုံထောက်မင်းကြီး၏ ရုံးခန်းမှထွက်၍လာသော ထိပ်တင်မင်းနိုင်၏ နောက်နားမှနေ၍ မင်းစေမောင်သိန်းသည် ခပ်ကုပ်ကုပ်လိုက်ပါလာခဲ့လေသည်။

စီအိုင်ဒီရုံး၏ အောက်ထပ်ဝင်ပေါက်ရှေ့တွင်ရပ်ထားသော ဘောက်စ်ဝက်ဂွန်ကားလေးဘေးသို့ရောက်လျှင် ထိပ်တင်မင်းနိုင်သည် ကားတံခါးကို ဆွဲ၍ဖွင့်ရန်ပြင်လိုက်ပြီးမှ မဖွင့်သေးဘဲ သူ၏နောက်တွင် ရပ်လျက်ရှိသော မင်းစေမောင်သိန်း၏ဘက်သို့ လှည့်၍ရပ်လိုက်သည်။

ပြီးလျှင် ထိပ်တင်မင်းနိုင်သည် သူ၏ကုတ်အင်္ကျီအိတ်ထဲသို့ လက်နှိုက်လိုက်သည်။ သူ၏လက်ကိုအိတ်ထဲမှ ပြန်၍ထုတ်လိုက်သောအခါ လက်ထဲတွင် ငါးပြားစေ့လေးကို မြင်လိုက်ရ သောမောင်သိန်း၏မျက်နှာမှာ ဝင်းလက်၍သွားသည်။

"ကိုမောင်သိန်း"

"ခင်ဗျာ"

"ခင်ဗျားကို ကျုပ်ကဆေးလိပ်ဖိုး သုံးပြားပေးမယ်။ ခင်ဗျားမှာနှစ်ပြားပြန်အမ်းဖို့ ရှိသလား"

"ရှိ ... ရှိပါတယ်"

ကမန်းကတန်းဖြေရင်း မောင်သိန်းသည် သူ၏အိတ်အတွင်းသို့ နှိုက်၍ ပြားစေ့လေးနှစ်စေ့ကို ထုတ်လိုက်သည်။ ထို့နောက် ထိုပြားစေ့လေးနှစ်စေ့ကို ထိပ်တင်မင်းနိုင်ထံသို့ လှမ်း၍

www.burmeseclassic.com

ပေးပြီး ထိပ်တင်မင်းခိုင်၏လက်ထဲမှ ငါးပြားစေ့လေးကို လှမ်း၍ယူကာ သူ၏အိတ်ထောင်ထဲသို့ ထည့်လိုက်သည်။ ပြီးလျှင် ထိပ်တင်မင်းခိုင်ကို ဆလံပေးလိုက်သည်။

ထိုအခိုက်မှာပင် ထိပ်တင်မင်းခိုင်သည် ကားတံခါးကိုဖွင့်၍ ကားပေါ်သို့တက်လိုက်ပြီး ကားတံခါးကိုပြန်၍ ဆွဲပိတ်လိုက်ရာမှ မောင်းသိန်းကို လက်ပြပြီး သူ၏ ဘောက်စ်ဝက်ဂွန်ကားလေးကို မောင်းနှင်ထွက်ခွာ၍ လာခဲ့လေသည်။ စီအိုင်ဒီရုံးဝန်း ခြံစည်းရိုးအစမှ လွန်မြောက်၍ သူ၏ကားလေးသည် လမ်းမကြီးပေါ်သို့ အရောက်တွင်တော့ ထိပ်တင်မင်းခိုင်သည် သူ၏လက်ထဲတွင် ဆုပ်၍ထားမြဲဖြစ်သော ပြားစေ့လေးနှစ်စေ့ကို လက်ဖြန့်၍ကြည့်လိုက်သည်။

ဤပြားစေ့လေးနှစ်စေ့ကို လန်ဘားအားပြန်၍ ပေးလိုက်ပါက မျက်လုံးနှစ်လုံးပုတ်ခတ်ပုတ်ခတ်ဖြင့် ပြုံးဖြဖြဖြစ်ကာ ဝမ်းသာ၍သွားမည့် လန်ဘား၏မျက်နှာကို မြင်ယောင်ကာ ထိပ်တင်မင်းခိုင်၏စိတ်ထဲတွင် ကြည်နူးသွားရာမှ ပြုံးမိလိုက်ရင်း ပြားစေ့လေးနှစ်စေ့ကို သူ၏အိတ်အတွင်းသို့ သေချာစွာထည့်လိုက်လေတော့သည်။

တစ်ပါးသူအား ဝမ်းမြောက်ကြည်နူးအောင်လုပ်ဆောင်ပေးခဲ့လျှင် ထိုသူ၏ ကြည်နူးဝမ်းမြောက်မှုသည် မိမိ၏ထံသို့ ရောင်ပြန်ဟပ်၍ မိမိသည်လည်း ထိုသူထက်မနည်း ဝမ်းမြောက်ကြည်နူးမှုကို ရနိုင်လေသည်။

*****

## အခန်း (၁၁)

## ဖျတ်စီးရာ၊ ဖျတ်စီးခြင်း

ည ၁၀ နာရီအချိန်တွင် ထမင်းဆိုင်သိမ်းပြီးချိန်ထိ ဦးဘမြင့်သည် ပြန်၍ရောက်မလာသေးချေ။ မျက်စိမျက်၊ မျက်နှာမျက်ဖြစ်၍နေသော ဒေါ်သန်းခင်သည်လည်း အပေါ်ထပ်သို့တက်၍ သွားပြီဖြစ်သည်။ စားပွဲထိုးကောင်လေးနှစ်ယောက်နှင့် ထမင်းချက်အဒေါ်ကြီးတို့ သားအမိသုံးယောက်သည်လည်း သူတို့နေထိုင်ရာ ဆေးရုံကြီးဘေးရှိ ထဲရလေးများဆီသို့ ပြန်၍သွားခဲ့ပြီဖြစ်သည်။ အောက်ထပ်တွင်တော့ ရင်ရင်တစ်ယောက်တည်း ကျန်ခဲ့လေတော့သည်။

ရင်ရင်သည် အပေါ်ထပ်သို့ တက်သောလှေကားဆီသို့ မလုံမလဲဖြင့်ကြည့်လိုက်ပြီး ကြွေရည်သုတ်ဇလုံကြီး တစ်ခုကိုယူ၍ ထမင်းကို ဇလုံပြည့်လုနီးပါးထည့်၍ ဟင်းတို့ကိုလည်း မျိုးစုံအောင်ထည့်လိုက်သည်။ ပြီးလျှင် မလုံမလဲဖြင့် ဟိုဟိုဒီဒီကြည့်လိုက်ရင်းက သူမအိပ်သည့် တိုက်ဘေးတွင် အခန်းဖွဲ့၍လုပ်ထားသော အဖြို(ယခင် မသန်းရွှင်ဆိုင်ဖွင့်ရန် ရည်ရွယ်၍လုပ်ထားသောအခန်း)ရှိရာသို့ အိပ်အတွင်းမှ ဖောက်၍ထားသည့် တံခါးမှတစ်ဆင့်ဝင်ရောက်ပြီး တံခါးကိုပြန်၍ ပိတ်လိုက်သည်။ ပြီးလျှင် ရင်ရင်သည် သူမနေထိုင်ရာအခန်း၏ ရှေ့တံခါးကို ဖွင့်၍ အပြင်သို့ထွက်လိုက်ပြီး တံခါးပိတ်ထားသော ဆိုင်ရှေ့ဘက်သို့သွား၍ ဆိုင်ရှေ့တွင် လူထိုင်ရန် တန်းလျားသဖွယ်ပြုလုပ်ထားသည့် ခုတ်ခုံလေးပေါ်တွင် သူမ၏လက်ထဲမှ ထမင်းနှင့်ဟင်းများထည့်ထားသော ဇလုံကြီးကို တင်လိုက်သည်။ ပြီးလျှင် ရင်ရင်သည် သူမ၏ ရင်ဘတ်ရှိ အင်္ကျီအတွင်းသို့ လက်တစ်ဖက်လျှိုသွင်း၍ နှိုက်လိုက်သည်။ လက်ကိုပြန်ထုတ်လိုက်သောအခါ ကျပ်ပြားတစ်ပြားပါလာပြီး ထိုကျပ်ပြားကို ရင်ရင်သည် ချထားသော ထမင်းဇလုံကိုမ,၍ ဇလုံအောက်သို့ သွင်းလိုက်ပြီးလျှင် လှည့်၍ထွက်ခဲ့ရာမှ သူမ၏အခန်းထဲသို့ဝင်၍ အခန်းတံခါးကို အသံမမြည်အောင် ပိတ်လိုက်လေသည်။ ရင်ရင်တစ်ယောက် ဤကဲ့သို့ ပြုမူနေသည်မှာ ယနေ့မှမဟုတ်ပေ၊ တစ်လနီးပါခန့်ရှိပြီ ဖြစ်လေသည်။

နောက်ထပ်နာရီဝက်ခန့် ကြာသောအချိန်တွင် ရင်ရင်သည် သူမ၏ အိပ်ခန်းတံခါးကို အသာဟ၍ အပြင်ဘက်သို့ ဟိုဟိုဒီဒီကြည့်လိုက်သည်။ ပြီးတော့မှ သူမသည် ခပ်သုတ်သုတ်လျှောက်၍ အပြင်သို့ထွက်လာခဲ့ပြီး စောစောကသူမထားခဲ့သော ဇလုံရှိရာသို့ ရောက်လာခဲ့သည်။

မူလက ဇလုံထဲတွင် ရှိနေသော ထမင်းနှင့်ဟင်းတို့သည် တက်တက်စင်အောင်ပြောင်၍နေပြီကို တွေ့ရလေသည်။ ဇလုံအောက်မှ ကျပ်စေ့လည်း မရှိတော့ပေ။ ရင်ရင်သည် ထိုဇလုံကို ကောက်၍ယူလိုက်ပြီး ခပ်သုတ်သုတ်ပင် သူမ၏အခန်းထဲသို့ ပြန်၍ဝင်လျက် အခန်းတံခါးကို ပြန်၍ပိတ်လိုက်လေသည်။

ထို့နောက် ရင်ရင်သည် သူမ၏ အခန်းထဲရှိ မှန်အိမ်လေးကို ထွန်းညှိလိုက်ပြီး သူမ၏ကိုယ်ပေါ်မှ အဝတ်တို့



www.burmeseclassic.com

www.burmeseclassic.com

ကိုရှုတ်၍ ထသီရင်လှျားလိုက်သည်။ ပြီးလျှင် သူမ၏မျက်နှာကို သနပ်ခါး လိမ်း၍ ဆံပင်တို့ကိုဖြီးသင်ပြီးနောက် အဝတ်အစားသစ်တို့ကို လဲလိုက်သည်။ ထို့နောက် ရင်ရင်သည် မှန်အိမ်လေးကိုမှိတ်လိုက်ပြီး သူမ၏ အိပ်ရာလေးကိုခင်း၍ လဲလျောင်း၍နေလိုက်လေသည်။

ခဏအကြာတွင်တော့ တစ်ဖက်ခန်းရှိ ထမင်းဆိုင်ထဲတွင် နံရံ၌ချိတ်ဆွဲထားသည့် တိုင်ကပ်နာရီကြီးဆီမှ ည ၁၂ နာရီထိုးသံသည် ထွက်ပေါ်၍လာလေသည်။ ထိုအသံနှင့်မရှေးမနှောင်းမှာပင် ရင်ရင်၏အိပ်ခန်းတံခါးကို ခပ်အုပ်အုပ်ခေါက်လိုက်သံသည်လည်း ထွက်ပေါ်၍လာလေသည်။

"ဒေါက် ဒေါက် ဒေါက် ဒေါက်"

ရင်ရင်သည် အိပ်ရာပေါ်တွင် လဲလျောင်း၍နေရာမှ ကမန်းကတန်းလူးလဲ၍ထလိုက်ပြီး အခန်းတံခါးကို သွားရောက် ဖွင့်ပေးလိုက်ချိန်တွင် အပြင်မှလူတစ်ယောက်သည် အခန်းအတွင်းသို့အမြန်ဝင်ကာ ထိုသူကပင် အခန်းတံခါးကို အမြန်ဆွဲ၍ပိတ်လိုက်လေသည်။

ပြီးလျှင် ... ထိုသူသည် သူ၏နောက်တွင်ရပ်၍နေသော ရင်ရင်ရှိရာဘက်သို့ လှည့်၍ရပ်လိုက်ရာမှ သူ၏အိတ်အတွင်းရှိ လက်ကိုင်ပဝါဖြင့်ထုပ်ထားသော အထုပ်တစ်ထုပ်ကို ဆွဲထုတ်၍ လက်ဖဝါးပေါ်တွက်ပင် လက်ကိုင်ပဝါကိုဖြေ၍ ရင်ရင်အား လှမ်း၍ပြလိုက်သည်။

"ဟယ် ... အစ်ကိုကြီးရယ် လှလိုက်တဲ့ လက်ကောက်လေး"

"ဒါ ရင်ရင့်အတွက် ဝယ်လာတာလေ။ ပေး အစ်ကိုကြီးကိုယ်တိုင်စွပ်ပေးမယ်"

ရင်ရင်၏လက်ကိုဆွဲ၍ လက်ကောက်ကိုစွပ်ပေးသည်။

"ရင်ရင့်ကို တစ်ဆင်စာပြည့်အောင် အစ်ကိုကြီးဝယ်ပေးမယ်။ ဆွဲကြိုးနဲ့ နားကပ်၊ လက်စွပ်၊ ပြီးတော့ အခု လက်ကောက်ဝယ်လာတာ"

"တော်တော့်ကြာ မမကြီးသန်းခင် သိရင် ခက်မယ်နော် အစ်ကိုကြီး"

"အို ... ဒါကအစ်ကိုကြီးကစားပိုင်းက နိုင်လို့ဝယ်ပေးတဲ့ဟာ၊ သူမသိပါဘူး"

"ဒါနဲ့ အစ်ကိုကြီး။ ဟိုရက်တွေက ရှုံးလို့ ကိုဝင်းညွန့်ဆီကတောင် ငွေချေးရတယ်ဆို။ အဲဒီငွေတွေကိုပြန်ဆပ်လိုက်ပြီလား"

"ဒါတွေပြန်ဆပ်လိုက်ရင် ခုလို ရင်ရင်ကိုဘယ်ဝယ်ပေးနိုင်တော့မှာလဲ"

"ဒါဆို အဲ့ဒီအကြွေးတွေ ဘယ်နဲ့လုပ်မလဲ အစ်ကိုကြီး"

"နောက်မှ သန်းခင်ကိုပြောပြီး ဆပ်လိုက်မှာပေါ့ဟာ။ သန်းခင်မှာ လက်ဖက်လက်စားတွေ အပြည့်ပဲဟာ။ ကဲပါ ... ရင်ရင်ရာ လာစမ်းပါ၊ ဒါတွေပြောမနေစမ်းပါနဲ့"

ပြောရင်းက ကိုဘမြင့်သည် ရင်ရင်၏ကိုယ်လုံးလေးကို လှမ်း၍ဆွဲယူကာ သိုင်း၍ဖက်လိုက်သည်။

"အို ... အစ်ကိုကြီးကလဲ .. ခစ်ခစ် ... ခစ်"

သဘောကျစွာဖြင့် ခပ်အုပ်အုပ်ရယ်လိုက်သောရင်ရင်၏ ရယ်သံမဆုံးမီမှာပင် ကိုဘမြင့်သည် အနီးရှိမှန်အိမ်မီးကို 'ဟူး'ခနဲနေအောင် မှုတ်၍ငြိမ်းလိုက်လေတော့သည်။

နောက်တစ်နေ့ မွန်းတည့်ချိန်လောက်တွင်တော့ ဝင်းညွန့် မောင်း၍လာသော အော်စတင်ကားလေးသည် ပုဇွန်တောင်ရှိ ဒေါ်သန်းရှင်၏ အိမ်ရှေ့သို့ ဆိုက်ရောက်၍လာလေသည်။ ဝင်းညွန့်သည် ကားတံခါးကို ဖွင့်၍ ကားထဲမှအထွက်လိုက်မှာပင် အိမ်တံခါးဝမှရပ်၍ သူ့ကိုပြုံး၍ကြိုနေသော ဒေါ်သန်းရှင်ကို တွေ့မြင်လိုက်ရသည်။

"လာ သား ... ထိုင် ဘယ်က လှည့်လာတာလဲ"

"သစ်ဆိုင်မှာအလုပ်ပါးတာနဲ့ ညနေပိုင်းမသွားတော့ဘဲ အမေသန်းဆီ လှည့်လာတာ"

အိမ်ပေါက်ဝမှနေ၍ အတူတူလျှောက်၍ဝင်လာကြရင်း အိမ်ရှေ့ခန်းရှိကုလားထိုင်များအနီးသို့ရောက်လျှင် ပြိုင်တူကိုပင် ထိုင်လိုက်ကြသည်။

"ထမင်းစားမလားသား၊ အမေသန်း ခူးလိုက်မယ်"

"စားပြီးခဲ့ပြီအမေသန်း။ အိမ်မှာ အမေကြည်က ကျွန်တော်ကြိုက်တဲ့ ငါးသလောက်ပေါင်းဟင်း ချက်ကျွေးတာနဲ့ ဗိုက်ကားအောင်စားလာခဲ့တာ အမေသန်းရ"

ကြားလိုက်ရသော ဒေါ်သန်းရှင်သည် မျက်နှာပျက်၍သွားရင် "အင်း ကိုဝင်းမှ ကိုဝင်းပါပဲ၊ သူကငါးသလောက်ပေါင်းသိပ်ကြိုက်တာ." ဟူ၍ တွေးမိလိုက်ရာမှ ချက်ချင်းပင် တစ်စုံတစ်ရာကိုသတိရ၍သွားရသည်။

"ဒါနဲ့သား ... မောင်ဝင်း"



www.burmeseclassic.com

www.burmeseclassic.com

"ဘာပြောမလို့လဲ အမေသန်း"

"ဪ ..ပြီးခဲ့တဲ့နွေတုန်းက အမေသန်းက မင်းကို နှုတ်တိုက်ချပေးထားတဲ့ 'အဘိဓမ္မာသုတ်'ကိုရော နေ့တိုင်းရွတ်ရဲ့လားလို့ မေးမလို့ပါ"

"ရွတ်ပါတယ် အမေသန်း။ အိပ်ရာဝင်၊ အိပ်ရာထ ဘုရားရှိခိုးတိုင်းလည်း ရွတ်တယ်။ မွေးနေ့မနက်တိုင်းလည်း 'အဘိဓမ္မာသုတ်'ကို ပုတီးစိပ်တယ်။ နောက်ပြီး အမေသန်းသင်ပေးတဲ့အတိုင်း ဘုရားရှိခိုးပြီးတိုင်းလည် ဘယ်လိုအတုံ့အလှည့်ပဲရှိရှိ ကျေပါစေ ဆိုပြီး အမြဲဆုတောင်းပါတယ်"

ကြားရသော ဒေါ်သန်းရှင်၏ မျက်နှာသည် ချက်ချင်းပင် ဝင်းပကြည်လင်၍သွားရသည်။

"လိမ္မာလိုက်တာ သားရယ်"

"ပြီးပြီး အဆင်ပြေသွားတာက အိမ်မှာဆွမ်းခံကြွကြွနေတဲ့ ဦးဇင်းကြီးက အဲဒီ အဘိဓမ္မာသုတ်ကို ပါဠိလိုရော၊ အနက်အဓိပ္ပာယ်ကိုပါ ရေးပေးသွားတယ်။ မိုးဦးကျလောက်ကပဲ ကျွန်တော် အမေသန်းကိုပြောဖို့ မေ့နေတာ"

"ဟန်ကျသွားတာပေါ့ သားရာ။ အခုအတိုင်းပဲဆက်ရွတ်နော်။ အသက်ထက်ဆုံးရွတ်ရမှာ .."

"စိတ်ချပါအမေသန်း။ ရွတ်မှာပါ။ ဒါနဲ့ အမေသန်းကို ကျွန်တော် ပြောရဦးမယ်"

"ဘာများလဲ သားရယ်"

"ဦးလေးကိုဘမြင့်လေ ... ကျွန်တော့်ဆီက ငွေတွေချေးထားတာကြာလို့ပြီ။ အရင်းရော အတိုးပါဆိုရင် အင်း ... ရှစ်ထောင်ကျော်ရှိနေပြီ"

"ဟယ် ..."

"ဟုတ်တယ် အမေသန်း။ သူက ဒေါ်ကြီးမသန်းခင်ကို မပြောပါနဲ့လို့မှာထားတော့ ကျွန်တော့်မှာ အခက်တွေ့နေတာပေါ့။ အဲဒါ ခုထက်ထိလည်း တစ်ပြားမှ ပြန်မဆပ်သေးဘူး။ အမေသန်း သူတို့ဆီရောက်ရင် ကြည့်ပြီးပြောပေးပါဦး"

"အင်း ..အမေသန်းလည်း မရောက်တာကြာပြီ။ နေတော်ဖြန်တော့ ဆိုင်ကို သွားလိုက်ဦးမယ်ကွယ်"

"ဟုတ်ကဲ့ အမေသန်း"

"ဒါနဲ့ အစ်ကိုကြီးဘမြင့်က ဘာလို့ဒီလောက်တောင် အစ်မသန်းခင်မသိဘဲ ငွေချေးရတာလဲမသိဘူး"

"ကျွန်တော်ကြားတော့ လောင်းကစားလုပ်တယ်ပြောတယ်။ ဒီညနေတောင် ငွေတစ်ထောင်ထပ်ချေးထားတာ လာယူမယ်လို့ပြောတယ်"

"အို ..တစ်ထောင်ကြီးများတောင်လား သားရယ်။ ဆက်ပြီးမချေးရင် ကောင်းမယ်ထင်တယ်"

"ကျွန်တော်ကပေးမယ်လို့ ပြောလိုက်ပြီးပြီ အမေသန်း။ နောက်ပြီးတော့ လောင်းကစားဝိုင်းမှာ အကြွေးမဆပ်နိုင်ရင် အသက်အန္တရာယ်ရှိနိုင်လို့ ကျွန်တော်ကလည်းသူ့ကို စေတနာနဲ့ ထုတ်ချေးနေမိတာပါ"

"အေးကွယ် ... ခက်တာပါပဲ။ မနက်ဖြန်တော့ အမေသန်း သွားဖြစ်အောင် သွားလိုက်ပါ့မယ်။ သားကလည်း အစ်ကိုဘမြင့်ကို လောင်းကစားဆက်ပြီးမလုပ်ဖို့တားပေးပါလား"

"ကျွန်တော်ပြောတာ မနည်းတော့ဘူး အမေသန်း။ အင်း ..ကျွန်တော်တောင်မှ သူလောင်းကစားတဲ့ဆီကို စုံစမ်းပြီးသွားဖို့ စဉ်းစားထားသေးတယ်"

"မင်းလည်း ကောင်းသလိုသာ စဉ်းစားပြီလုပ်ပါတော့။ အမေသန်းလည်း မနက်ဖြန်သွားပြီး အစ်မသန်းခင်ကိုရော၊ အစ်ကိုကြီးကိုဘမြင့်ကိုပါ ပြောပါ့မယ်ကွယ်"

"ဟုတ်ကဲ့ အမေသန်း"

"ဪ ..ဒါနဲ့ စကားမစပ် ပြောရဦးမယ့် မင်းအမေ အစ်ကိုကြီးကိုဖေဝင်းဆုံးတဲ့ရက်လည်း နီးလာပြီနော်"

"ဟုတ်ပါတယ် အမေသန်း။ ရက်နှစ်ဆယ်လောက်ပဲလိုတော့တယ်။ ဒါတိုင်းနှစ်တွေကလိုပဲ ဆွမ်းကျွေးပြီး လှူဦးမှာဆိုတော့ အရင်ကလိုပဲ အမေသန်းတို့ ညအိပ်လာခဲ့ဦးနော်။ အမေညွန့်ကတော့ ထုံးစံအတိုင်း မနက်စောစောကျမှ တခြားဆရာလေးတွေနဲ့အတူ ကြွလာလိမ့်မယ်ထင်တယ်"

"အေးကွယ် အမေသန်းရော၊ အစ်မသန်းခင်ပါ လာမှာပါ။ ဒီလူတွေပဲ ရှိတဲ့ဟာပဲကွယ်။ တစ်နှစ် တစ်နှစ်လည်း ဘာမှမကြာလိုက်ပါလားကွယ် သားရယ်"

"ဟုတ်တယ် ... အမေသန်း။ ကဲ ... ကျွန်တော်လည်း ပြန်လိုက်ဦးမယ်"

"မင်းကွယ် အားနေတာပဲဟာ နေပါဦးလားကွယ်"

"ဒီနေ့ အားနေတာဆိုတော့ ဦးလေးဘမြင့်လောင်းကစားလုပ်တဲ့ဆီ စုံစမ်းပြီး လိုက်သွားမလားလို့ပါ"

ဝင်းညွန့်သည် မတ်တတ်ထ၍


www.burmeseclassic.com

www.burmeseclassic.com

ရပ်လိုက်သည်။

"ဒီအကြံလည်း ကောင်းတာပါပဲကွယ်။ ကဲ . . ပြန်ရင်လည်းပြန်တော့သား . . သတိပီရိယနဲ့တော့ သွားနော်သား"

"ဟုတ်ကဲ့ အမေသန်း။ ကျွန်တော်သွားပြီနော်"

"အေးကွယ် . . . အေးအေး "

သူမ၏ရှေ့မှ ထွက်ခွာသွားပြီဖြစ်သော ဝင်းညွန့်၏ နောက်ကျောသို့ လှမ်း၍ကြည့်ရင်း ဒေါ်သန်းရှင်သည် ခေါင်းတဆတ်ဆတ်ဖြင့် ကျန်ရစ်ခဲ့လေတော့သည်။

အိမ်ရှေ့တွင်ရပ်ထားသော အော်စတင်ကားလေးအနီးသို့ ဝင်းညွန့်တစ်ယောက် ရောက်၍သွားတော့မှ ဒေါ်သန်းရှင်သည် ထိုင်နေရာမှထ၍ လာကာ အိမ်ရှေ့တံခါးဝအနီးတွင်ရပ်၍ မောင်းထွက်သွားသော ဝင်းညွန့်၏ ကားလေးကို မျက်စိတစ်ဆုံး ကြည့်၍ နေလေသည်။

မြင်ကွင်းထဲမှ ဝင်းညွန့်၏ကားလေး ပျောက်ကွယ်သွားချိန်တွင်မှ ဒေါ်သန်းရှင်သည် အိမ်ထဲသို့လှည့်၍ ဝင်ရန်ပြင်လိုက်လေသည်။

ထိုအချိန်တွင် အိမ်ရှေ့လမ်းမပေါ်မှနေ၍ တောင်ရှည်ပုဆိုး၊ ရင်ဖုံးတိုက်ပုံဖြင့် အဝါရောင်ပိတ်စကို ခေါင်းတွင်ပတ်၍ပေါင်းထားသော 'ပတ်ပေါင်း' ဟုခေါ်သည့် ခေါင်းပေါင်းအဝါဖြင့် ဦးဘိုးရွှေ (ခေါ်) စေတစ်လုံးဆရာရွှေသည် ဖောင်းနေသော လွယ်အိတ်အနီရောင်တစ်လုံးကိုလွယ်လျက် အိမ်ခြံထဲသို့ ကွေ့၍ဝင်လာသည်ကို တွေ့မြင်လိုက်ရသည်။ ဒေါ်သန်းရှင်သည် အိမ်ထဲသို့ လှည့်၍မဝင်ဖြစ်သေးဘဲ အိမ်တံခါးဝတွင်ပင်ရပ်၍နေလိုက်သည်။

ဆရာရွှေသည် အိမ်ပေါက်ဝနားသို့ ရောက်လာသောအခါတွင်တော့ ဒေါ်သန်းရှင်သည် နောက်သို့ဆုတ်၍ ကိုယ်ကိုယို့ကာရပ်လိုက်သည်။

"အပေါ်ကိုကြွပါ ဆရာကြီး။ ဘယ်ကများ လှည့်လာပါသလဲ"

"ဒီကိုပဲလာခဲ့တာပဲ သန်းရှင်"

ဆရာရွှေသည် အိမ်ပေါ်သို့လှမ်း၍တက်ရင်း ပြောလိုက်သည်။

"ထိုင်ပါဦး ဆရာကြီး။ ကိုထွေးတော့စက်ထဲမှာရှိတယ်။ ဆရာကြီး စက်ထဲရော ရောက်ခဲ့သေးလား"

ဆရာရွှေသည် ဒေါ်သန်းရှင်၏ စကားကိုပြန်လည်၍ တုံ့ပြန်ခြင်းမပြုသေးဘဲ အိမ်ရှေ့ခန်းခေါင်းရင်ဘက်ရှိ ကုလားထိုင်တစ်လုံးတွင် ဝင်၍ထိုင်လိုက်သည်။ သူ၏ပခုံးတွင် လွယ်၍ထားသော လွယ်အိတ်ကြီးကို သူထိုင်လိုက်ရာ ကုလားထိုင်ဘေးရှိ စားပွဲပေါ်သို့တင်လိုက်သည်။ သူ၏နောက်ဘက်မှ လိုက်ပါလာသော ဒေါ်သန်းရှင်သည်လည်း ဆရာရွှေ၏ရှေ့ဘက်နားရှိ ကုလားထိုင်တစ်လုံးတွင် ခပ်ယို့ယို့လေး ဝင်၍ထိုင်လိုက်လေသည်။

"ငါက ငါ့အလုပ်ပဲ စိတ်ဝင်စားတာ။ ဒါကြောင့် ဆန်စက်ကို နင့်ယောက်ျားငထွေးနဲ့ လွှဲပေးထားတာပဲ။ ငါစက်ထဲမရောက်တာ တစ်နှစ်လောက်တောင် ရှိမလားပဲ"

"ဟုတ်ကဲ့"

"နင့်ယောက်ျားရော အရက်သောက်တုန်းပဲလား"

"ဟုတ်ကဲ့ ဆရာကြီး။ သောက်တုန်းပါပဲ။ ကျွန်မလည်း နေ့ရှိသရွေ့ သူ့ကို အရက်မသောက်ဖို့ ပြောနေတာ မရပါဘူးဆရာကြီး။ ကိုထွေးကတော့ အရက်ကို အရိုးစွဲနေပါပြီ"

"အေးလေ . . . ပြောမရတော့လည်း ဘာတတ်နိုင်မှာလဲ။ ဘေးကလူက ပြောရုံပဲ တတ်နိုင်မှာပေါ့။ ကာယကံရှင်ကဆင်ခြင်မှ ဖြစ်မှာမဟုတ်လား။ အသက်ကလည်း နည်းတော့တာမဟုတ်ဘူး"

"မှန်ပါတယ်ဆရာကြီး"

"အေး . . . ငါအခုလာတာက နင်တို့အိမ်မှာ ဗုဒ္ဓဟူးနံခိုက်မှာကိုမြင်လို့ လာခဲ့တာပဲ။ ပြီးတော့ ငါက မနက်ဖြန်ဆို ခရီးထွက်စရာလည်းရှိသေးတယ်"

"ရှင် . . . ဘယ်ကိုများလဲဆရာကြီးရယ်"

"ဗုဒ္ဓဟူးနဲ့ဖြစ်တဲ့ လေ့၊ လှည်း၊ လှူ၊ ရွှေနဲ့ လူဆိုရင်လည်း ဗုဒ္ဓဟူးနေ့သား အန္တရာယ်ဖြစ်ဖို့ မြင်နေတယ်။ ငထွေးက ဗုဒ္ဓဟူးသားမဟုတ်လား"

"ဟုတ်ပါတယ် . . ဆရာကြီး။ အဲဒါ ဘယ်လိုများလုပ်ရမလဲရှင်"

ဒေါ်သန်းရှင်သည် ပျာပျာသလဲ မေးရှာသည်။

"ခက်တယ် သန်းရှင်။ သူကိုယ်တိုင်က သီလသမာဓိနဲ့လူဆိုရင်တော့ ကြီးတဲ့အမှုသေး၊ သေးတဲ့အမှုပျောက်အောင် လုပ်ရလွယ်သွားကလား။ နောက်ဝင့်ကြွေးနဲ့ အတုံ့အဆက်ပါလာပြန်ရင်လည်း ဖြေဖျောက်ဖို့မလွယ်ပြန်ဘူး"

"ရှင်"

ဒေါ်သန်းရှင်သည် သူ၏ကိုယ်

www.burmeseclassic.com

ကို အသာကြွ၍ ထိုင်နေသောကုလားထိုင်ကို ဆရာရွှေ၏ဖက်သို့ တိုး၍ ရွှေ့ကာ ထိုင်လိုက်သည်။

"စောစောက ငါပြောသလိုပဲ ဘေးကလူကတော့ သိုင်းဝိုင်းရုံ့လောက်ပဲရတာ။ ကာယကံရှင်ကအရေးအကြီးဆုံးပဲ။ လုပ်နိုင်တာက ဒီမှာရှိနေတဲ့ ဗုဒ္ဓဟူးနံ့ပစ္စည်းတွေကို နေရာရွှေ့ထားလိုက်။ ဗုဒ္ဓဟူးသားကိုလည်း အဝတ်လဲ၊ ဘဝပြောင်းပြီး သင်္ကန်းဝတ်ခိုင်းလိုက်။ ဒီနေ့ မနက်ဖြန်ကစပြီး တစ်လပြည့်တဲ့အထိ ဝတ်ဖို့လိုတယ်။ ဒီလို သင်္ကန်းဝတ်နေတဲ့အချိန်မှာလည်း အန္တရာယ်ကင်းပရိတ်တော်တွေကို နေ့ညရွတ်ဖတ်ပြီး ကမ္မဋ္ဌာန်းတရားလည်း ကျင့်ကြံအားထုတ်နေမယ်ဆိုရင်တော့ လွတ်နိုင်ကောင်းပါရဲ့"

"ဟင် ..."

ဒေါ်သန်းရှင်လည်း ညှိုးငယ်သောမျက်နှာထားဖြင့် ဆရာရွှေကို ကြည့်နေရာမှ သက်ပြင်းရှည်တစ်ချက်ကို လေးပင်စွာချလိုက်သည်။

"ကိုထွေးကို လုပ်ခိုင်းဖို့ကတော့ သိပ်တော့မလွယ်ဘူး ဆရာကြီး။ ပစ္စည်းတွေကတော့ မနက်ဖြန်ပဲ ကျွန်မရွှေ့ထားလိုက်ပါ့မယ်"

"အေးလေ ပြောလို့မရရင်တော့ ဘယ်တတ်နိုင်မှာလဲဟာ"

"အင်း ... မရရအောင်တော့ ပြောရမှာပဲ။ ဒါနဲ့ ဆရာကြီးက ခရီးသွားတာ ဘယ်ရက်လောက် ပြန်ရောက်မှာလဲ"

"ငါက ၁၀ ရက်လောက်တော့ ကြာမယ်ထင်တယ်"

"ဆရာကြီး ပြန်လာရင်လည်း ကျွန်မတို့ကို ပစ်မထားပါနဲ့ဦး"

"အေးပါ သန်းရှင်ရဲ့၊ ဒါကြောင့်လည်း အခု ငါက အချိန်မီရောက်လာတာပေါ့"

"ကိုထွေးကို တစ်လလောက် သင်္ကန်းဝတ်အောင် ဘယ်လိုလုပ်ရမှာလဲ မသိပါဘူး ဆရာကြီးရယ်"

ဒေါ်သန်းရှင်၏အသံသည် ငိုသံပင်ပါ၍လာပြီ ဖြစ်သည်။

"ဪ ... နောက်တစ်ခုရှိသေးတယ်။ သူ့ကိုတော့ သင်္ကန်းဝတ်ဖို့ တိုက်တွန်းကြည့်ပေါ့ဟာ။ ပြောလို့မရရင်တော့ရင် 'အဘိဓာသုတ်' နဲ့ 'ဓာရဏပရိတ်' ကိုရလား"

"ရ ... ရတယ်ဆရာကြီး"

ဝမ်းသာအားရဖြင့် ဒေါ်သန်းရှင်သည် ကမန်းကတန်းပြောလိုက်သည်။

"ငထွေးအိပ်ပျော်သွားတဲ့ အချိန်မှာ နင်က ဘေးကထိုင်ပြီး အဘိဓာသုတ်နဲ့ ဓာရဏပရိတ်ကို ခပ်တိုးတိုးရွတ်။ သူ့ခေါင်းက ခြေဖျားထိ ညာလက်နဲ့သပ်ချပေး။ သူ့ကိုယ်ကို မထိလည်းရတယ်။ တစ်ခေါက်ပြီးရင် တစ်ခါသပ်ချ။ တစ်နေ့ ခုနစ်ခေါက်လောက်တော့ လုပ်ပေးပေါ့"

"ဟုတ် ... ဟုတ်ကဲ့ဆရာကြီး။ ကျွန်မလုပ်ဖြစ်အောင် လုပ်ပေးပါ့မယ်။ ဒီညကပဲစပြီး လုပ်ပေးပါ့မယ်"

"အေး ... ကောင်းတယ်။ ခက်တာက ငထွေးက အသောက်အစားလည်းမရှိဘူး၊ သီလလည်းရှိမယ်၊ ရတနာသုံးပါးကိုလည်း ကိုင်းရှိုင်းမယ်ဆိုရင် သိပ်ကောင်းမှာပဲဟာ။ အေးလေ ... ဝဋ်ကြွေးဆိုတာနဲ့ အဲဒီအဆက်ဆိုတာတွေကလည်း သိမြင်နိုင်တဲ့ဟိုဒင်တွေမှ မဟုတ်တာပဲ။ ဘေးကလူကတော့ တတ်နိုင်သမျှ လုပ်ပေးရမှာပေါ့လေ။ ထဲ ... သန်းရှင် ငါလည်းပြန်လိုက်ဦးမယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ဆရာကြီး"

စတောင်လုံးဆရာရွှေ (ခေါ်) ဦးတိုးရွှေသည် စားပွဲပေါ်တွင်တင်ထားသော သူ၏လွယ်အိတ်ကြီးကိုဆွဲယူ၍ ပခုံးတွင်လွယ်လိုက်ပြီးလျှင် ထိုင်ရာမှထ၍ ထွက်ခွါသွားပြီးချိန်ထိ ဒေါ်သန်းရှင်သည် ထိုင်ရာမှ မထဖြစ်သေးဘဲ ငေးငိုင်လျက် ကျန်ရစ်ခဲ့လေတော့သည်။

ထိုအချိန်နှင့် မရှေးမနှောင်းလောက်မှာပင် ဝင်းညွန့်မောင်း၍လာသော အော်စတင်ကားလေးသည် လောင်းကစားဝိုင်းများဖြင့် နာမည်ကြီးနေသော တိတ်စိန်ဟိုတယ်ရှေ့သို့ ထိုး၍ရပ်လိုက်လေသည်။

ပြီးလျှင် ဝင်းညွန့်သည် ကားပေါ်မှဆင်း၍လာပြီး ဟိုတယ်အပေါက်ဝတွင် ကုလားထိုင်နှစ်လုံးဖြင့်ထိုင်၍ စောင့်နေသော အစောင့်နှစ်ယောက်ထံသို့ လျှောက်၍သွားလေသည်။

ဟိုတယ်အပေါက်စောင့် တရုတ်နှစ်ယောက်သည် သူတို့၏အနားသို့ ချဉ်းကပ်ရောက်ရှိ၍လာသော ဝင်းညွန့်ကို စူးစမ်းသောမျက်လုံးများဖြင့် အကဲခတ်ကြည့်ရှုလိုက်သည်။

"ဆရာကီး ဘာသုံးဆောင်မလဲ အထဲကိုကြွပါ"

တရုတ်တစ်ယောက်သည် ထိုင်ရာမှထ၍ ဝင်းညွန့်ကို ကြိုဆိုလိုက်သည်။ ဝင်းညွန့်သည် ဟိုတယ်အပေါက်ဝသို့ လှမ်းဝင်ပြီးရင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ငါ ကစားချင်လို့ကွာ။ ကစားဝိုင်းကို လိုက်ပို့စမ်းပါ။ ငါကညှော့သည်ပါ။ မနက်ကမှ မန္တလေးကရောက်လာတာ"

"ကျွန်တော်တို့ဆီမှာ ကစားဝိုင်း မရှိပါဘူး ဆရာကြီး"

ထိုင်နေသော ခပ်ဝဝတရုတ်က လှမ်း၍ပြောသည်။ ဝင်းညွန့်သည် ပြောလိုက်သည်ကို မကြားဟန်ဖြင့် သူ၏အိတ်ထဲမှ ရာတန်အသစ်ကျပ်ချွတ် တစ်ထပ်ကြီးကို ဆွဲ၍ထုတ်လိုက်သည်။ သူ့ကိုကြည့်နေသော အစောင့်တရုတ်နှစ်ယောက်မှာ ကြက်သေသေ၍သွားကာ ဝင်းညွန့်၏လက်ထဲမှ ရာတန်အထပ်လိုက်ကို ငေး၍ကြည့်နေကြသည်။

ဝင်းညွန့်သည် လက်ထဲမှရာတန်အသစ်ကျပ်ချွတ် တစ်ထပ်ကြီးကို ကိုင်ထားပြီး နောက်ထပ်လက်တစ်ဖက်က အိတ်ထဲမှဆယ်တန်တစ်ရွက်ကို နှိုက်ယူလိုက်သည်။

"ကဲရော့ .. မင်းတို့နှစ်ယောက် တစ်ယောက်ကို ငါးကျပ်စီခွဲယူ။ ငါ့ကို ကစားဝိုင်းလိုက်ပို့ပေး"

ဝင်းညွန့်၏စကား မဆုံးတတ်သေးမီမှာပင် ထိုင်နေသောခပ်ဝဝတရုတ်သည် ဝင်းညွန့်လှမ်းပေးသော ဆယ်တန်တစ်ရွက်ကို ဖျတ်ခနဲဆွဲ၍ ယူလိုက်ပြီးလျှင် ထိုင်ရာမှထရပ်လိုက်သည်။

"လာ ... ဆရာကြီး။ ကျွန်တော် လိုက်ပို့ပေးမယ်။ ချိတ်မရှိနဲ့နော် ဆရာကြီးတို့အားလုံးအတွက် လုံခြုံဖို့ပါ။ လာ ... လာဆရာကြီး။ ကျွန်တော့်နောက်လိုက်ခဲ့"

ဟိုတယ်အတွင်းသို့ ရှေ့မှဝင်သွားသော ခပ်ဝဝ တရုတ်နောက်သို့ ဝင်းညွန့်သည် လိုက်ပါလာခဲ့သည်။ ဟိုတယ်ထဲရောက်သည်နှင့် တရုတ်သည် ဝင်းညွန့်ကို အပေါ်ထပ်တက်ရာ လှေကားဆီသို့ ဦးဆောင်၍ခေါ်သွားသည်။ လှေကားအတိုင်း အပေါ်ထပ်သို့တက်ခဲ့ကြပြီး အပေါ်ထပ်ရောက်လျှင်ပင် လှမ်း၍တွေ့မြင်လိုက်ရသော တံခါးပေါက်တစ်ခုဆီသို့ ဦးတည်၍ လျှောက်သွားကြသည်။

ထိုတံခါးပေါက်တွင် ဆင်နားရွက်တံခါးနှစ်ချပ်မှာ ပိတ်၍ထားပြီး တံခါးပေါက် အပြင်ဘက်တွင်တော့ အသက်ငယ်ငယ်ဖြင့် လူမိုက်ရုပ်ပေါက်နေသော တရုတ်တစ်ယောက်သည် ထိုင်၍နေလေသည်။

ဝင်းညွန့်အား ဦးဆောင်၍ခေါ်လာသော တရုတ်သည် တံခါးဝအနီးသို့ရောက်လျှင် ထိုင်နေသောတရုတ်အား တရုတ်လိုနှစ်ခွန်းသုံးခွန်းပြောပြီး ပြန်၍လှည့်ထွက်သွားသည်။

အပေါက်ဝတွင် ထိုင်နေသော တရုတ်သည်လည်း ထိုင်ရာမှ မတ်တတ်ထ၍ရပ်လိုက်ပြီး ပိတ်ထားသော ဆင်နားရွက်တံခါး နှစ်ချပ်အနက် တစ်ချပ်ကို တွန်း၍ဖွင့်ပေးလိုက်သည်။

"ဝင်ပါ ဆရာကြီး။ နောက်လည်းလာခဲ့ပါ"

"အေး ..."

ဝင်းညွန့်သည် အထဲသို့လှမ်းပြီး ဝင်လိုက်ရာမှ အခန်းတွင်းသို့ကြည့်၍ အကဲခတ်လိုက်သည်။ အခန်းထဲတွင် ဖဲကစားသည့်ဝိုင်းများ လေးငါးဝိုင်းနှင့် အံစာဝိုင်းတစ်ဝိုင်းက ရှိနေလေသည်။ ဖဲဝိုင်းများတွင် လူက အုံ၍မနေဘဲ အန်စာဝိုင်းတွင်တော့ လူများက အုံခဲ၍နေလေသည်။ ဖဲဝိုင်းများတွင် ဦးဘမြင့်အား မတွေ့ရသဖြင့် ဝင်းညွန့်သည် အန်စာဝိုင်းအနီးသို့ ချဉ်းကပ်၍လာခဲ့သည်။

သူသည် ဒိုင်ကိုင်သောလူ၏ ဘေးနားမှနေ၍ လူအုပ်ကြားမှတိုးဝှေ့ကာ စားပွဲခုံဘေးသို့ ချဉ်းကပ်၍သွားခဲ့သည်။ ဤတွင် စားပွဲခုံ၏ဘေးတစ်ဖက်တွင် ကစားနေသောဦးဘမြင့်ကို တွေ့မြင်လိုက်ရလေသည်။ ဦးဘမြင့်သည် မျက်နှာတစ်ခုလုံးအဆီပြန်၍နေပြီး ရှေ့သို့သာမဲနေသည်။ ဝင်းညွန့်ရောက်လာသည်ကို သူသည်မတွေ့ချေ။ တစ်လှည့်၊ နှစ်လှည့်၊ လေးလှည့် အလှည့်တိုင်းတွင် ဦးဘမြင့်နှင့်တကွ ထိုးသားအားလုံး ထိုးထားသမျှငွေများကို အစားခံလိုက်ရလေသည်။

ငါးလှည့်မြောက် ...

"ကဲ ... ထိုးထားကြ ထိုးထားကြ။ ဘာလဲ ဘမြင့် ... တော်ပြီလား။ ထပ်ထည့်ပါဦး။ နှင်ပိုက်ဆံလိုရင် ဝကို ပြော၊ ဝချေးမယ်"

လွယ်အိတ်တစ်လုံးကို စလွယ်သိုင်းလွယ်၍ စားပွဲထိပ်တွင် ကုလားထိုင်ဖြင့်ထိုင်ကာ ဒိုင်ကိုင်နေသော တရုတ်က ကိုဘမြင့်အား လှမ်း၍ပြောလိုက်သည်။

"ဒီတစ်လှည့်တော့ ဒီလောက်ပဲ ထိုးမယ်ကွာ"

"ကဲ .. ဖွင့်မယ် လက်လျှော့င်"

ဒိုင်ကိုင်သောတရုတ်သည် အန်စာတုံးကိုအုပ်ထားသော ယွန်းအုံခွက်

www.burmeseclassic.com

လေးကို ဖျတ်ခနဲလှမ်း၍ကိုင်ကာ ဖွင့်လိုက်သည်။

"ဒိုး"

"အ"

"ဟာ . . . ဟင်"

ဝင်းညွှန့်၏ လက်တစ်ဖက်သည် အန်စာတုံးကိုဖွင့်လိုက်သော တရုတ်၏လက်ကို ရိုက်ချလိုက်သည်။ တရုတ်၏လက်အတွင်းမှ လက်သန်းနှင့်ညှပ်၍အုပ်ကိုင်ထားသော အန်စာတုံးတစ်တုံးကပါ စားပွဲပေါ်သို့ ပြုတ်၍ကျသွားသည်။ စားပွဲပေါ်တွင် အန်စာတုံးက နှစ်တုံးဖြစ်၍နေသည်။

တစ်ယောက်တစ်ပေါက် ပြောလိုက်သောစကားသံများ ဆူညံစွာ ထွက်လာသည်။

ဒိုင်ကိုင်သော တရုတ်သည် သူ၏ဘေးတွင်ရပ်၍နေသော ဝင်းညွှန့်ထံသို့ မော့၍ကြည့်လိုက်ပြီး ရုတ်တရက် လှုပ်ရှားလိုက်သည်။

"ဟိတ်"

"ဖြောင်း"

"အား"

"ဝုန်း"

တရုတ်က ဝင်းညွှန့်အား ဓားမြှောင်ဖြင့်လှမ်း၍အထိုး အနားတွင်ရှိသော ဒေါင်ကောင်းကောင်းဖြင့် ပန်ချာပီကြီးသည် ဓားကိုင်ထားသော တရုတ်၏လက်ကို လျှင်မြန်စွာဖမ်းကိုင်၍ ထိန်းလိုက်ပြီး သူ၏လက်တစ်ဖက်သည် တရုတ်၏နားရင်းသို့ ပြေး၍ဝင်သွားလေသည်။ ထိုင်နေသောတရုတ်သည် လူရော ကုလားထိုင်ပါ ကြမ်းပြင်ပေါ်သို့ လဲပြိုကျ၍သွားပြီး သတိပါ လစ်သွားခဲ့သည်။

ပန်ချာပီကြီးသည် ဝင်းညွှန့်ကို နောက်သို့ဆွဲလိုက်ပြီး သူသည် ဝင်းညွှန့်၏ရှေ့သို့ လှမ်းတက်၍ရပ်လိုက်သည်။ သူတို့၏ဘေးတွင် လူများရှင်းသွားသော်လည်း တစ်လံအကွာနေရာလောက်မှ လူအုပ်ကတော့ ဝိုင်းအုံလျက်ကြည့်နေသည်။

"ကဲ . . . ဘယ်သူလာချင်သေးလဲ၊ သတ္တိရှိရင်လာခဲ့။ ဒီမှာတွေ့လား ဒီကောင်ထက်ဆိုးသွားမယ်"

အပေါက်ဝမှ လူမိုက်ရုပ်နှင့် တရုတ်သည် အခန်းထဲသို့ပြေးဝင်လာရာမှ ဝိုင်း၍ကြည့်နေသော လူအုပ်ကြားသို့ တိုးဝင်လာသော်လည်း ဆက်လက်၍ ရှေ့သို့ထွက်လာခြင်းတော့ မရှိတော့ပေ။

ဝင်းညွှန့်သည် ဦးဘမြင့်ထံသို့ လှမ်း၍ကြည့်လိုက်သည်။ ဝင်းညွှန့်ကို လှမ်း၍ကြည့်နေသော ဦးဘမြင့်သည် မျက်နှာလွှဲကာ ခေါင်းငုံ၍ လူအုပ်ထဲသို့ နောက်ပြန်တိုး၍ဝင်သွားသည်။ ဦးဘမြင့်သည် ဝင်းညွှန့်နှင့် ပတ်သက်သည်ဆိုပါက သူသည် ဒီနေရာသို့ နောက်ထပ်တစ်ခါ ထပ်၍မလာရမည်ကို စိုးရိမ်နေပုံရလေသည်။

"မင်းတို့ သတ္တိရှိတဲ့လူ ရှိရင် အချိန်မရွေးဝင်လာနိုင်တယ်။ ကဲ . . . ကိုယ့်ညီ လာသွားမယ်"

ပန်ချာပီကြီးက ဝင်းညွှန့်ကိုခေါ်၍ ရှေ့သို့လှမ်းအထွက်တွင် လူအုပ်ကရှင်း၍ လမ်းဖွင့်ပေးလိုက်သည်။

ပန်ချာပီကြီးသည် ဝင်းညွှန့်ကို ဦးဆောင်ပြီးခေါ်လာခဲ့ရာ မကြာမီတွင် ဟိုတယ်အောက်ထပ် တံခါးဝသို့ ရောက်၍လာခဲ့သည်။

"ကဲ . . . ကိုယ့်ညီသွားတော့။ ဒီနေရာမျိုးကို ဘယ်တော့မှမလာနဲ့တော့"

"ဟုတ်ကဲ့"

ဝင်းညွှန့်သည် ဟိုတယ်ရှေ့သို့ ထွက်လာပြီး သူ၏ကားထဲသို့ဝင်၍ထိုင်ကာ ကားစက်ကို နှိုးလိုက်သည်။ ဟိုတယ်အပေါက်ဝတွင်ရပ်၍ ကျန်ခဲ့သော ပန်ချာပီကြီးကို နှုတ်ဆက်ရန် လှည့်ကြည့်လိုက်ရာ ပန်ချာပီကြီးကို ထိုနေရာတွင် မတွေ့မြင်ရတော့ပေ။

ဝင်းညွှန့်သည် လေပူတစ်ချက်ကိုမှုတ်၍ ထုတ်လိုက်ပြီးလျှင် သူ၏ကားလေးကို မောင်း၍ထွက်ခွာလာခဲ့လေတော့သည်။

တဏှာရမ္မက်စိတ်သည် သူစုံးနစ်ကျရောက်သော နေရာမှလွဲ၍ အခြားနေရာရှိ သစ္စာတရား၊ သံယောဇဉ်နှင့် သုစရိုက်အားလုံးတို့ကို ဖျက်ဆီးပစ်နိုင်စွမ်း ရှိပေသည်။

မကောင်းသောဆိုးကျိုးနှင့် အန္တရာယ်အသွယ်သွယ်တို့ကို 'သီလ'ရှိသောသူသည် အခြားသူများထက် ကာကွယ်တားဆီးနိုင်စွမ်း ရှိလေသည်။

လူ့လောကတွင် စေတနာနှင့် မထိုက်တန်သော လူမျိုးလည်း ရှိနေသေးလေသည်။

*(ရှေ့လဆက်ရန်)*

## ဝဏ္ဏိရမိုးတိန်း

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မုဆိုးနှင့်တော လှည့်စားခြင်း

မြဝတီ

အမှောင်ရိပ်သည် လျင်မြန်စွာ ဖုံးလွှမ်းလာလေပြီ။ အေးမြသောလေပြည်က တစိမ့်စိမ့် တိုးဝင်လာပြန်၏။

တောကြက်များတွန်သံနှင့် ငှက်မျိုးစုံအသံက ဆူညံနေ၏။

ကျွန်ုပ်တစ်ဦးတည်း နွားရိုင်းနှင့် ဓိုင်ပစ်ရန် နေ့လယ် ၁ နာရီကျော်က ပင် တောင်ညိုတောင်တန်းမှ ဆင် တောင်၏ အနောက်ခြမ်းသို့ ထွက်ခဲ့ပါ သည်။ ယင်းကဲ့သို့ တစ်ဦးတည်းဖြင့် အမဲပစ်ထွက်ခြင်းမှာ တစ်ခါတစ်ရံသာ ဖြစ်ပါသည်။

ဆင်တောင်သည် တောင်ညို သစ်ထုတ်လုပ်ရေး၏ အပြင်ကြိုးဝိုင်း အတွင်း တချို့ရေိယာလောက်သာ ပါ သည်။ အင်္ဂမူနယ်ထဲတွင်မကျဘဲ မြန် အောင်နယ်ထဲ ပါရှိလေသည်။

နေ့လယ် ၂ နာရီတွင်မှ ဆင် တောင်ချောင်းစမ်းထွက် ကျောက်ကမ်း ပါးတွင် တောဝက်တစ်အုပ်နှင့် ဒရယ် တစ်အုပ်ကို တွေ့လိုက်ရ၏။ ကျွန်ုပ် သည် တောဝက်ထဲမှ အချိန်လေးဆယ် ခန့်ရှိမည့် ဝက်ပေါက်ကြီးတစ်ကောင် အား စပရင်းဖီး(လ်)ရိုင်ဖယ်ဖြင့် ပစ် ဆိုက်ရာ ထိချက်လွဲကာ တောထဲဝင် ပြေးသွားခဲ့၏။ ဝက်ပေါက်ကြီး ညာဘက် ပေါင်ရင်းထိသွား၍ ကောင်းကောင်း မပြေးနိုင်ချေ။

ကျွန်ုပ်က အထိနာသွားသည့် တောဝက်ပေါက်ကြီးနောက်သို့ ဆက် လိုက်ခဲ့သည်။ ဆင်တောင်တန်းသည် သစ်ပင်ကြီး၊ ဝါးပင်ကြီးများဖြင့် မည်း မှောင်လျက်ရှိနေသည်။ ကျွန်ုပ်သည် ဆင်တောင်ချောင်းနှင့် စိန်တောင် ချောင်းဆုံရာမှ ကျော်လာသည်အထိ ဒဏ်ရာ ရသွားသည့် ဝက်ပေါက်ကြီး အား မတွေ့ရသေး။

သို့သော် အမဲလိုက်အတွေ့အကြုံ ရှိသဖြင့် သွေး၏ခြေရာကို ကျွန်ုပ်ခံနိုင်ပါ သည်။ ဝက်နာသည် လျှိုကြီးတစ်ခုမှ ဖြတ်၍ စမ်းချောင်းထဲဆင်းကာ တစ် ဖက်ကမ်းပါးပေါ်သို့တက်သွားလေသည်။

ကျွန်ုပ် အထူးသတိထားကာ ကမ်းပါးပေါ်သို့တက်ခဲ့စဉ် အင်တော ဖက်သွပ်များနှင့်သံ ကြားလိုက်ရပြီး "အူး" ခနဲအော်သံနှင့်အတူ ကျွန်ုပ်အား တိုက်ရန်ပြေးဆင်းလာသည့် ဝက်ပေါက် ကြီးအား တွေ့လိုက်ရ၏။

ကျွန်ုပ်က အလျင်အမြန်ပင် မျက် လုံးတစ်ဖက်ကြားသို့ ကျည်ဆန်နှစ် တောင့် ဆက်တိုက်ပစ်သွင်းလိုက်၏။

ဒိုင်း. . .ဒိုင်း။

စပရင်းဖီး(လ်)ရိုင်ဖယ်၏ အသံ မှာ ဟိန်းထွက်သွားကာ ကော်နိုက်ယမ်း နံ့များ ပျံ့ထွက်သွားတော့၏။

ဝက်ပေါက်ကြီးသည် ကမ်းပါးပေါ် မှ ကျွမ်းပစ်ကာကျပြီး သေသွားတော့၏။ ချောင်းသောင်တွင် အမဲလိုက်ဓားမြှောင်ဖျက် ၍ အချို့ကို မီးဖိုကာကင်လိုက်ပြီး ကလီ စာနှင့် အသားအချို့အား ပါလာသည့် ဟန်ကောချိုင့်ဖြင့် ပြုတ်လိုက်၏။

ကျွန်ုပ် ခြေရာခံလိုက်လာကြောင်း ဝက်ပေါက်ကြီးကလည်း ကျွန်ုပ်အနံ့ရ ပြီး ပြန်လှည်တိုက်ခိုက်ရန် စောင့်စား နေခြင်းဖြစ်ရာ ကျွန်ုပ်၏လက်ချက်ဖြင့် သေသွားခြင်း ဖြစ်သည်။ ဤနေရာတွင် လူတစ်ဦးအဖော်ပါလာဖို့ ကောင်းပါ သည်။

အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ် ရရှိသော အမဲနှင့် ထမ်းပြန်ရမည့်လမ်း မှာ အတော်ကလေး ဝေးကွာနေသော ကြောင့် ဖြစ်ပါသည်။ ရရှိသောအမဲကို ထမ်းပြန်စဉ် မည်သို့မည်ပုံ လမ်းမှားနေ သည်မသိ၊ တစ်တောဝင်တစ်တော ထွက်နှင့် လျှိုထဲမှတစ်ဆင့် တောင် ကြောကိုပတ်၍ လာခဲ့သော်လည်း တဝဲ လည်လည် ဖြစ်နေ၏။

ဤအဖြစ်မျိုး သည်တစ်ကြိမ်သာ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်မှုသဖြင့် တောင်ရိုးသားများ အယူအဆအရ "တောလည့်စားခြင်း"ဟူ၍ တွေးမိပါသည်။

တဖြည်းဖြည်း အမှောင်လွှမ်းလာပြီဖြစ်၍ တစ်ညတာအိပ်စက်ရန်အတွက် သစ်ပုပ်ပင်ကြီးတွင်တက်၍ ကြိုးပုခက်ဆင်လိုက်ပါသည်။ အမဲလိုက်ရာတွင် တစ်ခါတစ်ခါ တောထဲတွင် အိပ်စက်ရသဖြင့် ကြိုးပုခက်တစ်ခု ကျွန်ုပ်တွင် အမြဲပါပါသည်။ ကြိုးပုခက်ဆိုသော်လည်း အိပ်သောအခါ သက်သောင့်သက်သာ အိပ်နိုင်ရန်အတွက် ချည်ကြိုးများ အသေးစိတ် ပြုလုပ်ထားပါသည်။ သစ်ပုပ်ပင်ကြီး၏ ခွဆုံတွင်အိပ်ရန် အသင့်ဖြစ်ပြီးနောက် ရရှိသော အမဲရိက္ခာများအား ပတ္တူအိတ်တစ်လုံးဖြင့် သစ်ကိုင်းတွင် ချိတ်ထားကာ ညစာအတွက် ပေါင်မုန့်နှင့်ဝက်သားကင်ကို စားသောက်လိုက်ပါသည်။ တောကောင်များလာပါက အသင့်ကြည့်နိုင်ရန်အတွက် လက်နှိပ်ဓာတ်မီးလည်း ပြင်ထားခဲ့ပါသည်။

တောတောင်တစ်ခုလုံး အမည်းရောင်စောင်ကြီး ဖုံးလွှမ်းလိုက်သကဲ့သို့ အလျှင်အမြန်ပင် အမှောင်ထုကြီးအောက် ရောက်ရှိသွားပါတော့သည်။

(၂)

"ဝေါင်း..."

တောကောင် ကျားကြီးတစ်ကောင်၏ ဟိန်းသံကို မနီးမဝေးမှ ကြားလိုက်ရ၏။ တောဘုရင်ကျားကြီးသည် သူစားတော့မည့်ရန်သူကို ဟိန်းဟောက်ကာလိုက်ပေတော့မည်။

ကောင်းကင်ပြင်ကို သစ်ရွက်သစ်ကိုင်းများကြားမှ ရေးရေးသာမြင်ရ၏။ ကြယ်ကလေးများက တလက်လက်၊ မြင့်မားသော အင်ကြင်းပင်ကြီးများက စိုးမိုးထားလျက်ရှိသည့်အတွက် ကောင်းကင်ကို ကောင်းကောင်းမမြင်ရ။ နေရောင်လရောင်သည် တောင်ကမ်းပါးပေါ်နှင့် သစ်ပင်ကြီးများ ထိပ်များတွင်သာ တွေ့ရမည်ဖြစ်၏။

ကျွန်ုပ်သည် စပရင်းဖီး(လ်) ရိုင်ဖယ်ကို ပေါင်ပေါ်တင်ကာ လက်နှိပ်ဓာတ်မီးအား ဘေးတွင်ချ၍ ကြိုးပုခက်ပေါ်တွင် အိပ်တော့ရန် မျက်ခွံကိုပိတ်လိုက်၏။

မျက်ခွံပိတ်၍ အိပ်တော့မည်ပြုလိုက်စဉ် ရုတ်တရက် ကျွန်ုပ်နားထဲသို့ အသံတစ်သံ ညင်သာစွာ တိုးဝင်လာသည်။ ထိုအသံသည် အပြင်မှမဟုတ်။ သစ်ပင်သစ်ကိုင်းများကြားမှ ဖြစ်၏။ အသက်ကို ဖြည်းညင်းစွာရှူလိုက်ပြီး မျက်လုံးကို ဖွင့်လိုက်၏။ အနံ့အသက်တစ်ခု ရှူရှိုက်လိုက်မိ၏။ အသံလာရာနှင့် အနံ့လာရာသည် တစ်နေရာတည်းဖြစ်၍ အထူးသတိထားနေမိသည်။

ကျွန်ုပ် ကြိုးပုခက်ဆင်ထားသော သစ်ပုပ်ပင်ကြီး၏ ခွဆုံနေရာသည် မြေပြင်မှ ပေနှစ်ဆယ်ကျော် ရှိပေလိမ့်မည်။ ကျွန်ုပ်အထက်တွင် ပေလေးဆယ်ခန့် မြင့်ဦးမည်။ သစ်ပင်သစ်ကိုင်းချင်း ယှက်နွယ်နေသဖြင့် ပို၍မည်းမှောင်နေလေသည်။

"ချွတ် ချွတ် ချွတ်"

ခြေသံနှင့်အတူ "ဟူး"ဟူသော အသက်ရှူသံကို ညင်သာစွာကြားရသည်။ သစ်ကိုင်းလျှောက်နေသံဖြစ်၏။ ကျွန်ုပ်၏အထက် ပေနှစ်ဆယ်ခန့်တွင် ဖြစ်သည်။

ကျွန်ုပ်က စပရင်းဖီး(လ်)ရိုင်ဖယ်ကို အသံလာရာဆီသို့ အသင့်ချိန်ထားပြီး လက်နှိပ်ဓာတ်မီးကို ရိုင်ဖယ်နှင့် ကပ်ကိုင်ထား၏။ ယင်းအခိုက် သစ်ပင်အောက်သို့ သတ္တဝါတစ်ကောင် ချဉ်းကပ်လာသံ ကြားရပြန်ပါသည်။ ထိုသတ္တဝါသည် ကျွန်ုပ်အနံ့ကို ရလေသလားမသိ။ အချိန်အနည်းငယ်အတွင်း ကုတ်ခြစ်သံကို ကြားရပြန်၏။

အထက်မှ သားကောင်တစ်ကောင်၊ အောက်မှ သားကောင်တစ်ကောင် ရောက်ရှိနေရာ ကျွန်ုပ်အဖို့ မည်သည့်သားကောင်ကို ရင်ဆိုင်ရမည်ကို အမြန်ပင် ဆုံးဖြတ်လိုက်ရပြီး ကျွန်ုပ်၏ ခေါင်းပေါ်မှ သားကောင်ထံသို့ ရိုင်ဖယ်ပြောင်းဝနှင့်အတူ လက်နှိပ်ဓာတ်မီးထိုးကြည့်လိုက်ပါသည်။

သစ်ပုပ်ပင်၏ သစ်ကိုင်းများကြားမှ မီးဝင်းဝင်းတောက်နေသည့် မျက်လုံးဖြင့် ကျွန်ုပ်အား ချောင်းမြောင်းနေသော အမဲလိုက် ကျားသစ်ကြီးတစ်ကောင်ပင်။

"ဒိုင်း"

ကျွန်ုပ်၏ ရိုင်ဖယ်ပြောင်းဝမှ မီးပွင့်ထွက်သွားချိန်တွင် ကြိုးပုခက် တစ်ချက်လှုပ်သွားသဖြင့် ထိချက်လွဲသွားကာ ကျားသစ်ကြီးသည် ရုတ်တရက် အခြားသစ်ကိုင်းတစ်ကိုင်းမှခုန်ဆင်း ထွက်ပြေးသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် သစ်ပင်အောက်မှ သတ္တဝါအား လက်နိပ်ဓာတ်မီးနှင့်ထိုး လိုက်ရာ ထိုသတ္တဝါမှာ ရိုင်ဖယ်အသံ ကြောင့် ရှောင်ထွက်သွားပြီ။ မတွေ့ရ တော့။

ထိုညအဖို့ ကျားသစ်လည်း လာ မည်မဟုတ်။ သစ်ပင်အောက်မှ သား ကောင်လည်း လာမည်မထင်၍ စိတ်ချ လက်ချ အိပ်လိုက်ပါသည်။ ပင်ပန်းနွမ်း နယ်သောဒဏ်ကြောင့် တစ်ခဏချင်း အိပ်ပျော်သွားရာ ဆူညံသော အသံများ ကြောင့် နိုးလာပါသည်။

ယင်းအသံများမှာ ဝါးတောကြီး အတွင်း ဝါးညွန့်ချိုးစားနေကြသော တောဆင်ရိုင်းများ၏ အသံပင်။ မိုးမလင်း သေး။ ကျွန်ုပ်၏ ရိုးမားနာရီကိုကြည့် လိုက်ရာ နံနက် ၄ နာရီရှိနေပြီဖြစ် ကြောင်း သိလိုက်ပါ၏။

တောဆင်ရိုင်းများအဖို့ ကျွန်ုပ် အား အန္တရာယ်ပြုမည် မဟုတ်သဖြင့် ပြန်၍မှေးလိုက်ပါသည်။ အိပ်ပျော်လုလု အချိန်တွင် ကျွန်ုပ်၏ခေါင်းပေါ်ရှိ သစ် ကိုင်းများမှ အသံတစ်သံ ကြားလိုက် ရပြန်သည်။

ခြေသံ တချွင်ချွင်မြည်သံ ကြား ၏။ လေအနည်းငယ်တိုးနေသော်လည်း သားကောင်၏ခြေသံကို ကျွန်ုပ်သိပါ သည်။ ညဥ့်ဦးက အမဲလိုက်ကျားသစ် ကြီး ပြန်လာပြီဟု တွေးမိပါ၏။

အသံသည် တဖြည်းဖြည်းအောက် သို့ဆင်းလာသည့် အသံပင်။ ကျွန်ုပ် လျှင်မြန်စွာပင် လက်နိပ်ဓာတ်မီး ဖွင့် လိုက်သည်။

## ညောင်ပင်ပေါက်ရာ ကျောက်ပပ်ကြားအက် ကြီးအတွင်းမှ "ရှူး" ဟူသော အသံတစ်သံကြားရကာ ငန်းမြွေကြီးတစ်ကောင် လျှောခနဲထွက်လာပြီး ကျွန်ုပ်အား စိတ်ဆိုးမာန်ဆိုးနှင့် ပါးပျဉ်းထောင်ကာ ကြည့်နေပါတော့၏။

"အလိုလေး စပါးကြီးမြွေကြီးတစ် ကောင်ပါလား"

ကျွန်ုပ်၏ပါးစပ်မှ လွှတ်ခနဲထွက် သွား၏။

လက်နိပ်ဓာတ်မီးရောင်ကြောင့် စပါးကြီးမြွေကြီး၏ မျက်လုံးလေးနှစ်လုံး တောက်ပလျက်ရှိကာ လျှာကို တစ် ခန် တစ်ခန် ထုတ်လိုက်၏။

စပါးကြီးမြွေသည် ကျွန်ုပ်အတွက် အန္တရာယ်မရှိလှပါ။ တစ်ခဏကြာလျှင် အခြားသစ်ကိုင်းဘက်သို့ လျှောခနဲထွက် သွားခဲ့၏။

ထို့ကြောင့် ကျွန်ုပ် အသာပင် ပြန်၍မှေးလိုက်ပါသည်။ တကယ်ပင် အိပ်ပျော်သွားပြန်ပါလေသည်။ တစ်ဖန် ပြန်၍နိုးလာသောအခါ လရောင်ခြည် များကို တွေ့လိုက်ရသလို သတ္တဝါတစ် ကောင်၏အသံ ကြားရပြန်၏။

ကျွန်ုပ်၏ သစ်ပင်အောက်မှ ဖြစ် သည်။ ငုံ့ကြည့်လိုက်ရာ မည်းမည်း သတ္တဝါကြီးတစ်ကောင်ကို တွေ့လိုက်ရ သည်။ သေသေချာချာကြည့်လိုက်ရာ ဝက်ဝံကြီးတစ်ကောင် ဖြစ်နေ၏။ ဝက်ဝံ ဆိုသော သတ္တဝါသည် မျက်လုံးမှုန် တတ်သည်။ သို့သော် သူ့ဘာကြောင့် ကျွန်ုပ်ရှိနေသည့် အပင်ကိုမှ လာ၍ တက်နေပါသနည်း။

အဖြေ တွေ့ပါပြီ။ ယင်းအကောင် ကြီးသည် ပျားအုံရှိသော အပင်ကိုသာ တက်စမြဲဖြစ်ရာ ကျွန်ုပ်၏အထက်တွင် ပျားအုံကြီးတစ်အုံရှိမည်မှာ သေချာလှ ၏။ ဤသို့ဆိုပါက သူမရောက်မီ ပျား အုံကို အရင်ဖဲ့ယူရန် စိတ်ကူးမိလိုက် ပါသည်။

ဝက်ဝံဆိုသော သတ္တဝါသည် ပျား အုံကို အလွန်ကြိုက်တတ်သော သတ္တဝါ ဖြစ်၏။ သုံ့ယူမည့်ပျားအုံကို မော့ကြည့် လိုက်ရာ လုံးဝမတွေ့ရချေ။ ဤရိုးမတော တောင်အတွင်း ပျားအုံတွေ့ရပါက ဆန် ကောထက်ပင်ကြီးပြီး အလွန်အရသာ ရှိလှပါသည်။ ယခု လုံးဝမတွေ့ရပါ။

လင်းရောင်ခြည်များ တဖြည်း ဖြည်းပျံ့လာသလို ဝက်ဝံကြီးသည် ကျွန်ုပ်အောက် တစ်လံကွာလောက် ရောက်နေ၏။ ကျွန်ုပ်က သူ့အားဓာတ်မီး



www.burmeseclassic.com

www.burmeseclassic.com

စိတ်မကူး။ အောက်ပြန်ဆင်းရန်သာ အသင့်ပြင်ထားလိုက်ပါသည်။

တဖြည်းဖြည်း ကျွန်ုပ်အောက် ရောက်လာကာ ကြိုးပုခက်အား လှမ်းဆွဲလိုက်၏။ ပုခက်မှာ လှုပ်ရှားသွားကာ ဝက်ဝံကြီးမှာလည်း အံ့အားသင့်သွားပုံ ရပါလေသည်။

သူက ကြိုးပုခက်အား လက်ဖြင့် ကုတ်ခြစ်စမ်းနေရာ ယခုမှ သဘော ပေါက်ပြီ၏။ ကျွန်ုပ်၏ ကြိုးပုခက်အား ပျားအုံကြီးထင်၍ တက်လာခြင်း ဖြစ်ပါ လေသည်။

ကျွန်ုပ်က ရယ်ချင်လာသည်။ ရိုင်ဖယ်ပြောင်းကို အောက်သို့နိမ့်ချကာ သူ၏နှာခေါင်းအား ခပ်ဆတ်ဆတ် ကလေး ရိုက်ပစ်လိုက်ပါသည်။

အူး...ဝူး...ဝူး"

ဝက်ဝံကြီးသည် ကျယ်လောင်သောအသံနှင့် အောက်သို့အမြန်ဆင်း သွားပါလေသည်။ ကျွန်ုပ်ရိုက်လိုက်ခြင်းမှာ သူထွက်ပြေးရန်သာ၊ ဒဏ်ရာမရ အောင် ရိုက်လိုက်ခြင်း ဖြစ်ပါသည်။

ကျွန်ုပ်သည် တောင်ညိုသစ်ထုတ် လုပ်ရေးစခန်းသို့ ပြန်ရန်အတွက် ကြိုးပုခက်နှင့် ရိက္ခာအိတ်ကို သိမ်းဆည်း၍ ကျောပိုးအိတ်ကြီးအတွင်း ထည့်လိုက် ပြီး သစ်ပင်အောက် ဆင်းခဲ့ပါသည်။

သည့်တစ်ကြိမ် ဆင်တောင်ခြေ တောင်ကြောတစ်ခုတွင် ရှိနေသည့် "မဲ့ အောက်"ရွာကလေးကို မလှမ်းမကမ်းတွင် မီးခိုးတလူလူဖြင့် မြင်ရလေသည်။

တောင်ညိုချောင်းနှင့် ဆင်တောင် ချောင်းခုံရာသို့ရောက်လာစဉ် အကောင် နှစ်ဆယ်ခန့်ရှိသော တောဆင်ရိုင်းများ ချောင်းထဲတွင် ရေချိုးလျက်ရှိနေသည် ကို တွေ့လိုက်ရသဖြင့် ခြေလှမ်းများ တုံ့ခနဲရပ်သွားပြီး ဝန်းကျင်အား အကဲ ခတ်ကြည့်လိုက်ပါသည်။

အလျင်အမြန်ပင် ကျွန်ုပ်သည် တောင်ကြောပေါ် ပြေးတက်ခဲ့ပါသည်။ ကံကောင်းသွားပါသည်။ ဆင်အုပ်နောက် မှ ပန်းဆင်ကြီးသည် ဖါးတောထဲမှ တရကြမ်း ပြေးထွက်လာသည်ကို တွေ့လိုက် ရ၏။

စွယ်စုံပန်းဆင်ကြီးသည် ကျွန်ုပ်၏ အောက်မှ နဝမောင်းကိုမြှောက်ကာ အော်လိုက်၏။ နောက် ဘာစိတ်ကူးရသည်မသိ နဝမောင်းဖြင့် ကျောက်ခဲ တစ်လုံးအားယူ၍ ကျွန်ုပ်ထံသို့ တအား ပစ်လိုက်၏။

"ဝူး..."

"ဒိန်း"

စွယ်စုံပန်းဆင်ကြီး ပစ်လိုက်သည့် ကျောက်တုံးကြီးမှာ ကျွန်ုပ်၏ဦးခေါင်း အထက် အယ်ပေအကွာတွင် ဝုန်းခနဲ ကွဲ ကျသွားတော့၏။ ကျွန်ုပ်မှာ တောင် ကမ်းပါးယံတွင် ကပ်နေသဖြင့် ကျောက် ခဲအချို့သာ ကျွန်ုပ်ခေါင်းပေါ်သို့ ကျလာ သည်။ နောက်ထပ် ကျွန်ုပ်အား သစ် ကိုင်းခြောက်ဖြင့် ဆွဲပစ်လိုက်ပြန်ပါသည်။

"ဖုန်း..."

ကျွန်ုပ်၏ ကျောပိုးအိတ်ကိုထိ၍ ပြန်ကျသွားပါသည်။ တောင်ကမ်းပါးယံ အထက်သို့ ကျွန်ုပ် ကုတ်ကပ်ပြီးတက်ခဲ့ ပါသည်။ တောင်ကမ်းပါးယံပေါ်သို့ ကျွန်ုပ်လက်နှစ်ဖက် လှမ်းအုပ်ကာတက် လိုက်စဉ် တောကောင်ကြီးတစ်ကောင် က ဟိန်းလိုက်သောအသံကို အသည်း ထိတ်အောင် ကြားလိုက်ရ၏။

ကျွန်ုပ်က မော့ကြည့်လိုက်ရာ တောင်ကမ်းပါးယံထိပ်မှာ ခြသေ့်ထိုင် ထိုင်နေသော ကျားကြီးအား တွေ့လိုက် ရသည်။ ကျားကြီးမှာ ကျွန်းပတ်အရွယ် ရှစ်တော်ကျော်ကျော် ကိုးတောင်ခန့်ဖြစ် သည်။ ကျွန်ုပ်အား၊ လှမ်းမကိုက်သေး။ ကျွန်ုပ်ကလည်း အပေါ်မတက်နိုင်။ အောက်မှာ စွယ်စုံပန်းဆင်ရိုင်းကြီး။ တောင်ကမ်းပါးယံထိပ်မှာ တောကောင် ကျားကြီး။

အထက်သို့မတက်နိုင်၊ အောက် သို့မဆင်းနိုင်သော ကျွန်ုပ်၏ အမဲလိုက် ဘဝ အဆင်းရဲဆုံးအချိန်ပါတည်း။

ထိုအခိုက် ကျားကြီးသည် တဖြည်း ဖြည်း ရှေ့သို့တိုးလာသည်။ ကျွန်ုပ်မှာ တောင်ကမ်းပါးယံသို့ ကုတ်တွယ်ထား သည့်လက်အား အောက်သို့လျောကာ ကျောက်ကြားအတွင်း တွယ်ထားလိုက် ရပြီး အနည်းငယ် အောက်သို့ဆင်းလိုက် ရ၏။ ကံကောင်းသည်မှာ ကျောက်ပပ် ကြားအက်မှ ထိုးထွက်နေသော ညောင် ပင်သည် ကျွန်ုပ်နှင့် ဆယ်တိုက်အကွာ တွင် ရှိနေ၏။

ကျားကြီးသည် ကျွန်ုပ်ထံသို့ ခေါင်း ငုံ့၍ဟိန်းလိုက်ပြီး သူ၏လက်ဖြင့် လှမ်း ပုတ်လိုက်သေး၏။ သို့သော် သူ၏လက် သည် ကျွန်ုပ်ထံမရောက်ပါ။ သို့နှင့် ညောင်ပင်ပေါက်ရာဆီသို့ တရွေ့ရွေ့ သွားပါသည်။ ခက်သည်မှာ ကျွန်ုပ်၏ ကျောပိုးအိတ်၊ ရိုင်ဖယ် သည့်ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com

များကြောင့် ခက်ခက်ခဲခဲရှိနေပါသည်။

"ဝေါင်း…"

ကျွန့်ပ်သည် ကျားကြီးအား ပို၍ စိတ်ဆိုးလာစေရန်အတွက် ခါးပတ်နှင့် တွဲထားသည့် အမဲလိုက်ဓားမြှောင်ကို ချွတ်ကာ သူက ကျွန့်ပ်အား လက်ဖြင့် လှမ်း၍ အပေါ်စီးမှအကုတ် အမဲလိုက်ဓားမြှောင်ဖြင့် တောကောင်ကြီး၏လက်ကို ထိုးချလိုက်ပါသည်။ ထို့ကြောင့် နာကျင်စွာ ဟိန်းလိုက်ပြီး နောက်သို့ဆုတ်ကာ ကျွန့်ပ်အား ခုန်အုပ်ရန် ပြင်နေပုံရပါသည်။

အောက်မှ ဆင်ရိုင်းကြီးက သစ်တုံးတစ်တုံးဖြင့် ပစ်လိုက်ပြန်သဖြင့် ကျောက်နံရံကိုကျော်ကာ တောကောင်ကြီးကို ထိမှတ်သွားပုံရပါသည်။

"အာဝု…ဝေါင်း…"

တောကောင်ကြီး၏ ဟိန်းလိုက်သောအသံနှင့်အတူ တောင်ကမ်းပါးယံအစပ် ရောက်လာပြန်ပါသည်။ တောကောင်၏ အာပုပ်နံ့များက ထောင်းခနဲ ထသွားပါသည်။

ယင်းအချိန်မှာပင် ကျွန့်ပ်သည် ကမ်းပါးယံတွင် ကပ်ပေါက်နေသည့် ညောင်ပင်ဆီရောက်ကာ လက်နှစ်ဖက်ဖြင့် ဆွဲထားလိုက်ပြီး တောင်ကမ်းပါးယံအထက်မှ တောကောင်ကြီးအား ကြည့်လိုက်ပါသည်။

တောကောင်ကြီးမှာ ကျွန့်ပ်၏ဓားမြှောင်ချက်နှင့် ဆင်ရိုင်းကြီးပစ်လိုက်သည့် သစ်တုံးမှန်သွား၍ အလွန်ဒေါသထွက်နေပြီး ကျွန့်ပ်အား အမြန်ဆုံး ဝါးစားပစ်ချင်ပုံ ရနေပါသည်။

ကျွန့်ပ်အား ဖမ်းဆုပ်၍မရနိုင်ပါ။ တောင်ကမ်းပါးယံမှာ မတ်စောက်ကြီးဖြစ်နေသည် မဟုတ်ပါလား။

ယင်းအခိုက် ညောင်ပင်ပေါက်ရာ ကျောက်ပပ်ကြားအက်ကြီး အတွင်းမှ "ရှူး"ဟူသော အသံတစ်သံကြားရကာ ငန်းမြွေကြီးတစ်ကောင် လျှောခနဲထွက်လာပြီး ကျွန့်ပ်အား စိတ်ဆိုးမာန်ဆိုးနှင့် ပါးပျဉ်းထောင်ကာ ကြည့်နေပါတော့၏။

"အလိုလေး ကျားလည်းမကိုက် ဆင်လည်း အနင်းမခံရဘဲ ငါးပေါက်တာနဲ့ သေရတော့မယ်ထင်ပါတယ်"

ကျွန့်ပ်အဖို့ ယခုအခါ ရန်သူနှင့် ရင်ဆိုင်နေရသဖြင့် ချွေးပြန်နေတော့သည်။ သို့သော် ကျွန့်ပ်၏လက်ထဲတွင် အမဲလိုက်ဓားမြှောင်ရှိနေ၏။ အကယ်၍ ငန်းမြွေကြီး ရှေ့တိုးလိုက်သည်နှင့် ကျွန့်ပ်က အမဲလိုက်ဓားမြှောင်ဖြင့် လည်ပင်းအား ပစ်ထိုးလိုက်ရန် စီစဉ်ထားပြီးဖြစ်၏။

အချိန်မှာ နာရီဝက်ကျော်လာပြီဖြစ်၏။ ကျွန့်ပ်၏လက်နှစ်ဖက်လုံး ကိုက်ခဲလာကာ ငန်းမြွေကြီးကို ပဲထမဆုံး မရှင်းနိုင်က လွယ်မည်မဟုတ်တော့ပါ။

ထိုစဉ် ကျွန့်ပ်၏ ကျောပိုးလွယ်အိတ်ကြီးအားဖြုတ်၍ အောက်သို့ပစ်ချရန် စီစဉ်လိုက်၏။ အလျင်ပင် ဖြုတ်ချလိုက်ရာ "အုန်း"ခနဲ ဆင်ရိုင်းကြီးအော်သံနှင့် ကျွန့်ပ်၏ကျောပိုးအိတ်အား "ဗုန်း"ခနဲ နင်းပစ်သံကြားလိုက်ရ၏။

သည်နောက် "ဝူး"ဟူသော အသံနှင့်အတူ ကျောပိုးအိတ်ကြီး တောင်ကမ်းပါးယံပေါ်သို့ မြောက်တက်လာပါသည်။ ဆင်ရိုင်းကြီးက နှာမောင်းဖြင့်ဆွဲ၍ အပေါ်သို့ ပစ်လိုက်ခြင်းဖြစ်ပါ၏။

"ဝေါင်း"

တစ်ခဏချင်း အဝါနှင့်အနက် စင်းပါ တောကောင်ကျားကြီးသည် ကျွန့်ပ်အထက်မှ လွှားခနဲ အောက်သို့ ခုန်ချသွားပါသည်။

တစ်ချိန်တည်းမှာပင် ကျွန့်ပ်၏ ဓားမြှောင်သည် ငန်းကြီး၏လည်ပင်းကို ပစ်ပေါက်လိုက်ရာ စိုက်ဝင်သွားတော့၏။ ငန်းကြီး၊ ကျောက်ကမ်းပါး ပပ်ကြားအက်အတွင်း ခွေ၍ဝင်သွားစဉ် ကျွန့်ပ်က ကျောက်ကမ်းပါးပေါ် တက်လိုက်ပါသည်။

အခုမှပင် စိတ်ရောလူပါ အမောပြေသွားသလို တောဆင်ရိုင်းကြီးနှင့် တောကောင်ကြီး အပြန်အလှန် တိုက်ခိုက်နေသည်ကို ကြည့်နေမိပါ၏။ သို့သော် တောကောင်ကြီးမှာ ဆင်ရိုင်းကြီး၏အဲဖော်များ ပြေးလာ၍ ထွက်ပြေးသွားတော့သည်။

ကျွန့်ပ်၏ နောက်ပိုးလွယ်အိတ် ပြန်ရသော်လည်း ပေါင်မုန့်နှင့် အချို့ ရိက္ခာများ ပျက်စီးသွားပြီဖြစ်၏။ သို့နှင့်ပင် ကျန်ရှိသော ဝက်သားကင်နှင့် စားစရာအချို့ စားရင်းက တောင်ညိုစခန်းသို့ မောပန်းခက်ခဲစွာဖြင့်၊ တဖြည်းဖြည်း ပြန်ခဲ့ရသလို မှဆိုးဘဝတစ်လျှောက် ဤအဖြစ်ကို ပြန်လည်တွေးမိတိုင်း ရင်တွင်းဝယ် လှုပ်ရှားလာမိပါသတည်း။

မြဝတီ



www.burmeseclassic.com

www.burmeseclassic.com

# ဘဝတကို ကြည့်လိုက်ခြင်း

ပန်းချီအောင်နိုင်လသာ



www.burmeseclassic.com

www.burmeseclassic.com

# ဘဝတူကို ကူညီလိုက်ခြင်း

❖ မိုးကျော့

နို့စို့ကလေးငယ်ကို ရင်ခွင်ပိုက်ထားရင်းက ခင်ပွန်းသည် ကိုမြသောင်း၏ မျက်နှာကို မတင်အေး လှမ်းအကဲခတ်ကြည့်သည်။ စိုးရိမ်သောကနှင့် မျက်နှာညှိုးငယ်နေသော်လည်း ခင်ပွန်းသည်၏မျက်နှာကို အကဲမရ။ "ဟင်း" ခနဲ သက်မတစ်ချက်ကိုချလိုက်ကာ ခင်ပွန်းသည်ဆီက အကြည့်ကို သမီးလေးထံ ရွှေ့လိုက်၏။ နို့ညှာကလေးငယ်က ကိုယ်ပူနေသည်။

နေရောင်ရှိနေသေးသဖြင့် ရေပြင်ကျယ်ထဲမှ အိမ်ခေါင်မိုးများကို အစီအရီ မြင်နေရသည်။ အရပ်ရှစ်မျက်နှာတွင် မြစ်ရေတွေက ဖွေးဖွေးထနေ၏။ လေအဝှေ့လိုက်တွင် လှိုင်းကြက်ခွပ်ကလေးများက အိမ်ရှေ့တွင်ချည်ထားသော လှေငယ်ကို လာပြီးရိုက်ပုတ်နေကြသည်။

တဖျပ်ဖျပ် လှိုင်းပုတ်သံနှင့်အတူ အကြီးကလေးသုံးယောက်က "ဟိုအိမ်ခေါင်မိုးက ဘကြီးထွန်းမောင်တို့ အိမ်ခေါင်မိုး၊ ဒီဘက်အိမ်ခေါင်မိုးက အရီးလေးခေါ်ကျင်ယုန်တို့ အိမ်ခေါင်မိုး၊ ဟိုးလေးမှာ သွပ်မိုးအိမ်ခေါင်မိုးက အဘိုးကြီးတို့အိမ်ခေါင်မိုး"ဟု တစ်ယောက်နှင့်တစ်ယောက် ငြင်းချက်ထုတ်နေကြ၏။ ကလေးငယ်များမှာ ရေပြင်ကိုလှမ်းကြည့်ကာ "ပေား··ပေား၊ ဟိုမှာ ဘကြီးလဲမသိဘူး မျောလာနေတယ်။ မည်းမည်းကြီးဟာ"ဟု သူ့ထက်ငါဦးအမြင်နှင့် အော်ဟစ်ပျော်မြူးနေကြသည်။

သူတို့အရပ်သည် မိုးတွင်းရောက်လျှင် ရေလွှမ်းကာ ပင်လယ်ဒေသလိုဖြစ်၏။ ထို့ကြောင့် သူတို့အရပ်ကို "မိုးမှာပင်လယ်၊ နွေမှာကုန်းခေါင်၊ မပြောင်ယောင် အမောင် ဘယ်ရပ်ကတုံး"ဟု ဆိုကြသည်။ ဤနှစ် မြစ်ရေအတက်ကြမ်းလှ၏။ ချင်းတွင်းနှင့် ဧရာဝတီတို့ ရေစီးသန်လေ သူတို့အရပ်မှာ မြစ်ရေအတက်ကြမ်းလေပင်။

ဝါဆိုဦးကတည်းကပင် အိမ်အဆင့် မြုပ်လုမြုပ်ခင် ဖြစ်နေ၏။ လဆုတ်ရက်တစ်ရက်တွင် ကြမ်းပြင်ပေါ် ရေက တစ်တောင်၊ နှစ်တောင်ခန့် မြင့်တက်လာသဖြင့် ဆင့်ထိုး၍ နေခဲ့ကြရသည်။ ယခု ဝါခေါင်လတွင် ရေက ထပ်တိုးလာပြန်၏။ ကြမ်းခင်းအပေါ်တွင် ထိုးထားသော ဆင့်နားကိုပင် ရေရောက်လာတော့မလားဟု ရင်တထိတ်ထိတ်ဖြစ်နေရ၏။ နို့ညှာကလေးကလည်း နေမကောင်း။ ထို့ကြောင့် မတင်အေးက -

"ကိုမြ··နေရှိတုန်း ဆရာမောင်ဆေးနီမှုန့်တစ်ထုပ်လောက် ဝယ်ထားပါလားတော်။ ကလေးက အပူမှ လုံးလုံးလျားလျား မကျသေးတာ"

"ကွမ်းရွက်ကော ရှိသေးရဲ့လား"

ရေပြင်ကို ငေးကြည့်နေသော ကိုမြသောင်းက မတင်အေးကို လှည့်မကြည့်ဘဲ ပြန်မေးလိုက်၏။

"ကွမ်းရွက်တော့ ရှိပါသေးတယ်။ ရှင်သွားမှာဆို မြန်မြန်ထက်ထက်သွားစမ်းပါ။ ဒီအတိုင်းဆို ရေကလည်း ကျ ရိပ်မမြင်သေးဘူး။ ဟိုအရင်တစ်နှစ်ကလို ထုပ်ပေါ်တက်ပြီး ဆင့်ထိုးရလိမ့်မယ် ထင်တယ်နော်"

ဤတစ်ခါတော့ ကိုမြသောင်း၏ သက်ပြင်းချသံကို မတင်အေးပင် ကြားမိလိုက်သည်။

"မင်းဆီ ပိုက်ဆံဘယ်လောက်ရှိသေးလဲ"

"ရှင်ကကော ကျွန်မကို အလုံးအခဲ ဘယ်လောက်ပေးထားနိုင်လို့လဲ။ ခြေစောင့်လက်စောင့် သုံးလေးရာပဲပေါ့တော်"

မှန်၏။ မြစ်ရေအတက် ကြမ်းနေသဖြင့် ငါးရှာ၍မရသည်မှာ သုံးလေးရက်ရှိသွားလေပြီ။ ထို့ကြောင့် ကိုမြသောင်းနှင့် မတင်အေးတို့လက်ထဲတွင် ငွေက သုံးလေးရာသာ ရှိတော့၏။

"ဒါဆိုပေး ငါ့ကို တစ်ရာ"



www.burmeseclassic.com

www.burmeseclassic.com

"အမယ်လေးတော်။ ဆေးတစ် ထုပ်ဖိုးများ ခါတိုင်းလို အကြွေးဝယ်လာ လည်းရသားနဲ့။ ရေးကြီးခွင်ကျယ်လုပ် မနေနဲ့"

"ဟ…ကြွေးတွေကများနေတော့ အားနာလို့ပေါ့ဟ"

"ဘာမှအားမနာနဲ့ သွား။ ရေကျ သွားရင် ငါးရတော့မယ်ဆိုတာ သူတို့ လည်း သိနေတာပဲ။ မြန်မြန်လည်းပြန် ခဲ့ဦး။ ရေက စိတ်ချရတာမဟုတ်ဘူး။ မိုးမချုပ်ခင် ထုပ်ပေါ်မှာ ဆင့်ထိုးသင့် ထိုးထားရမယ်နော်။ ရော့…ဒါ ရှင့် ဆေးလိပ်ဖိုး"

"ဟဲဟဲ…ဒီမိန်းမလက်ထဲ ကစ် ထား။ ကဲ့ထားတာ ရှိတယ်ဆိုတာ သိ သားပဲ…ဟင်းဟင်း"

ပြောရင်းကို ကိုမြသောင်း မတ် တတ်ထရပ်သည်။ ခေါင်မိုးပေါ်က တက် ကိုဆွဲကာ လှေထဲဆင်းလိုက်၏။–

သူတို့အိမ်မှာ ရွာဖျားတွင် ဖြစ် သည်။ ကုန်စုံဆိုင်ရှိသော ဦးကျင်စွီ+ ဒေါ်မှုန်တို့အိမ်မှာ ရွာလယ်တွင်ဖြစ်၏။ ထို့ကြောင့် လှေငယ်လေးကို မှိုအိမ် ကြား သည့်အိမ်ကြားက လှော်ခတ်ပြီး သွားနေသော လင်တော်မောင် ကိုမြ သောင်းကို မတင်အေး အိမ်ပေါ်ကလှမ်း ကြည့်နေ၏။

ထိုအချိန်တွင် မိုးသက်လေပြင်း များ ကျစပြုလာသည်။ မတင်အေးရင် ထဲ ထိတ်ခနဲဖြစ်သွား၏။ ရွာနီးဝန်းကျင် တွင် ဤလိုရေတက်ကြမ်းချိန်၌ စုပ်ဝဲ များထတတ်သည်။ တမြန်နှစ်က တံငါ သည်တစ်ယောက် စုပ်ဝဲထဲဝင်ပါသွား ရာ လှရောလှေပါ ရေအောက်ရောက် သွားခဲ့သည်။ လှေတစ်ဖွဲ့၌ လိုက်ရှာ ကြသောအခါမှ မြစ်အောက်ဘက်တွင် လှေ တက်ကို မြဲမြဲဆုပ်ကာ သေဆုံး နေသည်ကို တွေ့ကြရသည်။

"ဖွဟဲ့ ဖွဟဲ့…ဖတ်ဖတ်… ပြောတိုင်းဖြစ်၊ နိုင်းလိုက်တိုင်း မငြိုမငြင် ငါ့လင် သဘောကောင်း မနောကောင်း ကြီး ရေဘေးနဲ့ ဝေးပါစေ ဖယ်ပါစေ"

ဟု မတင်အေးသည် စိတ်ထဲက ရေရွတ်ကာ ကိုမြသောင်း လှေလှော် ထွက်သွားသည်ကို ငေးကြည့်နေလေ သည်။

နို့ညှာကလေးအတွက် ဆေးဝယ် ထွက်သွားသော ကိုမြသောင်း၏ လှေ ငယ်သည် သုံးလေးအိမ် ကျော်သွား သောအခါ ဦးကျင်စွီတို့ကုန်စုံဆိုင်ဘက် ရှကွေ့ဝင်ပျောက်ကွယ်သွားသည်။

"ဒိန်း"ခနဲ အိမ်တိုင်ကို လာ ဆောင့်သံတစ်ခုနှင့်အတူ တစ်အိမ်လုံး ယိမ်းယိုင်လှုပ်ရှားသွားသည်။ ရုတ်တ ရက်ဖြစ်သဖြင့် မတင်အေးက "အမေ့ သောက်ပလုတ်တုတ်တော်…"ဟုပင် လန့်အော်လိုက်သည်။

ခင်ပွန်းသည် ဆေးသွားဝယ်ရာ က ပြန်ရောက်မလာသေးသဖြင့် မတင် အေး အလိုလိုအားငယ်နေသည်။

အမှန်က ဤသည်မှာ အဆန်း မဟုတ်ပေ။ ယခုလို မြစ်ရေအတက် ကြမ်းလာပြီဆိုလျှင် သူတို့ရွာက အိမ် များကို သစ်လုံးကြီးများသည် ဤသို့ပင် ဝင်တိုးဝင်တိုက်တတ်၏။ သစ်ဖောင်ပျက် ပြီး အဖော်ကွဲ ထီးတည်းထွက်လာသော မျောတုံး။ ကျွန်းသစ်လုံးတွေမှာ တစ် တန်၊ နှစ်တန်ရှိတတ်သဖြင့် အိမ်ကိုဝင် တိုးပြီ ဆိုလျှင် တစ်အိမ်လုံး သိမ့်သိမ့်ခါ တုန်လှုပ်သွားတတ်သည်။ မခံနိုင်သော အိမ်များဆိုလျှင် ပြိုပင်ပြိုတတ်၏။

ထို့ကြောင့် သူတို့ရွာက အိမ်တွေ မှာ မျောတုံး။ မျောလုံးဝင်တိုက်မှာကို လည်း ရင်တထိတ်ထိတ် ဖြစ်နေကြရ သည်။ ရွာထဲဝင်လာသော မျောတုံးကြီး များမှာ ဝဲကတော့ထိုးရာအတိုင်း ဟို အိမ်တိုက်၊ သည့်အိမ်တိုက်နှင့် ရွာထဲ က တော်တော်နှင့် ထွက်မသွားဘဲ လှည့်လည်နေသည်လည်း ရှိလေသည်။

တရိပ်ရိပ်တက်နေသော မြစ်ရေ ကိုကြည့်ကာ မတင်အေးမှာ လင်တော် မောင် ကိုမြသောင်း ပြန်အလာကိုသာ မျှော်ငေးနေမိ၏။

မမျှော်၍လည်းမဖြစ်တော့။ သည် အတိုင်းဆိုလျှင် မြစ်ရေက သူတို့ ထိုးနေသော ကြမ်းပြင်ကို မိုးမချုပ်မီ ဖုံးအုပ်လွှမ်းမိုးလာပေလိမ့်မည်။

ကိုမြသောင်း ဆေးဝယ်ပြီးပြန် လာချိန်မှာ မြစ်ရေသည် သူတို့၏အိမ် အဆင့်နှင့် ထိလုနီးပါး မြင့်တက်လာ၏။ မတင်အေးမှာ ရင်ခွင်ထဲက ကလေး တစ်ဖက်၊ နေမကောင်းသော နို့ညှာ ကလေးတစ်ဖက်နှင့် ကလေးနှစ် ယောက်ကို တစ်ဖက်တစ်ယောက်ချီ ကာ ပျာယာခတ်နေ၏။

ဆေးဝယ်ရာက ပြန်ရောက်လာ သော ကိုမြသောင်းမှာ ရောက်ရောက် ချင်း လက်ထဲကတက်ကို ခေါင်မိုး… ထိုးကာ ထုပ်ပေါ်ပြေးတက်ပြီး အဆင့် တစ်ဆင့် ထပ်ထိုးရသည်။ အ… ကလေးသုံးယောက်ကို နိုင်သ… အကူအညီခိုင်းရ၏။ မြစ်ရေ…



www.burmeseclassic.com

www.burmeseclassic.com

အဆင့်တစ်ဆင့် ထပ်ထိုးရသည်မှာ မသက်သာလှ။ ဆင့်ထိုးပြီးသည်နှင့် ရေကလည်း သူတို့ထုပ်တန်းကြမ်းခင်းအောက် ချက်ချင်းရောက်လာတော့သည်။

ထို့ကြောင့် သူတို့ကြမ်းခင်းနှင့် အိမ်ခေါင်မိုးမှာ အလှမ်းမကွာလှတော့။ "ရက်မ"အနားသွားထိုင်လျှင် ခေါင်းနှင့် ခေါင်မိုးမလွတ်တော့။ အိမ်အလယ်ကောင်မှာ မိသားစုဝိုင်းထိုင်နေကြရ၏။ စားလည်းသည်နေရာ၊ အိပ်လည်းသည်နေရာ၊ ထမင်းချက်၊ ဟင်းချက်လည်း သည်နေရာပင်။

အိမ်အဆင့်ပေါ်တွင် မတ်တတ်ရပ်၍မရ၊ ညောင်းညာလျှင် ပက်လက်၊ သို့မဟုတ် ဝမ်းလျားမှောက်နေကြရ၏။ အိမ်တံစက်မြိတ် ရက်မနားတွင် သက်ငယ်အိမ်အမိုးကို လူတစ်ကိုယ်စာ ဝင်ပေါက်၊ ထွက်ပေါက် ဖောက်ထားရသည်။ ယာယီပြတင်းပေါက်၊ သို့မဟုတ် ယာယီတံခါးမပြစ်သည်။ အိမ်၏ အစစ်အမှန်တံခါးပေါက်၊ ပြတင်းပေါက်တို့မှာ ရေအောက်ရောက်သွားကြလေပြီ။ သည်ထက် ရေကြီးလာလျှင်တော့ အိမ်ခေါင်မိုးပေါ် တက်နေကြရုံသာ။ ထို့ကြောင့် သူတို့၏လှေငယ်လေးကို ယာယီပြတင်းပေါက်နား ကြိုးချည်လွှတ်ထားရ၏။ အရေးကြုံလျှင် သူတို့အသက်ကို ကယ်နိုင်သူမှာ ဤလှေငယ်လေးသာ မဟုတ်ပါလား။

◆◆◆

ကိုယ်ရှိနေသော နို့ညှာလေးကို ထင်မယားနှစ်ယောက် ကွမ်းရွက်ပြွတ် ရေနှင့် ထပ်တိုက်ကြသည်။ နေကကျွံသွားသလို ကလေးကိုယ်ပူလည်း ကျသွား၏။ မြစ်ရေကမူ အတက်မရပ်သေး။ သို့သော် မိုးကမရွာတော့။ သုံးလေးရက် မြစ်ရေနှင့်အပြိုင် ငွဲခတ်ရွာထားသောမိုးသည် အရှိန်သေကာ ကောင်းကင်တစ်ခွင်တစ်ပြင်လုံးမှာလည်း ကြည်လင်သန့်စင်လာ၏။

"ဗုန်း...ဗုန်း...ဒုန်း...ဒုန်း ဒိုင်း...ဒိုင်း"

ထုကြ၊ ရိုက်ကြသံများကို မိုးချုပ်သည်နှင့် ကြားလာကြသည်။ အိမ်တိုင်းက ဤသည်မှာလည်း ရိုးလေ့၊ ရွာလေ့လို ဖြစ်နေ၏။ ကိုမြသောင်းနှင့် မတင့်အေးတို့အကြီးကလေးသုံးယောက်က ဆန်ကောကို ထုသူထု၊ အိမ်တိုင်ကို တုတ်နှင့်ရိုက်သူရိုက်၊ သံပုံးအခွံကို တီးသူတီးနှင့် ကလေးသာဘဝ ပျော်နေကြ၏။ သူတို့အရပ်မှာ ဤသို့ မလုပ်၍လည်း မဖြစ်ပေ။ မိုးချုပ်လာလျှင် မြစ်ရေနှင့်ပါလာသော ဒိုက်သရေများနှင့်အတူ မြွေဆိုးကင်းပါးတွေကလည်း ပါလာတတ်သည်။ ဘယ်နေ့ဘယ်ရက်ကပင် မျောပါလာကြမှန်းမသိသော မြွေဆိုးကင်းပါးတွေမှာ [illegible] ဒိုက်ကို ရာကိုရှာရင်း [illegible] တက်လာတတ်ကြသည်။ ထို့ကြောင့် [illegible]သော တွေမှာ မကောင်းဆိုးဝါးများကို သံပုံးတီး တောထုတ်ကြသ[illegible] ရှည်ရှာ အိမ်တိုင်းက ထုရိုက်တီးခတ်၍ မြွေပါးကင်းပါး ခြောက်လှန့်မောင်းထုတ်နေကြရသည်။

အိမ်နီးနားခြင်းချင်းရှိ အိမ်များမှ ထုရိုက်တီးခတ်သံကို အတူပူးကာ ကလေးများ ဆူညံစွာ ထုရိုက်တီးခတ်နေကြချိန်တွင် ကိုမြသောင်းသည် သူ့အိမ်ဝန်းကျင်ကို အကဲခတ်ကြည့်နေရသည်။ မြစ်ရေနှင့်အတူ တစ်ခါတစ်ခါတွင် ခွေးသေကောင်ပုပ်များ၊ လူသေအလောင်းများလည်း မျောပါလာတတ်ကြလေရာ အကယ်၍ ထိုသို့ ခွေးသေကောင်ပုပ်၊ လူသေကောင်အလောင်းများ မျောပါလာလျှင် ဝါးလုံးရှည်နှင့် လှမ်းထိုးကာ မိမိတို့အိမ်ဥပစာအလွတ်သို့ ထိုးထုတ်နက်လွှတ်ကြရသည်။

ထို့ကြောင့် ကိုမြသောင်းသည် ယာယီတံခါးပေါက်မှထွက်ကာ ခွေးသေကောင်ပုပ်နှင့် လူသေအလောင်းကောင်များကို စောင့်ကြည့်နေရသည်။

တမြည့်မြည့်နှင့် မှောင်စပြုလာ၏။ မိုးထက်မှ ကြယ်ပွင့်ကလေးများကို ရေတွက်၍ မရနိုင်လောက်အောင် မြင်လာရ၏။ မိုးကုပ်စက်ဝိုင်းအောက်မှ ရဆင်းသောက်နေကြသော ကြယ်ပွင့်ကလေးများမှာ ရေထဲတွင် ပို၍တောက်ပကွန့်မြူးနေကြသည်။

မကြာမီမှာပင် ရှေ့မြစ်ပေါ်သို့ လရောင်ထိုးကျလာပြန်၏။ ထွန်းထွန်းပပသာ[illegible] [illegible] တခဏ် ကိုမြသောင်း[illegible] [illegible] သွားသလိုပင်။ တရိပ်ရိပ်[illegible] သော မြစ်ရေပေါ်က ထိုးကြက်ခွပ် ကလေး[illegible] [illegible] လှချွန် ခွပ်[illegible]သည်။

[illegible]

ခွင်[illegible] ရည် ထွက်လာ၏။ "ဘယ်သူ[illegible]" ဟု ကိုမြသောင်း ဝေကြည့်လိုက်သည်။ ခဏ

www.burmeseclassic.com

အကြားမှာပင် လှေငယ်သည် သူတို့အိမ်နားရောက်လာ၏။ လရောင်ထဲကလူကို သဲသဲကွဲကွဲ မမှတ်မိသဖြင့် လှမ်းမေးလိုက်၏။

"အစ်ကိုကြီးချမ်းလားဗျို့"

"အေး…ဟုတ်တယ်။ မင်းလိုက်ဦးမလား မြသောင်း"

ဦးချမ်းအေး၏အမေးကို ချက်ချင်းပြန်မဖြေသေးဘဲ "ကြွက်ထိုးလား အစ်ကိုကြီး" ဟု ပြန်မေးလိုက်၏။

ဦးချမ်းအေးမှာ ဖားရှာ ငါးရှာတော်သလို ကြွက်ရှာ ကြွက်ထိုးမှာလည်း နာမည်ကြီးတစ်ယောက်ဖြစ်သည်။ ဦးချမ်းအေး တစ်ညသွားထိုးလျှင် ဟင်းစားအပြင် ကြွက်တစ်ပိဿာ နှစ်ပိဿာကော့ ရောင်းရသူဖြစ်သည်။ ထို့ကြောင့်လည်း ကိုမြသောင်းကအတတ်သိနေသလို လေသံနှင့် "ကြွက်ထိုးလား အစ်ကိုကြီး" ဟု မေးလိုက်ခြင်းဖြစ်၏။

"အေးလေကွာ။ ဒီအချိန်မှာ ကြွက်ထိုးမဟုတ်လို့ မင်းအမေလင်က ငါးသွားရှာလို့ ရမလားကွ။ ဒီလောက်မြစ်ရေတက်နေတဲ့ဥစ္စာ"

"ဟား…ဟား"

ဦးချမ်းအေး၏ အပြောအဆဲကို ကိုမြသောင်းကသဘောကျစွာ အကျယ်ကြီး ရယ်ပစ်လိုက်သည်။

"လိုက်မယ် အစ်ကိုကြီး ခဏနော်"

သူ့အိမ်ထဲ ချက်ချင်းဝင်ပြီး ဒိန်းရှာသည်။ အပြင်က သူ့ယောက်ျားနှင့် ဦးချမ်းအေးတို့ ပြောနေသံကြားသော မတင်အေးက -

"ရှင်ကြွက်ထိုးလိုက်သွားမလို့လား။ ကလေးကလည်း သိပ်နေကောင်းတာ မဟုတ်ဘူး။ မြစ်ရေကလည်း အတက်တောင် ရပ်သေးရဲ့လား။ အိမ်မှာ ရှင်မရှိရင်…"

သူ့မိန်းမ စကားမဆုံးမီပင် သူက

"မြစ်ရေက ဒီလောက်စိုးရိမ်စရာမရှိတော့ပါဘူးကွာ။ ကလေးကလည်း ကိုယ်ပူကျသွားပြီပဲ။ အစ်ကိုကြီးချမ်းအေးနဲ့ ငါလိုက်သွားမယ်။ ညနေက ဦးကျင်စွံကလည်း ပြောလိုက်တယ်။ မြစ်ရေတက်နေတာနဲ့ သားစိမ်းငါးစိမ်းမစားရတာကြာပြီ။ မင်းတို့ကြွက်ရရင် ငါ့ကို တစ်ပိဿာလောက် လာပေးပါတဲ့။ ဦးကျင်စွံ သူများထက်တောင် ဈေးပိုပေးတာ။ ကြွက်ရလို့ သူ့သွားပေးရင် တို့ဆီကြွေး ဆန်ကြွေးလည်း မနည်းကျေမှာပဲကွ။ ငါလိုက်သွားလိုက်မယ်ကွာ။ အစ်ကိုကြီးချမ်းအေးက ကြွက်ထိုးနာမည်ကြီးဆိုတော့ သူ့ဆီက နည်းနိဿယလည်း ရတာပေါ့"

"တော့်သဘောပဲ"

ဟူသော မတင်အေးစကား မဆုံးမီပင် ကိုမြသောင်းကား အိမ်ခေါင်မိုးနား ယာယီတဲခါးပေါ်မှ အပြင်ကို ထွက်ချသွားလေသည်။

◆◆◆

ဦးချမ်းအေးနှင့် ကိုမြသောင်းတို့သည် လှေကလေးတစ်ယောက်တစ်စင်းနှင့် ကြွက်ထိုးရန် ရွာကထွက်လာကြသည်။

မြစ်ရေပြင်မှာ လရောင်ပက်ဖျန်းထားသော်လည်း ပြန့်ပြူးငြိမ်သက်ခြင်းမရှိ။ ဟိုတစ်ကွက် သည်တစ်ကွက်နှင့် ရေပြင်ထဲတွင် အရိပ်မည်းကြီးများကိုသာ မြင်နေရ၏။ ထိုအရိပ်မည်းကြီးများသည် ဦးချမ်းအေးနှင့် ကိုမြသောင်းတို့အတွက် အထူးသတိထားကြရမည့် မှော်ချုံ ဒိုက်ဖတ်ကွက်များဖြစ်၏။ ထိုမှော်ချုံဒိုက်ဖတ်နှင့် မျောပါလာသော မြွေပါးကင်းပါးကို သတိထားရသလို ဒိုက်သရောမှော်ချုံထဲ စီးမျောပါလာသော ကြွက်ကြီးများကိုလည်း ရှာကြည့်တတ်ကြရ၏။

"မင်း မနေ့က ထွက်သေးလား"

"နို့ညှာလေး ကိုယ်ပူနေတာနဲ့ မထွက်ဖြစ်ဘူး အစ်ကိုကြီး။ အစ်ကိုကြီးကတော့ ညတိုင်းထွက်ပဲလား"

"ထွက်ရတာပေါ့ မြသောင်းရာ။ တို့ဘဝက ဖားရရင်ရ မရရင် ဒီအချိန်မျိုးမှာ ကြွက်ရမှ ဝမ်းရေးလှမယ်မဟုတ်လားကွ"

"ဟုတ်ကဲ့"

"မင်းကလေး ခုကော ဘယ့်နှယ်နေ…"

"နေကောင်းသွားပါပြီ အစ်ကိုကြီး။ ဒါနဲ့ ဟိုတလောက ချောင်းဝဘက်"

"ဟော့…ဟော့ကောင် စကားလည်းပြော၊ ဘေးဘီကိုလည်းကြည့်လေကွာ။ တွေ့လား ဟိုဒိုက်သရောကြားထဲကကြွက်"

လှေနှစ်စင်း ယှက်လာကြရာမှ သူ့လှေဘေးနားရှိ ဒိုက်သရောပုံထဲ ဝင်ပြေးသွားသော လယ်ကြွက်ကြီးကို ဦးချမ်းအေးပြမှ ကိုမြသောင်းက လှစ်ခနဲ မြင်မိလိုက်ရ၏။ သို့သော် မှိန်းနှင့် လှမ်းထိုးရန် အချိန်က နောက်ကျသွား

www.burmeseclassic.com

လေပြီ။ ဦးချမ်းအေးက တကယ်မျက်စိလျင်သူပင်။ သူနှင့်သာနီးသော ဒိုက်သရောပုံပေါ်က လယ်ကြွက်ကြီးကို လရောင်ထဲ သူမှမြင်တတ်ပလေဟု ချီးကျူးမိလိုက်၏။ "ဒါကြောင့်လည်း နာမည်ကြီးတာကိုး"ဟုလည်း မှတ်ချက်ချမိ၏။

"မြစ်ရေထဲ ကြွက်လိုက်ထိုးတယ်ဆိုတာ နားရော၊ မျက်စိပါ သိပ်လျင်ရတယ်မြသောင်။ ဖတ်···ဖတ် မပြောကောင်းမဆိုကောင်း မြွေပါးကင်းပါးကိုလည်း သတိထားရသလို မျောတုံးနဲ့ ရေဝဲတွေကိုလည်း သတိထားကွ။ ဟိုမှာတွေ့လား၊ ဒိုက်သရောတစ်ပုံ။ အဲဒီအပုံထဲ အသိုက်ပျက်မျောလာတဲ့ လယ်ကြွက်ကြီးတွေ မုချပါမှာပဲ။ မင်း ဟိုဘက်ကထိုး။ ငါ ဒီဘက်ကထိုးမယ်။ ကဲ···လော့ လော့"

ပြောပြောဆိုဆိုနှင့်ပင် သူတို့ရှေ့တွင် စပါးလုန်းဖျာကြီးတစ်ချပ်ပမာခန့် ရှိသော ဒိုက်သရောတစ်အုပ်ကို လက်ညှိုးထိုးပြ၍ ဦးချမ်းအေးက ပြော၏။

အတန်ငယ်ဝေးသေးသဖြင့် ရေပြင်ပေါ်က ဒိုက်သရောအုပ်ကို မည်းမည်းအကွက်ကြီး တစ်ကွက်ပမာသာ မြင်နေရသေး၏။ ဒိုက်ဖတ်များမှာ တစ်ခုနှင့်တစ်ခုဆက်၍၊ တစ်ခုနှင့်တစ်ခု ပီညပ်၍၊ တစ်ခုနှင့်တစ်ခု တစ်တောင်ထွာ၊ နှစ်လံကွာ၍လည်း မျောပါလာကြ၏။ ထိုဒိုက်သရောပေါ်တွင် မြွေများ၊ ဆားများ၊ ကင်းများ၊ ဖားပြုတ်များ၊ ကြွက်များ အစုံပါလာတတ်သည်။

ဖျာကြီးတစ်ချပ်ပမာခန့် ရှိသော ဒိုက်ဖတ်မှော်ချုံထဲကို ဦးချမ်းအေးနှင့် ကိုမြသောင်းတို့က နှစ်ဖက်ညှပ် ထိုးကပ်ကြသည်။ လရောင်ထဲတွင် မည်းမည်းလှုပ်လှုပ်မြင်ရာကို လှမ်းထိုးလေရာ ကြွက်မိသည့်အခါ ရှိသလို ဖားပြုတ်၊ ရေမြွေများကို ထိုးမိသည့်အခါလည်း ရှိလေသည်။ ထို့ကြောင့် ဦးချမ်းအေးက "သေသေချာချာ ကြည့်ထိုးကွ"ဟုဆို၏။

မြစ်ရေထဲတွင် လှေငယ်ကိုထိန်း၍ ကြွက်ကိုကြည့်ရှုနှင့် လွယ်တော့မလွယ်ပေ။ သို့သော် ကိုမြသောင်းသည် လယ်ကြွက်သုံးကောင်တော့ ရထားပြီ။ ဦးချမ်းအေးက "မင်း တယ်ဟုတ်ပါလား"ဟုပင် အားပေးစကားဆိုသည်။

ထိုဒိုက်သရောအုပ်က မြစ်ရေထဲ မျောပါသွားသောအခါ နောက်ဒိုက်သရောအုပ်တွေ မျောအလာကို မျှော်ငေးစောင့်လော့ကြည့်ကြရပြန်၏။ ဤတစ်ခါတော့ နှစ်ယောက်ကွဲ အတူသွား၍မရတော့။ ဒိုက်သရောအုပ်မှာ သင်ဖြူးဖျာခန့်သာ ဟိုတစ်ကွက် သည်တစ်ကွက် မျောပါနေကြရာ တစ်ယောက်တစ်ကွက်ထိုးရန် လမ်းခွဲကြရ၏။ လမ်းခွဲခါနီးတွင် ဦးချမ်းအေးက "မင်း ဝဲကတော့တွေတော့ သတိထားသွားနော်။ မြွေပါးကင်းပါးလည်း သတိထားကြည့်ကွ"ဟုသတိပေး၏။ ကိုမြသောင်းကလည်း "ဟုတ်ကဲ့ပါ"ဟု တလေးတစားပြောလိုက်၏။

သည်လိုနှင့် ရေဝဲကတော့ထိုးနေသော နေရာများကိုရှောင်ကာ ဒိုက်ဖတ်ပုံတွေ၊ မှော်ချုံတွေနောက်လိုက်ကာ ကိုမြသောင်း ကြွက်ထိုးနေ၏။ ဦးချမ်းအေးကလည်း သူ့နည်းတူ ကြွက်ထိုးရင်း နှစ်ယောက်သားမှာ နီးလာလိုက်၊ ဝေးသွားလိုက်နှင့် ဒိုက်မှော်ချုံတို့ခွဲခေါ်ရာ ပါနေကြသည်။

တစ်နာရီခန့် ကြာသွားချိန်မှာ လရောင်ကလည်း ပိုပြီးထွန်းပလင်း လက်လာရာ ကိုမြသောင်း ကြွက်ထိုးရသည်မှာ ပိုပြီး လက်သွက်လာ၏။ လက်တွေ့လာ၏။ သည်လိုနှင့် တစ်ခုသော ဒိုက်ဖတ်မှော်ချုံတစ်ခုနား အရောက်မှာတော့ ကိုမြသောင်း လက်တွန့်သွားသည်။ နှစ်ထယ်သားခန့်ပင် ရှိမည်ဟု ထင်ရသော လယ်ကြွက်မကြီးမှာ အသိုက်ပျက်ပြီး တစ်ကောင်တည်း မျောပါလာခြင်းမဟုတ်။ ကောက်ရိုး၊ သစ်ခက်၊ သစ်ရွက်၊ မိုးပြုတ်၊ ငုတ်မြွေတွေနှင့် အသိုက်လုပ်ထားသော သူ့အသိုက်တစ်ခုလုံး ရေထဲမျောပါလာ၏။ ဒိုက်ဖတ်မှော်ရုံနှင့် ကပ်ငြိပြီး မျောပါလာသော အသိုက်ထဲတွင် မျက်စိပင်မပွင့်သေးဟုထင်ရသော ကြွက်လေးငါးကောင်ကိုလည်း လရောင်ထဲတွင် ထင်ထင်ရှားရှား မြင်နေရ၏။

ဒိုက်မှော်တို့နှင့် ငြိကပ်ပါလာသော ကြွက်သိုက်ထဲ ရေတွေဝင်နေရာ ကြွက်ကလေးတွေမှာ ရေမွန်း၍ လူးလွန့်လှုပ်ရှားနေကြသည်။ ကြွက်မကြီးသည် ရေကို၍ လူးလွန့်လှုပ်ရှားနေကြသော ကြွက်ကလေးများကို ရေလွတ်စေရန် နှုတ်သီးနှင့်ထိုးမ၍ ရေလွတ်ရာ အပေါ်ဘက်သို့ တင်သည်။ သို့သော် ကြွက်ကလေးတွေမှာ အသိုက်နှုတ်ခမ်းပါးနားကို တွယ်မတက်တတ်ကြသဖြင့် ကြွက်မကြီးက ထိုးတင်လိုက်၊ ပြုတ်ပြုတ်ကျလိုက်ဖြစ်နေ၏။ မိခင်ကြွက်မကြီးက စိတ်မရှည်တော့သလို နောက်တစ်

www.burmeseclassic.com

ကောင်ကို မေးထိုးတင်နေစဉ် နောက်တစ်ကောင်က ရေစို့ရွှဲနေသော အသိုက်အလယ်က ခွက်ခွက်ရေထဲ လိမ့်ကျပြန်၏။

မိခင်ကြွက်မကြီးမှာ ဟိုအကောင်တင်လိုက်၊ သည်အကောင်ပြန်လိမ့်ကျလိုက်နှင့် ကိုမြသောင်း အနားကပ်ပြီး မိုန်းနှင့်ချိန်ရွယ်ထားသည်ကိုပင် သတိမပြုအားဘဲ ဆောက်တည်ရာမရ ဖြစ်နေ၏။ ဤသို့နှင့် တစ်ကောင်ကို ရေလွတ်ရာ အသိုက်နှုတ်ခမ်းပေါ် တင်ပေးလိုက်၊ နောက်တင်ပေးထားသော တစ်ကောင်က ပြန်ကျလာလိုက်ဖြစ်နေကြသောအခါ ကြွက်မကြီးမှာ ပျာယာခတ်ပြီး ကြံရာမရဖြစ်နေ၏။

အသိုက်ခွက်ခွက်အလယ်ထဲ ပြန်ပြုတ်ကျသော ကြွက်ကလေးတွေက ရေစို့၍ လူးလွန့်အော်ဟစ်နေကြသောအခါ ကြွက်မကြီးခမျာမှာ အရူးမီးဝိုင်းဆိုသလို ဖြစ်နေ၏။ သူသည် သူ့သားသမီးများကို ဤကဲ့သို့ကယ်တင်ရန် ဘယ်အချိန်ကမင် ကြိုးစားလာသည်မသိ။ တစ်ချက်တစ်ချက်တွင် အော်ဟစ်ညည်းညူနေကြသော သားသမီးများကို တွေ့ကြည့်ကာ သတိလစ်သွားသလို ခဏခဏ ငြိမ်ငြိမ်ကျသွားသည်ကိုလည်း မြင်နေရ၏။

မကြာပါချေ။ စောစောကလိုပင် ငြိမ်နေရာက အားယူပြီး သူ့သားသမီးများကို ကယ်တင်ရန် ကြိုးစားပြန်၏။ နောက်တော့ သူ့သားသမီးများကို ဤသို့ကယ်တင်ရန် ကြိုးစား၍ ဘယ်လိုမှ မရတော့မှန်းသိသွားကာ သားသမီး၏ ကောင်ပါသော ကြွက်သိုက်ကြီးတစ်ခုလုံးကို နိုက်မှော်မြင့်ပေါ် ကိုက်ချီဆွဲတင်တော့၏။

သို့သော် ကောက်ရိုးပြတ်၊ သစ်ရွက်၊ ငှက်မွေးအပြင် သစ်ခက်အမာလည်းပါရာ ဒိုက်ဖတ်တွေနှင့် ဘေးကပ်ငြိနေသော ကြွက်သိုက်မှာ ဘယ်လိုမှ ကြွက်မကြီးဆွဲတင်ရာသို့ ပါမလာဘဲ အသိုက်လှုပ်ခါသွားသောအခါ အသိုက်ထဲရေသာပိုဝင်လာ၏။ ထိုအခါ ကြွက်မကြီးမှာ သားသမီးခံတနှင့် အသိုက်ထဲ ပြေးဆင်းလိုက်၊ ပြန်တက်လာပြီး အသိုက်ကိုဆွဲလိုက် အသိုက်ကို ဆွဲ၍မရသောအခါ အသိုက်ထဲပြေးဆင်း၍ သူ့သားသမီးတွေကို နှုတ်သီးနှင့် နမ်းတို့လိုက်၊ နှုတ်သီးနှင့် ရေလွတ်ရာကို ထိုးတင်လိုက်။ နောက်တစ်ကောင်က ပြုတ်ကျလိုက်နှင့် ကြွက်မကြီးမှာ ဘယ်လိုမှ ဆောက်တည်ရာမရ ဖြစ်နေရှာသ ဉ်း။

ကြွက်မကြီး၏ အဖြစ်ကို ငေးကြည့်ကာ ကိုမြသောင်း၏ မျက်ဝန်းအိမ်ထဲမှာ မျက်ရည်များဝဲလာ၏။ နေ့ခင်းက သူနှင့် သူ့ဇနီးတို့သည် ရေလွတ်နိုင်သောဆင့်ကို ပင်ပန်းကြီးစွာထိုးပြီး သားသမီးများကို ရေလွတ်ရာဆင့်ပေါ် တင်ထားခဲ့ရသည်။ ကိုယ်ပူနေသော နို့ညှာလေး၏ခြေထောက်ကို ရေစိုမှာစိုး၍ ကိုမြသောင်းဆင့်တင်နေစဉ် အမေလုပ်သူက တစ်ဖက်ခါးတွင် ချီထားရ၏။ နောက်တစ်ဖက် ခါးတစ်ခွင်တွင် နို့စို့ရွယ်တစ်ယောက်။

နောက်တော့ တစ်ယောက်တည်းလုပ်ကိုင်နေရသော ကိုမြသောင်းကလည်း ဆင့်တင်၍ တော်တော်နှင့်မပြီးနိုင်ဖြစ်နေရာ နေမကောင်းသောကလေးငယ်ကို ဆက်ချီမထားနိုင်သော မတင်အေးမှာ အကြီးကိုကုန်းပိုးပြီး အငယ်ကို ခါးထစ်ခွင်ချီကာ ဆင့်ထိုးအပြီးကို ရေတက်နေသော ကြမ်းခင်းပေါ် မတ်တတ်ရပ်၍ စောင့်ဆိုင်းနေခဲ့ရ၏။

ယခု ကြွက်မကြီးသည် သူ့သားသမီးများကို ရေလွတ်ရာသို့ ပို့နိုင်ရန် ကြိုးစားနေသလို သူတို့လင်မယားသည်လည်း နေ့ခင်းက ကြိုးစားခဲ့ကြရသည်။ ကြွက်မကြီးနှင့်သူတို့မှာ ဘဝတူဟုဆိုက မမှားနိုင်ပေ။ သူတို့လို အသိဉာဏ်ရှိသော လင်မယားနှစ်ယောက် ကြိုးစားခဲ့ကြရသည်နှင့်စာသော် အသိဉာဏ်နည်းပါးပြီး လင်သားမပါဘဲ တစ်ကောင်တည်း ကြိုးစားရုန်းကန်နေရသော ကြွက်မကြီး၏ဘဝမှာ ပို၍ပင် သနားစရာကောင်းနေပါလားဟု တွေးမိသွားလေသည်။

ထို့ကြောင့် ကိုမြသောင်းသည် ကြွက်မကြီးကို ထိုးသတ်ရယူလိုစိတ် လုံးဝမရှိတော့ဘဲ "ကြွက်မကြီးရယ်.. နင်နဲ့ ငါတို့က ဘဝတူတွေပါ။ နင့်ကိုငါ မသတ်ရက်ပါဘူး။ နင့်ဝန်တာကို ငါကူညီပေးပါ့မယ်"ဟု စိတ်ထဲက ရေရွတ်ကာ ကြွက်သိုက်ကို မိုန်းနှင့်ကော်ပြီး ရေလွတ်ရာ ဒိုက်မှော်ချုံပေါ် တင်ပေးလိုက်လေသည်။

ဝ ဖိုးဓလျှာ

www.burmeseclassic.com



# ခါးပိုက်နှိုက်အန္တရာယ် သတိထား

ဝင်းဇော် [သုံးဆယ်]

နေ့စဉ်ထုတ် ပုဂ္ဂလိကသတင်းစာများနှင့် အပတ်စဉ်ထုတ် ဂျာနယ်များတွင် ခါးပိုက်နှိုက်ခံရသည့် သတင်းများကို မကြာခဏဆိုသလို ဖတ်ရှုနေရသည်။ ထိုအခါ ခါးပိုက်နှိုက်ခံရသူများအတွက် စာနာမှုဖြစ်ရသည်။ သူတစ်ပါး၏ ပစ္စည်းကို အချောင်နှိုက်ယူစားသောက်သူ ခါးပိုက်နှိုက်များကိုလည်း နာကြည်းစိတ် ဖြစ်ပေါ်ရပါသည်။

တစ်နေ့ ပုဂ္ဂလိကသတင်းစာတစ်စောင်တွင် စာရေးဆရာတစ်ဦး ရေးသားသော "သတိ၊ သင့်အနားမှာ ခါးပိုက်နှိုက်ရှိနေသည်" ဆိုသည့် ဆောင်းပါးကို ဖတ်ရသောအခါ သွားလာရင်း ခါးပိုက်နှိုက်မခံရအောင် သတိထားနေမှုဆိုသည့် အတွေးက ပေါ်လာသည်။

ကျွန်တော် ကြည့်ခဲ့ရသော အငြိမ်ခန်းတစ်ခုတွင် လူရွှင်တော်များ ပြက်လုံးထုတ်ခဲ့သည်ကို သတိရသွားမိသည်။ နိုင်ငံတကာသို့ လှည့်လည်သွားလာနေသည့် ခရီးသည်တစ်ယောက်က လေယာဉ်ပေါ်ကနေပြီး အပြင်ဘက်သို့ လက်ထုတ်ကြည့်ရုံနှင့် မည်သည့်နိုင်ငံသို့ ရောက်နေသည်ကို သိနိုင်သည်ဟု ဆိုသည်။ လူရွှင်တော်ဟစ်ဦးက မည်သို့သိနိုင်တာလဲဟုမေးသည်။ ပထမအကြိမ် လက်ကိုအပြင်သို့ထုတ်ပြီး နမ်းကြည့်တော့ ဝက်သားနံ့နံ၍ တရုတ်ပြည်သို့ ရောက်နေသည်ဟု သိသည်တဲ့။ ဒုတိယအကြိမ် လက်ကိုအပြင်သို့ထုတ်ပြီး နမ်းကြည့်တော့ ရေမွှေးနံ့ရ၍ အိန္ဒိယပြည်ကို ရောက်နေသည်ဟု သိသည်တဲ့။ တတိယအကြိမ် လက်ကိုအပြင်သို့ထုတ်ပြီး နမ်းကြည့်တော့ လက်မှာပတ်ထားသောနာရီ ပြန်ပါမလာတော့၍ မြန်မာပြည်ကိုဖြတ်နေစဉ် ခါးပိုက်နှိုက်ခံလိုက်ရသည်ဟု သရော်ထားပုံမှာ ပညာသားပါလှသည်။

ခါးပိုက်နှိုက်များသည် ကားပေါ်၊ ရထားပေါ်နှင့် လူအုပ်များကြားတွင် အမြဲတမ်း သွားလာလှုပ်ရှားနေကြသည်။ ခါးပိုက်နှိုက်တို့သည် ခေတ်အဆက်ဆက်မှာပင် ရှိခဲ့ကြသည်။ မည်သည့်ခေတ်မှာမှ ပျောက်မသွားခဲ့ချေ။ လူ့လောကတွင် အလုပ်ကို ကြိုးစားလုပ်ကိုင်ပြီး စီးပွားရှာနေသူကြသူများရှိသကဲ့သို့ သူတစ်ပါး ချွေးနှင့်ရှာဖွေထားသည့် ပစ္စည်းဥစ္စာကို အချောင်လိုချင်သည့် လူယုတ်မာ ခါးပိုက်နှိုက်ကဲ့သို့သော လူစားများကလည်း ရှိနေသည့် စက်မှုဇုန်မှ အထည်ချုပ်စက်ရုံများမှ အလုပ်သမ

www.burmeseclassic.com

လေးများသည် လစာထုတ်သည့်ရက်တွင် ခါးပိုက်နှိုက်ခံရသည့်သတင်းများကို ကြားနေရသည်။ သူတို့လေးများ၏ တစ်လစာ ချွေးနဲ့စာကို အချောင်သမား ခါးပိုက်နှိုက်များက ယူသွားရက်သည်မှာ ရက်စက်ရာကျလွန်းသည်။

ခါးပိုက်နှိုက်များကို ဖမ်းဆီးမိ၍ ပြစ်မှုအရ ပြစ်ဒဏ်ကျခံရသော်လည်း ထောင်ကလွတ်ပြီးနောက် သည်ပြစ်မှုကိုပင် ထပ်မံကျူးလွန်နေကြသည်။

တစ်ခါက ခိုးမှုကျူးလွန်သူတစ်ဦးကို ရဲကဖမ်းမိသည်။ ရဲကစစ်ဆေးတော့ မြန်မြန်ဆန်ဆန်ပင် ဝန်ခံသည်။ တရားသူကြီးက ဘာကြောင့် မြန်မြန်ဆန်ဆန် ဝန်ခံရတာလဲဟု မေးတော့ တရားခံက ဆရာတို့ တစ်ခုချင်း စစ်ဆေးနေလျှင် အချိန်ကြန့်ကြာမည်၊ ပင်ပန်းမည်။ ထိုသို့ဝန်ခံလိုက်မှ တရားရုံးကအမိန့် မြန်မြန်ချမည်။ အမိန့်မြန်မြန်ချမှ ထောင်ထဲသို့ အမြန်ရောက်မည်။ ထောင်ထဲသို့ရောက်ပြီး မကြာမီ လွတ်ငြိမ်းချမ်းသာခွင့်နှင့်တိုးလျှင် အမြန်လွတ်မြောက်မည် တဲ့။ သူခိုးပြောသည့်စကားက သူ့အတွေ့အကြုံအရ အဓိပ္ပာယ်ရှိလွန်းလှသည်။

ထောင်မှလွတ်သည့် ခါးပိုက်နှိုက်ကို ထောင်မှုတာဝန်ရှိသူက -

"မင်းတို့ကို နိုင်ငံတော်က လွတ်ငြိမ်းချမ်းသာခွင့်ပေးလို့ ပြစ်ဒဏ်က လွတ်သွားပြီ။ နောက်ကို ဒီလိုခါးပိုက်နှိုက် မလုပ်တော့ဘဲ ရိုးရိုးသားသားလုပ်ကိုင်စားသောက်မယ် မဟုတ်လား"

ဟုမေးသည်။ ထိုအခါ ခါးပိုက်နှိုက်က -

"ဆရာရယ်...ကျွန်တော်တို့လို ထောင်ထွက်ကို ဘယ်သူက အလုပ်ပေးမှာလဲ။ ကျွန်တော်တို့က ဒီလိုပဲ လုပ်စားတတ်တာဆိုတော့ ရဲမမိရင်တော့ စားပေါ့။ ရဲကဖမ်းမိတော့လည်း ထောင်ထဲပြန်ရောက်ပေါ့ ဆရာရယ်"...တဲ့။

အမှန်တော့ ခါးပိုက်နှိုက်များသည် ခွေးမြီးကောက် ကျည်တောက်စွပ် ဆိုသည့်စကားအတိုင်း ထောင်ကလွတ်သည်နှင့် ဆိုးမြဲတိုင်းဆိုးသည်၊ ခိုးမြဲတိုင်းခိုးသည် ဆိုသလို ဖြစ်နေသည်။ တရုတ်နိုင်ငံ အကျဉ်းစခန်းများမှ ထွက်လာသည့် ထောင်ထွက်များကတော့ နောင်တများနှင့်အတူ မည်သည့်အခါမှ ထောင်ထဲသို့ ပြန်မဝင်တော့ကြောင်း မှတ်သားဖူးရာ၊ မြန်မာနိုင်ငံနှင့် နှိုင်းယှဉ်ကြည့်လျှင် အထက်ဖော်ပြပါ တရားခံ၏ ပြောစကားအရဆိုရင် သူတို့သည် ထောင်ကို ခြင်ထောင်ဟု သဘောထားနေသလားမပြောတတ်။

ခါးပိုက်နှိုက်များသည် မည်သည့်အခါမှ တစ်ဦးတည်း မလုပ်ရဲကြ။ သုံးလေးယောက် အတိုင်အဖောက်ညီစွာ လုပ်ရဲတတ်ကြသည်။ ခါးပိုက်နှိုက်သည်ကိုသိ၍ ပူညံပူညံလုပ်လျှင် အုပ်စုဖွဲ့၍ ရန်မူတတ်သည်။

ကားပေါ်၊ ရထားပေါ်တို့၌ ခါးပိုက်နှိုက်ခံရလျှင် လူအများက ကိုယ်နှင့်မဆိုင်သလို နေတတ်ကြသည်။ တာဝန်ရှိသည့် ရဲတပ်ဖွဲ့ဝင်များကလည်း လူအင်အားနည်းလွန်းလှသဖြင့် ပြစ်မှုကြီးများ မဖြစ်အောင်သာ ဂရုစိုက်နေကြရ၍ ခါးပိုက်နှိုက်များအခွင့်အလမ်းကောင်းသလို ဖြစ်နေသည်။

ခါးပိုက်နှိုက်များ၏ အတင့်ရဲမှုမမြင့်မားလာစေရန် ပြည်သူအများက တာဝန်သိစိတ်ဖြင့် ပူးပေါင်းဆောင်ရွက်တတ်ဖို့ လိုပါသည်။ ပြည်သူများက ရဲတပ်ဖွဲ့ဝင်များနှင့် လက်တွဲပူးပေါင်းကာ ခါးပိုက်နှိုက်များကို သတ္တိရှိရှိ ဖော်ထုတ်ပေးရပါမည်။

ကားပေါ်၊ ရထားပေါ်တွင် "ခါးပိုက်နှိုက် သတိပြု"ဆိုသည့် စာတန်းများကို ချိတ်ဆွဲပေးထားရာ ကားပေါ်၊ ရထားပေါ်သို့ ရောက်သည်နှင့် ခါးပိုက်နှိုက် မခံရအောင် သတိထားနေရပါမည်။ ခါးပိုက်နှိုက် ခံရပါကလည်း နီးစပ်ရာ ခရီးသွားဖော်အား ပြောပြအကူအညီတောင်းသင့်ပါသည်။

ယခုအခါ မြန်မာနိုင်ငံတွင် ခါးပိုက်နှိုက်မခံရဖူးသူများ မရှိသလောက်ပင် ဖြစ်နေသည်ဟု ဆိုချင်ပါသည်။ အနည်းနှင့် အများသာ ကွာခြားကြသည်။ တာဝန်သိပြည်သူများနှင့် တာဝန်ရှိ ရဲတပ်ဖွဲ့ဝင်များက စည်းလုံးသော စိတ်ထားများနှင့် မနှိမ်နင်းနိုင်ကြလျှင် ပြည်သူလူထုအပေါင်း၏ ချွေးနဲ့စာကို အချောင်လမ်းနည်းဖြင့် ခါးပိုက်နှိုက်နေကြသူတို့၏ အန္တရာယ်ကို တားဆီးနိုင်ကြမည် မဟုတ်ပေ။

ယခုအခါ နိုင်ငံတော်၌ ဥပဒေပြုလွှတ်တော်ကြီး သုံးရပ်ဖြင့် နိုင်ငံတော်အတွက် လိုအပ်သည့် ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းလျက်ရှိရာ တစ်နေ့ထက် တစ်နေ့ အတင့်ရဲ သောင်းကျန်းလာကြသော ခါးပိုက်နှိုက်အန္တရာယ်များ ပပျောက်သွားစေရေးအတွက် ခါးပိုက်နှိုက်နှိမ်နင်းရေး ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းပေးရန် အရေးတကြီး လိုအပ်နေပါကြောင်း ရေးသားတင်ပြလိုက်ရပါသတည်း။

**ဝင်းဇော် (သုံးဆယ်)**

၀၉ ၂၆၁၄ ၁၃၇၂



www.burmeseclassic.com

www.burmeseclassic.com

# တိုင်စာ ခိုင်မာဖို့လိုသည်

■ နတ်တလင်းချစ်လွင်

နာမည်ကျော် စာရေးဆရာကြီး မောင်ထင်၊ သူခေတ်သူ့အခါက အုပ်ချုပ်သူ ကိုလိုနီနယ်ချဲ့တို့ကို ပြောင်လှောင်သရော်၍ ကျေးငှားရှင်တောင်သူလယ်သမားကြီးများကို "ဘော" ဟု ရင့်ရင့်သီးသီး သုံးနှုန်းကာ ဂန္ထဝင်ဝတ္ထုရှည်ကြီးဖြင့် တိုက်ပွဲဝင်ပေးခဲ့သည်။ ပဒေသရာဇ်ခေတ် အသုံး လူနာမည်တွင် "င" တပ်ခြင်းက အကြောင်းကြောင်းကြောင့် ဦးနှိမ်ချိုးဖဲ့ရာ ရောက်ခဲ့သော်လည်း ကာလအတန်ကြာ လာသောအခါ ခေတ်ရေစီးကြောင်းအရ အဆိုပါ "ဘော" တို့ကိုပင် "ဦးကြီး" ဟု ဦးညွှတ်ဂါရဝပြု ခေါ်ဝေါ်သုံးစွဲလာခဲ့သည်။ သို့သော် တောရွာနေသူအများကိုမူ "တောသား၊ ဗိုက်ထဲမှာ ရွှံ့တစ်ခွဲသားနဲ့ ကောင်" ဟူ၍လည်းကောင်း၊ အကြောင်းကိစ္စတစ်ခု လူအများသိပြီးဖြစ်သည်ကို လူတစ်ဦးက ရေးကြီးခွင်ကျယ်လုပ်၍ ပြောနေလျှင်လည်း "ဒီမှာ လာမပြောနဲ့ တောမှာသွားပြော" ဟူ၍လည်းကောင်း ချိုးနှိမ်တတ်ကြသည့် အလေ့အကျင့်ကား ယခုတိုင်မပျောက်ချင်သေး။

တကယ်တော့ မောင်ချစ်ဆိုသူမှာလည်း မြို့ကြီးသားမဟုတ်၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့နယ်၊ တာပွန်မြို့ဆိုသော ရွာကြီးမှ မွေးဖွားခဲ့သော တောသားစစ်စစ်ဖြစ်ပါ၏။ စစ်ပြေးကာလမွေး တောသားလေးပါ။ ကမ္ဘာမှာကြည့်ကြည့်၊ မြန်မာမှာကြည့်ကြည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ခေါင်းဆောင်ခဲ့ကြသူများ၊ ခေါင်းဆောင်နေသူများ အများအပြားမှာ ကျေးရွာနေပုဒ်က ဆင်းရဲချို့တဲ့ ပညာသင်နောက်ကျရနှင့် လူမှုဒုက္ခအဖုံဖုံ၊ ခါးစည်းခံခဲ့ရတဲ့ ကျေးတောသားများသာပါ။ သို့သော် ယနေ့ဂလိုဘယ်လိုက်ဇေးရှင်း (Globalization) ခေတ်ကြီး ရောက်သည့်တိုင် ကျေးလက်နေသူ ပြည်သူပြည်သားများကို ကိုရွှေမြို့ကြီးသားတို့က နုံတုံအတလူ့အနွတွေဟု သတ်မှတ်ပြီး အထင်အမြင်သေး ဆက်ဆံပြောဆိုချင်ဆဲပါ။

ထိုအတူ ယနေ့ခေတ်စားနေသော "တိုင်စာ" ကိစ္စတွင်လည်း "ကိုယ့်လူ ကိုယ့်ထမင်းကိုယ်စားပြီး" အေးအေးနေ၊ သွားမလုပ်နဲ့၊ တော်ကြာ အဖွဲ့နဲ့ စစ်လားဆေးလားလုပ်ရင် ကိုယ်ပြတဲ့သက်သေတွေက အကြောင်းကြားလုပ်ပစ်တာ။ ဒီတော့ မခိုင်မာဘူးဆိုပြီး ကိုယ့်ရှုးကိုယ်ပတ် ကိုယ်အရေးယူမခံရတာ တော်သေးရဲ့၊ အရေးယူခံရသူတွေ အပုံအပင်ဟူ၍လည်းကောင်း။

"တိုင်စာ" စစ်ဆေးတဲ့အဖွဲ့ကလည်း တို့ဘုရားက မယားဘက်ခပ်ပါပါဆို လိုတိုးပိုလျှော့ ဟိုဖုံးဒီဖိ စစ်သွားတာချည်းပဲ၊ အမှန်တရားပေါ်ဖို့ဆိုတာ ဝေလာဝေးဟူ၍ တစ်ဖုံ။

ပတ်ဝန်းကျင်မှ ဝေဖန်ရေးနှင့် လေကန်ရေးလုပ်သူတို့ကလည်း စိတ်ပျက်စရာ၊ ထို့ထက်...

ဖြစ်မှုဆိုင်ရာ အထူးအယူခံမှု အမှတ်(၉/၀၈) ဖြင့် ၂၉-၉-၁၁ ရက်နေ့က တရားလွှတ်ချုပ် ရုံးညီခုံရုံး (မြန်မာနိုင်ငံ၏ အမြင့်ဆုံးတရားရုံး)က ချမှတ်သော စီရင်ထုံးကလည်း တိုင်သူတို့စဉ်းစားစရာ ဖြစ်စေသည်။ ဟာ... မလွယ်ပါလား။ ပုဒ်မ(၅၀၀) (အသရေဖျက်မှု)နဲ့ တိုင်သူ ခများပြန်ပြီး တရားစွဲခံရလို့ ဘုရားခံဖြစ်၊ တရားရုံးအဆင့်ဆင့် ဖြေရှင်းရသတဲ့ဟု သိရှိဖတ်ဖူးသူတို့မှတ်ချက်ချ သုံးသပ်မိအောင် ဖြစ်စေပြန်သည်။ အမှုက ဒီလိုပါ။

မန္တလေးတိုင်း နွားထိုးကြီးမြို့နယ် တရားရုံးမှ ရွှေဒိတ်ကျေးရွာအုပ်စု၊ တက်စီကျေးရွာ မူလတန်းကျောင်းအုပ်ဆရာမကြီးအား ၎င်းရွာနေ ဦးမြသိန်း၊ ဦးပေါ်စိန်တို့က မဟုတ်မမှန် လုပ်ကြံ၍ ပညာရေးဝန်ကြီးဌာနသို့ တိုင်ကြားခဲ့သဖြင့် မန္တလေးတိုင်းပညာရေးမှူးရုံးမှ ဆရာမကြီးကို အဖွဲ့ဖြင့် စစ်ဆေးခဲ့သည့်အတွက် ဆရာမကြီး၏ ဂုဏ်သိက္ခာ ညှိုးနွမ်းကျဆင်းသဖြင့် တိုင်ကြားသူငနဲ့ကို အသရေဖျက်မှုဖြင့် အရေးယူပေးရန် ဆရာမကြီးက တရားလိုပြုလုပ် တိုင်ကြားခဲ့သည်။

ထိုအဖွဲ့ကို နွားထိုးကြီးမြို့နယ် တရားရုံးက အမှုအမှတ် (၄၀/၀၇) ပြစ်မှုပုဒ်မ(၅၀၀)နှင့် ဦးမြသိန်း၊ ဦးပေါ်စိန်တို့အပေါ် အမှုဖွင့်စစ်ဆေးခဲ့သည်။ မြို့နယ်တရားရုံးက ၎င်းတို့နှစ်ဦးကို အပြစ်ရှိ

www.burmeseclassic.com

သည်ဆိုကာ ယင်းပုဒ်မအရ အလုပ်မှ ထောင်ဒဏ်တစ်နှစ်စီ ချမှတ်ခဲ့သည်။ ဦးမြသိန်းတို့က ယင်းအမိန့်ကို မကျေနပ်၍ အထက်ခရိုင် တရားရုံး၊ တိုင်းတရားရုံးအထိသို့ အယူခံ/ပြင်ဆင်မှု လျှောက်ထားခဲ့ရာ အကျဉ်းနည်းဖြင့် ပလပ်ခြင်းခံရသည်။ ထို့ကြောင့် တရားရုံးချုပ်(မန္တလေး)သို့ ပြန်လည်လျှောက်ထားပြန်ရာ ပလပ်ခြင်းခံရပြန်သည်။ ထို့ကြောင့် ယခုကဲ့သို့ အထူးအယူခံ တင်သွင်းခြင်းဖြစ်သည်။ ယင်းရုံးက ဆုံးဖြတ်ရာတွင်

"မူလရုံး တရားခံနှစ်ဦးသည် ကျေးရွာဆေးပေးခန်း၊ စာကြည့်တိုက်၊ လမ်းပြုပြင်ခြင်း စသည့် လူမှုရေးလုပ်ငန်းများကို စိတ်ပါဝင်စားစွာ လုပ်ကိုင်ကြသူများဖြစ်သည်ဟု အမှုတွဲတွင်ပေါ်ပေါက်သည်။ ထိုအချက်အရ တရားခံများတိုင်ကြားသည့် မိမိတို့ကျေးရွာ၏ ပညာရေးတိုးတက်စေရန် ကျောင်းကို အမှန်တကယ် ဂရုပြုဆောင်ရွက်မည့် ကျောင်းအုပ်တစ်ဦးနှင့် အမြန်ဆုံး လဲလှယ်ပေးပါရန် အဆိုပြုတိုင်ကြားခြင်းသည် မမှန်ကန်သော ပုဂ္ဂိုလ်ရေးအမြင်မကြည်လင်မှုကြောင့်ဆိုသည့် စုံစမ်းရေးအဖွဲ့၏ သုံးသပ်ချက်သည် မှန်ကန်သည်ဟု မဆိုနိုင်ပေ။ ကျောင်းနှင့် ကျောင်းသား/ကျောင်းသူများ၏ ကောင်းကျိုးအတွက် သဘောဖြင့် တိုင်ကြားသည်ဟုသည့် တရားခံများ၏တင်ပြချက်သည် အကြောင်းအကျိုးနှင့်လျော်နေသည်။ သို့ဖြစ်၍ အရာရှိကြီးအပေါ် စွပ်စွဲတိုင်ကြားမှုပြုခြင်းသည် အများပြည်သူအကျိုးအတွက် ပြုလုပ်ခြင်းဖြစ်၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ(၄၉၉) ပထမခြွင်းချက်နှင့် အကျုံးဝင်သည်။

"ဤအခြေအနေတွင် တရားခံများအား တရားရုံးအဆင့်ဆင့်က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ(၅၀၀)အရ ပြစ်မှု ပြစ်ဒဏ် စီရင်ခြင်းသည် ဥပဒေနှင့် ညီညွတ်မှန်ကန်သည်ဟု မဆိုနိုင်ပေ"ဟု သုံးသပ်ပြီး မူလရုံးက ပြစ်ဒဏ်ချမှတ်ခြင်း၊ ၎င်းပြစ်ဒဏ်ကိုလည်း တရားရုံးအဆင့်ဆင့်က အတည်ပြုခြင်းတို့ကို ပယ်ဖျက်ရန် တရားခံနှစ်ဦးကို အပြစ်မှ အပြီးအပြတ်လွှတ်ခဲ့ကြောင်း၊ တွေ့ခဲ့ရပါသည်။ (တိုင်စာတိုင်မိသူတို့မှန်လျှင် အမောတကော တရားရုံးအဆင့်ဆင့်တက်ပြီး ဖြေရှင်းရတာ"မောတော့မော်တာပေါ့၊ ဒါပေမယ့် မမောဘူး"လို့ စိုင်းထီးဆိုင်သီချင်းလို ဖြေသိမ့်နိုင်ဖို့တော့ လိုကြောင်း မီးမောင်းထိုးပြတဲ့ စီရင်ထုံးကြီးပါပဲ)အများအကျိုးဆောင်ရွက်တတ်သူများအတွက် ကိုယ်ကျိုးပစ် စွန့်လွှတ်အနစ်နာခံတာဆိုတော့ ဒီအခက်အခဲမျိုး ပျင်းတောင်ပျင်းသေး။ အေးဆေးပေါ့ ဟုတ်လား။

ဒါနဲ့ တစ်ဆက်တည်း တိုင်စာဒုက္ခပေးပုံနှင့်ပတ်သက်ပြီး ဆောင်းပါးရှင်(--)၏ "FASHION IMAGE" မဂ္ဂဇင်း အတွဲ(၁၂)၊ အမှတ်(၁၁)၊ ၂၀၁၁၊ ဇန်နဝါရီလထုတ်ပါ "နိမိတ်ကောင်းဖို့ လိုတယ်"ဆောင်းပါးကို တင်ပြပါရစေ။

မနက်ဖြန် နှစ်ဆန်း ၁ ရက်နေ့၊ ဘယ်လိုကောင်းမှုတွေလုပ်ရင် ကောင်းမလဲတွေးရင်း တပ်တွင်းရုံးများက ရေကန်မှာ ရေချိုးနေတုန်း···

"ဗိုလ်ကြီး ဗိုလ်ကြီး ရပ်ပါဦး။ ပြဿနာဖြစ်နေပြီ။ လမ်းစဉ်လူငယ်တွေနဲ့ တပ်ကလူတွေ ပြဿနာဖြစ်နေတာ သူတို့လူတွေ အများကြီးပဲ"

"ဟော···ဗုဒ္ဓေါ"

ခေါင်းကိုဆပ်ပြာတိုက်ပြီး ရေတစ်ခွက်ခံ လောင်းရုံပဲရှိသေးတယ်။ ကင်းက ရဲဘော် လာခေါ်လို့ ဘမောင် ပြဿနာဖြစ်တဲ့ဆီ အပြေးထွက်ခဲ့တယ်။ တပ်တွင်း သက်သာချောင်ချိရေးဆိုင်လေး အဖျက်ခံလိုက်ရတာ တွေ့လိုက်ရပါတယ်။ အိမ်ထောင်သည်လိုင်းဘက်မှာလည်း အပြာရောင်တွေ ဖွေးနေတာပဲ တွေ့လိုက်ရပါတယ်။ အဲဒီတုန်းက လမ်းစဉ်လူငယ်တွေရဲ့ ယူနီဖောင်းက အပြာရောင်ဝတ်စုံပါ။ တပ်တွင်းကျန်ခဲ့တဲ့ ရဲဘော်ဆယ့်လေးငါးယောက်ကလည်း ထွက်ပြေးလာပြီး ထိပ်တိုက်တွေ့တော့မယ့်ဆဲဆဲမှာ ဘမောင်ရောက်သွားပါတယ်။

တော်ပါသေးရဲ့ အကျယ်အကျယ် ဘာမှမဖြစ်လို့၊ ဘမောင်တားလိုက်နိုင်ပါတယ်။ အတွေ့အကြုံသစ်တစ်ခု ရတာပဲဆိုပြီး ရေမြန်မြန်ချိုး ထမင်းစားတုန်း ဖုန်းဝင်လာပါတယ်။

"တပ်မှာ ဘာဖြစ်သွားသေးလဲ ဘမောင်"

"ကြီးကြီးကျယ်ကျယ်တော့ မဖြစ်ပါဘူး တပ်မှူး"

ဘမောင် တပ်မှူးကို မကျဉ်းမကျယ် ရှင်းပြလိုက်ပါတယ်။

"ဖြစ်တယ် ကိုဘမောင်။ မိုးမီးလောင်နေတယ်။ သူတို့က ခင်ဗျားကို မူးပြီး ဒေသနုတ်ပြုတယ်ဆိုပြီး တိုင်ထားတယ်"

"ခင်···ခင်···ဗျာ"

"ပါတီကို စော်ကားတဲ့စကားတွေ ထည့်ပြောတယ်လို့ ပါတယ်"

"ဘုရား···ဘုရား ကယ်တော်မူပါ"

ဘမောင်ကို တိုင်လိုက်တဲ့ပုဒ်မက ဘယ်လောက်ကြီးတယ်ဆိုတာ တွေးကြည့်နိုင်ပါတယ်။ လမ်းစဉ်ပါတီကို စော်ကားမှု၊ အရက်မူးမှု၊ လက်နက်နှင့်ခြိမ်းခြောက်မှု။

အဲဒီတုန်းက သိတယ်မဟုတ်လား။ တစ်ပါတီတည်းရှိတဲ့ ပါတီဆိုတော့ နည်းနည်းလေးမှ ထိပါးလို့ရတဲ့အရာမဟုတ်ဘူး။ ဒေသပါတီဥက္ကဋ္ဌတွေက စစ်တိုင်း



www.burmeseclassic.com

www.burmeseclassic.com

မှူးတွေရဲ့ အထက်မှာရှိနေတဲ့ခေတ်။ အားလုံး "ဗိုလ်ဘမောင်"တော့ ပြုတ်ပြီလို့ စုတ်တသပ်သပ်နဲ့ သနားနေကြတယ်။ ပုံမှန်အမှုဖြစ်ရင် စုံစမ်းစစ်ဆေးရေးအဖွဲ့မှာ ဥက္ကဋ္ဌက ဒုတိယဗိုလ်မှူးကြီး။ အဖွဲ့ဝင်နှစ်ဦးကလည်း ဒုဗိုလ်မှူးကြီးတွေပဲ။ ဘမောင်ပြုတ်ဖို့ သေချာနေသလိုပါပဲလေ။

ဘမောင်ကို အဖွဲ့က စစ်ပါတယ်။

"မင်း တစ်ပတ်မှာ အရက်ဘယ်နှကြိမ်သောက်တတ်သလဲ"

"ကျွန်တော် လုံးဝအရက်မသောက်တတ်ပါဘူး"

"ဘီယာရော"

"ကျွန်တော် ဒီတပ်ရောက်တာနှစ်နှစ်ကျော်သွားပါပြီ။ တစ်ခါမှ မသောက်ဖူးပါဘူး။ တပ်ကလူတွေ တစ်ဦးမကျန်ခေါ်မေးနိုင်ပါတယ်"

ခုံရုံးဥက္ကဋ္ဌဗိုလ်မှူးကြီး ခေါင်းကုတ်သွားရှာသည်။ တိုင်ချက်နဲ့ တက်တက်စင်လွဲနေတာကိုး။

ဘမောင် ကံကောင်းသွားတယ်။ အရက်ရဲ့အရသာကိုမကြိုက်လို့ ဘမောင်လုံးဝမသောက်တာ၊ တိုင်တဲ့သူတွေ သိဟန်မတူဘူး။ တပ်ကလူတွေကို စစ်ပြီးတော့ ဘမောင် လုံးဝမသောက်တာ သိသွားရာကစပြီး နောက်ဆွဲချက်တွေပါ ဥက္ကဋ္ဌလုပ်သူက သံသယရှိလာတယ်။

"လမ်းစဉ်ပါတီကို ဖော်ကားသလိုဖြစ်တဲ့စကားမျိုး ဘာတွေပြောမိသလဲ"

"မြန်မာပြည်မှာ တစ်ပါတီတည်းရှိမှန်း တပ်ထဲဝင်ခါစ ရဲဘော်သစ်လေးတွေတောင် သိပါတယ် ဗိုလ်မှူးကြီး။ အရာရှိတစ်ယောက် အဲသလိုပြောနိုင်လောက် ရှိ မရှိ စဉ်းစားနိုင်ပါတယ်ခင်ဗျား"

ပြဿနာဖြစ်တုန်းက အနားမှာရှိတဲ့ရဲဘော်တွေ လမ်းစဉ်လူငယ်အချို့ကို စစ်တော့ ဘမောင်ဘာမှမပြောဘူးဆိုတာ တဖြည်းဖြည်းပေါ်လွင်လာပါတယ်။

"အချင်းဖြစ်တဲ့နေရာကို မင်းလက်နက်ယူလာသေးလား"

"ကျွန်တော် ဘောင်းဘီတိုတစ်ထည်နဲ့ ရေချိုးနေပါတယ်ခင်ဗျား။ လက်နက်ယူလာဖို့နေနေသာသာ ကျွန်တော်ကိုယ်က ဆပ်ပြာအမြှုပ်တွေတောင် ရေကောင်းကောင်း မဆေးနိုင်ခဲ့ပါဘူး"

.....

.....

....တပ်ရှေ့နားမှာနေတဲ့ ၁၂ နှစ်သားလူငယ်လေးတစ်ဦးက လမ်းစဉ်လူငယ်ကားတန်းကို ရေပက်လိုက်ရာမှ ဖရဲသီးစိတ် ပါသွားပြီး တစ်ယောက်ယောက်ကို ထိတယ်နဲ့တူတယ်။ စိတ်ဆိုးပြီး တပ်ကပက်တာလို့ထင်တာ။ လူအုပ်အားကိုးနဲ့ သူတို့ရမ်[illegible]းတာ။ လက်လွန်ခြေလွန် လုပ်[illegible]ြးတော့မှ သူတို့လူကြီးတွေ ဆူမှာစိုးလို့ အစိုးရိမ်လွန်ပြီး ဇာတ်လင်းဆင်၊ ဘမောင်ကို ဦးအောင်တိုင်တဲ့ကိစ္စ ဘုမသိ၊ ဘမသိနဲ့ ဘမောင်တို့ ခံလိုက်ရပုံများ။

.....

.....

ကံတရားက ဘမောင်ကို ပစ်မထားခဲ့ပါ။ ရန်ကုန်တိုင်း တိုင်းမှူးဗိုလ်ချုပ်ဖေမြိုင်ရဲ့ မှတ်ချက်က ဘမောင်အတွက် အပြစ်ဆိုလို့ မြူမှုန်တစ်စက်မှု မထိပါးစေရပါ။ အရာရာတိုင်းဟာ အမှန်တရားဖြစ်လာခဲ့ပါတယ်။ ယူနီဖောင်းချွတ်ရမယ်လို့ လုံးဝမျှော်လင့်ထားတဲ့ ဘမောင်တစ်ယောက် ယူနီဖောင်းမချွတ်ရတဲ့အပြင် သတိပေးလက်မှတ်ထိုးဆိုတာလောက်တောင် မလုပ်ခဲ့ရပါဘူး။ မှန်တာကို ဆုံးဖြတ်နိုင်တဲ့ ဆုံးဖြတ်ခဲ့တဲ့ လူကြီးတွေကို ရင်ထဲက ကန်တော့လိုက်ပါတယ်...ဟူ၍ ဖတ်ရှုရသည်။

တကယ်တော့ "တိုင်စာ"သည် အထက်ပါဖြစ်ရပ်ကဲ့သို့ ကိုယ်ကျိုး(သို့) အဖွဲ့အစည်းအကျိုးအတွက် ဘေး၊ ဆီး၊ ရန်ကာ လုပ်ရပ်များဖြစ်နေလျှင် တိုင်ကြားခံရသူအတွက် အကြောင်းမဲ့စိတ်ဆင်းရဲမှုဖြစ်ရမည်။ ထိုစိတ်ဆင်းရဲမှုအတွက် တိုင်သူတို့ ဝမ်းသာရန်မဟုတ်။ ဝမ်းသာလျှင်လည်း တဒင်္ဂသာဖြစ်လိမ့်မည်။ ထို့အတူ "ကာလဝိပါတ်နောက်ပိုးတက်"ဆိုသော စကားနှင့်အညီ မိမိတို့သည်လည်း အနေးနှင့်အမြန်ဆိုသလို ဆိုးကျိုးကိုခံရမည်။ "တိုင်စာ"ဟူသည် လုပ်ပိုင်ခွင့်ရှိသူ၊ တာဝန်ရှိသူ၊ အာဏာရှိသူတို့ မဖောက်ပြန်၊ မမှားယွင်းစေဘဲ "ရိုးရိုးကျင့် မြင့်မြင့်ကြံ"၍ မိမိတို့လုပ်ငန်းတာဝန်ကို အများအကျိုးအတွက် သယ်ပိုးထမ်းဆောင်နိုင်ကြဖို့ ဖြစ်သည်။ "တိုင်စာ"၏ ပင်ကိုသဘာဝသည် ရိုးသားသန့်ရှင်းဖြူစင်၍ ထိုတိုင်စာကို အလွဲသုံးလျှင် "မသမာမှု လုပ်ဆောင်မှု ယခုဆင်းရဲ နောင်လဲမွဲမည်"ဆိုသော သံဝေဂစကားနှင့်အညီ တုံ့ပြန်မှုခံရမည်။ မကောင်းမှုလုပ်လျှင် မကောင်းတဲ့အကျိုးပေးမည်။ ကောင်းမှုလုပ်လျှင် ကောင်းတာအကျိုးပေးမည်ဟူသော လောကပါလ သစ္စာတရားနှင့်အညီ တိုင်စာကို အနက်ဆိုး၍ အမှုက်ပိုးဝင်ခြင်း မပြုလုပ်ကြပါနှင့်။ သို့ဆိုပါလျှင် တိုင်စာတန်ဖိုး မြင့်တက်၍ တိုင်စာလား၊ တောမှာသွားပြောခေတ် ကုန်မည်ဖြစ်ပေသတည်း။

နတ်တလင်းချစ်လွင်

၀၉-၄-၂၅၃၀၇၃

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

# မိဘကျေးဇူး ဆပ်ဖူးပါသည်

လေးမောင်

တောတွင်းမှာနေပြီး ကျင်လည်ကျက်စားနေကြသည့် သားကောင်တို့သည် သူတို့ဘဝပေးအသိဖြင့် ကျရောက်မည့် ဘေးအန္တရာယ်ကို ရှောင်တိမ်းတတ်ကြသည်။ ထိုသို့မရှောင်တိမ်းတတ်လို့ကလည်းမရ။ သူတို့ဖြတ်သန်းခဲ့ကြရသည့် ဘဝခရီးတစ်လျှောက်လုံးကိုလည်း ကြည့်ဦးလေ၊ သူတို့ဘဝတွေက သဘာဝဘေးအန္တရာယ်များဖြစ်ကြသော မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ လေမုန်တိုင်း၊ သဲမုန်တိုင်း၊ ဆီးနှင်းမုန်တိုင်း တိုက်ခိုက်ခြင်း၊ မြေပြိုခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ တောမီးလောင်ခြင်း၊ အပူလွန်ကဲခြင်း၊ အအေးလွန်ကဲခြင်း စသည်တို့ကို ဖြတ်သန်းကျော်လွှားခဲ့ကြရသည်။ ထိုအပြင် လူသားတို့ပယောဂကြောင့် ဖြစ်ပွားခဲ့ကြသည့် စစ်ဘေးစစ်ဒဏ်၊ တီထွင်စမ်းသပ် ဖောက်ခွဲကြသည့် လက်နက်ကြီးများဒဏ်၊ သားသတ်မုဆိုးတို့၏ ပစ်ခတ်သတ်ဖြတ်ခြင်း ဒဏ်အပြင်၊ အမဲလိုက်ကာ ရှာဖွေစားသောက်တတ်ကြသည့် အသားစားသတ္တဝါများ၏ သတ်ဖြတ်ခြင်းဒဏ်ကိုပါ ခံနေကြရသည့်အတွက် အမြဲတမ်းအချိန်တိုင်းလို သွားသတိ၊ စားသတိ၊ အိပ်စက်နားနေခြင်းကိုပင် သတိနှင့်ယှဉ်ကာ မပြတ်သောသတိနှင့် စားစားသွားသွား လုပ်နေကြရသည်ပဲမဟုတ်ပါလား။

ယခုလည်း သားကောင်က သူ့တွင်ကျရောက်လာမည့် အန္တရာယ်ကို ရှောင်ကွင်းကာ ကျင်လည်ရာတောကြီးအတွင်း နည်းပေါင်းစုံသုံးကာ အန္တရာယ်ကို တိမ်းရှောင်လှည့်စားနေသည်။

မုဆိုးလုပ်သူ ကျွန်တော်ကလည်း ခြေရာကောက်လျက် မပစ်ရမချင်း နောက်ကိုပြန်မလှည့်ဟု ဆုံးဖြတ်ချက်ချထားသူမို့ မြေပြင်တွင် ထင်နေသည့် သားကောင်၏ ခြေရာကိုကြည့်ရင်း မနားတမ်းလိုက်နေသည့်တိုင် သားကောင်ကြီးအရိပ်အယောင်ကို မမြင်တွေ့ရသေး။ သားကောင်ကလည်း တောကျွမ်းသူမို့ ခြေရာဖျောက်ကာ မုဆိုးဖြစ်သူ ကျွန်တော့်ကို လှည့်စားနေတုန်း။ သို့တိုင်အောင်လည်း ကျွန်တော်က ခြေရာကောက်ရင်း နောက်ကထက်ကြပ်မကွာလိုက်နေမိပြန်သည်။

နေမွန်းတည့်ချိန်တွင် အရိပ်ရပင်ကြီးအောက် ခေတ္တအပန်းဖြေ နားနေလိုက်ရင်း ယူဆောင်လာသည့် ထမင်းထုပ်ကိုယူ စားသောက်ဗိုက်ဖြည့်လိုက်ပေသည်။

ထမင်းစားလို့အပြီး အသာမြေအိတ်ကပ်အတွင်းက ရှမ်းဖက်လိပ်ကို ထုတ်လျက် မီးတို့ဖွာရှိုက်ကာ၊ ယခုလိုက်နေသည့်သားကောင်နောက် သဲသဲမဲမဲ လိုက်နေရသည်ကို ပြန်လည်တွေးတောနေလိုက်မိပေသည်။

\+ + + + +

အမေ့ကျန်းမာရေးက ယခင်ကလို မဟုတ်တော့။ စိတ်ကိုတင်းထားပေမယ့် ရေရှည်တောင့်မခံနိုင်။ သည်အတိုင်းဆိုလျှင် လုံးပါးပါးပေတော့မည်။ အမေက သူ့ရင်တွင်ခိုစားချက်နှင့်ဒါတူ သားဖြစ်သည့် ကျွန်တော့်အား အမဲမလိုက်ရဟု တားမြစ်ထားသော်လည်း ကျွန်တော့်တွင် ငွေရှာရန်နည်းလမ်းကို မသိသေးသည်ပဲကိုး။

တစ်ခုတော့ရှိသည်။ ရွာတွင်းရှိသော သူငယ်ချင်းများလုပ်ကြသည့် ထင်းခုတ်၊ သစ်လှဲ၊ လဲဝင်းဖြတ်၊ မီးသွေးဖုတ်၊ စလူ၊ ခနဲ၊ တောင်ထန်း၊ ကြိမ်ခုတ်သည့်အလုပ်တွေကို လိုက်လုပ်လျှင်ရသည်ဆိုပေမယ့် တောထဲမှာ လေးငါးညအိပ်ပြီး လုပ်ရမည့်အလုပ်မျိုးဖြစ်၍ အမေက ကျွန်တော့်ကို စိတ်မချသည့်အတွက် ခွင့်မပြု။ ခွင့်ပြုလျှင်လည်း လိုအပ်နေသည့်ငွေကို ချက်ချင်းရနိုင်

www.burmeseclassic.com

မည်လည်း မဟုတ်။ ငွေရမည့်အချိန်ထိလည်း အမေ့ရောဂါက တောင့်ခံနိုင်မည့် အနေအထားမျိုးမဟုတ်၊ သို့အတွက် အမေသိမ်းဆည်းထားသည့် အမေ့သေနတ်ကို ခိုးယူကိုင်ဆောင်ကာ လိုအပ်သည့် အမေ့ဆေးဖိုးဝါးခငွေကို ရအောင်ဖန်တီးမည်ဟူသော ဆုံးဖြတ်ချက်ဖြင့် ယခုလို သားကောင်ခြေရာကောက် လိုက်လံပစ်ခတ်နေရခြင်း ဖြစ်ပေသည်။

အဘယ့်ကြောင့်ဆိုသော် အဖေသေဆုံးပြီးနောက် နှစ်နှစ်အတွင်း အမေ့တွင် စွဲကပ်လာသည့် ကျန်းမာရေးကြောင့်ဖြစ်သလို၊ သည်အတိုင်းထားလျှင် လုံးပါးပါးတော့မည့် အနေအထားမှာ ပိုမိုဆိုးဝါးလာခြင်းကြောင့် ဖြစ်သည်။

အမေ့တွင် ခင်ပွန်းဖြစ်သူက အသေဆိုးနှင့် သေဆုံးခဲ့ရသလို အရွယ်မရောက်သေးသည့် ကျွန်တော့်အတွက်ကြောင့်ပါ စိတ်သောကဖိစီး ခံစားနေရပုံလည်းရသည်။ အဖေသက်ရှိထင်ရှားရှိခဲ့စဉ်ကာလက မုဆိုးလုပ်ငန်းဖြင့် ရိုးမကြီးအတွင်းရှိ သားကောင်ပေါင်းစုံကို လှည့်ပတ်ရှာဖွေ ပစ်ခတ်လုပ်ကိုင် ကျွေးမွေးသလို၊ အမေကလည်း တောထွက်ပစ္စည်းများဖြစ်သည့် မှိုနတ်၊ မျှစ်ချိုး ပုတတ်စာထူး ဖလံတောင်ဓေးနတ်၊ ဧရစ်ရိုးဖြတ်၊ တောက်တာ၊ ဂုံမင်းနတ်သည့်အပြင် ဓနိ၊ တောင်ထန်း၊ သက်ငယ်၊ ကြိမ်ခုတ်ကာ သပြေပါမကျန်ချိုးပြီး ဈေးသည်ပေးကာ ရောင်းပြီး တစ်ဖက်တစ်လမ်းက ကူညီနေသဖြင့် မိသားစုစားဝတ်နေရေးက အဆင်ပြေနေသည်။

ကံဆိုးချင်တော့ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ဖခင်ကြီး တောပုန်းချောင်းထွက်ရင်း ဟင်းမျိုးကြီးတစ်ကောင်နှင့်တိုးကာ ကိုယ်ကာပစ်၊ သူက ကိုက်ရင်း ဟင်းမျိုးကြီးကို ရလိုက်ပေမယ့် ဖခင်ကြီးမှာလည်း ထိုအကောင်ကြီးလက်ချက်ဖြင့် အသက်ပေးလိုက်ရပြန်သည်။

ထိုအချိန်က လူလားမမြောက်သေးသည့်ကျွန်တော့် မိခင်ရင်ခွင်တွင်းမှ ကြီးပြင်းလာခဲ့ရာ ပင်ပန်းကြီးစွာ တောတိုးရှာဖွေလာခဲ့ရသော မိခင်ကြီးမှာ အဖေ့အတွက် ခံစားချက်နှင့်အတူ ကျွန်တော့်အတွက်ပါ အပင်ပန်းခံလာရသည့်ဒဏ်ကြောင့် စိတ်ပင်ပန်းကာ ရောဂါစွဲကပ်လာခဲ့ရပေသည်။

သို့အတွက် ရောဂါကို ဆေးမြီးတိုနှင့်ကုနေရင်း အိပ်ရာထဲဗုန်းဗုန်းလဲရသည့်အဖြစ်၊ ထိုအချိန် အိမ်နားနီးပါး မိန်းမသားများ ဖြစ်ကြသည့် အပျိုကြီးမော်မော်၊ ထားဥသုံ၊ မြမြအေး ဆ ၃န်ဦးတို့နှင့် တိုင်ပင်ပြီး စံပြမင်းကုန်းရွာမှ ဓာတ်ဗိန္ဓောပယောဂဆရာကြီးထံ စောင်ပုခက်ဖြင့် ဝါးတစ်လုံးသပ်လျှိုထမ်းကာ သွားပြမိကြတော့သည်။

ဆရာကြီးအိမ်ရောက်တော့ မတွေ့ခဲ့ကြ။ သူ့ဇနီးပြောစကားအရဆိုလျှင် "ဆရာကြီးမြဝတ်မင်းဟန်" မှာ မင်းကုန်းရဲဘက်စခန်းနောက်ကျော၊ သေဆုံးသူရဲဘက်များ မြေမြှုပ်သည့်သင်္ချိုင်းတွင် အစိတ္တာန်ဝင်နေသဖြင့် လိုက်သွားပြီး ပြသကြရန် လမ်းညွှန်သည့်အတွက်၊ ထိုနေရာဆီ ထပ်ဆင့်လိုက်သွားကာ ပြသရပြန်သည်။

မင်းကုန်းရဲဘက်စခန်း နောက်ကျောသင်္ချိုင်းအတွင်း အစိတ္တာန်ဝင်နေသည့် ဆရာကြီးမြဝတ်မင်းဟန် ရှိရာဆီသို့ ခက်ခက်ခဲခဲ တောလမ်းအတိုင်း လိုက်သွားတော့ မြေပုံမို့မို့ကလေးဘေး ခွေခွေကလေး အိပ်ပျော်နေသည့် ဆရာကြီးမြဝတ်မင်းဟန်ဆိုသူကို တွေ့လိုက်ကြရသည်။

အသားအရေက ဖြူညစ်ညစ်၊ ရုပ်ရည်က ကုလားဆင်(ပထန်ကုလားရုပ်မျိုး)၊ အရုပ်အမောင်းက ထောင်ထောင်မောင်းမောင်း၊ သျှောင်ကြီးဖွေးနှင့်၊ အဝတ်အစားက နနွင်းရောင် ဂျာစီအောက်ခံ၊ ညိုညစ်ညစ် လည်ကတုံး အင်္ကျီလက်တို၊ အနီရောင်အဖြူကျားပဝါကို ခေါင်းမှာပေါင်းထားပြီး ယောဂီတိုက်ပုံကို လက်ခေါက်မတင်ထားပြီး လက်တွင် အင်းကွက်များကို "တက်တူး" ထိုးထားသည်။ မုတ်ဆိတ်မွေးနှင့် နှုတ်ခမ်းမွေး ထူလပျစ်၊ ဝါကျင်ကျင်ရှမ်းဘောင်းဘီနှင့်၊ ဘေးတွင် တောင်ဝှေးကြီးတစ်ချောင်း။ ထိပ်ဖျားပိုင်းတွင် မိန်းမတစ်ယောက် ဆောင့်ကြောင့်ထိုင်နေသည့် ဂဝံရုပ်နှင့်၊ ကြည့်ရသည်မှာ အထက်လမ်းပုံမျိုးတော့ မဟုတ် . .။ အောက်လမ်းဆရာ ဖြစ်ပေမည်။ ကျွန်တော် ဆရာကြီး ပုံပန်းသဏ္ဌာန်ကို ကြည့်ပြီး ဘဝင်မကျချင်ဖြစ်လာတယ်၊ သို့သော် ဘာမှတော့ ဝင်မပြောမိ။

ကျွန်တော်တို့ သွားကြသည့် အထဲမှ အပျိုကြီးမော်မော်နှင့် အလွန်ရင်းနှီးပုံလည်း ရသည်။ သို့အတွက် အကျိုးအကြောင်းကိုမေးသဖြင့် ပြောပြလိုက်တော့ သူ့အကြံပေးသည်က မိန်းမ

www.burmeseclassic.com

တွေမှာဖြစ်တတ်သည့် ရောဂါမျိုးမို့ လှည်းကူးဆေးရုံတင်ကာ ကုသမှုခံယူရန် အကြံပေးသည့်အတွက် အမေ့ကို ဆေးရုံတင်ပြီး ဆေးဝါးကုသမှုခံယူရန် လိုအပ်သည့် ငွေကိုရှာဖို့ ကျွန်တော့် တွင်တာဝန်ရှိနေသည့် အခြေအနေ။

ကျွန်တော့်တွင် အမေ့အတွက် လိုအပ်နေသည့် ဆေးဖိုးဝါးခရလောက် အောင် လတ်တလော အားကိုးစရာ မရှိသလို ချေးငှားမည့်သူကလည်း မရှိသဖြင့် အခက်တွေ့နေသည်။ သို့အတွက် အဖေသက်ရှိထင်ရှား ရှိခဲ့စဉ်က တောထဲကိုလိုက်သွားရင်း သင်ကြားပြသထားခဲ့ဖူးသည့် မုဆိုးပညာရပ်ကို အထိုက်အလျောက် သိရှိတတ်မြောက်ထားသူမို့ အမေမသိအောင် သေနတ်ကိုခိုးယူပြီး သားကောင်ကို ပစ်ခတ်ရောင်းချကာ ငွေရှာဖို့အတွက် ဦးတည်လိုက်ရခြင်းပင်။

သေနတ်ရပြန်တော့ အခက်အခဲက ကျည်ဆန်ပင်။ သည်ရိုးမကြီးတစ်ကြောအတွင်း သေနတ်ကိုင်ပြီး သားကောင်တွေကို ပစ်ခတ်နေသူက အဖေတစ်ယောက်တည်းရယ်သာ ရှိသည်။ ကျန်မုဆိုးလုပ်သူများက ဒူးလေးကိုင်အဆိပ်သုံးနေကြသူများ ဖြစ်သည်မို့ ယမ်းတောင့်လုပ်ဖို့က အခက်တွေ့နေသည်။ ထိုအချိန် မိဘကျေးဇူးဆပ်မည့် မှန်းသိ၍လားတော့ဖြင့် မသိ။ ကံတရားက ကိုယ့်ဘက်ကို အလေးသာလာခဲ့သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ကွမ်းခြံကုန်းဘက်ဆီက သေနတ်ကိုင်မုဆိုးကြီး "တစ်ပွဲစားဝင်းနိုင်"ဆိုသူကို ရွာထိပ် ထန်းရည်ဆိုင်တွင် တွေ့လိုက်ရပြီး ကျည်ဆန်လုပ်နည်းကို သင်ကြားပြသပေးသွားကာ လိုအပ်သည့်ယမ်း၊ ကျည်ခဲလုံးတို့ကိုပါ ပေးသွားသည့်အတွက် ကျွန်တော်အမေ့ကျန်းမာရေးအတွက် ဆေးရုံတင်ဖို့ လိုအပ်သည့်ငွေ ရှာဖို့ အခွင့်ပြေသွားခြင်းပင်။ သို့အတွက် အမေမိုန်းနေတုန်း သေနတ်နှင့်ယမ်းအပြင် လိုအပ်သည့် ပစ္စည်းတွေကို ကျောပိုးအိတ်အတွင်းထည့်ကာ သူငယ်ချင်းဖြစ်သူ ဟန်ထွန်းရှိရာ ဝါးချောင်းကျေးရွာဘက်ဆီ ထွက်ခဲ့ခြင်းဖြစ်ပေသည်။

ဝါးချောင်းကျေးရွာဆိုသည်က လှည်းကူးရေလှောင်တမန်ကြီး မတည်ဆောက်ရသေးခင်ကာလက မိုးအခါ ရွာချလိုက်သော ရိုးမကြီးအတွင်းမှ တောင်ကျရေတို့ စုပေါင်းစီးဆင်းရာ ချောင်းရိုးကမ်းနဖူးတွင်ရှိသည့် ရွာငယ်ကလေးတွေထဲတွင် အပါအဝင်ဖြစ်သည့် ရွာကလေးတစ်ရွာပင်။

တောင်ကျချောင်းဘေး ရွာငယ်လေးများ ဖြစ်သော်လည်း ရိုးမကြီးအတွင်းပိုင်းမှ တောထွက်သယံဇာတပစ္စည်းတွေကို ရွာကလေးများက လက်ခံဝယ်ယူကာ ရန်ကုန်လှည်းကူးနှင့် ပဲခူးမြို့နှင့် နေရာအနှံ့ ပြန်လည်ရောင်းချ ဖောက်သည်ပြန်ပေးနေသည့် ရွာကလေးများ ဖြစ်ကြသည်မို့ စီးပွားရေးအခဆင်ပြေကြသည်။

ထိုအချိန်က မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ကာလ ဖြစ်သည်နှင့်အညီ ထိုကျေးရွာငယ်ကလေးတွေကို အုပ်ချုပ်ရသည့် ရွာကောင်စီဥက္ကဋ္ဌကိုဟန်ထွန်းဆိုသည့် သူကလည်း ကျွန်တော့်သူငယ်ချင်း မုဆိုးလေးပင်။

(မှတ်ချက်-ထိုအချိန်က တောင်ကျချောင်း(ဝါးချောင်း)ကမ်းနဖူးရှိ ကျေးရွာငယ်များတွင် နေထိုင်ကြသည့် ရွာသူရွာသားများကို လှည်းကူးရေလှောင်တမန်ကြီး တည်ဆောက်လိုက်သည့်အတွက် ဘားလားဆိုသည့် ကျေးရွာသစ်ဆီသို့ ပြောင်းရွှေ့နေရာချထားအစားပေးလိုက်သည်။ ထိုကျေးရွာကား မြောက်ဥက္ကလာပမြို့နယ်နှင့် တံပိုးတန်းပင်။)

သူငယ်ချင်း ကိုဟန်ထွန်းအိမ်ရောက်တော့ အမောဆို့သွားသည်။ အဘယ့်ကြောင့်ဆိုသော် ရိုးမကြီးအတွင်းပိုင်း မွေးနီကျေးရွာ တည်ရှိရာဘက်ဆီကို ဝါးခုတ်တက်သွားကြသည်ဟုသိရသည်။ ထိုကျေးရွာကား တောင်ကျရေစီးဆင်းရာ ချောင်းရိုးဘေး ရွာငယ်ဖြစ်သော်လည်း ဝါးရုံတောကြီးတွေပေါက်နေသည့်နေရာပင် ဖြစ်ပေသည်။

ဝါးတောကြီးရှိရာဆီ သွားကာ စိတ်ကြိုက်ဝါးတွေကို လိုသလောက် ခုတ်ကြမည်မို့ အချိန်ကြာနိုင်သည်။ ထိုဝါးတောကြီးအတွင်း ယခုလိုအချိန် မျှစ်စို့ပေါက်ကြီးတွေကို လာရောက်စားသောက်ကြသည့် သားကောင်ကြီးများဖြစ်သော တောဆင်ရိုင်းများ၊ ပြောင်နှင့်စိုင်များ၊ တောဝက်များ လာရောက်စားသောက်တတ်ကြသလို ထိုအကောင်တွေကို လိုက်လံစားသောက်တတ်ကြသည့် ကျား၊ ကျားသစ်၊ သစ်ဆင်လိုအကောင်မျိုးကိုတော့ နိုင်ငံတော်အစိုးရက ပစ်ခတ်ခွင့်မပေးသော်လည်း ကျားနှင့် ကျားသစ်၊ ဝက်ဝံလိုအကောင်မျိုး

www.burmeseclassic.com

ကိုတော့ ပစ်ခတ်လို့ရရှိပါက မိခင်ကြီးကို ဆေးရုံတင်ကာ ဆေးဝါးကုသဖို့အတွက် လုံလောက်သော ငွေကြေးပမာဏကို ရမည်ဟူသော အတွေးနှင့် ဟန်ထွန်းတို့ဝါးခုတ်သွားရာ မွေးနီကျေးရွာနောက်ကြော ဝါးတောကြီးရှိရာဘက်ဆီသို့ လိုက်သွားခဲ့ပေသည်။

+ + + + +

ဝါးချောင်းကျေးရွာကိုကျော်ပြီး မဆယ်ကုန်းရွာဘက်ဆီ ဦးတည်လိုက်သည်။ ထိုရွာကိုကျော်ပြီးပါမှ မွေးနီရွာနောက်ကြော ဝါးတောကြီးရှိရာဆီကို ရောက်ပေမည်။ ရိုးမအတွင်းပိုင်းကို ရောက်နေပြီဖို့ သေနတ်ကိုအသင့်ကိုင်ကာ ခြေသံကိုလုံအောင်နင်း၍ ခြေရာရှာရင်းလှမ်းခဲ့ရာ ဝါးရုံတော်ကြီးတို့အကြား မြေပြင်ထက်ဆီလှကာ ထိုးထိုးထောင်ထောင် တိုးထွက်နေသည့် မှိုစိုပင်ပေါက်ကြီးတွေမှာ သားကောင်တွေ၏ ကိုက်ဝါးစားသောက်ထားခြင်း ခံရသဖြင့် အပိုင်းပိုင်းပြတ်တောက်ပဲ့ရွဲ့ကာ အစေးများထွက်နေကြသည်ကို တွေ့မြင်လိုက်ရသဖြင့် မည်ကဲ့သို့သားကောင်မျိုးဖြစ်သည်ကို မြေပြင်တွင် ထင်နေသည့် ခြေရာကို အသေအချာကြည့်လိုက်ရာ ဝိုင်းဝိုင်းကြီးနှင့် မြေပြင်ကို စိုက်ဝင်ထားသည့် ကိုယ်ထည်ကြီးမားမည့်အကောင်ကြီးတစ်ကောင် ခြေရာဖြစ်သည်ကို သိလိုက်သဖြင့် ထိုခြေရာနောက်ဆီသို့ အသာလိုက်သွားလိုက်ပေသည်။

သားကောင်ကြီး နောက်ဆီသို့ ယခုလို ရဲရဲတင်းတင်း ခြေရာကောက်လိုက်နေရခြင်းကလည်း တောထဲတွင် ဝါးခုတ်နေကြမည့် သူငယ်ချင်းဟန်ထွန်းနှင့် အပေါင်းအပါ ဝါးခုတ်အဖွဲ့က ဝါးတောကြီးတစ်နေရာဆီတွင် အထိုင်ချနေရာယူကာ လိုအပ်မည့်ဝါးတွေကို ရှာဖွေခုတ်ယူနေကြမည်ကို သိရှိနေသည့်အတွက် လိုက်နေခြင်းဖြစ်သလို ယခုခြေရာကောက် လိုက်လံရှာဖွေနေသည့် သားကောင်မှာ ပိဿာချိန်များမည့် သားကောင်တစ်ကောင် ဖြစ်သည့်အတွက် ပစ်ခတ်လို့များ ရရှိပါလျှင် အချိန်မီ ရွာဆီပြန်သယ်ဆောင်ရမည့်ကိစ္စမှာ အရေးကြီးသလို ထိုသို့လုပ်နိုင်ပါမှ အမေ့အတွက် လိုအပ်သည့်ငွေကြေးကို ရရှိပြီး ဆေးရုံပို့ကာ ကုသနိုင်မည် မဟုတ်ပါလား။ သို့အတွက် ခြေရာကောက်လိုက်နေရင်း သူတို့အဖွဲ့နှင့် တွေ့လိုတွေ့ငြား ရှာဖွေရင်း လိုက်နေရခြင်း ဖြစ်ပေသည်။

သားကောင်ခြေရာကိုကြည့်ကာ နောက်ကလိုက်နေရင်း ကျွန်တော့်စိတ်တွင် စဉ်းစားနေလိုက်မိသည်က ယခု ကျွန်တော် နောက်ကလိုက်နေသည့် ခြေရာရှင်သည် တစ်ကောင်တည်းသွားနေသည့် ခြေရာပင်။ လက်ဖက်ရည်အောက်ခံ ပန်းကန်ပြားတစ်ချပ်စာခန့် ဝိုင်းဝိုင်းခွက်ခွက်ကြီး ဖြစ်နေသည့်အပြင် ကိုယ်ထည်ကြီးမားသည့် သားကောင်ကြီးတစ်ကောင် ဖြစ်သည်ဆိုတာကိုတော့ သိနေသည်။ သို့သော် ထိုခြေရာရှင်သည် ဘယ်လိုအကောင်ကြီးမျိုးဆိုသည်ကိုတော့ မသိတာကအမှန်။ တောဆင်ရိုင်းကြီးတစ်ကောင်၏ ခြေရာမဟုတ်မှန်းကိုတော့ သိသည်။ ပြောင်လိုအကောင်ကြီး၏ ခြေရာလား (သို့) စိုင်လိုအကောင်ကြီးမျိုး ခြေရာလားဆိုသည်ကို မသိတာကအမှန်။ အဖေပြောခဲ့သည့်စကားကိုတော့ အမှတ်ရလိုက်သည်။ တစ်နေ့ အဖေက သားကောင်ကြီးတွေနောက်ကို လိုက်လံပစ်ခတ်ရန်အတွက် လိုအပ်သည့် မုဆိုးအသုံးအဆောင်တွေနှင့် ရိက္ခာတွေထုပ်ပိုးကာ နံနက်စောစော သူတို့အဖွဲ့ ထွက်သွားကြသည်။ ကျွန်တော့်ကိုလည်း သူသွားမည့်ခရီးသည် (သုံးလေးည အိပ်ချင်အိပ်ရမည်)ဖို့ အမေ့အနားမှာနေရန် အထပ်ထပ်မှာကြားကာ ထွက်သွားကြသည်။ ထိုနေ့ညနေပိုင်း အဖေနဲ့အဖွဲ့သားတွေ ပြန်ရောက်လာကြပြီး အိမ်တွင် အောင်ပွဲခံကာ စားကြသောက်ကြသည်ကို တွေ့လိုက်ရသဖြင့် ကျွန်တော်က တအံ့တသြ။ သို့နှင့် ကျွန်တော်က အဖေ့ကို မေးလိုက်သည်က -

"အဖေ…တောထဲမှာ လေးငါးညအိပ်ရမယ်ဆိုပြီး ခုတော့ မနက်သွားညနေပြန်ရောက်နေပါလား။ ဘယ်လိုဖြစ်တာလဲဟင်"

ကျွန်တော်က မေးလိုက်သည့်အတွက် အဖေပြန်ဖြေလိုက်သည့်စကားတို့က -

"အခါအခွင့်သင့်လို့ပေါ့ လူကလေးရယ်။ မင်းနားလည်အောင် ပြောရရင် အခါအခွင့်ကလည်းကြုံတယ်ပေါ့ ငါတို့နောက်ကလိုက်မယ့် စိုင်အုပ်ဟာ ကလေးငယ်လေးတွေပါတဲ့ စိုင်အုပ်ဖြစ်နေတော့ ကလေးငယ်(သားပေါက်တွေကိုငဲ့နေရတဲ့) အဲဒီအုပ်ကြီးက နေမကျခင်ဘဲ ပစ်လို့ရလိုက်ကြတဲ့အတွက် တစ်နေရာတည်း သုံးကောင်ရလိုက်လို့

www.burmeseclassic.com

ဆက်ပြီးမလိုက်တော့ဘဲ ပြန်ခဲ့ကြတာ ပေါ့သားရယ်"...တဲ့လေ။

ထိုအချိန်က ဖခင်ပြောလိုက်သော်လည်း စိုင်ဆိုသည့်အကောင်ကို မမြင်ခဲ့တာက အမှန်။ အဖေတို့အဖွဲ့ ရလာသည့်အကောင်တွေကို နိုင်ကိုသွင်းပြီး ရရှိသည့်ငွေကို ခွဲဝေယူကြပြီး ရရှိသည့်ငွေနှင့် အိမ်တွင် အောင်ပွဲခံကြရင်း သိလာရသည့် အနေအထားပင်။

အဘယ့်ကြောင့်ဆိုသော် ကျွန်တော့်ဖခင် ရိုးမမှုဆိုးကြီးက အရွယ်ငယ်သေးသည့် ကျွန်တော့်ကို ယခုလို သားကောင်ကြီးတွေနောက်ကို လိုက်သည့်အခါ တောထဲတွင် ညဉ့်အိပ်ညဉ့်နေ သုံးလေးရက် ကြာတတ်သည့်အတွက် မခေါ်ဘဲ ထားသွားသည့်အကြောင်း မသိ။ ယခု သားကောင်ကြီးခြေရာကြည့်ကာ နောက်ကလိုက်နေရသော်လည်း ထိပ်တိုက်တွေ့ပြီး ကိုယ်ပစ်ခတ်ရမည့် သားကောင်သည် ဘယ်လိုအကောင်မျိုး ဖြစ်မည်မှန်းကို မသိခြင်း ဖြစ်နေသည်။

ခြေရာရှင်က တစ်ကောင်တည်း အေးဆေးစွာ စားစားသွားသွားဖြစ်သည့် အနေအထား။ ထိုစဉ် အဖေရှိစဉ်က ပြောပြခဲ့ဖူးသည့် စကားကိုလည်း ပြန်ထည့်ကြားယောင်မိပြန်သည်က -

"ဒီလိုလူလေးရဲ့...။ ပြောင်လို အကောင်မျိုးနဲ့ စိုင်လိုအကောင်မျိုးဆိုတာ အုပ်နဲ့နေထိုင်ကြတဲ့ အကောင်မျိုးပဲကွ။ အုပ်ထဲကနေ ခွဲထွက်ပြီး တစ်ကောင်တည်းလျှောက်သွားနေတဲ့ အကောင်မျိုးဆိုရင် အလွန်အန္တရာယ်များတယ်ကွ။ မှတ်ထားနော်"

အဖေက အဖန်ရည်နှင့် ချောင်းဆိုးငါးကြော်ကို စားနေရင်း ပြောလိုက်သည်မို့ ကျွန်တော်က တအံ့တဩ ပြန်မေးလိုက်မိသည်။

"ဟုတ်လားဟင်၊ ဘာ့ကြောင့်တုံး အဖေ..."

"အေး...မှတ်ထားလူလေး။ ခုလို အုပ်နဲ့ခွဲပြီး တစ်ကောင်တည်းလျှောက်သွားနေတဲ့ အကောင်မျိုးကို အချို့က သင်းကွဲလို့ ခေါ်ကြသလို အချို့ကလည်း နောလို့ ခေါ်ကြပြီး ထီးကောင်လို့လည်း ခေါ်ကြပြန်တယ်ကွ။ အသက်အရွယ်ကလည်း ကြီးသလို အကောင်ကလည်း ကြီးမားပြီး တဖြည်းဖြည်း အိုမင်းရင့်ရော်တဲ့ အကောင်ကြီးတွေပဲကွ။

ပြောင်တို့ စိုင်တို့ဆိုတဲ့ အကောင်မျိုးတွေဟာ သဘာဝအရ တောဝက်တွေ၊ တောမျောက်၊ တောခွေး စတဲ့ အကောင်တွေလို အုပ်စုဖွဲ့ပြီး နေထိုင်သွားလာ၊ စားသောက်တတ်ကြတဲ့ အကောင်မျိုးတွေပဲ၊ ဒါပေမယ့် အုပ်စုနဲ့နေရာက ခုလိုအုပ်ခွဲပြီး တစ်ကောင်တည်း လျှောက်သွားနေရတာက... အကြောင်းရှိတယ်ကွ။

အဲ့ဒါ ဘာကြောင့်လဲဆိုတော့ ပြောင်နဲ့ စိုင်အုပ်ကြီးကို ထိန်းသိမ်းတာက ထီးကောင် အထီးကြီးတစ်ကောင်က တာဝန်ယူထိန်းကျောင်းတယ်။ အုပ်ထဲမှာရှိနေတာက အမကောင်တွေဆို အုပ်ထိန်းတဲ့ ထီးကောင်ကြီးရဲ့ မယားတွေချည်းပေါ့ကွ။ မှင်းနားလည်အောင် ပြောပြရရင် အုပ်စုထဲမှာရှိတဲ့ ပြောင်မ၊ စိုင်မတွေဟာ အရွယ်ရောက်တဲ့အကောင်ဆိုရင် သူမယားချည်းပဲပေါ့လေ။

အဲဒီလို ကိုယ့်အုပ်ကို ကိုယ်ထိန်းရင်း စားစားသွားသွား ထွက်နေရာက ကြာတဲ့အခါ တဖြည်းဖြည်း အသက်ကြီးလာသလို တဖြည်းဖြည်း အိုမင်းရင့်ရော်လာကြတာပေါ့။ ကိုယ့်အုပ်ကို ထိန်းတဲ့ အကောင်ကြီးကလည်း အဘိုးကြီးဖြစ်လာသလို သူနဲ့ရလာတဲ့ နောက်တက် အကောင်ပေါက်တွေကလည်း ပြောင်ပျို၊ စိုင်ပျိုဖြစ်ပြီး အားကောင်းမောင်းသန်ကလေးတွေ ဖြစ်လာကြတော့ ကလေးသဘာဝ ဦးချိုကယားလာပြီး အုပ်ကိုထိန်းနေတဲ့ ဖခင်ကြီးနဲ့ အားပြိုင်ကာ ဝှေ့ခတ်လာကြတယ်၊ အဲဒီလို အားစမ်းတော့ အုပ်ကိုထိန်းနေတဲ့ အဘိုးကြီးက နောက်တက် အားကောင်းမောင်းသန် အကောင်ပေါက်ကလေးတွေကို ဘယ်နိုင်မလဲ။ ဒီတော့ ထွက်ပြေးရတော့တာပေါ့။

အုပ်ရဲ့အပြင်ကို ရောက်သွားတဲ့ အကောင်ကြီးကလည်း အုပ်တွင်းပြန်ဝင်ဖို့ နည်းမျိုးစုံ ချဉ်းကပ်ပေမယ့် နောက်တက်ပြောင်၊ စိုင်ကလေးတွေကလည်း အကာပ်မခံဘဲ လိုက်ခံဝှေ့ခတ်မောင်းထုတ်ပြန်တယ်။ အုပ်ထဲကို ဘယ်လိုမှ ပြန်အဝင်မခံတော့ဘူးပေါ့ကွာ။

အဲဒီ အုပ်ခွဲရှောင်ပြေးနေရတဲ့ ထီးကောင်းကြီးဟာ ကြာတော့ သူ့အုပ်စုကိုလည်း သတိရသလို၊ သူ့မယားတွေကိုလည်း သတိရတယ်။ ဒါကြောင့် အုပ်အတွင်း ပြန်ကပ်လို့မရဖြစ်နေတဲ့ အဲဒီအကောင် အရာရာကို အစမကြေဖြစ်သလို အခဲမကြေစိတ်နဲ့ ဒေါသထွက်ရင်း မည်းမည်းမြင်ရာ ရိုက်

www.burmeseclassic.com

လံတွေခတ်နေရုံအပြင်မကဘဲ၊ အလကား နေရင်း ဒေါသထွက်ပြီး သစ်ပင်တွေကို ဦးချိုနဲ့ပြေးဆောင့်၊ ချုံပင်တွေကို ဇွ ခတ်ရမ်းကားနေတဲ့ အကောင်မျိုးကွ"

အဖေပြောပြနေသည်ကို နား ထောင်ရင်း တအံ့တဩဖြစ်နေတဲ့ ကျွန်တော် ပြန်မေးလိုက်မိတာက -

"ဟုတ်လား အဖေ၊ အဲဒီလိုဖြစ်တာ ပြောင်နဲ့ စိုင်တွေချည်းပဲလား။ အခြားအုပ်ဖွဲ့နေကြတဲ့ အကောင်တွေမှာကော ဒီလိုမျိုးမဖြစ်ကြဘူးလားဟင်"

"အေး・・・အဲဒီမေးခွန်းက မင်း ပြန်မေးသင့်တဲ့ မေးခွန်းပဲကွ။ အခြားအုပ်တွေမှာတော့ ဒီပြဿနာမျိုး မရှိဘူး။ ထူးထူးခြားခြား မျောက်အုပ်တွေထဲမှာ(မျောက်ညိုအုပ်)တော့ ပြဿနာရှိတယ်ကွ။ သူ့နည်းလမ်း၊ သူ့ဖြေရှင်းပုံက ရက်စက်ကြမ်းကြုတ်တဲ့ နည်းလမ်းလို့ ပြောရမလိုပဲ။ နောင်ဖြစ်မယ့် ပြဿနာကို ဘဝပေးအသိနဲ့ တွေးဆထားကြသလားတော့ဖြင့် မသိဘူးဟာ ကောင်လေးရ"

"ဟုတ်လား အဖေ။ မျောက်ညိုအုပ်က ဘယ်လိုမျိုးဆိုတာ ပြောပြပါဦး"

"ဒီလိုကွလူလေးရဲ့၊ မျောက်ဆိုတာက သူ့အမျိုးအစားအလိုက်ရှိပြီး အုပ်စုဖွဲ့နေထိုင် စားသောက်ကြတဲ့အထဲမှာ ခုလို ထူးထူးခြားခြားကိစ္စက မျောက်ညိုတစ်မျိုးတည်ရယ်သာပဲ ရှိတယ်ကွ။ မျောက်ညိုအုပ်စု တစ်အုပ်စုမှာ ကောင်ရေ ၁၀၀ မှ ၂၅၀ လောက်ထိ ရှိကြတယ်။ အဲဒီ မျောက်ညိုအုပ်ကြီးကို အထီး(ထီးကောင်ကြီး) တစ်ကောင်တည်းက အုပ်ချုပ်တယ်။ ကျန်တဲ့ အကောင်တွေအားလုံးဟာ အမကောင်တွေချည်းပဲကွ။ အဲဒီမျောက်မမုန့်သမျှ အရွယ်ရောက်တဲ့ ကောင်တွေကစပြီး သူ့မယားတွေဖြစ်ပြီး တစ်နှစ်ပတ်လုံး ဆယ့်နှစ်ရာသီ ကိုယ်ဝန်မပြတ် ဆောင်နေကြရတယ်ကွ။ တတ်လည်းတတ်နိုင်တဲ့ အကောင်ကြီးပဲ။

အဲ့ဒီလို မပြတ်တမ်း ကိုယ်ဝန်ဆောင်ထားကြရတဲ့ မျောက်ညိုမတွေ အချိန်တန်လို့ မွေးလာကြတဲ့ မျောက်ကလေးတွေ အထီးကောင်တွေဖြစ်ခဲ့ရင် အသက်ရှင်ခွင့်မပြုဘဲ မွေးကင်းစမှာပဲ ကုတ်ဖဲ့ကိုက်ပြီး သတ်ပစ်လိုက်တယ်ကွ"

"ဟုတ်လားအဖေ၊ တကယ်လို့ အမလေး မွေးခဲ့ရင်ကောဟင်"

"အမကောင်လေး မွေးခဲ့ရင် ဘာမှမလုပ်ဘူး။ ဒီအတိုင်းထားတယ်။ ကြီးလို့ အရွယ်ရောက်လာရင်တော့ အဲဒီမျောက်မလေးလည်း သူ့မယားဖြစ်သွားရတာပေါ့"

"ဒီလိုဆိုရင် အထီးကောင်လေးတွေ သနားစရာပဲနော်၊ အသတ်ခံနေရတာ"

"အဲဒီကိစ္စကတော့ မိခင်ဖြစ်တဲ့ မျောက်ညိုမကြီးအပေါ်မှာ မူတည်တာပေါ့ကွာ။ သူ့ရင်သွေး(မျောက်ညိုထီး)လေး မွေးတဲ့အခါ သူ့မချစ်လင် (ထီးခေါင်း)ကြီး ကိုက်မသတ်ခင် သားငယ်ကို ရင်ခွင်မှာပိုက်ပြီး အုပ်ထဲကခွဲပြီး တစ်နေရာဆီ ထွက်သွားကြတာပေါ့"

"ဟုတ်လား အဖေ။ မိခင်မျောက်မကြီးက သားဖြစ်သူကို သတ်မှာစိုးလို့ ရင်ခွင်ပိုက် တစ်နေရာဆီထွက်သွားပြီးတဲ့နောက် ဘာတွေဆက်လုပ်သလဲ"

"မိခင်ဖြစ်သူက ဖခင်ကြီးသတ်မှာကို မလိုလားတဲ့အတွက် သားငယ်ကိုပိုက်ပြီး တစ်နေရာကို တိတ်တိတ်ထွက်သွားတယ်ကွ။ တစ်နေရာမှာ အရွယ်ရောက်အောင် ပြုစုပျိုးထောင်ရင်း တောတွင်းပညာရပ်တွေကို သင်ကြားပြသပေးတယ်၊ အရွယ်လည်းရောက် စိတ်ချပြီး လက်လွှတ်လို့ရတဲ့ အချိန်ရောက်တော့မှ သားငယ်ကို တောထဲမှာထားခဲ့ပြီး မိခင်က လင်တော်မောင်ရှိရာ မျောက်ညိုအုပ်အတွင်း ပြန်ကပ်တာပေါ့"

"ထီးကောင်ကြီးက အဲဒီတော့ လက်ခံသလား အဖေ"

"သူ့အနေနဲ့ မိန်းမတွေများလွန်းတော့ သိချင်လည်း သိမယ်၊ မသိချင်လည်း မသိဘူးပေါ့ကွာ။ သူ့အတွက်ကတော့ အသစ်အဆန်းလေး ဖြစ်နေပြီး အဲဒီ မျောက်ညိုမလည်း မကြာခင် ကိုယ်ဝန်ဆောင်ရပြန်တာပေါ့ကွာနော်"

"စောစောက မျောက်ညိုထီးလေးက တစ်ကောင်တည်း ဒီအတိုင်း တောထဲမှာ နေသွားတာပဲလားဟင်"

"အရွယ်ရောက်လာတဲ့ မျောက်ကလေးကလည်း ဒီအတိုင်းဘယ်နေမလဲဟ။ မျောက်ညိုအုပ်ကြီးကို ခေါင်းဆောင်တဲ့ ထီးကောင်ကြီးနဲ့ အားပြိုင်တာပေါ့။ ဟိုက အိုမင်းရင့်ရော်နေတဲ့ အကောင်၊ အားကောင်းမောင်းသန် မျောက်ကလေးကို ဘယ်ယှဉ်နိုင်မှာလဲ။ ထွက်ပြေးတော့မှ အဲဒီမျောက်ညိုအုပ်ကို မောင်ပိုင်စီးတော့တာပေါ့လေ"

ဘယ်လို ရည်ရွယ်ချက်နှင့်လဲ

www.burmeseclassic.com

တော့ မသိ။ အဖေက စိတ်ရှည်လက်ရှည်နှင့် တစ်ချိန်က ကျွန်တော့်အား ရှင်းပြနေသည့်စကားတွေကို ပြန်လည်သတိရလိုက်ရင်း ယခု ကျွန်တော် ခြေရာကောက် လိုက်နေသည့်အကောင်သည် ခြေရာခံပြီး လိုက်နေရသော်လည်း ပြောင်လိုအကောင်လား၊ စိုင်လိုအကောင်မျိုးလား ဆိုသည်ကိုပင် မသိသေး။ ခြေရာရှင်က အုပ်နှင့်သွားထားသည်မျိုး မဟုတ်ဘဲ တစ်ကောင်တည်းသွားနေသည့် ခြေရာနောက်ဆီလိုက်နေရသည့်အတွက် အဖေပြောခဲ့သည့်စကားအရ ထိုအကောင်မျိုးသည် အစစအရာရာ အစာမကြေဖြစ်နေသည့် အကောင်မျိုးထဲမှ တစ်မျိုးမျိုးဖြစ်မည်ကို တွက်ဆကာ ကျွန်တော့်လုံခြုံရေးအတွက်ကိုပါ ဦးစားပေး စဉ်းစားရင်း ဖြည်းညင်းစွာ ခြေရာကောက်ရင်း လိုက်နေမိပေသည်။

ခြေရာရှင် သားကောင်ကြီးက မဆယ်ကုန်းကျေးရွာ နောက်ကျောဘက်ကိုကျော်ပြီး မွေးနီကျေးရွာ နောက်ကြော အင်တိုင်းဖွေ့ဝါးတောကြီးအတွင်း ချဉ်းနင်းဝင်ရောက်လာပေပြီ။

အင်တိုင်းဖွေ့ တောမျိုးဆိုသည်က မြေမာဒေသဖြစ်ပြီး မြေပြန့်လည်းပေါသည်၊ သောက်သုံးရန်အတွက် မခန်းသေးသည့် ရေအိုင်တို့လည်း ရှိသည်။ ကျောက်သားဆန်သည့် မြေဖြစ်သည့်အတွက် သားကောင်တွေ၏ စားခင်းစားကွက်ကောင်းသည်၊ နေဝင်လုပြီမို့ သားကောင်ကြီးက အိပ်စက်နားနေရန် သည်နေရာဝါးတောကြီးကို ရွေးထန်ထင့်။

ဝန်းကျင်အနေအထားကို လေ့လာရာ သားကောင်ကြီးသည် စားကွင်းစားကွက် ပေါများရာလည်းဖြစ်သည့်နေရာမို့ အခြားသော သားကောင်ငယ်တို့၏ စူးရှူးနစ်နစ် မြေပြင်တွင် စိုက်ဝင်နေသည့် ခြေရာမျိုးစုံတို့ကိုလည်း တွေ့နေရသည်မို့ သားကောင်ပေါများသည့် နေရာဟု ဆိုရမလိုပင်။ ထိုနေရာသည် မုဆိုးတစ်ယောက်အတွက် မုဆိုးခရမ်းချဉ်ဆိုသော တင်းစားလောက်ကိုတော့ဖြင့် သေနတ်ကိုပင် သုံးစရာမလို၊ ထောင်ချောက်ဆင်ရုံဖြင့် တင်းစားမပြတ်သည့် နေရာဆိုသည်ကို တွက်ဆလိုက်မိသည်။ ယခု ကျွန်တော်လိုက်နေသည့် ခြေရာရှင်က ဝါးတောကြီးအတွင်းပိုင်းဆီ ဦးတည်နေကြောင်း သူ၏ခြေရာတွေက သက်သေခံနေသည်။

ခြေရာကောက်ရင်း နောက်ကတဖြည်းဖြည်း လိုက်လာပြီး ဝါးတောကြီးအစဆီသို့ ရောက်လာသည်နှင့် တောကြက်၊ ကျေးငှက်သံတစစာတို့ကို ကြားလာရသည်။ မြင်ကွင်းတွင် ထည်းထည်းကြီးပေါက်နေသည့် ဥနဲပင်ကြီးထက် အသီးမှည့်တွေကို စားသောက်နေကြရင်း အော်ဟစ်တေးဆိုနေကြသည့် ငှက်ငယ်မျိုးစုံကိုလည်း မြင်လိုက်ရသည်။ အတန်ကြာ ငေးငိုင်ကြည့်လို့အပြီး အင်တိုင်းဖွေ့ ဝါးတောကြီးဆုံးသည့်တိုင် ခြေရာခံလိုက်ခဲ့ရာ ဝါးရှက်ခြောက်အများအပြား ကြွေကျထားသည့် နေရာအရောက်တွင် သားကောင်ကနင်းကာ ခြေရာကိုပျောက်ပြီး သွားခဲ့ပေပြီ၊ တစ်နေရာရာတွင် အနားယူ အပန်းဖြေရင်း စားမြုံ့ပြန်နေပေတော့မည်။

ဝန်းကျင်အနှံ့ လိုက်လံပြီး ခြေရာရှာသော်လည်း အရိပ်အယောင်ပင်မတွေ့ရ၊ ပင်ပန်းရကျိုးမနပ်။ သေနတ်ကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း အချိန်ကို မှန်းလိုက်ရာ နေဝင်ချိန်ပင် ဖြစ်နေပြီမို့ ဝါးတောက်ခုတ်နေကြသည့် ဟန်ထွန်းတို့အဖွဲ့ စခန်းချရာဆီ ဦးတည်လျှောက်လှမ်းခဲ့ပေသည်။ စိတ်တွင်းကလည်း မကျေမနပ်နှင့် "နေနှင့်ဦးပေါ့ကွာ" ဟု ကြုံးဝါးရင်း လျှောက်လှမ်းခဲ့ပေသည်။

\+ + + + +

ဟန်ထွန်းတို့အဖွဲ့ မနေ့ညက တောကြက်အိပ်တန်းမှာ ပစ်ခတ်လို့ ရရှိသည့် တောကြက်သားဟင်းနှင့် အဖန်ရည်တို့ကို မိုက်မြည့်စားသောက်လိုက်ကြသည့်တိုင် နေရောင်ကို မမြင်တွေ့ရကြရသေး၊ မိုးအကုန် ဆောင်းအကူးကာလမို့ အပူချိန်က အားနည်းနေသေးသည်။ သူတို့အဖွဲ့ လိုသလောက် ဝါးတွေကို ခုတ်ယူပြီးမို့ အစေးသတ်ကာ လှည်းတွေပေါ် တင်ဆောင်နေကြရင်း ဟန်ထွန်းက -

"ငါနဲ့ ယဉ်ကြိုင်တို့နှစ်ယောက် တင်ထွန်းနဲ့ လိုက်သွားမယ်၊ မင်းတို့ ဝါးကိုင်းတွေ ဖြတ်အစေးသတ်ပြီး လှည်းတွေပေါ် တင်ထားလိုက်ကြကွာ"

ဟန်ထွန်းနှင့် ယဉ်ကြိုင်တို့နှစ်ဦးကလည်း မုဆိုးများဖြစ်ကြသည်။ သို့သော် သေနတ်ကိုင်မုဆိုးတော့ မဟုတ်၊ ဒူးလေးကို မြားဆိပ်လူးကာ ပစ်ခတ်ကြသည့် မုဆိုးများပင်။ သုံးဦးသားလို

www.burmeseclassic.com

အစ်သည့်လက်နက်နှင့် ပစ္စည်းအသုံး အဆောင်များထည့်သည့် ကျောပိုးအိတ် ကိုယ်စီလွယ်ကာ မနေ့က ခြေရာ ပျောက်သွားသည့် သားကောင်ကြီးကို ရှာကြရန် ထွက်ခဲ့ကြပေသည်။ ထို အချိန်ထိတိုင် နေက ကောင်းစွာမမြင့် သေး။ သစ်ရွက်သစ်ခက်တို့အပေါ် တွဲခို နေသည့် နှင်းရည်စက်တို့က ဝါးရွက် ခြောက်ပေါ် တဖျောက်ဖျောက် ကျနေ သေးသည်။

သုံးဦးသား အင်တိုင်းတွေ ဝါး တောကြီးအတွင်း ပြောင်ကြီး၏ခြေရာ ကို အထပ်ထပ် ရှာဖွေကြသော်လည်း မတွေ့ကြရ ခြေရာပျောက်ပြီး အဝေးသို့ လစ်ထွက်သွားဟန်ပင်၊ အချိန်ကြာလာ သည်နှင့်အမျှ ရှာတွေ့လည်း မလှုပ်နိုင် အောင် ပင်ပန်းလွန်းသဖြင့် စိတ်ဓာတ် တို့လည်း ကျစပြုနေပေပြီ။

နေ့လယ်ပိုင်း အရိပ်ကောင်းသည့် ဝါးရုံပင်အောက် အနားယူကာ ယူ ဆောင်လာသည့် ထမင်းထုပ်ကိုမစားမီ အရက်အနည်းငယ်စီ သောက်လိုက် တော့မှ သွေးတို့က ပြန်ခုန်လာသည်။ ခရီးဆက်ကာ ထပ်မံရှာကြတော့မည့် အလုပ် ယဉ်ကြိုင်က -

“တင်ထွန်းနဲ့ ဥက္ကဋ္ဌ ကျွန်တော့် အထင် ဒီအကောင်ကြီး ချောင်းစီး ဘက်ဆီ တိုးဝင်သွားပြီလို့ထင်တယ်။ ဝါးရွက်ခြောက်တွေပေါ် နင်းပြီးသွားတာ ဆိုတော့ ရှာဖို့ခက်အောင် ခြေရာပျောက် သွားပုံရတယ်။ ကျွန်တော့်ထင်မြင်ချက် မှန်တယ်ဆိုရင် အဲဒီကောင်ကြီးကို တွေ့ မယ်ထင်တယ်၊ သွားကြမလား”

ထိုစကားကြောင့် ဟန်ထွန်းက

“ဒါလည်း အဲဒီလို ထွက်မိတယ် ဟ၊ သွားရင်ကော အချိန်ကောရပါ့ မလား”

သုံးဦးသား တောလမ်းအတိုင်း လိုက်ရင်း ချုံခြောင်တွေကိုဖြတ်သည်၊ တောင်ကုန်းတွေကို ကျော်သည်၊ မြေ ပြန့်တွေကို ဖြတ်သည်၊ ချောင်းစီးရှိ ရာသည့် တောနက်ကြီးအတွင်း ဖြစ် သည်မို့ သစ်ကြီး၊ ဝါးကြီး၊ ချုံနွယ်တော ကြီးများအပြင် ကြိမ်တော၊ ရေခန်း တော၊ နွယ်ပေါက်တောစသည်တို့နှင့် စားပင် များ ပေါများသည့်နေရာ ဖြစ်သည်မို့ တောစပ်ဆီသို့ ဝင်လိုက်သည်ဆိုရုံနှင့် မျောက်အုပ်ကြီးများနှင့် တိုးသည်။ မျောက်ညိုအုပ်နှင့်တိုးရာ ဟန်ထွန်းနှင့် ယဉ်ကြိုင်တို့နှစ်ယောက်က (မျောက် ညိုထီးကောင်)ကြီးကို ပစ်ခတ်လိုသော် လည်း ဝါးနပ်သော မျောက်ညိုအုပ်က သူတို့ကို မြင်သည်နှင့် သစ်ကိုင်းသစ် ခက်တို့အကြားမှ မြေပြင်ထက်ချုံပင် များအကြား ခုန်ချကာ ပြေးလွှား ရှောင် ပုန်းတိုးဝင် ပျောက်ကွယ်သွားကြသည်။ အချိန်လင့်မည်စိုးသည့်အတွက် မပစ် ခတ်တော့ဘဲ ခရီးဆက်ခဲ့ကြပြန်သည်။

ရောက်ရှိနေသော တောကြီးသည် သစ်ကြီး၊ ဝါးကြီး၊ ချုံနွယ်ပိတ်ပေါင်း နွယ်ပင်တို့ မင်းမူနေကြသည့် နေရာဖြစ် သည်မို့ အသွားရခက်လာသည်။ သို့ အတွက် သားကောင်ကြီးခြေရာကို ခက် ခက်ခဲခဲ ရှာဖွေနေကြရသည်။

တစ်နေရာအရောက်တွင် ရေခန်း ပြုနေသော နွံအိုင်ကမ်းစပ်တွင် ရှာနေ သော သားကောင်ကြီး၏ခြေရာကို ပြန် လည်တွေ့မြင်လိုက်ကြရသည်။ ရေခန်း ပြုနေသည့် အိုင်ကမ်းစပ်တွင် မြေ ပျော့ရှိနေသည့်အတွက် ကိုယ်အလေး ချိန်ကြီးမားသော အကောင်ကြီးခြေရာ အပြင် သားကောင်ငယ်ခြေရာတွေကို လည်း တွေ့မြင်နေရသည်၊ သူလျှောက် လှမ်းရာ လမ်းကြောအတိုင်း ခြေရာ ကောက် လိုက်ခဲ့ကြရာ မိုင်ဝက်(လေး ဖာလုံ)ခန့် လိုက်မိတော့ -

“ဘယ်လိုလဲ . . . ဆက်လိုက်ကြ မလား အချိန်ကိုတွက်ကြဦး”

ဟန်ထွန်း ပြောသည့်စကားက လည်း ဟုတ်နေသည်၊ နေလုံးနီနီက အနောက်ဂေါယာဘက်ဆီ ဝင်လုလုဖြစ် နေပေပြီ၊ နက်ရှိုင်းသည့် တောကြီး အတွင်းလည်း ဖြစ်သည်မို့ ဖြတ်လမ်းမှ ခက်ခက်ခဲခဲ တောတိုးကာ ရှာရပြန် သည်။ နောက်ထပ်တွေ့လိုက်ကြရသည့် ရေအိုင်ကမ်းစပ်တွင် ခြေရာကြီးကို ပြန် တွေ့လိုက်ရပြန်သည်။ ပွဲကြီးကြီးနှင့် သုံး ဦးသား လိုက်နေကြသည်မို့ အချိန်က ကုန်မှန်းမသိ ကုန်သွားပြန်သည်မို့ စခန်း ချရာဆီ လက်နှိပ်ဓာတ်မီးထိုးကာ ပြန်ခဲ့ ကြရင်း စိတ်တွင်းကလည်း ကြိမ်းဝါး နေကြမိသည်က -

“နေနင့်ဦးပေါ့ကွာ၊ ငါတို့အချိန် ရောက်လာမှာပါလေ”ဟူ၍ပင်။

(ဆက်လက်ဖော်ပြပါမည်)

---

ဓလေးဓမာဓိ

---



www.burmeseclassic.com

www.burmeseclassic.com



# နိုင်ငံခြားကို ရောက်နေတယ်

သိန်းဝင်း[ကျောက်ပန်းတောင်း]

"ဖိုးသာအောင် ရွာကိုပြန်လာပြီပေါ့"

တစ်ယောက်သော်သူရဲ့ အော်ပြောသံ ကြားလိုက်ရချိန် တစ်ခဏအတွင်းမှာပဲ လူကြီး၊ လူငယ်များ ဦးသာခင်အိမ်သို့ စုရုံးရောက်လာခဲ့ကြသည်။ မြို့နှင့် ၁၅ မိုင်ကျော်လောက်ဝေးသော ကိုးအိမ်စုရွာလေးက အိမ်ခြေ ၅၀ ကျော်သာသာ ရှိလိမ့်မည်။ မိရိုးဖလာလုပ်ငန်းများကိုပဲ အစဉ်အဆက် လုပ်ကိုင်လာခဲ့ကြပြီး မြို့ကို အရောက်အပေါက်လည်း နည်းကြသည်။ ယခုလည်း ဦးသာခင် တူတော်မောင် ဖိုးသာအောင် ရွာမှ ငါးနှစ်ကျော်လောက်တည်းက ထွက်သွားပြီး မြို့ကြီးမှာ ပုံပုံစတိုး(ဘောထုပ်)ရောင်း၍ အဆင်ပြေနေသူဖြစ်ကာ နားမှာ နားကြပ်တပ်ပြီး အချိန်ပြည့် ဟန်းဆက်ကို မွတ်နေသူတစ်ယောက်လည်း ဖြစ်သည်။

"ငါ့တူကြီး ဘာတွေလုပ်နေတာလဲ"

"ကျွန်တော် ကမ္ဘာကြီးနဲ့ ဆက်သွယ်နေတာလေ။ ဒီမှာ ကြည့်ပါလား စက်ကပုခေါင်းဆောင်ကြီး လီကွမ်ယုရဲ့ ရှာပနှုမြင်ကွင်း"

"ဟုတ်လား၊ ငါက ဖုန်းပဲခေါ် ပြောလို့ရတယ် ထင်တာ"

"မဟုတ်ဘူး ဦးလေးရေ၊ နိုင်ငံတကာမှာ ဘာတွေဖြစ်နေတယ်ဆိုတာ သိရတယ်၊ မြင်ရတယ်၊ ပြောလို့လည်းရတယ်။ ကျွန်တော်လည်း မြို့မှာ မအားပါဘူး ဦးလေးရာ"

"ဟေ ... နိုင်ငံခြားနဲ့ ဆက်သွယ်နေရတာပေါ့"

ဖိုးသာအောင်က နဂိုတည်းကမှ ခပ်ကြွားကြွား။ ဦးလေးရဲ့ အမေးကို အလိုက်သင့်စွာပဲ ပြန်ဖြေလိုက်သည်။

"ဟုတ်တယ် ဦးလေးရေ့"

ဖိုးသာအောင် ရွာမှာ လေးငါးရက်လောက်နေပြီး မြို့ကိုပြန်သွားတဲ့နောက် ကိုးအိမ်စုရွာလေးကို လူဦးရေစာရင်း ကောက်ယူရန်အတွက် မြို့မှ လူကြီးများ ရောက်လာကြသည့်အချိန်မှာ ဦးသာခင်က –

"ဆရာတို့ဆီမှာ ဖုန်းရှိပါဘူးလား ဗျ။ ကျွန်တော့်တူလေးနဲ့ ဖုန်းခေါ်ပြီး စကားခဏပြောချင်လို့ပါ"

"ရပါတယ်ဗျား ဒီမှာ ဖုန်း။ ဖုန်းနံပါတ်တော့ ရှိလားဗျ"

"ရှိတယ် ရှိတယ်"

ဂဏန်းများကိုနှိပ်ပြီး တူတော်မောင်လာစဉ်က ဖုန်းပြောခဲ့သော အိမ်ခြံထောင့်က ကျောက်တုံးကြီးပေါ် တက်ပြီး ဟယ်လို .. ဟယ်လိုနဲ့ ခေါ်လိုက်သည်။

တစ်ဖက်မှ အသံက –

"လူကြီးမင်းခေါ်ဆိုသော ဖုန်းမှာ ဆက်သွယ်မှုဧရိယာပြင်ပသို့ ရောက်ရှိနေပါသဖြင့် ခေါ်ဆို၍မရနိုင်သေးပါရှင်"

ဒီအသံကြားလိုက်ရင်ပဲ ဦးသာခင်စိတ်ထဲမှာ အလိုလိုသိလိုက်ပြီး ပါးစပ်က ရေရွတ်ရင်း ပြောလိုက်သည်မှာ –

"အော် ... ငါ့တူကြီးက ငါတို့နိုင်ငံနဲ့ဝေးတဲ့ နိုင်ငံခြားဆိုတာကြီးဆီ ရောက်နေတာကိုး"

သိန်းဝင်း(ကျောက်ပန်းတောင်း)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ရွှေကြိုတဲ့သူ မသဲအူ

သန်းလျှင်မောင်ကျော်ကာမိ

"မောင်မောင်"

"ပြောလေ သဲ့အူ"

"ဟင့်အင်းကွာ မောင်မောင်ကလည်း သဲအူခေါ်တာကို အဲလို ပေါ့ပေါ့ မထူးနဲ့လေ။ သဲအူမကြိုက်ဘူး"

ပြောရင်း သဲအူလေးမျက်နှာ ငိုမဲ့မဲ့ဖြစ်လာသည်။ မောင်မောင်တစ်ယောက် ပျာပျာသလဲနှင့်···

"စိတ်မဆိုးပါနဲ့နော်။ မောင်မောင်က ချစ်လို့စတာပါ။ သဲအူ အဲဒီလိုပုံစံလေးက ပိုချစ်စရာကောင်းတယ်"

ဟု ပြောလည်းပြော၊ သဲအူအနားကပ်လာရာ -

"ဟိုး···ဆရာဟို။ ပါးစပ်က ပြောတာနဲ့တင် ယုံပါပြီရှင်။ စည်းကမ်းမကျော်ရဘူးလေ။ သဲအူက အချစ်နဲ့ ရမ္မက်ဆန္ဒကို ခွဲထားတယ်မောင်မောင်။ သဲအူတို့နှစ်ဦး မေတ္တာသန့်သန့်လေးနဲ့ ချစ်နေမယ်နော်··နော်··နော်လို့"

သဲအူမှ မျက်လုံးလေးထောင့်ကပ်၍ပြောလျှင် ခုတော့ မောင်မောင်ဆိုလေ ထီးရိုးရှည်၍ မဖြစ်တော့ပေ။

"မောင်မောင့်သဲအူလေး စိတ်ကြိုက်သာ။ ချစ်မောင်မောင်တို့ကတော့ သဲအူလေးနဲ့ တစ်ဘဝလုံးချစ်ရနေရရင် ကျေနပ်ပါပြီလေ။ ကဲ···တွေ့တုန်းလေး ရွှေရေတွေးကြရအောင်"

မောင်မောင်သည် ချစ်သူမျက်နှာလေးကို တစိမ့်စိမ့်ကြည့်မဝ ဖြစ်နေသည်။ ကြည့်ရင်းကြည့်ရင်း စိတ်မထိန်းနိုင်ဘဲ သဲအူလေးအလစ် သိုင်းဖက်ကာ အနမ်းမိုးရွာလိုက်သည်။ အလစ်အငိုက်မို့ သဲအူဘာမှမတတ်နိုင်။ မောင်မောင်ပြုသမျှသာ။

"လွှတ်ပါဦး မောင်မောင်ရယ်။ ကြာရင် သဲအူသေလိမ့်မယ်။ အသက်ရှူကျပ်လာပြီ။ လွှတ်ပါ သဲအူစိတ်ဆိုးလိုက်မှာနော်"

သည်လိုဆိုတော့လည်း သဲအူကို မောင်မောင် သနားသွားသည်။

"မောင်မောင် သတိလွတ်သွားတယ်ကွာ။ ဒါကလည်း မောင်မောင့်သဲအူလေးက သိပ်လှလို့ပါ။ နောက် မောင်မောင် ဆင်ခြင်ပါ့မယ်လို့ သဲအူကို ကတိပေးပါတယ်ကွာ"

"သွား လူဆိုး။ ဖယ်ဖယ် နောက်မလာတော့ဘူးသိလား။ တွေ့ချင်ရင် ကျိုက်ခေါက်ဘုရားပွဲကို လာခဲ့။ မြောက်ဘက်မုခ်မှာ သဲအူစောင့်နေမယ်။ သဲအူကို တကယ်ချစ်တယ်ဆိုရင် တွေ့အောင်ရှာ ခုတော့ သဲအူသွားပြီ မောင်မောင်ရေ"

ပြောလည်းပြော မျက်စိအောက်က ပျောက်သွားသည်။ မောင်မောင်လည်း နောက်ကလိုက်၍ -

"သဲအူ···မသဲအူ···မသဲအူ မသွားပါနဲ့။ မောင်မောင့်ဆီ ပြန်လာခဲ့ပါ ပြန်လာခဲ့ပါနော် မသဲအူ··· မသဲအူ"

"ဟော့ကောင် မောင်မောင်သိန်း မင်းဘာတွေယောင်ပြန်ပြီလဲကွ။ ဒီအိပ်မက် မက်ပြန်ပြီလား ထစမ်းထစမ်း"

ကပ္ပိယ ဘကြီးအောင်တစ်ယောက် သူ့ဘေးတွင် အိပ်ရင်းယောင်နေသော မောင်မောင်သိန်းအား လက်ဝါးနှင့်ရိုက်၍ နှိုးလိုက်သည်။ အိပ်လျက် မျက်စိမဖွင့်ဘဲ -

"အဘအောင်ကလည်း နှောင့်ယှက်ပြန်ပြီ။ အိပ်မက်ကောင်းရင် ဒီအတိုင်းပဲ။ မင်းသားနဲ့မင်းသမီး အခင်ပြေရင် လူကြမ်းရောက်လာတာပဲ"

"ခွေးသား···သေတော့မှာပဲ။ လူကြီးကိုများ မရိုမသေနဲ့။ မင်း ဒီအိပ်မက်မက်တာ ငါသိသလောက် လေးခါငါးခါမကတော့ဘူး။ နောက်ပြီး အမြဲတမ်း မင်းကိုထားခဲ့တာပဲမဟုတ်လား။ အေး ခုထတော့။ ဆွမ်း။ ဆွမ်းဟင်းတွေကျက်နေပြီ။ အချိန်နီးပြီ။ ဆွမ်းပွဲတွေပြင်တော့။ နောက်ကျရင် မင်းပဲအဆူခံရမှာ"

ကပ္ပိယကြီးအဘအောင် ဆွမ်းချက်ဆောင်မှ ကျောင်းပေါ်သို့ထွက်သွားသည်။ မောင်မောင်သိန်းလည်း အိပ်ရာ



www.burmeseclassic.com

www.burmeseclassic.com

မှအမြန်ထ၍ ဆွမ်းစားဆောင်သို့ လိုက်သွားလေတော့သည်။

(၂)

မောင်မောင်သိန်းသည် ဘုန်းကြီးကျောင်းကို ရောက်သည်မှာ နှစ်နှစ်ကျော်ကျော် သုံးနှစ်တွင်းသို့ ရောက်နေသည်။ ရွာမှာ ခုနစ်တန်းအောင်ပြီး ဆရာတော်ကြီးခေါ်၍ လိုက်လာခဲ့သည်။ ဆရာတော်ကြီးမှ မောင်မောင်သိန်းအား သန်လျင်မြို့ အထက(၁) (စတိတ်ကျောင်း)ကျောင်း၌ ထားလေသည်။ ရှစ်တန်းကို နှစ်ချင်းပေါက်အောင်သည်။ ယခုနှစ် ကိုးတန်းသည် အစိုးရစစ်။ (ဟိုက်စကူးဖိုင်နယ်)ဖြစ်သည်။ စာအတော်ကြီးမဟုတ်သော်လည်း အဆင့် ၁၀ အတွင်း၌ရှိသည်။ ဘုန်းကြီးကျောင်းရောက်ပြီး နှစ်နှစ်ပြည့်ပြီးတွင် ရှစ်ရက်၊ လပြည့်၊ လကွယ်နေ့ညတိုင်း အိပ်မက်မက်နေသည်မှာ အဘအောင်ပြောသလို လေးကြိမ်ငါးကြိမ်မကတော့ပါ။ အိပ်မက်ထဲမှ မသဲအူဆိုသော မိန်းကလေးကို မျက်စိထဲ ဖျောက်မရတော့ပေ။ အပြင်မှာတွေ့ရင် ချက်ချင်းမှတ်မိမည်မှာ သေချာသည်။ အသားအဖြူကြီးမဟုတ်သည့်တိုင် အညိုဘက်သို့လည်း မသန်းပါ။ ဘယ်လိုကြည့်ကြည့် ကြည့်မဝသူပါ။ အရပ်က မပုလွန်း။ မရှည်လွန်း။ ကိုယ်ဟန်က ခါးသေးရင်ချီ နန်းဆန်ဆန်လှသူပင်။ ပြုံးလိုက်ရယ်လိုက်လျှင် ဘယ်ပါးပြင်ပါးချိုင့်လေးနဲ့ သွားတက်လေးမပေါ်တပေါ်။ တစ်ခါကြည့်လျှင် မဝ။ နှစ်ခါပြန်ကြည့်ရမည့် အလှမျိုးပင်။ ခြော်…မြစ်မျိုးမှဲ့မထင်အလှဆိုတာ သဲအူကိုများ တင်စားထားလား

လို့ တွေးမိသေးတယ်။

ဘာလိုလိုနဲ့ အချိန်နဲ့ ဒီရေဟာ လူကိုမစောင့်ဆိုသည့်အတိုင်း နောက်တစ်ပတ်စနေဆိုရင် ကျိုက်ခေါက်ဘုရားပွဲ စတော့မည်။ ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီးသည် တန်ခိုးကြီးသော ဘုရားစေတီတစ်ဆူဖြစ်သည်။ ကားလမ်းနံဘေး ဘုရားကုန်းကျေးရွာတွင် တည်ရှိပြီး သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွကားလမ်းသည် ဘုရားကြီးခြေတော်ရင်းမှ ဖြတ်သွားလေရာ ဟံသာဝတီနယ်သားအချို့ ကပ်ကျော်ဘုရားဖြစ်နေသည်။ အခြားဒေသ ဘုရားဖူးများသာ ကြားရက်မှာ လာကြသည်မှာ များသည်။ တပို့တွဲလ ဘုရားပွဲချိန်ရောက်လျှင် အဆိုပါဟံသာဝတီ အရှေ့ခြမ်းသားတို့ ဆွေတူရား မျိုးဘုရားဆိုပြီး ဘုရားပွဲရက်အတွင်း နှစ်ရက်၊ သုံးရက် ဆက်တက်သည့်သူ၊ တချို့ အစမှအဆုံးအထိ ဘုရားပွဲပြီးမှ ပြန်သည့်သူများရှိသည်။ ယခုလို ကားခေတ်မပေါ်သေး။ ကိုယ်ပိုင်ကားမရှိသေး။ လိုင်းကားများမှာ ယခင် အင်္ဂလိပ်ခေတ်လက်ကျန် ချက်ပလက်ကားများ။ စစ်ကျန်ကားများသာ ရှိသေးသည်။ သန်လျင်ကျောက်တန်းကြားရှိ ရွာများမှ လှည်းများနှင့် လာဖူးသူများသည် ဘုရားပွဲ စသည်မှပြီးမှ ပြန်သူရှိသလို တစ်ညအိပ်၊ နှစ်ညအိပ်နှင့် ပြန်သူရှိသည်။ ယခုလို ကြည့်ချင်ပွဲသိပ်မရှိ။ ဇာတ်၊ အငြိမ့်ပွဲနှင့် ရုပ်စုံပွဲ(ရုပ်သေး)အဖွဲ့များသာ ရှိသည်။ ကျိုက်ခေါက်ဘုရားအနောက်ဘက်တွင် ရုပ်သေးပွဲရှိလေသည်။ လှည်းနှင့် ဘုရားဖူးလာကြသူများက ယာယီတဲများထိုးကြပြီး လူ

ရော၊ နွားရော၊ ကလေးရော၊ ခွေးပါမကျန် ဘုရားပွဲအစအဆုံး လာကြသူများ ရှိကြသည်။

အလွမ်းဆွတ်ကျေးရွာမှ ရွာသူရွာသားများသည် ဟိုယခင် မိဘ၊ ဘိုးဘွားများလက်ထက်က ကုသိုလ်လုပ်ငန်းကို လက်ဆင့်ကမ်း သယ်ယူခဲ့သည်မှာ ယနေ့ထိတိုင် ချစ်စရာ၊ မြတ်နိုးစရာ မိဘရိုးရာ မြတ်ဘုရားသာသနာ ကြည်ညိုလှူဒါန်းမှုကို မှတ်တမ်းတင်လိုက်ပါသည်။

ဘုရားပွဲမစမီ တပို့တွဲလဆန်း ၇ ရက်၊ ၈ ရက်က စပြီး တစ်ရွာလုံး အိမ်တံခါးပိတ် ကလေးရော၊ ခွေးပါမကျန် မိသားစုအလိုက် ယာယီပြောင်းလာကြသည်။ လူနေရန်တဲများ စီတန်းထိုးထားသည်။ တစ်တဲနှင့်တစ်တဲ အမိုးချင်းထိထား၍ အလယ်မှာ လူသွားလမ်း နေရိပ်တောင်မထိုးပါဘူး။ အားလုံး ဘုရားကုန်းပေါ်တက်ပြီး ဘုရားတန်ဆောင်းသန့်ရှင်းရေးလုပ်၊ ရင်ပြင်တော်တံမြက်စည်းလှည်း။ ဘုရားပန်းများလဲပြီး ဘုရားကြီးအား ရွှေသင်္ကန်းကပ်၊ နေ့စဉ် ဆွမ်း။ ဆွမ်းဟင်း။ အချိုပွဲ၊ ရေချမ်းကို မပြတ် ဆက်ကပ်ကုသိုလ်ယူကြသည်။ အခြား လုပ်ငန်းသွားစရာရှိရင်လည်း သွားကြ၊ ညနေကျ ဘုရားကိုပဲပြန်လာ၊ ဘုရားပွဲပြီးလို့ အားလုံးပြန်ပေမယ့် သူတို့မပြန်ဘဲ သန့်ရှင်းရေးအကုန်လုပ်ပြီး ဘုရားကုန်းတော်ပေါ်မှ တပို့တွဲလပြည့်ကျော် ၂ ရက်၊ ၃ ရက်မှ အားလုံးပြန်ကြတာ။ ယခုလို ဘုရားကြီးရွှေချ၊ သန့်ရှင်းရေးကုသိုလ်ယူနေသည်မှာ တစ်နှစ်၊ နှစ်နှစ် မဟုတ်၊ ယခင်ဘိုးစဉ်ဘောင်ဆက်ကနေပြီး ယခုထက်



www.burmeseclassic.com

www.burmeseclassic.com

တိုင် ဘုရားအနောက်ဘက် ရင်ပြင်တော်အောက် ကုန်းပတ်လည်မှာ ရွှေကြိုဟဲ့များကို မြင်နိုင်တွေ့နိုင်ပါသေးတယ်။ ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီးရှိ တစ်ခုတည်းသော ကုသိုလ်မြင်ကွင်းတစ်ခုပင် ဖြစ်ပါသည်။

(၃)

တပို့တွဲလဆန်း ၈ ရက်နေ့နှင့်တိုက်သည့်အတွက် အဘအောင်နှင့် မောင်မောင်သိန်းတို့နှစ်ဦး နံနက်စောစော အရုဏ်ဆွမ်းကပ်ပြီး ကျိုက်ခေါက်ဘုရားသို့ လမ်းလျှောက်လာလိုက်ကြသည်။ ကျောင်းမှထွက်ပြီးလာရာ နာရီဝက်ခန့်အကြာတွင် အရှေ့ဘက်မုခ်ဦးသို့ ရောက်လာသည်။ နှစ်ဦးသား ခြသေ့်ဦးမှ စေတီတော်အား လှမ်းဖူးရာ အမောများပြေသွားသည်။ အဘအောင်က အသက် ၇၀ ကျော်၊ မောင်မောင်သိန်းက ၁၆ နှစ်ကျော်။

နှစ်ဦးသား စောင်းတန်းမှဘုရားပေါ်သို့ တက်လာရာ ရက်နုသေး၍ ဈေးသည်အနည်းငယ်နှင့် ဘုရားဖူးသိပ်မများသေးပေ။ တကယ်လူများတာက ၁၃-၁၄-၁၅ ရက်များဖြစ်သည်။ အဘအောင်က တနင်္ဂနွေထောင့်မှာ ဘုရားရှိခိုးနေ၏ . . .။ မောင်မောင်သိန်းက သောကြာသား။ မြောက်ဘက်မုခ်က တန်စောင်းမှာ ဘုရားရှိခိုး၏။ သိပ်မကြာ ဩကာသတောင်မဆုံး၊ ဦးသုံးကြိမ် မှဆိန်ပေါက်ချ၍ အဘအောင်ရောက်မလာမီ မြောက်ဘက်မုခ် နတ်သျှင်နောင်အရုပ်ထုနားရှိ ခရေပင်ကြီးသို့ အပြေးတစ်ပိုင်းသွားသည်။ ခရေပင်အောက် ရောက်လျှင် မမောပြေသွားသည်။ ကြွေကျ ဖြေခနေသော ခရေရနံ့များက လှမ်းလင့်၍ ကြိုနေသည်။ ဘာရယ်မဟုတ် စိတ်ရှိတိုင်း ခရေပွင့်အကြွေများကို လိုက်ကောက်ရာ လက်တစ်ခုပ်ကြီးရလိုက်သည်။ လက်ထဲမှ ခရေပန်းများကို အားရပါးရ နမ်းလိုက်စဉ် -

“ခရေပန်းကို မနမ်းပါနဲ့ရှင်။ ကပ်မနမ်းလည်း မွှေးပါတယ်။ ဘုရားကို အရင်လှူလိုက်ပါဦးလား အစ်ကိုတော်”

ရုတ်တရက် တစ်ယောက်တည်းရှိရာမှ မထင်မှတ်တဲ့ ခရေပင်ဘေးမှ အသံကြားသဖြင့် လန့်၍သွားသည်။ အသံသာကြားတာ လူကိုမတွေ့ရသေးပေ။ ဘေးဘီဝဲယာကို လှမ်းကြည့်တော့လည်း ကိုယ်တစ်ယောက်တည်း နတ်သျှင်နောင်ဂူမှာလည်း ဘယ်သူမှမရှိ။ ဟုတ်မှဟုတ်ရဲ့လား။ အတွေးပေါင်းစုံသွားတယ်။ ခေါင်းလည်းကြီးသွားတယ်။ ပန်းဆက်မကောက်တော့ဘဲ ပြန်ရန်ပြင်လိုက်မှ -

“အစ်ကို ဘာရှာနေတာလဲ၊ ညီမက ဒီမှာပါ။ ခရေပင်ကွယ်နေလို့ ညီမကို မမြင်ရတာပါ အစ်ကိုတော်”

အသံချိုချိုလေးနဲ့ပြောရင်း ဆင်မယဉ်သာ ခြေလှမ်းလေးနဲ့ တစ်ခါမှ မမြင်ဖူးသော မိန်းကလေးတစ်ယောက်။ ခြေထောက်ကို အရင်တွေ့ရ၏။ ပုံတော်ဖိနပ်လေးနဲ့ ချိတ်လုံချည်နံ့သာရောင်လေး။ ခါးပေါ်ကိုကြည့်လိုက်တော့ ရင်စေ့ကော်လံထောင်လေးနဲ့ လက်ရှည်အင်္ကျီကလည်း နံ့သာရောင်။ ရင်မှာလည်း ပုလဲက အဝါဘက်နည်းနည်းလုတယ်။ မျက်နှာလေးကလည်း ဘာလိမ်းထားမှန်းမသိ။ ဥနေတာပဲ။ ပေါ့ ခေါင်းမှာက ခရေပန်းတွေဝေလို့။ ဆံစက ဒူးကောက်ကွေးအထိ ရောက်တယ်။ ဆံပင်ကို ဒါတောင် တစ်ပတ်သျှိုထုံးထားတာ။ ငေးကြည့်နေမိသည်မှာ အချိန်ဘယ်လောက်မှန်းမသိ။

“ပေါ . . . အစ်ကိုတော်ကတော့ လုပ်ပြန်ပြီ . . .။ ကြည့်နေလိုက်တာ ကြောက်စရာကြီး။ နမလေး မနေတတ်တော့ဘူး။ သူ့လိုကိုယ်လိုပါပဲ။ နမလေးက ဘာထူးလို့လဲဟင်”

သူမအသံကြား၍ မောင်မောင်သိန်း သတိရပြီးရှက်သွားသည်။ ယောကျ်ားရှက်တော့ ရယ်ဆိုသည့်အတိုင်း . . .။

“ဟဲဟဲ . . . ဘာရယ်မဟုတ်ပါဘူး။ အစ်ကို့ရှေ့မှာ နတ်သမီးတစ်ပါးလားလို့ ထင်သွားလို့ပါ”

ရှက်ရမ်းရမ်းပြီး ပြောလိုက်သည်။ ဘာရယ်တော့ မဟုတ်။

“သိပ်မမြှောက်ပါနဲ့ အစ်ကိုတော်။ ညီမ မုန့်ကျွေးပါ့မယ်။ အစ်ကိုတော်က ခရေပန်းကြိုက်လား”

ဟု တရင်းတနှီးမေးလျှင် မောင်မောင်သိန်းလည်း ခုမှ မျက်နှာကို သေသေချာချာ ကြည့်လိုက်ရာ “ဘုရား ဘုရား” ဘယ်လိုပါလိမ့်။ အိပ်မက်ထဲမှာ သူ့အမြဲမက်နေတဲ့ ကောင်မလေးပါလား။ ငါအိပ်မက်များမက်နေလား။ မောင်မောင်သိန်းတစ်ယောက် ကိုယ့်ပေါင်ကို ဆွဲဆိတ်ကြည့်သည်။ “အား” နာတယ်ဟ။ ဒါဆို အိပ်မက်မဟုတ်ရေး ချမဟုတ်။ ဒီတော့ . . .

“နမလေးက မသဲအူ မဟုတ်လားဟင်”

www.burmeseclassic.com

ကောက်ကောင်ကာ မေးလိုက်သည်။ ကလေးမလေးက ဘာမှပြန်မပြော။ ပြုံးပြနေသည်။ ဟုတ်ပါပြီ ပြုံးလိုက်မှ ဘယ်ပါး ပါးချိုင့်လေး။ သွားတက်လေးတွေ မပေါ်တပေါ်တွေ့ရသည်။

"ဝမ်းသာလိုက်တာ သဲအုလေးရယ်။ အိပ်မက်ထဲမှာပဲ အမြဲစကားပြောနေရတာ။ ဒီလိုတွေ့မယ်လို့ ဘယ်လိုမှ မမှန်းထားဘူး။ သဲအုရော ဝမ်းမသာဘူးလား"

"အစ်ကိုတော်က အိပ်မက်ထဲက ထက် အပြင်မှာ ပိုစကားပြောကောင်းတယ်။ တကယ်ရော အစ်ကို သဲအုတို့နဲ့ နေနိုင်ပါ့မလား"

"ဟာ…ဘာလို့မနေနိုင်ရမှာလဲ။ ဒီနှစ် အစ်ကို ၉ တန်းအောင်ရင် အလုပ်ဝင်လုပ်လို့ရပြီလေ။ အလုပ်ရှိရင် ငွေရှိပြီပေါ့။ ပူစရာမလိုပါဘူး သဲအုရယ်"

"မဟုတ်သေးဘူး အစ်ကိုတော်။ သဲအုပြောတာကို သေသေချာချာနားထောင်ပါနော်။ သဲအုတို့နေတဲ့နေရာက မြို့ကြီးတွေနဲ့ဝေးတယ်။ စားရေးသောက်ရေးလည်း ခက်ခဲတယ်။ အစ်ကိုတော်တို့ မြို့လို လိုဘာရှာလို့မရဘူး။ နောက်ပြီး သဲအုတို့က မိသားစုများတယ်။ အစ်ကိုတော် သဲအုတို့အိမ်မှာ ပျော်မှာမဟုတ်ပါဘူး။ သဲအုသိပါတယ်။ ဒီလိုပဲ ဘုရားပွဲရက်တွေမှာ ဒါမှမဟုတ် လကွယ်နေ့တိုင်း တစ်လတစ်ခါ တွေ့ကြရင်ရော အစ်ကိုတော်။ နောက်ပြီး အစ်ကိုတော်နဲ့ သဲအု မေတ္တာသက်ဝင်တာကိုလည်း သဲအုဦးကြီးတော် အလစ်လာတွေ့ရတာ။ ဦးကြီးသိသွားရင် သဲအုကိုလည်း ဒဏ်ပေးမှာ။ အစ်ကိုတော်ကိုလည်း ရန်ရှာမှာ"

မသဲအုသည် သူမချစ်သူ မောင်မောင်သိန်းအား သူမဘဝကို ရှင်းပြနေသည်။

ချစ်သူနှစ်ဦး ခရေပင်ရင်းမှာ တွေ့ရချိန်လေးမှာ စကားတွေက ပြောမကုန်ကြပေ။ ဒီလိုနဲ့ ဘုရားပွဲပြီး၍ ကတိထားသည့်အတိုင်း တစ်လတစ်ခါ လကွယ်နေ့တိုင်း မြောက်ဘက်မုခ် ခရေပင်ကြီးမှာ တွေ့မြဲတွေ့၊ ချစ်မြဲချစ်လျက်ပင်။ သည်လိုနေရာမှ နောင်နှစ် ဘုရားပွဲအစ လဆန်း ၈ ရက်နေ့ နေ့လယ် ၁၂ နာရီအချိန် ခရေပင်ကြီးမှာ နှစ်ဦးသားတွေ၍ စကားပြောနေစဉ် ကျယ်လောင်သောအသံကို ကြားလိုက်ရသည်။

"အမိုက်မ မိသဲအု၊ ငါတို့ကို သစ္စာဖောက်တယ်ပေါ့။ အခုပြန်လာခဲ့။ ငါစိတ်ဆိုးရင် သိပါတယ်။ နင်ရော သူရော ဒဏ်ခတ်လိုက်မှာ"

ချစ်စကားလေးများ မဆုံးသေး။ ပြောကောင်းနေစဉ် မထင်မှတ်သည့်အသံကို ကြားလိုက်ရသည်၊ လူကိုတော့ မမြင်ရသေး။ မောင်မောင်သိန်း သဲအုကို တိုး၍ဖက်ထားသည်။ သူ့ရင်ခွင်ထဲမှာ သဲအုလေးက တစ်ကိုယ်လုံး တုန်ယင်နေသည်။ မောင်မောင်သိန်း ရင်ခွင်ထဲမှ အတင်းရုန်းနေသည်။ ပါးစပ်မှလည်း -

"မောင်မောင် ဒုက္ခတော့တွေ့ပြီ။ မောင်မောင်နဲ့သဲအုတို့ ဝေးရတော့မယ်။ သဲအုရဲ့ ဦးကြီးတော် သိသွားပြီ။ မောင်မောင်လည်း နောက်ဘယ်တော့မှ ဒီခရေပင်ကို မလာခဲ့နဲ့နော်။ သဲအုလည်း သွားတော့မယ်"

"မခွဲနိုင်ဘူး သဲအု။ မင်းတစ်ယောက်တည်းသွားတာ မောင်မောင်မကြည့်ရက်ဘူး။ မောင်မောင်နဲ့တစ်ခါတည်းသာ လိုက်ခဲ့သဲအု။ ဖြစ်သမျှ မောင်မောင် ရင်ဆိုင်မယ်"

"ဘယ်လိုမှ မဖြစ်နိုင်လို့ပါ မောင်မောင်။ သဲအုလေ…သဲအု မောင်မောင့်ကို ရင်နင့်အောင်ချစ်ပေမယ့် တကယ်တမ်းကျတော့ သဲအု သူတို့လက်က ရုန်းမထွက်နိုင်လို့ ပြောတာပါ။ ပြောမရတာတွေ အများကြီးပါ မောင်မောင်"

ထိုစဉ် -

"မိသဲအု , မလာသေးဘူးလား။ နောက်တစ်ခါဆိုရင် နင်သိပါတယ်နော် ဟင်း…ဟင်း…ဟင်း"

"မောင်မောင် သွားတော့လေ။ ခေါင်းသိပ်မာတာပဲ။ သဲအုလည်း မောင်မောင်နဲ့မခွဲချင်ပါဘူး မောင်ရယ်။ မကြာခင် ပြန်ဆုံကြရမှာပါ။ သဲအုပြောတာကို ယုံပါ"

"မောင်မောင်မပြန်ဘူး သဲအု။ ဖြစ်သမျှကို သဲအုနဲ့အတူတူ ရင်ဆိုင်မယ်"

မောင်မောင်ကလည်း ခေါင်းမာ၊ သဲအုမှာလည်း ရင်နာရနဲ့ နှစ်ဦးသားဗျာများနေကြသည်၊ သမုဒယနဲ့ဒုက္ခ အနွယ်တော်တွေ၊ သောကကို ရင်ဝယ်ပိုက်ပြီး ဒုက္ခကိုကြိုဆိုနေချင်ကြသည်၊ ဦးကြီးတော်အကြောင်းကို သဲအုအသိဆုံး။ နောက်တစ်ကြိမ်ခေါ်ဖို့ကလည်း အချိန်ကပ်နေပြီ။ မတတ်နိုင်ဘူး။ နောက်ဆုံး သူမ ဒဏ်ပေးရင်လည်းခံမယ်၊ မောင်မောင်မပါစေချင်ပေ။ ဒါကြောင့် သဲအုတစ်ယောက် အရဲစွန့်ပြီး -

"ကဲ…မောင်မေင် အချိန်မရှိဘူး။ ဒီမှာ သဲအုကို တကယ်ချစ်ရင်

www.burmeseclassic.com

သဲအုလက်စွပ်လေးကို ယူသွားပါ။ သတိရတိုင်း သူ့ကိုကြည့်နေပါ။ မကြာခင် မေမေမောင်နဲ့သဲအု ပြန်ဆုံမှာပါ။ ဟုတ်ပြီလား သဲအုကို တကယ်ချစ်တယ်ဆိုရင် ပြန်ပါတော့နော်"

သဲအု သူ့မလက်စွပ်ကိုချွတ်၍ မောင်မောင့်လက်သန်း၌ ဝတ်ပေးလိုက်သည်။ လက်စွပ်က တိုင်းလုပ်ထားသည့်အဝိုင်း မောင်မောင့်လက်သန်းနဲ့ ကွက်တိဖြစ်နေသည်။ မောင်မောင့်နဖူးအား မွှေးမွှေးပေး၍ သဲအုတစ်ယောက် အပြေးတစ်ပိုင်းနှင့် ထွက်သွားသည်။ မောင်မောင်ကြည့်နေရင်း သီဟိုဠ်ပင်များအကြား ပျောက်ကွယ်သွားတော့သည်။

မောင်မောင်သိန်း ပတ်ဝန်းကျင်ကို သတိထားမိချိန်မှာ ခရေပင်အောက်မှာ သူတစ်ယောက်တည်းသာ။ နေပင်အတော်စောင်းနေပြီ။ နတ်သျှင်နောင်အုတ်ဂူဘေးတွင် ထောင်ထားသော စက်ဘီးကိုယူ၍ တွန်းလာကာ နောက်သို့ လှည့်ကြည့် လှည့်ကြည့်နှင့်သာ။ လမ်းမကြီးပေါ်ရောက်တော့ မှောင်စပြုနေပြီ။ စက်ဘီးကလည်း မီးမပါ။ စီးနေကျလမ်းဖြစ်၍ ဖြည်းဖြည်းမှန်မှန်နင်းလာသည်။ စက်ဘီးစီးရင်း သဲအုအကြောင်း စဉ်းစားနေ၏။ မှောင်ထဲမှာ လက်စွပ်ကိုလည်း စမ်းစမ်းကြည့်သည်။ မှောင်လေ လက်စွပ်က လင်းလေပင်။ ဆယ့်ရှစ်ကုန်းအတက်ကို အားလေးစိုက်နင်းလိုက်သည်။ သဘော်စိုက်လျှင် ကားတန်းကြီးတက်လာမည်။ ကားမီးနှင့်ဆိုလျှင် နင်းရခက်သည်။ ကုန်းထိပ်ရောက်ပြီး ဖြည်းဖြည်းလိမ့်ဆင်းလာသည်။ ညောင်သုံးပင်ကုန်းဘက်ကလည်း ကားမီးရောင်တွေရှသည်။ သတိထားကာဆင်းရင်း မမင်းလုကန်အရောက်တွင် ရှေ့မှကားကအရှိန်ပြင်းစွာ ဆင်းလာသည်။ ရှေ့ကုန်းတက်ရန် *အရှိန်ယူလာသည့် မောင်*မောင်သိန်း မီးရောင်နဲ့ ဘာမှမမြင်။ သတိထားရင်းမှ လမ်းပခုံးချိုင့်နှင့်ထိပြီး ဟန်တယ်ခေါက်၍ လဲသွားသည်။ အဖြစ်က မြန်သည်။ တစ်ဖက်မှလာသောကားနောက်ဘီးအောက် ရောက်သွားသည်။ သည်ကုန်းကျော်ရင် မောင်မောင်သိန်း ကျောင်းပြန်ရောက်ပြီ။

"ဟော့…ဘယ်သူလဲ မောင်မောင်သိန်းလား။ ဟင်းဟန်းကန်တွေအုပ်ထားတယ်။ မြည်းမြည်းလုပ်ပါကွ"

ကပ္ပိယကြီးအဘအောင် ပြောလည်းပြော၊ ဓာတ်မီးနဲ့ဖိုထဲထိုးကြည့်ရာ ဘာမှမတွေ့၊ အိုးဖုံးတွေလှန်နေသည်။ လူမတွေ့၊ ကျောင်းနောက်ကလည်း ခွေးအူသံတွေ၊ ကျောင်းအောက်က ခွေးတွေကလည်း ဖင်ဆွဲပြီး အဘအောင်နား ကပ်လာတယ်။

မောင်မောင်သိန်းချစ်တဲ့ ခွေးလေးက အူပြီး ကျောင်းခန်းထဲ ပတ်ပြေးနေတယ်။ မောင်မောင်သိန်း အိပ်ရာကိုကြည့်ပြီး "တအုအု"အော်နေတယ်။ အဘအောင်လည်း အပြေထုတ်ရခက်နေသည်။ နာရီဝက်ခန့်ကြာသော်…ကျောင်း ခြံဝန်းရှေ့မှ -

"အဘအောင်…အဘအောင် ကျွန်တော်တို့ပါ။ အရေးကြီးလို့"

"အေး အေး…လာပြီ လာပြီ"

အဘအောင် မပြေးရုံတစ်မည်သွားလိုက်သည်။ မီးအိမ်မြှောက်ကြည့်ရာ -

"ဟာ…ဘိုးလှ သအေချပြီ လိုလဲလှ ညကြီးအချိန်ကော်"

အဘအောင်မေးလျှင် ဘိုးလှက -

"*နောက်မှပေး အခုလိုက်ခဲ့။* မောင်မောင်သိန်း ကားတိုက်မိလို့ ဆေးရုံမှာ။ မြင်းလှည်းပါတယ် သွားမယ်"

အဘအောင်လည်း ကျောင်းဝင်းတံခါး လုံအောင်ပိတ်၍ ဆရာတော်အား မလျှောက်တော့ဘဲ လိုက်လာခဲ့သည်။

ဆေးရုံရောက်လျှင် မောင်မောင်သိန်း ရင်ခွဲရုံရောက်နေသည်။ မောင်မောင်သိန်းတစ်ယောက် ဆေးရုံကို အသက်မပါခဲ့ချေ။ ရင်ခွဲရုံရှေ့မှာ စက်ဘီးလေးက လဲလျက်။ ဦးခေါင်းတစ်ခုလုံး ကားကြိတ်ထား၍ ကြေမွနေသည်။ အင်္ကျီ၊ လုံချည် မှတ်မိ၍ အဘအောင် မောင်မောင်သိန်းအား သေသေချာချာကြည့်၏။ သူတစ်ခါမှ မမြင်ဖူးသည့် လက်စွပ်တစ်ကွင်း ဝတ်ထားသည်။ အဘအောင် အသာချွတ်ယူလိုက်သည်။ ထို့နောက် နောက်မနက်မှလာမည့်အကြောင်းနှင့် မောင်မောင်သိန်းနှုန်ကန့်ကြောင်း ပြောဆို၍ အဘအောင် ဆေးရုံမှကျောင်းအထိ လမ်းလျှောက်ရင်းပြန်လာရာ ဘယ်အချိန် ကျောင်းသို့ရောက်သည်မသိ။

မောင်မောင်သိန်း ရည်လည်ဆွမ်းကျွေးပြီး ညတွင် အဘအောင်တစ်ယောက် ဘုရားရှိခိုး အမျှဝေပြီး အိပ်ပျက်သမျှ အတိုးချပြီး အိပ်လိုက်သည်။

"အဘ…အဘ…အဘအောင် သား မောင်မောင်သိန်းပါ အဘ"

"သားရာ ဘယ်တွေသွားနေတာလဲ။ အဘ သားကိုမျှော်နေတာ"



www.burmeseclassic.com

www.burmeseclassic.com

"သားအခု အိပ်မက်ထဲက မသဲအုတို့ဆီကို ရောက်နေတာ အဘရဲ့"

"ဟုတ်ရဲ့လား . . . ကိုယ့်လူရယ်။ တကယ်ဆိုရင် အဘဝမ်းသာတာပေ့ါ လူလေးရဲ့၊ သမီးလေးပါခေါ်ပြီး လာလည်နော် လူလေး"

"စိတ်ချပါ တစ်နေ့နေ့ ရောက်မှာပါ။ ဒါနဲ့ အဘ၊ အဘဆီမှာ ကျွန်တော့် လက်စွပ်လေး ရှိတယ်မဟုတ်လား"

"အေး . . . ရှိပါသော်ကောမောင်ရယ်"

"ဟုတ်ပြီ အဘ။ အဲဒီလက်စွပ်လေးကို အဘလှူခဲ့ပြီး ရတဲ့ငွေထဲက သုံးပုံပုံပါ။ တစ်ပုံကို ကျိုက်ခေါက်ဘုရားမှာ ရွှေသင်္ကန်းလှူပါ။ တစ်ပုံကို အဘသုံးစွဲပါ။ ကျန်တစ်ပုံကို ကျွန်တော်နဲ့ မသဲအုတို့ကို ရည်မှန်းပြီး လှူဒါန်းပေးပါ အဘ။ ကျွန်တော်တို့အတွက်လှူရင် ဘုရားမြောက်ဘက်မုခ်က ခရေပင်ကြီးအောက်မှာ လာဖိတ်ပါနော် အဘ။ အဘလှူမယ့်ရက်ကို သားတို့တစ်တွေ စောင့်နေမယ်နော်အဘ။ အဘအတွက် တစ်ပုံကိုလည်း ဖအဘသုံးနော်။ အဲဒါကတော့ အဘပိုင်ဖြစ်သွားပြီ။ အဘ လုပ်ချင်ရာ လုပ်ပေတော့။ ကဲ . . . သားသွားပြီ အဘရေ"

အဘအောင်သည် အိပ်မက်ထဲမှ မောင်မောင်သိန်း ပြောသည့်အတိုင်း လက်စွပ်အား သွားရောင်းရာ ပတ္တမြားလက်စွပ်ဖြစ်၍ မှန်းသည်ထက်ပို၍ရခဲ့သည်။ သူတို့အတွက် ဆွမ်းကျွေးဖိတ်ရန်နှင့် ရွှေသင်္ကန်းကပ်သည်ကို တပို့တွဲလဆန်း ၁၃ ရက်နေ့ကို ရွေးလိုက်သည်။ ၁၄ ရက်မနက်မှာ ဆွမ်းကပ်မည်။ အစီအစဉ်ဆွဲ၍ တပို့တွဲလဆန်း ၁၃ ရက်နေ့ ဘုရားပေါ်တက်၍ ရွှေသင်္ကန်းကပ်ပြီး အမှုအတန်းပေးဝေခဲ့သည်။ ထို့နောက် မသဲအုနဲ့ မောင်မောင်သိန်းကို ဖိတ်ရန် မြောက်ဘက်မုခ် ခရေပင်ကြီးသို့ ရောက်ခဲ့သည်။ လူတစ်ယောက် ခရေပန်း ကောက်နေသည်။ အဘအောင်လည်း ကိုယ့်အလုပ်နှင့်ကိုယ် ဂရုမထားမိ။

"မောင်မောင်သိန်းနဲ့ မသဲအုတို့ရေ၊ အဘ ၁၄ ရက်နေ့ အရုဏ်ဆွမ်း သားတို့၊ သမီးတို့အတွက် ကပ်မယ်။ ဒါကြောင့် တရားနာယူရအောင် တရားနာအမီ ကျောင်းကိုလာကြဖို့ တရားနာဖိတ်ပါသည်။ မောင်မောင်သိန်းနဲ့ မသဲအုရေ"

အဘအောင် ဖိတ်၍အပြီးတွင် ခရေပန်းကောက်နေသော အမျိုးသမီးကြီးမှ -

"ဒီမှာရှင့် . . . ရှင်ခုဏပြောလိုက်တာ မောင်မောင်သိန်းနဲ့မသဲအုဟုတ်လား။ ကျွန်မကို သူတို့အကြောင်း ပြောပြပါ။ ကျွန်မသူငယ်ချင်း မသဲအုများ ဖြစ်မလားလို့ပါ"

မမြင်ဖူးသော အမျိုးသမီးအား အဘအောင် မောင်မောင်သိန်းနှင့် မသဲအုအကြောင်း ပြောပြရာ ခေါင်းတညိတ်ညိတ်နဲ့ နားထောင်ပြီးလျှင် -

"ရှင်ပြောတာတွေ ဟုတ်ပါတယ်ရှင်။ ကျွန်မသူငယ်ချင်းက ခရေပန်းသိပ်ကြိုက်တာ။ သူ ၁၄ နှစ်သမီးအရွယ်က နှစ်တိုင်း ကျွန်မတို့ဘုရားပွဲ အစအဆုံး တစ်ရွာလုံးလာကြတာ။ ရွှေကြိုချကြလို့ ရွှေကြိုအဖွဲ့ ရွှေကြိုတဲ့တန်းလို့ ခေါ်ကြတာ။ အဲဒီနှစ်က မသဲအု အပြင်းဖျားပြီး ဘုရားပွဲနီးမှ ဆုံးသွားတာ။ သူ ဒီခရေပင်ကို စိတ်စွဲနေမှာပေ့ါ။ ခုတော့ ရှင့်ကို အိပ်မက်ပေးလို့ ရှင်ကုသိုလ်လုပ်ပေးရင် သူတို့ ကျွတ်တန်းဝင်ရင်လည်းဝင်၊ ဒါမှ မဟုတ် သူတို့ အဆင့်အတန်းမြင့်သွားတာပေ့ါ။ ရှင့်ကို ကျေးဇူးတင်ပါတယ်။ နှစ်ပေါင်း ၅၀ ကျော်မှ သူနဲ့ပြန်ဆုံရသလိုပါပဲ"

"လူ့ဘဝဆိုတာ သတိထားရမယ်။ မစွဲရှမ်းဖို့ စွဲလမ်းမှုက သံသရာကို လည်စေတယ်လေ"

"ဟုတ်ကဲ့ ကျွန်မကိုခွင့်ပြုပါဦး။ ကျွန်မက မသဲအုရဲ့သူငယ်ချင်း မသူဇာပါရှင် သွားလိုက်ပါဦးမယ်"

အဘအောင်တစ်ယောက် ဒေါ်သူဇာကိုကြည့်ပြီး ဒုတိယမသဲအုတော့ မဟုတ်ပါဘူးနော်ဟုတွေးကာ မနက်ဆွမ်းကပ်ပွဲမှာ သာဓုသံ မြိုင်မြိုင်နဲ့ ဘဝတက်လမ်းလှိုင်ကြမယ့် မောင်မောင်သိန်းနဲ့ မသဲအု(ဝါ)ရွှေကြိုတဲ့သူ မသဲအုတို့ဘဝ။

သည်လိုဘဝ၊ သည်လိုအဖြစ်နဲ့ ဘယ်သောအခါမှ မဆုံစည်းကြပါနဲ့လို့ ဆုတောင်းရင်းဖြင့်သာ . . . ပြန်လာခဲ့တော့သည်။

လိုရာဆန္ဒ ပြည့်ဝပါစေ . . .

**သန်လျင်မောင်ကျော်ခဲ**

[ ဝန်ခံချက်။ ။ ၁၉၆၇ ခုနှစ်က အဖြစ်အပျက်အား ရေးဖွဲ့ခြင်းဖြစ်ပါသည်။ ]



www.burmeseclassic.com

www.burmeseclassic.com

# အတင်း

ဓအာင်နန္ဒစံ(ကျိုက်လတ်)

မအူပင်မြို့ကြီးသို့ ဆေးခန်းပြရန် လာသော ဒေါ်မီတစ်ယောက် သမက်တွေနှင့် သိပ်အဆင်မပြေ။ သားကြီးဖြစ်သူကို အဖော်ခေါ်ကာ ဆေးကုသမှု ခံယူပြီး အထူးကုဆေးခန်းကြီးမှ ကားဂိတ်သို့ ဆိုက်ကားစီးကာ ပြန်လာသည်။

ဆိုက်ကားဆရာက လမ်းမကြီးမှမနင်းဘဲ ရပ်ကွက်ထဲရှိ (ဖြတ်လမ်း) ကွန်ကရစ်လမ်းလေးများအတိုင်း နင်းလာသည်။ ရှေ့ခုံတွင်ထိုင်စီးလာသော ဒေါ်မီက လမ်းဘေးဝဲယာကို လှေ့လာကြည့်ရှုရင်း –

"ဒီက မြေကွက်လေးတွေက ကျဉ်းတယ်နော်"

"မကျဉ်းပါဘူး အဒေါ်ရယ်။ တစ်ကွက်တည်းကို နှစ်အိမ်ဆောက်ထားလို့ပါ"

"ဒီမှာ မြေကွက်တွေ ဘယ်လောက်ဈေးပေါက်လဲ မသိဘူးနော်"

"ဟာ ... အဒေါ်၊ ဒီရပ်ကွက်ထဲက မြေကွက်တွေက သိန်း ၁၅၀ နီးပါး ပေါက်တယ်။ ဟိုဘက်ရပ်ကွက်ဆိုရင် သိန်း ၂၀၀ အထက်ကြီးပဲ"

ဆိုက်ကားဆရာက သူသိထားသမျှ မြေကွက်ဈေးတွေကို အာပေါင်အာရင်းသန်သန် လမ်းတစ်လျှောက်ပြောပြနေသည်။ ခရီးသည်အဒေါ်ကြီးက အသားဖြူဖြူ၊ ဥပဓိရုပ်ကောင်း။ ရွှေလက်ကောက်တွေကလည်း တချွင်ချွင်၊ ဆွဲကြိုးကြီးကလည်း အကြီးကြီးနှင့်ဆိုတော့ သူတို့မြို့မှာ မြေကွက်လာဝယ်ဖို့ ဈေးလာစုံစမ်းနေသည်ဟု သဘောပေါက်ပြီး ဆိုက်ကားဆရာက ရှင်းပြနေခြင်းဖြစ်သည်။

ထိုစဉ် ဒေါ်မီအတွေးတစ်ခုဝင်လာပြီး ပြုံးမိသွားသည်။ သားဖြစ်သူကလည်း ဘာသဘောပေါက်သွားသည် မသိ၊ ပြုံးလျက်။

* * *

ကျိုက်လတ်ပြန်ရောက်တော့ မွန်းတည့်ခါနီးပြီ။ ဒေါ်မီက သူ့အိမ်သို့ တန်းမသွားသေးဘဲ တစ်လမ်းထဲရှိ သားဖြစ်သူ၏အိမ်သို့ လိုက်လာသည်။ အိမ်ပေါ်ရောက်သည်နှင့် ချွေးမဖြစ်သူက –

"အမေ ... ထမင်းတစ်ခါတည်း စားသွား။ ခူးလိုက်တော့မယ်"

"အေးအေး ... စားမယ်အေ။ ကားကခုန်တော့ ဗိုက်က ဆာနေတာနဲ့ အတော်ပဲ"

ဒေါ်မီ ထမင်းစားပြီးသောအခါ အိမ်ရှေ့ခန်းသို့ ထွက်လာပြီး ခေါင်းရင်းဘက်ရှိ ဆက်တီခုံတွင် ဝင်ထိုင်လိုက်သည်။ ထို့နောက် ဝတ်ဆင်ထားသော လက်ကောက်များကို တစ်ကွင်းချင်းချွတ်နေသည်။ ဆွဲကြိုးကိုပါ ချွတ်လိုက်သည်။ ပြီးတော့ လက်ကောက်များနှင့် ဆွဲကြိုးကို အရှေ့တွင် ထိုင်နေသော ချွေးမဖြစ်သူဆီသို့ လှမ်းပေးလိုက်ရာ ချွေးမက ယူထားလိုက်ပြီး

"အမေ ... တစ်ရေးတစ်မော အိပ်သွားဦးလေ၊ ဖျာခင်းလိုက်မယ်"

"နားနားနေနေ အိမ်လိုက်ဦးလေ အမေရာ"

သားဖြစ်သူကလည်း ဝင်ပြောသည်။

"ဟာ ... မခင်းနဲ့ သမီး။ မအိပ်တော့ပါဘူး သားရယ်။ အိပ်လို့မဖြစ်ပါဘူးဟာ"

ဒေါ်မီတစ်ယောက် ပြောပြောဆိုဆို ဆေးအိတ်ကလေးကိုဆွဲပြီး သားဖြစ်သူ၏အိမ်မှ သူ့အိမ်လေးဆီသို့ လေးလံသောခြေလှမ်းများဖြင့် ထွက်လာခဲ့တော့သည်။

တစ်ရေးတစ်မော အိပ်လို့မဖြစ်။ မနက်ဖြန် မုန့်ဟင်းခါးဆိုင် အချိန်မီ ဖွင့်နိုင်ရန် ငါးပြုတ်၊ အရိုးနွှင်၊ ငှက်ပျောဖက်လှီး၊ လုပ်စရာရှိသည်တို့ကို ဒေါ်မီတစ်ယောက် နိစ္စဓူဝ ဝတ္တရားအရ လုပ်ရဦးမည်ပဲ။

ဓအာင်နန္ဒစံ(ကျိုက်လတ်)

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မုဆိုးဦးကျော်နှင့် ရဲဘက်ပြေးသုံးယောက်

## မြသိန်း

ကျွန်ုပ် ဘသက်သည် ၁၉၇၅ ခုနှစ်က ပြည်နယ်တစ်နေရာရှိ ရဲဘက်စခန်းတွင် စခန်းတာဝန်ခံတာဝန်ကို ထမ်းဆောင်ရ၏။

ရဲဘက်စခန်း၌ အကျဉ်းသားတစ်ရာ့ငါးဆယ်ခန့် ရှိ၏။

ကျွန်ုပ်လက်အောက်တွင် လုံခြုံရေးဝန်ထမ်း သုံးဆယ်ခန့်သာရှိ၏။

စခန်းခြံစည်းရိုးများကို သံဆူးကြိုးများဖြင့် ကာရံထား၏။ ရဲဘက်များ ခြံစည်းရိုးကို တိတ်တဆိတ်ဖျက်၍ ထွက်မပြေးရန် ကျွန်ုပ်တို့သည် အထူးဂရုစိုက်ကြရ၏။

ရဲဘက်များသည် နေ့ဘက်များတွင် ကျောက်ထုခြင်း၊ ကျောက်ခွဲခြင်းအလုပ်ကို လုပ်ကြရ၏။

ဝါရင့်ရဲဘက်ကို ဝါနုရဲဘက်များအား အုပ်ချုပ်စေ၏။ ဝါရင့်ရဲဘက်များမှာ လွတ်ရက်နီးသူများဖြစ်၍ ထွက်ပြေးခြင်း မရှိသလောက်ပင်။

ကျွန်ုပ်သည် ရဲဘက်စခန်းသို့ ရောက်ရှိမှစ၍ စခန်း၏အနေအထား၊ စခန်းပတ်ဝန်းကျင်အနေအထား၊ စခန်းနှင့် ဆယ်မိုင်ပတ်လည်ရှိ ရွာများနှင့် ရွာသားများ၏ အခြေအနေကို မှတ်သားမှုပြုလုပ်ထား၏။

ရဲဘက်များသည် လုံခြုံရေးဝန်ထမ်းများ အလစ်တွင် ထွက်ပြေးလေ့ရှိ၏။ ညဘက်အချိန်တွင် ဝါနုရဲဘက်လူငယ် တစ်ထောက်များသည် ထွက်ပြေးလေ့ရှိ၏။

ကျွန်ုပ် ရဲဘက်စခန်းသို့ရောက်ပြီး ခြောက်လအကြာ ၁၉၇၅ ကုန်ခါနီး ဒီဇင်ဘာလလယ်၏ ညတစ်ညတွင် ရဲဘက်သုံးယောက်သည် ခြံစည်းရိုးကို ဖောက်၍ ထွက်ပြေးသွားကြရာ နံနက် ၇ နာရီခန့် တန်းစီလူစစ်သောအခါမှ ကျွန်ုပ်တို့ သိလိုက်ကြရသည်။

ဤတွင် ကျွန်ုပ်သည် ကျွန်ုပ်၏ လက်ထောက်အား ရဲဘက်များအားလုံးကို အပြင်အလုပ်မခိုင်းစေဘဲ စခန်းထဲ၌ပင် နေခိုင်းထားရန်၊ စခန်းကို တပ်လှန့်ထားရန် ညွှန်ကြားပြီး တပည့်လေးယောက်နှင့်အတူ လက်နက်များယူ၍ ရဲဘက်ပြေးသုံးယောက်ကို ရှာရပါတော့သည်။

ကျွန်ုပ်သည် စခန်း၏မြောက် ဘက် နှစ်မိုင်ခန့်အကွာရှိ ရွာငယ်လေးတွင်နေသော တောလိုက်မုဆိုးဦးကျော်ကို ခေါ်ခိုင်းပြီး သူ့ကို အကူအညီတောင်းရပါတော့သည်။

ဦးကျော်သည် အသက်ငါးဆယ်ခန့်ရှိပြီး သန်မြန်ဖျတ်လတ်နေဆဲ ဝါရင့်မုဆိုးဖြစ်ရာ အကြောင်းကိစ္စရှိက အကူအညီရရန် ကျွန်ုပ်သည် သူ့ကိုမိတ်ဆွေဖွဲ့ထားခြင်းဖြစ်သည်။

မုဆိုးကြီးက…

"စခန်းမှူး စိတ်မပူပါနဲ့။ ဒီကောင်တွေကို မိမှာပါ။ ဒင်းတို့ စခန်းရဲ့အရှေ့ဘက်က တောင်ကြောကိုကျော်ပြီး တောအုပ်ထဲဝင်မယ်လို့ ကျုပ်ခန့်မှန်းမိတယ်။ ကဲ ဒင်းတို့ရဲ့ခြေရာကို ကောက်ပြီး ဒင်းတို့နောက်လိုက်မယ်။ ဒီကောင်တွေ နယ်မကျွမ်းပါဘူး။ ဒင်းတို့ခရီးမတွင်ပါဘူး"

ဟု ပြောပြီး ဦးကျော်သည် ရဲဘက်ပြေးသုံးယောက် ထွက်ပြေးသွားရာခြံစည်းရိုးပေါက်မှ စတင်ခြေရာခံပါတော့သည်။

သူသည် ကျွန်ုပ်တို့မမြင်သည်များကို မြင်၏။ လမ်းမရှိသော်လည်း ရဲဘက်ပြေးများနင်းသွားသော သစ်ရွက်ခြောက်များ ယိမ်းယိုင်နေသော မြက်ပင်များကို ကြည့်၍ ရှေ့မှ ခပ်သွက်သွက်သွားသည်။

တစ်ခါတစ်ရံတွင် သူသည် ခေတ္တရပ်နား၍ မြေကြီးကို အနီးကပ်ကြည့်၍ ခြေရာကောက်၏။

သို့နှင့် ကျောက်တောင်ထိပ်ကို ကျော်၍ တောင်အောက်အဆင်း တစ်နေရာတွင် ကျောက်တုံးများအကြားရှိ မြက်ပင်များကိုကြည့်၍ -

"ဒင်းတို့ ဒီမှာထိုင်ပြီး ထမင်းခြောက်တွေ စားသွားတယ်"

သူသည် မြင်ပင်များကြားရှိ ထမင်းခြောက် သုံးလေးခုကို ပြပြီး ပြောသည်။

www.burmeseclassic.com

သို့နှင့် တောင်အောက်သို့ တဖြည်းဖြည်းဆင်းရာ ရဲဘက်ပြေးများ တောင်ကြောအဆင်းတွင် သစ်ကိုင်းအချို့ကို ကိုင်ဆင်းသွားကြောင်း မုဆိုးကြီးက သစ်ကိုင်းကျိုးအချို့ကို ပြ၍ပြောသည်။

တစ်နေရာအရောက်၌ ဦးကြေးသည် ဆောင့်ကြောင့်ထိုင်၍ ကျောက်တုံးတစ်တုံးကို အသေအချာကြည့်ပြီး-

"သူတို့ထဲက တစ်ယောက်ယောက်ရဲ့ ခြေချောင်းတစ်ချောင်း ခလုတ်တိုက်ပြီး ကွဲသွားတယ်။ သွေးစတွေ ကျောက်တုံးပေါ်မှာတွေ့တယ်" ဟု ပြောသည်။

တောင်ကြောအောက်ခြေရှိ တောအုပ်ထဲရောက်လာသည်။ ဦးကျေးသည် တားရှည်ကိုကိုင်ရင်း အောက်သို့ကြည့်လိုက်၊ ရှေ့သို့ကြည့်လိုက်နှင့် သွားပါသည်။

မွန်းတည့်ချိန် ရောက်လာသည်။

တောအုပ်တစ်နေရာတွင် မြောက်မှတောင်သို့ စီးနေသော စမ်းချောင်းငယ်လေးရှိသည်။ ဦးကျေးသည် စမ်းချောင်းနံဘေးတွင်ထိုင်၍ ခြေရာများကိုကြည့်ရင်း

"ဒီကောင်တွေ လွန်ခဲ့တဲ့နာရီဝက်လောက်က ဒီမှာခဏနားပြီး ရေသောက်သွားကြတယ်။ ခြေရာတွေက ခပ်လတ်လတ်ပဲ" ဟု ပြောပါသည်။

ထို့နောက် သူသည် ပတ်ဝန်းကျင်ကို စေ့စေ့စပ်စပ်လိုက်ကြည့်ပြီး -

"ခင်တို့ စမ်းချောင်းဟိုဘက်ကိုကူးသွားပြီး ဆက်ပြေးမှာသေချာတယ်"

ဟု ပြောသည်။

"ဆရာတို့ . . . စမ်းရေသောက်ရင် များများမသောက်နဲ့။ နည်းနည်းပဲသောက်။ ရေများများသောက်ရင် ခရီးမတွင်ဘူး"

ဟု ဆက်ပြောသည်။

ကျွန်ုပ်တို့သည် ဦးကျေးပြောသည့်အတိုင်း ရေကို တစ်ငုံနှစ်ငုံခန့်သာသောက်ကြပြီး

ဦးကျေးကဦးဆောင်၍ စမ်းချောင်းကိုတစ်ဖက်မှ တောင်ဘက်သို့ ဆက်လိုက်သည်။

ကိုက်သုံးရာခန့် အရောက်တွင် ဦးကျေး ရပ်လိုက်သည်။ ရှေ့ကိုက်ငါးဆယ်ခန့်အကွာ၌ရှိသော သစ်ပင်ကြီးတစ်ပင်ပေါ်တွင် ငှက်အချို့ပျံဝဲနေသည်ကို ဦးကျေးက ညွှန်ပြရင်း . . .

"အဲဒီသစ်ပင်အောက်မှာ ဒီကောင်တွေရှိမယ်"

ဟု ကျွန်ုပ်ကို လေသံဖြင့် ပြောသည်။

"ခြေသံလုံလုံနှင့် ကျုပ်နောက်လိုက်ခဲ့ကြပေတော့"

ဦးကျေးသည် တစ်လှမ်းချင်းနင်း၍သွားရာ ကျွန်ုပ်တို့ကလည်း သူ့နောက်မှ သူသွားသလို သွားကြသည်။

သစ်ပင်ကြီးနှင့် ပေတစ်ရာသို့ အကွာအရောက်တွင် ဦးကျေးသည် ချုံပုတ်တစ်ခုနောက်တွင် မှန်း၍ ရှေ့သို့ကြည့်ပြီး ကျွန်ုပ်ကိုလက်ပြ၍ ရှေ့သို့ကြည့်ခိုင်းသည်။ သစ်ပင်အောက်၌ ထိုင်နားနေသော ရဲဘက်ပြေးသုံးယောက်ကို တွေ့ရသည်။

"ခင်တို့ မောနေပုံရတယ်။ ကျုပ်တို့ အပြေးသွားပြီး ဝိုင်းဖမ်းဖို့ပဲ"

ဦးကျေးကပြောရာ ကျွန်ုပ်သဘောတူပြီး တပည့်များကို တီးတိုးပြောကာ သေနတ်ကိုပစ်ရန် အသင့်အနေအထားဖြင့်ကိုင်၍ ရဲဘက်ပြေးများရှိရာသို့ တစ်ဟုန်ထိုးပြေးသွားသည်။

ကျွန်ုပ်တို့၏ ခြေသံကိုကြားပြီး ကျွန်ုပ်တို့ကို တွေ့လိုက်ရသောကြောင့် သူတို့ထိုင်ရာမှအထတွင် ကျွန်ုပ်သည် သူတို့ခေါင်းပေါ်ကကျော်၍ သေနတ်ကို တစ်ချက်ပစ်လိုက်သည်။

"ဒိုင်း"

သူတို့ မြေကြီးပေါ်တွင် မှောက်လိုက်ကြသည်။

ကျွန်ုပ်တို့သည် သူတို့အနားရောက်သွားပြီး သူတို့ကို သေနတ်များဖြင့် ထောက်ထားရင်း -

"မင်းတို့ ဒီအတိုင်းမှောက်နေကြ မလှုပ်ကြနဲ့။ လှုပ်ရင် ပစ်ထည့်မယ်"

ဟု ကျွန်ုပ်သည် ခပ်ဆတ်ဆတ် ခပ်မာမာ ပြောလိုက်သည်။ ထို့နောက် အသင့်ယူလာသော ကြိုးများဖြင့် သူတို့၏ လက်များကို ချည်လိုက်သည်။

"မင်းတို့ အေးအေးဆေးဆေးပြန်လိုက်ခဲ့ကြ။ ထွက်ပြေးမယ်၊ ငါတို့ကိုခုခံမယ်ဆိုရင်တော့ ကျည်ဆန်နဲ့တွေ့သွားမယ်" ကျွန်ုပ်က ပြောလိုက်သည်။

ထို့နောက် မုဆိုးဦးကျေး၏လမ်းပြမှုဖြင့် ကျွန်ုပ်တို့သည် ဖြတ်လမ်းကိုသုံး၍ ရွာတစ်ရွာသို့သွားကြသည်။ အိမ်ခြေသုံးဆယ်ခန့်သာရှိသော ထိုရွာ၌ ခေတ္တနားကြသည်။

ရွာသူကြီးက ကျွန်ုပ်တို့ကို အစားအသောက်များ အမြန်ချက်ပြုတ်ကျွေးသည်။ ကျွန်ုပ်သည် ရဲဘက်ပြေးများကိုလည်း ကျွန်ုပ်တို့ကိုကျွေးသည့်အတိုင်း ကျွေးစေပါသည်။

ညနေ ၅ နာရီခန့်၌ ကျွန်ုပ်တို့သည် စခန်းသို့ပြန်ရောက်သည်။

ရဲဘက်ပြေးသုံးယောက်ကို တစ်ဦးစီခွဲ၍ လုံခြုံသော အချုပ်ခန်းထဲသို့ ထည့်ချုပ်ထားလိုက်သည်။

ကျွန်ုပ်သည် မုဆိုးကြီးဦးကျေးကို ကျေးဇူးပြုသောအားဖြင့် နောက်တစ်နေ့တွင် ဆန်၊ ဆီ၊ ဆား စသော ရိက္ခာများဖြင့် ကုသိုလ်ပြုလိုက်ပါသည်။

မြသိန်း



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၃၀ ရောက်လျှင် ဆေးလိပ်ကြောင့်သေဆုံးသူဦးရေ ယခုထက် နှစ်ဆတိုးမည့်နိုင်ငံ

■ မြသိန်း

ယနေ့ ကမ္ဘာတွင် လူဦးရေအများဆုံးနိုင်ငံဖြစ်သော တရုတ်ပြည်၌ ဆေးလိပ်(စီးကရက်)သောက်သူ လူဦးရေ အလွန်များရာ သုတေသီတို့က ၂၀၃၀ ရောက်လျှင် တရုတ်ပြည်၌ ဆေးလိပ်ကြောင့် သေဆုံးသူ လူဦးရေသည် ယခုထက် နှစ်ဆတိုးဖွယ်ရှိသည်ဟု သတိပေးလိုက်၏။

တရုတ်လူငယ်များ ဦးရေ၏ သုံးပုံနှစ်ပုံသည် စီးကရက်များကို သောက်ကြ၏။ သူတို့သည် အသက် ၂၀ နှစ်မတိုင်မီကတည်းက သောက်ကြ၏။

တရုတ်လူငယ်ဟုပြောရာတွင် ယောက်ျားကလေးများကို ဆိုလိုခြင်းဖြစ်၏။ တရုတ်အမျိုးသမီးများတွင် ဆေးလိပ်သောက်သော ဦးရေမှာ နည်းပါး၏။

တစ်ကမ္ဘာလုံးမှ ထုတ်လုပ်ရောင်းချလျက်ရှိသော စီးကရက်များ၏ သုံးပုံတစ်ပုံကျော်ကျော်ကို တရုတ်နိုင်ငံသားများက သောက်နေကြပြီး တစ်ကမ္ဘာလုံးတွင် ဆေးလိပ်သောက်၍ရသော ရောဂါများကြောင့် သေဆုံးနေကြသူတို့၏ ခြောက်ပုံတစ်ပုံမှာ တရုတ်နိုင်ငံသားများ ဖြစ်၏။

သုတေသီတို့၏ အဆိုအရ ၂၀၁၀ တွင် တရုတ်ပြည်တစ်ခွင်၌ ဆေးလိပ်ကြောင့်ရောဂါရ၍ သေဆုံးသူဦးရေမှာ နှစ်စဉ် တစ်သန်းခန့်ရှိရာ ၂၀၃၀ ရောက်လျှင် နှစ်သန်း၊ ၂၀၅၀ ရောက်လျှင် သုံးသန်း သေဆုံးမည်ဖြစ်၏။

အကယ်၍ ဆေးလိပ်သောက်သုံးနေမှုကို လျှော့ချနိုင်ပါက သေဆုံးမှုနှုန်း၊ ကိုယ်အင်္ဂါများ ချို့ယွင်းမှုနှုန်းသည်လည်း လျော့ကျသွားမှာ မလွဲဟု သုတေသီတို့က ပြောကြသည်။

၂၀၁၀ တွင် လူဦးရေ ၁.၄ ဘီလီယံရှိသော တရုတ်ပြည်၌ ဆေးလိပ်ကြောင့်သေဆုံးသော ကျားဦးရေမှာ ၈၄၀,၀၀၀ ဖြစ်ပြီး မဦးရေမှာ ၃၃၀,၀၀၀ ရှိသည်ဟု သိရ၏။

ဆေးလိပ်ကြောင့် အဆုတ်ကင်ဆာရောဂါ၊ လေဖြတ်ရောဂါနှင့် နှလုံးရောဂါ စသည်တို့ကို ရပြီး သေဆုံးကြခြင်းဖြစ်၏။

စီးကရက်များကို မြို့များ၌ နေထိုင်ကြသောသူများက အများဆုံးသောက်သည်ဟု သုတေသီတို့က ပြောကြသည်။

တရုတ်ပြည်တွင် ၁၉၉၀ ပြည့်နှစ်များ၌ အသက် ၄၀ မှ ၇၉ အကြားရှိ အမျိုးသားများ သေဆုံးမှုသည် ၁၀ ရာခိုင်နှုန်းသာရှိခဲ့ရာ ယခု ၂၀၁၀ ဝန်းကျင်၌မှ ၂၀ ရာခိုင်နှုန်းအထိ ရှိလာပြီဟု သိရသည်။

တရုတ်ပြည်သူများ ဆေးလိပ်သောက်ခြင်းကို ဆန်းစစ်သုတေသနလုပ်မှုကို ၁၉၉၀ ပြည့်နှစ်များတွင် ပထမဦးဆုံးပြုလုပ်ခဲ့ပြီး ဒုတိယအကြိမ်အဖြစ် ၂၀၀၆ မှ ယနေ့အထိ ဆက်လက်ပြုလုပ်လျက်ရှိ၏။

တရုတ်ပြည်တွင် ဆေးလိပ်ဆက်မသောက်ဘဲ ဆေးလိပ်ဖြတ်သူများ ရှိ၏။ ၁၉၉၁ တွင် ၃ ရာခိုင်နှုန်း ဆေးလိပ်ဖြတ်ခဲ့ကြပြီး ၁၉၉၁ မှ ၂၀၀၆ အထိ ၉ ရာခိုင်နှုန်း ဆေးလိပ်ဖြတ်ခဲ့ကြ၏။

တရုတ်ပြည်သည် ကမ္ဘာတွင် ဆေးလိပ်အများဆုံး သောက်သောနိုင်ငံဖြစ်သလို ဆေးရွက်များကို အများဆုံးစိုက်ပျိုးပြီး ဆေးလိပ်များကိုလည်း အများဆုံး ထုတ်လုပ်လျက်ရှိသောနိုင်ငံဖြစ်၏။

တရုတ်ပြည်တွင် စီးကရက်ဈေးနှုန်းမှာ အလွန်ချိုရာ စီးကရက်ဈေးကို မြှင့်တင်လိုက်လျှင် ဆေးလိပ်သောက်သူဦးရေ လျော့ကျနိုင်သည်ဟု သုတေသီအချို့က ပြောကြ၏။

မြသိန်း

စထရိတ်တိုင်းမ်စ်၊ ၁၀-၁၀-၂၀၁၅



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အင်းစောင့်ကြီး

ကုက္ကိုတန်းကျေးရွာမှာ အိမ်ခြေ ၁၀၀၀ ကျော်ရှိသော ကျေးရွာကြီးတစ်ရွာဖြစ်ပြီး မီးရထားလမ်းနှင့် ကားလမ်းများဆုံရာ ဘည်ရှိနေသော ရွာဖြစ်၍ စည်ကားပါသည်။ ရွာကြီးမှာ ရွာတန်းရှည်ဖြစ်၍ အနီးအနားမှာရှိကြသော ကျေးရွာများနှင့်လည်းတစ်ဆက်တည်းလို ဖြစ်နေပါသည်။ ကုက္ကိုတန်းရွာ၏ ထူးခြားမှုမှာ ရွာဦးမှာ ဆုတောင်းပြည့်စေတီနှင့် ဘုန်းတော်ကြီးကျောင်းရှိပြီး ရွာအနောက်ပိုင်းမှာ ကျယ်ပြန့်သော လယ်ကွင်းများနှင့် အင်းများရှိပါသည်။ အင်းများထဲတွင် “ဖိုးထောင်အင်း” အင်းအမည်ရှိ အင်းကြီးမှာ ထိုနယ်တစ်ဝိုက်မှာ အကြီးဆုံးနှင့် ငါးထွက်အများဆုံးအင်းကြီးဖြစ်ပါသည်။ ထိုအင်းကြီးကို “ဖိုးထောင်အင်း”ဟု ခေါ်ကြခြင်းမှာ “ဖိုးထောင်ဆိုသူ·တံငါသည်ကြီး သေဆုံးသွားပြီး ထိုအင်းကြီးမှာ အစောင့်ဖြစ်နေသောကြောင့် ဖိုးထောင်အင်း”ဟု ခေါ်ကြခြင်း ဖြစ်သည်။

ညွန့်မောင်ဦး

www.burmeseclassic.com

ဖိုးထောင် ထိုအင်းကြီးမှာ အစောင့်ဖြစ်နေသည်ကို ထိုအနီးအနားရှိ ကျေးရွာတွေမှာ နေသူများက ပို၍ ယုံကြည်၍ အင်းစောင့်ကြီးကို တင်မြှောက်ပသနေကြပါသည်။ နောက်တစ်ခု ထူးခြားသည်က ကုက္ကိုတန်းရွာရှိ အင်းများ တစ်နှစ်မှာ တစ်ခါ အစိုးရက လေလံပစ်ရာမှာ ရွာထဲမှအင်းသူကြီး ဦးမြဒင်ကသာ နှစ်တိုင်းလေလံရပါသည်။

အင်းကြီးကို လေလံရသဖြင့် ဦးမြဒင်မှာ ရွာတွင် ချမ်းသာသူများ စာရင်းဝင်ဖြစ်နေပါသည်။ ပစ္စည်းဥစ္စာချမ်းသာ၍ ရွာမှာတပည့်များ သားသမီးများနှင့် တင့်တင့်တယ်တယ်နေထိုင်နိုင်ပါသည်။

သို့သော် လွန်ခဲ့သော နှစ်က ရွာကို လောစံဆိုသူတစ်ယောက် ရွာမှာလာရောက်နေထိုင်ပါသည်။ လောစံမှာ ယခင်က ထိုရွာတစ်ပိုက်မှ ထွက်သော ကုန်များကို လာရောက်ဝယ်ယူ၍ မြို့မှာ ပြန်ရောင်းနေရာမှ ရွာမှာ အခြေချနေထိုင်ပြီး ကုန်များကို တပည့်နှစ်ယောက်နှင့် ရောင်းဝယ်နေကြပါသည်။ ကုန်သည်လောစံမှာ အပေါင်းအသင်းကောင်း၍ သူကြီးသားကို အဆင်ပြေအောင်ပေါင်း၍ သူကြီးအိမ်ကိုလည်း ဝင်ထွက်နေပါသည်။ လောစံမှာ စီးပွားရေးလာဘ်မြင်သူဖြစ်၍ အင်းလေလံဆွဲသောလုပ်ငန်းကို လုပ်ရန် ကြံနေပါသည်။

လောစံ လေလံဝင်ဆွဲမည့်အကြောင်းကို အင်းသူကြီး ဦးမြဒင် ကြားသွားသောအခါ အကြီးအကျယ် ဒေါသထွက်နေပါသည်။

“လောစံဆိုသည့်ကောင် ထမင်းဝအောင်မစားချင်တော့ဘူး ထင်တယ်။ ငါ့ အင်းကြီးကို လာလုမယ်လို့ ကြံနေတယ်”

“သူက သူကြီးသား အားကိုးရှိတယ်။ နောက်ပြီးအပေါင်းအသင်းလည်း ကောင်းတယ်ဆရာ”

“မင်းကောင် ဘယ်လို အပေါင်းအသင်းကောင်းကောင်း ငါ့ငွေတစ်သောင်းလောက်ပေးပစ်လိုက်တာနဲ့ ကိစ္စချောသွားနိုင်တယ်”

“သည့်ပြင်လူဆိုရင်တော့ ဖြစ်နိုင်ပါတယ်။ လောစံကိုတော့ မဖြစ်နိုင်ဘူး။ လောစံက လူမိုက်တွေကို ခါးပိုက်ထဲထည့်ထားတာ”

“သူပြောတာ ဟုတ်တယ်ဆရာ့လက်ရုံးလူမိုက်မောင်ရှိန်တောင် လောစံတပည့်ဖြစ်နေပြီ။ အမြဲတမ်းလောစံအိမ်မှာသောက်စားနေတာတွေ့တယ်”

“နောက်တစ်ခု ကျွန်တော် ကြားတာက မောင်ရှိန်နှင့်လောစံတို့နှစ်ယောက် မြို့ကိုသွားပြီး လေလံအဖွဲ့က လူတွေနှင့် သွားတွေ့တယ်လို့ ကြားရတယ်”

“မင်းကို ဘယ်သူပြောသလဲ”

“လောစံတပည့် ပြောတယ်။ သည်ကောင်လေးက ကျွန်တော့်ညီပဲ”

“သည်အတိုင်းမှန်ရင် ငါတို့ဘက်ကလည်း ကြိုတင်ပြီး တစ်ခုခုလုပ်ရမယ်။ မောင်ရှိန်ကို တာဝန်ပေးမရရင် မြောက်ရွာက ဓားကြီးမောင်ကို တာဝန်ပေးရမယ်။ နောက်ပြီး အင်းစောင့်ကြီးကိုလည်း ပသပြီး အကူအညီ တောင်းရမယ်။ အင်းစောင့်ကြီးက ငါ့အကိုးပဲ။ ငါ့ကိုတော့ ကူညီမှာပါ”

ဦးမြဒင်မှာ တံငါမျိုးရိုးဖြစ်၍ ငယ်စဉ်က သည်နယ်တစ်ပိုက်မှာရှိသော ချောင်းများ၊ အင်းများ၊ ကန်များမှ ငါးများရှာနေရာမှ ရွာမှငွေကြေးချောင်လည်သော မုဆိုးမတစ်ဦးနှင့် အိမ်ထောင်ကျရာမှ အင်းများကို လေလံဆွဲ၍ ချမ်းသာလာခြင်းဖြစ်ပါသည်။

ဦးမြဒင်မှာ ငယ်စဉ်က စဉ် စရိုက် ကြမ်းသည်။ ရိုက်ရဲပုတ်ရဲသည်။ ပြောရဲဆိုရဲ၍ တစ်စနှင့်တစ်စ ရွာထဲမှာ ဩဇာရှိလာပါသည်။

ထိုသို့ အရှိန်အဝါရှိ သူကို ယခုမှ ရွာထဲရောက်လာ သူက လာယှဉ်သည်ကို မခံမရပ်နိုင်ဖြစ်နေ၍ လောစံကို သတ်ရန် အရှေ့ရွာမှလူမိုက်ဓားကြီးမောင်ကို ခေါ်၍ တိုင်ပင်ပါသည်။

“ဦးလေး သတ်ချင်သည့် လောစံကို သတ်ရမှာ အခက်အခဲမရှိပါဘူး။ ဒါပေမည့် ဦးလေးတို့ရွာက လူမိုက်တွေကို ကျော်ပြီး ကျွန်တော်မလုပ်ချင်ဘူး”

“ငါ့အနေနှင့် လောစံကို မရှင်းလို့မဖြစ်ဘူး။ တခြားဖြစ်နိုင်သည့် နည်းလမ်းများစဉ်းစားပါဦး။ မင်းမရှင်းနိုင်ရင် ငါကိုယ်တိုင်ရှင်းမယ်။ သည်ကောင်ကို ရွာထဲမှာထားလို့ မဖြစ်ဘူး။ ကြာရင် ရွာထဲကလူတွေကို ဒုက္ခပေးလိမ့်မယ်”

“တစ်ခုတော့ ရှိတယ်။ ဟိုဘက်အစွန်ဆုံးရွာမှာ လူမိုက်တစ်ယောက်ရှိတယ်။ သူကတော့ နယ်မရွေးဘူး။ ကြိုက်ဈေးရရင်ရှင်းပေးတယ်။ ဦးလေးလက်ခံရင် ကျွန်တော်ခေါ်ပေးမယ်”

“ခေါ်ပေးပါ .. ကြေး

www.burmeseclassic.com

www.burmeseclassic.com

မရှောင်ဘူး။ ငါပေးပါ့မယ်။ မင်းကိုလည်း ပေးမယ်"

"ကောင်းပါပြီ၊ ၃ ရက်နေ့ ည ၈ နာရီလောက်မှာ ကျွန်တော် ခေါ်လာခဲ့မည်။ စောင့်နေပါ"

"ကောင်းတယ်၊ တို့ အသေးစိတ် စီစဉ်ကြမယ်"

လောစ်မှာ အင်းလေလံပွဲဝင်ဆွဲရန် အသေးစိတ် စီစဉ်နေပါသည်။ သူကြီးသားနှင့် လူမိုက်အဖွဲ့ကလည်း အကူအညီပေးကြပါသည်။ တစ်ဖက်က ဦးမြဒင်တို့အဖွဲ့ကလည်း လောစ်၏ လှုပ်ရှားမှုများကို စောင့်ကြည့်နေပါသည်။ သို့သော် လောစ်မှာ အနေအထိုင်ပိရိ၍ သူကြီးအိမ်နှင့် မိမိအိမ်မှ လွဲ၍ ရွာထဲကို သွားလေ့မရှိပါ။ ဦးမြဒင်တို့အဖွဲ့မှာ လောစ်ကို အခွင့်မသာ၍မရှင်းနိုင်ကြပါ။ သည်လိုနှင့် လေလံပွဲကျင်းပရန် သုံးရက်အလိုမှာ ဦးမြဒင် အင်းကြီးအနီး ကုန်းကလေးပေါ်မှာ ဆောက်လုပ်ပေးထားသော အင်းစောင့်ကြီးစင်ပေါ်မှာ ကြက်သားနှင့် အရက်တင်၍ ဆုတောင်းပါသည်။

"အဘိုး အင်းစောင့်ကြီးခင်ဗျား။ အဘိုး၏ မြေအရင်းဖြစ်သော ကျွန်တော့်ကို လေလံပွဲအောင်မြင်အောင် စောင့်ရှောက်မစပါ။ လေလံပွဲအောင်မြင်ပါက ကျွန်တော်သည် အဘိုးနှင့်အတူ သည်အင်းကြီးကို နေ့ညမပြတ်အောင် စောင့်ရှောက်ပါမည်ဟု ကတိပြုပါသည်"

ဦးမြဒင်မှာ လေလံပွဲနိုင်လိုဇောနှင့် ဆုများတောင်း၍ အရက်နှင့် ကြက်သားများကို ဆက်သနေသော်လည်း မိမိဆုတောင်းသည့်စကား၏အဓိပ္ပာယ်ကို မသိပါ။ သည်လိုနှင့် အင်းလေလံပြိုင်ပွဲမှာ မမျှော်လင့်ဘဲ ဦးမြဒင်အနိုင်ရသွားပါသည်။ ဦးမြဒင်အနိုင်ရသွားသည်မှာလည်း ယခင်နှစ်များကထက် ပိုပေး၍ရသွားခြင်းဖြစ်ပါသည်။ လေလံပြိုင်ပွဲမှာ နိုင်သွား၍ ဦးမြဒင်က ပျော်နေသော်လည်း လောစ်မှာ အကြံသမားဖြစ်၍ ပြုံးပြုံးကလေးနှင့် အရှုံးပေးသွားပါသည်။

"မြဒင်ကို ပြိုင်လို့မရဘူး။ မင်းတို့သိထားဖို့က မြဒင်ကို ပြိုင်နိုင်သည့်လူ သည်ရွာမှာ မမွေးသေးဘူး"

လေလံပွဲပြီးသည့်နောက်မှာ ဦးမြဒင်မှာ လေလံရအောင် ငွေများပိုချ၍ ကုန်ထား၍မိမိကိုယ်တိုင် အင်းကြီးကို နေ့ညမပြတ်ဂရုစိုက်၍ စောင့်ရှောက်နေပါသည်။ အင်းကြီးမှာ ငါးအထွက်ကောင်းသော်လည်း ရွာထဲမှာ ငါးခိုးသမားများက ညအခါမှာ ငါးလာခိုး၍ တစ်ခါတစ်ရံ အင်းကြီးဘေးရှိတဲကလေးမှာ ညအိပ်၍ စောင့်ပါသည်။ သူတို့အဖို့ အင်းစောင့်ကြီးကိုလည်း အမြဲတင်မြှောက်ပသနေပါသည်။ လောစ်မှာ လေလံရှုံးသွားပြီးနောက် ဦးမြဒင်ကို အခဲမကြေဘဲ လူမိုက်မောင်ရှိန်ကို ငွေပေး၍ သတ်ရန် စီစဉ်နေပါသည်။

"ကိုမောင်ရှိန်၊ ဦးမြဒင်ပြောသွားသည့် စကားကို ကျွန်တော် မေ့လို့မရဘူးဗျာ။ သိပ်ခံပြင်းတာပဲ။ သူ့ကို လက်စားချေရမှ ကျွန်တော် ကျေနပ်မယ်။ အဲဒါ ခင်ဗျားကူညီပါ"

"ကျွန်တော်လည်း သည်အဖိုးကြီးကို မကျေနပ်ဘူး။ မြဒင်ကို ပြိုင်လို့မရဘူးဆိုသည့် စကားကို နားထဲက မထွက်ဘူး"

"သည်တော့ ကျွန်တော်တို့ ဘယ်လိုလုပ်ရင်ကောင်းမှာလဲ၊ ကြံစမ်းပါဦး"

"လွယ်ပါတယ်။ ဦးမြဒင် အင်းတဲမှာ ညအိပ်သည့်အခါသွားပြီး ရေနှစ်သတ်လိုက်ရုံပေါ့။ ဒါမှ တရားခံမပေါ်ဘဲ ကိစ္စချောမှာ"

"ခင်ဗျား အကြံမဆိုးဘူး၊ သည်ကိစ္စကို ကျွန်တော်တို့ နှစ်ယောက် ကြံမယ်။ တခြားလူတွေမသိစေနှင့်"

"ဒါပေမည့် ခုလောလောဆယ်မှာ သတ်လို့မဖြစ်သေးဘူး။ အချိန်နည်းနည်းစောင့်ရဦးမယ်။ ဘာပဲဖြစ်ဖြစ် ဦးမြဒင် မရှိရင်လာမည့်နှစ်မှာ ခင်ဗျားလေလံရပြီမဟုတ်လား"

"ဒါကြောင့် ခင်ဗျားကို အားကိုးတာပေါ့၊ ကိုမောင်ရှိန်၊ ခင်ဗျားက လူမိုက်မလုပ်ဘဲ ကျွန်တော့်အကြံပေးလုပ်ပါ။ ကျွန်တော်ကောင်းကောင်းမထားပါ့မယ်"

"ကောင်းပြီ၊ အချိန်ကျရင် ကျွန်တော်ခင်ဗျားကို ပြောမည်။ အခြေအနေမပျက်နေမြဲအတိုင်းနေပါ။ သည်ကိစ္စကို ကျွန်တော်တို့နှစ်ယောက်ပဲ သိပါစေ"

"စိတ်ချနေပါ၊ ကျွန်တော် နှုတ်လုံပါတယ်"

သည်လိုနှင့် နွေရောက်လာ၍ အင်းတဲမှ ငါးဖော်ချိန်ရောက်လာသောအခါ ဦးမြဒင်က အထူးဂရုစိုက်ပြီး အင်းကြီးကို စောင့်ရှောက်နေပါသည်။ အင်းစောင့်ကြီးကိုလည်း အမြဲတမ်း တင်မြှောက်နေပါသည်။ သည်လိုနှင့်တစ်ညမှာ ဦးမြဒင် အိပ်ပျော်နေရင်း အိပ်မက်မက်

www.burmeseclassic.com

ပါသည်။ အိပ်မက်ထဲတွင် ဦးမြဒင်၏ အဘိုးအင်းစောင့်ကြီးက -

"ငါ့မြေး မြဒင်၊ မင်းသည် ညကစပြီး အင်းထဲမှာ လာမအိပ်နှင့်။ မင်းမှာ အန္တရာယ်ရှိတယ်"

ဟု အိပ်မက်ပေးပြီး ပျောက်သွားပါသည်။ ဦးမြဒင်မှာ လောဘဇောကြောင့် အိပ်မက်ကို ဂရုမစိုက်ဘဲ မကြာခဏ အင်းထဲမှာ လာအိပ်စောင့်နေပါသည်။ ထိုအချိန်မှာ လူမိုက် မောင်ရှိန်နှင့် လောစ်တို့ နှစ်ယောက်မှာ လောစ်အိမ်မှာအရက် ၊ အစားအသောက်များ စားသောက်ကြပြီးနောက် ရွာထိပ်ရှိ အင်းကြီးဘက်ကို ထွက်လာကြပါသည်။

"ကိုလောစ်၊ ခင်ဗျား ဟိုနတ်စင်ကလေးနားမှာ စောင့်နေ၊ ကျွန်တော်တစ်ယောက်တည်း ဦးမြဒင်ကို သွားရှင်းမယ်"

"ကျွန်တော်ပါလိုက်ခဲ့မယ်။ ဦးမြဒင်က ပြန်ခုခံရင် နှစ်ယောက်ဆိုတော့ ကောင်းတာပေါ့"

"ခင်ဗျား ပြောတာဟုတ်ပါတယ်။ ဦးမြဒင်က သတ္တိတော့ရှိတယ်ဗျ။ ပြန်ပြီးခုခံချင် ခုခံမှာ။ ဒါပေမည့် သတိထားပြီး လုပ်မှာပါ။ ခင်ဗျားနေခဲ့ပါ။ ကျွန်တော်တစ်ယောက်တည်း ရှင်းနိုင်ပါတယ်"

"ကိုမောင်ရှိန်သတိထားနော်"

"စိတ်ချနေပါဗျာ၊ မစိုးရိမ်ပါနှင့်။ ကဲ - ကျွန်တော်သွားမယ်"

မောင်ရှိန် အမှောင်ထဲ ထွက်သွားသည်နှင့် လောစ်မှာ ကြောက်စိတ်ဝင်လာ၍ နတ်စင်နားကို တိုး၍ ရပ်ကြည့်နေလိုက်ပါသည်။ ထိုအချိန်မှာ မည်းမည်းရှည်ရှည်သတ္တဝါလို အကောင်ကြီးက လောစ်မျက်နှာကို လှမ်း၍ ရိုက်ချလိုက်ရာ လောစ်မှာ ကြောက်ဒူးတုန်၍ အသံကုန်အော်ဟစ်ပြီး ရွာဘက်သို့ တစ်ချိုးတည်း စွတ်ပြေးသွားပါသည်။

အင်းနားမှာ အော်သံကြားသောအခါ ဦးမြဒင်မှာ အိပ်ရာမှနိုးလာ၍ မိမိ အမြဲဆောင်ထားသော မိုန်းကြီးကို ဆွဲပြီးတဲအပြင်ထွက်ခဲ့ပါသည်။ လူမိုက်မောင်ရှိန်မှာ ဦးမြဒင်တဲနားရောက်ခါနီးမှာ နောက်က လောစ်အော်သံ ကြား၍ နောက်ဖက်ကို ပြန်လှည့်အကြည့်မှာ ဦးမြဒင်က နောက်မှနေ၍ မိုန်းကြီးနှင့် ပစ်ထိုးထိုးလိုက်ပါသည်။

"အား . . အမယ်လေး သေပါပြီဗျ"

"ဩော် . . လက်စသတ်တော့ မင်းကိုး။ မင်းက ငါ့ကို လာသတ်တာမဟုတ်လား"

"ကျွန်တော့်ကို မသတ်ပါနှင့်၊ ချမ်းသာပေးပါ"

"ငါက မသတ်ပေမည့် မိုန်းကမင်းကို ချမ်းသာမပေးဘူး။ မင်းသေမှာပဲ"

"ကျွန်တော့်ကို ကယ်ပါ ဦးလေးရယ် . . အား . . အား"

"ကယ်လို့မရတော့ဘူး၊ မင်းကိုဘယ်သူသတ်ခိုင်းတယ်ဆိုတာလည်းငါသိတယ်။ ထွက်ပြေးသွားတာ ဘယ်သူလဲ"

"ထွက်ပြေးသွားတာ လောစ်ပါ၊ ဦးလေးကယ်ပေးလို့ရပါတယ်။ ကယ်ပေးပါဗျာ"

"မရတော့ဘူး၊ မိုန်းကို နှုတ်လိုက်တာနှင့် မင်းသေမှာ။ ငါ စိတ်မကောင်းပါဘူး"

ဦးမြဒင်က ပြောပြောဆိုဆို ရွာထဲသို့ ထွက်သွားပြီ သူကြီးကို အကြောင်းကြားပါသည်။ ရွာထဲကလူများနှင့် သူကြီးကိုယ်တိုင် လိုက်သွားပြီး ကြည့်သောအခါ မောင်ရှိန်မှာ မိုန်းတန်းလန်းနှင့် အသက်ပျောက်နေပါသည်။ လောစ်နှင့် ဦးမြဒင်မှာလည်း အဖမ်းခံကြရပါသည်။ လောစ်နှင့် ဦးမြဒင်တို့နှစ်ယောက် ပြောပြချက်အရ မောင်ရှိန်သေရသည်မှာ အင်းစောင့်ကြီး သတ်လိုက်၍ သေရသည်ဟု ရွာသားများက ယုံကြည်နေကြပါသည်။ ထို့ပြင် အင်းစောင့်ကြီးမှာ သူ၏ မြေး ဦးမြဒင်ကို အမြဲစောင့်ရှောက်မစနေသည်ဟုလည်း ယုံကြည်ကြပြီး အင်းစောင့်ကြီးကိုလည်း ယခင်ကထက်ပို၍ လေးစားပြီး အင်းကြီးထဲမှာ ငါးလာမခိုးရဲကြတော့။ အင်းကြီးအနီးအနားမှာရှိသော လယ်ကွင်းများထဲမှာငါးရှာသူများပင် အင်းစောင့်ကြီးကို တင်မြှောက်ပသပြီးမှသာ ငါးရှာကြပါသည်။ အင်းစောင့်ကြီးကလည်း သူ့ကို တင်မြှောက်သူများကို သိသိသာသာ ငါးရအောင် မစသည်ဟု ပြောကြပါသည်။ လူမိုက်မောင်ရှိန်အသတ်ခံရပြီးနောက်မှာ ကုက္ကိုတန်းရွာမှ ဖိုးထောင်အင်းကြီးမှာ အင်းစောင့်ကြီးရှိသည်ကို ရွာသားတိုင်း ယုံကြည်နေကြပါသည်။

**ညွှန့်မောင်ဦး**

www.burmeseclassic.com

www.burmeseclassic.com

# အရေပြားမတွန့်အောင်ပြုလုပ်ပေးသည့် စက်အတုများ



ဦးဦးသိန်း

စီးပွားရေးလောက၌ ကုန်ပစ္စည်းတစ်မျိုး အရောင်းရတွင်ကျယ်ပြီဆိုလျှင် ၎င်းကုန်ပစ္စည်းအတုသည် ပေါ်ပေါက်လာစမြဲပင်။ ဥပမာ-ဆေးဝါးအတု၊ နာရီအတု၊ ဖိနပ်အတု စသည်ဖြင့်။

ယခုအခါ လူတို့သည် မိမိတို့၏ ခန္ဓာကိုယ်ကို အလှပြုပြင်မှုများ ပိုလုပ်လာကြ၏။ သိပ္ပံပညာရပ်၏ အကျိုးကျေးဇူးကြောင့် အလှပြင်ပေးသည့် စက်ပစ္စည်းများ၊ အလှဆီများစသည်တို့မှာလည်း ပေါ်ပေါက်လာ၏။

လူသည် အသက်ကြီးလာလျှင် အရေပြားများ တွန့်လာ၏။ ဤသည်ကို ဟန့်တားရန် အရေပြားများ မတွန့်ရန် စက်ပစ္စည်းများဖြင့် ပြုပြင်မှုသည် ခေတ်စားလာ၏။

စက်ဖြင့် အရေပြားမတွန့်အောင် ဆေးပညာရှင်များ၊ ဆရာဝန်များကသာ (လေ့ကျင့်ထားသော ဆရာဝန်များကသာ) အသုံးပြုခွင့်ရှိ၏။ မကျွမ်းကျင်သူအသုံးပြုလျှင် လူနာတွင် အန္တရာယ်ရှိ၏။

စင်ကာပူနိုင်ငံတွင် အရေပြားမတွန့်ရန် အလှပြင်ဆိုင်များ ပေါ်ပေါက်လာရာ အချို့အလှပြင်ဆိုင်များတွင် သုံးသောစက်များမှာ စက်အတုများ ဖြစ်သည်ဟု သိရ၏။ အနည်းဆုံး အလှပြင်ဆိုင်ပေါင်း ၁၅ ဆိုင်၌ စက်တုများဖြင့် အရေပြားမတွန့်အောင် ပြုပြင်ပေးလျက်ရှိ၏။ ထိုသို့ပြုပြင်ပေးသူများမှာ ဆရာဝန်များမဟုတ်ဟု သိရသည်။

စက်သည် မျက်နှာနှင့် ခန္ဓာကိုယ်ပေါ်ရှိ အရေပြားများ မတွန့်အောင် ပြုလုပ်ပေး၏။

စက်အစစ်မှာ စင်ကာပူဒေါ်လာ ၈၀,၀၀၀ ကျော်ရှိပြီး စက်အတုမှာမူ ဒေါ်လာ ၁၈,၀၀၀ နှင့် ၃၈,၀၀၀ အကြား၌ ဈေးရှိသည်။

စက်အစစ်များကို အမေရိကန်နိုင်ငံမှ ထုတ်လုပ်၏။

စက်အစစ်ထုတ်လုပ်သော ကုမ္ပဏီမှ ကိုယ်စားလှယ်များနှင့် ရဲတို့က စက်အတုများကို လိုက်လံရှာဖွေစစ်ဆေးရာ စင်ကာပူ၌ ဖွန်လက စက်အတုနှစ်လုံးကို ရှာဖွေတွေ့ရှိ၏။ ၎င်းစက်အတုတွင် အာရှတိုက်နိုင်ငံကြီးတစ်နိုင်ငံမှ လုပ်သည်ဟူသော အမှတ်အသားပါ၏။

စက်အတုကို မူရင်းကုမ္ပဏီမှ တာဝန်ရှိသူတို့က စစ်ဆေးပြီးနောက် စက်အတုကို သုံးလျှင် အရေပြားအောက်ရှိ ဆဲလ်တစ်သျှူးများ ပျက်စီးနိုင်ကြောင်း ပြောဆိုလိုက်ကြ၏။

စင်ကာပူတွင် အရေပြားမတွန့်အောင် စက်ဖြင့်ပြုပြင်ရာ၌ ဒေါ်လာ ၈,၀၀၀ ခန့် ပေးရ၏။ တစ်ခါပြုပြင်ထားလျှင် နှစ်နှစ်မှ သုံးနှစ်ခံသည်ဟု သိရသည်။

စင်ကာပူတွင် ဖမ်းဆီးရမိသော စက်အတုများကို အသုံးပြုသည့် အလှပြင်ဆိုင်၏ တာဝန်ခံများကို ဥပဒေကြောင်းအရ အရေးယူမည်ဟု သိရသည်။

စင်ကာပူဥပဒေအရ စက်အတုတင်သွင်းသူနှင့် အသုံးပြုသူတို့သည် အများဆုံး ဒဏ်ငွေ ဒေါ်လာတစ်သိန်းနှင့် အများဆုံး ထောင်ဒဏ် ၅ နှစ်၊ သို့မဟုတ် ဒဏ်ငွေရော ထောင်ဒဏ်ပါ တစ်ပေါင်းတည်း ကျခံရဖွယ်ရှိ၏။

ဦးဦးသိန်း

စထရိတ်တိုင်းမ်စ်၊ ၂၁-၉-၂၀၁၅

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

# ဗေဒင်ယတြာ

မောင်မောင်(ပိတောက်မြိုင်)

အမှန်အတိုင်း ဝန်ခံရလျှင် မိမိ ဗေဒင်နှင့် ယတြာတို့ကို ဝါသနာမပါပါ။ မယုံကြည်လို့တော့ မဟုတ်ပါ။ ဘုရားအလောင်း သိဒ္ဓတ္ထမင်းသား ဖွားမြင်စဉ်က ဗေဒင်လက္ခဏာဆရာ ကောဏ္ဍည ပုဏ္ဏားက လက်ညှိုးတစ်ချောင်းထောင်ပြီး "ဘုရားစင်စစ် ကေန်ဖြစ်ရမယ်" ဟု ဟောခဲ့ရာ ဝေါဟာမမြွတ်စွာဘုရား ဖြစ်ခဲ့သည်မှာ အထင်အရှားရှိခဲ့သည်။

မြန်မာရာဇဝင်များတွင်လည်း "ယတြာကောင်းက မင်းလောင်းပ"သည့် ဆိုရိုးစကားရှိခဲ့သည်။

မိမိ ဗေဒင်ယတြာမေးခြင်းများကို ဝါသနာ မရှိခဲ့သည်မှာ အကြောင်းရှိပါသည်။ ဗေဒင်ဆရာက မိမိဇာတာကို တွက်ကြည့်ပြီး "ရာထူးတိုးမယ်၊ ထီပေါက်ကိန်းရှိတယ်။ ဘယ်ဂဏန်းအစ၊ ဘယ်ဂဏန်း နောက်ဆုံးထား ထီထိုးပါ" ဆိုလိုက်သဖြင့် ဖြစ်မလာလျှင် စိတ်ဝေဒနာတစ်ခုတော့ ခံစားရတတ်ပါသည်။

သို့အတွက် ဗေဒင်လည်းမမေး၊ ယတြာချေခြင်း အလုပ်မျိုးလည်း မလုပ်တော့ဘဲ ကံ၊ ကံ၏အကျိုးအတိုင်းပဲ နေခဲ့ခြင်း ဖြစ်ပါသည်။

× × ×

မိမိဘဝတွင် အမှတ်ရစရာလေးများတော့ ရှိခဲ့ဖူးပါသည်။ ဆယ်နှစ်သားခန့် စတုတ္ထတန်းအရောက်တွင် မိဘများက ရှင်ပြုပေးခဲ့သည်။ မိမိ ရှင်သာမဏေဘဝကို ပျော်မွေ့သည်ကတစ်ကြောင်း၊ ထိုစဉ်က မိမိတို့ကျေးရွာတွင် အစိုးရအလယ်တန်းကျောင်း (ထိုစဉ်က အလယ်တန်းသည် သတ္တမတန်းအထိ ဖြစ်သည်။ စာသင်ကျောင်းကိုလည်း ဘုန်းတော်ကြီးကျောင်းတွင်သာ ဖွင့်ထားသည်) ကတစ်ကြောင်း ဖြစ်သဖြင့် မိမိသတ္တမတန်းအောင်သည်အထိ ရှင်သာမဏေဘဝနှင့်ပင် နေဖြစ်ခဲ့သည်။

ဆရာတော်ကြီးက မိမိအား အလွန်ချစ်သည်။ ကျောင်းခနေစရိတ်၊ စာအုပ်စာတမ်းကအစ သူကပဲ တာဝန်ယူသည်။ မိဘများကဲ လုံးဝမပေးရ။ သတ္တမတန်း အောင်သည့်အခါ ရှင်သာမဏေဘဝက ထွက်စေ၍ ကြို့ပင်ကောက်မြို့ အစိုးရအထက်တန်းကျောင်းတွင် အထက်တန်းပညာကို ဆက်လက်ထားပေးခဲ့သည်။

× × ×

ဆရာတော်ကြီးက သက်တော်ရှစ်ဆယ်ခန့်ရှိပြီဖြစ်သည်။ မိမိညစဉ်နှင်းနှိပ်ပေးခဲ့ရသည်။ တစ်ညမှာတော့ ဆရာတော်ကြီးက အမိန့်ရှိပါသည်။

"ဟဲ့...ပဏ္ဍိတ၊ နင့်မွေးနေ့နှစ်သက္ကရာဇ်ကိုပြောစမ်း"

"၁၃၀၀ ပြည့်၊ တပေါင်းလ၊ ကြာသာပတေးသားပါ ဘုရား"

ဆရာတော်ကြီးက ဘာစကားမှ မဆိုသေးဘဲ ခေတ္တငြိမ်နေပါသည်။ အတန်ကြာမှ -

"အင်း...နင့်ဇာတာက သိပ်တော့မကောင်းဘူးဟဲ့။ ဆရာကောင်း၊ သမားကောင်းတွေနဲ့ တွေ့သော်လည်း သိပ်ခံစားခွင့် မရှိနိုင်ဘူး။ နင်ပညာတတ်အောင်သင်ကြားလာ။ နင့်ဘဝမှာ အခက်အခဲတွေ ကြုံတတ်တယ်။ နင်ဘုန်းကြီးဝတ်ရင်တော့ နင့်ဘဝကောင်းလာနိုင်တယ်။ နင်သင်္ကန်းမချွတ်နဲ့တော့၊ ဘုန်းကြီးဖြစ်အောင်လုပ် ကြားလား"

"တပည့်တော် ဘုန်းကြီးမဖြစ်ချင်ဘူးဘုရား"

"ဟင်...တယ်မိုက်တဲ့ကောင်ပဲ"

ဆရာတော်ကြီးက ဘာစကားမှ ဆက်မမိန့်တော့ဘဲ ဖြစ်သွားပါသည်။ မိမိကတော့ အိပ်ပျော်သွားသလားဟု ထင်မိပါသည်။ ဆရာတော်ကြီးအား နှင်း(ဝတ်ဖြည့်)ပေးနေရသည်မှာလည်း တစ်နာရီနီးနီး ရှိပြီဖြစ်၍ မိမိခြေထောက်တွေလည်း အတော်ညောင်းလာပြီဖြစ်သည်။ မိမိအကြံတစ်ခုရလာ

www.burmeseclassic.com

သည်။ အရိုးပေါ် အရေတင်နေပြီဖြစ်သော ဆရာတော်ကြီး၏ ပေါင်တွင်းကြောကို ခြေဖနောင့်ဖြင့် ခပ်ဖြင်းဖြင်းလေး ကြိတ်နင်းလိုက်သည်။

"ဟဲ့…ကိုရင်၊ ဖြည်းဖြည်းလုပ်ပါဟ"

"တင်ပ့ါဘုရား။ တင်ပ့ါဘုရား"

ဆရာတော်ကြီး နည်းနည်းနာသွားပုံရသည်။ မိမိလည်း မှားသွားမှန်း သတိရမိတော့သည်။

"ပဏ္ဍိဝ"

"ဘုရား"

"နင် ဘုန်းကြီး မလုပ်ချင်ဘူးဆိုရင် ပညာတော့တတ်အောင်သင် ကြားလား။ နင့်ဇာတာကို သေချာစစ်ကြည့်တော့ နင် မင်းစိုးရာဇာတော့ ဖြစ်နိုင်တယ်ဟဲ့"

"အရှင်ဘုရား။ ဒီခေတ်က ရှင်ဘုရင်ခေတ်မှ မဟုတ်တာ"

"တယ်ညံ့တဲ့ကောင်ပဲ။ အစိုးရဝန်ထမ်းဆိုတာ မင်းစိုးရာဇာပဲပေါ့ဟ။ နင် အစိုးရဝန်ထမ်းဖြစ်အောင်လုပ်၊ အရာရှိတော့ ဖြစ်နိုင်တယ်။ ပညာတတ်ဖို့တော့ လိုတာပေါ့ကွယ်"

"နင် ဆယ်တန်းအောင်အောင်ကြိုးစား။ ဆယ်တန်းအောင်ရင် ဝန်ကြီးဗိုလ်မင်းခေါင်နဲ့ အပ်ပေးမယ်။ သူက ကြိုပြင်ကောက်သားကွဲ့၊ ငါ့တပည့်လည်းဖြစ်တယ်"

ဆရာတော်ကြီးက အားပေးစကားတွေ မိန့်တော်မူခဲ့သည်။ မိမိ ဆရာတော်ကြီးအား နှိပ်နယ်ပေးပြီး မိမိ အိပ်ရာသို့ ပြန်ခဲ့သည်။ ထိုညက စိတ်ကူးယဉ်အိပ်မက်တွေ ကောင်းကောင်း မက်ခဲ့သေးသည်။

၁၉၅၈ ခုနှစ်မှာ မိမိဆယ်တန်းစာမေးပွဲ ဖြေဆိုခဲ့သည်။ ကျောင်းပိတ်ရက်တွင် ဆရာတော်ကြီးနှင့်အတူ ရန်ကုန်သို့ရောက်ဖြစ်ခဲ့ကြသည်။ ဆရာတော်ကြီးက ရှေးဟောင်းပေရွက် ဗိုဒ္ဓကတ်သုံးပုံများကို နိုင်ငံတော်သို့ လှူဒါန်းခဲ့သဖြင့် နိုင်ငံတော် ဝန်ကြီးချုပ်က မီးရထား၊ မီးသင်္ဘောများကို မြန်မာပြည်အနှံ့သွားလာရန် ပထမတန်းမှ စီးနိုင်ခွင့် အခမဲ့လက်မှတ်ကို ဆက်ကပ်လှူဒါန်းသည်။

ရန်ကုန်ရောက်ခိုက် ဝန်ကြီးဗိုလ်မင်းခေါင်နှင့် တွေ့ခဲ့သည်။ ဆရာတော်ကြီးက မိမိအား ရဲအရာရှိဖြစ်အောင် ကူညီဆောင်ရွက်ပေးရန် မိန့်တော်မူသည်။ ဝန်ကြီးဗိုလ်မင်းခေါင်က -

"ကလေးက ငယ်ပါသေးတယ်ဘုရား။ ဆယ်တန်းအောင်ရင် ကျောင်းတက်ပါစေဦး။ ဆယ်တန်းအောင်တဲ့အခါ တပည့်တော်ဆောင်ရွက်ပေးရန် တာဝန်ယူပါတယ် ဘုရား"

ဟု လျှောက်ထားခဲ့သည်။

× × ×

ကံကြမ္မာဆိုသည်မှာ မြင်နိုင်သောအရာမဟုတ်။ တစ်ခါတစ်ခါမှာ ကံကြမ္မာ၏ အလှည့်အပြောင်းသည် ထူးဆန်းသည်မှာ မိမိဘဝအတွက် မှန်လှပေသည်။

မိမိဆယ်တန်း မအောင်ခင်မှာဘဲ ဆရာတော်ကြီး ပျံလွန်တော်မူသွားခဲ့သည်။ မိမိဝမ်းနည်းကြေကွဲခဲ့ရသည်။ လေ့လော်ရင်း တက်ကျိုးသလိုလည်း ဖြစ်ခဲ့ရသည်။ ကံကြမ္မာက ဤတွင်ရပ်မနေ။ ဤကာလအတွင်းမှာပင် ဖဆပလ အစိုးရနှစ်ခြမ်းကွဲသွားသည်။

တည်မြဲ သန့်ရှင်းတဲ့၊ မူလအစိုးရအဖွဲ့ ပျက်သွားသည့်အခါ ဝန်ကြီးဗိုလ်မင်းခေါင်လည်း ဘယ်ရောက်၍ ဘယ်ပေါက်သည်မသိ၊ မိမိနှင့်အလှမ်းဝေးသွားပြီဖြစ်သည်။ မိမိမျှော်လင့်ချက်တွေလည်း ပျောက်ကွယ်သွားရပြီဖြစ်သည်။

ဆရာတော်ကြီးတစ်ခါက မိန့်ကြားတော်မူခဲ့သော စကားကိုကို ပြန်လည်ကြားယောင်မိတော့သည်။

"ပဏ္ဍိဝ…နင့်ဇာတာက ဆရာကောင်း၊ သမားကောင်းတွေနဲ့ တွေ့သော်လည်း သိပ်တော့ခံစားခွင့် မရနိုင်ဘူး" ဆိုပါကလား။

ဆရာတော်ကြီး၏ မိန့်ကြားချက်သည် မိမိဘဝအတွက် ကွက်တိဝင်နေသည်ဟု ဆိုရပေမည်။ မည်သို့ပင်ဖြစ်စေ အတ္တာပဟိ၊ အတ္တနော၊ နာထော၊ မိမိကိုယ်သာလျှင် မိမိအားကိုးရပေတော့သည်။

မိမိရန်းရင်းကန်ရင်းနဲ့ပဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့ထဲသို့ ရောက်ရှိခဲ့သည်။ ရဲအရာရှိတစ်ယောက်တော့ ဖြစ်လာခဲ့သေးသည်။

ဆရာတော်ကြီး၏ မိန့်ကြားချက်ကို သတိရမိပြန်သည်။ "ပဏ္ဍိဝ…နင်ဘုန်းကြီး မလုပ်ချင်ရင် ပညာတတ်အောင်သင်ရမယ်။ အစိုးရဝန်ထမ်းလုပ်



www.burmeseclassic.com

www.burmeseclassic.com

ပေါ့။ နှင့်ဇာတာက မင်းစိုးရာဇာဖြစ်နိုင်တဲ့ လက္ခဏာတော့ ရှိတယ်ဟဲ့"

ဆရာတော်ကြီး၏ ဗေဒင်ဟောကိန်းသည် မှန်ကန်သည်ဟု ဆိုရပေမည်။ မင်းစိုးရာဇာမဟုတ်သော်လည်း ရဲအရာရှိတစ်ယောက်တော့ ဖြစ်လာခဲ့သည်။ ကျေးဇူးရှင် ဆရာတော်ကြီးလည်း ရောက်ရာဘုံဘဝက သူ့သားတပည့် မိမိအတွက် ဝမ်းသာနေပေလိမ့်မည်။

× × ×

ဝန်ထမ်းဘဝဆိုသည်မှာ ထားရာနေ၊ စေရာသွား။ နိုင်ငံတာလုပ်ရသောဘဝဖြစ်သည်။ မြန်မာနိုင်ငံအနှံ့ မြို့နယ်အသီးသီး၊ ရဲစခန်းအသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၇၅ ခုနှစ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရန်ကုန်တွင် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရသည်။

လောလောဆယ် ရဲတပ်ဖွဲ့မှပေးသော နေအိမ်ခန်းမရသေးသဖြင့် ပုဇွန်တောင်ဈေးအနီး၊ စက်ဘုရပ်ကွက်တွင် အိမ်ငှားနေရသည်။ စပေါ်ငွေကျပ် ၈၀၀၀ နှင့် အိမ်လခ တစ်လကျပ် ၈၀ ပေးရသည်။

ကံဇာတာလေး ကောင်းလာသည်ဟု ဆိုရပေမည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ပိုင် အလုံမြို့နယ်၊ ပိတောက်မြိုင်ရိပ်သာတွင် အရာရှိနေအိမ်ခန်းတစ်ခန်း လွတ်သွားသဖြင့် မိမိအား ချထားပေးခဲ့သည်။ ကံကြမ္မာမကောင်းသဆို ဖြစ်လာပြန်သည်။ အိမ်ရှင်က စပေါ်ငွေကျပ် ၈၀၀၀ ကို နောက်အိမ်ငှားရမှ ပေးနိုင်မည်ဟု ဆိုလာပါသည်။

မိမိဦးနှောက်စားခဲ့ရပြန်သည်။ ကြာကြာစောင့်နေလို့က မဖြစ်၊ ရပြီးသားအိမ်ခန်းလေး လက်လွတ်သွားပါက ဒုက္ခဖြစ်ပေမည်။ ခဏစောင့်ကြည့်သည်။ အကြောင်းမထူးသဖြင့် အိမ်ရှင်နှင့် ညှိရသည်။

မိမိ ဒီအိမ်ခန်းက ပြောင်းသွားမည်။ အိမ်ခန်းကိုတော့ ပိတ်သွားမည်။ မိမိမသိဘဲ မည်သူ့ကိုမှ မငှားပါနဲ့။ အိမ်လခကိုလည်း မှန်မှန်ပေးသွားမည်။ ခင်ဗျားတို့ စပေါ်ငွေကျပ် ၈၀၀၀ ပေးတဲ့နေ့မှာ အိမ်ခန်းသော့ ပြန်ပေးမည်။

အိမ်ရှင်ကလည်း သဘောတူသဖြင့် မှတ်မှတ်ရရ ဧပြီလ၊ သင်္ကြန်ကာလတွင် မိမိတို့ ပိတောက်မြိုင်ရိပ်သာသို့ ပြောင်းရွှေ့လာခဲ့ကြသည်။ မေ၊ ဇွန်လအထိ ဘာမှမထူး။ စိတ်ပျက်စရာဖြစ်နေသည်။ မိမိကတော့ အိမ်လခမှန်မှန်ပေးနေရသည်။

နောက်ထပ် အိမ်ငှားသမားရောက်မလာသည်မှာ အကြောင်းတရားတော့ရှိဟန်တူသည်။ မိမိတို့ငှားစဉ်က စပေါ်ကျပ် ၈၀၀၀၊ အိမ်လခ ကျပ် ၈၀။ ယခုငှားရန်မှာ စပေါ်ငွေကျပ် ၉၀၀၀၊ အိမ်လခ ၉၀ ဟု အိမ်ရှင်က စကားခံထားသည်။ အိမ်ငှားလိုသူများ လာသော်လည်း ဈေးမတည့်ဖြစ်နေသည်။

× × ×

ဇွန်လကုန်သွားပြီ။ အကြောင်းမထူး ဖြစ်နေသည်။ အိမ်ရှင်က အိမ်လခ မှန်မှန်ရနေသဖြင့် စိတ်ပူပန်ဟန်မရှိ။ မိမိသာလျှင် မောနေရသည်။

ကံကြမ္မာဆိုသည်မှာ အလှည့်အပြောင်း ရှိတတ်သည့် မဟုတ်ပါလား။ ကယ်တင်ရှင်တစ်ယောက် ပေါ်လာသည်ဟု ဆိုရပေမည်။ တစ်နေ့မှာ ဆရာသမားတစ်ယောက်၏နေ့ ဆရာကတော် အိမ်သို့ ရောက်လာသည်။ ခရီးမဆိုက်ဘဲ သူကဆိုသည်။

"ဒေါ်စိန်မြိုင်တို့ အိမ်ငှားကခင်းလာခဲ့သော်လည်း စပေါ်ငွေ ပြန်မရသေးဘူးဆို"

"ဟုတ်တယ် ဒေါ်သောင်းမြင့်ရေ၊ အိမ်ရှင်က နောက်အိမ်ငှားထံမှ စပေါ်ရမှ ကျွန်မတို့ကို ပေးနိုင်တဲ့ သဘောရှိတယ်။ ခက်နေတာက အိမ်ရှင်က သူ့အတွက်ကျန်အောင် နောက်လူကို စပေါ်ငွေ ကျပ် ၉၀၀၀၊ အိမ်လခ ကျပ် ၉၀ လုပ်ထားတယ်။ ဒီတော့ အိမ်ငှားတွေက လန့်ကုန်တာပေါ့။ ဒါကလည်း သူ့ဘက်က ကြည့်ရင်မှန်တာပေါ့။ သူတို့မှာ စိုက်ထုတ်ပြန်အမ်းနိုင်တဲ့ အခြေအနေမှ မရှိတာ။ ခက်ပါတယ် . . . ဒေါ်အေးမြင့်ရယ်"

ဇနီးသည်က စိတ်ပျက်လက်ပျက်ဖြင့် ခပ်ညည်းညည်းလေး ဆိုလိုက်သည်။ ဤအခါ ဒေါ်အေးမြင့် ကောက်ခါငင်ကာဖြင့် အားပေးစကားဆိုလိုက်သည်။

"ဒေါ်စိန်မြိုင်တို့ ယုံမယုံတော့ မသိဘူး။ ကျွန်မကိုယ်တွေ့တစ်ခု ပြောပြချင်တယ်။ သိမ်အုံကြီး ကောင်းပါတယ်။ သံတွဲမြို့မှာ ကျွန်မအမျိုးအနေ

www.burmeseclassic.com

ဘတ်တာ အမွေဆိုင်အိမ်ကြီး တစ်အိမ် ရှိတယ်။ ညီအစ်ကို မောင်နှမတွေ ခွဲဝေ ယူကြဖို့ အိမ်ကြီးကိုရောင်းတာ ရောင်း မထွက်နိုင်ဘူး ဖြစ်နေတယ်။

မိတ်ဆွေ တစ်ယောက်ကအကြံ ပေးတာနဲ့ ရန်ကုန်မြို့ ရွှေဘုံသာလမ်း က ဗေဒင် ယတြာ ဆရာမကြီးဒေါ်ယဉ် နွဲ့ထံသွား အကူအညီတောင်းပါတယ်။ သူကလည်း တစ်နေ့ ဆယ်ယောက်ပဲ လက်ခံပါတယ်။ ခပ်စောစောသွားမှ တွန်းကင်ရပါတယ်။ အံ့သြစရာကောင်း တာက ဟောပြောခွန်းကလည်း ငါး ကျပ်ပဲ ပေးရပါတယ်။

အံ့သြစရာကောင်းလိုက်တာ ဒေါ် စိန်မြိုင်ရယ်။ ကျွန်မတို့ သူနဲ့တွေ့ပြီး သူလုပ်ခိုင်းတဲ့ ယတြာအတိုင်းလုပ်လိုက် တာ ကျွန်မတို့အိမ်ကြီး သယ့်တစ်ရက် အတွင်းမှာ အရောင်းအဝယ် တည့်သွား ပါတယ်။

"ဒေါ်စိန်မြိုင် မယုံမရှိနဲ့။ ကျွန်မ ကိုယ်တွေ့ပါ။ သွားဖြစ်အောင် သွား လိုက်စမ်းပါ"

ဒေါ်အေးမြင့်က အားရပါးရ တိုက် တွန်းပြောလျက် ပြန်သွားသည်။ ဇနီး သည်က နောက်တစ်နေ့မှာပဲ ဒေါ်ယဉ် နွဲ့ထံ သွားခဲ့သည်။ မိမိကိုတော့ ဒါမျိုး ပါသနာမပါမှန်း သိသဖြင့် အသိမပေး ဘဲ အိမ်နားကအမျိုးသမီးတစ်ဦးကို အဖော်ခေါ်သွားသည်။ မိမိဓာတ်ပုံကို တော့ ယူသွားသည်။

× × ×

ဇနီးသည် ပြန်ရောက်လာသည့် အခါ အံ့ဩစရာထူးဆန်းချက်ကို ပြော ပြသည်။

အိမ်ထောင်ဦးစီး လိုက်မလာနိုင် ရင် ဓာတ်ပုံတော့ပြပါဟု ပြောသဖြင့် မိမိဓာတ်ပုံကို ပြလိုက်သည့်အခါ -

"သမီး အမျိုးသားက အစိုးရဝန် ထမ်းနော်။ ဒါပေမယ့် မိမိဌာနလုပ် ငန်းတာဝန်တွေကို ထမ်းဆောင်နေရ တာ မဟုတ်ဘူး။ တခြားဌာနက လုပ် ငန်းတွေကို လုပ်နေရသူဖြစ်တယ်"

လို့ ပြောလိုက်သဖြင့် ဇနီးသည် အံ့ဩသွားခဲ့ရသည်။

ဒေါ်ယဉ်နွဲ့ဟောချက်က အဓမ္မဟု ပင် ဆိုရပေမည်။ မိမိသည် ရဲတပ်ဖွဲ့ ဝင်တစ်ယောက် ဖြစ်နေသော်လည်း ထို

> တည်မြဲ သန့်ရှင်းတဲ့ မူလအစိုးရအဖွဲ့ ပျက်သွားသည့်အခါ ဝန်ကြီးဝိုလ်မင်းခေါင်လည်း ဘယ်ရောက်၍ ဘယ်ပေါက်သည်မသိ၊ မိမိနှင့် အလှမ်းဝေးသွားပြီဖြစ်သည်။ မိမိမျှော်လင့်ချက်တွေလည်း ပျောက်ကွယ်သွားရပြီ ဖြစ်သည်။

အချိန်က မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီ၏ လုပ်ငန်းတာဝန်များကို ဆောင် ရွက်နေရခြင်းဖြစ်သည်။

× × ×

ဒေါ်ယဉ်နွဲ့က လာရင်းကိစ္စကို မေးသည်။ ဇနီးသည်က အိမ်ကိစ္စကို ရှင်းပြသည်။ ဒေါ်ယဉ်နွဲ့က တိုတိုနဲ့လို ရင်းကိုပဲ ပြောသည်။

စိန်ခြယ်ပန်းကို အိမ်ထောင်ဦးစီး ၏ သက်စေ့၊ ရွှေတိဂုံဘုရားမှာ လှူ လိုက်ပါ။ မွေးနေ့ထောင့်မှာ ရေသက်စေ့ လှူပါ။ စိန်ခြယ်ပန်းငါးပွင့်ကို ဖန်ခွက်၊ သို့မဟုတ် အိုးခွက်တစ်ခုခုတွင် ရေဖြင့် စိုက်ထည့်ပါ။ အိမ်ခန်းအပေါက်ဝအနီး မှာ ခုံတစ်ခုခုဖြင့် တင်ထားလိုက်ပါ။

ယတြာက ဤမျှသာဖြစ်သည်။ နယုန်လပြည့်ကျော်လျှင် အိမ်ကိစ္စပြီး ပြတ်သွားရမည်ဟု ဆရာမကြီးဒေါ်ယဉ် နွဲ့က အပြတ်ပြောလိုက်သေးသည်။ ဇနီး သည်ဆရာမကြီးထံ သွားရောက်ခဲ့သည် မှာ နယုန်လဆန်းဖြစ်သည်။

× × ×

မိမိမယုံတာ၊ ယုံတာ အပထား ဇနီးသည်၏ အတင်းခေါ်ဆောင်မှု ကြောင့် ရွှေတိဂုံဘုရားသို့ လိုက်ခဲ့ရ သည်။ ဆရာမကြီး ညွှန်ကြားခဲ့သည့် အတိုင်း ပန်းကပ်လှူခဲ့ရသည်။ ရေချမ်း လည်း လှူဒါန်းခဲ့ရသည်။ ပုဇွန်တောင် အိမ်သို့သွားရောက်၍ အောက်ထပ်မှ မိမိတို့သော့အပ်ထားခဲ့သော မောင် သောကြာနှင့် မခင်စန်းတို့ထံမှ သော့

ထောင်။ ဖန်ခွက်တစ်လုံးတောင်း စိန်ခြယ်ပန်းငါးပွင့်နှင့် ရေထည့်၊ အိမ်ပေါ်တက်၊ အခန်းပေါက်ဝအနီးတွင် ခုံကလေးပေါ် တင်ခဲ့သည်။ မိမိတို့ငနီးမောင်နှံ ပိတောက်မြိုင်ရိပ်သာသို့ ပြန်ခဲ့ကြသည်။

သုံးလေးရက်ကြာသည့်အခါ မခင်စန်း ဖုန်းဆက်သည်။ အိမ်ငှားလိုသူများ ရောက်လာကြသော်လည်း စျေးမတည့်၍ ပြန်သွားကြကြောင်း ပြောသည်။ ဒီသတင်းကြားရတော့ အားတက်သလိုတော့ ရှိသွားသည်။ သို့သော်လည်း နောက်ထပ် ဘာသတင်းမှ မကြားရတော့သဖြင့် စိတ်ပူစရာ ဖြစ်ရပြန်သည်။

တစ်ပတ်ခန့်အကြာ မခင်စန်း ထံမှ ဖုန်းဆက်လာပြန်သည်။

"မကြာခင်တော့ အပေါ်ဖြစ်တော့မယ်ထင်တယ် ဦးလေးရေ၊ အိမ်ငှားမယ့်သူတွေ လာလိုက်ကြတာ တစ်ယောက်ပြီး တစ်ယောက်ပဲ။ ရွှေနှံမလည်း တံခါးဖွင့်ပေးနေရတာ မတတ်နိုင်တော့ဘူး တစ်နေကုန် တံခါးဖွင့်ထားလိုက်တော့တယ်။ ဒါပေမယ့် ဈေးက မတည့် ဖြစ်နေတယ်"

မခင်စန်းစကားကြားရတာ အားတက်ရမလို အားငယ်ရတော့မလို ဖြစ်ခဲ့ရသည်။ ဟကြာရဲ့အစွမ်းလားတော့ ဖြစ်နေပြီလို့သည်။ တွေးလိုက်မိသေးသည်။

နယုန်လပြည့်တော့မည် ဖြစ်သည်။ ဗေဒင်ကြောင်းက မမှားသေး။ ဒေါ်ယဉ်မွှေးကတော့ နယုန်လပြည့်ကျော်ရင် ဖြစ်ကိုဖြစ်ရမည်ဟု ဆိုထားသည်။ စောင့်ကြည့်ရပေဦးမည်။

* * *

မခင်စန်းထံမှ တယ်လီဖုန်းဆက်လာပြန်သည်။ ဝမ်းသာစရာဖြစ်ပါစေလို့ ဆုတောင်းရင်း တယ်လီဖုန်းခွက် ကိုင်မိသည်။

"ဦးမောင်ရေ ဒီတစ်ခါတော့ သေချာပါပြီ။ အိမ်ငှားမယ့်သူက စရန်ငွေအဖြစ် ၂၀၀၀ ပေးသွားတယ်။ မနက်ဖြန်မှာ စာချုပ်မယ်ပြောထားတယ်။ ဦးမောင်တို့ မနက်စောစောပဲ လာခဲ့ပါ။ အိမ်မှာပဲ ထမင်းစားကြမယ်"

မခင်စန်း စကားကြားလိုက်ရတော့ အရမ်းကို ဝမ်းသာသွားမိသည်။ နောက်တစ်နေ့တွင် ခပ်စောစောပဲ ငနီးမောင်နှံ ပုဇွန်တောင်သို့ ထွက်ခဲ့ကြသည်။

အိမ်ရှင်အဘွားကြီးက တော်ရှာပါတယ်။ အိမ်ငှားမည့်သူ စရန်ပေးခဲ့သော ငွေကျပ် ၂၀၀၀ ကို မိမိအား ပေးပါသည်။ မိမိယူမှာဘဲ အိမ်ရှင်အဘွားကြီးကို ယူထားပါဟု ပြောလိုက်ရသည်။

မိမိတို့အိမ်ငှားမည့်သူကို စောင့်နေကြသည်။ နေ့လယ်ပိုင်းသို့ ရောက်ခဲ့ပြီဖြစ်သည်။ ပေါ်မလာသေး။ စိတ်ပျက်လွန်းသဖြင့် ပြန်မည်အလုပ်တွင် လူတစ်ယောက် ရောက်လာသည်။ မျက်နှာကတော့ သိပ်မကောင်းလှ။ နောက်ဆုံးတော့ စရန်ငွေကျပ် ၂၀၀၀ အဆုံးခံ၍ အိမ်ခန်းကို မငှားလိုတော့ကြောင်း ပြောလျက် ပြန်ထွက်သွားတော့သည်။

ဒါထက် စိတ်ပျက်စရာကောင်းတာ မရှိတော့ဘူးလို့ ထင်မိသည်။ မျှော်လင့်ချက်က သေသာထက်သေနေသည့် ကိန်းဆိုက်နေတော့သည်။ ကံကြမ္မာဆိုတာ အလှည့်အပြောင်းတစ်ခုခုက မှန်ပေသည်။ မခင်စန်းဖုန်းဆက်လာသည်။ မှတ်မှတ်ရ နယုန်လပြည့်ကျော် ၅ ရက် ဖြစ်သည်။

"ဦးမောင်ရေ...ဒီတစ်ခါတော့ သေချာပါပြီ။ အိမ်ငှားမည့်သူက စရန်ငွေကျပ် ၅၀၀၀ ပေးသွားတယ်။ မနက်ဖြန် စာချုပ်ကြမယ်ပြောတယ်။ ဆက်ဆက်လာခဲ့ပါ"

ဒီတစ်ခါတော့ တကယ်ဖြစ်မယ်လို့ မိမိယုံကြည်နေသည်။ ဒေါ်ယဉ်နဲ့ရဲ့ဟောကိန်းအရလည်း နယုန်လပြည့်ကျော်ရင် ဖြစ်ရမည်ဟု ဆိုထားသည်။ ယခု နယုန်လပြည့်ကျော် ၅ ရက်ရှိနေပြီဖြစ်သည်။

မိမိတို့ငနီးမောင်နှံ ပုဇွန်တောင် အိမ်သို့ အပြန်သွားကြသည်။ အိမ်ငှားမည့်သူ၊ အိမ်ရှင်တို့နှင့် အဆင့်တွေ့ရသည်။ ဝမ်းသာသွားရသည်။ ဒါပေမယ့် ကြာကြာ ဝမ်းမသာလိုက်ရ။ တောကစံကရားအရဲ ဆိုရပေလေတော့မသိ။ စိတ်အနှောင့်အယှက် တစ်ခုက ပေါ်လာပြန်သည်။

အိမ်ငှားရာတွင် စပေါ်ငွေကျပ် ၉၀၀၀၊ အိမ်လခ ကျပ် ၉၀ ဖြင့်နှစ်ဦးနှစ်ဖက် သဘောတူကြသည်။ စာချုပ်ရုံးကိုမှာ အငြင်းပွားနေကြသည်။

အိမ်ရှင်က သူ့အိမ်ပေါ်မှာ စာချုပ်ကြရန် စိတ်ဦးသည်။ အိမ်ငှားမည့်သူက သူ့သူငယ်ချင်းအိမ်မှာ သွား၍စာချုပ်မည်ဟု ဆိုသည်။ အိမ်ရှင်ကလည်း လက်မခံ။ အငြင်းပွားနေကြ

www.burmeseclassic.com

သည်။ မိမိဘေးက ရင်မ,နေရသည်။

နောက်ဆုံးတော့ မိမိကြားဝင်ပြောလိုက်ရသည်။

"ဆရာကြီးတို့ အငြင်းပွားနေကြတာ နှစ်ဖက်စလုံး မှန်ကြပါတယ်။ အိမ်ရှင်ကလည်း သူ့အိမ်ပေါ်မှာ စာချုပ်မယ်ပြောတာ သဘာဝကျပါတယ်။ အိမ်ငှားမည့်ဆရာကြီးကလည်း ဒီရပ်ကွက်မှာ ရက်နာစိမ်းဖြစ်နေတော့ သူငယ်ချင်းအိမ်မှာ စာချုပ် ချုပ်ချင်တယ်ဆိုတာလည်း လက်ခံနိုင်စရာ အကြောင်းရှိပါတယ်"

"ကျွန်တော် ကြားထဲကပဲ တစ်ခုတော့ပြောချင်ပါတယ်။ အိမ်ငှားကြတယ်ဆိုတာ အိမ်ရှင်ကလည်း သူသတ်မှတ်ထားတဲ့ ငွေရလို့ အိမ်ခန်းပေးတာပါ။ အိမ်ငှားသူကလည်း အိမ်ခန်းရလို့ ငွေပေးတာပါ"

"စာချုပ်စာတမ်းဆိုတာက နောင်အရှုပ်အရှင်းတွေဖြစ်လာရင် သက်သေခံအဖြစ် အမှတ်အသားတစ်ခုသာ ဖြစ်ပါတယ်။ အခုကိစ္စက ရှင်းနေပါတယ်။ ငွေပေးမယ့်သူကလည်း အဆင်သင့်၊ စရန်ငွေကျပ် ၅၀၀၀ တောင်ပေးထားပြီးပြီ။ အိမ်ရှင်ကလည်း နောက်ထပ်ငွေကျပ် ၄၀၀၀ ရလျှင် အိမ်ခန်းပေးရန် အဆင်သင့်ဖြစ်နေတယ်ဗျာ"

"ဘာများ အခက်အခဲ ရှိနိုင်သေးလို့လဲ။ ဒီအိမ်မှာပဲ စာချုပ်ချုပ်လိုက်ကြရင် ပြီးနေတာပဲ မဟုတ်လား။ ကျွန်တော် ရဲ့အရာရှိတစ်ယောက်ပါ။ ဒီအိမ်ခန်းမှာ ငှားနေတာ နှစ်နှစ်ရှိပါပြီ။ အခုရဲတပ်ဖွဲ့က အိမ်ခန်းပေးလို့ ကျွန်တော် ဒီအိမ်ကဆင်းခဲ့တာပါ။ အိမ်ခန်းသော့တောင် မအပ်ရသေးဘူး။ ဟောဒီမှာသော့၊ ငှားမယ့်သူက ငွေချေပြီးတာနဲ့ ဒီသော့ ခင်ဗျားလက်ထဲ အပ်ပေးပါ့မယ်။ စိတ်ချပါ"

မိမိက အသေးစိတ် ရှင်းပြလိုက်တော့မှပဲ အိမ်ငှားမည့်သူက လက်ခံသွားပြီး စာချုပ်ချုပ်ဖြစ်သွားတော့သည်။ အိမ်ငှားမည့်သူက ကျန်ငွေကျပ် ၄၀၀၀ ကို အိမ်ရှင်သို့ပေးသည်။ မိမိကအိမ်ခန်းသော့ကို သူ့လက်ထဲထည့်ပေးလိုက်သည်။ အိမ်ငှားသူ ရခိုင်အမျိုးသားကြီး အိမ်သော့ကိုယူလျက် အိမ်ပေါ်ကဆင်းသွားသည်။ အိမ်ရှင်က မိမိအားပေးရန်ရှိသော စပေါ်ငွေကျပ် ၈၀၀၀ ကိုပေးသည်။ မိမိတို့ဇနီးမောင်နှံ ငွေကျပ် ၈၀၀၀ ပိုက်၍ ဗိုလ်တထောင်ဘုရားရှိရာ တောက်မြို့ခဲရဲရိပ်သာသို့ ပြန်လာခဲ့ကြလေသည်။

× × ×

စာချစ်သူ စာဖတ်ပရိသတ်များ ခင်ဗျား ဤဇာတ်လမ်းသည် ဤတွင် အဆုံးမသတ်သေးပါ။ စိတ်ဝင်စားစရာကောင်းတာလေးများကို ဆက်လက်ဖတ်ရှုကြည့်စေချင်ပါသည်။

သုံးရက်ခန့်ကြာသည့်အခါ မခင်စန်းထံမှ တယ်လီဖုန်းလာပါသည်။

"ဦးမောင်လား"

"ဟုတ်ပါတယ်"

"အံ့ဩစရာကောင်းတာလေး ပြောချင်လို့ ဦးမောင်ရေ"

"ဆိုစမ်းပါဦး"

"မနေ့က အိမ်ငှားအဘိုးကြီး မိသားစု ရောက်လာကြတယ်။ အပျိုအရွယ်သမီးလေးတစ်ယောက်လည်း ပါလာတယ်"

"အဲဒါ ငါကဘာလုပ်ရမှာလဲ။ ဒီကောင်မလေးကို ငါ့သားနဲ့ ပေးစားရမှာလား"

"ဦးမောင်ကတော့ မဟုတ်ကဟုတ်ကတွေ ပြောနေပြန်ပါပြီ"

"အလကားနောက်တာပါဟာ၊ အံ့ဩစရာဆိုတော့ ကြားချင်တာပေါ့ ပြောစမ်း"

"ဒီလို ဦးမောင်ရေ သူတို့မိသားစု အိမ်ခန်းတံခါးဖွင့်ကြည့်ကြတယ်၊ သမီးပျိုလေးက ဒီအိမ်မှာ လုံးဝမနေဘူး ဖြစ်နေတယ်။ အဘိုးကြီးနဲ့ အဘွားကြီး ဘယ်လိုမှ နားချမရဘူး။ အတင်းငြင်းနေတယ်"

"နောက်ဆုံးတော့ အိမ်ရှင်ကို သော့ပြန်အပ်တယ်၊ နောက်လူရမှ စပေါ်ငွေပြန်အမ်းပါ။ အိမ်လခကိုလည်း နောက်လူမရမချင်း ပေးနေပါမယ်လို့ ပြောပြီး ပြန်သွားကြတယ်"

"ကဲ…ဘယ်လောက်အံ့ဩစရာကောင်းလိုက်သလဲ။ ဦးမောင်ရဲ့ယတြာ ရိုက်ချက်ကတော့ ပြင်းတယ်နော်"

ဟု ဆိုကာ မခင်စန်း တယ်လီဖုန်းချသွားလေသည်။

"ကျေးဇူးတင်လိုက်တာ ဆရာမကြီးဒေါ်ယဉ်နွဲ့ရယ်"

လို့ စိတ်ထဲက ရေရွတ်မိပါတော့သည်။

မောင်မောင်(ဗိုလ်တထောင်မြို့)



www.burmeseclassic.com

www.burmeseclassic.com

# လူတို့ကို ကူညီစောင့်ရှောက်မည့် စက်ရုပ်များ

■ မြသိန်း

သင်တို့၏နေအိမ်များတွင် သက်ကြီးရွယ်အိုများ ရှိသလား။ သင်တို့အလုပ်သွားသောအခါ သင်တို့ချစ်ခင်သော သက်ကြီးရွယ်အိုများကို မည်သူတွေက စောင့်ရှောက်မည်နည်းဆိုသည်ကို သင်တို့စိတ်မပူဘူးလား။ သင်တို့၏ သက်ကြီးရွယ်အိုမိဘများ အသိုးအသွားများကိုပြုစုရန် အချိန်များများမရခြင်းနှင့် ကြုံနေသလား။

ယခုအခါ ထိုင်းနိုင်ငံမှ ကုမ္ပဏီတစ်ခုသည် သင်တို့နေအိမ်များ၌ရှိသော သက်ကြီးရွယ်အိုများကို ကူညီစောင့်ရှောက်မှုပေးမည့် စက်ရုပ်ကို တီထွင်လိုက်လေပြီ။

ခင်ဆိုးမီနီစက်ရုပ်ကို စီတီအာရှရှိဘော့တစ်ကုမ္ပဏီက တီထွင်လိုက်၏။ ၎င်းခင်ဆိုးစက်ရုပ်ကို ထိုင်းနိုင်ငံဈေးကွက်ထဲသို့ ယခု ၂၀၁၅ ခုနှစ်မကုန်မီ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်သလို ဂျပန်နိုင်ငံ၌လည်း ရောင်းချသွားမည်ဟု သိရသည်။

အဆိုပါ ကုမ္ပဏီသည် ၂၀၁၄ စက်ရုပ်သုံးရုပ်ကို ဂျပန်နိုင်ငံရှိ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဂေဟာတစ်ခု၌ စမ်းသပ်မှုပြုလုပ်ခဲ့ပြီးပြီဟုသိရသည်။

စီတီအာရှ ရှိဘော့တစ်ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်က ခင်ဆိုးမီနီစက်ရုပ်ကို သက်ကြီးရွယ်အိုများအား ကူညီစောင့်ရှောက်ပေးရန် အထူးတီထွင်ထားခြင်းဖြစ်ကြောင်း၊ စက်ရုပ်သည် ဝိုင်ဖိုင်ကို အသုံးပြု၍ သက်ကြီးရွယ်အိုများကို သူတို့၏ ဆွေမျိုးများနှင့် ဆရာဝန်များနှင့်လည်း ဆက်သွယ်ပေးနိုင်စွမ်းရှိသည်ဟု ပြောဆိုလိုက်၏။

သက်ကြီးရွယ်အိုများသည် စက်ရုပ်ကို မည်သို့အသုံးပြုရမည်ကို သိရှိရန်မလိုပေ။ စက်ရုပ်သည် တယ်လီဖုန်းလာလျှင် အလိုအလျောက် နားထောင်နိုင်စွမ်းရှိပြီး စက်ရုပ်သည် သက်ကြီးရွယ်အိုများနှင့် ဒုက္ခိတများကိုလည်း လွယ်လွယ်ကူညီစောင့်ရှောက်နိုင်၏။

စက်ရုပ်သည် သူတို့၏ ခုတင်များအနီးတွင် ၂၄ နာရီ ကာဇဝပတ်လုံး ရှိနေမည်။ ညဘက်လည်း အင်ဖရာရက်ကင်မရာကို အသုံးပြု၍ ကူညီစောင့်ရှောက်နိုင်၏။

၎င်းအပြင် မိသားစုဝင်များသည် ဝေးကွာသောနေရာများမှနေ၍ ဆမတ်ဖုန်းများမှတစ်ဆင့် သူတို့၏ မိအို၊ ဖအို၊ ဘိုးဘွားများ မသန်မစွမ်းသူများနှင့် လည်း စကားပြောနိုင်၏။

ဆရာဝန်များသည်လည်း သက်ကြီးရွယ်အိုများ၏ ကျန်းမာရေးအခြေအနေကို စက်ရုပ်ရှိ အဝေးထိန်းကင်မရာမှတစ်ဆင့် ဆမတ်ဖုန်းများ အကူအညီဖြင့် စစ်ဆေးနိုင်၏။ ဆေးရုံများသို့လည်း နေ့ရောညပါ စက်ရုပ်အကူအညီဖြင့် ဆက်သွယ်နိုင်၏။

စက်ရုပ်သည် သက်ကြီးရွယ်အိုတို့အား ဆေးသောက်ရန် အချိန်ကျရောက်ပြီကိုလည်း သတိပေးနိုင်၏။ ၎င်းအပြင် သက်ကြီးရွယ်အိုများအား စက်ရုပ်သည် အပန်းဖြေစေရန် တေးသီချင်းဖြင့်လည်း ဖျော်ဖြေပေးနိုင်၏။

သက်ကြီးရွယ်အိုများကို ကူညီစောင့်ရှောက်ပေးခြင်းဖြင့် သက်ကြီးရွယ်အိုများ ပို၍အသက်ရှည်ရှည် နေနိုင်ရေးကို ကျွန်ုပ်တို့ ဦးတည်ချက်ထားသည်ဟု စီတီအာရှစက်ရုပ်ထုတ်လုပ်ရေးဌာနအကြီးအကဲ ပြောဆို၏။

၎င်းစက်ရုပ်များကို ထိုင်းနိုင်ငံရှိ ဆေးရုံအချို့သို့ ရောင်းချသွားမည်ဖြစ်ပြီး စက်ရုပ်တစ်ရုပ်၏ တန်ဖိုးမှာ ဘတ် ၈၅,၀၀၀ အနည်းဆုံးဖြစ်၏။

သက်ကြီးရွယ်အို လူဦးရေ သန်း ၃၀ ခန့်ရှိလာပြီး အဆိုပါ သက်ကြီးရွယ်အိုများကို ကူညီစောင့်ရှောက်ရန် အနီးကပ်ကူဖော်များ ရှားပါးနေသောကြောင့် စက်ရုပ်များသည် ဂျပန်နိုင်ငံတွင် အလွန်လိုအပ်လာနေ၏။ လောလောဆယ်၌ ၎င်းစက်ရုပ်ကုမ္ပဏီသည် ၂၀၁၅ တွင် စက်ရုပ် ၁၀၀၀ သာ ထုတ်လုပ်နိုင်ဦးမည်ဟု သိရသည်။

အာရှဖွံ့ဖြိုးရေးဘဏ်၏ ခန့်မှန်းချက်အရ ထိုင်းနိုင်ငံ၏ လူဦးရေ၌ ၂၀၀၀ ပြည့်နှစ်တွင် အသက် ၆၀ နှစ်ကျော်သော သက်ကြီးရွယ်အို လူဦးရေသည် လူဦးရေ၏ ၉.၃ ရာခိုင်နှုန်းခန့်သာ ရှိခဲ့ရာ ၂၀၂၀ ရောက်လျှင် ထိုင်းလူဦးရေ၏ ၁၈ ရာခိုင်နှုန်းရှိလာမည်ဟုသိရ၏။

မြသိန်း

(နေရှင်း၊ ၁၃·၈·၂၀၁၅)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# စန်းပျိုမလေး ကေ့ရှန်း

ဆန်းမြင့်ဦး

(၁)

လူနီအဘိုးကြီးလီရန်း စိတ်ညစ်ညစ်နဲ့ ရွာဖြစ်ထွက် လမ်းလျှောက်လာမိတယ်။ အတော်လျှောက်မိတော့ စမ်းချောင်းလေးတစ်ခုအနား ရောက်လာပါတယ် . . .။ စမ်းချောင်းအောကျောက်ဆောင်တစ်ခုပေါ် တက်ပြီး တောပတ်ဝန်းကျင်၊ တောင်ပတ်ဝန်းကျင်၊ ရွာပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်နေမိတယ်။

အေးချမ်းလှပနေသည့် တောတောင်ရေမြေ ရှုခင်းနဲ့အတူ လှနေတဲ့ မိမိရွာလေးကို ကြည့်မဝသလို ရွာဖက်ဆီအကြည့်မှာ အကြည့်စိုက်နေတော့တယ်။

ဒီမှာ သူငယ်ချင်း ဘာမွန်နဲ့ သူ့မိန်းမ မို့ရှန်းတို့ကို သတိရလိုက်မိတယ်။

ဘာမွန် . . . ရှိဝေနေတဲ့ လူနီအဘိုးကြီးလီရန်း မျက်စိအမြင်မှာ သူငယ်ချင်း ဘာမွန်ရဲ့ရုပ်သွင် ထင်ရှားလာတယ်။ အဲဒီတုန်းက လီရန်နဲ့ ဘာမွန် ရွာမှာ အတွဲညီ သူငယ်ချင်းတွေလေ။ တစ်ခါမှာ လီရန်းတို့ရွာရဲ့ လက်အောက်ခံ ရွာတစ်ရွာကို အခြားလူမျိုးနွယ်တစ်စုက တိုက်ခိုက်ဖျက်ဆီးလိုက်တယ်။ လူတွေကို ခေါင်းဖြတ်၊ ရွာကို မီးရှို့ လုပ်သွားတယ်။ လီရန်းတို့ ရွာလူကြီး လုံးဝ မခံမရပ်နိုင်ဖြစ်သွားတယ်။ နတ်ဆရာလည်း ဒေါသတွေဖြစ်တယ်။ လီရန့်နဲ့ ဘာမွန်၊ ရွာလူကြီးနဲ့ နတ်ဆရာကို ကတိပေးတယ်။ ရွာလူကြီးနဲ့ နတ်ဆရာ နောက်ကသာ စိတ်ချပေ။ သူတို့ခေါင်းဆောင်ပြီး အဲဒီမျိုးနွယ်စုကို အပြုတ်တိုက်မယ်လို့။

တကယ်ပဲ အဲဒီတိုက်ပွဲတွေ လီရန်းနဲ့ ဘာမွန်တို့ ခေါင်းဆောင်ပြီး တိုက်ခိုက်ကြတယ်။ အဲဒီမျိုးနွယ်စုရှာမှန်သမျှ လီရန်းနဲ့ ဘာမွန်တို့ ခေါင်းဆောင်တဲ့ လီရန်းတို့မျိုးနွယ်စုစစ်သည်တွေ အတင်းတရကြမ်း ဝင်ရောက်တိုက်ခိုက်ကြတယ်။ လူတွေသတ်၊ ခေါင်းတွေဖြတ်၊ ရွာကိုမီးရှို့၊ တစ်ရွာပြီး တစ်ရွာပဲ။

လူခေါင်းတွေနဲ့ နတ်ပူဇော်။ အောင်ပွဲခံ သောက်စား ကခုန်မြူးထူး အရမ်းပျော်စရာပဲ။ အဲဒီမျိုးနွယ်စုတွေ ကြက်ပျောက်ငှက်ပျောက်ကို ဖြစ်ရော။

အတွဲညီလှတဲ့ လီရန်းနဲ့ဘာမွန်။

အဘိုးကြီးမျက်စိထဲ ဘာမွန်ရဲ့ စစ်သွေးကြွနေတဲ့ မျက်နှာ၊ အားပါး တရတိုက်ခိုက်ပုံတွေ၊ လူခေါင်းဖြတ်နေပုံတွေကို မြင်ယောင်တယ်။

နောက်ပြီး မို့ရှန်း။

တစ်ရွာတည်းနေ မို့ရှန်းက လီရန်းကိုကြိုက်သလိုလိုမို့ လီရန်း မို့ရှန်းကို ရည်ရွယ်တယ်။ ဘာမွန်က တန့်ထွက်တယ်။ မို့ရှန်းကို ငါကြိုက်နေတာတဲ့။ မို့ရှန်းကို ငါမယူရင် မနေနိုင်ဘူးတဲ့။ မင်းက မို့ရှန်းကို ငါ့လောက်မကြိုက်ပါဘူး။ ကြိုက်သလိုလိုဖြစ်တာပဲ ရှိတာပါ။ မို့ရှန်းက အချောဆုံးကိုး။ မင်း မို့ရှန်းထက်ချောတာ တခြားရွာမှာ ရှာယူကွာ။ ငါကူညီမယ်။ မို့ရှန်းကိုတော့ ငါယူမှဖြစ်မယ်တဲ့။

လီရန်း ချစ်သူငယ်ချင်းအတွက် အလျှော့ပေးလိုက်တယ်။ ဒါကြောင့်လည်း လီရန်း တစ်ရွာသူနဲ့ပဲ ရတာ။ အဲဒီ တစ်ရွာသူနဲ့ ရရေးကိစ္စမှာလည်း သူ့စကားနဲ့အညီပါပဲ။ ဘာမွန် အင်တိုက်အားတိုက် ကူညီတယ်။

※ အဘိုးကြီးလီရန်း အဲဒီအိုမိုတွေကို ပြန်မြင်ယောင်နေပြန်တယ်။

အိမ်ထောင်တွေ အသီးသီးကျပြီးတဲ့အထိ သူငယ်ချင်းနှစ်ယောက် တတွဲတွဲပဲ။ လီရန်းမှာ သားတစ်ယောက်ထွန်းကားခဲ့သလို ဘာမွန်မှာလည်း သားတစ်ယောက် ထွန်းကားခဲ့တယ်။

ဒီမှာတင် အဘိုးကြီးလီရန်း တစ်ခုတွေးမိပြန်တယ်။ ဒါကတော့ ခုလောလောဆယ် စိတ်ညစ်နေရတဲ့ ကိစ္စနဲ့ ပတ်သက်မှုရှိလို့။ မို့ရှန်း ရုန်းအတတ်တတ်သလို နာမည်ထွက်သွားသေး

www.burmeseclassic.com

တယ်။ မို့ရှုန်းနဲ့မတည့်တဲ့လူတွေ၊ မို့ရှုန်းနဲ့ ရန်ဖြစ်တဲ့လူတွေ သေကြရ၊ အန္တရာယ် ရင်ဆိုင်ကြရတာမျိုးတွေနဲ့ ပတ်သက်တယ်။

ဒါပေမယ့် လီရန်းတို့ ဘာမွန်တို့ အရှိန်နဲ့ ဘယ်သူမှ အတိအကျ မစွပ်စွဲရဲ။ တီးတိုးသယောင်တော့ ဖြစ်တယ်။ တကယ်က မို့ရှုန်းက ဘာစုန်းအတတ်မှ မတတ်။ လီရှုန်းတို့ ဘာမွန်တို့ အတွင်းသိ၊ အစင်းသိ။ မို့ရှုန်း စိတ်နည်းနည်းကြီးတတ်တာပဲရှိတယ်။ မို့ရှုန်းနဲ့ပတ်သက်ပြီး သတင်းသိုးသိုးသန့်သန့် သူတို့လည်း ပြန်အကြားသာ။ ဒါပေမယ့် ဒီလိုပဲ နေခဲ့တယ်။ ဟုတ်မှမဟုတ်ဘဲ။

နောက် ဘာမွန်၊ မို့ရှုန်းရော ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားတယ်။ အဘိုးကြီးလီရန်းရဲ့ မိန်းမလည်း အသက်ကြီးတော့ ကွယ်လွန်သွားတယ်။ လီရန်းသား ရွာလူကြီးဖြစ်တယ်။ လီရန်းသား ရွာလူကြီးနဲ့ ဘာမွန်သားနဲ့လည်း သူငယ်ချင်းတွေပဲ။ ခင်ကြတာပဲ။ လီရန်းသားက သား တစ်ယောက်၊ သမီးတစ်ယောက် ရတယ်။ ဘာမွန်သားကတော့ သမီးလေးတစ်ယောက်တည်း။ ရွာမှာ ကပ်ရောဂါတစ်ခုအဖြစ် ဘာမွန်သားနဲ့ သူ့မိန်းမ ဆုံးသွားကြတယ်။ သမီးလေးပဲ ကျန်ခဲ့တယ်။ အဲဒီသမီးလေးကို အဘိုးကြီးလီရန်းက မွေးစားထားတယ်။ သမီးလေးနာမည်က ကေရှုန်း။ ကေရှုန်းကို အဘိုးကြီးလီရန်းက သူ့မြေးအရင်းနှစ်ယောက်လိုကိုချစ်တာ။ မိဘမဲ့ကလေးမို့ အကြင်နာသနားတောင်ပိုသေး။ အလိုလည်း လိုက်တယ်။ အလိုလိုက်တာမှ အရမ်းကို အလိုလိုက်တာ။ တစ်ရွာလုံး အသိ။

အခု အဘိုးကြီးလီရန်း စိတ်ညစ်နေရတဲ့ကိစ္စက အဲဒီကေရှုန်း ကိစ္စ။

***

(၂)

ကေရှုန်းကို ရွာမှာ လူအတော်များများ လန့်နေကြပြီ။

ကေရှုန်းနဲ့ ရန်ဖြစ်တဲ့သူတွေ ကျားဆွဲခံရတာမျိုး၊ ငုပ်စူးပြီး ဖျားနာကယောင်ကတမ်း ဖ်အော်ဟစ်၊ နောက် သေဆုံးသွားရတာမျိုး။ ရုတ်တရက် အောင့်တယ်၊ အောင့်တယ်ဆိုပြီး သေဆုံးရတာမျိုး။ စမ်းချောင်းရေထဲကျပြီး သေဆုံးရတာမျိုးတွေ ဖြစ်ကြတော့ စုန်းတတ်တယ်လို့ ကေရှုန်းကို လူတွေက လန့်နေကြပြီ။ ဒီကြား ကေရှုန်း အဘွား မို့ရှုန်းတုန်းကလည်း ဒီလိုပဲ ဆုံးတတ်တယ်ဆိုတာပါ ပြန်ပေါ်လာတယ်။ အဘိုးကြီးလီရန်းအရှိန်နဲ့ သားရွာလူကြီးအရှိန်နဲ့ကြောင့်သာ ကေရှုန်း ခံသာနေတာ။ မဟုတ်ရင် ရွာက နှင်ထုတ်ခံနေရပြီ။ ဒီလူမျိုးစုမှာက စုန်းဆို ရွာထဲမထားရ၊ ရွာကနှင်ထုတ်ရတယ်။ အဲဒီလို ဓလေ့ရှိတယ်။

ဒီလို ဖြစ်လာတာတွေများလာတော့ အခြေအနေ သိပ်မကောင်းတော့ အဘိုးကြီးလီရန်းနဲ့ သားရွာလူကြီးကိုယ်တိုင် စဉ်းစားနေရပြီ။ ဒီပြဿနာ ဖြေလည့်ရေး။ တကယ်က ကေရှုန်း စုန်းမတတ်တာ အဘိုးကြီးလီရန်း ကောင်းကောင်းသိတယ်။ မို့ရှုန်းတုန်းကလည်း ဘာစုန်းအတတ်မှမတတ်။ လီရန်းအသိ။

ရွာထဲမှာ ဆူညံဆူညံအသံကြားရတယ်။ တစ်ယောက်က အိမ်ရှေ့မှ လှမ်းအော်တယ်။

“ဟိုမှာ ... ကေရှုန်း ရန်ဖြစ်နေလို့”

အဘိုးကြီးလီရန်း မနေသာ။ ရန်ဖြစ်ရာသို့ သွားရပြန်တယ်။

ဟိုကျ ရန်ပွဲကပြီးသွားပြီ။ မကျေမနပ်မျက်လုံးတွေနဲ့ ကေရှုန်းကို မိန်းမနှစ်ယောက်က ဝိုင်းတောင်းပန်တယ်။

“ကေရှုန်းရယ် ... ဘယ်လိုမှ သဘောမထားပါနဲ့။ ဘယ်လိုမှ အပြစ်မယူပါနဲ့။ ခွင့်လွှတ်ပါ”ဆိုတဲ့ သဘောမျိုး။ ကေရှုန်းကတော့ သူနဲ့ရန်ဖြစ်ပြီး လှည့်ပြန်သွားတဲ့ အမျိုးသမီးနောက်ကျောပြင်ကို အခဲမကျေ ကြည့်လျက်။

အဘိုးကြီးလီရန်း ပြန်ဆွဲခေါ်လာတော့ ကေရှုန်း မကျေမနပ်ပုံစံနဲ့ ပြန်လာပါတယ်။ အိမ်ကျ ကေရှုန်းက ပြောတယ်။

“ဒီကောင်မ နက်ဖြန်သေစေရမယ်”

သူနဲ့ရန်ဖြစ်တဲ့ မိန်းမကို ရည်ရွယ်ပြောတာ။ အဘိုးကြီးလီရန်း လန့်သွားတယ်။ ကေရှုန်းကို နှစ်သိမ့်သံနဲ့ ပြောတယ်။

“မြေးရယ် ... ပေါက်ကရတွေ ပြောမနေပါနဲ့”

ကေရှုန်းက ခေါင်းယမ်းပစ်တယ်။

“အဘိုး ... ဒီကောင်မ မနက်ဖြန် သေကိုသေစေရမယ်။ အဘိုး ကြည့်နေ”

နောက်တစ်နေ့မှာ ကေရှုန်းနဲ့ ရန်ဖြစ်တဲ့ မိန်းမ ကိုယ်တွေ့ဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ဖျားသတဲ့။ ညဘက်ကျ သေဆုံးသွားသတဲ့။

အဘိုးကြီးလီရန်း အလွန်အမင်း ထိတ်လန့်သွားတော့တယ်။

***

(၃)

သားရှာလူကြီး အဘိုးကြီးလီရန်းဆီ ရောက်လာတယ်။ သားအဖနှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်လိုက်ပြီး ကေရှန်းကိုပါ အနားခေါ်ထိုင်စေတယ်။

"အဖေ ... သားတို့ ကေရှန်းကိစ္စ တစ်ခုခုဆုံးဖြတ်မှဖြစ်တော့မယ်"

စကားအပြီး ကေရှန်းကို ပြန်ကြည့်တယ်။ ကေရှန်းကတော့ မသိဘာသာပါပဲ။

အဘိုးကြီးလီရန်းကတော့ ပျာယီးပျာယာ။

"သား ... မင်းသိသားပဲ။ ကေရှန်း စုန်းအတတ် မတတ်တာကို"

"ကေရှန်း ... နင် စုန်းတတ်နေပြီမဟုတ်လား"

သားအမေးမှာ အဘိုးကြီးလီရန်း ထိတ်လန့်သွားတယ်။ ကေရှန်း ဘယ်လိုဖြေမလဲ။ ကေရှန်းမျက်နှာလေးကို စိုးရိမ်တကြီး ကြည့်တယ်။

"သားရယ် ... ကေရှန်း စုန်းမတတ်တာကို အဖေအသိဆုံးပါ သားရယ်"

လီရန်း အမြန်ကြားဖြတ် ဝင်ဖြေတယ်။

"အဖေ ... သူပြောပါလိမ့်မယ်။ ကေရှန်း နင် စုန်းတတ်နေပြီမဟုတ်လား"

သားရှာလူကြီးနဲ့ အဘိုးကြီးလီရန်းတို့ရဲ့ရှေ့မှာ ကေရှန်း ခေါင်းညိတ်လိုက်ပါတယ်။

အဘိုးကြီးလီရန်း ခေါင်းတွင်တွင် ခါယမ်းတယ်။

"မဖြစ်နိုင်ဘူးသား။ လုံးဝမဖြစ်နိုင်ဘူး။ မြေး လုံးဝစုန်းမတတ်ဘူး"

"နေပါဦး အဖေ။ သူ့ကိုမေးပါရစေဦး"

လှုပ်လှုပ်ရှားရှား ဖြစ်နေတဲ့ လီရန်းကို သားရှာလူကြီးကတားပြီး –

"ဘယ်လိုကနေ ဘယ်လိုတတ်တာလဲ ပြောပါဦး"

ကေရှန်းဆီက စကား တော်တော်နှင့် ထွက်မလာ။ အဘိုးကြီးလီရန်း ရင်ထိတ်နေရပြန်တယ်။

"ကောင်မလေးပြောလေ။ နင် ဒီစုန်းအတတ်ကို ဘယ်လိုလုပ်တတ်ရတာလဲ"

သားရှာလူကြီးက ထပ်ခင့်မေးတယ်။ ကေရှန်း ခပ်နှေးနှေးဖြေတယ်။

"ညဘက် ... ညဘက် အဖွားလာသင်ပေးတာ"

"ဟာ ..." အဘိုးကြီးလီရန်း အရမ်းလှုပ်ရှားသွားတော့တယ်။

"မဖြစ်နိုင်ဘူး ... လုံးဝမဖြစ်နိုင်ဘူး။ မိုရှန်း စုန်းအတတ်မတတ်ဘူး။ မိုရှန်း လုံးဝစုန်းတတ်တာ မဟုတ်ဘူး။ ငါသိတယ် ဘာမှန်ပါ သိတယ်"

"အဖေ ... ခဏနေပါဦး"

သားရှာလူကြီး အလေးအနက် စဉ်းစားနေပုံရတယ်။

"အဖေ ... ခေါ်ကြီးမိုရှန်း စုန်းမတတ်တာ သေချာလား"

"ဟာ .. သေချာပါတယ် သား။ အဲဒီကိစ္စကို ငါတို့၊ ဘာမှန်တို့ သိတယ်။ မိုရှန်း လုံးဝ စုန်းတတ်တာမဟုတ်ဘူး။ သူ့ဘာသာသူ တခြားနတ်တွေကြောင့် ဖြစ်သွားကြတာ။ အဲ့ဒါ သက်သက် မိုရှန်းကို ထင်ကြတာ။ ငါတို့ ဘာမှန်တို့အသိ။ ဒါပေမယ့် ဘာမှဖြစ်စရာ အကြောင်းမရှိလို့ ငါတို့လည်း ဘာမှမပြောဘဲ နေခဲ့ကြတဲ့ကိစ္စ။ အဲဒီလိုဖြစ်သွားကြတဲ့ ကိစ္စတွေကို မိုရှန်းနဲ့ ငါတို့နှစ်ယောက် အုံ့ညြစရာအနေနဲ့တောင် ပြောဆိုမိကြသေးတယ်။ မိုရှန်း လုံးဝကို စုန်းအတတ်မတတ်တာ သေချာတယ်"

သားရှာလူကြီး စဉ်းစားနေပြန်တယ်။ လီရန်းက မေးတယ်။

"နတ်ဆရာကြီးက ဘာပြောလဲ"

"နတ်ဆရာကလည်း တစ်ချိန်က အဖေတို့ ဦးဘာမှန်တို့ရဲ့ တပည့်စစ်သည်တော်ကြီးဆိုတော့ ဦးကြီးဘာမှန်ရဲ့မြေး အဖေ့အချစ်တော်မြေး ကေရှန်းနဲ့ပတ်သက်ပြီး နှုတ်ပိတ်နေတယ်။ ခက်တာက ရွာထဲက ပါးစပ်တွေကတော့ မပိတ်ကြတော့ဘူး။ ကျွန်တော့်မှာ တာဝန်ရှိလာပြီ"

ရွာလူကြီး ကေရှန်းကို သေသေချာချာကြည့်ပြီး ...

"နင့်ကို နင့်အဘွား ခေါ်ကြီးမိုရှန်း စုန်းအတတ် လာသင်ပေးတာ သေချာလား"

လီရန်း ကေရှန်းကို စိုးရိမ်တကြီး ကြည့်နေမိတယ်။ ကေရှန်းကတော့ အသာအယာပဲ ခေါင်းညိတ်တယ်။ အဘိုးကြီးလီရန်းနဲ့ သားရှာလူကြီး ကေရှန်းကို တအံ့တဩ ကြည့်နေမိ



www.burmeseclassic.com

www.burmeseclassic.com

ကြတယ်။ အတန်ကြာတော့ ရှာလူကြီးက ...

"ဒါဆို နင် စုန်းမဖြစ်နေပြီပေါ့ ကေရှန်း"

ရှာလူကြီးရဲ့အမေးကို ကေရှန်း အသာအယာပဲ ခေါင်းညိတ်ပြန်တယ်။

"စုန်းဆို ရှာက နှင်ထုတ်ရလိမ့်မယ် ကေရှန်း"

ကေရန်း သိသိသာသာပဲ လှုပ်ပေါ့လို့ဆိုတော့ အဘိုးကြီးလီရန်း နေမထိထိုင်မသာဖြစ်သွားတယ်။ သူ့သားလက်ကို သူလှမ်းကိုင်တယ်။

"ဘာမွန်ရဲ့မြေး ... ငါ့မြေးနော် သား။ နောက်ပြီး ငါနဲ့ဘာမွန်လိုပဲ ကေရှန်းအဖေနဲ့ မင်းကလည်း ညီအစ်ကိုလို တွဲခဲ့၊ ခင်ခဲ့ကြသူတွေ"

"အဲဒါကြောင့် ခက်နေတာပေါ့ ကေရှန်းရယ်"

ရှာလူကြီး မချင့်မရဲပြောပြီး ငြိမ်သက်နေပြန်တယ်။

"ငါနဲ့ ဘာမွန်နဲ့ လက်တွဲခေါင်းဆောင်ပြီး တို့လူမျိုးစုကို စော်ကားခဲ့တဲ့ ရန်သူလူမျိုးစုကို ပြုတ်ပြုတ်ပြုန်းအောင် တိုက်ခိုက်ခဲ့တယ်။ အဲဒီကစွကြောင့် ခုထိ တို့လူမျိုးစုကို ဘယ်လူမျိုးစုကမှ မထိပါးရဲအောင် ဖြစ်ခဲ့တယ်။ တို့လူမျိုးစုကြီး အစွန့်ရှည် ဘုန်းကြီးခဲ့တယ်။ ဒါ ဘာမွန့်မြေး ငါးမြေး။ တို့လူမျိုးစုသူရဲကောင်းကြီးနှစ်ဦးရဲ့မြေး။ မင်းတို့ လုပ်ချင်တိုင်း လုပ်လို့တော့ ရမယ်မထင်နဲ့နော် သား"

သားရှာလူကြီး အဘိုးကြီးလီရန်းကို စိတ်ရှုပ်စွာကြည့်တယ်။

"ဟင်း ... ငါနဲ့ ဘာမွန်နဲ့သာ အဲဒီလိုမစွန့်စားခဲ့ရင် မင်းတို့ ဒီရွာ ဒီလိုမြဲနေမှာ မဟုတ်ဘူး။ မင်းတို့တောင် လူဖြစ်ခွင့်ရမှာမဟုတ်ဘူး။ အဲဒီတုန်းက အဲဒီလူမျိုးစုတွေက တခြားလူမျိုးစုတွေကို မီးရှို့သတ်ဖြတ်ဖို့ ကြိုးစားနေကြတာ။ သူတို့ကြောင့် လူမျိုးစုတချို့တောင် ပျက်စီးခဲ့ရတယ်။ တို့လူမျိုးစုနဲ့ကျမှ .. ငါနဲ့ ဘာမွန်တို့နဲ့ကျမှ ..."

"ကေရှန်း နင့်စုန်းအတတ်ကို ဖျက်ဆီးပစ်လိုက်ပါလား"

ရှာလူကြီး စိတ်ရှုပ်စွာဆိုတယ်။ ကေရှန်းက ထိမထင်။

"တတ်နေပြီ၊ ဘယ်လိုဖျက်ဆီးပစ်နိုင်မလဲ"

ရှာလူကြီး စိတ်ကိုသွားတယ်။ လီရန်းကတော့ စိတ်ဆင်းရဲနေပြီ။

"အဖေ ... အဖေ့မြေးကို ရှာမှာဆက်နေစေချင်ရင် စုန်းအတတ်ကို ဖျက်ဆီးခိုင်းလိုက်။ မဟုတ်ရင် မတတ်နိုင်ဘူး အဖေ။ ရွာသားတွေက ရှိသေးတယ်"

သားရှာလူကြီး ပြန်ထွက်သွားတယ်။ မြေးအဘိုးနှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် ကြည့်နေမိကြတယ်။ နောက် ကေရှန်း အဘိုးကြီးလီရန်းကိုဖက်ပြီး ငိုတော့တယ်။ လီရန်းက ကေရှန်းခေါင်းလေးကို ပွတ်သပ်ပေးပြီး ...

"မြေးလေးရယ် စုန်းအတတ်ကို စွန့်လွှတ်လိုက်ပါနော်"

"အဘိုးရယ် ... မြေးလေး အဘွား သင်ပေးထားတာ။ မြေးလေး အဘွားရဲ့အမွေ မြေးလေး မစွန့်လွှတ်နိုင်ဘူး"

"အဘွား သင်ပေးထားတာ"

အဘိုးကြီးလီရန်းက လုံးဝလက်မခံနိုင်ပါ။ မို့ရှန်းမှ စုန်းမတတ်ဘဲ။

"မို့ရှန်း စုန်းမတတ်ပါဘူးမြေးလေးရယ်"

"ဟင့်အင်း ... ဟင့်အင်း၊ အဘွားစုန်းတတ်တယ်။ ညည မြေးလေးကို လာလာသင်ပေးသွားတာ"

မို့ရှန်း စုန်းမတတ်တာကို လီရန်း သိသလို ကေရှန်းစုန်းမတတ်ဘူးလို့လည်း လီရန်းယုံကြည်တယ်။ ခက်တာက ကေရှန်းကိုယ်တိုင် အကျအနပြောနေတော့။

"သူတို့ မြေးလေးကို ရှာကနှင်ထုတ်ရင် ဘယ့်နှယ်လုပ်မလဲ"

"အဘွားပေးတဲ့အမွေကိုတော့မ စွန့်လွှတ်နိုင်ဘူး။ ထွက်သွားမှာပဲ အဘိုးရယ်"

အဘိုးကြီးလီရန်း ရင်ထဲဟာသွားတယ်။ မျက်ရည်ပေါက်တွေ ကေရှန်းခေါင်းပေါ် တစ်ပေါက်ချင်းကျလာတော့တယ်။

***

(၄)

အဘိုးကြီးလီရန်း အိပ်မပျော်ဖြစ်နေတယ်။

သူနဲ့ဘာမွန်နဲ့ ခေါင်းဆောင်ပြီး လူမျိုးစစ်သည်တွေနဲ့အတူ အသက်စွန့်တိုက်ခဲ့တဲ့ တိုက်ပွဲမြင်ကွင်းတွေ၊ အောင်ပွဲခံ ကခုန်ပျော်မြူးကြတာတွေ။

နောက်ပြီး ဘာမွန်နဲ့ မို့ရှန်းတို့ မင်္ဂလာဆောင်ပွဲ။

နောက်ပြီး မို့ရှန်း။ သူ့ကိုစုန်း



www.burmeseclassic.com

www.burmeseclassic.com

တတ်တယ် ထင်ရအောင်ကို ဘယ်လိုကနေ ဘယ်လို တိုက်တိုက်ဆိုင်ဆိုင်တွေ ဖြစ်ရတာလဲ။ သူကိုယ်တိုင် တအံ့တဩ။ ဘာမွှန်နဲ့ လီရှန်းတို့ကိုလည်း ဖွင့်ပြောတယ်။

"မို့ရှုန်း စုန်းအတတ် မတတ်ပါဘူး"

အဘိုးကြီးလီရှန်း စိတ်ထဲမှ ပြောမိတယ်။

မို့ရှုန်းစုန်းမတတ်ကြောင်း အဘိုးကြီးလီရှန်းအသိကို၊ ခုတော့ မြေးလေး ကေရှန်းက မို့ရှုန်း စုန်းတတ်တယ်၊ သူ့ကိုလာသင်ပေးတယ်၊ သူလည်း စုန်းတတ်နေပြီဆိုတယ်။ ဘယ်လိုဖြစ်နိုင်မလဲ၊ ဘယ်လိုမှမဖြစ်နိုင်။ ကေရှန်းရယ် ...။

"ဘာမွှန်နဲ့ မို့ရှုန်းတို့ရယ် ... ငါ ဘယ်လိုလုပ်ပေးရပါ့မလဲ"

လီရှန်း စိတ်ထဲမှာပဲ ပြောမိပြန်တယ်။

"ဒါပေမယ့်စိတ်ချ ဘာမွှန်နဲ့ မို့ရှုန်း။ မင်းတို့မြေးလေး၊ ငါ့ရဲ့မြေးလေး။ တစ်ချိန်က စစ်သူရဲကောင်းကြီးနှစ်ယောက်ရဲ့ မြေးလေးကို ငါ့အသက်နဲ့လဲပြီး စောင့်ရှောက်မယ်"လို့ စိတ်ထဲမှာ ဆက်ပြောပြန်တယ်။

ဒီမှာတင် လီရှန်း ရိပ်ခနဲ အရိပ်တစ်ခု တဲပြင်ကိုထွက်သွားတာ တွေ့လိုက်ရတယ်။ မနေသာ အိပ်ရာကထပြီး တဲပြင်ကို လိုက်ကြည့်မိတယ်။ လရောင်အောက်မှာ ရွာလယ်လမ်းအတိုင်းထွက်သွားတဲ့ ကေရှန်းကို တွေ့လိုက်ရတယ်။

ကေရှန်း လရောင်အောက်မှာ ပေါ့ပေါ့ပါးပါး လမ်းလျှောက်သွားနေတယ်။ အဘိုးကြီးလီရှန်း သူ့နောက် မလှမ်းမကမ်းမှ လိုက်ရတော့တယ်။

ကေရှန်း ဘာလုပ်ဦးမလို့လဲ၊ ဘာတွေပြဿနာရှာဦးမလဲ။

"ရင်ထဲမကောင်းဘူး မြေးလေးရယ်"

ကေရှန်း လမင်းကြီးကို မော့ကြည့်လိုက်။ လရောင်ဆမ်းထားတဲ့ ရှုခင်းတွေကို ကြည့်လိုက်တယ်။ ခုန်သလိုလို ပေါက်သလိုလို လျှောက်လိုက်။ ဒီလိုနဲ့ ...

အိမ်တစ်အိမ်ရှေ့မှာတော့ ကေရှန်း တွေရပ်နေတယ်။ တစ်စုံတစ်ခုကို စိုက်ကြည့်နေတယ်။ မလှမ်းမကမ်းက လီရှန်းလည်း အကြည့်ကိုအားယူပြီး ကေရှန်းကြည့်ရာကို လိုက်ကြည့်မိတယ်။

အိမ်ရှေ့မှာ ခေါ်စာပစ်ထားပါလား။

မကောင်းဆိုးဝါးတွေစားဖို့ အိမ်ရှေ့မှာ စင်ကလေးနဲ့ ခေါ်စာပစ်ထားတာ။ ကေရှန်း ခေါ်စာစင်ကလေးကို အသေအချာ ကြည့်နေတယ်။ ကေရှန်း ဘာလုပ်မလို့လဲ အဘိုးကြီးလီရှန်း ရင်ထိတ်နေတယ်။

ကေရှန်းကတော့ သာသာပဲ ခေါ်စာစင်ကလေးပေါ်က ခေါ်စာအသားဟင်းထည့်ထားတဲ့ ခွက်ကလေးကို သွားယူတယ်။ သစ်ပင်ရိပ်တစ်ခုဆီယူသွားပြီး ထိုင်စားနေတော့တယ်။ နောက် ခွက်ကို အဲဒီစင်ဘက် ပစ်ပေါက်လိုက်တယ်။

သစ်ပင်ရိပ်ထဲ ထိုင်နေရင်းလည်း လမင်းကိုကြည့်လိုက်၊ လရောင်ဆမ်းထားတဲ့ ညရှုခင်းတွေကို ကြည့်လိုက် လုပ်နေပြန်တယ်။

အဘိုးကြီးလီရှန်း မျက်ရည်တွေ ဝဲလာပြီး ခေါင်းတခါခါ လုပ်နေတော့တယ်။

***

(၅)

အဘိုးကြီးလီရှန်း ရွာက ဘယ်သူမှမသိအောင် ကေရှန်းကို တိတ်တဆိတ်ခေါ်ပြီး တောထဲထွက်လာပါတော့မယ်။ မြေးအဘိုးနှစ်ယောက် လေးမြှားကိုယ်စီ၊ ဓားလှံကိုယ်စီ၊ ရေအိတ်ကိုယ်စီ၊ ရိက္ခာအစားအစာ အနည်းငယ်ကိုယ်စီနဲ့။

တောတွင်းလမ်းအတိုင်း နေ့တွဲ့နေ့တုံ့။

"တို့မထွက်လာလည်း သူတို့ တို့ကို နှင်ထုတ်ကြတော့မှာပါလေ"

သူ့ကြောင့် ဒုက္ခရောက်ရတဲ့ အဘိုးကြီးလီရှန်းကိုကြည့်ပြီး ကေရှန်း စိတ်မချမ်းမသာ ဖြစ်သွားတယ်။

"ဘယ်ကိုသွားကြမလဲ အဘိုး"

"လောလောဆယ်တော့ တို့လူမျိုးရဲ့ လက်အောက်ခံ ရွာတစ်ရွာဆီ သွားရမှာပဲ။ အဲဒီရွာမှာ မြေးလေး စုန်းဆိုတာကို တို့ရွာဆီက သတင်းမပေါက်ကြားခင်အထိတော့ နေလို့ရမှာပဲ။ တို့ရွာဆီက အဲဒီသတင်း အဲဒီရွာကို ရောက်လာရင်တော့ အဲဒီရွာက မြေးလေးကို နှင်ထုတ်ဦးမှာပဲ"

အဘိုးကြီးလီရှန်းအသံက မသက်မသာမို့ ကေရှန်း စိတ်အားငယ် ငယ်။

နေ့တစ်ဝက်လောက် လျှောက်လာမိကြပြီဖြစ်တဲ့ အဘိုးကြီးလီရှန်းနဲ့ ကေရှန်း ရုတ်တရက်ဆိုသလိုပဲ အသွ့



www.burmeseclassic.com

www.burmeseclassic.com

သွားလယ်၊ ရွှေထည့်ဖဲည့် ကုန်းမြင့်လေးတစ်ခုပေါ်မှာ လူနှစ်ယောက် ရပ်နေတာကို တွေ့လိုက်ရတယ်။ မြေးအဘိုးနှစ်ယောက်ရဲ့လက်တွေ လက်နက်တွေပေါ်ရောက်သွားတယ်။ လူနှစ်ယောက် ရုပ်သွင်ထူးခြားမှုနဲ့ အဝတ်အစားထူးခြားမှုကြောင့် ကေရှန်း ပိုအံ့ဩမှုဖြစ်တယ်။ လီရန်းကတော့ အသေအချာကြည့်နေတယ် ...။ သူ့အကြည့် တစ်ယောက်ပေါ်ဆီ ပိုစူးစိုက်တယ်။ အဲဒီတစ်ယောက်ကလည်း အဘိုးကြီးလီရန်းကို စူးစူးစိုက်စိုက်ကြည့်လိုက်ပြီး ...

"အိုး ... သူရဲကောင်းကြီး လီရန်း"

"အို .. နတ်တမန်တော်လေး"

အဲဒီတစ်ယောက် သူတို့မြေးအဘိုးနား သုတ်သုတ်လေး ရောက်လာတယ်။ ဒီမှာတင် အဘိုးကြီးလီရန်း မြေပေါ်ဒူးထောက်ထိုင်ချပြီး အဲဒီလူကို အရိုအသေပေးနေတော့တာပဲ။ ကေရှန်းလည်း ကြောင်ရပ်နေရာကနေ ယောင်ပြီး ထိုအရိုအသေပေးလိုက်မိတယ်။

"အို .. သူရဲကောင်းကြီး မလုပ်ပါနဲ့။ ကျုပ်တို့ဟာ လူသားတွေပါလို့ ပြောထားပြီးသားလေ"

"ဟုတ်ပါတယ်၊ လူသားတွေဆိုပေမယ့် နတ်တွေရဲ့ တမန်တော်တွေမို့ အရိုအသေပေးရတာပါ အရှင်လေး။ ဟိုတစ်ခါပါလာတဲ့ အရှင်ကြီးကော"

"ပြောထားပြီးသားလေ။ သူရဲကောင်းကြီး မမှတ်မိတော့ဘူးလား။ အရှင်လို့ မခေါ်ပါနဲ့။ ဆရာလို့ခေါ်ရင် လုံလောက်ပါပြီ။ ကျုပ်ဆရာကြီးကတော့ ပါမလာဘူး။ မြင့်မြတ်တဲ့ တစ်နေရာဆီသွားလေရဲ့။ ဟိုမှာ ကျုပ်အဖော်တစ်ယောက်ပါတယ် ထ ... ထကြွ"

ဒေးနဲ့ လူနီမြေးအဘိုးနား ယေးလည်းရောက်သွားတယ်။

"မြေးလေးရေ .. တို့တော့ ဟန်ကျပြီ။ နတ်တမန်တော်တွေနဲ့ တွေ့ပြီ"

မတ်တတ်ထရပ်လိုက်ရင်း အဘိုးကြီးလီရန်းက ပြောတယ်။ နှေးတုံ့တုံ့ထရပ်လိုက်တဲ့ ကေရှန်းကတော့ ဘာမှမပြော။ လူထူးဆန်းနှစ်ယောက်ကိုသာ ကြည့်နေရဲ့။

ဘယ်သွားကြမလို့လဲဆိုတဲ့ ဒေးရဲ့အမေးမှာ အဘိုးကြီးလီရန်းက ဖြစ်ကြောင်းကုန်စင်ကိုပြောပြတယ်။ အပြီးမှာ ...

"ကျွန်တော်တို့ မြေးအဘိုးကို သနားသဖြင့် ကူညီပါ"လို့ ဆိုတယ်။

"ဘာမှမပူနဲ့ သူရဲကောင်းကြီး။ လာ ... ကျုပ်တို့နောက်ကို လိုက်ခဲ့။ ကျုပ်တို့ သစ်တုံးတဲမှာ ရက်အတန်ကြာကြာ စိတ်ရောကိုယ်ပါ အနားယူလှည့်ပါဦး"

မြေးအဘိုးကို သစ်တုံးတဲဆီ ခေါ်လာတယ်။ နေအဝင် တဲရောက်တော့ ဒေးက ...

"သူရဲကောင်းကြီးတို့ မြေးအဘိုး ဒီမှာ အေးအေးဆေးဆေး လွတ်လွတ်လပ်လပ်နေကြပါ။ စိတ်ရောကိုယ်ပါ ကောင်းကောင်းအနားယူကြပါ။ ရွာနဲ့ သူရဲကောင်းကြီးတို့ မြေးအဘိုးကိစ္စကို သူက လုပ်ပေးပါလိမ့်မယ်"

ဒေးက ယေးကို သာသာထိုးထိုးလေး အလုပ်ပေးလိုက်တယ်။ ယေးက ဒေးကို မျက်လုံးပြူးပြီး ကြည့်လိုက်တယ်။ ဒါပေမယ့် ရပါတယ်။ ဒီကိစ္စက လွယ်လယ်လေး။

***

(၆)

ကမ္ဘာလှည့်နေတဲ့ ဂမ္ဘီရရာဇာ ယေးနဲ့ ဂမ္ဘီရထိပ်ခေါင် ဒေးတို့ရဲ့ ဒီတောထဲရောက်တော့ ဒီတောမှာ စိတ်ဝင်စားစရာတွေ ရှိနေတာနဲ့ သစ်တုံးဆောက်ပြီး စတည်းချနေကြတာ ရက်အတော်အတန်ကြာပြီ။

ယေး သနားစရာ လူနီမြေးအဘိုးကို တောထဲမှာ စတွေ့ကတည်းက မိန်းကလေးကေရှန်း စိတ်ရောဂါရနေတယ်ဆိုတာ သိလိုက်တယ်။ တဲရောက်ပြီး နောက်တစ်နေ့ ဒေးနဲ့ သူ့အဘိုးရှေ့မှာတင် ကေရှန်းကို အိပ်မွေ့ချပြီး အတွင်းစိတ်ကို မေးမြန်းတယ်။

ဒီမှာတင် ကေရှန်းရဲ့ အတွင်းစိတ်မှာဖြစ်နေတဲ့ တစ်ကောင်ကြွက်ဘဝမှာ မကျေနပ်မှု အထူးသဖြင့် မိမိတို့မျိုးနွယ်ရွာမှာ ထင်ထင်ရှားရှားမရှိတော့တဲ့ မိမိလည်း မထင်မရှားဘဝလေးနဲ့ ရွာမှာနေရတဲ့အဖြစ်မှာ မကျေနပ်မှု။ အဲဒီစိတ်ပေါ်မှုတည်ပြီး ရွာကလူတွေနဲ့မတည့်။ ရွာကလူတွေပေါ်မှာပါ မကျေနပ်မှုတွေဖြစ်၊ နောက်ပြီး သူ့အဘွားစုန်းတတ်တယ်လို့ ပြောသံကြားရ။ သူဖြစ်ချင်တာတွေ သူလျှောက်တွေးတောရင်း စိတ်ဖောက်နာတစ်မျိုး ဖြစ်လာတာကို သိရှိရတယ်။

ဒီကိစ္စ ယေးအဖို့ လွယ်လွယ်လေးပါ။ အိပ်မွေ့ချပြီး အမိန့်တွေပေး



www.burmeseclassic.com

www.burmeseclassic.com

ပြီး ကုသပေးမှုတွေ ရက်ဆက်လုပ်ပေးလိုက်တယ်၊ ပျောက်သွားတယ်။ နောက်ပြီး မိန်းကလေးကေရှန်းက သူ့အဘိုးစိတ်မျိုး။ ထူးထူးချွန်ချွန် ထက်ထက်မြက်မြက်တွေလုပ်ပြီး ရွာရဲ့အကျိုး ဆောင်ရွက်ချင်တယ်။ ရွာမှာထင်ပေါ်ချင်တယ်၊ ဂုဏ်ယူချင်တယ်ဆိုတဲ့ စိတ်ကြီးမျိုးရှိတယ်။ ဒီအတွက်သင့်တော်ရာ ယေးစဥ်းစားပြီး မိန်းကလေးကေရှန်းကို ဘယဆေးပညာသင်ပေးလိုက်တယ်။ ရက်အတော်အတန်ကြာတော့ အားလုံး အဆင့်ပြေသွားပါတယ်။ ဒေးကပြောတယ်။

"လူနီမလေး အဟုတ်စုန်းဖြစ်သွားတော့မလို့"

"အေး ... ဒေးရဲ့ စိတ်စင်းအားဆိုတာကလည်း အဆန်းသား။ အစပိုင်း သူနဲ့မတည့်သူတွေ ရန်ဖြစ်သူတွေ ဖြစ်ပျက်သွားကြရတာတွေကတော့ တိုက်ဆိုင်မှုပါ။ နောက်ပိုင်း သူ့စိတ်စွမ်းအားတွေကပါ ဝင်ရှုပ်တော့တယ်။ ကောင်မလေး ပင်ကိုစိတ်မှာစွမ်းအားကြီးတစ်မျိုးရှိတယ်။ ကောင်းပါတယ်။ ခုဆို ရွာပြန်ရောက်ရင် ရွာမှာဆေးကုသမှုနဲ့ သူအောင်မြင်ပြီး ရွာရဲ့အချစ်ကို ခံရမှာပါ"

"ရွာပြန်ပို့ရင် ရွာလူကြီးနဲ့ နတ်ဆေးဆရာကို ကောင်မလေးရဲ့ ဆေးပညာ အစွမ်းထက်ကြောင်း ပြောရမယ်။ ရွာလူကြီးနဲ့နတ်ဆရာကို ငါပိုင်ပါတယ်။ တစ်ခါ သူတို့ရွာ ကပ်ရောဂါဖြစ်နေတာ ငါနဲ့ ငါ့ဆရာအရှင်ရောက်သွားပြီး ကုသပေးလိုက်တာ ပျောက်ကင်းသွားတယ်။ အခု ရွာလူကြီးနဲ့နတ်ဆရာလက်ထက်မှာပဲ သူတို့ ငါတို့ဆရာတပည့်ကို နတ်တွေက စေလွှတ်လိုက်တဲ့ နတ်တမန်လူသားတွေလို့ ထင်ကြတယ်။ ရှင်းပြတာတောင် ထင်ကြတုန်း။ အဲဒီရွာလူကြီးနဲ့ နတ်ဆရာငါနှစ်ခွန်းမပြောရဘူး။ ကောင်မလေးကေရှန်း စုန်းမဟုတ်ဘူးဆိုတာ ယုံမှာ။ နောက်ပြီး ခု ကေရှန်းကို မင်းပေးလိုက်တဲ့ ဘယဆေးပညာ သူတို့ဒေသရောဂါတွေနဲ့အကိုက်ပဲ။ သူတို့ကိုပြောရမယ်။ ဒီဆေးပညာကို ဆေးနတ်တမန်တော်က ပေးလိုက်တာလို့"

"အိုး ... ဒေးရယ် မင်းလုပ်တာနဲ့ ငါ ဆေးတမန်တော် ဖြစ်ရဦးမယ်"

ဒေး တဟားဟားရယ်နေတော့တယ်။

ရက်အတန်ကြာပြီ ဖြစ်တဲ့အတွက် ကေရှန်းစိတ်တွေ တစ်မျိုးပြောင်းနေတော့တယ်။ ညနေဘက်ဆို ရွာရှိရာအရပ်ဆီကို မျှော်ငေးမှိုင်တွေနေတော့တယ်။ တကယ်ရွာနဲ့ ခွဲခွာခဲ့ရမှာကေရှန်း ရွာကိုလွမ်းနေပြီ။ ဒါ ယေးနဲ့ဒေး စောင့်နေတဲ့ အခြေအနေပဲ။ ဒီမှာတင် ရွာကို ပြန်ပို့မယ်လည်းဆိုရောကေရှန်း အရမ်းပျော်သွားတော့တယ်။

အပြန်လမ်းမှာ စုန်းမျိုမလေးရဲ့ ရိုးရာသီချင်းသံတွေ ပျံ့လွင့်နေရဲ့။ သူရဲ့ကောင်းကြီးဟန်ပန်ကလည်း တက်တက်ကြွကြွ။ နတ်တမန်တော်နှစ်ယောက် မျက်နှာမှာလည်း ပီတိအပြုံးရိပ်တွေ တဝေဝေ။

**ဆန်းမြင့်ဦး**


**ပဋ္ဌာန်းရွှေကျမ်းရတနာဒီပံ**

**ရွှေအလင်းတိုင်**

ပဋ္ဌာန်းဆက် အားကောင်း၍ လူ့ဘုံလောကတွင် ကျင်လည်နေထိုင်လျက်ရှိကြသော ပါရမီရှင်များအတွက် အားထားစရာ ပဋ္ဌာန်းရွှေကျမ်း ရတနာဒီပံ ရွှေအလင်းတိုင် ပေါ်ထွက်လာပါပြီ။

ဤသို့ ပေါ်ထွက်ရအောင်သည်။ ပဋ္ဌာန်းရွှေကျမ်းကျင့်စဥ်ကို အဓိဋ္ဌာန်တင် သမထစွမ်းအင်ဖြင့် စီမံ၍ထားသဖြင့် ပါရမီရှင်များ လိုအပ်သော ကိစ္စအဝဝကို ဖြည့်ဆည်းပေးနိုင်ပါလိမ့်မည်။

အထူးသဖြင့် လျှို့ဝှက်စီမံထားသော ဂမ္ဘီရပစ္စည်းတစ်မျိုးနှင့် တွဲဖက်၍ စီမံထားပါသည်။ အသေးစိတ်သိလိုသူများ လူကိုယ်တိုင်ကြွရောက်၍ မှာယူနိုင်ပါသည်။

— ဆက်သွယ်ရန် —

**ရောင်ပြန်မဂ္ဂဇင်းတိုက်**

အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၂၅၁၀၂၂၃၃




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# နတ်မရသော ဆူး

ဓညားဦး(အီစီမဲ)

(၁)

"ဦးကျော်သိန်း . . . ခင်ဗျားတို့ အပြင်ဘက်ကနေ ပြန်ရောက်တော့ အိမ်ထဲမှာ ဘာထူးထူးခြားခြား တွေ့ခဲ့ရသလဲ"

ဒုရဲအုပ်နေစိုးသည် အိမ်အတွင်းကို မျက်လုံးဝေ့ကြည့်ပြီး ဦးကျော်သိန်းကို မေးလိုက်သည်။

"အိမ်ထဲကိုဝင်လိုက်တော့ ကျွန်တော်တို့အိပ်ခန်းတံခါးသော့ကို ရိုက်ဖွင့်ထားတာ တွေ့ရတယ်။ ပြီးတော့ အခန်းထဲက ရွှေငွေတွေ ပျောက်ဆုံးနေတာ တွေ့ရတယ်"

"ဒါဆိုရင် သူခိုးက အိမ်ထဲကို ဘယ်ကဝင်ခိုးတာလဲ။ ကျွန်တော်တို့ သေချာလိုက်ပြီးကြည့်မယ်"

"အိမ်နောက်ဖေး တံခါးမှန်တော့ ကွဲနေတာ တွေ့ရတယ်"

"ဟုတ်လား။ ဒါဆိုရင် ကျွန်တော်တို့ ကြည့်ကြရအောင်"

ဒုရဲအုပ်နေစိုးသည် ဦးကျော်သိန်းလိုက်လံပြသခဲ့သော အိမ်နောက်ဖေးတံခါးကို စိုက်ကြည့်လိုက်သည်။ အိမ်နောက်ဖေးတံခါးမှန်များ ကွဲနေသည်ကို တွေ့လိုက်ရသည်။ သူခိုးသည် ဤနေရာမှဝင်၍ ခိုးသွားခြင်းပင်ဖြစ်လိမ့်မည်ဟု ဒုရဲအုပ်နေစိုးက ထင်မြင်လိုက်သည်။

"ဦးကျော်သိန်း . . . သူခိုးက ဒီတံခါးက မှန်ကို ခွဲခဲ့ပြီး အိမ်ထဲကို ဝင်တာဖြစ်မယ်"

"ဟုတ်တယ် ဖြစ်နိုင်တယ်"

ဒုရဲအုပ်နေစိုးသည် အိမ်နောက်ဖေးဝန်းကျင်ကို သေချာစူးစိုက်လိုက်လံကြည့်ပြီး . . .

"ဦးကျော်သိန်း ခင်ဗျားတို့အိမ်ကို အဝင်အထွက်ရှိတဲ့ လူတွေထဲက ဘယ်သူဖြစ်နိုင်တယ်လို့ ထင်သလဲ"

ဦးကျော်သိန်းသည် အတန်ကြာအောင် စဉ်းစားနေလျက်။ ပြီးမှ . . .

"အင်း . . . ဘယ်သူ့ကိုထင်ရမယ်ဆိုတာ မပြောတတ်ပါဘူး"

"ကောင်းပြီလေ။ ကျွန်တော်တို့ ပြန်လိုက်ဦးမယ်။ ထူးထူးခြားခြားရှိရင် ကျွန်တော့်ဆီကို အကြောင်းကြားပါ။ ဒီသူခိုးကို အမြန်ဆုံးဖော်ထုတ်ပေးပါ့မယ်"

ဒုရဲအုပ်နေစိုးသည် ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ဦးကျော်သိန်းတို့အိမ်မှ ပြန်လာကြသည်။ ဦးကျော်သိန်းသည် ဧည့်ခန်းထဲတွင် ငေးမှိုင်ထိုင်နေသော ဇနီးဖြစ်သူ ဒေါ်ဝင်းရီကို လှမ်းကြည့်ရင်း စိတ်သောက ရှင်လျှိုင်းခတ်သွားသည်။

"မိန်းမကလည်းကွာ စိတ်ညစ်မနေစမ်းပါနဲ့။ အင်း . . . ငါတို့အိမ်ကို ဖောက်ထွင်းပြီး ပစ္စည်းယူသွားတဲ့သူခိုးဟာ ပြေးမလွတ်နိုင်ပါဘူးကွာ"

"ပစ္စည်းတွေ တော်တော်ပါသွားတာ ကိုကျော်ရဲ့"

သည်နေ့ တနင်္ဂနွေနေ့မို့ ဦးကျော်သိန်းနှင့် ဒေါ်ဝင်းရီတို့သည် မနက်ကတည်းက မင်္ဂလာဆောင်ညစာစားပွဲတစ်ခုကိုသွားရန် အိမ်မှထွက်လာခဲ့သည်။ မင်္ဂလာညစာစားပွဲအပြီး ဒေါ်ဝင်းရီ၏မိဘတွေ နေထိုင်ရာ မြို့ကုန်းကို ဝင်လိုက်သည်။

ညနေပိုင်းမှ အိမ်ပြန်ရောက်သည်။ အိမ်ပြန်ရောက်တော့ အိမ်နောက်ဖေး တံခါးမှန်ကွဲနေပြီး အခန်းထဲက ရွှေငွေရတနာများ ပျောက်ဆုံးနေသည်ကို သိလိုက်ရသည်။

ရဲစခန်းကို အကြောင်းကြားလိုက်သည့်အခါ ရဲများရောက်လာပြီး စစ်ဆေးစုံစမ်းပြီး ပြန်သွားသည်။

ဦးကျော်သိန်းနှင့် ဒေါ်ဝင်းရီတို့ စကားပြောနေစဉ်ပင် ဖုန်းသံလွင့်ပျံ့လာသည်။

"ဦးကျော်သိန်းလား"

"ဟုတ်ပါတယ်ခင်ဗျား"

"ကျွန်တော် ဒုရဲအုပ်နေစိုးပါ။ ဦးကျော်သိန်းတို့အိမ်ကို ဖောက်ထွင်းသွားတဲ့သူခိုးကို ဖမ်းမိပြီ။ ဦးကျော်သိန်းတို့ ရဲစခန်းကို လာခဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com

"ဪ . . . ဟုတ်ကဲ့။ အခုပဲ လာခဲ့ပါ့မယ်"

ဦးကျော်သိန်းသည် ဖုန်းကိုချလိုက်ပြီး ဒေါ်ဝင်းရီကို ပြောလိုက်သည်။

"ကဲ . . . မိန်းမရေ ရဲစခန်းက သူခိုးကိုမိထားပြီး အဲဒါ ရဲစခန်းကိုလိုက်သွားကြမယ်"

ဒေါ်ဝင်းရီသည် ဝင်းပကြည်ရွှင်သော မျက်နှာနှင့် ဦးကျော်သိန်းတို့ရဲ့ စခန်းသို့ ထွက်လာခဲ့ကြသည်။

➡ ➡ ➡

## (၂)

စားပွဲရှေ့တွင်ထိုင်နေသော လူငယ်ကို ခုစိုက်ကြည့်လိုက်မိသည်။ မှတ်တမ်းစာအုပ်ကိုထုတ်ရင်း . . .

"မင်းနာမည် ပြောစမ်း"

"အောင်ချမ်းပါ"

"အသက်"

"၁၅ နှစ်"

"အမေနာမည်"

"ကျားဘသိုက်"

"ဪ . . . လူဆိုးကြီး ကျားဘသိုက်ရဲ့သားကိုး"

"အမေနာမည်"

အောင်ချမ်း၏ နှုတ်ခမ်းပေါ်မှ စကားသံထွက်မလာ။ နှုတ်ခမ်းတင်းတင်းနှင့် အတန်ကြာ နှုတ်ဆိတ်နေသည်။ ခုရဲအုပ်နေစိုးက အောင်ချမ်းကို စိုက်ကြည့်ရင်း . . .

"မင်းအမေနာမည်ကို မေးနေတာ"

"ကျွန်တော့်မှာ အမေမရှိဘူး"

"ဘာကွ . . . အမေမရှိဘူးဟုတ်လား"

"ဟုတ်ပါတယ်"

ခုရဲအုပ်နေစိုးသည် မှတ်တမ်းရေးနေရာမှ အောင်ချမ်းကို ပြန်ကြည့်လိုက်ပြန်သည်။

"မင်း သေချာဖြေပါ။ မင်းမှာ အမေမရှိဘူးဆိုတာ မဖြစ်နိုင်ဘူး"

"ဒီလိုပါ။ အဖေပြောတာက ကျွန်တော် ငယ်ငယ်တုန်းကတည်းက အမေ ဆုံးသွားတယ်။ အဖေက အမေ့နာမည်ကို မပြောဘူး"

"ဪ . . . ဒီလိုကိုး။ ဟုတ်ပြီ၊ မင်းအခုလို အသက်ငယ်ငယ်နဲ့ ဖောက်ထွင်းတဲ့အလုပ်ကို ဘယ်သူသင်ပေးတာလဲ"

"အဖေပဲ သင်ပေးတာ"

"မင်းအဖေကသင်ပေးတာ ဟုတ်လား"

"ဟုတ်ပါတယ်"

ခုရဲအုပ်နေစိုးသည် ရဲတပ်သားတစ်ယောက်ကို လှမ်းခေါ်လိုက်သည်။

"ရဲဘော်ခင်ဝင်း . . . ဦးဘသိုက် ရောက်ပြီလား"

"မရောက်သေးဘူး ဆရာ"

"ဒါဆို သွားခေါ်ခဲ့စမ်း"

"ဟုတ်ကဲ့ ဆရာ"

ရဲဘော်ခင်ဝင်းသည် အခန်းအပြင်ဘက်ကို ထွက်သွားသည်။

ထိုစဉ် ရုံးခန်းထဲကိုဝင်လာကြသူမှာ ဦးကျော်သိန်းနှင့် ဒေါ်ဝင်းရီ။

"ထိုင်ပါ ဦးကျော်သိန်း"

ခုရဲအုပ်နေစိုးက လှမ်းပြောလိုက်သည်။ ဦးကျော်သိန်းနှင့် ဒေါ်ဝင်းရီတို့သည် ကုလားထိုင်တွင် ဝင်ထိုင်လိုက်ကြသည်။

"ဦးကျော်သိန်း ခင်ဗျားတို့အိမ်ကို ဖောက်ထွင်းသွားတဲ့ သူခိုးက ဒီလူငယ်ပဲ"

ခုရဲအုပ်နေစိုးသည် အောင်ချမ်းကို လက်ညှိုးထိုးပြလိုက်သည်။ ဦးကျော်သိန်းနှင့် ဒေါ်ဝင်းရီတို့သည် အောင်ချမ်းကို ငြိုငြင်စွာလှမ်းကြည့်လိုက်သည်။

ဒေါ်ဝင်းရီသည် အောင်ချမ်းကို သေချာစိုက်ကြည့်လိုက်သည်။ အောင်ချမ်းသည် ဒေါ်ဝင်းရီကို ပြန်ကြည့်နေမိသည်။ ဒေါ်ဝင်းရီ၏မျက်လုံးနှင့် အောင်ချမ်း၏မျက်လုံးတို့ ဆုံရာနေရာတွင် ရင်ခုန်သံစည်းချက်များ လှုးလွန့်လှုပ်ရှားသွားလျက် . . .။

➡ ➡ ➡

## (၃)

ရုံးခန်းထဲသို့ ရဲဘော်ခင်ဝင်းနှင့်အတူ ကျားဘသိုက်ဝင်လာသည်။ ခုရဲအုပ်နေစိုးသည် ကျားဘသိုက်ကိုလှမ်းကြည့်ရင်း -

"ထိုင်စမ်းပါဦး ဦးဘသိုက်။ ဒီလူငယ်က ဦးဘသိုက်ရဲ့သားဆိုတာ ဟုတ်သလား"

ကျားဘသိုက်သည် အောင်ချမ်းနံဘေးတွင် ဝင်ထိုင်လိုက်သည်။

ဦးဘသိုက်သည် အောင်ချမ်းကို အတန်ကြာအောင် စိုက်ကြည့်ပြီးမှ -

"အင်း . . . ဟုတ်ပါတယ်"

"ဦးဘသိုက်က ကိုယ့်သားကို ဒီလိုမကောင်းတဲ့အလုပ် ဖောက်ထွင်းတဲ့ အတတ်တွေ သင်ပေးရက်တယ်ပေါ့။ ခင်ဗျားဟာ ဖခင်တစ်ယောက်ရဲ့တာဝန်တွေကို ချိုးဖောက်လိုက်တာပဲ။ ဖခင်ကောင်းတစ်ယောက်ဆိုရင် ကိုယ့်သားကို ကိုယ်တာဝန်ယူပြီး ပြုစုစောင်

www.burmeseclassic.com

ပေးရမယ်။ ခုတော့ ခင်ဗျားက ခင်ကောင်းတစ်ယောက် မဟုတ်ဘူး"

ဒုရဲအုပ်နေစိုး၏ စကားကြောင့် ဦးဘသိုက် မျက်လုံးပြူးသွားသည်။ အတန်ကြာ ငေးငိုင်လျက်။ ပြီးမှ တုန်တုန်လှုပ်လှုပ်နှင့် -

"အောင်ချမ်းဟာ ဦးရဲ့သား… သားအရင်းမဟုတ်ဘူး"

"ဘာ…ဒီလူငယ်ဟာ ခင်ဗျားရဲ့ သားအရင်းမဟုတ်ဘူး။ ဟုတ်လား ဦးဘသိုက်"

"အင်း…ဟုတ်ပါတယ်"

ဒုရဲအုပ်နေစိုးသည် ဦးဘသိုက် စကားကြောင့် အောင်ချမ်းကို လှမ်းကြည့်လိုက်သည်။ အောင်ချမ်းသည် ဦးဘသိုက်ကို ရူးရူးရဲရဲ လှမ်းကြည့်နေသည်။

"ဟုတ်ပါတယ်။ ဟို လွန်ခဲ့တဲ့ ၁၅ နှစ်ကျော်က ဦးဟာ ဖောက်ထွင်းအမှုနဲ့ထောင်ကျပြီး ပြန်ထွက်လာတော့ မြေနီကုန်းဘက်ကို ဦးရောက်သွားတယ်။ အလုပ်အကိုင် လောလောဆယ်မရှိတဲ့ ဦးဟာ မနက်စောစော မြေနီကုန်းဘက်ကို လမ်းလျှောက်လာရင်း ကားလမ်းနံဘေး သစ်ပင်ကြီးအောက်ဘက်က ကလေးငိုသံကြားတော့ သွားကြည့်မိတယ်။ အဲဒီမှာ ကလေးတစ်ယောက်ကို တွေ့ရတယ်။ ဦးလည်း ကလေးကို ကောက်ယူပြီး မွေးထားတယ်။ အဲဒီ ကလေးဟာ အောင်ချမ်းပဲ"

ဦးဘသိုက်၏စကားသံကို နားစွင့်နေသော ဒေါ်ဝင်းရီ၏မျက်လုံးသည် အောင်ချမ်းဆီသို့ ရောက်သွားသည်။ အောင်ချမ်းသည် မာန်တင်းသောမျက်လုံးနှင့် ဦးဘသိုက်ကို လှမ်းကြည့်နေသည်။

ဒေါ်ဝင်းရီသည် ဦးကျော်သိန်း၏ နံဘေးတွင် ထိုင်နေရာမှ အောင်ချမ်းဆီကို ဖြည်းညင်းစွာလျှောက်သွားသည်။ အောင်ချမ်းအနီးသို့ရောက်တော့ အောင်ချမ်းမျက်နှာကို တစိမ့်စိမ့်ကြည့်နေလိုက်သည်။ အောင်ချမ်း၏လည်ပင်း၌ ဆွဲထားသော ချိုကြီးလေးကို လက်နှင့်သေချာကိုင်ကြည့်နေသူမှာ ဒေါ်ဝင်းရီ။

"ဘုရား…ဘုရား…ဘုရား ငါ့သားပဲ"

ဒေါ်ဝင်းရီသည် နှလုံးသားထဲက အသံတိတ်စကား ပြောလိုက်သည်။ ပြီးမှ အောင်ချမ်းပခုံးကိုကိုင်ရင်း…

"မင်း ဘာလို့ ဒီလိုမကောင်းတဲ့ အလုပ်ကို လုပ်ရတာလဲကွယ်။ မင်း အသက်ငယ်ငယ်ပဲရှိသေးတာ။ မင်းရှေ့ဆက် လူ့ဘဝခရီးကိုလျှောက်ရမယ့် လမ်းက အရှည်ကြီးပဲရှိသေးတယ်။ လူကောင်းဘဝနဲ့ မင်းလမ်းခရီးကို လှပအောင် ရစ်တည်ရမှာပေါ့ကွယ်"

"ကျွန်တော် ဒီဘဝရောက်သွားရတာဟာ တာဝန်မဲ့စွာလုပ်သွားတဲ့ ကျွန်တော့်အမေကြောင့်ပဲ။ အမေ့ကိုတွေ့ခဲ့ရင် တာဝန်သိစိတ်ကင်းမဲ့တဲ့အမေ… အမေစွန့်ပစ်သွားတဲ့ အကျိုးအဆက်ဟာ သားရှုံ့ကြီးဖြစ်သွားရတာကို ပြောလိုက်ချင်တယ်။ တာဝန်မသိတဲ့အမေ့ကိုလည်း မုန်းတယ်"

မျက်နှာကြော မာတင်းတင်းနှင့် ပြောနေသော အောင်ချမ်း၏မျက်နှာပေါ်တွင် မျက်ရည်စများ ဝိုင်းရစ်နေလျက်။ အောင်ချမ်း၏ စကားလုံးများသည် ဒေါ်ဝင်းရီ၏နှလုံးသားထဲကို ဆူးစိုက်ဝင်သွားသည့်နှယ် နာကျင်တုန်လှုပ်သွားသည်။

ဒေါ်ဝင်းရီ၏ မျက်နှာပြင်ပေါ် အိုင်ဆင်းကျလာသော မျက်ရည်တစ်စက်သည် အောင်ချမ်းပခုံးပေါ်သို့ ကျရောက်သွားသည်။ အောင်ချမ်းပခုံးကိုကိုင်ထားသော ဒေါ်ဝင်းရီ၏လက်သည် တဆတ်ဆတ်တုန်ယင်နေသည်။

"ကဲ…မိန်းမရေ ကိုယ်တို့သွားကြရအောင်။ ဒီလူငယ်ကတော့ သူ့အပြစ် သူခံရမှာပေါ့"

ဒေါ်ဝင်းရီသည် အောင်ချမ်းကို ငေးကြည့်ရင်း ဦးကျော်သိန်းနှင့်အတူ လျှောက်လာကြသည်။ ဒုရဲအုပ်နေစိုးသည် ဦးကျော်သိန်းကို ပြောလိုက်သည်။

"ကဲ…ဦးကျော်သိန်းတို့ ပြန်နိုင်ပါပြီ။ ဒီလူငယ်ကိုတော့ ကျွန်တော်တို့ တာဝန်အရ ဆက်လက်ဆောင်ရွက်စရာများကို ဆောင်ရွက်သွားပါ့မယ်"

"ကျေးဇူးပါပဲ။ ကျွန်တော်တို့ ပြန်လိုက်ပါဦးမယ်"

ဒေါ်ဝင်းရီသည် အောင်ချမ်းကို တစ်ချက်လှမ်းကြည့်ပြီး လေးတွဲ့သောခြေလှမ်းနှင့် ရုံးခန်းအပြင်ဘက်သို့ လျှောက်ခဲ့သည်။

➡ ➡ ➡

(၄)

"ဒီလူငယ်ကတော့ သူ့အပြစ်နဲ့ သူ ခံဦးတော့မယ်"

ဦးကျော်သိန်းသည် ကားမောင်းရင်း ဒေါ်ဝင်းရီကို ငဲ့စောင်းကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com

ပြောလိုက်သည်။

ဒေါ်ဝင်းရီသည် ငြိမ်သက်တိတ်ဆိတ်နေလျက်။ နလုံးသားအတွေးက လှုပ်ပြနေပြန်သည်။ ဦးကျော်သိန်းသည် ဒေါ်ဝင်းရီကို စူးစိုက်ကြည့်ရင်း...

"မိန်းမကလည်းကွာ ဘာဖြစ်နေတာလဲ။ အခုဆိုရင် သူခိုးလည်းမိပြီ။ ပစ္စည်းတွေလည်း ပြန်ရပြီပဲ"

"ဘာမှမဖြစ်ပါဘူး ကိုကျော်ရယ်"

ဦးကျော်သိန်းသည် ကားကိုဆက်မောင်းနေသည်။

အပြင်ဘက်တွင် မိုးတွေရွာသွန်းနေလျက်။ မိုးစက်မိုးပေါက်တွေကို ငေးကြည့်နေသူမှာ ဒေါ်ဝင်းရီ။ နလုံးသားထဲမှာတော့ အတွေးစက်ဝိုင်း ချာချာလည်နေသည်။

"ဟား...ဟား...ဟား ဒေါ်ဝင်းရီ ညည်းရဲ့ မိုက်မဲတဲ့လုပ်ရပ်ကြောင့် ညည်းသားဟာ သူခိုးဖြစ်နေရပြီမဟုတ်လား။ ညည်းရဲ့ တာဝန်မဲ့စွာ ကျူးလွန်ခဲ့တဲ့ အပြစ်ကြောင့်ပဲ။ ညည်းမှတ်မိသေးလား။ ဟိုးလွန်ခဲ့တဲ့ ၁၅ နှစ်ကျော်က ညည်းဟာ ငယ်ငယ်ရွယ်ရွယ်ပဲ ရှိသေးတယ်။ အဲဒီမှာ ဆန်နီအောင်ဆိုတဲ့ လူငယ်တစ်ယောက်နဲ့ ချစ်ကြိုက်ခဲ့ပြီး အချစ်နယ်ကျွံခဲ့တယ် မဟုတ်လား။ ညည်းဟာ ကိုယ်ဝန်ရလာတော့ ဆန်နီအောင်က တာဝန်မယူဘဲ ရှောင်ပြေးသွားတယ်။ အဲဒီမှာ ညည်းဟာ ကလေးမွေးပြီး ကလေးကို လမ်းဘေးက သစ်ပင်အောက်မှာ စွန့်ပစ်ထားခဲ့တယ် မဟုတ်လား။ ညည်းရဲ့ကလေးဟာ မကောင်းတဲ့ဖောက်ထွင်းခိုးဝှာ ကျားဘသိုက်လက်ထဲရောက်သွားတော့ သူခိုးလုံးလုံး ဖြစ်သွားရတာပေါ့။ ညည်းရဲ့ မိုက်ပြစ်၊ ညည်းရဲ့တာဝန်မယူတတ်တဲ့ အောက်တန်းကျတဲ့စိတ်ဓာတ်ကြောင့်ပဲ။ ဒါလည်း ညည်း ပြစ်မှုတစ်ခုကို ကျူးလွန်လိုက်တာပါပဲ။ အခု ညည်းအိမ်ကို ဖောက်ထွင်းပြီး ပစ္စည်းတွေ ခိုးယူသွားတဲ့သူခိုးဟာ ညည်းရဲ့သား ဖြစ်နေပြီ။ ညည်းသားအတွက် ဘာလုပ်မလဲ။ ညည်းသားအတွက် ဘယ်လိုတာဝန်ယူမလဲ။ ညည်းစဉ်းစားပါ။ ဒေါ်ဝင်းရီ ဖြေးဖြေးချာချာစဉ်းစားပါ"

ဒေါ်ဝင်းရီသည် ကတုန်ကယင်ဖြစ်လာပြီး မောပိုက်နေသည်။ နလုံးသားထဲမှာ အတွေးစကားလုံးများသည် နှုတ်၍မရသောဆူးနှယ် တမြေ့မြေ့နာကျင်နေလျက်။

"ကိုကျော် ရေဘူးပေးစမ်းပါဦး"

ဦးကျော်သိန်းသည် ရေဘူးကို လှမ်းပေးရင်း ဒေါ်ဝင်းရီကို သေချာစိုက်ကြည့်လိုက်သေးသည်။ ဒေါ်ဝင်းရီသည် ရေဘူးကို မော့သောက်ပြီး နလုံးသား ဝဲမှာ အသံတိတ်စကားပြောနေပြန်သည်။

"ငါ့ရဲ့အမှားကြောင့် သားလေး သူခိုးဖြစ်နေရတာ။ အခု ငါ့သားကလေးအတွက် ငါဘာလုပ်ပေးရမလဲ။ ငါ့သားလေးအတွက် ငါတာဝန်ယူရမယ်"

ဒေါ်ဝင်းရီသည် မိုးစက်မိုးပေါက်များကို ငေးရီလှမ်းကြည့်နေဆဲ။

အောင်ချမ်းကတော့ အချုပ်ခန်း သံတိုင်ကြားကနေ အမေကို မျှော်တလင့်လင့် ရှိနေရတော့သည်။

ဗညားဦး(အိမ်မဲ)


**အောက်ပါဌာနများသို့ လှူဒါန်းလိုပါလျှင်...**

HIV ပိုးကူးဆက်ခံ
မိဘမဲ့ကလေးများ၏
သုခရိပ်မြုံဂေဟာ
၀၁-၅၈၁၉၅၅

ဆည်းဆာရိပ်
ဂီလာနဘိုးဘွားရိပ်သာ
၀၉-၇၃၀-၁၈၀၀၇

နာရေးကူညီမှုအသင်းသို့
လှူဒါန်းလိုလျှင်ဖြစ်စေ၊
အကူအညီလိုလျှင်ဖြစ်စေ
ဆက်သွယ်ရန်...
၆၃၉၄၉၀
၇၀၉၂၇၇
၅၈၁၃၆၃
၇၀၄၇၈၄




www.burmeseclassic.com

www.burmeseclassic.com

# မှားမှန်ရောထွေး အမှန်ရွေးနိုင်ပါစေ

[illegible]-ဦး[illegible]

ဦးစလင်း ခြေငြိမ်နေပါသည်။ အဓိပ္ပာယ်တစ်မျိုး မပေါက်လိုက်ပါနဲ့။ ခြေထောက်က လမ်းလျှောက်တာ အဆင်မပြေဘူး။ ပေါင်ထိပ်က နာတဲ့အခါနှာ၊ ပေါင်တွေ၊ ခြေသလုံးတွေက၊ သွေးကြောတွေတင်းလိုတင်းနဲ့ ခရီးဝေးမပြောနဲ့ ဟိုနားဒီနားတောင် သိပ်မလျှောက်နိုင်ဘူး။ ဒါကြောင့် ရုံးခန်းမှာ အမြဲလိုထိုင်နေရလို့ ခြေငြိမ်တယ်လို့ပြောတာပါ။ ငြိမ်တယ်ဆိုပေမယ့် သိပ်ငြိမ်နေလို့လည်းမရပြန်ဘူး။ ဆဲမှုဆိုမှုလိုရာဇဝတ်အသေးလေးတွေကို တပည့်ကျော်တွေလွှတ်ရတာ အကြောင်းမဟုတ်ဘူး။ တရားမမှုတွေ၊ ပြစ်ဒဏ်အထိုက်အလျောက်ပေးနိုင်တဲ့ ရာဇဝတ်မှုတွေမှာ ကိုယ်တိုင်သွားမှ။ သိပ်မျက်နှာလွှဲလို့မရဘူး။ အမှုသည်တွေအပေါ် တာဝန်ကျေဖို့ကလည်း ရှိသေးသည်။

တောင်ပိုင်းခရိုင် တရားရုံး သန်လျင်ကိုပြောင်းသွားတာ ကြာပြီ။ အရှေ့ပိုင်းခရိုင်နဲ့ အနောက်ပိုင်းခရိုင်က ၂၀၁၅ ခုနှစ် ဩဂုတ်လပိုင်းလောက်က ပြောင်းသွားတာ။ ဦးစလင်း ရုံးခန်းက (၃၆)လမ်း(အောက်)၊ ဘတ်ဒ်(၁)၊ ဘတ်ဒ်(၄)တို့ရဲ့ ကျောဘက်မှာဆိုတော့ ခရိုင်ရုံးတွေသွားရတာ အဆင်မပြေဘူး။ အရင်က အနောက်ပိုင်းခရိုင်ဆို လမ်းလျှောက်သွားလိုက်ရုံပဲ။ ခုတော့ အသွားအပြန် TAXI လေးနဲ့မှ အဆင်ပြေတော့တယ်။ ကားမှတ်တိုင်နဲ့ သိပ်မဝေးလှပါဘူး။ ဆိုက်ကားခ ၅၀၀၊ လိုင်းကားခနဲ့ပေါင်းတော့ နစ်ယောက်သွားရင် TAXI နဲ့ မထူးတော့ပါဘူး။ အချိန်တော့ ပိုပေးရသည်။

လိုင်သာယာလို မြို့နယ်ရုံးဆို အလုပ်ဖြစ်တာ၊ မဖြစ်တာထား။ တစ်နေကုန်သွားသည်။ ရုံးချိန်ကုန်ခါနီးမှ မစစ်နိုင်တော့ဘူးဆိုပြီး ချိန်းပေးလိုက်ရင် တကယ်ကိုမောသွားတာပဲ။ စောတုန်းသွားပြောရင် ခေါ်မယ်၊ ခဏစောင့်ဆို တစ်နေကုန်သွားတာပါ။ ရုံးတွေမှာစစ်ရမယ့် အမှုတွေ၊ အသစ်ထပ်လာနိုင်တဲ့အမှုတွေကို ချိန်ဆပြီး ချိန်းသင့်တာ ရက်ချိန်းပေးတာ အကြောင်းမဟုတ်ဘူး။ အလုပ်ဖြစ်ဖို့က အရေးကြီးတယ်။ တက်ဖို့ရည်ရွယ်ပြောတာပါ။ တချို့ရှေ့နေကြီးတွေ မြို့နယ်ရုံးဆို အမှုမလိုက်ကြတော့ဘူး။

"ဦးစလင်း တယ်ခြေငြိမ်နေပါလား"

"ဟာ…မောင်မိုး…လာကွာ။ မင်း ဘယ်သဝေထိုးနေလဲ။ ဒါမှမဟုတ် အိမ်တွင်းပုန်းနေလို့လား"

မောင်မိုးနဲ့ မဆုံတာကြာပြီ။ မောင်မိုးစာတွေလည်း မဂ္ဂဇင်းစာမျက်နှာတွေပေါ်မှာ သိပ်မတွေ့ရ။

"သဝေလည်းမထိုး။ အိမ်တွင်းလည်းမပုန်းပါဘူး။ ဖိတ်တွေထဲလည်း မပါပါဘူး"

"ဒါဖြင့် ပျောက်နေတာက"

"နယ်ပြန်ပြီး စိုက်ပျိုးရေးလုပ်နေတာ ဦးစလင်းရေ။ ယာလုပ်တော့ မိုးခေါင်၊ သူခိုးလုပ်တော့ ခွေးဟောင်ဆိုတဲ့ အထဲကပဲ။ ဒီနှစ်က မိုးမခေါင်ဘဲ မိုးများပြန်တော့ လိုတာထက်ပိုတော့လည်း အဆင်မပြေဘူး။ ခုအလုပ်တွေပြီးသွားလို့ ရန်ကုန်တက်လာတာ"

"သြော်…ဒါကြောင့်ကိုး"

"ဦးစလင်းကျန်းမာရေးနဲ့ အလုပ်ကော"

"ကျန်းမာရေးကတော့ လမ်းသိပ်မလျှောက်နိုင်တာကလွဲလို့ အားလုံးကောင်းပါတယ်ကွာ။ အလုပ်ကတော့ ပုံမှန်ပေါ့"

"ဦးစလင်းလည်း အနာသိ ဆေးမရှိ ဖြစ်နေတယ်နော်။ တစ်နေ့နေ့တော့ ဆေးတွေ့လာမှာပေါ့ဗျာ"

"အင်း…ဆေးမတွေ့တာလည်း ကိုးနှစ်တောင်ကျော်ပြီကွာ။ အရင်က မလျှောက်နိုင်ဘူးဆိုတာ အကောင်းပကတိလိုမဟုတ်ပေမယ့် တော်သေးတယ်။ အတော်အသင့်လျှောက်လို့ရသေးတယ်။ ခုဟာက ဟိုနားဒီနားတောင် လျှောက်ဖို့ခက်နေတာ"

www.burmeseclassic.com

www.burmeseclassic.com

"တိုင်းရင်းဆေးနဲ့ ပြကြည့်ပါလား"

"အင်္ဂလိပ်ဆေးနဲ့တော့ သိပ်အဆင်မပြေလှဘူး။ အဲဒါကြောင့် တိုင်းရင်းဆေးနဲ့ ပြကြည့်မယ် စိတ်ကူးထားတာ"

၂၀၀၆ ခုနှစ်က ယာဉ်မတော်တဆ ထိခိုက်မှုဖြစ်ခဲ့သည်။ ခြေထောက်၊ ခြေဖမိုးအတွင်း အရိုးဆစ်အက်လို့ ခွဲစိတ်ကုသခဲ့ရသည်။ ထိုစဉ်က ခါးဆစ်ကို မစစ်ဆေးခဲ့။ လမ်းလျှောက်လို့ တဖြည်းဖြည်းနဲ့ အတော်လေးလျှောက်မကောင်းမှ MRT လျှပ်စစ်ဓာတ်မှန်ရိုက်ကြည့်မှ ခါးရိုးအောက်ပိုင်း အဆစ်နှစ်ဆစ် အရွတ်ပြတ်ပြီး ယိုင်နေသည်ကို သိရှိရတော့သည်။ အချို့ အကြောတွေငြိပြီး လမ်းလျှောက်မရတာဟု ကျွမ်းကျင်သူ ပါရဂူဆရာဝန်ကြီးများက ရှင်းပြသည်။ ခွဲစိတ်ကုသရတဲ့အဆင့်မရောက်အောင် အနေအထိုင်ဆင်ခြင်ပါ။ လေ့ကျင့်ခန်းလုပ်ပါဟုသာ ညွှန်ကြားသည်။ ထို့ကြောင့် တိုင်းရင်းဆေးနဲ့ပြကြည့်ရန် စိတ်ကူးနေခြင်းဖြစ်သည်။

"ဒါကြောင့် ဦးစလင်း ခြေငြိမ်နေတာကိုး"

"မလွဲသာလို့ သွားစရာရှိမှပဲ သွားတော့တယ်။ အရင်လို သတိရလို့ဆိုပြီး သွားလည်တာမျိုးတော့ မရှိဘူး"

"ကောင်းတော့ ကောင်းသွားမှာပါ။ ဦးစလင်းထက်ဆိုးတဲ့လူတွေတောင် ကောင်းသွားတာတွေ့တယ်"

"ဇ.ဝဲနေနေတော့ ကောင်းမှာပဲလို့ ဒီလိုပဲ တွက်နေရတာပဲ မောင်မိုးရေ"

ဦးစလင်းမှာ ထိုက်သင့်သလောက် တရားအသိလေး ရှိပါသည်။ ဘဝပေါင်းများစွာ ပါရမီတော်တွေဖြည့်ကျင့်ခဲ့သော ရှင်တော်ဂေါတမ မြတ်စွာဘုရားသည်ပင် ဝဋ်ကြွေးတွေကို ဘုရားအဖြစ်ရောက်ရှိပြီးမှပင် ပေးဆပ်ခဲ့ရသည် မဟုတ်ပါလော။ အတိတ်ကံအကြောင်းတရားလည်း ရှိနိုင်သည်။ ပစ္စုပ္ပန်အကြောင်းအကျိုးလည်း တိုက်ဆိုင်၍ ဖြစ်နိုင်သည်၊ အကျိုးတရားအပေါ် သိပ်အစွဲကြီးစွဲမနေရန်လိုသည်။ မိမိတတ်နိုင်သည့်အလုပ်ကို စိတ်စေတနာကောင်းဖြင့် တတ်စွမ်းနိုင်သမျှ လုပ်နေခြင်းသည် မိမိအကျိုး၊ သူတစ်ပါးအကျိုး ရွက်ဆောင်နေခြင်းဖြစ်သည်ဟု နှလုံးသွင်း၍ လုပ်နေခြင်းသည် အကောင်းဆုံးမဟုတ်ပါလား။ ဇာတိ၊ ဇရာ ဗျာဓိဆိုသည်က သတ္တဝါတိုင်း မလွဲမသွေ ကြုံတွေ့ရမည်သာပင်။

"ဘာပဲပြောပြော ဒီလောက်သွားနိုင်၊ လာနိုင်၊ လုပ်နိုင်၊ ကိုင်နိုင်သေးတယ်ဆိုတော့ တော်သေးတာပေါ့ ဦးစလင်းရာ"

"အေး . . .ဟုတ်တယ်။ အဲဒီလိုပဲ သဘောထားပါတယ်။ ဒါနဲ့ မင်းနယ်က အတွေ့အကြုံလေးတွေ ပြောစမ်းပါဦး"

"နယ်မှာ အဓိက တွေ့ကြုံခံစားနေရတာတော့ လယ်တွေသိမ်းတာခံရတယ်။ ပြန်ပြီး စိစစ်ပြန်ပေးမှာယ်ဆိုပြီး စိစစ်နေလိုက်တာ ဘာတွေစိစစ်တယ်မသိဘူး။ အသိမ်းခံရတဲ့သူတွေ လက်ဝယ်အရောက်က တော်တော်နှေးတယ်။ မကျေနပ်လို့ ဆန္ဒထုတ်ဖော်တယ်ဆိုရင် တရားစွဲခံကြရပြန်တယ်"

"အေးကွာ။ နှစ်တွေကြာတော့ အမှန်တကယ် ရသင့်ရထိုက်တဲ့သူတွေ လက်ထဲရောက်အောင် စိစစ်ရမှာပေါ့"

"အင်း‥ကျွန်တော့်အမြင်တော့ လက်ရှိရယူထားတဲ့သူတွေက ပြန်မပေးချင်လို့ နည်းလမ်းအမျိုးမျိုးနဲ့ ပြန်မပေးရရေး လုပ်နေကြလို့လို့ထင်တယ်"

"ဒီလိုလည်းရှိမှာပေါ့လေ"

"ဆိုးတာကတော့ ဟိုနေပြည်တော်မှာ အသက် ၇၀ ကျော် အဘွားနှစ်ဦးကို ထောင်ဒဏ်တစ်လဆိုပြီး ချတာမျိုးတော့ မဖြစ်သင့်ဘူးလေ"

"မဖြစ်သင့်တာမှန်ပေမယ့် ဘာမှမတတ်နိုင်တော့ ဖြစ်သင့်လို့ဖြစ်တယ်လို့ပဲ သဘောထားရမှာပဲလေ"

"ကျွန်တော်တို့နိုင်ငံမှာ တရားဥပဒေက တစ်ကျောင်း၊ တစ်ဂါထာဆိုသလို ကျင့်သုံးမှုတွေက မတူတော့ ခက်တယ် ဦးစလင်းရေ"

"အင်း . . .အဲဒီခက်တာတွေပြောလို့တော့ ဆုံးမှာ မဟုတ်ဘူးမောင်မိုးရေ။ မင်းတို့ငါတို့ အင်အားနဲ့လည်း ပြောင်းအောင် ဘာမှလုပ်နိုင်မှာမဟုတ်ဘူး။ ဒီတော့ ကိုယ့်အလုပ်ပဲ ကိုယ်လုပ်တာ အကောင်းဆုံးပဲ"

"အဲဒီအတွေးအခေါ်တွေကြောင့် ခက်တာပေါ့ ဦးစလင်းရ။ နှမ်းတစ်လုံးနဲ့ ဆီမဖြစ်ပေမယ့် ဒီလိုပဲ နှမ်းစေ့တွေပေါင်းတဲ့အခါကျတော့ ဆီဖြစ်ရမှာပေါ့ဦးစလင်းရဲ့။ အတွေးအခေါ်တွေ ပြောင်းလဲပစ်လိုက်စမ်းပါ"

"အေးကွာ‥မင်းတို့လူငယ်တွေနဲ့တော့ အတွေးအခေါ် ဘယ်တူမလဲ။ Never agree with the old and young မဟုတ်လား"

"ဦးစလင်းနဲ့ . အငြင်းပွားမနေချင်ပါဘူး"

"ကောင်းပါတယ်။ ဥပဒေအကြောင်း ဆွေးနွေးတာ



www.burmeseclassic.com

www.burmeseclassic.com

ပြီ။ ဒီနေ့ [redacted] သားကိုသတ်တဲ့အကြောင်း ဆွေးနွေးမယ်။ နောက်ကြိမ်ကျရင် သား ၂ အမေရင်းကိုသတ်တဲ့အမှု ဆွေးနွေးမယ်"

"အမလေး ကြားရတာနဲ့တင် ကြက်သီးထစရာပဲ ဦးစလင်းရေ"

၁၉၆၅ ခုနှစ် Burma Law Reports စာမျက်နှာမှာ ၆၉၀ ပါ တရားသူကြီး ဦးစောဘသိန်း၊ ဦးချစ်တို့ စီရင်ဆုံးဖြတ်ခဲ့သည့် မောင်အုန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမှုကို ဆွေးနွေးတင်ပြလိုပါသည်။

သေသူမောင်ညီစိန်သည် အယူခံတရားလို မောင်အုန်း၏ သားအရင်းဖြစ်သည်။ ဖခင်ဖြစ်သူမှာ အလုပ်အကိုင်မရှိ။ မယားဖြစ်သူနှင့် ကလေးများမှာ ကြက်အရောင်းအဝယ်လုပ်သည်။ ကြက်အရောင်းအဝယ်လုပ်ငန်းအပေါ် မိသားစုတည်မှီရပ်တည်နေသည်။ မိသားစုလုပ်ငန်းကို ဝင်ရောက်ကူညီခြင်းမရှိဘဲ လက်ပေခံလျှော့ ဖိုဖိုစားသောက်နေသည်။ အေးအေးဆေးဆေးဆေးဆေးသာထိုင်နေ၊ ဘာမှလုပ်မနေပြီ။ သောက်ထိုင်ပြီး ဘုပြောရုံမဟုတ်။ မယားဖြစ်သူကို ရိုက်မောင်းပုတ်မောင်းလေးကလည်း ရိုဝေဝေဖြစ်လာလျှင် လုပ်လိုက်ချင်သေးသည်။ သားသမီးတွေက ဘယ်ကြိုက်ပါ့မလဲ။ ဖခင်ဖြစ်နေလို့သာပေါ့။

မောင်ညီစိန်ကတော့ မခံချင်တဲ့ နေရာမှာ အဆိုးဆုံးပဲ။ လင်နဲ့မယားဆိုတာကတော့ လျှာနဲ့သွားလိုပဲ။ အခန့်မသင့်ရင် မသင့်သလို စကားများမယ်၊ ရန်ဖြစ်မယ်။ ဒေါသတွေပါလာမယ်။ ဦးအုန်းက ကြမ်းခင်းကို ဆောင့်ဆောင့်နင်းတာ ဒေါသပေါ့။ ဇနီးက ဘာမျှမပြောပေမယ့် သားသမီးတွေက မိခင်ဘက်က မခံချင်ကြဘူး။ ဒါ အမေ့ကို အနိုင်ကျင့်တာပဲ အဖေ ခင်ဗျားဒီအိမ်မှာ မနေနဲ့။ သားလုပ်သူ မောင်ညီစိန်က ဖခင်ကို နှင်ချနေတာ။ သူလည်း ဒေါသကြောင့်ပဲပေါ့။ ဖခင်ဖြစ်သူ ကောင်းကောင်းနေရင် ဒီပြဿနာတွေဖြစ်လာစရာမရှိဘူး။ နှင်ချတယ်ဆိုပေမယ့် ဖခင်ဦးအုန်းက ဆင်းမသွားပါဘူး။ မိသားစုအတွင်း ဖြစ်နေကျ ဒေါသကြောင့် ပြောတာပဲ။ ဒေါသပြေတော့ ပျောက်သွားတာပေါ့။

အဲဒီလိုနဲ့ ဆယ့်ငါးရက်လောက်အကြာမှာ မိခင်ဒေါ်အေးရွှေဟာ သားများဖြစ်သည့် မောင်ညီစိန်၊ မောင်မြသိန်းတို့နဲ့အတူ အိပ်နေကြတယ်။ ဦးအုန်းက အိပ်နေတဲ့ မောင်ညီစိန်ကို တွေ့မြင်ပြီး ဓားနဲ့ခုတ်တယ်။ မောင်ညီစိန်ရတဲ့ဒဏ်ရာနဲ့ သေသွားတယ်။ ဒေါ်အေးရွှေနဲ့ မောင်မြသိန်းတော့ သာမန်ဒဏ်ရာရတယ်။

သာယာဝတီမြို့ ဒုတိယ(အထူး) ရာဇဝတ်စက်ရှင်ဘရားသူကြီးက မောင်ညီစိန်သေဆုံးမှုအတွက် ကြိုတင်ကြံရွယ်ချက်နဲ့ သတ်တယ်လို့သုံးသပ်ပြီး ပုဒ်မ ၃၀၂(၁)(ခ) အရ သေဒဏ်ချမှတ်တယ်။ ကျန်နှစ်ယောက်တော့ ပုဒ်မ ၃၂၄ ပေါ့။

ဦးအုန်းက ပုဒ်မ ၃၀၂(၁)(ခ) တပ်တော့ မကျေနပ်လို့ တရားရုံးချုပ်ကို အယူခံဝင်တာ။

"စိတ်ဝင်စားစရာတော့ ကောင်းတယ် ဦးစလင်းရဲ့ ကြိုတင်ကြံရွယ်ချက်ပါတယ်လို့ ဘာကြောင့် သတ်မှတ်တာတဲ့လဲ"

"အိမ်ပေါ်ကနှင်ချပြီး ၁၅ ရက် လောက်အကြာမှာ အချင်းဖြစ်တာဆိုတော့ စိတ်နာပြီး တင်ကူးကြံရွယ်လုပ်တယ်လို့ ယူဆတာ"

တရားရုံးချုပ်က မူလရုံးအမိန့်ကိုပဲ အတည်ပြုလိုက်တယ်။ ထပ်ပြီး အထူးအယူခံဝင်တာဆိုတော့ ဦးအုန်းအတွက် မျှော်လင့်ချက်တော့ နည်းနေပြီပေါ့။ အောက်ရုံးနှစ်ရုံးက ထပ်တူဆုံးဖြတ်ထားတာကို ဘယ်လွယ်မလဲ"

"အင်း . . . ဒါလည်းဟုတ်သလိုပဲ"

"အထူးအယူခံရုံးကတော့ လက်မခံဘူးကွ"

"ဟင် . . . ဦးအုန်းအတွက် ကံဇာတာအလှည့်အပြောင်းပေါ့"

"မောင်ညီစိန် အိပ်နေတာကိုမြင်မှ စိတ်မှာတုန်လှုပ်ချောက်ချားပြီး တွေ့ရာဓားနဲ့ခုတ်တာ။ ကြိုတင်ကြံရွယ်တာမရှိဘူးလို့ သုံးသပ်တယ်"

အထူးအယူခံတွင် ရိုးရိုးလူသတ် မှုပုဒ်မ ၃၀၂(၂)သို့ ပြောင်းလဲပြစ်ဒဏ် စီရင်ခဲ့ပါသည်။

"ဆွေးနွေးလို့ပြီးပြီ။ လက်ဖက်ရည်ဆိုင် ဂိုး(Go)ကြစို့"

"အကောင်းဆုံးအစီအစဉ်ပါပဲ"

နှစ်ဦးသား ဗိုးကြပါတော့သည်။

ရှင်ပြုံးကြည်သာ ကျန်းမာချမ်းသာကြပါစေ . . ။

■ စလင်းဦးအောင်မိန်း

၀၉-၀၅-၁၉၉၀



www.burmeseclassic.com

www.burmeseclassic.com



# ချစ်ရာမရောက် နှစ်ရာရောက်

ဟန်သီဇင်

ကိုမင်းကျော်နှင့် မလှရီတို့နှစ်ဦး သားအတွက် ပျော်ရွှင်မှု မဆုံးသေး။ ခုတော့ .. သောကအမှုများဒကို ပွေ့ပိုက်ထားနေရသည်။

သူတို့သား ဖိုးကဲက သည်နှစ် ဆယ်တန်းအောင်သည်။ ပြီးခဲ့သော ဆယ်တန်းနှစ်ကာလဆီက ...

"သားလေး။ စာကျက်ရဲ့လား"

"ကျက်ပါတယ် ဖေဖေရ"

"ဘာသာစုံ လိုက်နိုင်ရဲ့လား"

"ထင်တာပဲ ဖေဖေရာ"

"ဒီမှာ ... ငါ့သား။ ဆယ်တန်း အောင်မှဖြစ်မှာ။ ဖေဖေက ရုံးမှာကြွား ထားတာကွ "

"ဟုတ်တယ် သားရေ၊ မေမေ ကလည်း သားလေး စာဘယ်လိုကြိုး စားထားတာ နှစ်ချင်းပေါက် အောင် ရမယ်လို့လေ"

မိဘနှစ်ပါးက သားတစ်ယောက် ဆီတစ်ယောက် ကြိုးစားစေချင်လန်း

၍ ပြောဆိုတိုက်တွန်းနေသည်မို့ ဖိုကဲ တို့က ခေတ်လူငယ်ပီပီ မိဘများ၊ တောင်းဆိုမှုရှိလာပြီဆိုတော့ သူ့ဘက် ကလည်း တောင်းဆိုလေတော့သည်။

"ကောင်းပြီလေ .. သားအတွက် က နှစ်ချင်းပေါက်၊ အောင်အောင် လုပ်ပေးမယ်။ ဖေဖေနဲ့ မေမေက သားကို ဘာပြန်ဆုချမှာလဲ"

"အမလေး သားရယ် ... သား အောင်လိုက်ရင်တော့ ကြိုက်တာပြော၊

www.burmeseclassic.com

ဖြစ်စေရမယ်"

မလုရီကလည်း ဆယ်တန်း အောင်လျှင်ပြီးရော အလွယ်တကူ ကတိပေးလေသည်။ ကိုမင်းကျော်က လည်း ...

"သားက ဘာဆုလိုချင်တာလဲ"

"ဆိုင်ကယ်လေ၊ သူငယ်ချင်း တွေက ဆိုင်ကယ် ကိုယ်စီနဲ့၊ သားက ကစ်စီးရတာ မျက်နှာငယ်လို့ပါ"

သည်လို ဖိုးကဲက မျက်နှာသေ လေးနှင့် ပြောပြနေတော့လည်း ...

"စိတ်ချ .. အောင်စာရင်းမှာ သားနာမည်ပါတာနဲ့ ချက်ချင်းဝယ် ပေးမယ် .."

"အို .. ကေ၊ အို .. ကေ"

သားမိ၊ သားဖတွေ လက်ဝါး ရိုက် ကတိပြု သဘောတူကြလေ၏။

တကယ်လည်း ဆယ်တန်း စာမေးပွဲ အောင်စာရင်းထွက်သော အခါ ဖိုးကဲ အောင်ပါသည်။ မိဘများ ကတိစကားအတိုင်း တောင်းဆိုလေ ပြီ။ ကိုမင်းကျော်၏ ရှေ့မှ မိတ်ဆွေ များက တားမြစ်ကြသည်။

"ကိုမင်းကျော် ခင်ဗျားသားက ငယ်သေးတယ်။ ကလေးကို ဘီး မတပ်ပေးချင်ပါနဲ့ဗျာ"

"လူငယ်ဆိုတာ ဘေးအန္တရာယ် ကြိုမြင်ကြတာ မဟုတ်ဘူး"

မည်သို့ဆိုစေ ကိုမင်းကျော်က တော့ ...

"ကျွန်တော့်သားကို ကတိပေး ထားပြီးပြီဗျ။ တော်ကြာ သူ့ဘက်က ထားဝန်ကျေရဲ့သားနဲ့ မိဘကို ကတိ မတည်ဘူးလို့ တစ်သက်လုံး အထင်ခံ နေရမယ်လေ"

သည်လိုနှင့် ကိုမင်းကျော်တို့ဇနီး မောင်နှံ သားဖိုးကဲ စိတ်ကြိုက် စာ မေးပွဲအောင်ဆုအဖြစ် ဆိုင်ကယ်ဝယ် ပေးဖြစ်တော့သည်။ နဂိုကမှ အိမ်မကပ် ချင်သည့်အရွယ်။ လူကို ဘီးတပ်ပေး လိုက်တော့ ဖမ်း၍ပင် မမိတော့။ တက္ကသိုလ်မတက်ခင် ပျော်ပျော်နေပါ စေဟု သားကို ချစ်၍ အလိုလိုက်ထား ခဲ့သည် ...။

* * *

"တန် .. တန် .. တန် .."

ဖုန်းမြည်သံကြောင့် ကိုမင်း ကျော် နားထောင်လိုက်သည်။

"ပြော .. သားရေ ..."

"ဟုတ်ကဲ့ .. ကျွန်တော်က ယာဉ်မှူးစစ်ကပါ၊ ဒီဖုန်းပိုင်ရှင် ဆေးရုံ ရောက်နေလို့ အကြောင်းကြားတာပါ"

"ခင်ဗျာ .."

ကိုမင်းကျော် တစ်ယောက် မိုက် ခနဲ ဖြစ်သွားရသည်။ ဖိုးကဲ ဆိုင်ကယ် တိုက်၍ ဆေးရုံရောက်လို့နေပါပြီ။ ကမန်းကတန်း လင်မယားနှစ်ယောက် ဆေးရုံသို့ ပြေးလွှားရောက်စဉ် သွေး သံရဲရဲ ပတ်တီးအဖွေးသားနှင့် ခုတင် ထက်မှာ သားဖိုးကဲ။ ခုတင်အနီးမှာ ရဲဝန်ထမ်းက စောင့်လို့နေသည်။

"ဘယ်လို ဖြစ်ရတာလဲဗျာ"

"ဩော် .. ဦးလေးက ဖိုးကဲရဲ့ မိဘလား။ သူက ဆိုင်ကယ်ကို အရှိန် ပြင်း မောင်းတယ်လေ သူတို့ သူငယ် ချင်းအချင်းချင်း ဆိုင်ကယ် ပြိုင်မောင်း ကြတာ သူ့ကျော်တက်၊ ကိုယ့်ကျော် တက်မှာ မျက်နှာချင်းဆိုင်ကလာတဲ့ ကားကိုမမြင်ဘဲ ဝင်တိုက်တော့မလို့၊ ဟိုဘက်ကားက အရှောင်မြန်လို့ ကား နဲ့မတိုက်မိဘဲ လမ်းကလည်း ကုန်း အတက် မသိမသာရှိနေတော့ အရှိန် လွန် ကျွမ်းပစ်ပြီး လူတခြား၊ ဆိုင် ကယ်တခြား လွင့်စဉ်သွားတာလေ။ သူ့နောက်ကထိုင်လာတဲ့ ကလေးက တော့ ပွဲချင်းပြီးပဲ။ သူကတော့ မြင်တဲ့ အတိုင်းပဲဗျာ၊ ဒဏ်ရာသက်သာရင် ဥပဒေကြောင်းအရ လူသေမှု၊ ယာဉ် မဆင်မခြင် မောင်းနှင်မှု၊ လိုင်စင်မရှိ ဘဲ မောင်းနှင်မှု၊ လိုင်စင်မဲ့ ဆိုင်ကယ် လက်ဝယ်ရှိမှုတွေနဲ့ အရေးယူ ဆောင် ရွက်တာခံရပါမယ်"

"ဘုရား .. ဘုရား"

"အမလေး ... သားလေးရဲ့ အဖြစ်ဆိုးလိုက်တာ ..။ တက္ကသိုလ် ကျောင်းတော်သားကြီး ဖြစ်တော့မယ့် အမေ့သားလေး ခုတော့ ဒုက္ခလှလှ တွေ့ပြီ"

မလုရီကတော့ မိန်းမသားဆို တော့ အော်ကာ ငိုကြွေးနိုင်သည်။ ကိုမင်းကျော်ခမျာ သားအတွက် ယူ ကျုံးမရ သောကမီးတောက်လောင် ကာ အံကြိတ်၊ မျက်ရည်ဝဲကာ ရင်ဆို့ ရလေပြီ။

မိတ်ဆွေများက အတန်တန် တားသည့် ကြားက သားသမီးအပေါ် ချစ်ခြင်းက သူ့အတွက် ဘဝနစ်မွန်းခံ ရရှာလေသည်။ မိဘဆိုတာ မကောင်း မြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ် လည်းသင်၊ ပွဲမြင်ဆုံးမရမည့် အစား သားသမီး ဘာလုပ်လုပ် မပြောရက်၊ မဆိုရက် ပူဆာတာ သင့်၏၊ မသင့်၏ မချင့်ချိန်ခဲ့သဖြင့် ချစ်ရာမရောက် နှစ် ရာရောက်စေခဲ့လေပြီ။

(မိဘတိုင်း သတိရှိကြပါကုန်)

■ ဟန်ခိုင်

www.burmeseclassic.com


# သီသာစေကြောင်း

# မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာမင်းသိင်္ခ၏နည်းစနစ်အတိုင်းဟောသည်

## ဒေါက်တာစောယုနွယ်



အကယ်ဆိုတော့ ....

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ မွတာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါတစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝအခြည်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် ....

■ အမှတ်(၂၀၅/က)
ဝိတောက်(၅)လမ်း၊
မြို့သစ်(ခ)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်
ဖုန်း ၀၁-၆၄၃၀၃၀


www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် စိတ်တိုင်းကျကောင်းမယ့်အချိန် ဖြစ်ပါတယ်။ အတိတ်ဘဝက ဝဋ်ကြွေးဆိုးတွေ ကျေညီစေမယ့်ကာလလည်း ဖြစ်ပါတယ်၊ အစစအရာရာ အဆင်ပြေ အောင်မြင်မှုတွေ ရတတ်ပါတယ်။ အစိုးရဝန်ထမ်း ဖြစ်ပါက ရာထူးတိုးတတ်ပါတယ်။ ကျောက်မျက်ရတနာများ ဝယ်ယူစုဆောင်းခြင်း၊ ပြန်လည်ရောင်းချခြင်းပြုပါက အမြတ်အစွန်း အများကြီး ရတတ်ပါတယ်၊ မင်္ဂလာကိစ္စတွေလည်း ဆောင်ရွက်ရတတ်ပါတယ်။ လွတ်လပ်ပြီး အရွယ်ရောက်ပြီးသူများ ရေစက်ကြောင်းလမ်းခြင်း ထက်ထပ်မင်္ဂလာပွဲများ ပြုလုပ်ရတတ်တယ်၊ စတ်ဝစ္စည်းတစ်ခု ဝင်တတ်တယ်။ စိန်ထည်ပစ္စည်းလည်း ဝင်လာတတ်တယ်။ မိဘကို ကောင်းစွာပြုစုစောင့်ရှောက်နိုင်မယ့်အချိန် ဖြစ်တယ်။ လုပ်ငန်းများ သိသိသာသာ အောင်မြင်မှုရမယ်။ လုပ်ငန်းသစ်များ စတင်ပြုလုပ်နိုင်သောကာလ ဖြစ်ပါတယ်။ မိတ်ဆွေကောင်း ဆရာကောင်းများ တွေ့မယ်။ သင်တန်းတစ်ခု တက်ရခြင်း၊ ပညာကောင်းများ ရမယ်၊ စီးပွားသိသိသာသာ တက်မယ်၊ ဘီးကြာခေတ်တိုက်သလိုသို့ လက်ရှိအခြေအနေထက် များစွာမြင့်တက်သွားလိမ့်မယ်။ ငွေရှာရလွယ်ခြင်း၊ ငွေအဝင်အထွက်ကြွယ်ခြင်းများ ကြုံလိမ့်မယ်။ ရင်းနှီးသူ မိတ်ဆွေများနှင့် အဆင်မပြေ လမ်းခွဲရခြင်း၊ စကားများရခြင်းများ ဖြစ်တတ်တယ်။ ဆရာသမား မိတ်ဆွေများနှင့် စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လာလိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ ကျန်းမာရေးအနေဖြင့် ရုတ်တရက် ဒူးနာခြင်း၊ နှလုံးအားနည်းခြင်း ဖြစ်တတ်တယ်၊ သွေးလေကြောင့်လည်း ဖျားနာတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မီမီမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မြောက်ဘက်နံထောင့်၌ မေမြို့ပန်း(၅)ပွင့်၊ သပြေ(၆)ညွန့်၊ ကံ့ကော်ပန်း(၆)ခိုင်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

စနေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၅၃၊ ၅၃၊ ၈၅

### အထူးသတိပြုရန်

ယခုကာလတွင် လုပ်မိုးခြား ခုတ္တမေးတတ်တယ်၊ တိုယ့်ကို ရန်လိုသူက နိမ့်ကျသော ပညာရပ်များဖြင့် အန္တရာယ်ပြုတတ်တယ်။ နာရေး လုံးဝမသွားပါနှင့်၊ ဘူးခိုးဝင်တတ်တယ် ဂရုစိုက်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

ဒိမိနေ့အိမ်ဝ ဘုရားတွင် အင်္ဂါနေ့နှင့် ကြာသပတေးနေ့တိုင်း မုန့်စိမ်းပေါင်း(၈)ပန်းကန်(အုန်းသီးမထည့်ရ) ဆီမီးခွက်(၈)ခွက်ဖြင့် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



# တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် လုပ်ငန်းအသစ် တိုးတက်ခြင်း၊ အလုပ်နေရာ၊ အိမ်နေရာ ပြင်ဆင်မွမ်းမံရတတ်တယ်။ အိမ်သစ်ဆောက်နိုင်တဲ့ အခွင့်အလမ်းတွေလည်း ရရှိလာမှာ ဖြစ်ပါတယ်။ အိမ်ထောင်မရှိသူများ အိမ်ထောင်ကျတတ်တယ်။ ခရီးအကျိုးပေးတဲ့ ကာလဖြစ်သောကြောင့် မကြာခဏ ခရီးသွားရတတ်တယ်။ ပြည်ပခရီးသွားဖို့ ကြံရွယ်ထားရင် ဒီကာလမှာ ထွက်လိုက်ပါ။ လူငယ်တွေအဖို့ အချစ်ရေးမှာ သဘောထား ကွဲလွဲတတ်တယ်။ အဖိုးတန်ပစ္စည်းတွေ ဝင်လာတတ်တယ်။ ဘုရားဆင်းတုတော်၊ ရဟန္တာပုံတော်များ ကြွလာပါက အထူးကံကောင်းတတ်ပါတယ်။ မြေနဲ့ပတ်သက်ပြီး အနည်းငယ် စိတ်ညစ်ရတတ်တယ်။ အိမ်ပေါင်ပြီးတော့ လုပ်ငန်း မလုပ်ပါနှင့်။ သူများ လာပေါင်လျှင်လည်း လက်မခံပါနှင့်။ အမှုဖြစ်တတ်တယ်။ ဘုရားတစ်ဆူ ကြွလာတတ်တယ်။ အလုပ်တွင် အတိုက်အခံ ပြိုင်ဘက် ပေါ်တတ်တယ်။ အကြီးအကဲကလည်း ကိုယ့်ကို ငြိုငြင်တတ်တယ်။ ကျန်းမာရေးအနေဖြင့် ခေါင်း မကြာခဏ ကိုက်တတ်တယ်။ မီးအပူလောင် ခံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တနင်္ဂနွေ ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ကုံကော်ညွန့်(၂)ညွန့်၊ ဆီး(ဇီး)ညွန့်(၈)ညွန့်(ဆူးဖြုတ်)၊ ပြိုင်ဆိုင်မှုရှိစုံ(၆)ခုတို့ကို လှူပေးပါ။ အညစ်များ ပြေပျောက်စေရန် ဆုတောင်းပါ။

## ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

## ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

## ကံကောင်းသောနံပါတ်

၄၅၊ ၄၆၊ ၆၄၊ ၆၇

## အထူးသတိပြုရန်

မိမိ၏ ခေါင်းရင်းအိမ်တွင် အိမ်ဖျက်ချခြင်း၊ အိမ်အမှုဖြစ်ခြင်း၊ မိန်းမ အရှုပ်အထွေး ပြဿနာများ ကြုံတွေ့ရပါက မိမိကို ထိခိုက်တတ်သဖြင့် ၎င်းနိမိတ်တွေ့ပါက ကျွန်ုပ်နှင့် လာရောက်တွေ့ဆုံလိုက်ပါ။ မိမိအိမ်ကိုပေါင်၍ စီးပွားလုပ်ခြင်း၊ သူများအိမ် လာပေါင်ခြင်းမျိုး လုံးဝလက်မခံပါနှင့်။

## ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း သရက်သီး၊ ရွှေကြည်၊ နနွင်းမကာင်းများ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် စိတ်တိုင်းကျကောင်းမယ့်အချိန် ဖြစ်ပါတယ်။ မပြောပလောက်တဲ့ အညံ့အခိုက်လေးတွေတော့ အနည်းငယ် ရှိပါတယ်။ လက်ရှိအခြေအနေထက် စီးပွားအရှိန်အဟုန်တက်ကာ အိမ်ပိုင် ကားပိုင် ဖြစ်သွားတတ်ပါတယ်။ မိမိ၏ အလုပ်မှလည်းကောင်း၊ ထိပေါက်၍လည်းကောင်း ငွေများ ဝင်လာတတ်ပါတယ်။ ငွေအစုလိုက်၊ အပုံလိုက် ဝင်လာလိမ့်မယ်။ အလှူအတန်းကိစ္စများ မုချလုပ်ရမယ်။ ဤကာလမျိုး၌ မိမိလုပ်ငန်းများကို အင်နှင့်အားနှင့် တိုးချဲ့လုပ်ကိုင်သင့်သော်လည်း ဖြတ်လမ်းမလိုက်ပါနှင့်။ ဝန်ထမ်းတွေအဖို့ ရာထူးတက်ခြင်း၊ ကောင်းသောနေရာသို့ အပြောင်းအလဲလုပ်ခြင်း ကြုံရတတ်တယ်။ ရာထူးတိုးပေမယ့် အလုပ်နှင့်ပတ်သက်ပြီး စိတ်ညစ်စရာ ပေါ်လာလိမ့်မယ်။ မိမိကို ဒုက္ခပေးတဲ့သူတွေ၊ ပြဿနာလုပ်နေသူများရှိလျှင် အဆင်ပြေသွားမယ်။ မသင့်မြတ်သူများနှင့် ပြန်လည်သင့်မြတ်သွားမယ်။ ပြည်ပခရီးဝေးသွားဖို့ ကြံရွယ်ထားသူများ ယခုကာလတွင် စတင်ဆောင်ရွက်ပါက အောင်မြင်မှု ရတတ်ပါတယ်။ မကြာခဏ ခရီးထွက်ရတတ်တယ်။ ထိုခရီးများသည်လည်း အကျိုးပေး အောင်မြင်လိမ့်မယ်။ စန်းပွင့်တဲ့ကာလဖြစ်သောကြောင့် အိမ်ထောင်ရှိသူများအဖို့ သတိထားရပါမယ်။ စွပ်စွဲပြောဆိုခံရတတ်တယ်။ ကျောက်မျက်ရတနာများလည်း ဝင်လာတတ်တယ်။ ဘာပဲဖြစ်ဖြစ် တစ်ခါတည်းနှင့် မပြီးဘဲ နှစ်ခါထပ်ပြီး ဖြစ်တတ်တယ်။ ပညာရေးကိစ္စများ သင်တန်းကိစ္စများကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ အတူနေမိသားစုထဲမှ အကြီးအကဲ အဘိုးအဘွားများ နာရေးဖြစ်တတ်တယ်။ တခြားကို ပို့ထားပါ။ ကျန်းမာရေးအနေဖြင့် ခေါင်းမူးခြင်း၊ ဝမ်းပိုက်ဒုက္ခပေးခြင်းမျိုး ဖြစ်တတ်တယ်။ အဲဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ မေမြို့ပန်း(၅)ပွင့်၊ ရွှက်လှ(၆)ညွန့်၊ ထီးအဖြူအသေး(၁၅)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

စနေ၊ တနင်္လာ

### ညံ့သောရက်

ဗုဒ္ဓဟူး၊ တနင်္ဂနွေ

### ကံကောင်းသောနံပါတ်

၂၃၊ ၂၃၊ ၃၂၊ ၃၁

### အထူးသတိပြုရန်

ယခုကာလသည် ကံအကောင်းဆုံးကာလ ဖြစ်သောကြောင့် အခြေကျသော ရင်းနှီးမြှုပ်နှံမှုကို ပြုလုပ်လိုက်ပါ။ ရစရာရှိသော ငွေကြေးများကို ပြန်လည်စုဆောင်းပါ။ ယခုကာလကျော်လျှင် ငွေကြေး ဆုံးရှုံးသွားနိုင်ပါသည်။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ဘုရားတွင် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း နှင်းတတိုင် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်အည် ယခုကာလတွင် အတိုက်အခိုက်များပြီး မိမိလုပ်သမျှတွေလည်း အရာမထင် ဖြစ်ရတတ်တယ်။ ဩဇာအာဏာကလည်း မရှိ၊ စိုတ်သောစာတွေကလည်း အလည်သဘောနဲ့ မကြာခဏ ရောက်ရှိလာတတ်ပါတယ်။ မဆောင်မှတ်သောခရီး၊ မရည်ရွယ်သော ခရီးတွေလည်း သွားရတတ်တယ်၊ ကိုယ်ကျိုးအတွက် သွားရတဲ့ခရီးတွေ မရှိသလောက်ပါပဲ။ မိမိရဲ့ လုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဆွေများနှင့်လည်း စိတ်ဝမ်းကွဲတတ်တယ်။ မြေဝင်တတ်တယ်။ ကုန်းမြင့်မှ မြေမျိုး၊ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းတို့နှင့်နီးသော မြေမျိုး ဖြစ်နေဆတ်တယ်။ ဝညာရပ်တစ်ခုလည်း သင်ကြားရတတ်တယ်။ လူမျိုးခြားနဲ့ အကျိုးပေးတယ်။ ပြည်ပခရီးထွက်ဖို့ ကြံရွယ်ထားသူများ ဒီကာလမှာ စတင်လုပ်သင့်တယ်။ စိတ်ပိုင်းဆိုင်ရာများ ထိခိုက်နာကျင်စေတဲ့ကာလ ဖြစ်သောကြောင့် ကိုယ်ကျင့်တရားကောင်း၍ မေတ္တာစိတ်ဖြင့် တုန့်ပြန်ပါက မိမိ၏ စိတ်ဒုက္ခများ ပြေပျောက်ပြီး ဝုဏ်ရည်စိမ်များ ပြန်လည်ပြည့်စုံလာမှာ ဖြ ပါတယ်။ ကျန်းမာရေးအနေဖြင့် အစာအဆိပ်ဖြစ်ခြင်း၊ ခြေထောက်၊ ခါးတွင် ထိခိုက်ဒဏ်ရာ ရခြင်းမျိုး ကြုံတွေ့ရတတ်တယ်။ ကိုယ်လက်အင်္ဂါ ခွဲစိတ်ကုသမှု ခံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ကံ့ကော်ညွန့် (၂)ညွန့်၊ ဆီး(ဇီး)ညွန့်(၈)ညွန့်(ဆူးဖြုတ်) ကြက်လျှာအလံရောင်စုံ (၈)ခုတို့ကို လှူပေးပါ၊ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

စနေ၊ ကြာသပတေး

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၇၆၊ ၇၄၊ ၅၄၊ ၅၇

### အထူးသတိပြုရန်

တဆောင်မုန်းလ၊ ဝါခေါင်လ၊ ပြာသိုလများတွင် အရှေ့တောင်အရပ်၊ အနောက်မြောက်အရပ်များသို့ လုံးဝခရီးမသွားပါနှင့်။ အန္တရာယ် ကြုံတတ်တယ်။ မိန်းမကိစ္စ ရှုပ်ထွေးမှု ဖြစ်တတ်တယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ထောပတ်ဆွမ်း(၁)ဝန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် အညှိလေးတွေများလို့ ငွေကြေးကုန်ကျတာတွေ များနေတတ်ပါတယ်။ အစစအရာရာ သတိကြီးစွာထားရန် လိုပါတယ်။ မိမိအပေါ် မကောင်းကြံခြင်း၊ မကောင်းပြောခြင်းများလည်း ခံရတတ်ပါတယ်။ အမှုအခင်းများနဲ့ ပတ်သက်ရတတ်တယ်။ သားသမီး လက်အောက်ငယ်သားများအတွက် စိတ်ညစ်ရရာများ ကြုံတွေ့ရတတ်ပါတယ်။ အင်္ဂါနဲ့ စက်ပစ္စည်း ပျက်တတ်တယ်။ ရွှေနှင့် လက်ဝတ်ရတနာထွက်ခြင်း၊ ပေါင်နှံရခြင်းများ ကြုံရတတ်တယ်။ မထင်မှတ်သော ဆွေမျိုးသားချင်းများက အကူအညီကောင်း ပေးလာပါလိမ့်မယ်။ သွပ်၊ သံ၊ သစ် ကိစ္စများ၊ ရေထွက်ပစ္စည်းများ အောင်မြင် အကျိုးပေးတတ်တယ်။ လုပ်ငန်းသစ်၊ အစီအစဉ်သစ်များ ပေါ်ပေါက်လာတတ်တယ်။ ကျန်းမာရေးအနေဖြင့် ခြေထောက်တွင် အန္တရာယ် ဖြစ်တတ်တယ်။ သက်ကြီးရွယ်အိုများ အိမ်သို့ လာရောက်တည်းခိုလျှင် ဆုံးပါးသွားတတ်တယ်။ ထိုကဲ့သို့ အတိတ်ဆိုး၊ နိမိတ်ဆိုးများ တွေ့ကြုံပါက ဆန်(၇၃)ပုံကို အဆိုးနိမိတ်တွေ ပပျောက်စေဟုပြောပြီး တောင်မှမြောက်သို့ ပုံပေးပါ။ ဘုရားဂုဏ်တော်တွေ များများရွတ်ပေးပါ။ 'အရဟံ' ဟု အကြိမ်ကြိမ် ရွတ်ပေးပါ။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဂုဏ်တော်များ ပွားများရွတ်ဆိုပေးပါ။ အညှိများ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ သောကြာ

### ညံ့သောရက်

စနေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၁၅၊ ၁၆၊ ၆၃

### အထူးသတိပြုရန်

မျက်နှာချင်းဆိုင် ခေါင်းရင်းဘက်တွင် အိမ်အသစ်ဆောက်တာ၊ အိမ်ဟောင်းပြင်တာတွေ့လျှင်လည်းကောင်း၊ ဆိုင်းပွဲ၊ အငြိမ့်ကတာတွေ့လျှင်လည်းကောင်း သင့်အတွက် အလုပ်သစ်၊ အကြံသစ် ရတတ်ပါတယ်။ မိမိခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခု မတော်တဆ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ သတိထားပါ။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ဘုရားတွင် တနင်္ဂနွေနေ့နှင့် သောကြာနေ့တိုင်း ကြေးပန်းအိုးတစ်ခုထဲတွင် ဒုန်း(၆)ညွှန့်၊ သီဟိုဠ်(၂၁)ညွှန့်တို့ကို လှူဒါန်းပေးပါ။

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် လုပ်ငန်းသစ်တွေ စတင်လုပ်ရတတ်တယ်။ ငွေတွေလည်း ရပါလိမ့်မယ်။ ကံကတော့ ကိုယ့်ဘက်ပါလာပြီ။ ကိုယ်က ကြိုးစားပြီး ကိုယ့်အလုပ် ကိုယ်လုပ်ပါ။ အချိန်ဖြုန်းတာမျိုး မလုပ်ဘဲနှင့် မိမိလုပ်ငန်းကို တိုးချဲ့၍ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် ဂရုတစိုက် လုပ်ဆောင်မယ်ဆိုရင် **သင့်အတွက်** ရွှေကလပ်ကြီးတစ်ခုကို ပိုင်ပိုင်နိုင်နိုင် ရမှာဖြစ်ပါတယ်။ ကိုယ်လုပ်သမျှ အလုပ်တွေ အရာထင် အောင်မြင်တတ်တယ်။ အဖက်ဖက်မှာ စိတ်ချမ်းသာစရာများ ကြုံတွေ့လာရလိမ့်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွလာတတ်တယ်။ အလှူအတန်းပြုရခြင်း၊ မင်္ဂလာပွဲများ စီစဉ်ပေးရခြင်းများ ပြုလုပ်ရတတ်တယ်။ ယခုကာလအတွင်း အိမ်ထောင်မပြုရ။ အိမ်ထောင်ပြုလျှင် တည်မြဲသောအိမ်ထောင် မဖြစ်နိုင်ပါ။ စီးပွားအလွန်ကောင်းသကဲ့သို့ ကိုယ်ကျင့်တရား အထူးအရေးကြီးသော အချိန်ဖြစ်ပါတယ်။ မိမိပိုင်ဆိုင်တဲ့မြေ ထွက်သွားတတ်တယ်။ သူတစ်ပါးပိုင်မြေကို ရောင်းပေးလျှင် မိမိအတွက် ဝေစုပိုရတတ်တယ်။ အိမ်ထောင်ရှိသူများ ဂရုစိုက်ပါ။ အိမ်ထောင်ဖက်နှင့် အဆင်မပြေကြီးစွာ ဖြစ်တတ်တယ်။ အောက်လက်ငယ်သား ဒုက္ခပေးတတ်တယ်။ မိမိမသွားချင်တဲ့ ခရီးဝေးတစ်ခု သွားရတတ်တယ်။ နာရေးကိစ္စ အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ ယခုကာလတွင် ပျော်စရာကောင်းပေမယ့်လည်း ဆရာသမားလို ပုဂ္ဂိုလ်များနှင့် အဆင်မပြေ ဖြစ်တတ်တယ်။ ကျန်းမာရေးအနေဖြင့် ဆေးမှား၊ အစာမှား ဖြစ်တတ်တယ်။ သွေးတိုးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ မေမြို့ပန်း(၅)ပွင့်၊ သပြေ(၆)ညွန့်၊ ယပ်အဖြူ(၁၂)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ညံ့သောရက်

အင်္ဂါ၊ သောကြာ

### ကံကောင်းသောနံပါတ်

၄၁၊ ၄၂၊ ၂၄၊ ၂၆

### အထူးသတိပြုရန်

ယခုကာလတွင် အိမ်ထောင်ရှိသောသူများ အိမ်ထောင်ရေး ရှုပ်ထွေးတတ်တယ်။ ယောကျ်ားပျို မိန်းမပျိုများအဖို့ အိမ်ထောင်ရှိသူများနှင့် စွပ်စွဲပြောဆိုခံရတတ်တယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်တဘုရားတွင် ဗုဒ္ဓဟူးနေ့တိုင်း မုန့်လက်ကောက်(၆)ခု လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် စိတ်ပင်ပန်း၊ လူပင်ပန်းတဲ့ကာလဖြစ်နေတတ်တယ်။ နားချိန်မရလောက်အောင် အလုပ်ရှုပ်ပြီး လွန်စွာပင်ပန်းလိမ့်မယ်။ ဝန်ထမ်းတွေအဖို့ သင်တန်းတက်ရခြင်း၊ အဖွဲ့အစည်းတစ်ခုအတွင်းမှာ ပါဝင်ပတ်သက်ရခြင်း ကြုံရတတ်တယ်၊ ဝန်ထမ်းများအဖို့ အလုပ်တွင် မပျော်ပိုက်ဘဲ ဖြစ်နေတတ်တယ်။ ပြောင်းရန် စိတ်မကူးပါနှင့်ဦး။ ပြောင်းလျှင် အဆင်မပြေနိုင်သေးပါ။ အထက်လူကြီး၊ ကြီးကဲသူတို့က ကူညီမ,စလိမ့်မယ်။ ဘာသာရေးနှင့်ပတ်သက်သော ပုံတော်များ ဝင်လာလိမ့်မယ်။ အမျိုးသားများအနေဖြင့် ပဋ္ဌင်းခံရတတ်တယ်။ လူငယ်များအဖို့ မိန်းမခိုးခြင်း၊ မယားကျားနောက်လိုက်ခြင်းများလုပ်လျှင် ဆွေပြတ်မျိုးပြတ် ဖြစ်တတ်တယ်။ အလှူရက်၊ မင်္ဂလာရက် ရွှေ့ရတတ်တယ်။ နိုင်ငံခြားနှင့် ဆက်သွယ်သော ကိစ္စများ၊ လူမျိုးခြားနှင့် တွဲပြီးလုပ်ရသော အလုပ်များ အောင်မြင်လိမ့်မယ်။ ပြည်ပခရီးဝေးသွားရန် ကြံရွယ်ထားသူများ ယခုကာလတွင် စာရွက်စာတမ်းကိစ္စများပြုလုပ်ပါက တိုးတက်အောင်မြင်တတ်တယ်။ ကိုယ်ပေးစရာရှိသော ငွေများကို ချက်ချင်းပေးရတတ်ပြီး ရစရာရှိတဲ့ငွေကမရဘဲ ဖြစ်နေတတ်တယ်။ ရွှေဝင်ခြင်း၊ ထွက်နေသော ရတနာပစ္စည်းများ ပြန်ဝင်မယ်။ ကိုယ့်လက်အောက်ငယ်သားဟာကိုယ့်ဆီက ထွက်သွားပြီး ပြိုင်ဘက်ထံ ရောက်ရှိသွားတတ်တယ်။ လုပ်ဖော်ကိုင်ဖက်တွေကလည်း ကိုယ့်ကို အနိုင်ကျင့်တတ်တယ်။ ယခုရောက်နေတဲ့ ကာလတွင် တီဗွီထွဲ၊ ပြာသိုလများ ပါဝင်နေရင် အစွပ်အစွဲ အပြောအဆို ခံရခြင်း၊ အထက်လူကြီး၏ ပြစ်တင်မှု ခံရတတ်တယ်။ ကြာသပတေး၊ စနေ သားသမီးတွေရဲ့ ကူညီမှု ရတတ်တယ်။ စီးပွားရေး လူမှုရေး ထိခိုက်တတ်တယ်။ မိမိကို ကူညီမယ့်သူ နည်းပြီး စိတ်ပင်ပန်းအောင် လုပ်မယ့်သူ များနေတတ်တယ်။ ကျန်းမာရေးအနေဖြင့် သွေးအားနည်းခြင်း၊ စိတ်ဓာတ်ကျခြင်း၊ ခြေထောက်၊ ခါးတို့တွင် ထိခိုက်ဒဏ်ရာရတတ်တယ်။ မကောင်းသော အတတ်များနှင့် နှောင့်ယှက်ခြင်းခံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏မွေးနံထောင့်၌ မေမြို့ပန်း(၅)ပွင့်၊ သပြေ(၆)ညွန့်၊ ယပ်အဝါ (၁၇)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

| ကံကောင်းသောရက် |
|---|
| ကြာသပတေး၊ စနေ |

| ညံ့သောရက် |
|---|
| တနင်္လာ၊ သောကြာ |

| ကံကောင်းသောနံပါတ် |
|---|
| ၅၇၊ ၇၃၊ ၅၇ |

### အထူးသတိပြုရန်

ယခုကာလတွင် သချိုင်းမြေ လုံးဝမနင်းရပါ။ ကျန်းမာရေးညံ့ပြီး ငွေတွေ လာဘ်ပိတ်နေတတ်သောကြောင့် ဆရာကောင်း သမားကောင်းရှာပြီး တစ်ပတ် တစ်ကြိမ် အဓိဋ္ဌာန် ဝင်လိုက်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် နှီထမင်း မကြာခဏ လှူဒါန်းပေးပါ။ ရဟန်းသံဃာ၊ ဆရာသမားများအား ရွှေရင်အေး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် အိုးအိမ်နေရာထိုင်ခင်း ပြုပြင်မွမ်းမံရတတ်တယ်။ လုပ်ငန်း(၂)ခု၊ နေရာဌာန(၂)ခု ပူးတွဲလုပ်ရတတ်တယ်။ စက်ပစ္စည်းဟောင်း ဝင်တတ်တယ်။ စာအုပ်တစ်အုပ် လက်ဆောင်ရတတ်တယ်။ ငွေအဝင်အထွက် ကြမ်းတတ်တယ်။ ဝင်လာသလောက် ပြန်ကုန်သွားတတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စ၊ ငွေကြေးကိစ္စတို့နှင့် ပတ်သက်၍ စကားများရတတ်တယ်။ ရောဂါဝေဒနာဟောင်း ပြန်ပေါ်တတ်တယ်။ ခွဲစိတ်ကုသရတာမျိုး ဖြစ်တတ်တယ်။ ခရီးကိစ္စ စီစဉ်ထားပါက အောင်မြင်စွာ သွားရတတ်တယ်။ အကျိုးရှိမယ့် ခရီးစဉ်ဖြစ်တယ်။ သားသမီးအတွက် စိတ်ပူရတတ်တယ်။ ကြာသပတေး သမီးကြီး ရှိပါက အိမ်က ထွက်သွားတတ်တယ်။ ရွှေ လက်ဝတ်ရတနာ ပျောက်ဆုံးတတ်တယ်။ လူမျိုးခြား၊ အောက်လက်ငယ်သားတို့ကြောင့် ပူပင်သောက ကြုံရတတ်တယ်။ နိုင်ငံရပ်ခြားနှင့် ဆက်သွယ်ရတဲ့ လုပ်ငန်းတွေ အဆင်မပြေ ဖြစ်တတ်တယ်။ အိမ်မှာရှိတဲ့ ရေပိုက်တွေ၊ ရေကန်တွေ ပြုပြင်ရတတ်တယ်။ လျှပ်စစ်နှင့် ပတ်သက်၍ ဂရုစိုက်ပါ။ အိမ်ထောင်ရှိသူအဖို့ အိမ်ထောင်ဖက်နှင့် စိတ်ဝမ်းကွဲခြင်း၊ အထင်လွဲခြင်းမျိုး ကြုံရတတ်တယ်။ ငွေနှင့် ပတ်သက်ပြီး ပူပန်ရတတ်တယ်။ ရပ်ဝေးမှ အမျိုးသမီးတစ်ယောက်ကလည်း ငွေလိမ်တတ်တယ်။ ယခုကာလတွင် ဘာပဲလုပ်လုပ် အပင်ပန်းခံသလောက် အကျိုးမရှိဘူး ဖြစ်နေတတ်တယ်။ စိတ်တွေကလည်း ဟိုရောက် ဒီရောက်နှင့် ဘာလုပ်ရမှန်းမသိ ယောင်ချာချာ ဖြစ်နေတတ်တယ်။ အလုပ်တွေလည်း တစ်ပိုင်းတစ်စ ဖြစ်နေတတ်တယ်။ ကျန်းမာရေးအနေဖြင့် အမြင့်မှ လိမ့်ကျတတ်တယ်။ ခေါင်းမကြာခဏ ကိုက်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၌ မွှေးနံ့ထောင့်၌ မေမြို့ပန်း(၅)ပွင့်၊ သပြေ(၆)ခက်၊ တံခွန်ဖြူ(၉)ခုတို့ကို လှူပေးပါ။ အညှီများ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ညံ့သောရက်

သောကြာ၊ အင်္ဂါ

### ကံကောင်းသောနံပါတ်

၄၂၊ ၂၄၊ ၂၇

### အထူးသတိပြုရန်

မိမိအိမ်ပတ်ဝန်းကျင်တွင် အစာအဆိပ်သင့်ခြင်း၊ အစွပ်အစွဲပြဿနာများ ပေါ်ပါက သင်သည် သွေးထွက်သံယိုဖြစ်ခြင်း၊ စိတ်ညစ်စရာများ ဖြစ်ပေါ်လာတတ်သောကြောင့် ရင်းနှီးမိတ်ဆွေ့ပါက ကျွန်ပ်နှင့် လာရောက်တွေ့ဆုံပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း ကြံရည်(၆)ခွက် လှူဒါန်းပေးပါ။

www.burmeseclassic.com